

မဒေါက်မြို့

( အဂ္ဂမဟာပဏ္ဍိတ )

# ပန်းငွေရုံဆရာတော်

၏

# ဒေသနာပန်းခင်း

၁၁

မဒေါက်မြို့

{အဂ္ဂမဟာပဏ္ဍိတ}

# ပန်းငွေရုံဆရာတော်

၏

# ဒေသနာပန်းခင်း

{ပထမတွဲ}

# ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ၁၉၉၉-ခုနှစ် -- | မတ်လ |
| စာမူခွင့်ပြုချက်အမှတ် -- | ၃၃/၉၉ (၂) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ်-- | ၅၉/၉၉ (၂) |
| မျက်နှာဖုံးသရုပ်ဖော် -- | ပန်းချီရွှေစိုးဟန် |
| အတွင်းပုံနှိပ်တိုက် -- | ဒေါ်ဝီရိတီ(၀၁၈၂၈)<br>တောက်တောက်ဝင်းပုံနှိပ်တိုက်<br>အမှတ်-၁၆၉၊ ၃၃-လမ်း (ထက်)<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန် |
| မျက်နှာဖုံးပုံနှိပ်သူ -- | ဦးမြသိန်း (၀၁၄၂၇)<br>သိန်းမြင့်ဝင်းပုံနှိပ်တိုက်<br>အမှတ်-၉၆၊ ၁၁-လမ်း<br>လမ်းမတော်မြို့နယ်၊ ရန်ကုန် |
| ထုတ်ဝေသူ -- | ဦးမြသန်း (၀၁၅၀)<br>အသိုင်းအဝိုင်းစာပေတိုက်<br>အမှတ်-၃၅၊ သမာဓိလမ်း၊ ဇွဲဇုံရပ်<br>မရန်းကုန်းမြို့နယ်၊ ရန်ကုန် |
| အတွင်းဖလင်-- | ပန်းချီးမောင်မြင့်အောင်၊<br>အမှတ်-၃၈၈၊ (၅၂)ရပ်ကွက်<br>ဒဂုံမြို့သစ်၊ အရှေ့ပိုင်းမြို့နယ်၊<br>ရန်ကုန်။ |
| အုပ်ရေ -- | ၁၀၀၀ |
| တန်ဖိုး -- | ၁၅၀၀ ကျပ် |

# မာတိကာ


| | |
|---|---|
| * အကြောင်းပြန်ဒါန်း – | (က) |
| ၁။ အနှစ်သုံးပါးဒေသနာ – | ၁ |
| ၂။ အနုသုတ္တန်ဒေသနာ – | ၁၉ |
| ၃။ ဝါဆိုလကွယ်နေ့အနုမောဒနာဒေသနာ – | ၃၉ |
| ၄။ ဈာပနဒေသနာ – | ၅၆ |
| ၅။ မေတ္တာဘာဝနာဒေသနာ – | ၇၃ |
| ၆။ သုဗြဟ္မသုတ္တန်ဒေသနာ – | ၉၀ |
| ၇။ မာတိကာမာတာဒေသနာ – | ၁၁၂ |
| ၈။ ဝါဆိုလပြည့်ဒေသနာ – | ၁၃၃ |
| ၉။ ကထိန်အနုမောဒနာဒေသနာ – | ၁၅၀ |
| ၁၀။ ဂုခဲခြင်းလေးပါးဒေသနာ – | ၁၆၇ |
| ၁၁။ ဥစ္စာလေးမျိုးဒေသနာ – | ၁၈၅ |
| ၁၂။ နတ်ရွာသုဂတိရောက်ကြောင်းသုံးပါးဒေသနာ – | ၂၀၃ |
| ၁၃။ သိမ်ရေစက်ချအနုမောဒနာဒေသနာ – | ၂၂၃ |
| ၁၄။ အာမခံချက်မရှိသောတရားလေးပါးဒေသနာ – | ၂၃၂ |

# အကြောင်းပြန်ခိုခါန်း

ဤစာအုပ်သည် မဒေါက်မြို့ပန်းငွေရုံတောရပရိယတ္တိစာသင်တိုက်၊ ပဓာနနာယကဆရာတော်ဘုရား သာရေးနာရေးကိစ္စတို့တွင် ဟောကြားတော်မူအပ်သော တရားတော်များဖြစ်ပါသည်။

တိတ်ခွေဖြင့် ဖမ်းယူထားသော တရားတော်များကို တိတ်ခွေမှ တစ်ဆင့်ကူးယူ၍ ဆရာတော်ဘုရား၏တပည့်များမှ စာအုပ်အဖြစ် စီစဉ်လိုက်ခြင်းပင်ဖြစ်ပါသည်။

ရှေ့ဦးစွာ တရားတိတ်ခွေများမှ ကောင်းနိုးရာရာတို့ကို ရွေးချယ်ပါသည်။ ထိုမှတစ်ဆင့် စာရွက်ပေါ်ရောက်အောင် မူကြမ်းအဖြစ်ဖြင့် ကူးယူပါသည်။ ရေးကူးပြီးသော မူကြမ်းများကို အစဉ်ကျအောင်စီမံခြင်း စစ်ဆေးတည်းဖြတ်ခြင်းများ ပြုလုပ်ပြီးနောက် ဆရာတော်ဘုရားအား ပြန်လည်တင်ပြခဲ့ပါသည်။ ဆရာတော်ဘုရားမှ ပြင်ဆင်သင့်သည်များ ဖြည့်စွက်သင့်သည်များကို စစ်ဆေးပေးပြီး အချောသပ်ရေးသားပေးခဲ့ပါသည်။

ဤသို့ အထပ်ထပ်အခါခါ စစ်ဆေးတည်းဖြတ်ကြပါသော်လည်း အမှားအယွင်းများ ကင်းစင်လိမ့်ဦးမည်မဟုတ်ပါ။ အကယ်၍ အမှားအယွင်းတစ်စုံတစ်ရာပါရှိခဲ့သော် သည်းခံခွင့်လွှတ်ကြပါရန် ဤနေရာမှ ပန်ကြားအပ်ပါသည်။

ဤစာအုပ်၌ တရားပုဒ်ရေ (တစ်နာရီစာ)၁၄-ပုဒ် ထည့်သွင်း ဖော်ပြထားပါသည်။ ပုဒ်ရေ ၁၄-ပုဒ်ဟုဆိုသော်လည်း တစ်ပုဒ်တစ်ပုဒ်တွင် ပါဝင်နေသော အကြောင်းအရာအချက်အလက်များမှာ စုံလင်လှပါသည်။ မူတည်၍ ဟောကြားအပ်သော အကြောင်းအရာတို့နှင့် နီးစပ်သည့် အခြားအကြောင်းအရာအချက်အလက်များလည်း မြောက်များစွာပါဝင်နေပါသည်။

ထိုသို့ပါဝင်နေသည့်အတွက် ကြည့်ရှုမှတ်သားသူများ အနေဖြင့် မိမိတို့ လိုအပ်သော အချက်အလက်တို့ကိုသာ ရွေးချယ်ထုတ်ယူ၍ နှစ်သက်ရာတို့၌ အသုံးပြုနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် တရားပုဒ်တိုင်းတို့၌ ကျက်မှတ်ဖွယ်ရာ ဂါထာပါဠိများ-စုဏ္ဏိယပါဠိများ-ကဗျာလင်္ကာများလည်း စုံလင်အောင် ပါဝင်နေပေရာ နှုတ်တိုက်ကျက်မှတ်သူများအတွက်လည်း အထူးပင်ကျေးဇူးများပေလိမ့်မည်။

ဤသို့ စုံလင်နိုင်သမျှစုံလင်အောင် စီစဉ်၍ စာအုပ်အဖြစ် ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်မှာ-

-ဆရာတော်ဘုရားကြီးစား၍ ဟောကြားတော်မူအပ်သော ဒေသနာတော်များအား တစ်ခဏတာမျှ နာကြားပြီး ပျောက်ကွယ်သွားမည့်အရေးကို တွေး၍ နှမြောမိသောကြောင့်လည်းကောင်း။

-တပည့် ဒါယကာ ဒါယိကာမများအနေဖြင့် ဆရာတော်ဘုရား၏ ဒေသနာတော်များကို အဖန်ဖန်လေ့လာခွင့်၊ ကြည့်ရှုမှတ်သား နာကြားခွင့် ရရှိစေရန်လည်းကောင်း။

-တရားဟောခါစ ရှင်ငယ် ရဟန်းငယ်များအနေဖြင့် ဆရာတော်ဘုရား၏ ဟောကွက်ပြောကွက်တို့ကို ကြည့်ရှုလေ့လာ၍ နည်းယူ အတုယူနိုင်ကြစေရန်လည်းကောင်း။

-စာပေသုတေသီများအနေဖြင့်လည်း ဆရာတော်ဘုရားဟောကြားတော်မူအပ်သော တရားတော်များ၌ပါရှိသည့် အချက်အလက်တို့ကို မှတ်သားလေ့လာခွင့်ရရှိစေရန်လည်းကောင်း။

-လေ့လာသူအားလုံး ဆရာတော်ဘုရား၏ အဆုံးအမများ၊ နည်းပေးလမ်းညွှန်မှုများကို ကိုယ်တိုင်လိုက်နာကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြစေရန်လည်းကောင်း။

ဤသို့ များပြားလှသည့် ရည်ရွယ်ချက်တို့ကြောင့် စာအုပ်အဖြစ် ထုတ်ဝေရခြင်းဖြစ်ပါသည်။

ယခုကဲ့သို့ အများအကျိုးကို ရှေ့ရှု၍ စိတ်အားထက်သန်စွာ ကြိုးပမ်းအားတုတ်ရသည့်အတွက် ဤစာအုပ်သည် လေ့လာသူ-လိုက်နာကျင့်ကြံသူ

များအား တစ်ထောင့်တစ်ကွက်မှ ကျေးဇူးပြုခဲ့သည်ဆိုပါလျှင်--

ဟောကြားတော်မူသော ဆရာတော်ဘုရားအနေဖြင့် အမတဒါန ပေးလှူရကျိုးနပ်သကဲ့သို့ -

စီစဉ်သူများလည်း ကြိုးပမ်းအားထုတ်ရကျိုးနပ်ပြီ ဖြစ်ပါကြောင်း-

( စီစဉ်သူ )

တပည့်များ

# အနှစ်သုံးပါး ဒေသနာ

ယနေ့ သီတင်းကျွတ်လပြည့်နေ့မှာ ဘုန်းကြီးအနေနဲ့ အနှစ်သုံးပါး တရားကို ချီးမြှင့်ပါ့မယ်၊ ဓမ္မဒါနပြုပါ့မယ်–

အဲဒီ အနှစ်သုံးပါးတရားဒေသနာတော်ကို မဟောကြား, မနာကြားမီ ရှေ့ဦးစွာသစ္စာဓိဋ္ဌာန်ပြုကြရအောင်–

အင်္ဂီရသ ဃရမာဒိတ္တံ ၊ ဒေဝေါ သိဉ္စတိ ဝါရိနာ။

လောကံ တိဝိဓဂ္ဂျာဒိတ္တံ ၊ ဩသိဉ္စိ ဓမ္မဝါရိနာ။

အင်္ဂီရသ–အလျှံပြောင်ညီး, ပကတိသောမီးသည်၊ အာဒိတ္တံ–ရဲရဲပြောင်ပြောင်, တောက်လောင်အပ်သော၊ ဃရံ–အိမ်ကြီးအိမ်ငယ်, အသွယ်သွယ်ကို၊ ဒေဝေါ–အထက်နဘံ, အာကာယံမှ, သည်းထန်ရွာတတ်, မိုးနတ်ပဇ္ဇုန်သည်၊ ဝါရိနာ–အေးကြည်လှစွာ, ရေသီတာဖြင့်၊ သိဉ္စတိ ဣဝ–မအေးအေးအောင်, မငြိမ်းငြိမ်းအောင်, ဆွတ်ဖြန်းလေသကဲ့သို့၊(ဇဝံ တထာ–ပမာထားယူ, ထို့အတူသာလျှင်)၊ တိဝိဓဂ္ဂျာဒိတ္တံ–လောဘ–ဒေါသ–မောဟ စသည်သီးသီး, တစ်ဆယ့်တစ်ပါးသောမီးတို့ဖြင့်, ညီးညီးပြောင်ပြောင်, တောက်လောင်၍နေသော၊ လောကံ–လူတွေနတ်တွေ, ဗြဟ္မာတွေကို၊ (ဘဂဝါ–ဘုန်းတော်ခြောက်ပါးသခင်, ဘုရားရှင်ကိုယ်တော်မြတ်သည်)၊ ဓမ္မဝါရိနာ–အေးကြည်လှစွာ, တရားတော်တည်းဟူသော ရေသီတာဖြင့်၊ ဩသိဉ္စိ–မအေးအေးအောင်, မငြိမ်းငြိမ်းအောင် သွန်းလောင်းပက်ဖြန်းတော်မူခဲ့ပေပြီ။

**ဧတေန သစ္စဝဇ္ဇေန**–ဤသို့ နှုတ်သံ, ဖော်ထုတ်ပြန်၍, ဟုတ်မှန်သော သစ္စာစကားကို ဆိုရခြင်းကြောင့်၊ တေ တုမှာကံ–တရားနာ

ပရိသတ်အပေါင်း, သင် သူတော်ကောင်းတို့အား၊ သုခိတာ–ကိုယ်စိတ်နှစ်ဖြာ, ဗျာပါမငြိ, ကျန်းမာချမ်းသာခြင်း ရှိကြကုန်သည်၊ ဘဝန္တု–စင်စစ်မသွေ, ဖြစ်ကြပါစေကုန် သတည်း . . . ။

**အနှစ်သုံးပါး**

ပီဠေယျ ကာယတော မေဓံ ၊ မနတော ဖေဂ္ဂုနှာ ဝရံ။

တေန မေဒေန နိဗ္ဗာနံ ၊ ကီဌောယျ အဇရံ ဝရံ။

ဖေဂ္ဂုနှာ–ကိုးဆယ့်ခြောက်ဖြာ, ရောဂါဝေဒနာတို့နှင့် ဆက်ဆံသည်၏အဖြစ်ကြောင့်, အနှစ်သာရမဘက်, သက်သက်အကာ, အတိသာဖြစ်သော၊ ကာယတော–ခန္ဓာကိုယ်ယုတ်, အကောင်ပုတ်ထဲက၊ ဝရံ–နိဗ္ဗာန်ရောက်ကြောင်းဖြစ်၍, ကောင်းမြတ်လှစွာသော၊ မေဓံ–သူတော်ကောင်းတရားတည်းဟူသော အနှစ်အဆီကို၊ ပီဠေယျ–အားကုန်နှစ်၍, ညှစ်ထုတ်လိုက်ရာ၏၊ ဖေဂ္ဂုနှာ–ရန်သူငါးတန်, ဆက်ဆံရောယှက်သည်ဖြစ်၍, အနှစ်သာရမဘက်, သက်သက်အကာ, အတိသာဖြစ်သော၊ မနတော–ပစ္စည်းဥစ္စာထဲက၊ ဝရံ–နိဗ္ဗာန်ရောက်ကြောင်းဖြစ်၍, ကောင်းမြတ်လှစွာသော၊ မေဓံ–သူတော်ကောင်းတရားတည်းဟူသော, အနှစ်အဆီကို၊ ပီဠေယျ–အားကုန်နှစ်၍, ညှစ်ထုတ်လိုက်ရာ၏။

တေန မေဒေန–ပစ္စည်းဥစ္စာ, အင်္ဂါခြေလက်, ကိုယ်အသက်ထဲက ညှစ်ထုတ်၍ရသော, ထို သူတော်ကောင်းတရားတည်းဟူသော အနှစ်အဆီဖြင့်၊ ဝရံ–မြတ်လှစွာသော၊ အဇရံ–မအိုရာဖြစ်သော၊ ဝါ–မနာ,မသေရာဖြစ်သော၊ နိဗ္ဗာနံ–ဘေးဘျမ်းကင်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို၊ ကီဌောယျ–လဲလှယ် ဖလှယ် ဝယ်ယူလိုက်ကြရာသတည်း . . .။

အနှစ်သုံးပါးဆိုတာက– ယခု ရွတ်ဆိုလိုက်တဲ့ ဂါထာတော်မှာ ပါရှိတဲ့အတိုင်း ရေတွက်ကြည့်ရမယ်။

၁။ ပစ္စည်းဥစ္စာထဲက ထုတ်ရယူရတဲ့ ဒါနအနှစ်။

၂။ ခန္ဓာကိုယ်ထဲက ထုတ်ယူရတဲ့ သီလအနှစ်။

၃။ အသက်ဇီဝထဲက ထုတ်ယူရတဲ့ ဘာဝနာအနှစ်။

–ပေါင်း သုံးပါးဖြစ်ပါတယ်။

## (၁) ပစ္စည်းဥစ္စာထဲက ဒါနအနှစ်ထုတ်ယူပုံ

တစ်နံပါတ်အနေနဲ့ ပစ္စည်းဥစ္စာထဲက အနှစ်ထုတ်ယူရမယ်–တဲ့။ ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတွေ ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းဥစ္စာ, သက်ရှိသက်မဲ့ ရတနာရွှေငွေ အထွေထွေပေါ့။ အဲဒီ ပစ္စည်းဥစ္စာတို့ရဲ့ သဘောတရားသည် ဘာတွေနဲ့ ဆက်ဆံပြီးတော့နေသလဲ၊ ဘာတွေနဲ့ ရောယှက်ပြီးတော့ နေသလဲဆိုတော့။ ရန်သူမျိုးငါးပါးနဲ့ ဆက်ဆံပြီးတော့ နေပါတယ်၊ ရန်သူမျိုးငါးပါးနဲ့ အမြဲမပြတ် ဆက်ဆံပြီးတော့နေတဲ့အတွက်ကြောင့် ပစ္စည်းဥစ္စာရတနာ အထွေထွေဟာ"အနှစ်ရှိပစ္စည်း"လို့ ပြောလို့မဖြစ်ဘူး။ ဘာဖြစ်လို့ အနှစ်မရှိသလဲ၊ ရန်သူမျိုးငါးပါးနဲ့ ဆက်ဆံရောယှက်နေလို့ပဲ။

ဒီ ပစ္စည်းဥစ္စာတွေသည် ရေကြောင့်လဲ ပျက်စီးဆုံးရှုံးနိုင်တယ်၊ မင်းကြောင့်လဲ ပျက်စီးဆုံးရှုံးနိုင်တယ်၊ မီးကြောင့်, ခိုးသူကြောင့်, အမွေခံသားဆိုး သမီးဆိုးတွေကြောင့်လဲ ပျက်စီးဆုံးရှုံးနိုင်ပါတယ်။ ဒါ့ကြောင့် မိမိတို့ ရှာဖွေစုဆောင်းထားကြတဲ့ ပစ္စည်းဥစ္စာ, ရတနာရွှေငွေအထွေထွေ, သက်ရှိသက်မဲ့တွေဟာ အနှစ်သာရရှိတယ်လို့ မဆိုနိုင်တော့ဘူး။

ဒါဖြင့် ပစ္စည်းဥစ္စာတွေထဲက အနှစ်ထုတ်ယူလို့ မရတော့ဘူးလားဆိုတော့၊ ထုတ်ယူလို့ရတဲ့နည်းလမ်းနဲ့ ထုတ်ယူရမယ်။ ဘယ်လိုနည်းလမ်းတွေနဲ့ထုတ်ယူရမလဲ–

**ပစ္စည်းဥစ္စာထဲက ဒါနအနှစ်ထုတ်ပါ**

ရက္ခိတမ္ပိ အဂုတ္တံဝ၊ ဓနံ ဘယမုခေ ဋ္ဌိတံ။
တသ္မာ ဓနံ ဥပေက္ခိတွာ၊ ကရေယျ ဒါနမုတ္တမံ။

ဘယမုခေ–ရန်သူမျိုးငါးပါး, ဘေးအများ၏, အနီးအပါး၌၊ ဋ္ဌိတံ–တည်၍နေသော၊ ဓနံ–ပစ္စည်းဥစ္စာ, ရတနာရွှေငွေ, အထွေထွေသည်၊ ရက္ခိတမ္ပိ–ဘယ်ပုံ ဘယ်နည်း, အသီးသီးဖြင့်, သိုမှီး သိမ်းဆည်းစောင့်ရှောက်ပါသော်လည်း၊ အဂုတ္တံဝ အဂုတ္တမေဝ–မလုံခြုံသည်သာလျှင်တည်း၊ တသ္မာ–ထိုသို့ ရန်သူမျိုးငါးပါးနှင့် အမြဲမပြတ်ဆက်ဆံနေ၍ မလုံခြုံသောကြောင့်၊ ဓနံ–ပစ္စည်းဥစ္စာ, ရတနာ အထွေထွေကို၊ ဥပေက္ခိတွာ–အာသာငမ်းငမ်း, မစွဲလမ်းမနှစ်သက်မငဲ့ကွက်ဘဲ၊ (ဗုဒ္ဓသာသနေ–မြတ်စွာဘုရား၏

သာသနာတော်ကြီး၌၊ ၄ဖွာ–တည်၍)၊ ဥတ္တမံ–မြတ်လှစွာသော၊ ဝါ–နိဗ္ဗာန်တိုင်ထိ, အကျိုးကို ပေးနိုင်သော၊ ဒါနံ–ပေးကမ်းစွန့်ကြဲ, လှူဒါန်းခြင်းဆိုတဲ့ ဒါနမျိုးကို၊ ကရေယျ–အသိဉာဏ်ရှေ့သွား၍, ပြုစုကြိုးကုတ်, အားထုတ်ရာသတည်း . . .။

ပစ္စည်းဥစ္စာတွေဟာ ဘယ်ပုံဘယ်နည်း အသီးသီးဖြင့် သိုမှီးစောင့်ရှောက်ထားပါသော်လဲ မလုံခြုံဘူး၊ လုံခြုံမှုမရှိနိုင်ဘူး–တဲ့။ ရန်သူမျိုးငါးပါးနှောက်ယှက်ဖျက်ဆီးတတ်လို့ မလုံခြုံတဲ့အတွက်ကြောင့် အဲဒီ ပစ္စည်းဥစ္စာတွေထဲက အနှစ်ထုတ်ယူမယ်ဆိုရင် ဗုဒ္ဓမြတ်စွာဘုရားရဲ့ အဆုံးအမသာသနာတော်မြတ်ကြီးမှာ ဒါနကုသိုလ်တွေကို ပြုလိုက်ပါ–တဲ့။

ပစ္စည်းဥစ္စာတွေထဲက အနှစ်ထုတ်ယူမယ်ဆိုရင် ဒါနကောင်းမှုကို ပြု၊ ဒါနကောင်းမှုပြုခြင်းသည် ပစ္စည်းဥစ္စာရဲ့ အနှစ်သာရပဲ–တဲ့။

ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတွေ ဒီကနေ့ သီတင်းကျွတ်လပြည့်နေ့မှာ ဒါနမျိုးစုံတွေ ပြုလုပ်ကြပါတယ်၊ အဲဒါ ဘာလုပ်ကြတာလဲဆိုတော့–ပစ္စည်းဥစ္စာတွေထဲက အနှစ်ထုတ်ယူကြတာပါပဲ။ ဒီလို ထုတ်ယူလိုက်တဲ့ ပစ္စည်းဥစ္စာတွေမှသာ ကိုယ်ပိုင်ဥစ္စာတွေ ဖြစ်တယ်။ မလှူရမတန်းရသေးတဲ့ ပစ္စည်းဥစ္စာတွေကတော့ ကိုယ်မပိုင်သေးဘူး။ လှူဒါန်းလိုက်တဲ့ ပစ္စည်းဥစ္စာတွေသာ ကိုယ်ပိုင်အစစ်တွေဖြစ်တယ်၊ ဘယ်လိုရန်သူမျိုးတွေမှလဲ နှောက်ယှက်လို့, ဖျက်ဆီးလို့ မရတော့ဘူး။ ဒါကြောင့်– –

{၁} ငါးပါးရန်စု၊ ဆက်ဆံမှုကြောင့်၊ ပစ္စည်းဥစ္စာ၊ အဖြာဖြာ၊ မှန်စွာ နှစ်မမည်။

ပစ္စည်းထဲမှ၊ ထုတ်ယူရ၊ ဒါနအနှစ်မည်။

ပစ္စည်းဥစ္စာတွေထဲက ဒါနအနှစ်ကို ထုတ်ယူရမယ်၊ အဲဒီ ပစ္စည်းဥစ္စာသည်သာလျှင် အနှစ်အစစ်ဖြစ်ပါတယ်၊ ဘယ်ရန်သူမျိုးမှ နှောက်ယှက်ဖျက်ဆီးလို့မရတော့ဘူး။

ခိုးသားဓားပြတွေ လုယက်ဖျက်ဆီးလို့မရတဲ့ အရာတွေကို ထုတ်ပြပါလို့ နတ်သားတစ်ယောက်က ဘုရားရှင်ကို လျှောက်ထားဖူးပါတယ်၊

ဒီအခါမှာ ဘုရားရှင်က–

"ပုညံ စောရေဟိ ဒုဟရံ။ ပုညံ–ကောင်းမှုကုသိုလ်ကို၊ စောရေဟိ–ခိုးသူတို့သည်၊ ဒုဟရံ–ဘယ်လိုနည်းနှင့်မှ ခိုးယူဖျက်ဆီးလို့ မရဘူး" လို့ ဖြေကြားတော်မူပါတယ်။ ဒီသာဓကတွေလဲ ရှိနေပါတယ်။

ဒါကြောင့် ယနေ့ မိမိတို့ရဲ့ အနှစ်သာရမရှိတဲ့ပစ္စည်းဥစ္စာတွေထဲက ဒါနတည်းဟူသော အနှစ်ကို ထုတ်ယူလိုက်ပါပြီ။ အဲဒီလို ထုတ်ယူလိုက်တော့ ဘယ်လိုကောင်းကျိုးတွေကို ရရှိနိုင်ပါသလဲဆိုတော့–

**ဒါနစွမ်းရည် လောကီအကျိုး**

သက်ရှည်ဆင်းလှ၊ ချမ်းသာရ၍၊ များလှခြံရံ၊ စိုးရပြန်၊

ငါးတန် ဒါနအကျိုးတည်း။

ဆိုတဲ့အတိုင်း အကျိုးငါးမျိုးရနိုင်ပါတယ်–

၁။ အသက်ရှည်ခြင်းဆိုတဲ့ အကျိုးကို ရနိုင်တယ်။

၂။ အဆင်းလှခြင်းဆိုတဲ့ အကျိုးကို ရနိုင်တယ်။

၃။ ကြွယ်ဝချမ်းသာခြင်းဆိုတဲ့ အကျိုးကို ရနိုင်တယ်။

၄။ အခြံအရံများခြင်းဆိုတဲ့ အကျိုးကို ရနိုင်တယ်။

၅။ အစိုးရခြင်းဆိုတဲ့ အကျိုးကို ရနိုင်တယ်။

ပေါင်းလိုက်တော့ ငါးမျိုး။ ပါဠိလိုဆိုရင်တော့= အာယု–အသက်ရှည်မယ်၊ ဝဏ္ဏ–အဆင်းလှမယ်၊ သုခ–ချမ်းသာကြွယ်ဝမယ်၊ ယသ–အခြံအရံပေါမယ်၊ အဓိပတေယျ–အစိုးရမယ်၊ ဒီလို ကောင်းကျိုးငါးမျိုးကို ရနိုင်ကြောင်း မြတ်ဗုဒ္ဓဟောတော်မူပါတယ်။

ဒါတွေဟာ ဒါနအနှစ်ထုတ်ယူတဲ့အတွက် ရရှိနိုင်တဲ့ လောကီအကျိုးတွေပါပဲ။

**ဒါနစွမ်းရည် လောကုတ္တရာအကျိုး**

လောကီအကျိုးတွေပဲ ရနိုင်သလားဆိုတော့၊ မကသေးပါဘူး၊ –

လောကုတ္တရာအကျိုးတွေကိုလဲ ရနိုင်ပါသေးတယ်။

ကြဒံ မေ ဒါနံ အသဝက္ခယာ ဝဟံ ဟောတူ'တိ ဧဝံ ပန

ဝိဝဋ္ဋ ပဋ္ဌေန္တေန ဝိဝဋ္ဋဝသေန သမ္မာ ဌပိတံ အရဟတ္တမ္ပိ

ပစ္စေကဗောဓိဉာဏမ္ပိ သဗ္ဗညုတာဉာဏမ္ပိ ဒါတုံ သက္ကောတိ

ယေဝ။ (အင်္ဂုတ္တိုရ်အဋ္ဌကထာ)

မေ–ငါ၏၊ ကြဒံ ဒါနံ–ဤအလှူဒါန, ပုညစေတနာသည်၊ အာသဝက္ခယာ–ကာမာသဝ, စသည်လေးတန်, ကုန်ရာမှန်သည့်, နိဗ္ဗာန် ရပ်ခွင်သို့, ပို့ဆောင်ကယ်တင်သည်၊ ဟောတု–ဖြစ်ပါစေသတည်း။

ကြတိ ဧဝံ ပန–ဤကား၊ ဝိဝဋ္ဋံ–ဝဋ်ကင်းရာနိဗ္ဗာန်ကို၊ ပဋ္ဌေန္တေန–တောင့်တလျက်၊ ဝိဝဋ္ဋဝသေန–ဝဋ်ကင်းရာနိဗ္ဗာန်ကို ရည်သန်လိုသဖြင့်၊ သမ္မာ–ကောင်းစွာ၊ ဌပိတံ–ဖြစ်စေအပ်သော ကောင်းမှုကုသိုလ်သည်၊ အရဟတ္တမ္ပိ–ပကတိသာဝက,မဟာသာဝက,အဂ္ဂသာဝက ရဟန္တာအဖြစ်ကိုလည်းကောင်း၊ ပစ္စေကဗောဓိဉာဏမ္ပိ–ပစ္စေကဗောဓိဉာဏ်ကိုလည်းကောင်း၊ သဗ္ဗညုတာဉာဏမ္ပိ–သဗ္ဗညုတဉာဏ်ကိုလည်းကောင်း၊ ဒါတုံ–ပေးခြင်းငှါ၊ သက္ကောတိယေဝ–စွမ်းနိုင်သည်သာလျှင်တည်း။

ဒီ ဒါနစေတနာလေးဟာ အရဟတ္တမဂ်,အရဟတ္တဖိုလ်ကိုလဲ ပေးစွမ်းနိုင်တယ်၊ ပစ္စေကဗောဓိဉာဏ်ကိုလဲ ရစေနိုင်တယ်၊ သဗ္ဗညုတဉာဏ်ကိုလဲ ရစေနိုင်တယ်။ ဘယ်လောက် စွမ်းအားရှိတဲ့စေတနာမျိုးလဲဆိုတာကြည့်နော်။

**ဘုရားအဆူဆူ ဒါနကူမှ**

ဗုဒ္ဓအလောင်းတော်တွေ ပါရမီတွေကို ဖြည့်ကျင့်ကြတဲ့အခါမှာ ဒါနပါရမီက စတင်ဖြည့်ကျင့်ကြရတယ်၊ ဒါနကို အခြေခံကြရတယ်။ ဒါနပါရမီကို အခြေခံဖြည့်ကျင့်ပြီးမှ အခြားသောပါရမီတွေကို ဖြည့်ကျင့်ကြရတယ်။ ဒါကြောင့် ဒါနသည် အခြေခံသိပ်ကျလှတယ်။

ဘုန်းကြီးတို့ တရားနာပရိသတ်ကြီးဟာ မဂ်ဖိုလ်နိဗ္ဗာန်ကိုမရသေးခင် သံသရာမှာ ကျင်လည်နေကြရအုံးမယ်၊ အဲဒီအခါမျိုးမှာ မိမိတို့အတွက် ဘာတွေပါသွားရမလဲ၊ ဒါနတည်းဟူသောရိက္ခာတွေ ပါသွားရမယ်။ ဒါန ရိက္ခာပါမှသာ ဘဝသံသရာခရီးမှာ ချမ်းသာမှုတွေနဲ့ ပြည့်စုံလိမ့်မယ်။

ဒါနနဲ့ပြည့်စုံမှ သီလ,သမာဓိ,ပညာတွေ ဆက်လက်ပြီး ပြည့်စုံနိုင်ပါတယ်။ ဒါကြောင့်–

ဘုရား အဆူဆူ၊ ဒါနကူမှ၊ သုံးလူသင်းကျစ်၊ အမှန်ဖြစ်၍၊ အသစ်တရား၊ ဟောဖော်ထားလျှက်၊ အများဝေနေ၊ကျွတ်လွတ်စေ၏။ ထွေထွေများမြောင်၊ ဒါနဆောင်သော်၊ ပြောင်တလက်လက်၊ အရောင်ထွက်သို့၊ ခေါင်ထက်ခေါင်နင်း၊ ဖြစ်ကြခြင်းနှင့်၊ ရင်းသည့်ဒါန၊ မပါကြသည့်၊ ဒုက္ခသည်စု၊ နေ့တိုင်းရှု၍၊ လှူမှုအားကိုး၊ ဒါနမျိုးကို၊ ပျိုးလေဆန်းဆန်း၊ နေ့စဉ်လန်းအောင်၊ ကျွတ်တမ်းဝင်လိုဘိမူကား . . .။

ရှေးရှေးက ပညာရှိကြီးများ ရေးဖွဲ့သီကုံးထားကြတယ်။

ဘုရားအဆူဆူတို့ဟာ ဒါနကို အခြေခံပြီးတော့မှ သဗ္ဗညုတဉာဏ်တော်မြတ်ကြီးကို ရယူခဲ့ကြရပါတယ်၊ ဒါနကို အခြေခံဖြည့်ဆည်းပြီး ဘုရားဖြစ်လို့ ဝေနေယျသတ္တဝါတွေကိုလဲ တရားဒေသနာတွေကို ဟောကြားနိုင်ခဲ့တယ်။ ဒါနရှိသူဟာ ပြောင်ပြောင်လက်လက်နဲ့ အရောင်ထွက်ပြီး ပြည့်စုံကုံလုံကြွယ်ဝနိုင်တယ်။

လောကမှာ ကြည့်လိုက်မယ်ဆိုရင် ဆင်းရဲဒုက္ခရောက်နေကြတာတွေကို မြင်တွေ့ကြရလိမ့်မယ်၊ ဒါဟာ ဘာကြောင့်လဲ၊ ဒါနကြောင့်ပဲ။ ဒါနမပါခဲ့ကြလို့ ဆင်းရဲနေကြတာပဲ ဖြစ်ပါတယ်။ ပစ္စည်းဥစ္စာတွေပေါများပြီး အထက်တန်းကျကျ နေနိုင်ထိုင်နိုင်တာလဲ ဒါနကြောင့်ပဲ၊ ဒါနပြုခဲ့ကြလို့ပေါ့။

ဒါကြောင့်မို့ နေ့တိုင်းနေ့တိုင်း ဒါနပန်းလေးတွေ ဆင်မြန်းနေကြရမယ်၊ ကျွတ်တမ်းဝင်လိုလို့ရှိရင် ဒါနကောင်းမှုတွေကို အဓိကထားပြီး ပြုကြရမယ်။

ဒါကြောင့် အနှစ်မရှိတဲ့ ပစ္စည်းဥစ္စာတွေထဲက အနှစ်ထုတ်ယူမယ်ဆိုရင် ဒါနကောင်းမှုကို ပြုကြရမယ်၊ ဒါနကောင်းမှုပြုခြင်းဟာ အနှစ်ထုတ်ယူတာပါပဲ။ ဒါက ပထမအနှစ်ပဲ။

## (၂) ခန္ဓာထဲက အနှစ်ထုတ်ပုံ

နောက်တစ်ခါ၊ ခန္ဓာကိုယ်ကြီးထဲက အနှစ်ထုတ်ရမယ်–တဲ့။

ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ရဲ့ ခန္ဓာကိုယ်ကြီးကို ပြန်ကြည့်စမ်း၊ ဘာသဘောတွေရှိနေသလဲ–

**ခန္ဓာကိုယ်ရဲ့သဘောတရားများ**

အနန္တာဒီနဝေါ ကာယော ၊ ဝိသရုက္ခသမူပမော။

အာဝါသော သဗ္ဗရောဂါနံ ၊ ပုဉ္ဇော ဒုက္ခဿ ကေဝလော။

အယံ ကာယော–အလျားတစ်လံ, အနံတစ်ထွာ, ဤခန္ဓာကိုယ်ကြီးသည်၊ အနန္တာဒီနဝေါ–ရေတွက်မရ, များလှသောင်းသောင်း,မကောင်းသော အပြစ်တွေရှိ၏၊ ဝိသရုက္ခသမူပမော–အချိန်မရွေး, သေစေနိုင်သည့် အဆိပ်ပင်ကြီးနှင့်လည်းတူပါပေ၏။ သဗ္ဗရောဂါနံ–ကိုးဆယ့်ခြောက်ဖြာ, ဘေးရောဂါတို့၏၊ အာဝါသော–အမြဲတည်ရာမှီရာ ဌာနကြီးလည်းဖြစ်ပါပေ၏။ ကေဝလော–ချမ်းသာမဘက်, ဆင်းရဲသက်သက်သာဖြစ်သော၊ ဒုက္ခဿ–ဆင်းရဲအမျိုးမျိုး၏၊ ပုဉ္ဇော–ရေတွက်မကုန်, အစုအပုံကြီးဖြစ်ပါပေ၏။ (ထေရာပါဒါန်)

ဒီ ခန္ဓာကိုယ်ကြီးကို ကြည့်လိုက်ရင် မကောင်းတဲ့အပြစ်တွေချည်းပါပဲ၊ ခန္ဓာကိုယ်ထဲမှာ သိမ်းထားတဲ့ ပစ္စည်းဝတ္ထုတွေကို ကြည့်လိုက်ပြန်တော့လဲ မတင့်တယ်တဲ့ပစ္စည်းတွေချည်းပဲ–တဲ့။

ဗုဒ္ဓမြတ်စွာက အဘိရူပနန္ဒာထေရီကို ခန္ဓာကိုယ်ရဲ့ အပြစ်တွေကို ဖော်ပြခဲ့ဖူးတာရှိသေးတယ်။ ဘာလဲဆိုတော့–

အာတုရံ အသုစိံ ပူတိံ၊ ပဿ နန္ဒေ သမုဿယံ။

ဥဂ္ဃရန္တံ ပဂ္ဃရန္တံ ၊ ဗာလာနံ အဘိပတ္ထိတံ။ (ထေရီအပါဒါန်)

နန္ဒေ–ချစ်သမီး အဘိရူပနန္ဒာ၊ အာတုရံ–မစဲရုံခါ, ဆင်းရဲစွာသော၊ အသုစိံ–မစင်ကြွယ်သော၊ ပူတိံ–ပုတ်သိုးသော၊ ဥဂ္ဃရန္တံ–အထက်သို့လည်း လျှံတက်ယိုစီးသော၊ ပဂ္ဃရန္တံ–အောက်သို့လည်း လျှောကျယိုစီးသော၊ သမုဿယံ–ခန္ဓာကိုယ်ကို၊ ပဿ ပဿာဟိ–စေ့စေ့ငုငု, ဉာဏ်စက္ခုဖြင့်, ကြည့်ရှုလေလော့။

(တံ–ထိုခန္ဓာကိုယ်ကို)ဗာလာနံ–လူမိုက်တို့သည်၊ အဘိပတ္ထိတံ–လွန်စွာစုံမက်, နှစ်သက်တောင့်တအပ်ပေ၏။

ဒီ ခန္ဓာကိုယ်ကြီးဟာ "အာတုရ"ခန္ဓာကိုယ်ကြီး၊ အမြဲမပြတ် နာကျင်နေတယ်၊ ထုံကျင်နေတယ်၊ ကိုက်ခဲနေတယ်။ ယခုတရားနာနေဆဲ ခဏလေးမှာပင် ထုံတယ်၊ ကျင်တယ်၊ ကိုက်ခဲတယ်။

"အသုစိ" ဒီ ခန္ဓာကိုယ်ကြီးဟာ မစင်ကြယ်ဘူး။ ခန္ဓာကိုယ်ရဲ့ အတွင်းမှာရှိတဲ့ ပစ္စည်းတွေကို ကြည့်လိုက်ပေါ့။ မျက်စိပေါက်ကထွက်တဲ့ အညစ်အကြေးတွေ၊ နှာခေါင်းပေါက်ကထွက်တဲ့ အညစ်အကြေးတွေ၊ နား ပေါက်ကထွက်တဲ့ အညစ်အကြေးတွေ။ ကြည့်လိုက်စမ်း၊ ဒွါရကိုးပေါက်က ထွက်တာမှန်သမျှ ဘာတစ်ခုမှ စင်ကြယ်တာမရှိဘူး နော်။

"ပူတိ "ပုတ်သိုးနေတော့တာပဲ။

အဲဒီ အပြစ်တွေကို ဘာနဲ့ကြည့်မှ မြင်မလဲဆိုတော့၊ ဉာဏ်မျက်စိနဲ့ ကြည့်မှ မြင်လိမ့်မယ်၊ ပကတိမျက်စိနဲ့ ကြည့်လို့ကတော့ ခန္ဓာကိုယ်ရဲ့ အပြစ်တွေကို မြင်မှာမဟုတ်ဘူး၊ ဒါကြောင့် ဉာဏ်မျက်စိနဲ့ ကြည့်ကြ ရမယ် နော်။

နောက်တစ်ခါ။ "အနန္တာဒီနဝေါ"ရေတွက်မရ, များလှသောင်း သောင်း မကောင်းသောအပြစ်တွေရှိ၏–တဲ့။ အပြစ်ကင်းတဲ့ခန္ဓာကိုယ်ဆို တာ မရှိပါဘူး၊ အပြစ်မကင်းတဲ့ ခန္ဓာကိုယ်ချည်းပါပဲ–တဲ့။

"ဝိသရုက္ခသမူပမော"ဒီ ခန္ဓာကိုယ်ကြီးကို အဆိပ်ပင်ကြီးနဲ့ ဥပမာပြုကြတယ်၊ ဘုန်းကြီးတို့ ခန္ဓာကိုယ်ကြီးဟာ အဆိပ်ပင်ကြီးနဲ့တူ ပါတယ်၊ အဆိပ်ပင်ရဲ့ အပွင့်တွေ အသီးတွေဟာ ကြည့်လိုက်ရင်တော့ အင်မတန်မှ ယူချင်စရာ, မက်မောစရာပဲ၊ နမ်းရှူချင်စရာပဲ–တဲ့။

သို့သော်လဲ အဲဒီ အဆိပ်ပင်ရဲ့အနံ့ကို ရှူမိမယ်ဆိုရင် သေနိုင်တယ်၊ အသီးတွေကို စားမယ်ဆိုရင်လဲ သေမယ်။ ဒီ ခန္ဓာကိုယ်ကြီးဟာလဲ အဲဒီ အဆိပ်ပင်ကြီးနဲ့တူလှတယ်။

ခန္ဓာကိုယ်ဆိုတဲ့ ရုပ်နာမ်အစုအဝေးတည်းဟူသော အဆိပ်ပင်ကြီး မှာလဲ ဘာတွေသီးနေသလဲ၊ လောဘတည်းဟူသောအသီးတွေ သီးနေတယ်၊ ဒေါသ,မောဟ,မာန,ဒိဋ္ဌိ,ဣဿာ,မစ္ဆရိယ,မရဏတည်းဟူသောအသီးတွေ သီးနေ တယ်။ ဉာဏ်နဲ့စိုက်ပြီးတော့ ကြည့်နော်၊ လောဘတွေ ဘယ်ကဖြစ်သလဲ၊ ဒီခန္ဓာကိုယ်ကြီးက ဖြစ်နေတယ်၊ ဒေါသတွေ, မောဟတွေ ဆိုတာလဲ

ဒီ ခန္ဓာကိုယ်ကြီးကပဲ ဖြစ်နေကြတာပဲ။ လောဘအာရုံနဲ့တွေ့ရင် လောဘ ဖြစ်တယ်၊ ဒေါသအာရုံနဲ့တွေ့ရင် ဒေါသ စသည်တွေ ဖြစ်လာကြတယ်။ ဒါတွေဟာ ခန္ဓာကိုယ်အဆိပ်ပင်က အဆိပ်သီးတွေပေါ့။

ဒီတော့၊ ပကတိသော အဆိပ်သီးတွေကို စားမယ်ဆိုရင် တစ်ဘဝ ပဲ သေမယ်၊ လောဘအဆိပ်၊ ဒေါသအဆိပ်သီးတွေကို စားမိမယ်ဆိုရင်တော့ ဘဝများစွာသံသရာမှာ ဒုက္ခများစွာနဲ့ တွေ့ကြရမယ်။ ကွာခြားသွားပြီ နော်။ ဒီလို သဘောကျထားကြရမယ် နော်။

နောက်တစ်ခါ။ "သဗ္ဗရောဂါနံ အာဝါသော"တဲ့။ ရောဂါတွေ ဘယ်က ဖြစ်သလဲ၊ ခန္ဓာကပဲဖြစ်တာပဲ၊ ခန္ဓာရှိနေလို့ ရောဂါတွေဖြစ်တယ်၊ ရုပ်ပိုင်းဆိုင်ရာမှာလဲ ရောဂါတွေဖြစ်ကြတယ်၊ နာတယ်,ကျင်တယ်,ထုံ တယ်,ကိုက်ခဲတယ်၊ အဲဒါတွေဟာ ရုပ်ပိုင်းဆိုင်ရာရောဂါတွေပဲပေါ့။

နာမ်ပိုင်းဆိုင်ရာမှာတော့ မြင်မှု, ကြားမှု, နံမှု, စားမှု, သိမှု, ထိမှုဆိုတဲ့ ရောဂါတွေဖြစ်ကြလိမ့်မယ်။ မြင်တဲ့ ခဏလေးမှာ လောဘ အာရုံနဲ့တွေ့မယ်ဆိုရင် လောဘတွေဖြစ်မယ်၊ ဒေါသအာရုံနဲ့တွေ့ရင် ဒေါသ တွေဖြစ်မယ်။ သတိပညာနဲ့ မရှုမှတ်ရင် မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားတိုင်း စသည်တွေမှာ၊ ဒွါရခြောက်ပါးတွေမှာ ရောဂါတွေဖြစ်နေမှာပဲ၊ ဒါတွေဟာ နာမ်ပိုင်းဆိုင်ရာရောဂါတွေပဲ။

ရုပ်ပိုင်းဆိုင်ရာ ရောဂါများ, နာမ်ပိုင်းဆိုင်ရာ ရောဂါများဟာ ဘယ်ကနေဖြစ်သလဲ၊ ဒီ ခန္ဓာကိုယ်ကြီးက ဖြစ်နေတာပဲ။ ဒီသဘောတွေကို သဘောကျပါ။ တို့တတွေရရှိထားတဲ့ခန္ဓာကိုယ်ဟာ ရောဂါပေါင်းစုံတို့ရဲ့ တည်ရာဌာနကြီးလို့ သဘောကျထားကြပါ။

ဒါ့ကြောင့် "ပုဗ္ဗေ ဒုက္ခဿ ကေဝလော"တဲ့။ ဒီ ခန္ဓာကိုယ် ကြီးဟာ ချမ်းသာဆိုတာ တစ်စက်မှမရှိဘူး၊ ဆင်းရဲသက်သက်သာဖြစ် ကယ်၊ ဒုက္ခအပေါင်းတို့ရဲ့ အစုအဝေးကြီးသာဖြစ်တယ်။

## ခန္ဓာထဲက သီလအနှစ်ထုတ်ပါ

ဒါဖြင့် ဒီ ခန္ဓာကိုယ်ကြီးထဲက အနှစ်သာရ ထုတ်ယူမယ်ဆိုရင် ဘာကိုထုတ်ယူမလဲ၊ သီလတည်းဟူသောအနှစ်ကို ထုတ်ယူရမယ်၊ ဒီခန္ဓာ ကိုယ်ကြီးနဲ့ရင်းနှီးပြီးတော့ သီလတရားတွေကို ဆောက်တည်။

အဲဒါ–ခန္ဓာကိုယ်ရဲ့ အနှစ်ပဲ–တဲ့။

**သီလနှစ်မျိုး**

အဲဒီ သီလဟာလဲ (၁)စာရိတ္တသီလ၊ (၂)ဝါရိတ္တသီလရယ်လို့ နှစ်မျိုးရှိပါတယ်။

ဝါရိတ္တသီလဆိုတာက ဗုဒ္ဓရှင်တော်ဘုရား တားမြစ်တော်မူထားတဲ့ သူ့အသက်မသတ်ရဘူး၊ သူ့ဥစ္စာမခိုးရဘူး–စသည်ဖြင့် တားမြစ်ထားတဲ့ သိက္ခာပုဒ်သီလတွေကို ဝါရိတ္တသီလ–လို့ခေါ်ပါတယ်။ သံဃာတော်အရှင်မြတ်တွေရဲ့ ဝေယျာဝစ္စတွေ၊ မိခင်ဖခင် ကျေးဇူးရှင်တို့ရဲ့ ဝေယျာဝစ္စတွေကို အမြဲမပြတ်ပြုနေတဲ့ သီလမျိုးတွေကိုတော့ စာရိတ္တသီလလို့ခေါ်ပါတယ်။

ဒီ သီလနှစ်မျိုးကို ခန္ဓာကိုယ်နဲ့ရင်းနှီးပြီးတော့ ပြည့်စုံအောင် ဖြည့်ကျင့်ရတာကြောင့် ခန္ဓာကိုယ်ရဲ့အနှစ်ပဲ–တဲ့။

သံဃာ့ဝေယျာဝစ္စတွေကိုလဲပဲ ဒီ ခန္ဓာကိုယ်ကြီးနဲ့ ရင်းနှီးပြီးတော့ စာရိတ္တသီလတွေဖြစ်အောင် အားထုတ်၊ သာသနာရေး၊ ဘာသာရေးတွေနဲ့ ပတ်သက်ပြီးတော့လဲ ဒီ ခန္ဓာကိုယ်ကြီးကို အရင်းအနှီးပြုပြီးတော့ အားထုတ်ကြရမယ်၊ အဲဒီလို အားထုတ်တာဟာ ခန္ဓာကိုယ်ထဲက အနှစ်ထုတ်ယူတာပါပဲ။

သာသနာတော်ကြီးနဲ့ တွေ့ဖို့ဆိုတာ၊ ကြုံဖို့ဆိုတာ လွယ်တာမဟုတ်ပါဘူး၊ ဒီလို မလွယ်တဲ့ သာသနာတော်ကြီးနဲ့ ကြုံတွေ့နေရတဲ့ အခိုက်မှာ သာသနာတော်ကြီးရဲ့ အမှုကိစ္စတွေကို ပြုလုပ်အားထုတ် ဆောင်ရွက်ရတယ်။

> **သာသနာ့အကျိုး၊ ရွက်သည်ပိုးက၊ ကိုယ့်ကျိုးကိုယ့်တာ၊ အမြဲပါ၏။**

သာသနာ့အကျိုးကို သည်ပိုးဆောင်ရွက်သူတွေဟာ ကိုယ့်ရဲ့အကျိုးတွေပါ ပြီးစီးနိုင်တယ်–တဲ့။

> **အများအကျိုး၊ ရွက်သည်ပိုးက၊ ကိုယ့်ကျိုးကိုယ့်တာ၊ အဝင်ပါ၏။**

အများအတွက် အကျိုးဖြစ်အောင် ဆောင်ရွက်ပေးရင် ကိုယ့်ရဲ့အကျိုးလဲ ပြီးစီးနိုင်ပါတယ်၊ ပါဝင်သွားပါတယ်–တဲ့။ ကိုယ့်အကျိုးဆိုတာ စောစောကပြောတဲ့ သီလတွေနဲ့ပြည့်စုံမှုပဲ။

ဒါကြောင့်မို့ ဒီ ခန္ဓာကိုယ်ကြီးနဲ့ ရင်းပြီးတော့ စာရိတ္တသီလတွေ ဝါရိတ္တသီလတွေကို ကြိုးစားပြီးတော့ ထုတ်ယူကြရမယ်။ အဲဒါ အနှစ်ပါပဲ။

{၂} ရောဂါအစု၊ ဆက်ဆံမှုကြောင့်၊ ဤကိုယ်ခန္ဓာ၊အဖြာဖြာ၊
မှန်စွာ နှစ်မမည်။

ခန္ဓာကိုယ်မှ၊ ထုတ်ယူရ၊ သီလအနှစ်မည်။

ခန္ဓာထဲက အနှစ်ထုတ်မယ်ဆိုရင် သီလတရားပဲ–တဲ့။ သီလဆိုတာ အားကိုးရာအားထားရာအစစ်ဖြစ်တယ်၊ ဗုဒ္ဓဘုရားရှင်ကလဲ "သီလေ ပတိဋ္ဌာယ–သီလသည် အခြေခံပဲ"လို့ ဟောတော်မူထားပါတယ်၊ သီလတည်းဟူသောမြေမှာတည်ပြီးတော့ ဒါနစတဲ့ ကောင်းမှုတွေပြုရမယ်၊ သီလမရှိရင် သမာဓိ, ပညာတွေ မဖြစ်နိုင်ဘူး။

**သီလစင်ကြယ်ဖို့အရေးကြီး**

အာဒိ သီလံ ပတိဋ္ဌာ စ ၊ ကလျာဏာနဉ္စ မာတုကံ။

ပမုခံ သဗ္ဗဓမ္မာနံ ၊ တသ္မာ သီလံ ဝိသောဓယေ။

သီလံ–စာရိတ္တသီလ, ဝါရိတ္တသီလသည်၊ (ကုသလာနံ ဓမ္မာနံ–ကုသိုလ်တရားတို့၏)၊ အာဒိ–အစအဦး, မည်ပါပေ၏၊ သီလံ–စာရိတ္တသီလ, ဝါရိတ္တသီလသည်၊ (ဥတ္တရိမနုဿာနံ ဓမ္မာနံ–လူတို့၏ ကုသလကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားတို့၏)၊ ပတိဋ္ဌာ စ–တည်ရာ မှီရာဖြစ်ပါပေ၏၊ သီလံ–စာရိတ္တသီလ, ဝါရိတ္တသီလသည်၊ (သမထဝိပဿနာနံ–သမထ,ဝိပဿနာ အစရှိကုန်သော)၊ ကလျာဏာနဉ္စ ဓမ္မာနံ–ကောင်းသောတရားတို့၏၊ မာတုကံ–အမိသဖွယ်ဖြစ်ပါပေ၏၊ သီလံ–စာရိတ္တသီလ, ဝါရိတ္တသီလသည်၊ သဗ္ဗဓမ္မာနံ–အလုံးစုံသော ကုသိုလ်တရားတို့၏၊ ပမုခံ–အစအဦး, အမှူးဖြစ်ပါပေ၏၊ တသ္မာ–ထို့ကြောင့်၊ သီလံ–သီလတရားကို၊ ဝိသောဓယေ–သန့်ရှင်းအောင် သုတ်သင်ရာသတည်း . . . ။

ကိုယ်ကျင့်သီလဆိုတာလဲ အရေးကြီးပါတယ်၊ မြတ်စွာဘုရားက သီလတရားသည် ကုသိုလ်တရားတို့ရဲ့ အစပဲ–တဲ့။ ဈာန်တရား, မဂ်တရားတွေကို ရယူချင်ရင်လဲ သီလစင်ကြယ်မှ၊ သီလမစင်ကြယ်ရင် ဈာန်,မဂ်, ဖိုလ်တရားတွေကို မရနိုင်ဘူး။

သမထ,ဝိပဿနာတို့ရဲ့ မိခင်ဟာ ဘယ်သူလဲ၊ သီလပဲဖြစ်တယ်။ သီလရှိမှ သမထ,ဝိပဿနာတွေကို ပွားတဲ့အခါ ဉာဏ်စဉ်တွေတက်နိုင်ပါတယ်၊ တရားထူးတရားမြတ်တွေကို ရနိုင်တယ်။

သီလမစင်ကြယ်ရင် သမာဓိမဖြစ်နိုင်ဘူး၊ သမာဓိမဖြစ်ရင် မဂ်, ဖိုလ်ပညာတွေ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် သီလတရားသည် သိပ်ပြီးတော့ အရေးကြီးလှတယ်။

ဒီလို အရေးကြီးလှတဲ့သီလကို အနှစ်သာရမရှိတဲ့ မိမိတို့ရဲ့ ခန္ဓာကိုယ်ကြီးထဲက ထုတ်ယူရမယ်–တဲ့။

သီလအနှစ်ကို ထုတ်ယူတဲ့အတွက် ဘာအကျိုးကျေးဇူးတွေ ရရှိနိုင်သလဲဆိုတော့_

**သီလစွမ်းရည် လောကီအကျိုး**

ပါဠိလိစ္ဆဝီသားများကို မြတ်စွာဘုရား ဟောကြားတော်မူတဲ့ သီလရဲ့ အကျိုးကျေးဇူး "ငါးပါး"ရှိပါတယ်_

ပစ္စည်းရလွယ်၊ ဂုဏ်ကောင်းကြွယ်၍၊ မငယ်မျက်နှာ၊

မတွေကာသေ၊ ရောက်လေနတ်ရွာ၊ ဤငါးဖြာ၊

မှန်စွာ သီလအကျိုးတည်း။

ဆိုတဲ့ အတိုင်း_

၁။ ပစ္စည်းလာဘ်လာဘတွေ ရလွယ်မယ်။
၂။ ကျော်စောသတင်း ပျံ့သင်းမယ်။
၃။ ပရိသတ်အလယ်ကို ရဲရဲရင့်ရင့် ဝင်နိုင်မယ်။
၄။ မကြောက်မရွံ့ မတွေမဝေဘဲ သေရမယ်။
၅။ သေပြီးနောက်မှာ နတ်ရွာသုဂတိသို့ရောက်မယ်။

ဒီငါးမျိုးကို ရရှိခံစားရမယ်–တဲ့။ ဘယ်လောက်ကောင်းတဲ့ အကျိုးတွေလဲ နော်၊ ဒါ လောကီအကျိုးကျေးဇူးတွေပဲ ရှိပါသေးတယ်။ လောကုတ္တရာ အကျိုးကျေးဇူးတွေအနေနဲ့ ဘာတွေရနိုင်သေးသလဲဆိုတော့–"သိက္ခာပဒဿ သိက္ခနံ အဝိပ္ပဋိသာရတ္ထာယ"စသည်ဖြင့် ဟောကြားတော်မူထားပါတယ်၊ "ပရံပရာနိသံသ"ခေါ်တဲ့ အဆင့်ဆင့်သော အကျိုးကျေးဇူးတွေကို ရနိုင်ပါတယ်၊ ဘာတွေလဲဆိုရင်–

## သီလစွမ်းရည် လောကုတ္တရာအကျိုး

သီလနဲ့ပြည့်စုံပြီဆိုရင် စိတ်ကြည်လင်တယ်၊ စိတ်ကြည်လင်ခြင်းကြောင့် ကျေနပ်မှုဖြစ်မယ်၊ ကျေနပ်မှုဖြစ်ခြင်းကြောင့် နှစ်သက်မယ်၊ နှစ်သက်ခြင်းကြောင့် ကိုယ်စိတ်တို့ရဲ့ပူပန်ခြင်း ငြိမ်းအေးမယ်၊ ကိုယ်စိတ်ပူပန်မှု ငြိမ်းအေးခြင်းကြောင့် ကိုယ်စိတ်နှစ်ပါး ချမ်းသာတယ်၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းကြောင့် စိတ်ဓာတ်တွေကြည်လင်တယ်၊ စိတ်ဓာတ်တွေ ကြည်လင်ခြင်းကြောင့် အမှန်တရားကိုမြင်တယ်၊ အမှန်တရားကိုမြင်ခြင်းကြောင့် ရုပ်နာမ်အပေါ်မှာငြီးငွေ့တယ်၊ ငြီးငွေ့ခြင်းကြောင့် ရုပ်နာမ်တို့အပေါ် တပ်မက်ခြင်းကင်းတယ်–

ရုပ်နာမ်တို့အပေါ် တပ်မက်ခြင်း ကင်းခြင်းကြောင့် ကိလေသာတွေ ကင်းစင်တယ်၊ ကိလေသာကင်းခြင်းကြောင့် နိဗ္ဗာန်ကို မြင်တယ်၊ နိဗ္ဗာန်ကို မြင်ခြင်းကြောင့် နောင် ပဋိသန္ဓေနေရခြင်း စတဲ့ ဘေးတွေက အပြီးတိုင်ကင်းလွတ်တယ်။

ဒါတွေဟာ သီလနဲ့ပြည့်စုံမှုကြောင့် ရရှိနိုင်တဲ့ လောကုတ္တရာ အကျိုးကျေးဇူးတွေပါပဲ။ နောက်ဆုံး နိဗ္ဗာန်အထိ ရရှိနိုင်တာဟာ ဒီ သီလကြောင့်ပဲဖြစ်ပါတယ်။ ဒါ့ကြောင့် သီလဟာ သိပ်အရေးကြီးတယ်၊ သိပ်အခြေခံကျတယ်။ အဲဒီ သီလနဲ့ပြည့်စုံအောင် မိမိတို့ခန္ဓာကိုယ်ကြီးကို အရင်းအစားပြုပြီးတော့ ဒီ ခန္ဓာကိုယ်ကြီးထဲက ထုတ်ယူကြရမယ်။

ဒါ့ကြောင့် ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတွေ ယနေ့ သီတင်းကျွတ်လပြည့်နေ့မှာ ဥပုသ်သီလတွေဆောက်တည်ထားကြပါပြီ၊ ဒါဟာ ခန္ဓာကိုယ်ကြီးထဲက သီလဆိုတဲ့ အနှစ်ကိုထုတ်ယူလိုက်တာပဲ–လို့ သဘောကျထားရမယ်။

## (၃) အသက်ဇီဝထဲက အနှစ်ထုတ်ပုံ

နောက်တစ်ခါ၊ မိမိတို့ရဲ့ အသက်ဇီဝထဲက အနှစ်ထုတ်ရမယ်တဲ့။ မိမိတို့သန္တာန်မှာ ရုပ်ဇီဝိတ,နာမ်ဇီဝိတဆိုတာရှိတယ်၊ အဲဒါတွေကို "ဇီဝ" လို့ခေါ်ပါတယ်၊ "အသက်"လို့လဲခေါ်ပါတယ်၊ အဲဒီ "အသက်" လို့ခေါ်တဲ့ ဇီဝလေးဟာလဲ အနိစ္စအစရှိတဲ့ အချက်တွေနဲ့ အမြဲမပြတ် နှိပ်စက်ပြီးတော့ နေပါတယ်၊ ဒါကြောင့် အနှစ်သာရမရှိဘူး။

## အသက်ဇီဝထဲက ဝိပဿနာအနှစ်ထုတ်ပါ

အဲဒီ အနှစ်မရှိတဲ့ အသက်ဇီဝထဲက အနှစ်ထုတ်မယ်ဆိုရင် ဘာလုပ်ရသလဲဆိုတော့ ဝိပဿနာဘာဝနာ ပွားများကြရတယ်၊ ရှုမှတ်ရတယ်၊ အသက်ဇီဝရဲ့အနှစ်ဟာ ဝိပဿနာပဲဖြစ်တယ်။

{၃}အနိစ္စသဘော၊ နှိပ်စက်သောကြောင့်၊ အသက်ဇီဝါ၊ အဖြာဖြာ၊ မှန်စွာ နှစ်မမည်။

သက်ဇီဝမှ၊ ထုတ်ယူရ၊ ဝိပဿ်အနှစ်မည်။

အသက်ဇီဝဆိုတာ အနိစ္စအစရှိတဲ့ သဘောတရားတွေနဲ့ အမြဲမပြတ်နှိုက်စက်နေတဲ့အတွက်ကြောင့် အသက်ဇီဝရဲ့ အနှစ်ဟာ "ဝိပဿနာ ယောဂေါ" ဝိပဿနာပွားများရှုမှတ်ခြင်းပဲ–တဲ့။ ဝိပဿနာဘာဝနာ ပွားများရမယ်ပေါ့။ ရုပ်နာမ်ဓမ္မတွေရဲ့ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့သဘောတွေကို မိမိတို့ရဲ့ စိတ်အစဉ်မှာ ထင်မြင်လာအောင် အမြဲမပြတ် ရှုမှတ်ပွားများခြင်းဟာ ဝိပဿနာဘာဝနာပဲ။

## သတိပဋ္ဌာန် လေးပါးနဲ့လဲ ပွားများနိုင်

သတိပဋ္ဌာန်တရားလေးပါးနဲ့ ရှုမှတ်မယ်ဆိုရင်– ကိုယ်အမူယာတွေမှာ ဖြစ်တိုင်းဖြစ်တိုင်းကို ရှုမှတ်ရမယ်၊ ဒါကို "ကာယာနုပဿနာသတိပဋ္ဌာန်"လို့ ခေါ်ပါတယ်။ ကိုက်တယ်, ထုံတယ်, ကျင်တယ်ဆိုတဲ့ သဘောတရားတွေကို ခံစားပြီး ရှုမှတ်ရတာက "ဝေဒနာနုပဿနာသတိပဋ္ဌာန်"လို့ ခေါ်ပါတယ်။ ရာဂစိတ်တွေဖြစ်ရင် ဖြစ်တယ်၊ ဒေါသစိတ်တွေဖြစ်ရင် ဖြစ်တယ်–စသည်ဖြင့် ရှုမှတ်နေရတာက "စိတ္တာနုပဿနာသတိပဋ္ဌာန်"လို့ ခေါ်ပါတယ်။

ခန္ဓာအစဉ်မှာ ဖြစ်ပျက်နေတဲ့ သဘောတွေကို ရှုမှတ်နေတာကို "ဓမ္မာနုပဿနာသတိပဋ္ဌာန်"လို့ ခေါ်ပါတယ်။ အဲဒီ သတိပဋ္ဌာန်လေးပါးကို ပွားများခြင်းဟာ အသက်ဇီဝိတ်ထဲက အနှစ်ထုတ်ယူခြင်းပဲဖြစ်ပါတယ်။

ယခု ဒါယကာဒါယိကာမကြီးတွေ ထိုင်နေကြတယ်၊ ထိုင်ဆဲခဏလေးကို ကြည့်လိုက်၊ ထိုင်ချင်တာက နာမ်တရား၊ ထိုင်နေတာက ရုပ်တရား၊ သွားချင်တာက နာမ်တရား၊ သွားတာက ရုပ်တရား–လို့ ရှုမှတ်ရပါတယ်။

## ဖောင်း,ပိန် သဘောကိုလဲ ရှုမှတ်နိုင်

ဖောင်းတာပိန်တာကို ရှုမယ်ဆိုရင်လဲ၊ ဖောင်းတာက ရုပ်၊ ဖောင်းတာကို သိနေတာက နာမ်။ အသက်ရှူဆဲ ခဏလေးမှာ အဲဒီလို ရုပ်တရား, နာမ်တရား နှစ်ပါးပဲဖြစ်နေတယ်၊ အဲဒီ ရုပ်နာမ်နှစ်ပါးပဲ ပျက်ပျက်ပြီးတော့ နေကြတယ်။

အသက်ရှူသွင်းလိုက်တော့ ဝမ်းဗိုက်ကလေး ဖောင်းလာတယ်၊ ထုတ်လိုက်တော့ ဝမ်းဗိုက်ကလေး ပိန်သွားတယ်၊ အဲဒါဟာ ဝါယောရုပ်လေးပဲ။ အဲဒါကို သတိနဲ့ကပ်ပြီးတော့ ဖောင်းတယ်, ပိန်တယ်–လို့ ရှုမှတ်နေရတယ်။ ဒါဟာ ဘာဝနာပွားတယ်လို့ခေါ်တာပါပဲ။ သွားရင်းနဲ့လဲ ရှုပွားလို့ရတယ်၊ ထိုင်နေရင်းလဲ ရှုပွားလို့ရပါတယ်။

> သွားလို ရပ်လို၊ ထိုင်နေလို၊ အိပ်လိုစိတ်ဟုသိ။
>
> စိတ်ကြောင့်ဖြစ်သော၊ ဓာတ်ဝါယော၊ နှပ်နှောကိုယ်ဝပ်ပြည့်။
>
> ဝါယောပြည့်သော်၊ ရုပ်သစ်ပေါ်၊ ရုပ်သော်သွားပေ၏။
>
> ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရုပ်သွားဉာဏ်ဖြင့်သိ။
>
> ပုဂ္ဂိုလ်မထိုင်၊ ငါမထိုင်၊ ရုပ်ထိုင်ဉာဏ်ဖြင့်သိ။
>
> ပုဂ္ဂိုလ်မအိပ်၊ ငါမအိပ်၊ ရုပ်အိပ်ဉာဏ်ဖြင့်သိ။
>
> ပုဂ္ဂိုလ်မဆန့်၊ ငါမဆန့်၊ ရုပ်ဆန့်ဉာဏ်ဖြင့်သိ။
>
> ပုဂ္ဂိုလ်မကွေး၊ ငါမကွေး၊ ရုပ်ကွေးဉာဏ်ဖြင့်သိ။

အဲဒီလို သတိနဲ့ကပ်ကပ်ပြီးတော့ သွားတိုင်း, လာတိုင်း, စားတိုင်း, ထိတိုင်း, သိတိုင်းတွေမှာ သတိပညာလေးနဲ့ ကပ်ပြီးတော့ ရှုမှတ်ပွားများကြရမယ်၊ အဲဒီလိုပွားများနေတာ ဝိပဿနာဘာဝနာပွားတယ်ခေါ်တာပါပဲ။ အဲဒါဟာ အသက်ဇီဝရဲ့ အနှစ်ပဲ၊ မိမိတို့ရဲ့ အသက်ဇီဝထဲကထုတ်ယူရတဲ့ အနှစ်ပဲ။ ဒါကြောင့် အသက်ဇီဝရဲ့ အနှစ်သည် ဝိပဿနာဘာဝနာဖြစ်တယ်လို့ မှတ်ကြရမယ် နော်။

**ဝိပဿနာဘာဝနာစွမ်းရည် လောကီ,လောကုတ္တရာအကျိုး**

အဲဒီ ဝိပဿနာဘာဝနာအနှစ်ကို ထုတ်ယူတဲ့အတွက် ဘယ်လိုအကျိုးတွေရနိုင်သလဲဆိုတော့–

၁။ စိတ်ကြည်လင်ခြင်း, စိတ်ချမ်းသာခြင်းဆိုတဲ့ အကျိုးတွေရနိုင်တယ်။

၂။ စိတ်ဓာတ် ခိုင်မာခြင်းဆိုတဲ့ အကျိုးတွေ ရနိုင်တယ်။

၃။ ဉာဏ်ပညာထက်မြက်ခြင်းဆိုတဲ့ အကျိုးတွေ ရနိုင်တယ်။

၄။ ရောဂါဝေဒနာတွေ ပျောက်ကင်းခြင်းဆိုတဲ့ အကျိုးတွေ ရနိုင်တယ်။

၅။ မဂ်ဖိုလ်နိဗ္ဗာန်တရားတို့ကို ရရှိခြင်းဆိုတဲ့ အကျိုးတွေ ရနိုင်တယ်။

ဒါ ဝိပဿနာအားထုတ်ရတဲ့ အကျိုးကျေးဇူးတွေပဲ၊ အဲဒီ အကျိုးငါးမျိုးထဲမှာ–

၁။ စိတ်ကြည်လင်ခြင်း စိတ်ချမ်းသာခြင်း။

၂။ စိတ်ဓာတ်ခိုင်မာခြင်း။

၃။ ဉာဏ်ပညာထက်မြက်လာခြင်း။

၄။ ရောဂါဝေဒနာတွေ ပျောက်ကင်းခြင်း– ဆိုတဲ့ အကျိုးလေးမျိုးဟာ ယခုချက်ချင်းရရှိနိုင်တဲ့ လောကီအကျိုးတွေပဲဖြစ်တယ်။

ငါးခုမြောက်အကျိုးဖြစ်တဲ့ "မဂ်ဖိုလ်နိဗ္ဗာန်တို့ကို ရရှိခြင်း"

ဆိုတာကတော့ လောကုတ္တရာအကျိုးကျေးဇူးပဲ ဖြစ်ပါတယ်။

ကဲ–ဝိပဿနာဘာဝနာရဲ့ အကျိုးတွေနော်၊ ကြည့်စမ်းပါအုံး၊ လောကီချမ်းသာတွေ, လောကုတ္တရာချမ်းသာတွေ စုံနေတာပဲနော်။

. ဒါကြောင့် ဝိပဿနာဘာဝနာတရားတွေကို မိမိတို့ရဲ့ အသက်ဇီဝ ရှိနေဆဲ အခိုက်လေးမှာ၊ အသက်ဇီဝမချုပ်ငြိမ်းသေးခင် အခိုက်အတန့်လေးမှာ အမြဲမပြတ်ကြိုးစားပွားများအားထုတ်သင့်တယ် နော်၊ အားထုတ်ကြပါ–လို့လဲ ဘုန်းကြီးအနေနဲ့ တိုက်တွန်းပါတယ်။

ယနေ့လဲပဲ တို့ဒါယကာဒါယိကာမအပေါင်း သူတော်ကောင်းတွေ၊ ဒါနတည်းဟူသော အနှစ်၊ သီလတည်းဟူသော အနှစ်၊ ဝိပဿနာဘာဝနာတည်းဟူသော အနှစ်သုံးမျိုးတို့ကို ထုတ်ယူကြတာပါပဲ။

ဒီလို အနှစ်သုံးမျိုးကို ထုတ်ယူနိုင်ကြတာဟာလဲ ဗုဒ္ဓသာသနာတော်ကြီးနဲ့ တွေ့ကြရ, ဆုံကြရလို့ပါပဲ၊ ဗုဒ္ဓသာသနာတော်မြတ်ကြီးရဲ့ ကျေးဇူးတရားတွေကြောင့်ပဲ ဖြစ်ပါတယ်၊ အဲဒီလို ဂုဏ်ကျေးဇူးတွေကို အမြဲမပြတ် သတိရပြီးတော့ ဗုဒ္ဓသာသနာတော်ကြီးနဲ့ တွေ့ကြုံခိုက်မှာ ဒါန, သီလ, ဝိပဿနာဘာဝနာဆိုတဲ့ အနှစ်သုံးပါးကို ကြိုးစား၍ ထုတ်ယူနိုင်ကြပါစေကုန်သတည်း . . .။

# အနုသုတ္တန် ဒေသနာ

ယနေ့ ဒါယိကာမကြီး ဒေါ်ကြင်မွေးရဲ့(၇၇)နှစ်မြောက် မွေးနေ့ အခါသမယမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ဖွယ်ရာ အနုမောဒနာတရား ချီးမြှင့်ပါမယ်။ အနုမောဒနာတရားကို ဟောကြရ, နာကြရအောင်--

## ရှေးကကောင်းမှုကြောင့်

ယနေ့ ဝိဇာတမွေးနေ့အခါသမယမှာ ဒါယိကာမကြီးအနေနဲ့ ကောင်းမှုတွေပြုလိုက်တာ စုံစုံလင်လင်ပါပဲ။ ယခုလို ကောင်းမှုမျိုးစုံတွေ ပြုလုပ်နိုင်တာ ဘာကြောင့်လဲဆိုတော့ "ပုဗ္ဗေ စ ကတပုညတာ"လို့ခေါ်တဲ့ ရှေ့လွန်ခဲ့ပြီးဘဝတွေက ယခုလိုပဲ ကောင်းမှုတွေကို ပြုလုပ်ခဲ့ဖူးလို့ပဲဖြစ်ပါတယ်။

ယခုဘဝမှာ ချမ်းသာတယ်၊ စီးပွားဥစ္စာရတနာတွေနဲ့ ပြည့်စုံတယ်၊ အသက်လဲ ရှည်တယ်၊ အနာရောဂါတွေလဲ ကင်းရှင်းတယ်၊ ပြည့်ပြည့်စုံစုံနဲ့လဲ နေထိုင်ရတယ်၊ ဒါတွေဟာ အတိက်ဘဝတွေက ပြုခဲ့တဲ့ ကောင်းမှုမျိုးစုံတွေကြောင့်ပဲဖြစ်တယ်။

ယခုဘဝမှာလဲ ယခုလို ကောင်းမှုမျိုးတွေကို စုံလင်အောင် ပြုပြန်တယ်၊ ဒီအတွက်ကြောင့် နောင်လာမယ့် အနာဂတ်ဘဝတွေမှာ အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ ကျန်းမာခြင်း၊ ချမ်းသာခြင်းစတဲ့ ကောင်းကျိုးချမ်းသာတွေနဲ့ ပြည့်စုံအုံးမှာ သေချာပါတယ်။ ဒါကြောင့်_

ဘဝဘောဂ,သုသမ္ပတ္တိ ၊ သုလဒ္ဓါ ပုညကမ္မုနာ။

အပ္ပမာဒေါဝ ကာတဗ္ဗော ၊ ပုညကမ္မေ ဣဒါနိ ပိ။

(သာမဝေါ–နလုံးပျော့ပျောင်း, အို–သူတော်ကောင်းတို့၊ တုမေ–သင်သူတော်ကောင်း အပေါင်းတို့သည်)၊ ဘဝဘောဂ,သုသမ္ဘတ္တိ–ဘဝသမ္ဘတ္တိ, ဘောဂသမ္ဘတ္တိ, ဂတိပွားစီး, မွန်မြတ်သော ပြည့်စုံခြင်းကြီးတို့ကို၊ **ပုညကမ္မုနာ–ရှေ့ကကြောင်းပြု, မြတ်ကောင်းမှုကြောင့်၊ သုလဒ္ဓါ–ကောင်း** စွာလှလှ, အချိုးကျအောင်, ရကြလေကုန်ပြီ၊ ဣဒါနိ ပိ–ဗုဒ္ဓုပ္ပါဒ,နဝမဟု, အရတော်စွ, ယခုဘဝ၌လည်း၊ ပုညကမ္မေ–နိဗ္ဗာန်အဆုံး, နောင်သံသရာ တစ်လျှောက်လုံး, စားသုံးဖို့ရာ, ပါရမီရင်းစု, မြတ်ကောင်းမှုတို့ကို၊ **အပ္ပမာဒေါ၀–သတိမပေါ့, မမေ့လျော့ဘဲသာလျှင်၊ ကာတဗ္ဗော–** ပြုသင့်ပြုထိုက်ပါပေတော့ သတည်း . . .။

ရှေးရှေးသောဘဝတွေက ကောင်းမှုမျိုးစုံတွေကို ပြုလာခဲ့လို့ ယခုဘဝမှာလဲ ဘဝသမ္ဘတ္တိလို့ခေါ်တဲ့ လူ့ချမ်းသာ,လူ့စည်းစိမ်တွေကို ရနေတယ်၊ လူ့ချမ်းသာကို ရတဲ့အခါမှာလဲ ဘောဂသမ္ဘတ္တိလို့ခေါ်တဲ့ ပစ္စည်းဥစ္စာရတနာရွှေငွေတွေနဲ့ ပြည့်စုံစွာ နေရထိုင်ရတယ်။

ယခု ပစ္စုပ္ပန်ဘဝမှာလဲပဲ ကောင်းမှုမျိုးစုံတွေကို ပြုလုပ်ကြတယ်၊ စားရေးသောက်ရေး နေရေးထိုင်ရေးတွေအတွက် ဆွမ်းခဲဖွယ်ဘောဇဉ်တွေ၊ သေနာသနကျောင်းအသုံးအဆောင်တွေကို လှူဒါန်းထားကြတယ်၊ အဝတ်ပုဆိုးအတွက်လဲပဲ အဝတ်သင်္ကန်းကို လှူဒါန်းထားတယ်၊ ဒါကြောင့်မို့လို့ နောင် သံသရာဘဝတွေအတွက် ဘာမှ ပူပန်,တောင့်တ,ကြောင့်ကြစရာ မလိုတော့ဘူး ပေါ့။

## အနုသုတ္တာန်

ပူပန်တောင့်တ ကြောင့်ကြစရာမလိုတာနဲ့ပတ်သက်ပြီး"သဂါထာဝဂ္ဂသံယုတ်ပါဠိတော်"မှာ မြတ်ဗုဒ္ဓဟောကြားထားတဲ့ "အနုသုတ္တာန်ဒေသနာတော်"ကို ဟောကြားပါ့မယ်။

မြတ်စွာဘုရားရှင်၊ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေထိုင်တော်မူစဉ်အခါ၊ ည သန်းခေါင်မှာ နတ်သားတွေ ရောက်လာလေ့ရှိပါတယ်။ တချို့နတ်သားတွေက မိမိတို့သိလိုတဲ့ အကြောင်းအရာတွေကို မေးလျှောက်လေ့ရှိကြပါတယ်၊ တချို့နတ်သားတွေကတော့ မိမိတို့သံသယဖြစ်နေတဲ့ အကြောင်းအရာတွေကို မေးလျှောက်လေ့ရှိတယ်။

တစ်ညမှာတော့ နတ်သားတစ်ယောက်ဟာ မြတ်ဗုဒ္ဓထံရောက်လာပြီးတော့ ယခုလို လျှောက်ထားပါတယ်

**နတ်သားလျှောက်ထားပုံ**

အန္နမေဝါဘိနန္ဒန္တိ ၊ ဥဘယေ ဒေဝမာနုသာ။

အထ ကော နာမ သော ယက္ခော ၊ ယံ အန္နံ နာဘိနန္ဒတိ။

ဥဘယေ–လူ့ပြည်နတ်ပြည် နှစ်ပြည်၌ ဖြစ်ကြကုန်သော၊ ယေ ဒေဝမာနုသာ–အကြင်လူနတ် အများတို့သည်၊ အန္နမေဝ–စားဖွယ်ထမင်းကိုသာလျှင်၊ ဝါ–စားဝတ်နေရေး ဆေးဝါးပစ္စည်းကိုသာလျှင်၊ အဘိနန္ဒန္တိ–လိုလားနှစ်သက်တောင့်တကြပါကုန်၏၊ အထ–ထိုသို့တောင့်တမြဲဖြစ်ပါလျက်၊ ယော ယက္ခော–အကြင်နတ်သည်၊ ယံ အန္နံ–အကြင်ထမင်းကို၊ ဝါ–စားဝတ်နေရေး ဆေးဝါးခတ်စာအမျိုးမျိုးတို့ကို၊ နာဘိနန္ဒတိ–မလိုလား မနှစ်သက် မတောင့်တပါပေ၊ သော ယက္ခော–ထိုကဲ့သို့သောနတ်မျိုးသည်၊ ကော နာမ–အဘယ်မည်သော နတ်ဖြစ်ပါသနည်း။

ဣတိ–ဤသို့၊ ဒေဝပုတ္တော–နတ်သားသည်၊ ဘဂဝန္တံ–ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို၊ အာပုစ္ဆိ–သိလိုရေးနှင့် မေးလျှောက်လေတော့ သတည်း . . .။

အဲဒီ နတ်သားမေးလျှောက်တာက– လောကမှာရှိကြတဲ့ လူတွေ နတ်တွေ အားလုံးတို့ဟာ စားစရာသောက်စရာ ဆေးဝါးပစ္စည်း စတဲ့ အမျိုးမျိုးသော ပစ္စည်းဝတ္ထုတွေကို တောင့်တနေကြရပါတယ်၊ ကြောင့်ကြစိုက်နေကြရပါတယ်ဘုရား။

အဲဒီအထဲမှာ တချို့သော နတ်တွေဟာ၊ ဝါ–တချို့သောပုဂ္ဂိုလ်တွေဟာ စားဝတ်နေရေး ဆေးဝါးခတ်စာ ပစ္စည်းဝတ္ထု အစုစုနဲ့, အသက်ရှင်ခြင်း၊ အနာကင်းခြင်း၊ ကျန်းမာခြင်း စတဲ့ ပြည့်စုံမှု အမျိုးမျိုးတို့ကို မတောင့်မတ မကြောင့်မကြဘဲ နေနိုင်ကြပါတယ်၊ အဲဒီပုဂ္ဂိုလ်မျိုးဟာ ဘယ်လိုပုဂ္ဂိုလ်မျိုး, ဘယ်လိုနတ်မျိုးပါလဲဘုရား–လို့ လျှောက်ထားမေးမြန်းတာဖြစ်ပါတယ်။

ဒီအခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က –

၂၈၄၃၁ သုတေသနစာကြည့်တိုက်
စာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ထမ္မာအေး၊ ရန်ကုန်။

**ဘုရားရှင် ဖြေကြားတော်မူပုံ**

ယေ နံ ဒဒန္တိ သဒ္ဓါယ ၊ ဝိပ္ပသန္နေန စေတသာ။

တမေဝ အန္နံ ဘဇတိ ၊ အသ္မိံ လောကေ ပရမှိ စ။

ယေ–အကြင်လူ အကြင်နတ်,ပုဂ္ဂိုလ်အရပ်ရပ်တို့သည်၊သဒ္ဓါယ–ရတနာသုံးတန်, ကံ ကံ၏အကျိုး, အမျိုးမျိုးကို ယုံကြည်သော သဒ္ဓါတရားဖြင့်၊ ဝိပ္ပသန္နေန–အထူးသဖြင့် ကြည်လင်လှစွာသော၊ စေတသာ–ကုသိုလ်စိတ်ထားဖြင့်၊ နံ–ထို ခဲဖွယ်ဘောဇဉ်, ချိုချဉ်ရသာ, ပစ္စည်းဝတ္ထုအဖြာဖြာကို၊ ဒဒန္တိ–ပေးကမ်းလှူဒါန်း စွန့်ကြကြလေကုန်၏၊ အသ္မိံလောကေ စ–ဤယခုဘဝ, ပစ္စက္ခ၌လည်းကောင်း၊ ပရမှိ စ–တမလွန်လောက, နောက်ဘဝ၌လည်းကောင်း၊ တမေဝ–ထို ထမင်းစသည်ကို လှူဒါန်းသော ပုဂ္ဂိုလ်သို့သာလျှင်၊ အန္နံ–စားသောက်နေရေး, ဆေးဝါးခါတ်စာ, အမျိုးမျိုးသော ပစ္စည်းဝတ္ထုအဖြာဖြာသည်၊ ဘဇတိ–ကပ်ရောက်၍ လာပါပေ၏။

ဣတိ–ဤသို့၊ ဘဂဝါ–ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်၊ အဝေါစ–ကရုဏာရှေ့သွား, မေတ္တာအားဖြင့်, ဖြေကြားတော်မူလိုက်ပါပေသတည်း . . .။

**သဒ္ဓါတရား အရေးကြီး**

မြတ်စွာဘုရားရဲ့ဖြေကြားချက်ကို အာရုံပြုကြည့်ရမယ် နော်။

အကြင်လူ, အကြင်နတ်, အရပ်ရပ်သောပုဂ္ဂိုလ်တွေဟာ ရတနာသုံးပါး, ကံ ကံရဲ့အကျိုး ကုသိုလ်အမျိုးမျိုးတွေကို ယုံကြည်တဲ့သဒ္ဓါတရားဖြင့်–တဲ့။

ယုံကြည်တယ်ဆိုတာ သဒ္ဓါတရားပဲ။ ဗုဒ္ဓရတနာ, ဓမ္မရတနာ, သံဃရတနာ–ဆိုတဲ့ ရတနာသုံးပါးကို ယုံကြည်တယ်။ ကံ,ကံရဲ့အကျိုးတွေကို ယုံကြည်တယ်။ ပစ္စုပ္ပန်လောကဆိုတာကိုလဲ ယုံကြည်တယ်၊ တမလွန်လောကဆိုတာကိုလဲ ယုံကြည်နေတယ်။

အဲဒီ ပုဂ္ဂိုလ်မျိုးကို ဘယ်လိုပုဂ္ဂိုလ်မျိုးလို့ခေါ်သလဲ၊ သဒ္ဓါတရားရှိတဲ့ပုဂ္ဂိုလ်လို့ခေါ်ပါတယ်။

အရေးကြီးတယ်နော်။ ကောင်းမှုအမျိုးမျိုးကို ပြုလုပ်နိုင်တာဟာ ယုံကြည်မှုသဒ္ဓါတရားရှိလို့၊ သီလတရားတွေဆောက်တည်နိုင်တာလဲ သဒ္ဓါတရားရှိလို့၊ ဘာဝနာတွေပွားနိုင်တာလဲ သဒ္ဓါတရားရှိလို့ပဲ။

ဒါကြောင့် ယုံကြည်မှုသဒ္ဓါတရားသည် သိပ်အရေးကြီးလှတယ်၊ ဒီသဒ္ဓါတရားရှိနေမှသာ သာသနာနဲ့စပ်တဲ့ ကောင်းမှုမျိုးစုံတွေကို ပြုလုပ်နိုင်ပါတယ်။

## သဒ္ဓါဆိုတာ ရတနာ

သုတ်တော်ကောင်းဥစ္စာ ၇–ဖြာအနေနဲ့ ကြည့်လိုက်တော့လဲပဲ"သဒ္ဓါ ဓနံ"တဲ့။ သဒ္ဓါတရားသည် သုတ်တော်ကောင်းဥစ္စာရတနာတစ်ပါးလို့ မြတ်ဗုဒ္ဓဟောကြားတော်မူထားတယ်၊ သဒ္ဓါတရားဟာ ရတနာပဲ–တဲ့။

မြတ်ဗုဒ္ဓကို နတ်သားတစ်ယောက်က လျှောက်ထားဖူးတယ်၊ "မြတ်စွာဘုရား–ဤလောက၌ရှိကြတဲ့ အမျိုးကောင်းသားသမီးတွေရဲ့ အမြတ်ဆုံး ဥစ္စာရတနာဟာ ဘာလဲဘုရား"တဲ့။

လောကမျက်စိနဲ့ ကြည့်ကြမယ်ဆိုရင်တော့ ရွှေငွေရတနာတွေ ဆင်မြန်းထားတဲ့ အမျိုးကောင်းသားသမီးတွေကို ရတနာရှိတဲ့ပုဂ္ဂိုလ်လို့ပြော ကြမှာပဲ။ အမြတ်ဆုံး ရတနာရှိတဲ့ပုဂ္ဂိုလ်လို့ ပြောကြလိမ့်မယ်။

ဘုန်းကြီးတို့ မြတ်ဗုဒ္ဓကတော့ အဲဒီ လောကီရတနာတွေရှိတဲ့ ပုဂ္ဂိုလ်, ပိုင်ဆိုင်နေတဲ့ပုဂ္ဂိုလ်ကို ဥစ္စာရတနာရှိတဲ့ပုဂ္ဂိုလ်လို့ မသတ်မှတ်ဘူး၊ မြတ်စွာဘုရားဖြေကြားတာကိုကြည့်ပေ့ါ၊ ဘယ်လိုဖြေကြားတော်မူသလဲ ဆိုတော့–

သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ။

ဣဓ–ဤလောက၌၊ ပုရိသဿ–အမျိုးကောင်းသားသမီးတို့ရဲ့၊ **ဝိတ္တံ**–အမြတ်ဆုံးဖြစ်တဲ့ ဥစ္စာရတနာကား၊ **သဒ္ဓါ**–ရတနာသုံးတန်, ကံ ကံရဲ့အကျိုး ကုသိုလ်အမျိုးမျိုးကို ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားပါပေ တည်း–တဲ့။

ရွှေငွေစတဲ့ လောကီရတနာပိုင်ရှင်တွေကို ဥစ္စာရှိတဲ့ပုဂ္ဂိုလ်လို့မဖြေ ဘူး၊ သဒ္ဓါတရားရှိသူကိုသာ ဥစ္စာရှိသူလို့ ဖြေကြားတော်မူပါတယ်။

## လောကီရတနာ,လောကုတ္တရာရတနာ ကွာခြားပုံ

ဒီ ရတနာနှစ်မျိုးကို နှိုင်းယှဉ်ကြည့်ပေါ့။ ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ လောကမှာရှိတဲ့ ရတနာတွေဟာ တစ်ဘဝအတွက်ပဲ အသုံးဝင်ပါတယ်၊ အဲဒီ လောကီရတနာတွေကို အသုံး မတတ်, အထားမတတ်လို့ရှိရင် အန္တရာယ်တောင် ပြုတတ်ပါသေးတယ်။

ဒီ ရတနာတွေကို သေခါနီးမှာ စွဲမက်ပြီးသေသွားမယ်ဆိုရင်လဲ "ပေတဂတိ"လို့ခေါ်တဲ့ ပြိတ္တာဘုံကို ရောက်သွားနိုင်တယ်။

မြတ်ဗုဒ္ဓဟောကြားတဲ့ သဒ္ဓါရတနာကတော့ ဘယ်လိုအန္တရာယ် မျိုးမှ မပေးနိုင်ပါဘူး၊ အန္တရာယ်ကင်းတဲ့ ရတနာမျိုးပါ။ သဒ္ဓါတရားပြည့်ဝ ပြီးသေသွားရင် အပါယ်လေးပါးက လွတ်မြောက်နိုင်ပါတယ်။ ဒါ ရတနာ နှစ်မျိုးတို့ရဲ့ ကွာခြားချက်ပါပဲ။

## သဒ္ဓါဆိုတာ မိတ်ဆွေအစစ်

တနည်းအားဖြင့်၊ သဒ္ဓါတရားဟာ အမျိုးကောင်းသားသမီးတို့ရဲ့ မိတ်ဆွေစစ်ပဲ–တဲ့။ အဲဒီလို မိတ်ဆွေအစစ်ဖြစ်လို့ စိတ်ချယုံကြည်ရတဲ့ ရတနာ၊ အားကိုးလောက်တဲ့ ရတနာမျိုးဖြစ်တယ်။

လောကမှာရှိတဲ့ မိတ်ဆွေတွေဟာ တကယ်တမ်း စိတ်ချရတဲ့ မိတ်ဆွေတွေ မဟုတ်ကြပါဘူး၊ အမှန်တကယ်အားကိုးလောက်တဲ့ မိတ် ကောင်း, ဆွေကောင်းတွေလဲ မဟုတ်ကြပါဘူး။

ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတွေ လောကထဲမှာ နေနေကြတာဆိုတော့ လောကမိတ်ဆွေတို့ရဲ့ သဘော, သဘာဝတွေကို ကောင်းကောင်း သိကြမှာပါ၊ မိတ်ကောင်းလား မိတ်စစ် လားဆိုတာလဲ ခွဲခြားတတ်, နားလည်တတ်ကြမှာပါ။

သဒ္ဓါတည်းဟူသော ရတနာကတော့ တကယ့်အားကိုးလောက်တဲ့ မိတ်ဆွေစစ်ပဲ–တဲ့။ လောကမှာရှိတဲ့ ဘုန်းကြီးတို့တတွေ ပေါင်းသင်းနေရတဲ့ လူမိတ်ဆွေတွေနဲ့ နှိုင်းယှဉ်လို့မရတဲ့ မိတ်ဆွေတစ်မျိုးလို့ ဆိုနိုင်ပါတယ်။ ဒါ့ကြောင့်လဲ မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာမှာ ယခုလို စပ်ဆိုတော်မူခဲ့ပါတယ်_

သဒ္ဓါမည်ငြား၊ ဤတရားက၊ လမ်းသွားသံသရာ၊ သတ္တဝါ၏၊ မှီရာဥပ၊ နိဿယဖြင့်၊ မ,စ မကွာ၊ လိုက်၍သာလျှင်၊ ကလျာ ဏာစစ်၊ ခင်ပွန်းချစ်သို့၊ ဖြစ်ဖြစ်သမျှ၊ ဘဝထိုထို၊ ရတိုင်း ကိုယ်၌၊ အလိုရှိရာ၊ ပေးတတ်စွာ၏။ မည်းနက်ဆင်းညို၊ မဖြူလိုသို့၊ ဗိုလ်ခြေတွက်ရေ၊ အကုဋေတွင်၊ ရှာဖွေပေါက်နှောက်၊ သဒ္ဓါပေါက်သား၊ တစ်ယောက်ရဲရဲ၊ ရ,စ ကဲ၏။

ဒီသဒ္ဓါတရားဟာ မိတ်ကောင်းဆွေကောင်းပဲ–တဲ့။ ဘယ်တော့မှ မိမိကို မခွာဘူး၊ ဘဝတိုင်း ဘဝတိုင်းမှာ မိမိရဲ့နောက်က ထပ်ကြပ်မကွာ လိုက်ပါနေတယ်။ ဘယ်လိုဘေးဒုက္ခမျိုးတွေ, အန္တရာယ်မျိုးတွေနဲ့ တွေ့တွေ့ ဟောဒီသဒ္ဓါမိတ်ဆွေကတော့ မိမိကို ဘယ်တော့မှ ခွဲခွာမသွားဘူး။

လောကမှာရှိတဲ့ မိတ်ဆွေဆိုတာတွေကတော့ သာရင်တစ်မျိုး၊ မသာရင်တစ်ဖုံ ဆက်ဆံတတ်ကြပါတယ်၊ ပြောင်းလဲတတ်ကြပါတယ်၊ မခိုင်မြဲကြပါဘူး၊ ဒီလို သဘောရှိကြတယ် နော်။

သဒ္ဓါတည်းဟူသော မိတ်ဆွေကောင်းကတော့ အဲဒါနဲ့ ဆန့်ကျင် ဘက်ပဲ နော်၊ တစ်ဘဝမှာသာမက ဘဝတိုင်းဘဝတိုင်း လိုက်ပြီးတော့ အကျိုးပြုတတ်ပါတယ်။ လူရဲ့အရိပ်သည် လူရဲ့နောက်သို့ ထပ်ကြပ်မကွာ လိုက်နေသလိုပါပဲ၊ သဒ္ဓါတည်းဟူသော မိတ်ဆွေကောင်းဟာလဲ မိမိတို့ ရဲ့နောက်သို့ နိဗ္ဗာန်တိုင်အောင် လိုက်ပါနေလိမ့်မယ်၊ ကျေးဇူးပြုနေလိမ့် မယ်။

"ဘဝထိုထို၊ ရတိုင်းကိုယ်၌၊ အလိုရှိရာ၊ ပေးတတ်စွာ၏"တဲ့။ ဘာလိုချင်သလဲ၊ အလိုရှိတဲ့ အရာမှန်သမျှကို ပေးလိမ့်မယ်၊ အလိုရှိရာကို ကူညီလိမ့်မယ်–တဲ့။ ဘယ်လောက်ကောင်းတဲ့မိတ်ဆွေလဲ နော်။

လောကမှာ ကောင်းတဲ့ အရာဆိုလို့ရှိရင် ရှားပါးတတ်တဲ့သဘော ရှိပါတယ်၊ ဒီ သဒ္ဓါတရားဆိုတဲ့ မိတ်ဆွေကောင်းရှိတဲ့ ပုဂ္ဂိုလ်ဆိုတာမျိုး ဟာလဲ လောကမှာရှားပါးတယ်။ ဒါကြောင့်မို့–

မည်းနက်ဆင်းညို၊ မဖြူလိုသို့၊ ဗိုလ်ခြေတွက်ရေ၊ အကုဋေ တွင်၊ ရှာဖွေပေါက်နှောက်၊ သဒ္ဓါပေါက်သား၊တစ်ယောက်ရဲရဲ၊ ရ,စ ကဲ၏–တဲ့။

ရုပ်အဆင်းအင်္ဂါအမျိုးမျိုးရှိတဲ့ လူတွေများစွာထဲမှာ သဒ္ဓါတရား ကောင်းတဲ့ပုဂ္ဂိုလ်တစ်ယောက်ရဖို့ အလွန်ခဲယဉ်းတယ်–တဲ့၊ လူပေါင်းများ စွာရှိသော်လဲ သဒ္ဓါရတနာရှိတဲ့ပုဂ္ဂိုလ်မျိုးက အင်မတန်ရှားပါးလှတယ်၊ ဒါကြောင့် "ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ"လို့ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားထားခြင်းဖြစ်ပါတယ်။

**သဒ္ဓါတရား ကောင်းကျိုးအပုံပုံ ဆောင်တတ်ပုံ**

ကောင်းပါပြီ၊ ဒီ သဒ္ဓါတရားနဲ့ပြည့်စုံရင် ဘယ်လိုကောင်းကျိုးတွေ ကို ရနိုင်သေးလဲဆိုတော့၊ ဘုရားရှင်က ပဋ္ဌာန်းပါဠိတော်မှာ ဒီလိုဟောကြား ထားပါတယ်–

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိ ယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။

ရှေ့ဦးစွာ "သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ" တဲ့။

သဒ္ဓံ–ယုံကြည်မှုသဒ္ဓါတရားကို၊ ဥပနိဿာယ–အမှီပြု၍၊ ဒါနံ– ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်းဆိုတဲ့ ဒါနကို၊ ဒေတိ–ပေးလှူ၏။

အလှူအတန်းပြုလုပ်တဲ့နေရာမှာ သဒ္ဓါတရားရှိမှ လှူဒါန်းလို့ဖြစ် နိုင်ပါတယ်။ စဉ်းစားကြည့်၊ ယုံကြည်ချက်ဆိုတဲ့ သဒ္ဓါတရားရှိမှသာ လှူဒါန်းမှုဒါနဆိုတာ ဖြစ်လာနိုင်ပါတယ်။ ဒါက သဒ္ဓါကြောင့် ဒါနဖြစ် လာရပုံပဲ။

နောက်တစ်ခါ၊ "သီလံ သမာဒိယတိ"တဲ့။ သီလံ–ငါးပါး ရှစ် ပါး ဆယ်ပါး စတဲ့ သီလကုသိုလ်တွေကို၊ သမာဒိယတိ–ကျင့်သုံးဆောက် တည်၏။

ငါးပါး ရှစ်ပါး ဆယ်ပါး စတဲ့ သီလတွေကို ဆောက်တည်နိုင်တာ

သဒ္ဓါတရားကြောင့်၊ သဒ္ဓါတရားရှိလို့သာ ဒီ သီလတွေကို ဆောက်တည်နိုင်တာဖြစ်တယ်၊ သဒ္ဓါတရားသာမရှိရင် သီလလဲဆောက်တည်ဖြစ်မှာမဟုတ်ဘူး၊ သီလဆောက်တည်ရတဲ့ အကျိုးတွေကို ယုံကြည်မှသာ ဆောက်တည်လို့ဖြစ်တာပါ။

သီလဆောက်တည်လို့ရှိရင် အပါယ်မလားခြင်းအကျိုးကို ရရှိနိုင်ပါတယ်။ ဒါကြောင့်–

သီလရနံ့၊ မွှေးပျံ့ကြိုင်စွာ၊

သီလဆင်တိုင်း၊ ရှုတိုင်းလှပါ၊

သီလစောင့်ငြား၊ မလားပါယ်ရွာ၊

မြတ်သီလ၊ စိတ်ချကိုးကွယ်ရာ။

သီလစောင့်ထိန်းရင် အပါယ်လေးပါးက လွတ်မြောက်နိုင်တယ်။ သီလရဲ့ အကျိုးကလဲ မနည်းလှဘူး နော်။ အဲဒီလို သီလရဲ့အကျိုးကျေးဇူးတွေကို ယုံကြည်ပြီးတော့လဲ သီလကို စောင့်ထိန်းနိုင်တယ်။

နောက်တစ်ခါ၊ "ဥပေါသထကမ္မံ ကရောတိ"တဲ့။ ရှစ်ရက်, တစ်ဆယ့်ငါးရက်စတဲ့ ဥပုသ်တွေကိုလဲ စောင့်သုံးနိုင်တယ်၊ ဒီလို စောင့်သုံးနိုင်တာဟာလဲ ဥပုသ်သီလတို့ရဲ့အကျိုးတွေကို ယုံကြည်တဲ့ သဒ္ဓါတရားကြောင့်ပဲ။

"ဈာနံ ဥပ္ပါဒေတိ" တဲ့။ ယုံကြည်မှုသဒ္ဓါတရားကြောင့် သမထလုပ်ငန်းတွေကို လုပ်ကိုင်ပြီး သမထဈာန်တရားတွေကိုလဲ ရနိုင်ပါတယ်။ သဒ္ဓါတရားကို အခြေခံပြီးမှ လုပ်လို့ဖြစ်တဲ့တရားတွေ နော်။

"ဝိပဿနံ ဥပ္ပါဒေတိ"၊ ဝိပဿနာဘာဝနာတရားတွေကို ပွားများအားထုတ်တယ်ဆိုတာလဲ ဒီ သဒ္ဓါတရားရှိလို့ အားထုတ်ဖြစ်တာပဲ။ ဝိပဿနာရဲ့ အထွတ်အထိပ်ဖြစ်တဲ့ မဂ်ဖိုလ်တရားတွေကို ဧကန်ရနိုင်တယ်။ ဒီလိုရနိုင်တာ သဒ္ဓါတရားရှိလို့၊ သဒ္ဓါတရားမရှိလို့ရှိရင် ဒီလုပ်ငန်းတွေကို ပြုလုပ်ဖြစ်မှာမဟုတ်ဘူး–တဲ့။

နောက်ပြီးတော့"မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊သမာပတ္တိံ

ဥပ္ပါဒေတိ"။သဒ္ဓါတရားကို အခြေခံပြီးတော့ မဂ်ဖိုလ်တရားတွေကို ရနိုင်တယ်၊ အဘိညာဏ်တွေ ရရှိနိုင်တယ်၊ သမာပတ်တွေ ရနိုင်တယ်။ ဒါတွေ ရနိုင်တာလဲ သဒ္ဓါတရားရှိလို့ပဲ၊ မြတ်ဗုဒ္ဓက ပဋ္ဌာန်းဒေသနာတော်မှာ ဟောကြားတော်မူထားတာတွေ နော်။

သဒ္ဓါတရားတည်းဟူသော ရတနာကို မိမိတို့နှလုံးသားထဲမှာ အမြဲမပြတ်တည်ရှိနေအောင် အားထုတ်ကြရမယ်။ သုတ္တန်ကောင်းဥစ္စာ ၇–ပါးထဲမှာ သဒ္ဓါတရားကို အစဦးဆုံး ထည့်သွင်းရေတွက်ထားပါတယ်။ အဲဒါ ဘာကိုပြသလဲဆိုတော့ သဒ္ဓါတရား အရေးကြီးကြောင်း, အဓိကကျကြောင်းကို ပြသရာရောက်ပါတယ်။ သဒ္ဓါတရားတည်ရှိမှ ကျန်တဲ့သုတ္တန်ကောင်းတရားတွေလဲ တည်ရှိနိုင်တယ်–ဆိုတဲ့ သဘောကိုလဲ ပြသနေပါတယ်။ ဒါကြောင့် သဒ္ဓါတရားဟာ သိပ်အရေးကြီးတဲ့တရားပဲဖြစ်တယ်လို့ သဘောပေါက်ထားကြရမယ်။

## ကောင်းမှုပြုစဉ် စိတ်ကြည်လင်

နောက်တစ်ခါ၊ "သဒ္ဓါယ–ရတနာသုံးတန်, ကံ ကံ၏အကျိုး ကုသိုလ်အမျိုးမျိုးကို ယုံကြည်သော သဒ္ဓါတရားဖြင့်၊ ဝိပ္ပသန္နေန–အထူးသဖြင့် ကြည်လင်သန့်ရှင်းသော၊ စေတသာ–ကုသိုလ်စိတ်ထားဖြင့်" တဲ့။

ကောင်းမှုတွေကို ပြုတဲ့အခါမှာ "ဝိပ္ပသန္န" ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်းဖြစ်အောင် ထားကြရမယ်၊ စိတ်ကလဲ သိပ်ပြီးတော့ထက်သန်တယ်၊ စေတနာတွေကလဲ သိပ်ပြီးတော့ အားကောင်းတယ်၊ ကုသိုလ်ပြုရတာ ဝမ်းသာလိုက်တာ, ဝမ်းသာလိုက်တာ–ဆိုပြီး အမြဲမပြတ် ဖြစ်ပေါ်နေတယ်၊ ဒါတွေ ဖြစ်နေတာကို "ဝိပ္ပသန္န" အထူးသဖြင့် ကြည်လင်တယ်ခေါ်ပါတယ်။ ဒါလဲ သဒ္ဓါတရားကို ပြောတာပါပဲ။

## စေတနာသုံးပါးနဲ့ ပတ်သက်၍

သဒ္ဓါတရားကို အခြေခံပြီး ဖြစ်ပေါ်လာတဲ့ စေတနာသုံးပါးဆိုတာ ရှိတယ်။

မလှူမီမှာ၊ လှူဖို့ရာ၊ တွေးကာ ဝမ်းသာနေရမည်။

ဒါက ပုဗ္ဗစေတနာပဲ။ဘယ်နေ့ ဘယ်ရက်ကျရင် မွေးနေ့အလှူကြီး

ပေးလှူရတော့မယ်–ဆိုပြီး မလှူခင်ကပင် ဝမ်းမြောက်မှုတွေဖြစ်နေတယ်၊ ဒါကို "ပုဗ္ဗစေတနာ"လို့ ခေါ်ပါတယ်။

လှူနေချိန်တွင်၊ စိတ်အစဉ်၊ ကြည်လင်နေရမည်။

ယခုလို ပေးလှူနေဆဲအခိုက်မှာလဲ အလှူခံပုဂ္ဂိုလ်တွေကို ကြည့်ပြီးတော့ ဝမ်းသာနေတယ်၊ မိမိလှူတဲ့ လှူဖွယ်ဝတ္ထုလေးတွေကို ကြည့်ပြီးတော့လဲ ဝမ်းသာနေတယ်၊ ဝမ်းသာတိုင်း ဝမ်းသာတိုင်း ကုသိုလ်တွေဖြစ်နေတယ်၊ ဒါကိုတော့ "မုဉ္စစေတနာ"လို့ ခေါ်တယ်။

လှူဒါန်းပြီးနောက်၊ သဘောပေါက်၊ ဝမ်းမြောက်ဝမ်းသာရှိရမည်။

လှူဒါန်းပြီးတဲ့နောက်မှာလဲ မိမိပြုခဲ့တဲ့ ကောင်းမှုတွေကို ပြန်လည်မြင်ယောင်တွေးတောမိတိုင်း ဝမ်းသာပြီးတော့ နေတယ်။ ယခုလို အလှူတွေ မျိုးစုံအောင် ပြုပြီးတဲ့နောက်မှာ၊–တို့ လှူဒါန်းလိုက်တဲ့ ပစ္စည်းဝတ္ထုတွေကို အလှူခံဖြစ်တဲ့ပုဂ္ဂိုလ်တွေ သုံးဆောင်ကြတယ်၊ သုံးဆောင်ပြီးတော့ ပရိယတ်,ပဋိပတ် အကျင့်မြတ်တွေကို ကျင့်နေကြတယ်–လို့ အမြဲမပြတ်ဆင်ခြင်နေတယ်၊ သတိရအောက်မေ့နေတယ်၊ ဒါကိုတော့ "အပရစေတနာ"လို့ခေါ်ပါတယ်။

**စေတနာသုံးပါး အကျိုးတရား**

အဲဒီလို စေတနာသုံးပါးပြဋ္ဌာန်းပြီးတော့ လှူဒါန်းတယ်ဆိုရင်၊ ပထမအရွယ်,ဒုတိယအရွယ်,တတိယအရွယ်ဆိုတဲ့ အရွယ်သုံးပါးလုံးမှာ ချမ်းသာသုခနဲ့ ပြည့်စုံနိုင်တယ်–တဲ့။

ယခုပြောခဲ့တာတွေဟာ သဒ္ဓါတရားကို အခြေခံပြီး ဖြစ်ပေါ်လာတဲ့ စေတနာသုံးပါးပါပဲ။

**လှူသူထံမှောက် အလိုလိုရောက်**

နောက်တစ်ခါ၊ "အသို့ လောကေ စ–ယခုပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ ပရမှိ စ–တမလွန်ဘဝ၌လည်းကောင်း၊ တမေဝ–ထို ဆေးဝါးဓာတ်စာပစ္စည်းလေးပါး စသည်တို့ကို လှူဒါန်းတဲ့ပုဂ္ဂိုလ်သို့သာလျှင်၊အန္န–စားဝတ်နေရေး ဆေးဝါးပစ္စည်းအမျိုးမျိုးသည်၊ ဘဇတိ–ကပ်ရောက်၍လာပါပေ၏" တဲ့။

သဒ္ဓါတရားကို အရင်းခံပြီးတော့ ပစ္စည်းဝတ္ထုအမျိုးမျိုးကို လှူဒါန်းထားတဲ့ပုဂ္ဂိုလ်ဟာ ယခုလို ပစ္စုပ္ပန်ဘဝမှာပဲဖြစ်စေ၊ နောင် တမလွန်ဘဝမျိုးမှာပဲဖြစ်စေ၊ နောက်ဆုံးပြောရရင် နိဗ္ဗာန်ကို မျက်မှောက်မပြုမချင်း အဲဒီပုဂ္ဂိုလ်ထံမှောက်ကို အလိုလိုရောက်လာတယ်–တဲ့။

တောင့်တစရာ မလိုဘူး၊ ကြောင့်ကြစိုက်စရာ မလိုဘူး၊ ယခုဘဝမှာလဲ တောင့်တ,ကြောင့်ကြစရာ မလိုဘူး၊ နောင်ဘဝတွေမှာလဲ တောင့်တ,ကြောင့်ကြစရာ မလိုဘူး။ အဲဒီလို တောင့်တ, ကြောင့်ကြစရာမလိုဘဲ ပစ္စည်းဝတ္ထုအစုစုတွေနဲ့ ပြည့်စုံပြီးတော့ သုဂတိချမ်းသာတွေကို ရရှိနိုင်တာ ဒီပုဂ္ဂိုလ်မျိုးတွေပဲလို့ မြတ်စွာဘုရားက မိန့်ကြားတော်မူတယ်။

ဒါကြောင့် ယနေ့ ဒါယိကာမကြီးအနေနဲ့လဲ ကောင်းမှုတွေပြုလိုက်တာ စုံနေတာပဲ၊ ယခုလို လှူဒါန်းထားတဲ့အတွက်ကြောင့် ယခုမျက်မှောက်ဘဝမှာရော၊ နောင်သံသရာတွေမှာပါ ကောင်းကျိုးတွေကို ရရှိခံစားရမှာသေချာနေပြီပေ့ါ၊ ဝမ်းမြောက်ဖို့ကောင်းလှပါတယ်။

**မစ္ဆေရကင်းဖို့တော့လို**

နောက်တစ်ခါ၊ မြတ်စွာဘုရားက နတ်သားကို ဆက်လက်ပြီး မိန့်ကြားတော်မူပြန်ပါတယ်–

တသ္မာ ဝိနေယျ မစ္ဆေရံ ၊ ဒဇ္ဇာ ဒါနံ မလာဘိဘူ။

ပုညာနိ ပရလောကသ္မိံ ၊ ပတိဋ္ဌာ ဟောန္တိ ပါဏိနံ။

တသ္မာ–ထိုသို့ ကောင်းမှုတွေပြုသည့်ပုဂ္ဂိုလ်ဟာ အလုံးစုံပြည့်စုံသည်သာလျှင် ဖြစ်လေသောကြောင့်၊ မစ္ဆေရံ–လှူရတန်းရမှာ နှမြောတဲ့ မစ္ဆေရကို၊ ဝိနေယျ–ပယ်ဖျောက်၍၊ မလာဘိဘူ–မစ္ဆေရတည်းဟူသော အညစ်အကြေးကို သုတ်သင်ရှင်းလင်းနိုင်သည်ဖြစ်၍၊ ဒါနံ–ပစ္စည်းလေးပါးနှင့်စပ်သော လှူဖွယ်ဝတ္ထုအစုစုတို့ကို၊ ဒဇ္ဇာ–မဆုတ်မနစ် အားထုတ်၍ ပေးကမ်းလှူဒါန်းရာ၏။ ပုညာနိ–မိမိတို့ ပြုအပ်သော ကုသိုလ်ကောင်းမှုတို့သည်၊ ပရလောကသ္မိံ–နောက်ဘဝ၌၊ ပါဏိနံ–သတ္တဝါတို့၏၊ ပတိဋ္ဌာ–ထောက်ရာတည်ရာ မှီခိုအားထားရာတို့သည်၊ ဟောန္တိ–မုချမသွေ ဖြစ်ပါပေကုန်၏။ –

ဣတိ–ဤသို့၊ ဘဂဝါ–ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်၊ ဒေဝပုတ္တံ–သိလိုရေးနှင့်, မေးလျှောက်လေငြား, အညတြနတ်သားကို၊ အဘာသိ–ကရုဏာရှေ့ထား၍ မိန့်ကြားတော်မူ လိုက်ပါပေသတည်း . . .။

ပေးကမ်းစွန့်ကြဲတဲ့ပုဂ္ဂိုလ်ဟာ ပစ္စုပ္ပန်,တမလွန် နှစ်တန်သော ဘဝတွေမှာ ပူပန်စရာ ကြောင့်ကြစရာ မလိုဘူး–တဲ့။ ဒါပေမယ့် ပေးကမ်း လှူဒါန်းတဲ့နေရာမှာ မစ္ဆေရ–ဆိုတဲ့ ဝန်တိုမှု, နှမြောမှုတွေတော့ ကင်းဖို့ လိုပါတယ်–တဲ့။ ပေးကမ်းစွန့်ကြဲရမှာ နှမြောတဲ့မစ္ဆေရကို ပယ်ဖျောက် ပါ–တဲ့။

မစ္ဆေရတရား အားကြီးရင်လဲ အလှူအတန်းဆိုတာ ဖြစ်မလာနိုင် ဘူး၊ ဘယ်လိုပုဂ္ဂိုလ်မျိုးတွေ မလှူဒါန်းနိုင်ဘူး, အလှူဒါနမပြုနိုင်ဘူးလဲ ဆိုတော့–

**အလှူဒါန မပြုလုပ်သူနှစ်ဦး**

မစ္ဆေရာ စ ပမာဒါ စ၊ ဧဝံ ဒါနံ န ဒီယတိ။(သဂါထာဝဂ္ဂသံယုတ်)

မစ္ဆေရာ စ–မပေးရက်လို နှမြောဝန်တိုခြင်းကြောင့်လည်းကောင်း၊ ပမာဒါ စ–အာရုံကာမဂုဏ်များကို လိုက်စားနေ၍ မေ့လျော့နေခြင်းကြောင့် လည်းကောင်း၊ ဧဝံ–ဤနှစ်ပါးသောအကြောင်းကြောင့်၊ ဒါနံ–အလှူဒါန ကို၊ န ဒီယတိ–မလှူဒါန်းနိုင်ပေ။

လောကမှာ မလှူနိုင် မတန်းနိုင်တဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်သူတွေ လဲဆိုတော့–

၁။ မစ္ဆေရာ စ–နှမြောဝန်တိုတဲ့ ပုဂ္ဂိုလ်တွေ။

၂။ ပမာဒါ စ–ကာမဂုဏ်တွေမှာ ပျော်မွေ့နေလို့ မေ့လျော့ နေကြတဲ့ ပုဂ္ဂိုလ်တွေ။

ဒီပုဂ္ဂိုလ်တွေဟာ အလှူဒါနကို မပြုလုပ်နိုင်ကြဘူး–တဲ့။ ပထမ ပုဂ္ဂိုလ်မျိုးဟာ ပစ္စည်းဥစ္စာတွေကို ပေးကမ်းရမှန်း, လှူဒါန်းရမှန်းတော့ သိနေတယ်၊ သတိရနေတယ်။ ဒါပေမယ့် ပေးကမ်းစွန့်ကြဲလှူဒါန်းရမှာ–

နှမြောနေတယ်၊ မိမိရဲ့ ပစ္စည်းဥစ္စာတွေအပေါ်မှာ တွယ်တာမှုလောဘကို မဖျောက်နိုင်ဘူး။ စဉ်းစားကြည့်နော်၊ ပစ္စည်းဥစ္စာအပေါ်မှာ တွယ်တာနေရင် အလှူဒါန မပြောက်နိုင်ပါဘူး၊ ပစ္စည်းဥစ္စာအပေါ်မှာ လွတ်လွတ်စွန့်ကြဲနိုင်မှ ဒါနပြောက်ပါတယ်။ ဒါကြောင့် တွယ်တာလွန်းတဲ့ လောဘတဏှာကို ဖျောက်နိုင်ဖို့လိုပါတယ်။ တကယ်တော့ ဒါနပြုတယ်ဆိုတာ လွယ်ကူတဲ့ကိစ္စတော့ မဟုတ်ဘူး၊ ဒါနပြုတာ ဘာနဲ့တူသလဲဆိုတော့၊ စစ်တိုက်တာနဲ့ တူတယ်–တဲ့။

"ဒါနဉ္စ ယုဒ္ဓဉ္စ သမာနမာဟု" တဲ့။ (အာဒိတ္တဇာတ်)

ပေးကမ်းစွန့်ကြဲ လှူဒါန်းတဲ့ ဒါနရယ်၊ စစ်တိုက်တာရယ်၊ ဒီနှစ်ခုဟာ အတူတူပဲ–တဲ့။ စစ်တိုက်တဲ့ပုဂ္ဂိုလ်ဟာ အသက်သေမှာ မကြောက်မှ၊ အသက်ကို စွန့်ရဲမှ၊ စစ်တိုက်လို့ ဖြစ်နိုင်ပါတယ်။

ဒီလိုပါပဲ၊ ဒါနပြုတဲ့ပုဂ္ဂိုလ်ဟာလဲ ပစ္စည်းဥစ္စာအပေါ်မှာ တွယ်တာမှု တဏှာလောဘကို ပယ်နိုင်မှ ဒါနကောင်းမှုကို ပြုလို့ဖြစ်နိုင်ပါတယ်။ မစ္ဆေရဆိုတဲ့ နှမြောမှုအားကြီးနေရင် ဒါနကုသိုလ်ဆိုတာ ဘယ်မှာဖြစ်လာနိုင်မှာလဲ။ လောကထဲမှာနေနေကြတဲ့ ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမတွေ သိကြပါတယ်၊ ပစ္စည်းဥစ္စာတွေတော့ ချမ်းသာကြွယ်ဝလိုက်တာ၊ ဒါပေမယ့် အလှူအတန်းကျတော့ တစ်ခါမှမလုပ်ဘူး၊ ဒီလိုပုဂ္ဂိုလ်မျိုးတွေ အများကြီးပါပဲ။ အဲဒါ ဘာကြောင့်လဲ၊ မစ္ဆေရကြောင့်ပေါ့။

နောက်တစ်မျိုးက၊ "ပမာဒါ စ" မေ့လျော့နေကြတဲ့ ပုဂ္ဂိုလ်တွေ။ ဒီပုဂ္ဂိုလ်တွေလဲ ဒါနမပြုနိုင်ဘူး၊ ဘာဖြစ်လို့လဲ၊ လှူဖို့ တန်းဖို့ မေ့လျော့နေကြလို့ပဲ။ ပစ္စည်းဥစ္စာတွေကတော့ ချမ်းသာလိုက်တာ၊ အဲဒီ ပစ္စည်းဥစ္စာတွေကို သုံးဆောင်ရင်း၊ ခံစားရင်းနဲ့ အချိန်တွေကုန်နေတယ်၊ မိမိတို့ရဲ့ ပစ္စည်းဥစ္စာတွေအပေါ်မှာပဲ အာရုံစိုက်နေကြတယ်၊ သုံးဆောင်ခံစားရင်း ပျော်ပါးနေကြတယ်၊ အပျော်လွန်ပြီးတော့ ဒါနကုသိုလ်ပြုဖို့မေ့နေကြတယ်၊ မပြုဖြစ်ကြဘူး၊ ပမာဒတရားတွေ လွှမ်းမိုးနေတယ်။

လောကမှာ ဒီလိုပုဂ္ဂိုလ်မျိုးတွေ မရှိနေဘူးလား၊ အများကြီးရှိနေပါတယ် နော်။ အဲဒီပုဂ္ဂိုလ်မျိုးတွေကျတော့လဲ ပစ္စည်းဥစ္စာတွေအပေါ်မှာ ဝန်တိုမှုမရှိပေမယ့်၊ ပမာဒ–မေ့လျော့နေတဲ့အတွက် အလှူဒါနကို မပြုလုပ်နိုင်ကြဘူး–တဲ့။

## အလှူဒါနပြုလုပ်နိုင်သူ

ပုညံ အာကင်္ခမာနေန၊ ဒေယျံ ဟောတိ ဝိဇာနတာ။(သဂါထာဝဂ္ဂသံယုတ်)

ပုညံ–ကောင်းမှုကုသိုလ်၏ အကျိုးကျေးဇူးကို၊ အာကင်္ခမာနေန– လိုလားတောင့်တသော၊ ဝိဇာနတာ–ပညာရှိသူတော်ကောင်းသည်၊ဒေယျံ– ပေးကမ်းစွန့်ကြဲလှူဒါန်းနိုင်သည်၊ ဟောတိ–ဖြစ်၏။

ကောင်းမှုရဲ့ အကျိုးကျေးဇူးတွေကို သိတတ်,မြင်တတ်တဲ့ပုဂ္ဂိုလ် မျိုးမှသာလျှင် ဒါနစသည်တွေကို ပြုလုပ်နိုင်ပါတယ်။

"ဝိဇာနတာ" ပညာရှိသူတော်ကောင်းသည်–တဲ့။ ဉာဏ်ပညာ အမြော်အမြင်ရှိတဲ့ပုဂ္ဂိုလ်တွေမှ လှူဒါန်းနိုင်ကြတာ နော်။

ဘုရားအလောင်းတော် အကိတ္တိပဏ္ဍိတတို့လိုပေါ့၊ မိဘ ဘိုးဘွား တွေ ထားခဲ့တဲ့ပစ္စည်းဥစ္စာတွေဆိုတာ မနဲဘူး၊ အဲဒါတွေကို ကြည့်ပြီး တော့ သူ ဘာဖြစ်သလဲဆိုတော့။ ဒီ ပစ္စည်းဥစ္စာတွေဟာ မနဲဘူး၊ ဒါတွေ ဟာ ငါပိုင်တဲ့ ပစ္စည်းတွေချည်းပဲ၊ ဒီပစ္စည်းတွေကို ငါသုံးစွဲရင် ဒီ တစ်ဘဝ မပြောနဲ့၊ နှစ်ဘဝ,သုံးဘဝတောင် သုံးစွဲလို့မကုန်ဘူး။ ငါ့ရဲ့ မိဘ ဘိုးဘွား တွေဟာ သူတို့ရှာဖွေသွားခဲ့တဲ့ ပစ္စည်းတွေကို နောက်ဘဝကို မယူသွားနိုင် ဘဲ ဒီအတိုင်းထားခဲ့ကြတယ်၊ နောက်ဘဝကို ယူသွားလို့မရခဲ့ကြဘူး၊ ငါကော ဒီပစ္စည်းတွေကို နောက်ဘဝယူသွားလို့ရမှာလား။ စဉ်းစားတာ နော်။ ဒီအတိုင်းတော့ယူသွားလို့မရဘူး၊ ယူသွားလို့ရတဲ့နည်းနဲ့ ယူသွားမယ် ဆိုပြီး ဘာလုပ်သလဲဆိုတော့၊ အားလုံး တိုင်းသူပြည်သားတွေကို လှူဒါန်း ပစ်လိုက်တယ်။

ကြည့်ကြနော်၊ ပညာရှိသူတော်ကောင်းတွေ, ဉာဏ်ပညာရှိတဲ့ ပုဂ္ဂိုလ်တွေ။ လှူဒါန်းလိုက်တဲ့ ပစ္စည်းတွေမှ နောက်ဘဝကို ပါမယ်ဆိုတာ သိမြင်တော်မူကြတယ်။ ဒါ့ကြောင့် ဘုရားအလောင်း အကိတ္တိပဏ္ဍိတဟာ မိဘ ဘိုးဘွားတွေချန်ထားခဲ့တဲ့ ပစ္စည်းဥစ္စာတွေအားလုံးကို စွန့်လှူပြီးတော့ တောထွက်တော်မူခဲ့ပါတယ်၊ ပစ္စည်းဥစ္စာတွေကို ဒါနကုသိုလ်ပြုလုပ်ပြီး နောက်ဘဝအထိပါအောင် ယူသွားခဲ့တယ်။ အဲဒါ ဉာဏ်ပညာအမြော်အမြင် ကြီးမားတဲ့ပုဂ္ဂိုလ်ဖြစ်လို့ပဲ၊ ဒီလို ပုဂ္ဂိုလ်မျိုးတွေမှသာ ဒါနကောင်းမှုကို ပြုလုပ်နိုင်ကြပါတယ်။

အတိတ်ဘဝတွေကို ပြန်ကြည့်ရင်၊ "အော်-ငါတို့ဟာ အတိတ်ဘဝတွေက ကောင်းမှုတွေကို ပြုခဲ့လို့ ဒီဘဝမှာ ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံနဲ့ နေထိုင်နိုင်တယ်၊ နောက်ဘဝတွေမှာလဲ ယခုလို ပြည့်စုံမှုမျိုးတွေ ပြန်လည်ရရှိနိုင်ဖို့ ကောင်းမှုတွေကို ဒီဘဝမှာပဲ ထပ်မံပြုလုပ်ထားသင့်တယ်"။ ဒီလို တွေးတောဆင်ခြင်မိတာမျိုးဟာ ဉာဏ်ယှဉ်တယ်လို့ ဆိုရပါတယ်။

ဉာဏ်ယှဉ်ပြီးတော့ ပြုတဲ့ကုသိုလ်မျိုးမှ တမလွန်လောက နောက်ဘဝတွေမှာ မိမိတို့ရဲ့ ထောက်တည်ရာ, အားထားမှီခိုရာဖြစ်တယ်လို့ မြတ်စွာဘုရားက ဖြေကြားတော်မူပါတယ်။

**နတ်သားလျှောက်ပုံ**

ဒီအခါမှာ နတ်သားက ဘယ်လိုပြန်ပြီးတော့ လျှောက်သလဲဆိုတော့–

အစ္ဆရိယံ ဘန္တေ အဗ္ဘုတံ ဘန္တေ။

ဘန္တေ–အရှင်ဘုရား၊ အစ္ဆရိယံ–အံ့သြဖွယ် ကောင်းလှပေစွတကား၊ အဗ္ဘုတံ–မဖြစ်စဖူး ထူးကဲလှပါပေစွတကား။

မြတ်စွာဘုရား ဟောကြားတော်မူလိုက်တဲ့ တရားတော်ဟာ အံ့သြဖွယ်ကောင်းလိုက်တာဘုရား၊ မဖြစ်စဖူး ထူးကဲလွန်မြတ်လှပါပေတယ်ဘုရား–လို့ လျှောက်ထားတယ်။ ဆက်ပြီးလျှောက်ပြန်တယ်–

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားလိုက်တာတွေဟာ တပည့်တော်ရဲ့ ဖြစ်ပုံတွေနဲ့ အားလုံးတူနေပါတယ်ဘုရား–လို့လျှောက်ထားပါတယ်၊နောက်ပြီး၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် "သိရီ" အမည်ရှိတဲ့ နတ်သားဖြစ်ပါတယ်ဘုရားလို့ လျှောက်ထားတယ်။ပြဿနာမေးတဲ့ နတ်သားအမည်က "သိရီ" တဲ့။

အဲဒီလို သူ့ရဲ့အမည်ကို ဖော်ပြလျှောက်ထားပြီးတော့ သူ့ဘဝရဲ့ အတိတ်ဇာတ်လမ်းလေးကိုလဲ ဆက်ပြီးလျှောက်ထားပါတယ်။

**နတ်သား၏ အတိတ်ဇာတ်လမ်း**

အဲဒီနတ်သားဟာ ရောရုဝ–ဆိုတဲ့ မြို့မှာ "သိရီ"ဆိုတဲ့ မင်းကြီး

ဖြစ်ခဲ့ဖူးတယ်၊ အဲဒီ သိရီမင်းကြီးဖြစ်ခဲ့စဉ်က သူအုပ်စိုးရာ ရောရုဝမြို့ရဲ့ အရှေ့ ,အနောက်, တောင်, မြောက်, အရပ်လေးမျက်နှာမှာ အလှူတင်းကုတ်ကြီး လေးခု ဆောက်လုပ်ပြီးတော့ လာသမျှသော အလှူခံပုဂ္ဂိုလ်တွေကို အလှူဒါနတွေ ပြုလုပ်ပေးခဲ့တယ်၊ ပေးကမ်းစွန့်ကြဲ လှူဒါန်းခဲ့တယ်။ သူဟာ ကောင်းမှုရဲ့ အကျိုးတွေကိုလဲ ယုံကြည်တယ်၊ ယုံကြည်တဲ့အတိုင်း ပေးလှူတယ်၊ ကိုယ်တိုင်လဲ လှူဒါန်းသလို သူတစ်ပါးတွေကိုလဲ လှူဒါန်းဖို့ တိုက်တွန်းခဲ့ပါတယ်။

**ပုဂ္ဂိုလ်လေးမျိုး** (ဓမ္မပဒအဋ္ဌကထာ)

ဒီနေရာမှာ မှတ်သားဖို့ကောင်းတာလေးရှိသေးတယ်။ လောကမှာ ရှိရှိသမျှ ပုဂ္ဂိုလ်တွေကို လှူဒါန်းမှုနဲ့ပတ်သက်ပြီး လေးမျိုးလေးစားခွဲကြည့်လို့ရတယ်၊ အဲဒါတွေက ဘာတွေလဲဆိုတော့ –

၁။ ကိုယ်ကသာ လှူ၊ သူများမှု၊ မလှူစေခဲ့ပါ။

တချို့ပုဂ္ဂိုလ်တွေဟာ အလှူဒါနပြုလုပ်ကြတဲ့နေရာမှာ၊ ကိုယ်တိုင်တော့ လှူဒါန်းပါတယ်၊ ဒါပေမယ့် သူတစ်ပါးကို လှူဒါန်းဖို့တော့ မတိုက်တွန်းဘူး။ အဲဒီလိုပုဂ္ဂိုလ်မျိုးတွေ အကျိုးပေးတဲ့အခါကျတော့ ဘယ်လိုဖြစ်သလဲဆိုတော့ –

စည်းစိမ်သာများ၊ ခြွေရံကား၊ ရှားပါးထိုသူမှာ။

ကိုယ်တိုင်လှူဒါန်းတဲ့အတွက် စည်းစိမ်ချမ်းသာတွေနဲ့တော့ ပြည့်စုံပါရဲ့ ၊ အခြွေအရံကျတော့ ကင်းမဲ့နေတတ်တယ်၊ အခြွေအရံပရိသတ်မရှိ တစ်ယောက်တည်း အထီးကျန်ဖြစ်နေတတ်တယ်တဲ့။ ပစ္စည်းဥစ္စာတွေတော့ ပြည့်စုံတယ် နော်။ ဒီပုဂ္ဂိုလ်မျိုးတွေ လောကမှာရှိနေကြပါတယ်။ နောက်တစ်မျိုးက –

၂။ ကိုယ်က မလှူ၊ သူများမှု၊ ပေးလှူစေခဲ့ပါ။

ဒီပုဂ္ဂိုလ်က စောစောကပုဂ္ဂိုလ်နဲ့ ဆန့်ကျင်ဘက်ပေ့ါ နော်၊ ကိုယ်တိုင်ကျတော့ မလှူဒါန်းဘူး၊ သူတစ်ပါးတွေကိုကျတော့ လှူကြပါ တန်းကြပါ စသည်ဖြင့်တိုက်တွန်းတယ်၊ နှိုးဆော်တယ်၊ အဲဒီပုဂ္ဂိုလ်မျိုးကျတော့ ဘာဖြစ်တတ်သလဲဆိုတော့ –

ခြွေရံသာများ၊ စည်းစိမ်ကား၊ ရှားပါးထိုသူမှာ။

အခြွေအရံတွေကတော့ ပေါလိုက်ပါဘိ၊ ပစ္စည်းဥစ္စာကတော့ နတ္ထိ၊ ချို့ချို့ ငဲ့ငဲ့နဲ့ နေထိုင်ရတယ်။ ဒီလိုပုဂ္ဂိုလ်မျိုးတွေ လောကမှာ ရှိနေကြပါတယ်။ နောက်တစ်မျိုးက–

၃။ ကိုယ်လဲမလှူ၊ သူများမှူ၊ မလှူစေခဲ့ပါ။

ဒီပုဂ္ဂိုလ်မျိုးကျတော့ ကိုယ်တိုင်လဲ မလှူဒါန်းဘူး၊ သူတစ်ပါးတွေကိုလဲ တိုက်တွန်းခြင်း မပြုဘူး။ အဲဒီပုဂ္ဂိုလ်မျိုးတွေကျတော့ ဘာဖြစ်တတ်သလဲဆိုတော့–

စည်းစိမ်ခြွေရံ၊ ဤနှစ်တန်၊ ဧကန်ရှားမည် ထိုသူမှာ။

လှည့်လည် တောင်းစား၊ စားကြွင်းစား၊ ဖြစ်ငြား ဧကန်သာ။

စည်းစိမ်လဲမရှိ၊ ပစ္စည်းဥစ္စာလဲမရှိ၊ အခြွေအရံပရိသတ်လဲမရှိ၊ ဖုန်းတောင်းယာစကာ ဘဝမျိုးရောက်တတ်တယ်–တဲ့။

၄။ ကိုယ်ကလဲလှူ၊ သူများမှူ၊ ပေးလှူစေခဲ့ပါ။

နောက်တစ်ယောက်က၊ ကိုယ်တိုင်လဲ လှူဒါန်းတယ်၊ သူတစ်ပါးတွေကိုလဲ လှူဒါန်းဖို့တိုက်တွန်းတယ်၊ ဒီပုဂ္ဂိုလ်မျိုးတွေကျတော့–

စည်းစိမ်ခြွေရံ၊ ဤနှစ်တန်၊ ဧကန်ရမည်ထိုသူမှာ။

စည်းစိမ်ချမ်းသာတွေနဲ့လဲ ပြည့်စုံတယ်၊ အခြွေအရံပရိသတ်လဲ ပေါများတယ်–တဲ့။

ဒါ ပုဂ္ဂိုလ်လေးမျိုးပဲ။ လောကထဲမှာ ဒီလေးမျိုးနဲ့ ခွဲကြည့်လို့ရတယ်။ သတိထားပြီး ခွဲကြည့်ကြ၊ တွေ့မြင်ရပါလိမ့်မယ်။

အခု သိရီအမည်ရှိတဲ့ မင်းကြီးကတော့ ကိုယ်တိုင်လဲ ကောင်းမှုတွေကို ပြုတယ်၊ ကိုယ်နဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေကိုလဲ ကောင်းမှုတွေ ပြုဖို့ တိုက်တွန်းနှိုးဆော်တယ်။ ဒီလို ပြုလုပ်ခဲ့တဲ့အကြောင်းကို မြတ်စွာဘုရားအား လျှောက်ပြပါတယ်။

အဲဒီလို ကောင်းမှုတွေပြုကြဖို့ တိုက်တွန်းတဲ့အခါ –

မင်းကြီးထံပါးမှာရှိကြတဲ့ မောင်းမမိဿံတွေက အရှင်မင်းကြီးပဲ ကောင်းမှုတွေကို ပြုနေတယ်၊ အကျွန်ုပ်တို့အတွက်လဲ ကောင်းမှုပြုဖို့ တစ်နေရာလောက် ပေးပါလို့ တောင်းဆိုလာကြတယ်၊ မင်းကြီးကလဲ တစ်နေရာပေးလိုက်ပါတယ်။

နောက်တစ်ခါ၊ သူဌေးသူကြွယ်တွေကလဲ ကောင်းမှုပြုတဲ့နေရာ တစ်နေရာ တောင်းကြပြန်တယ်၊ မင်းကြီးကလဲ ပေးလိုက်ပြန်ပါတယ်။

နောက်တစ်ခါ၊ မှူးမတ်တွေကလဲ တောင်းကြပြန်တယ်၊ ပေးလိုက်ရပြန်တယ်။ နောက်တစ်ခါ၊ တိုင်းသူပြည်သားတွေက တောင်းလာပြန်တယ်၊ ပေးလိုက်ပြန်တယ်။ လေးမျိုးတောင်းလို့ လေးနေရာပေးလိုက်ရတော့ မင်းကြီးလှူနေကျ မြို့ရဲ့အရပ်လေးမျက်နှာ ကုန်ရောပေါ့။

ဒီတော့ အလုပ်အကျွေးဖြစ်ကြတဲ့ပုဂ္ဂိုလ်တွေက မင်းကြီးကိုလျှောက်တင်ကြတယ်၊ အရှင်မင်းကြီးရဲ့ အလှူဒါန,လှူရာဌာနတွေကို သူတစ်ပါးတွေကို အကုန်ပေးလိုက်တဲ့အတွက် အရှင်မင်းကြီး ကုသိုလ်ကောင်းမှုတွေကို မပြုရတော့ဘူး–လို့ လျှောက်တင်ကြပါတယ်၊ ဒီအခါမှာ သိရီမင်းကြီးက ဘယ်လိုလုပ်ပြန်သလဲဆိုတော့–

ဒီလိုဆိုလို့ရှိရင် ဇနပုဒ်နယ်ပယ်တွေက ရရှိနေတဲ့ အခွန်ဘဏ္ဍာတွေကို အကုန်လုံး မင်းရဲ့ဘဏ္ဍာတိုက်ထဲကို မတည့်နဲ့တော့၊ တချို့တစ်ဝက်သာ ထည့်၊ တချို့ကို အဲဒီဌာနမှာရှိတဲ့ အလှူခံပုဂ္ဂိုလ်တွေကို လှူဒါန်းပေးကြပါလို့ ခွင့်ပြုလိုက်,ဆိုပြီး မိန့်ကြားလိုက်တယ်–တဲ့။ ဒီလောက်အထိ အလှူဒါနကို ပြုခဲ့တာ နော်။

အဲဒီ သိရီဆိုတဲ့မင်းကြီးဟာ ယခုဘာဖြစ်နေသလဲ၊ မြတ်စွာဘုရားရှေ့မှောက်ရောက်နေတဲ့ သိရီနတ်သား ဖြစ်နေတယ်။ ဘယ်လိုကောင်းမှုတွေကြောင့်လဲ၊ ရောရုဝမြို့မှာ သိရီမင်းကြီးဖြစ်ခဲ့စဉ်က ပြုခဲ့တဲ့ကောင်းမှုတွေကြောင့်ပဲ။

ဒါကြောင့် တပည့်တော် ဘာမှ ကြောင့်ကြစရာမရှိဘူး၊ တောင့်တစရာမရှိဘူး၊ ;မတောင့်မတ မကြောင့်မကြဘဲ ဘုံဗိမာန်တွေနဲ့ ပြည့်စုံ၊ အစားအစာ အသုံးအဆောင် ဆေးဝါးစာတ်စာတွေနဲ့ အကုန်ပြည့်စုံနေပါတယ်၊ အားလုံး ဘာမှ တောင့်တကြောင့်ကြစရာမလိုဘဲ နေနိုင်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရား ဖြေကြားချက်တွေဟာ တပည့်တော်ရဲ့ ဖြစ်ပုံတွေနဲ့ တူလွန်းပါတယ်ဘုရား–လို့ လျှောက်ထားပါတယ်။

ဒါကြောင့် ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတွေလဲပဲ ယခု ဘုန်းကြီးပြောခဲ့တဲ့ သိရိနတ်သားကို အတုယူပြီးတော့ ပစ္စုပ္ပန်,တမလွန် နှစ်တန်သော ဘဝတွေမှာ တောင့်တကြောင့်ကြစရာ မလိုပါဘဲ၊ ဘောဂသမ္ပတ္တိ စသည်တွေနဲ့ ပြည့်စုံနိုင်အောင်။ နောက်ဆုံးမဂ်ဖိုလ်နိဗ္ဗာန်ရောက်သည့်တိုင်အောင် မိမိတို့စွမ်းအားရှိသမျှ ဒါန,သီလ,ဘာဝနာကုသိုလ်ကောင်းမှုတွေကို နေ့ညမပြတ် ကျိုးစားမယုတ် ပွားများအားထုတ်နိုင်ကြပါစေကုန်သတည်း . . .။

# ဝါဆိုလကွယ်နေ့အဖို့မောဒနာ ဒေသနာ

ယနေ့ ဝါဆိုလပြည့်ကျော်(၁၅)ရက်။ ဝါဆိုလကုန်ဆုံးတဲ့နေ့ပေါ့၊ ဝါဆိုလကုန်ဆုံးပြီးရင် နောက်နေ့ဆို ဝါခေါင်လဆန်း(၁)ရက်။

တစ်ရက်, တစ်လ, တစ်နှစ်နဲ့၊ ရက်တွေ, လတွေ, နှစ်တွေလဲ ကုန်ဆုံးပြီးတော့ သွားနေကြတယ်။ ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမ အပေါင်း သူတော်ကောင်းတို့ရဲ့ ခန္ဓာအစဉ်မှာ ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတွေဟာလဲ တစ်နေ့နေ့ တစ်ရွေ့ရွေ့နဲ့ ရင့်ရော်လာနေကြတယ်၊ ကုန်ဆုံးလာနေကြတယ်၊ နေ့စဉ်နေ့စဉ် ခန္ဓာအစဉ်တွေ ရုပ်အစဉ်တွေ နာမ်အစဉ်တွေ ပျက်စီးပြီးတော့ နေတယ်၊ ယိုယွင်း အိုမင်းပြီးတော့ လာနေပါတယ်။ အဲဒါတွေကို အမြဲမပြတ်သတိထားပြီးတော့ ဆင်ခြင်နေကြဖို့လိုတယ်။ ဘယ်လို ဆင်ခြင်နေသင့်သလဲဆိုတော့–

**ရုပ်နာမ်အပေါ်၌ ဆင်ခြင်ပုံ**

ဤကိုယ်ကာယ၊ တစ်လံမျှ၌၊ နှစ်ဝ နာမ်ရုပ်၊ ဖြစ်၍ ချုပ်၏။

မိမိရဲ့ ခန္ဓာကိုယ်ဟာ ရုပ်တရားနဲ့ နာမ်တရား၊ဒီနှစ်ပါးပဲ။ အဲဒီ ရုပ်နာမ်တရားတွေဟာ အမြဲတမ်း ဖြစ်လိုက်ပျက်လိုက်နဲ့ ရှိနေကြတယ်၊ ရုပ်တန့်ပြီးတော့နေတဲ့တရားတွေ မဟုတ်ကြဘူး၊ ဉာဏ်လေးနဲ့စိုက်ပြီးတော့ ကြည့်နိုင်ပါတယ်။

နာမ်ရုပ်နှစ်ပါး၊ အလွတ်ထား၍၊ ဤကားလိပ်ပြာ၊ ဤကားငါ နှင့်၊ ဤမှာဇီဝ၊ ဤအတ္တဟု၊ ညွှန်ပြဖွယ်ရာ၊ မရှိပါသည်၊ ခန္ဓာ နာမ်ရုပ်မျှသာတည်း။

ရုပ်တရား နာမ်တရားနှစ်ပါးမှတစ်ပါး သူ, ငါ, ဇီဝ, အတ္တ, ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါလို့ ဘာမှ ညွှန်ပြစရာမရှိပါဘူး၊ ပရမတ္ထဉာဏ်မျက်စိနဲ့ကြည့်ရင် ရုပ်တရား နာမ်တရား နှစ်ပါးပဲရှိပါတယ်၊ ဒီ ရုပ်နာမ်နှစ်ပါးဟာ တဖြည်းဖြည်းပျက်စီးပြီးတော့ နေပါတယ်၊ ချုပ်ပျောက်ပြီးတော့ နေတယ်။

ရုပ်နာမ်တရား၊ ဤနှစ်ပါးလည်း၊ ရှည်လျားကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၍၊

ခဏလေးဖြစ်လိုက်၊ ခဏလေးပျက်လိုက်နဲ့ ခဏိကမရဏအားဖြင့် ယခုလို ထိုင်နေဆဲခဏလေးမှာပင် ရုပ်နာမ်တွေ သိန်းပေါင်းများစွာ၊ သန်းပေါင်းများစွာ ချုပ်ပျက်ပြီးတော့ နေကြပါတယ်။

နှိပ်စက်ခြင်းရာ၊ လိုမပါဘူး၊ သဘာဝအား၊ ဤသုံးပါးကြောင့်၊

မိမိအလိုသို့ မလိုက်ဘူး၊ အမြဲတမ်း နှိပ်စက်နေကြတယ်၊ အနိစ္စလက္ခဏာတွေ၊ ဒုက္ခလက္ခဏာတွေ၊ အနတ္တလက္ခဏာတွေပဲ–တဲ့၊ မိမိသဘောသို့လိုက်တာမရှိဘူး၊ သူ့သဘော သူဆောင်နေကြတာပဲ။

ဖြစ်ပွားသမျှ၊ အနိစ္စသည်၊ ဒုက္ခ,အနတ္တပါတကား။

ဖြစ်နေတာတွေ အားလုံးဟာ အနိစ္စတရားတွေ၊ ဒုက္ခတရားတွေ၊ အနတ္တတရားတွေချည်းပဲ–လို့။ ဒီလို ဉာဏ်လေးတွေ သက်ဝင်ပြီးတော့ ရှုမှတ်နေရမယ်၊ ဒီလို ရှုမှတ်ပွားများတာဟာ ဘာဝနာပွားတယ်ခေါ်ပါတယ်၊ ဒီဉာဏ်လေးတွေ ရင့်သန်လာအောင် အမြဲတမ်း နှလုံးသွင်းနေကြဖို့လိုပါတယ်။

## ဗုဒ္ဓရဲ့ ကျေးဇူးကြောင့်

ယခုလို ဘာဝနာတရားတွေ ပွားနိုင်တာ ဗုဒ္ဓရဲ့ ကျေးဇူးကြောင့်ဖြစ်တယ်၊ ဗုဒ္ဓမြတ်စွာ ပေါ်ထွန်းလာလို့ဖြစ်တယ်၊ ဗုဒ္ဓတည်ထောင်သွားတဲ့ သာသနာတော်မြတ်ကြီးနဲ့ ကြုံတွေ့နေကြရလို့ ဒါန, သီလ, ဘာဝနာစတဲ့ ကောင်းမှုတွေကို ပြုလုပ်နိုင်ကြတာဖြစ်တယ်။ ဒါကြောင့် ဗုဒ္ဓရှင်တော်မြတ်ဟာ သတ္တဝါတွေအပေါ်မှာ သိပ်ကျေးဇူးများတော်မူတယ်၊ သတ္တဝါတွေအပေါ်မှာ မေတ္တာ, ကရုဏာတွေ ကြီးမားတော်မူတယ်။

ဘယ်လောက်အထိ ကျေးဇူးတရားတွေများသလဲဆိုရင်–

ဗောဓနေယျံ ဇနံ ဒိသွာ ၊ သတသဟဿေပိ ယောဇနေ။

ခဏေန ဥပဂန္တွာန ၊ ဗောဓေတိ တံ မဟာမုနိ။ (မိလိန္ဒပဉှာ)

မဟာမုနိ–မုနိထွတ်တင်, ဘုရားရှင်ကိုယ်တော်မြတ်သည်၊ သတသဟဿေပိ ယောဇနေ–ယူဇနာတစ်သိန်း ဝေးကွာသော်လည်း၊ ဗောဓနေယျံ–ကျွတ်ထိုက်သော၊ ဇနံ–ဝေနေယျသတ္တဝါကို၊ ဒိသွာ–မြင်တော်မူသည်ရှိသော်၊ တံ–ထိုကျွတ်ထိုက်သော သတ္တဝါထံသို့၊ ခဏေန–တစ်ခဏချင်းဖြင့်၊ ဥပဂန္တွာ–ကြွတော်မူ၍၊ ဗောဓေတိ–မဂ်ရောက်ဖိုလ်ဝင် သိမြင်စေတော်မူ၏။

အဲဒါ ဗုဒ္ဓမြတ်စွာဘုရားရဲ့ သတ္တဝါတွေအပေါ်မှာထားရှိတဲ့ မေတ္တာကရုဏာကြီးမားတော်မူပုံပဲ။

ကျွတ်ထိုက်တဲ့ သတ္တဝါတစ်ယောက်ကိုများ ဉာဏ်စက္ခုထဲမှာ မြင်တွေ့တော်မူပြီဆိုရင် ဘယ်လောက်ပင် ဝေးဝေး၊ အပင်ပန်းခံ, အဆင်းရဲခံတော်မူပြီး အဲဒီ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်ထံကို ချက်ချင်းကြွလေ့ရှိတယ်၊ ကြွရောက်ပြီးတော့ တရားဓမ္မတွေဟောကြားတော်မူလေ့ရှိတယ်။ ဒါဟာ ဗုဒ္ဓမြတ်စွာရဲ့ သတ္တဝါတွေအပေါ်မှာထားရှိတဲ့ မေတ္တာကရုဏာတော်ကြီးမားပုံ တစ်စိတ်တစ်ဒေသပါပဲ။

ဘုန်းကြီးတို့ ဒါယကာဒါယိကာမအပေါင်း သူတော်ကောင်းတွေဟာ မြတ်ဗုဒ္ဓရဲ့ တပည့်သားတွေ ဖြစ်နေကြရတယ်၊ သိပ်ကံကောင်းကြတယ်၊ ဗုဒ္ဓရှင်တော်အပေါ်မှာ သိပ်ပြီးတော့ ယုံကြည်လေးစား အားကိုးအားထားပြုဖို့ ကောင်းလှတယ်။

ယုံကြည်တယ်, ကြည်ညိုတယ်ဆိုတာ ဘုန်းကြီးတို့ သာသနာမှာ သိပ်အရေးကြီးပါတယ်။ ယုံကြည်ချက်မရှိရင် ဘယ်လိုလုပ်ငန်းမျိုးမှ လုပ်ကိုင်လို့မရပါဘူး၊ ဘုရားအပေါ်မှာ မယုံကြည်ရင် ဘုရားနဲ့စပ်တဲ့ လုပ်ငန်းတွေကို မလုပ်ကိုင်နိုင်ပါဘူး။

ယုံကြည်မှုဆိုတာ သဒ္ဓါတရားကိုခေါ်တာပါ၊ သဒ္ဓါဆိုတာ ဘာလဲဆိုတော့–

## သဒ္ဓါဆိုတာ

သဒ္ဓါဆိုတာ ယုံကြည်ချက်ကလေးပဲ၊ တစ်နည်းပြောမယ်ဆိုရင် ယုံကြည်တဲ့ သဘောလေးပါပဲ။ ဘာတွေကို ယုံကြည်မှ သဒ္ဓါလို့ခေါ်ဆိုနိုင်သလဲဆိုတော့။ ဘုရားကို ယုံကြည်တယ်၊ တရားကို ယုံကြည်တယ်၊ သံဃာကို ယုံကြည်တယ်၊ ကံကို ယုံကြည်တယ်၊ ကံရဲ့အကျိုးကျေးဇူးတွေကို ယုံကြည်တယ်၊ မဂ်ဖိုလ်တရားတွေကို ယုံကြည်တယ်။ ဒါတွေကို ယုံကြည်တာကို သဒ္ဓါတရားလို့ခေါ်ပါတယ်။

ဒီ သဒ္ဓါတရားလေး နှလုံးသားထဲမှာ ကိန်းလိုက်တာနဲ့ ရုပ်အဆင်းအင်္ဂါတွေပါ ကြည်လင်လာတတ်တယ်၊ မကောင်းတဲ့ အကုသိုလ်အညစ်အကြေးတွေအားလုံး စင်ကြယ်သွားနိုင်တယ်။

ဒါကြောင့် သဒ္ဓါတရားကို စကြာမင်းကြီးရဲ့ ပတ္တမြားရတနာနဲ့ တူတယ်–လို့ ဥပမာပေးကြပါတယ်။ စကြာမင်းကြီးရဲ့ ပတ္တမြားရတနာသည် ဘယ်လောက်ပင် နောက်ကျုနေတဲ့ ရေထဲကိုထည့်လိုက်သည်ဖြစ်စေ အဲဒီ ရေတွေအားလုံး ကြည်လင်သွားတာပဲ–တဲ့။

ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမအပေါင်းသူတော်ကောင်းတွေရဲ့ နှလုံးသားထဲမှာလဲ ယုံကြည်တဲ့ သဒ္ဓါတရားလေး ဝင်လာပြီဆိုရင် ကြည်လင်လာလိမ့်မယ်၊ လောဘတွေ ရှင်းသွားလိမ့်မယ်၊ ဒေါသ, မောဟတွေ ရှင်းသွားလိမ့်မယ်၊ နာမ်အစဉ်မှာ လောဘ,ဒေါသ,မောဟတရားတွေ ကင်းရှင်းသွားပြီဆိုလို့ရှိရင် ရုပ်အစဉ်လဲ ကြည်လင်လာတော့တာပါပဲ။ အသွေးအသားတွေလဲ ကြည်လင်လာတော့တယ်။

စိတ္တေ ပသန္နေ လောဟိတေ ပသီဒတိ။

စိတ္တေ–စိတ်သည်၊ ပသန္နေ–ကြည်လင်သည်ရှိသော်၊ လောဟိတေ–အသွေးအသားတို့သည်၊ ပသီဒတိ–ကြည်လင်လာ၏။

စိတ်ကြည်လင်ရင် ရုပ်လဲကြည်လင်တယ်။ အသွေးအသားတွေလဲ ကြည်လင်တယ်–တဲ့။

ဒါကြောင့် မိမိတို့ရဲ့ နှလုံးသားထဲမှာ ဒီ သဒ္ဓါဓာတ်လေးကိန်းဖို့ သိပ်အရေးကြီးတယ်၊ ယုံကြည်ချက်လေး အမြဲရှိနေဖို့လိုတယ်။

သူများတွေ ကုသိုလ်ပြုလို့ ပြုတယ် မဖြစ်စေရဘူး၊ သူများ ကျောင်း သွားလို့ သွားတယ် မဖြစ်စေရဘူး၊ ကုသိုလ်ပြုလို့ရှိရင် ကောင်းကျိုးတွေ ရမယ်၊ အကုသိုလ်ပြုလို့ရှိရင် မကောင်းကျိုးတွေ ခံစားရမယ်။ အတိတ် ဘဝက ဒါနသီလကောင်းမှုတွေပြုလုပ်ခဲ့လို့ ဒီဘဝမှာ ကောင်းကျိုးတွေ ရရှိနေတာဖြစ်တယ်၊ ဒီ ကောင်းမှုတွေကို မပြုလုပ်ခဲ့ဘူးဆိုရင် ယခုလို ခံစားရမှာမဟုတ်ဘူး။ ဒီလိုမျိုး ယုံကြည်တဲ့ သဘောလေးပါအောင် အမြဲ တမ်း နှလုံးသားထဲမှာကိန်းနေကြဖို့လိုပါတယ်။

## ဈေးရုံထဲမှာ ဈေးဝယ်လို့လျှင်

နောက်တစ်ခါ၊ သဒ္ဓါတရားဟာ ဥစ္စာရတနာနဲ့လဲ တူတယ်၊ ဥစ္စာပစ္စည်းမရှိတဲ့ပုဂ္ဂိုလ်ဟာ မိမိလိုချင်တဲ့ အသုံးအဆောင်တွေကို ဝယ်ယူ ချင်သော်လဲ မဝယ်ယူနိုင်ဘူး။ ထို့အတူပါပဲ၊ လောကမှာ ရှိကြတဲ့ပုဂ္ဂိုလ်တွေ သဒ္ဓါတည်းဟူသော ဥစ္စာရတနာမရှိရင် ဘုန်းကြီးတို့ ဗုဒ္ဓရှင်တော်ဘုရားရဲ့ သာသနာ့ဈေးရုံကြီးထဲက ကုန်ပစ္စည်းမျိုးစုံတွေကို ဝယ်ယူနိုင်မှာ မဟုတ် ဘူး–တဲ့။ ဗုဒ္ဓသာသနာတော်မြတ်ကြီးထဲမှာ ကုန်မျိုးစုံတွေရှိတယ်–

အာယု အရောဂတာ ဝဏ္ဏံ၊ သဂ္ဂံ ဥစ္စာကုလီနတာ၊
အသင်္ခတဉ္စ အမတံ၊ အတ္ထိ သဗ္ဗာပဏေ ဇိနေ။

အပ္ပေန ဗဟုကေနာပိ၊ ကမ္မမူလေန ဂယှတိ၊
ကိဏိတွာ သဒ္ဓါမူလံ၊ သမိဒ္ဓါ ဟောထ ဘိက္ခဝေါ။(မိလိန္ဒပဉှာ)

ဇိနေ–မြတ်စွာဘုရား၏၊ သဗ္ဗာပဏေ–ကုန်မျိုးစုံရောင်းသော ဈေး ရုံတော်၌၊ အာယု–အသက်ရှည်ကြောင်း ကုန်မျိုးသည်လည်း ကောင်း၊အရော ဂတာ–အနာကင်းကြောင်း ကုန်မျိုးသည်လည်းကောင်း၊ ဝဏ္ဏံ–အဆင်းလှ ကြောင်း ကုန်မျိုးသည်လည်းကောင်း၊ သဂ္ဂံ–နတ်ပြည်ရောက်ကြောင်း ကုန်မျိုးသည်လည်းကောင်း၊ ဥစ္စာကုလီနတာ–အမျိုးမြတ်ကြောင်း ကုန်မျိုး သည်လည်းကောင်း၊ အသင်္ခတံ–ပြုပြင်စီရင်ခြင်းကင်းသော၊ အမတံ စ– အမြိုက်နိဗ္ဗာန်ကုန်မျိုးသည်လည်းကောင်း၊ အတ္ထိ–ရှိပါပေ၏။

အပ္ပေန–နည်းသည်လည်းဖြစ်သော၊ ဗဟုကေနာပိ–များသည် လည်းဖြစ်သော၊ ကမ္မမူလေန–ကံတည်းဟူသော အဖိုးငွေဖြင့်၊ ဂယှတိ– ဝယ်ယူနိုင်ပေ၏။ ဘိက္ခဝေါ–ရဟန်းတော်များ အိုချစ်သားတို့၊ –

(တုမေ့–သင်တို့သည်)၊ သဒ္ဓါမူလေန–သဒ္ဓါတည်းဟူသောအဖိုးငွေဖြင့်၊ ကိဏိတွာ–ဝယ်ယူ၍၊ သမိဒ္ဓါ–ကြွယ်ဝချမ်းသာသည်၊ ဟောထ–ဖြစ်ကြကုန်လော့။

ငါဘုရားရဲ့ သာသနာ့ဈေးရုံကြီးထဲမှာ အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ ကျန်းမာခြင်းဆိုတဲ့ ကုန်ပစ္စည်းတွေလဲရှိတယ်၊ အမျိုးမြတ်ခြင်းကို ဖြစ်စေနိုင်တဲ့, ရစေနိုင်တဲ့ ကုန်ပစ္စည်းတွေလဲရှိတယ်၊ နတ်ရွာသုဂတိကို ရနိုင်, ရောက်နိုင်တဲ့ ကုန်ပစ္စည်းတွေလဲရှိတယ်၊ အသခ်ေတခတ်နိဗ္ဗာန်ချမ်းသာမြတ်ဆိုတဲ့ ကုန်ပစ္စည်းလဲရှိတယ်–တဲ့။

အဲဒါတွေကို ဘာနဲ့ဝယ်ယူမှရနိုင်သလဲဆိုတော့ သဒ္ဓါတရားအရင်းခံရှိတဲ့ ကံစေတနာနဲ့ဝယ်ယူမှရနိုင်တယ်။ ဒါ့ကြောင့် သဒ္ဓါတည်းဟူသောငွေနဲ့ဝယ်ယူပြီး ချမ်းသာကြွယ်ဝသူတွေဖြစ်အောင် အားထုတ်ကြပါလို့ ဗုဒ္ဓမြတ်စွာဘုရားက တိုက်တွန်းထားတယ် နော်။

ဘဝတိုင်း ဘဝတိုင်းမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း စတဲ့ အကျိုးကျေးဇူးတွေကို ခံစားချင်တယ်ဆိုရင် သာသနာ့ထဲမှာ အသက်ရှည်ကြောင်း အဆင်းလှကြောင်း ကောင်းမှုတွေကိုပြု၊ ဧကန်ရရှိလိမ့်မယ်။

အနာကင်းချင်တယ်၊ နတ်ရွာသုဂတိကို ရချင်တယ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုချင်တယ်၊ အဲဒီ လိုအပ်တာတွေရရှိအောင် ဗုဒ္ဓသာသနာ့ထဲမှာ ကုသိုလ်ကောင်းမှုတွေ ပြုရမယ်၊ ပြုလို့ရတယ်။ လိုချင်တာရည်စူးပြီးတော့ ပြုရမယ်–လို့ မြတ်ဗုဒ္ဓက အာမခံချက်ပေးထားတယ် နော်။

ဒါ့ကြောင့် ဗုဒ္ဓသာသနာတော်ကြီးကို လောကမှာရှိတဲ့ ကုန်မျိုးစုံဆိုင်ကြီးနဲ့တူတယ်–လို့ ဥပမာပေးထားခြင်းဖြစ်တယ်။

သို့သော်လဲ ကုန်မျိုးစုံတွေ ပေါလို့၊ လိုတာဝယ်ယူလို့ရနေပေမယ့်၊ မိမိမှာ ဥစ္စာပစ္စည်းတည်းဟူသော သဒ္ဓါရတနာမရှိရင်တော့ ဝယ်လို့ရမှာမဟုတ်ဘူးပေ့ါ။ ဒါ့ကြောင့် သဒ္ဓါတည်းဟူသော ဥစ္စာပစ္စည်းနဲ့ ရှေဦးစွာပြည့်စုံဖို့တော့လိုအပ်တယ်။

သဒ္ဓါနဲ့သာ၊ တန်းတူစွာ၊ ဥစ္စာဘယ်မရှိ။
လူ့ရပ်နတ်ထံ၊ ချမ်းသာစံ၊ နိဗ္ဗာန်ဘုံအထိ။
ရရှိစေကြောင်း၊ ဥစ္စာကောင်း၊ စုဆောင်းပါလေဘိ။

ဒါကြောင့် သဒ္ဓါတည်းဟူသောဥစ္စာကို စုဆောင်းပါ၊ သဒ္ဓါနဲ့တူတဲ့ ဥစ္စာကောင်းမျိုးဆိုတာ လောကမှာ မရှိနိုင်တော့ဘူး–တဲ့။ ဒီသဒ္ဓါတရားရှိနေခြင်းကြောင့် လူ့ရွာ,နတ်ရွာဆိုတဲ့ ကောင်းရာသုဂတိတွေကို ရနိုင်တယ်၊ နိဗ္ဗာန်တိုင်အောင်သော အကျိုးတွေကို ပေးနိုင်တယ်။ ဒါကြောင့် သဒ္ဓါတည်းဟူသော ဥစ္စာရတနာကို များများစုဆောင်းထားကြဖို့ သိပ်လိုအပ်တယ်။

သဒ္ဓါတည်းဟူသော ဥစ္စာရတနာ မဖြစ်သေးရင်လဲ ဖြစ်ပေါ်လာအောင် အားထုတ်ကြဖို့လိုပါတယ်။

**သဒ္ဓါလေးမျိုး**

ဒီနေရာမှာ သဒ္ဓါလေးမျိုးရှိကြောင်းကို ဟောကြားထားတာရှိတယ်၊ အဲဒီလေးမျိုးက ဘာတွေလဲဆိုတော့–

၁။ ပသာဒသဒ္ဓါ။

၂။ သြကပ္ပနသဒ္ဓါ။

၃။ အာဂမသဒ္ဓါ။

၄။ အဓိဂမသဒ္ဓါ။ (မဇ္ဈိမပဏ္ဏာသ)
စုစုပေါင်း သဒ္ဓါလေးမျိုးပေါ့။

တချို့ သံဃာတော်လေးတွေ သွားတာ, လာတာ, ဝတ်ရုံတာလေးတွေကို ကြည့်လိုက်တော့ ကြည်ညိုစရာလေးတွေ တွေ့မြင်ရတယ်၊ အဲဒါလေးတွေကို ကြည့်ပြီးတော့ ကြည်ညိုစိတ်တွေ၊ ကြည်ညိုမှုတွေ ဖြစ်ကြတယ်၊ ဒီလို ကြည်ညိုမှုမျိုးကိုတော့"ပသာဒသဒ္ဓါ"လို့ ခေါ်ပါတယ်။

ဒီ သဒ္ဓါမျိုးကတော့ သိပ်မခိုင်ဘူး၊ ကြည်ညိုစရာမဟုတ်ဘဲ ကို့ရို့ကားယားတွေကို တွေ့ရင် နဂိုကကြည်ညိုနေတဲ့ ကိုယ်တော်လေးတွေကို မကြည်ညိုချင်တော့ဘူး၊ ဒီလိုဖြစ်တတ်တယ်။ ဒါကြောင့် ဒီသဒ္ဓါမျိုးက သိပ်ခိုင်ခြဲမှုမရှိဘူး။ အဆင့်နိမ့်တယ်။

အကြောင်းအကျိုးတွေကို ထိုးထွင်းသိပြီးတော့ ကြည်ညိုတဲ့ သဒ္ဓါမျိုးကိုတော့ "သြကပ္ပနသဒ္ဓါ"လို့ ခေါ်ပါတယ်။

ဒီ သဒ္ဓါမျိုးကတော့ နဲနဲ အတွင်းကျလာတယ်၊ အဆင့်နဲနဲမြင့်လာတယ်။ သံဃာဆိုရင်လဲ သံဃာတော်တွေရဲ့ ဂုဏ်တွေကို၊ တရားဆိုရင်လဲ တရားတော်ရဲ့ ဂုဏ်တော်တွေကို၊ ဗုဒ္ဓဆိုရင်လဲ ဗုဒ္ဓရဲ့ဂုဏ်တော်တွေကို သဘောကျပြီးတော့မှ ယုံကြည်တယ်၊ ကြည်ညိုတယ်။ စောစောက ပသာဒသဒ္ဓါလို အပေါ်ယံကိုကြည့်ပြီးတော့ ကြည်ညိုတာမျိုး မဟုတ်တော့ဘူး။ အတွင်းသားအထိ သိရှိသက်ဝင်ပြီးတော့မှ ယုံကြည်တဲ့သဒ္ဓါမျိုး။ ပသာဒသဒ္ဓါထက်ပိုပြီးတော့ ရင့်ကျက်သွားပြီပေ့ါ။

နောက်တစ်ခါ၊ ဘုရားအလောင်းများမှာတည်တဲ့ သဒ္ဓါမျိုးကျတော့ "အာဂမသဒ္ဓါ"လို့ ခေါ်ပါတယ်။

ဘုရားအလောင်းများဟာ ဘယ်ဘဝရောက်ရောက် ဘုရားဆုကိုတောင်းတာပဲ၊ ဘုရားဆုမတောင်းတဲ့ ဘဝမျိုးဆိုတာ မရှိဘူးတဲ့။ သူ့ရဲ့ယုံကြည်ချက်ဟာ ဘယ်ဘဝရောက်ရောက် မပြောင်းလဲတော့ဘူးပေ့ါ၊ ဒီလောက်အထိ ခိုင်မြဲနေပြီ၊ ဒီလို ခိုင်မြဲလောက်အောင် ယုံကြည်နေမှု သဒ္ဓါမျိုးကျတော့"အာဂမသဒ္ဓါ"လို့ ခေါ်ပါတယ်။

နောက်တစ်ခါ၊ ဝိပဿနာဘာဝနာတွေကို အားထုတ်လို့ မဂ်ဉာဏ်၊ဖိုလ်ဉာဏ်ကိုရတဲ့ သောတာပန် စတဲ့ ပုဂ္ဂိုလ်တို့ရဲ့ သဒ္ဓါမျိုးကျတော့ "အဓိဂမသဒ္ဓါ"လို့ ခေါ်ပါတယ်။ အဲဒီ ပုဂ္ဂိုလ်များရဲ့ သဒ္ဓါတရားဟာ ဘယ်တော့မှ မပျက်စီးနိုင်တော့ဘူး။

သုပ္ပဗုဒ္ဓလူနူကြီးတို့လိုပေ့ါ၊ ဘုရားထံက တရားတော်တွေ နာကြားရင်း သောတာပန်ဖြစ်သွားတယ်၊ ဒါကို သိကြားမင်းက စမ်းသပ်ကြည့်တယ်၊ အတိုင်းအတာမရှိ လိုချင်သလောက် ရွှေငွေတွေကို ပေးမယ်၊ ဘုရားကို ဘုရားမဟုတ်ဘူး–လို့ ပြောခိုင်းတယ်၊ တရားမဟုတ်ဘူး၊ သံဃာမဟုတ်ဘူး–လို့ ပြောခိုင်းတယ်။ ဒီတော့ သုပ္ပဗုဒ္ဓလူနူကြီးက မပြောနိုင်ဘူးဆိုပြီး ငြင်းပယ်လိုက်ပါတယ်။

အသက်နဲ့လဲပြီးတော့ ယုံကြည်နေပြီ၊ အသက်သာ အသေခံမယ်၊ ရတနာသုံးပါးကို ယုံကြည်တဲ့သဒ္ဓါကိုတော့ ဘယ်တော့မှ အပျက်မခံတော့ဘူး၊ ဒီလောက်အထိ ခိုင်မြဲလှတဲ့ သောတာပန်စတဲ့ အရိယာတို့မှာတည်တဲ့ သဒ္ဓါမျိုးကိုတော့ "အဓိဂမသဒ္ဓါ"လို့ ခေါ်ပါတယ်။

ပေါင်းလိုက်တော့ သဒ္ဒါလေးမျိုး။

အဲဒီ လေးမျိုးထဲမှာ ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတွေအနေနဲ့ ပသာဒသဒ္ဒါနဲ့ ဩကပ္ပနသဒ္ဒါနှစ်မျိုး ဖြစ်ကြရင်ပဲ အလွန်တန်ဖိုးရှိပါပြီ။ ဒါကြောင့် ဒီ သဒ္ဒါတရားဟာ အလွန်တန်ဖိုးရှိတယ်။ သုဂတိဘဝက နတ်တွေတောင်မှ ဘယ်လိုပြောကြသလဲဆိုတာ ကြည့်ပေ့ါ။

**နတ်တွေ စုတေခါနီး နိမိတ်ထင် (ဣတိဝုတ်ပါဠိတော်)**

နတ်သားနတ်သမီးတွေ စုတေခါနီးပြီဆိုရင် နိမိတ်ငါးမျိုးထင်လာလေ့ရှိတယ်။ အဲဒီ ငါးမျိုးက ဘာလဲဆိုတော့–

၁။ မာလာ မိလာယန္တိ–နတ်သားနတ်သမီးတွေ ပြင်ဆင်ထားတဲ့ ပန်းတွေ ညှိုးနွမ်းလာတယ်–တဲ့၊ အဲဒီလို ညှိုးနွမ်းလာရင် သူတို့စုတေတော့မယ်ဆိုတာသိပြီ။

၂။ ဝတ္ထာနိ ကိလိဿန္တိ–ဝတ်ထားတဲ့ အဝတ်အစားတွေ ညှိုးနွမ်းလာတယ်။

၃။ ကစ္ဆေဟိ သေဒါ မုစ္စန္တိ–လက်ကတီးထဲက ချွေးတွေထွက်လာတယ်။

၄။ ကာယေ ဒုဗ္ဗဏ္ဏိယံ ဩက္ကမတိ–ခန္ဓာကိုယ်ရဲ့ အဆင်းတွေ ဖောက်ပြန်လာကြတယ်။

၅။ သကေ ဒေဝေါ ဒေဝါသနေ နာဘိရမတိ–မိမိတို့ ဘုံဗိမာန်မှာ နေထိုင်ရတာ မပျော်ပိုက်တော့ဘူး–တဲ့။ သိပ်ပျော်စရာကောင်းတဲ့ နတ်ဘုံမှာတောင် မပျော်တော့ဘူး။ စုတေခါနီးလာလို့လေ။

နတ်သား နတ်သမီးတွေ စုတေခါနီးပြီဆိုရင် ယခုပြောခဲ့တဲ့ နိမိတ်ငါးမျိုးထင်လာကြတယ်။ ဒီ နိမိတ်တွေထင်လာပြီဆိုရင် သူတို့ စုတေတော့မယ်ဆိုတာ သိကြတယ်။

**မသေသူက အားပေးစကားပြော**

အဲဒီလို နတ်တွေစုတေခါနီး နိမိတ်တွေထင်ပြီးတော့ ညှိုးနွမ်းနေတဲ့၊

မှိုင်နေတဲ့ နတ်သား နတ်သမီးတွေကို အဖော်ဖြစ်တဲ့ နတ်သားနတ်သမီးတွေက အားပေးစကားသုံးခွန်း ပြောကြားတယ်–တဲ့။ ဘာနဲ့တူသလဲဆိုတော့၊ လူမမာတစ်ဦး အသည်းအသန်ဖြစ်နေချိန်၊ မျှော်လင့်ချက် မရှိတော့တဲ့အချိန်မှာ ဘေးလူတွေက အားပေးစကားတို့၊ ဆုံးမစကားတို့ သွားပြီး ပြောပေးသလိုပေ့ါ။

အဲဒီလိုပဲ၊ နတ်တွေ စုတေခါနီးမှာ ဘေးက နတ်သားနတ်သမီးတွေက အနားကပ်ပြီးတော့ အားပေးစကားသုံးခွန်း ပြောကြားကြပါတယ်။

**အားပေးစကားသုံးခွန်း**

၁။ ဣတော ဘော သုဂတိံ ဂစ္ဆ–အမောင်နတ်သားနတ်သမီး၊ ဤနတ်ဘုံက စုတေသွားတဲ့အခါ သုဂတိဘဝကို သွားပါ။

၂။ သုဂတိံ ဂန္တွာ သုလဒ္ဓလာဘံ လဘ–သုဂတိလို့ခေါ်တဲ့ လူ့ပြည်ကိုရောက်ရင် ကောင်းသောလာဘ်လို့ခေါ်တဲ့ ယုံကြည်မှုသဒ္ဓါတရားကို ရအောင်ယူပါ။

၃။ သုလဒ္ဓလာဘံ လဘိတွာ သုပ္ပတိဋ္ဌိတော ဘဝ–ရရှိထားတဲ့ သဒ္ဓါတရားကိုလဲ ကောင်းစွာတည်အောင်ပြုပါ၊ ဝါ–ဘယ်သူဖျက်ဖျက် မပျက်ပါစေနဲ့–တဲ့။

ဒီ စကားသုံးခွန်းကို စုတေခါနီး နတ်သားနတ်သမီးတွေ ထံပါးမှာ သွားရောက် မှာကြားလေ့ရှိကြတယ်။

**သုဂတိဘဝဆိုတာ**

ဘုရားရှင်က အဲဒီလိုဟောကြားတော့ တရားနာနေတဲ့ ရဟန်းပရိသတ်ထဲက ရဟန်းတစ်ပါးက နားမရှင်းလို့ ထပြီးတော့ လျှောက်တယ်။

မြတ်စွာဘုရား–နတ်တွေက သုဂတိဘဝကို သွားပါဆိုတော့ နတ်တွေ ရည်ရွယ်တဲ့ သုဂတိဘဝဆိုတာ ဘယ်လိုဘဝမျိုးကို ပြောတာလဲ ဘုရား–လို့ လျှောက်တယ်။

ဟုတ်ပါတယ်။ နတ်တွေက သုဂတိဘဝလို့ပြောနေတယ် နော်၊ လူတွေအနေနဲ့ကတော့ နတ်ဘုံကို သုဂတိဘုံလို့ပဲ မှတ်ထားကြတာ။

နတ်တွေက သူတို့ရရှိထားတဲ့ ဘဝသည်ပင် သုဂတိဘဝဖြစ်နေပြီးလို့ပဲ၊ သုဂတိဘဝရောက်နေသူက သုဂတိလို့ပြောတော့ ဘယ်ဘုံကို ပြောတာလဲ ဆိုတာ စဉ်းစားစရာပေ့ါ။ ဒီအခါမှာ ဘုရားရှင်က–

ဘိက္ခု–ရဟန်း၊ မနုဿတ္တံ–လူ့ဘဝသည်၊ သုဂတိ–သုဂတိဘုံဘဝမည်၏–လို့ ဖြေကြားတော်မူလိုက်ပါတယ်။ နတ်တွေပြောတဲ့ သုဂတိဆိုတာ တခြားမဟုတ်ဘူး၊ လူ့ပြည်၊ လူ့ရွာကိုပြောတာ–တဲ့။

ဘာဖြစ်လို့လဲဆိုတော့၊ လူ့ဘဝကြီးဟာ ကောင်းမှုကုသိုလ်မျိုးစုံကို ပြုလုပ်နိုင်တဲ့ ဘုံဌာနကြီးဖြစ်လို့ပဲ၊ ဘဝပဒေသာပင်ကြီးပဲ။ ဟောဒီလူ့ဘဝကနေပြီးတော့ နတ်ဘုံကိုလဲ သွားနိုင်တယ်၊ ဗြဟ္မာဘုံကိုလဲ သွားလို့ရတယ်၊ နောက်ဆုံး နိဗ္ဗာန်ရအောင်ပင် အားထုတ်နိုင်တဲ့ လူ့ဘဝကြီး။ ဘုရားအလောင်းတော်ကြီးများ ဘုရားဖြစ်ချိန်တန်ပြီဆိုရင် လူ့ဘုံကို ဆင်းပြီးတော့ ပဋိသန္ဓေယူရတယ်၊ လူ့ဘုံမှာပဲ ဘုရားပွင့်တယ်၊ တခြားဘုံတွေမှာ ဘုရားပွင့်ရိုးထုံးစံ မရှိဘူး။ ဒါကြောင့် နတ်တွေက ဒီလူ့ဘုံကို သုဂတိလို့ သုံးနှုန်းတာပဲ ဖြစ်ပါတယ်။ ဒီလို ဗုဒ္ဓက ဖြေကြားတော်မူတယ်။

နောက်တစ်ခါ၊ နတ်တွေပြောတဲ့ စကားထဲမှာ"သုလဒ္ဓလာဘံ–ကောင်းစွာရအပ်သော လာဘ်" ဆိုတာ ပါနေတယ်။ ဒါက ဘာကိုပြောတာလဲဘုရားလို့ မြတ်စွာဘုရားကိုလျှောက်တော့၊ ဘုရားရှင်က–

**သုလဒ္ဓလာဘ–ဆိုတာ**

ယံ မနုဿဘူတော သမာနော တထာဂတပဝေဒိတေ ဓမ္မဝိနယေ သဒ္ဓံ ပဋိလဘတိ၊ ဣဒံ ခေါ ဘိက္ခု သုလဒ္ဓလာဘသင်္ခါတံ။

လူ့ဘဝကို ရောက်တဲ့အခါ မြတ်ဗုဒ္ဓရဲ့ ဓမ္မဝိနယလို့ခေါ်တဲ့ သာသနာတော်မြတ်ကြီးထဲမှာ "သဒ္ဓံ ပဋိလဘတိ" သဒ္ဓါတရားကို ရရှိခဲ့မယ်ဆိုရင် "သုလဒ္ဓလာဘ"တဲ့။

မြတ်စွာဘုရားရဲ့ သာသနာတော်မြတ်ကြီးထဲမှာ ရတနာသုံးပါး၊ ကံ,ကံရဲ့အကျိုး စသည်တွေကို ယုံကြည်တဲ့ သဒ္ဓါတရားကို ရရှိပြီဆိုရင်၊ ယုံကြည်မှုရှိပြီဆိုရင် "သုလဒ္ဓလာဘ–ကောင်းသော လာဘ်ကြီးကို ရတာပဲ"တဲ့။ သဒ္ဓါတရားကို အမွှမ်းတင်ထားလိုက်တာ နော်။

ဒါ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် အမွမ်းတင်ထားတာ ဖြစ်ပါတယ်။ သဒ္ဓါတရားဆိုတာ ဖြစ်ဖို့မလွယ်ဘူး၊ မလွယ်လို့ ဖြစ်အောင်လုပ်ပါလို့ နတ်တွေက မှာကြားနေတာပဲ။ ဖြစ်ခဲ့ပြီဆိုရင်လဲ ကောင်းသောလာဘ်ကြီးကို ရတာပဲ–တဲ့။

**သုပ္ပတိဋ္ဌိတော ဘဝ–ဆိုတာ**

> သာ ခေါ ပနသ္သ နိဝိဋ္ဌာ ဟောတိ၊ မူလဇာတာ ပတိဋ္ဌာ ဒဠှာ အသံဟာရိယာ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ၊ ဣဒံ ခေါ ဘိက္ခု ဒေဝါနံ သုပ္ပတိဋ္ဌိတဿါတန္တိ။

ကောင်းသောလာဘ်ကိုလဲ မပျက်စီးပါစေနဲ့။ ဘုရားသာသနာတော်မှာ သဒ္ဓါတရားကို ရခဲ့လို့ရှိရင် အဲဒီ သဒ္ဓါတရားကို ဘယ်နတ်ဘယ်ဗြဟ္မာ ဘယ်သူကမှ နှောက်ယှက်ဖျက်ဆီးလို့ မပျက်စီးပါစေနဲ့တဲ့။

အဲဒါကို "သုပ္ပတိဋ္ဌိတော ဘဝ"သဒ္ဓါတရား ရရှိပြီးရင် ခိုင်မြဲပါစေ မပျက်စီးပါစေနဲ့–လို့ နတ်တွေက မှာကြားခြင်းဖြစ်တယ်–လို့ မြတ်ဗုဒ္ဓက မေးလျှောက်တဲ့ ရဟန်းတော်ကို ရှင်းလင်းဖြေကြားတော်မူပါတယ်။ အဲဒီ စကားသုံးခွန်းကို လိုရင်းချုပ်ပြန်ပြောမယ်ဆိုရင်–

၁။ ဒီဘဝက စုတေလျှင် လူ့ဘဝကို ရအောင်ယူပါ။

၂။ လူ့ဘဝကို ရလျှင် ဘုရားရှင်ရဲ့သာသနာတော်မှာ ယုံကြည်တဲ့ သဒ္ဓါတရားကို ရအောင်ယူပါ။

၃။ ရရှိပြီးသဒ္ဓါတရားကိုလဲ ဘယ်သူဖျက်ဖျက်မပျက်ပါစေနဲ့။

လူ့ဘုံကြီးကို သူတို့ ဂုဏ်မြှောက်ထားလိုက်တာ၊ သဒ္ဓါတရားကို ရအောင်ယူဖို့ မှာကြားလိုက်တာ နော်။

ဒါကြောင့် သဒ္ဓါတရားသည် လောကမှာ အမြတ်ဆုံးဖြစ်တဲ့ ဥစ္စာရတနာပဲ၊ တန်ဖိုးရှိ၊ မြင့်မြတ်တဲ့ ရတနာပဲဆိုတာ သဘောကျပါ။

**သဒ္ဓါဆိုတာ လက်နဲ့တူ**

သဒ္ဓါတရားဟာ ဥစ္စာရတနာနဲ့တူတယ်ဆိုတာ သိရပါပြီ။

နောက်တစ်နည်းပြောရအုံးမယ်ဆိုရင် သဒ္ဓါတရားဟာ လက်နဲ့ တူနေပြန်ပါတယ်။

လူတစ်ယောက်ဟာ လက်ပြတ်နေမယ်ဆိုရင် ဘယ်လောက်ပင် ရတနာမျိုးစုံနေတဲ့နေရာကို ရောက်ပင်ရောက်နေငြားသော်လဲ ကောက်ယူနိုင်လိမ့်မယ် မဟုတ်ဘူး၊ လက်ပြတ်နေတာကိုး၊ ဘယ်လိုကောက်ယူလို့ရမလဲ။

ထို့အတူပါပဲ၊ သဒ္ဓါတရား မရှိတဲ့ ပုဂ္ဂိုလ်ဟာလဲ မြတ်စွာဘုရားရဲ့ သာသနာတော်တွင်းမှာ ချမ်းသာအမျိုးမျိုးတွေ ရရှိကြောင်းဖြစ်တဲ့ ရတနာတွေကို မယူနိုင်ဘူး။ ဗောဓိပက္ခိယတရား(၃၇)ပါးတည်းဟူသော ရတနာတွေ၊ သတိပဋ္ဌာန်,သမ္မပ္ပဓာန်ဆိုတဲ့ ရတနာတွေကို ဘယ်နည်းနဲ့မှ မယူနိုင်ပါဘူး–တဲ့။

ဒ့ါကြောင့် သဒ္ဓါတရားတည်းဟူသော လက်ဟာလဲ အရေးကြီးပါတယ်၊ သဒ္ဓါလက်ရှိရင် နေရာမရွေး ရတနာတွေကို ယူနိုင်တယ်၊ သဒ္ဓါတည်းဟူသော လက်ရှိသူဟာ ဘယ်နေရာရောက်ရောက်၊ ကောင်းတဲ့နေရာရောက်ရောက်၊ ဆိုးတဲ့နေရာရောက်ရောက် ကောင်းမှုဆိုတဲ့ ဥစ္စာတွေကို ယူနိုင်ပါတယ်။

## အမှိုက်ပုံထဲကပင် ရတနာယူနိုင်

ယုံကြည်ချက်သဒ္ဓါတရားသာရှိရင် အမှိုက်ပုံထဲကတောင် ကုသိုလ်ချမ်းသာတွေကို ထုတ်ယူနိုင်ပါတယ်။ အမှိုက်ပုံထဲမှာ ဘာတွေရှိသလဲ။ ဉာဏ်ခဲလေးတွေ ရှိတယ်၊ အဆင်းခဲလေးတွေ ရှိတယ်၊ နတ်ရွာစည်းစိမ်ချမ်းသာခဲတွေ ရှိတယ်၊ နိဗ္ဗာန်ချမ်းသာခဲတွေ ရှိနေတယ်၊ ယူတတ်ရင် ရတယ်နော်။

ဒါကြောင့် ကျောင်းကိုလာတယ်၊ အမှိုက်တွေ ရှုတ်နေတယ်၊ ရှင်းလိုက်တယ်၊ လှည်းလိုက်တယ်၊ မိမိလဲစိတ်ကြည်လင်တယ်၊ သူတစ်ပါးတွေလဲ ချမ်းသာသွားတယ်၊ အဲဒီ ကုသိုလ်မျိုးဟာ–

၁။ စိတ်ကြည်လင်တယ်။

၂။ နတ်တွေလဲ ချစ်တယ်။

၃။ အဆင်းလှတယ်။

၄။ သေတဲ့အခါ နတ်ပြည်ရောက်ရတယ်–ဆိုတဲ့အကျိုးတွေကို ရရှိခံစားနိုင်ပါတယ်။

ဒါ သဒ္ဓါတရားရှိမှ နော်၊ သဒ္ဓါတရားမရှိတဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ အမှိုက်ရှင်းဖို့မပြောနဲ့၊ အယောနိသောမနသိကာရနဲ့များဆိုရင် "အမှိုက်တွေကလဲ ရှုတ်လိုက်တာကွာ"ဆိုပြီး အကုသိုလ်စိတ်တွေတောင် ဖြစ်ကြလိမ့်အုံးမယ်၊ သဒ္ဓါရှိတဲ့ပုဂ္ဂိုလ်ကတော့ အဲဒီလိုစိတ်မျိုးမဖြစ်ဘဲ ရှင်းလင်းပစ်လိမ့်မယ်ပေါ့။

သဒ္ဓါရှိရင် အယုတ်ဆုံး အမှိုက်ပုံထဲကတောင် ကုသိုလ်ရတနာတွေကို ထုတ်ယူနိုင်တယ်၊ နောက်ဆုံး အမှိုက်လှည်းတဲ့အတွက် နိဗ္ဗာန်မဂ်ဖိုလ်ကိုတောင် ရရှိနိုင်တယ်။

ဒါကို ထင်ရှားအောင် သာဓကလေးတစ်ခု ထုတ်ပြပါအုံးမယ်–

**သီဟိုဠ်ကျွန်းက အလှပြိုင်ပွဲ**

တစ်ခါက၊ သီဟိုဠ်ကျွန်းမှာ ရဟန်းတော်တစ်ပါးနဲ့ အမတ်ကြီးရဲ့သားတို့ အလှပြိုင်ကြတယ်–တဲ့။

ရဟန်းတော်နဲ့ အမတ်သားလေးတို့ကို ဘယ်သူက လှတယ်, ဘယ်သူက လှတယ်နဲ့ မြို့တွင်းမှာရှိတဲ့လူတွေ ငြင်းခုံနေကြတယ်၊ အဲဒီလို ငြင်းခုံမှုတွေ ဖြစ်နေတဲ့အခါ "ကဲ ဒီလိုဆိုရင် ကောင်းပြီ၊ ရဟန်းတော်နဲ့ အမတ်သား ဘယ်သူက လှသလဲဆိုတာ သိရအောင် အလှပြိုင်ပွဲလုပ်ကြမယ်"ဆိုပြီး သီဟိုဠ်ကျွန်းမှာရှိတဲ့ မဟာစေတီကြီးပေါ်မှာ ပြိုင်ဖို့စီစဉ်ကြတယ်၊ အဲဒီ မဟာစေတီကြီးပေါ်ကို ရဟန်းတော်ရော အမတ်သားလေးရော ကြွ၊ ပရိသတ်တွေလဲ လာကြည့်ကြ၊ ဘယ်သူက လှသလဲဆိုတာအဆုံးအဖြတ်ပေးကြဆိုပြီး စီစဉ်ကြတယ်–တဲ့။

အဲဒီလို စီစဉ်ထားတဲ့အခါ၊ အမတ်သားလေးကို သူ့ရဲ့မိဘဆွေမျိုးတွေက ကောင်းမွန်တဲ့ အဝတ်အစားတန်ဆာတွေကို ဆင်မြန်းပေးကြတယ်၊ လှလှပပ ကျကျနန ဆင်မြန်းပေးပြီးတော့ မဟာစေတီရဲ့ အနောက်မုခ်က ဝင်ရောက်စေတယ်။

ရဟန်းတော်ကိုလဲ သူရဲ့မိခင်လုပ်သူက သင်္ကန်းလေးဘာလေး ကျကျနန ချုပ်၊ ဆေးလေးဘာလေး ဆိုး၊ ခေါင်းလေးကိုလဲ ပြောင်အောင် ရိတ်စေပြီးတော့ ပြင်ဆင်ပေးတယ်ပေါ့၊ ရဟန်းဆိုတော့လဲ ဒီလောက်ပဲ ပြင်လို့ရတယ်လေ၊ အမတ်သားလေးလိုဟော့ ပြင်လို့မဖြစ်ဘူးပေါ့၊ ပြင်ဆင်ပြီးတဲ့နောက် မဟာစေတီရဲ့ အရှေ့မုခ်က ဝင်ပေါ့လေ။

ကဲ–ဆုံကြပြီပေါ့၊ မဟာစေတီမှာ ပြိုင်ကြပြီပေါ့။

အဲဒီ အလှပြိုင်တဲ့ ရဟန်းတော်က ဘယ်သူလဲဆိုတော့ "အဘယ မထေရ်"တဲ့။ ပိဋကတ်တော်တွေကိုလဲ တတ်ကျွမ်းတော်မူတယ်၊ အနာဂါမိမဂ်ဖိုလ်ကိုရနေတဲ့ မထေရ်မြတ်လဲဖြစ်တယ်။ ဒီမှာပဲ ကြည့်ပေါ့၊ ဒီရဟန်းတော်ရဲ့သန္တာန်မှာ သီလ,သမာဓိ,ပညာသိက္ခာသုံးပါးနဲ့ ပြည့်စုံနေပြီ၊ သီလ,သမာဓိ,ပညာတွေ ပြည့်စုံနေပြီဆိုထဲက လှပြီပေါ့။ သီလတည်းဟူသော တန်ဆာသည် ဘယ်အလှတန်ဆာနဲ့မှမတူဘူး–တဲ့။

**သီလတန်ဆာ အလှဆုံး**

သီလံ ယောဂိဿ လင်္ကာရော ၊ သီလံ ယောဂိဿ မဏ္ဍနံ။

သီလေဟိ လင်္ကတော ယောဂီ ၊ မဏ္ဍနေ အဂ္ဂတံ ဂတော။

သီလံ–သီလသည်၊ ယောဂိဿ–ကမ္မဋ္ဌာန်းတရား အားထုတ်လေ့ရှိသော ယောဂီပုဂ္ဂိုလ်၏၊ အလင်္ကာရော–တန်ဆာတည်း၊ သီလံ–သီလသည်၊ ယောဂိဿ–ကမ္မဋ္ဌာန်းတရား အားထုတ်လေ့ရှိသော ယောဂီပုဂ္ဂိုလ်၏၊ မဏ္ဍနံ–နိမ့်ရာအရပ်ကို ဖို့သိပ်ကြောင်းဖြစ်သော နံ့သာပါတည်း၊ သီလေဟိ–သီလတို့ဖြင့်၊ အလင်္ကတော–တန်ဆာဆင်အပ်သော၊ယောဂီ–ယောဂီပုဂ္ဂိုလ်သည်၊ မဏ္ဍနေ–သီလရတနာတန်ဆာတည်းဟူသောအကြောင်းကြောင့်၊ အဂ္ဂတံ–မြတ်သောပုဂ္ဂိုလ်၏ အဖြစ်သို့၊ ဂတော– ရောက်ရလေသတည်း . . .။ (ဒီ၊ဋ္ဌ၊၁)

သီလတည်းဟူသောတန်ဆာကို ဆင်မြန်းထားရင် ဘယ်သူမှ နှိုင်းယှဉ်လို့ မရအောင်မွန်မြတ်တယ်၊ လှ,ပတယ်–တဲ့။ အဲဒီ အဘယမထေရ်သည်လဲ သီလနဲ့ ပြည့်စုံနေတယ်၊ ထို့အပြင် သမာဓိတွေနဲ့လဲ ပြည့်စုံနေပါတယ်၊ အနာဂါမိမဂ်ဖိုလ်ဆိုတဲ့ ပညာတွေနဲ့လဲ ပြည့်စုံနေတယ်။

အမတ်သားလေးကတော့ အပေါ်ယံပြင်ဆင်မှုသာရှိနေတယ်၊ အတွင်းပိုင်းတန်ဆာများဖြစ်တဲ့ သီလ,သမာဓိ,ပညာဆိုတဲ့ တန်ဆာတွေကတော့ သူ့မှာ နဲနဲမှ မရှိဘူး၊ ဒါကြောင့် ရဟန်းတော်နဲ့ အမတ်သားလေးကို ကြည့်လိုက်ရင် တော်တော်ကွာခြားနေတယ် နော်၊ အဲဒီလို ကွာခြားနေကြတာကြောင့် ပြိုင်ပွဲမှာ ရဟန်းတော်ကအနိုင်ရသွားတယ်–တဲ့။

## အလှပြိုင်သူနှစ်ဦး၏ အတိတ်ကံ

ဒါနဲ့ ရဟန်းတော်က ရှုံးသွားတဲ့ မင်းသားလေးထံကို သွားပြီးတော့ "ငါကိုယ်တော်ကြီး လှည်းတဲ့အမှိုက်တွေကို ကျုံးတဲ့သူက ငါနဲ့များ ယှဉ်ပြိုင်ဝံ့တယ်ကွာ"လို့ ပြောလိုက်တယ်–တဲ့။ ဒီတော့ အမတ်သားလေးဟာ တော်တော် စိတ်မကောင်းဖြစ်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့–

ဘဝတစ်ခုမှာ ဒီ အဘယမထေရ်ဟာ ရဟန်းအိုကြီး၊ ကျောင်းဝန်းထဲမှာ တံမျက်လှည်းပေ့ါ၊ ခုနက အမတ်သားလေးက ရဟန်းအိုကြီးလှည်းတဲ့ အမှိုက်တွေကို ကျုံးရတဲ့ပုဂ္ဂိုလ်။

အဲဒီ တံမျက်လှည်းတဲ့ ကောင်းမှုကြောင့် ရဟန်းအိုကြီးက ယခု အနာဂါမ်တည်နေတဲ့ အဘယမထေရ်ဖြစ်လာတယ်၊ အမှိုက်ကျုံးသူကတော့ အမတ်သားလေးဖြစ်လာခဲ့တယ်။

အဲဒါ အမှိုက်လှည်းရ, ကျုံးရတဲ့ ကုသိုလ်ကံတွေပဲ၊ အမှိုက်ထဲက အနာဂါမိမဂ်ဉာဏ်ဖိုလ်ဉာဏ်တွေကို ထုတ်ယူသွားတာပဲ။ လောကီစည်းစိမ်ချမ်းသာတွေကို ထုတ်ယူသွားတာပဲ။

မိလိန္ဒမင်းတို့ အရှင်နာဂသိန်တို့ကိုလဲ ကြည့်ပေ့ါ။ ဒီ အတိုင်းပဲ၊ တစ်ဘဝမှာ မိလိန္ဒမင်းကြီးက ကိုရင်လေးဘဝနဲ့ အမှိုက်ကျုံးရတယ်၊အရှင်နာဂသိန်မထေရ်မြတ်က ရဟန်းဘဝနဲ့ အမှိုက်လှည်းတယ်၊ အဲဒီ ကုသိုလ်ကံတွေကြောင့် အမှိုက်ကျုံးသူက မိလိန္ဒမင်းကြီးဖြစ်၊ အမှိုက်လှည်းသူက အရှင်နာဂသိန်ဖြစ်လာတယ်၊ သာသနာတော်မှာ အလွန်ထင်ရှားကျော်ကြားခဲ့ကြပါတယ်။ ဒါလဲပဲ အမှိုက်ထဲက ထုတ်ယူသွားကြတဲ့ ကောင်းမှုရဲ့ အကျိုးအာနိသင်တွေပဲ။

သဒ္ဓါတရားရှိသူတွေမှ နော်၊ သဒ္ဓါတရားရှိရင် မပြောပလောက်တဲ့ အမှုလေးတွေကြောင့်လဲ ကြီးကျယ်မြင့်မြတ်တဲ့ အကျိုးကျေးဇူးတွေကို

ရရှိခံစားရပါတယ်။ ဒါကြောင့် သဒ္ဓါတရားဟာ သိပ်အရေးကြီးတယ်။ ဒီသဒ္ဓါတရားကို အခြေခံပြီးတော့မှ နောက်ဆုံးပန်းတိုင်ဖြစ်တဲ့ မဂ်ဖိုလ် နိဗ္ဗာန်တွေကို ဆွတ်ခူးလို့ရတယ်။

ဗုဒ္ဓသာသနာတော်မြတ်ကြီးနဲ့ ကြုံတွေ့နေကြတဲ့ ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမအပေါင်းသူတော်ကောင်းတွေအနေနဲ့ ဒီသဒ္ဓါတရားကို မိမိတို့နှလုံးသားထဲမှာ တည်ရှိနေအောင် ကြိုးစားကြပါ။ ကြိုးစားပြီးတော့ မိမိတို့ လိုလားတောင့်တနေတဲ့ လောကီစည်းစိမ်ချမ်းသာတွေ၊ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာတွေကို ရရှိခံစားနိုင်အောင် ကြိုးစားကြပါ။ ကြိုးစားနိုင်ကြပါစေလို့ ဆုတောင်းရင်း တရားနိဂုံးချုပ်ရအောင်---

**ဒါနံ ဒဒန္တု သဒ္ဓါယ ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။**

**ဘာဝနာဘိရတာ ဟောန္တု ၊ တရန္တု ဘဝသာဂရံ။**

**သဒ္ဓါယ**–ရတနာသုံးတန်, ကံ ကံ၏အကျိုး, မြတ်နိုးယုံကြည်, ဂုဏ်ရည်ထင်ရှား, သဒ္ဓါတရားဖြင့်၊ **ဒါနံ**–ဖယောင်းတစ်တိုင်, ပန်းတစ်ခိုင်နှင့်, စွမ်းနိုင်သမျှ, ပေးလှူကြသည့်, ဒါနခေါ်ရိုး, ဝိဝဋ္ဋကုသိုလ်မျိုးကို၊ **ဒဒန္တု**–စေတနာသုံးပါး, ညီစွာထား၍, လှူဒါန်းနိုင်ကြပါစေကုန်သတည်း။

**သီလံ**–ငါးပါးရှစ်ပါး, ဆယ်ပါးစသည်, ထိုဣမျှားလှ, ကျင့်သီလကို၊ **သဗ္ဗဒါ**–နေ့ရော ညဥ့်ပါ, ဘယ်ခါမယိမ်း, အခါခပ်သိမ်း၊ **ရက္ခန္တု**–မကျိုး မပေါက်, မညိုးခြောက်အောင်, ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။

**ဘာဝနာဘိရတာ**–သမထဝိပဿနာ, ဘာဝနာလုပ်ငန်း, အထက်တန်းတို့၌, ရွှင်လန်းမွေ့လျော်, အပျော်ကြီးပျော်ကြကုန်သည်၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း။

**ဘဝသာဂရံ**–ကာမ ရူပ, အရူပဟု, ဘဝပင်လယ်, ရေပြင်ကျယ်ကြီးကို၊ **တရန္တု**–ကူးမြောက်နိုင်ကြပါစေကုန်သတည်း။

**တရန္တု**–မဂ္ဂင်ရှစ်ထွေ, သင်္ဘောလှေဖြင့်, အောင်မြေကြွငှန်း, နိဗ္ဗာန်နန်းသို့, စခန်းမထောက်, လမ်းမကောက်ဘဲ, ကူးမြောက်နိုင်ကြပါစေကုန် သတည်း။

ပန်းငွေ့ရုံဆရာတော်

# ဈာပန ဒေသနာ

သောင်ကြီးကျေးရွာ၊ သာသနာ့ဝေပုလ္လကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ဆရာတော်ဘုရားကြီး၏ အန္တိမဈာပန သာဓုကီဠနသဘင်ဆင်ယင်ကျင်းပတဲ့ ဒီနေ့မှာ ဘုန်းကြီးအနေနဲ့ သံဝေဂဓမ္မဒေသနာပြုခြင်းဖြင့် နောက်ဆုံးအနေနဲ့ ကျေးဇူးဆပ်ရပါမယ်။ ဆရာတော်ဘုရားကြီးဟာဘုန်း ကြီးတို့အပေါ်မှာလည်းကောင်း, ဘုန်းကြီးတို့ရဲ့ စာသင်တိုက်အပေါ်မှာလည်းကောင်း ကျေးဇူးတွေ ရှိနေပါတယ်။

အဲဒီ ကျေးဇူးတွေကို နောက်ဆုံး ဓမ္မဒါနပြုခြင်းနဲ့ ပေးဆပ်ရပါမယ်–။

သရီရဿ ဂုဏာနဉ္စ ၊ ဒူရမစ္စန္တမန္တရံ။

သရီရံ ခဏဝိဒ္ဓံသိ ၊ ဂုဏာ တု ကပ္ပဋ္ဌိတိယော။

သရီရဿ စ–ခန္ဓာကိုယ်ကြီး၏လည်းကောင်း၊ ဂုဏာနဉ္စ–ဂုဏ်ကျေးဇူးတို့၏လည်းကောင်း၊ အန္တရံ–ကွယ်ပျောက် ပျက်စီးခြင်းသည်၊ အစ္စန္တံ–အမှန်စင်စစ်အားဖြင့်၊ အတိဒူရံ–အလွန်ဝေးကွာလှပါပေ၏။

သရီရံ– ခန္ဓာကိုယ်ကြီးသည်၊ ခဏဝိဒ္ဓံသီ–တစ်ခဏလေးအတွင်းမှာပင် ပျက်စီးသွားတတ်ပါပေ၏။

ဂုဏာ တု–ဂုဏ်ကျေးဇူးတို့သည်ကား၊ ကပ္ပဋ္ဌိတိယော–ကမ္ဘာဆုံးသည့်တိုင်အောင် တည်တံ့နေကြပါပေကုန်သတည်း . . .။

**သရီရနဲ့ ဂုဏ**

သရီရရယ်, ဂုဏရယ် နှစ်မျိုး။ ဘုန်းကြီးတို့တတွေ ရရှိထားကြတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားအပေါင်းကို "သရီရ"လို့ ခေါ်ပါတယ်၊ အဲဒီ သရီရလို့ခေါ်တဲ့ ခန္ဓာကိုယ်ကြီးကို အမှီပြုပြီးတော့ ဂုဏဆိုတဲ့ ဂုဏ်တွေ၊ ကျေးဇူးတွေ ပေါ်ပေါက်လာပါတယ်။ လူ့ဘဝ လူ့ခန္ဓာကြီးကို ရရှိပြီဆိုရင် ဒီ ခန္ဓာကြီးနဲ့ စပ်ပြီးတော့ ဂုဏ်ကျေးဇူးဆိုတာ အနည်းနဲ့ အများဆိုသလို ရရှိကြစမြဲပါ၊ အဲဒီ ဂုဏ်ကျေးဇူးတွေကိုတော့ "ဂုဏ"လို့ ခေါ်ပါတယ်။

အဲဒီ ဂုဏ်ကျေးဇူးတွေနဲ့ ရယူထားတဲ့ ခန္ဓာကိုယ်ကြီးနှစ်မျိုးတို့ ဘယ်လို ကွာခြားကြသလဲ ဆိုရင်–

သရီရံ–ခန္ဓာကိုယ်ကြီးသည်၊ ခဏဝိဒ္ဓံသိ–တစ်ခဏလေးအတွင်း မှာပင် ပျက်စီးသွားတတ်ပါပေ၏–တဲ့။

ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကတော့ တစ်ခဏလေးအတွင်း မှာ ပျက်စီးသွားတတ်ပါတယ်၊ ယခု ဒီဘဝမှာ ရရှိထားတဲ့ ခန္ဓာကိုယ်သည် ဒီဘဝမှာပဲ စွန့်ထားခဲ့ရပါတယ်၊ ကွယ်ပျောက်ပျက်စီးသွားပါတယ်။

ဒီသဘောတရားတွေကို ဆင်ခြင်မယ်ဆိုရင် သံဝေဂဉာဏ်တွေ, ဝိပဿနာဉာဏ်တွေ ဖြစ်ပါတယ်၊ ဘုန်းကြီးတို့ရဲ့ ဆရာတော်ဘုရားကြီး ကို ကြည့်ပေ့ါ။ သူ ရယူထားတဲ့ ခန္ဓာကိုယ်ကြီးကို ယခု စွန့်ခွာသွားရပြီ၊ မကြာလိုက်ပါဘူး နော်၊ ပျက်စီးသွားပြီ၊ တစ်ဘဝဇာတ်သိမ်းပြီး ချုပ်ငြိမ်း သွားပါပြီ။ မိမိတို့ မျက်မြင်ကိုယ်တွေ့ပါပဲ။

သူသူ ငါငါ သတ္တဝါမှန်သမျှတို့ရဲ့ခန္ဓာဟာလဲ ဆရာတော်ဘုရား ကြီးရဲ့ ခန္ဓာကိုယ်ကြီးလိုပါပဲ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဧကန်မုချ ကွယ်ပျောက်ပျက်စီး ဆုံးရှုံးကြရမှာပါပဲ၊ အနေးနဲ့ အမြန်ပါပဲ။ ဒီ သဘော တွေကို စဉ်းစားဆင်ခြင်ပြီး သံဝေဂဉာဏ်တွေ များများယူကြပါ။ ဒါဟာ ခန္ဓာကိုယ်ကြီးရဲ့ သဘောပါပဲ။

နောက်ပြီး၊ ဒီ ခန္ဓာကိုယ်ကြီးကို အကြောင်းပြုပြီးတော့ ရရှိထား ကြတဲ့ ဂုဏ်ကျေးဇူးဆိုတာတွေလဲ ရှိနေပါတယ်။

ဂုဏာတု–ခန္ဓာကိုယ်ကြီးကို အမှီပြုပြီးတော့ ရရှိထားတဲ့ –

ဂုဏ်ကျေးဇူးတို့သည်ကား၊ ကပ္ပဋ္ဌိတိယော–ကမ္ဘာဆုံးတိုင်အောင် တည်တံ့နေကြပါပေကုန်၏–တဲ့။

ရရှိထားတဲ့ ဂုဏ်ကျေးဇူးတွေကတော့ ဘယ်တော့မှ မပျက်စီးတော့ပါဘူး၊ ကမ္ဘာဆုံးသည့်တိုင်အောင် တည်ရှိပြီးတော့ နေခဲ့ပါလိမ့်မယ်။ ဒါ ခန္ဓာကိုယ်နဲ့ ဂုဏ်ကျေးဇူးတို့ရဲ့ ကွာခြားချက်ပါပဲ။

## ဆရာတော်၏ ဂုဏ်ကျေးဇူးအချို့

ဘုန်းကြီးတို့ ဆရာတော်ဘုရားကြီးရဲ့ခန္ဓာဟာ ယခု ပျက်စီးသွားခဲ့ပါပြီ၊ ခန္ဓာပျက်စီးသွားပေမယ့် ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးတွေကတော့ ဘယ်တော့မှ ပျက်တော့မှာ မဟုတ်ဘူး၊ တို့တတွေအပေါ်မှာ ကျန်ရစ်နေခဲ့မယ်။ တပည့်သံဃာတော်တွေအပေါ်မှာကော, မြတ်စွာဘုရားရဲ့ သာသနာတော်ကြီးအပေါ်မှာပါ ဂုဏ်ကျေးဇူးတွေ ကျန်ရစ်ခဲ့မယ်။

ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို ပြောမယ်ဆိုရင်၊ သာသနာတော်မှာ ဂုဏ်ကျေးဇူးတွေ ကြီးမားခဲ့ပါတယ်၊ သီလဂုဏ်တွေ၊ သမာဓိဂုဏ်တွေ၊ ပညာဂုဏ်တွေ အင်မတန်မှ ကြီးမားပါတယ်။

ခန္တိဂုဏ်တွေ၊ မေတ္တာဂုဏ်တွေ ကြီးမားတော်မူပါတယ်။ သီတင်းသုံးဖော်တွေအပေါ်မှာလဲ ကာယကံမေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာတွေ ကြီးမားတော်မူပါတယ်၊ အမြဲပြည့်ဝနေပါတယ်။ သိမ်မွေ့တဲ့ စကားကိုသာ ပြောဆိုလေ့ရှိတယ်။ ဆရာတော်ဘုရားကြီး ကြမ်းကြမ်းတမ်းတမ်းပြောဆိုတာ ဘုန်းကြီး တစ်ခါမှ မတွေ့ခဲ့ဘူး၊ ဘုန်းကြီးတို့နဲ့ ဟွေ့ဆုံတဲ့အခါဆိုလဲ ဒီလိုပဲ၊ စကားပြောဆိုတာ သိမ်မွေ့လှတယ်၊ မြင်လိုက် တွေ့လိုက်ရင်လေ ဆရာတော်ဘုရားကြီးရဲ့ အတွင်းသန္တာန်မှာ မေတ္တာ, စေတနာ, ခန္တီ စတဲ့ နူးညံ့သိမ်မွေ့တဲ့တရားတွေ ပြည့်ဝနေတယ်ဆိုတာ တော်တော်လေး ထင်ရှားပါတယ်၊ မနောမှာ သိမ်မွေ့နေလို့ ရုပ်မှာလာပြီးတော့ သိမ်မွေ့တာပေ့ါ။

သွားတဲ့ အခါမှာလဲ သန္တိန္ဒြိယ–အင်မတန်မှ ငြိမ်သက်တဲ့ ဣန္ဒြေရှိတော်မူတယ်၊ သဏှစိတ္တ–သိမ်မွေ့တဲ့ စိတ်ရှိတော်မူတယ်။

မိမိအတွက်လဲ ယခုလို သီလ, သမာဓိ, ပညာတွေပြည့်ဝအောင်

ဖြည့်ကျင့်ထားတော်မူတယ်၊ တပည့်ရဟန်းသံဃာတွေ၊ တပည့်ဒါယကာ ဒါယိကာမတွေအပေါ်မှာလဲ ဆရာတော်ဘုရားကြီးဟာ နက်နဲတဲ့ သဘာဝ ဓမ္မတရားတော်တွေကို ဟောကြားတော်မူလေ့ရှိတယ်။

တရားတော်တွေကို ဟောကြားတဲ့ အခါမှာ ပါဠိတော်,အဋ္ဌကထာ, ဋီကာတွေမှာ လာရှိတဲ့စကားတွေကို ကျကျနန လေးလေးနက်နက် ဟောကြားတော်မူလေ့ ရှိပါတယ်။ သွန်သင်ဆုံးမတော်မူလေ့ရှိပါတယ်။ ဒီ ဂုဏ်ကျေးဇူးတွေဟာ ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမအပေါင်းတွေ အပေါ်မှာ အမြောက်အများ ကျန်ရစ်ခဲ့ပါတယ်။

ကိုယ်တိုင်လဲ စတုရာရက္ခတရားလေးပါးကို လက်ကိုင်ထားတော်မူပါတယ်။

**စတုရာရက္ခတရား လေးပါး**

ဒီ စတုရာရက္ခတရားလေးပါးနဲ့ ပြည့်စုံဖို့ဆိုတာလဲ အရေးကြီးပါတယ်။

၁။ သတ္တဝါတွေအပေါ်မှာ ကျန်းမာချမ်းသာစေဖို့ မေတ္တာဘာဝနာတွေ ပွားရမယ်။

၂။ အတုမရှိ ဗုဒ္ဓရှင်တော်မြတ်ရဲ့ ဂုဏ်တော်တွေကို ပွားများရမယ်။

၃။ နေ့စဉ် နေ့စဉ် မိမိရဲ့ ခန္ဓာကိုယ်ကြီးကို အသုဘဘာဝနာ ရှုရမယ်။

၄။ ငါသည် ကေန်မုချသေရလတ္တံ့၊ ငါသည် ကေန်မုချသေရလတ္တံ့-လို့ မရဏာဿတိဘာဝနာတွေလဲ ပွားများရမယ်။

ဒီ လေးမျိုးကို "စတုရာရက္ခတရားလေးပါး"လို့ ခေါ်ပါတယ်။ မြန်မာလိုတော့"ကိုယ်စောင့်တရားလေးပါး"လို့ ခေါ်ပါတယ်။ဘုန်းကြီးတို့ ဆရာတော်ဘုရားကြီးဟာ ဒီတရားလေးပါးကို အမြဲလက်ကိုင်ပြုခဲ့ပါတယ်။

**သတိလွတ်တော်မမူ**

ဘုန်းကြီးတို့ ကြားသိရတာလေ။ မကျန်းမမာ အပြင်းအထန်

ဖြစ်နေတဲ့ အချိန်မှာတောင်မှ ဆရာတော်ဘုရားကြီးဟာ ဒီ ကိုယ်စောင့် တရားလေးပါး လက်မလွှတ်ဘူး–တဲ့။

မမေ့သတိ၊ ရောက်ရှိနိဗ္ဗာန်။

မေ့တဲ့သူများ၊ သေပွားကြိမ်ဖန်။

သတိတစ်လုံး၊ စွဲသုံးယူရန်။

မြတ်ဘုရား၊ ဟောကြားအဖန်ဖန်။

သတိမမေ့တဲ့သူဟာ သေလွန်ရင် သုဂတိ, နိဗ္ဗာန်ချမ်းသာတွေကို ရနိုင်တယ်၊ မြတ်စွာဘုရားကလဲ "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ" မမေ့တဲ့ သတိတရားလက်ကိုင်ထားပြီးတော့ နေကြဖို့ မှာကြားတော်မူထား ပါတယ်။

ဘုန်းကြီးတို့ ဆရာတော်ဘုရားကြီးဟာ စုတိစိတ်ကျခါနီးအထိ စတုရာရက္ခတရားတွေကို အမြဲသတိကပ်ပြီးတော့ ဆင်ခြင်သွားနိုင်ခဲ့ပါ တယ်။ ဒါကြောင့် ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို ထုတ် ဖော်ရရင် ကုန်နိုင်မှာမဟုတ်ပါဘူး။ ဒီ ဂုဏ်ကျေးဇူးတွေဟာ "ကပ္ပဋ္ဌိတိ ယော"ဆိုတဲ့အတိုင်း ကမ္ဘာဆုံးတိုင် တည်ရစ်ခဲ့လိမ့်မယ်၊ ဘယ်တော့မှ မပျောက်ကွယ်နိုင်တော့ပါဘူး။

**ကျန်ရစ်သူများကဂုဏ်ကျေးဇူးတွေမမေ့သင့်**

ဒါကြောင့် အဲဒီ ဂုဏ်ကျေးဇူးတွေကို တို့ ဒါယကာ ဒါယိကာမ အပေါင်းတွေ အာရုံပြုကြရမယ်၊ ရည်မှန်းကြရမယ်၊ အာရုံပြု ရည်မှန်းပြီး တော့ ပူဇော်ကြရမယ်။ တို့ဆရာတော်ဘုရားကြီး မရှိတော့သော်လဲ ဆရာ တော်ဘုရားကြီးရဲ့ကိုယ်စား ဆုံးမဩဝါဒတွေ၊ တရားဓမ္မတွေ ကျန်ရစ် ခဲ့တယ်၊ ဒါတွေဟာ တို့ဆရာတော်ဘုရားကြီးရဲ့ ကိုယ်စားပဲ,လို့ အာရုံ ပြု ပူဇော်ကြရမယ်၊ လိုက်နာကျင့်သုံးကြရမယ်။

ဘုန်းကြီးတို့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသွားခဲ့တာ နှစ် ပေါင်း နှစ်ထောင့်ငါးရာကျော်ခဲ့ပြီ၊ သို့သော်လဲ ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဂုဏ် ကျေးဇူးတွေဟာ မြောက်များစွာ ကျန်ရစ်ခဲ့တယ်၊ အရှင်သာရိပုတ္တရာ,အရှင် မဟာမောဂ္ဂလာန် စတဲ့ သာဝကကြီးတွေ၊ သူတို့ရဲ့ ဂုဏ်ကျေးဇူးတွေဟာလဲ

ယနေ့တိုင်အောင် ကျန်ရစ်နေတုံး၊ ထင်ရှားနေတုံးပါပဲ။

ယခုလဲ ဒီလိုပါပဲ၊ ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ကြွမြန်းတော်မူခဲ့ပေမယ့် ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးတွေ ကျန်ရစ်ခဲ့တယ်။

**ဓမ္မပူဇာ အရေးကြီး**

ဂုဏ်ကျေးဇူးတွေကို ပူဇော်ကြတဲ့ အခါမှာလဲ အာမိသပူဇာထက် ဓမ္မပူဇာက ပိုပြီးအရေးကြီးပါတယ်။ ဓမ္မပူဇာနဲ့ ဘယ်လိုပူဇော်ကြမလဲ–

ဆရာတော်ဘုရားကြီးကတော့ ဘဝနတ်ထံ ကြွမြန်းစံဝင်တော်မူခဲ့ပါပြီ၊ ရရှိထားတဲ့ ခန္ဓာကြီးကို စွန့်ခွာထားခဲ့ရပြီ၊ ခန္ဓာကိုယ်ရဲ့ သဘောသည် ပျက်စီးကုန်ဆုံးခြင်းသဘောရှိတယ်၊ တစ်နေ့ကျရင် တို့ရဲ့ခန္ဓာကိုယ်လဲ စွန့်ပစ်ထားခဲ့ကြရမယ်၊ ဆရာတော်ဘုရားကြီးရဲ့ မရဏသဘောကို မိမိတို့ရဲ့ ခန္ဓာထဲရောက်အောင် ယူဆောင်ပြီး မရဏဿတိဘာဝနာ ပွားများကြရမယ်၊ ဒါဟာ ဓမ္မပူဇာပဲပေါ့၊ ဒီလို ပူဇော်မှ ပိုပြီးတော့ သဘာဝကျတယ်၊ ကျေးဇူးဆပ်ရာလဲရောက်တယ်။

ဒီနေရာမှာ မရဏဿတိဘာဝနာပွားနည်းကို သတိထားဖို့ လိုအပ်လာပါတယ်။

**အို,နာ,သေကိုအကြောင်းပြုပြီးတော့**

သူအိုကြီးက၊ မှန်မှချ၊ တရားပြသည်မှာ။

ငါအိုသလိုပဲ၊ သင်တို့လဲ၊ မလွဲအိုရမှာ။

လူအိုကြီးကို တွေ့တဲ့အခါ၊ ဘယ်လို နှလုံးသွင်းရမလဲ၊ ငါ့ကို တရားပြနေတာပဲ၊ ငါအိုသလို တစ်နေ့ကျရင် အိုရအုံးမှာပဲ–လို့ တရားပြနေတာပဲလို့ နှလုံးသွင်းမိအောင်၊ သံဝေဂဉာဏ်တွေဖြစ်အောင် အားထုတ်ကြရမယ်။ ဒီလိုနှလုံးသွင်းပြီးရင် ဘာတွေဆက်လုပ်သင့်သလဲ–

**မအိုခင်က၊ မြတ်ပုည၊ ပြုမှတော်မည်သာ။**

မအိုခင်ကြိုတင်ပြီးတော့ ဒါန,သီလ,ဘာဝနာ–ကောင်းမှုတွေကို ပြုလုပ်ထားရမယ်–လို့ နှလုံးသွင်းကြရမယ်၊ ပြုလဲ ပြုလုပ်ကြရမယ်။

**နောက်တစ်ခါ–**

သူနာကြီးက၊ မှန်မှချ၊ တရားပြသည်မှာ။

ငါနာသလိုပဲ၊ သင်တို့လဲ၊ မလွဲနာရမှာ။

ဆရာတော်ဘုရားကြီးဟာ နာနေတုံးကလဲ တရားတွေပြသွားခဲ့တယ်၊ ရန်ကုန်က ပြန်ကြွလာတော့ ဘုန်းကြီးတို့လာပြီး ဖူးမြော်ကန်တော့သေးတယ်၊ ဆရာတော်ဘုရားကြီးဟာ ညောင်စောင်းပေါ်မှာ ရောဂါဝေဒနာတွေ ပြင်းစွာခံစားနေရရှာတယ်။ ဘုန်းကြီးကတော့ သံဝေဂတွေဖြစ်ပြီးတော့၊ အော်–ဆရာတော်ဘုရားကြီး နာရသလို ငါလဲပဲ တစ်နေ့ကျရင် ဒီလိုပဲ နာဘေးနဲ့ ကြုံတွေ့ရအုံးမယ်–လို့ နှလုံးသွင်း သံဝေဂတွေယူခဲ့ပါတယ်။ ဘုန်းကြီးတို့ တရားနာပရိသတ်လဲ ဒီလိုပဲပေါ့၊ နာသူကိုတွေ့တဲ့အခါ ငါတို့လဲ နာရအုံးမယ်, နာရအုံးမယ်လို့ သံဝေဂဉာဏ်တွေသက်ဝင်အောင် အားထုတ်ကြရမယ်။

မနာခင်က၊ မြတ်ပုညာ၊ ပြုမှတော်မည်သာ။

ဒီလို နာဘေးနဲ့ တစ်နေ့ကျရင် ရင်ဆိုင်ကြရမှာ သေချာတယ်၊ ရှောင်လွှဲလို့ မရကြဘူး၊ အဲဒီတော့ ဘာတွေ ကြိုတင်ပြီး လုပ်ထားရမလဲ၊ ဒါန, သီလ, ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှုတွေကို ကြိုတင်ပြီးတော့ပြုလုပ်ထားရမယ်၊ ဒါမှ နောက်ဘဝအတွက် ကောင်းကျိုးတွေ ဆက်လက်ပြီးတော့ ခံစားကြရမယ်။

သူသေကြီးက၊ မှန်မှချ၊ တရားပြသည်မှာ။

ငါသေသလိုပဲ၊ သင်တို့လဲ၊ မလွဲသေရမှာ။

ယခုကြည့်ပေ့ါ၊ ဆရာတော်ဘုရားကြီးရဲ့ ရုပ်ကလာပ်ကြီးလေ၊ လာလာသမျှ ပရိသတ်တွေကို တရားတွေ ပြနေတယ်၊ ငါ့လိုပဲ သေရအုံးမယ်, ငါ့လိုပဲ သေရလိမ့်အုံးမယ်–လို့ တရားတွေ ပြနေတာ၊ သံဝေဂတွေများများယူကြ၊ "မသာတစ်ခေါက်, ကျောင်းဆယ်ခေါက်"တဲ့၊ ကျောင်းကိုဆယ်ခေါက်ရောက်လို့ ဒီလို သံဝေဂမျိုးဖြစ်ဖို့ မလွယ်ဘူး၊ မသာတစ်ခေါက်ရောက်ရင် ဒီသံဝေဂဉာဏ်မျိုးတွေ ဖြစ်နိုင်ပါတယ်။ ဖြစ်အောင်လဲ ယူမိကြဖို့လိုပါတယ်။

အသေခင်က၊ မြတ်ပုညာ၊ ပြုမှတော်မည်သာ။

မသေခင်က ကုသိုလ်ကောင်းမှုတွေ ကြိုတင်ပြုလုပ်ထားကြရမယ်။ ဒါမှ သေရကျိုးနပ်မယ်၊ လူ့ဘ၀ကို ရကျိုးနပ်မယ်။

အဲဒီလို အိုခြင်း,နာခြင်း,သေခြင်းဆိုတဲ့ ဘေးဆိုးတွေနဲ့ တွေ့ကြုံရတဲ့အခါ ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ သံဝေဂဉာဏ်တွေပွားထားကြရမယ်။ ဒါမှ တကယ်တမ်း ရင်ဆိုင်ရတဲ့အခါ သက်သာရာရမယ် နော်။

## မငိုကြွေးကြနဲ့

ဒါကြောင့် သရီရလို့ခေါ်တဲ့ ခန္ဓာကိုယ်ကြီးကတော့ ပျက်စီးသွားမှာ သေချာပါတယ်၊ ပျက်စီးမှုကို အကြောင်းပြုပြီးတော့ မငိုကြွေးရဘူး၊ မပူဆွေးရဘူး။ သာဓကလေးတစ်ခု ပြောပြပါ့မယ်–

ဘုန်းကြီးတို့ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်တော့မယ်ဆိုတော့ အရင်းနှီးဆုံး အချစ်ခင်ဆုံးဖြစ်တဲ့ အရှင်အာနန္ဒာဟာ ငိုကြွေးလိုက်တာဆိုတာ၊ ဗုဒ္ဓရဲ့ ရှေ့တော်မှောက်မှာ ငိုကြွေးလို့ မဖြစ်တော့ တန်ဆောင်းဝန်းကိုသွားပြီး တံခါးဘောင်လေးကိုင်ပြီးတော့ ငိုကြွေးလိုက်တာ၊ ပူဆွေးသောကတွေ ရောက်လိုက်တာ။

ငါသည် သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုပဲ ရသေးတယ်၊ အထက်မဂ် အထက်ဖိုလ်ဉာဏ်တွေကိုရဖို့ အားထုတ်ရန်ကိစ္စတွေ ရှိနေသေးတယ်၊ ငါရဲ့နောင်တော် ပရိနိဗ္ဗာန်စံဝင်တော့မယ်ဆိုတော့––ဒီလို တွေးတွေးပြီး ငိုကြွေးတော်မူရှာတယ်။ သောတာပန်ပဲ ရှိသေးတယ်ဆိုတော့ ဒေါသကိလေသာက မကုန်သေးတော့ ငိုကြွေးတော်မူတာပေါ့။

ဗုဒ္ဓမြတ်စွာဘုရားက သံဃပရိသတ်ထဲ ကြည့်လိုက်တော့ အရှင်အာနန္ဒာကို မတွေ့လို့ သံဃာတော်တွေကို မေးတော်မူတယ်၊ ဒီအခါမှာ သံဃာတော်အရှင်မြတ်တွေက "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားရှင်အာနန္ဒာသည် စောင်းတန်းဝန်းသို့ သွားပြီးတော့ ငိုကြွေးနေပါတယ်ဘုရား"လို့ လျှောက်ထားကြတယ်။

ဒီတော့ ဘုရားရှင်က ခေါ်ခိုင်းလိုက်ပါတယ်၊ အရှင်အာနန္ဒာ ဗုဒ္ဓရှေ့တော်မှောက်ရောက်တဲ့အခါ–

ချစ်သား အာနန္ဒာ၊ မငိုကြွေးလေနဲ့၊ မပူဆွေးလေနဲ့။

ချစ်ခင်သူတွေနဲ့ ခွဲခွာရမယ့်အကြောင်းကို ငါဘုရား စောစောကပင် မိန့်တော်မူခဲ့ပြီ၊ ဖြစ်ပေါ်လာတဲ့ တရားအားလုံးဟာ ပျက်စီးတတ်တဲ့ သဘောရှိတယ်လို့လဲ မိန့်တော်မူခဲ့ပြီ၊ အယုတ်ဆုံးပြောမယ် အာနန္ဒာ၊ ငါဘုရားရဲ့ ခန္ဓာကိုယ်ကြီးကိုပင် မပျက်စီးပါနဲ့လို့ တောင့်တလို့ မရပါဘူး– စသည်ဖြင့် အရှင်အာနန္ဒာရဲ့ သောကတွေကို ငြိမ်းအောင် ဆုံးမသတိပေးတော်မူရှာပါတယ်။ ငါဘုရားရဲ့ ခန္ဓာကိုယ်သော်မှ မပျက်စီးပါစေနဲ့လို့ တောင့်တလို့ မရဘူး–တဲ့။

## တောင့်တမရ ငါးဌာန

ပဉ္စိမာနိ ဘိက္ခဝေ အလဗ္ဘနီယာနိ ဌာနာနိ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ။ ကတမာနိ ပဉ္စ။ ဇရာဓမ္မံ "မာ ဇီရီ"တိ အလဗ္ဘနီယံ ဌာနံ။ ။ဗျာဓိဓမ္မံ "မာ ဗျာဓီယီ"တိ။ ။မရဏဓမ္မံ "မာ မီယီ"တိ။ ။ နဿနဓမ္မံ "မာ နဿီ"တိ။ ။ခယဓမ္မံ "မာ ခီယီ"တိ အလဗ္ဘနီယံ ဌာနံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ။ (ပဉ္စင်္ဂုတ္တိုရ်၊ အလဗ္ဘနီယဌာနသုတ်)

၁။ အိုခြင်းသဘောကို မအိုပါနဲ့လို့ တောင့်တလို့ မရဘူး။

၂။ နာခြင်းသဘောကို မနာပါနဲ့လို့ တောင့်တလို့ မရဘူး။

၃။ သေခြင်းသဘောကို မသေပါနဲ့လို့ တောင့်တလို့ မရဘူး။

၄။ ပျက်စီးခြင်းသဘောတရားကို မပျက်စီးပါစေနဲ့လို့ တောင့်တလို့ မရဘူး။

၅။ ကုန်ဆုံးတတ်တဲ့ သဘောကို မကုန်ဆုံးပါစေနဲ့လို့ တောင့်တလို့ မရဘူး။

ဒီငါးမျိုးဟာ ဘယ်သူမှ တောင့်တလို့ မရနိုင်တဲ့ ငါးမျိုးပဲ။ ဒါကြောင့် ငါဘုရားရဲ့ ခန္ဓာကိုယ်ကိုပင် မပျက်စီးပါစေနဲ့လို့ တောင့်တလို့ **မရဘူး အာနန္ဒာ**။ **သင် အာနန္ဒာသည် ငါဘုရားရဲ့အပေါ်မှာ ကြီးစွာသော** ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာတို့ဖြင့် ပြုစုခဲ့ပြီ၊ ကျွေးမွေးစောင့်ရှောက်ခဲ့ပြီ။ ဒါ့ကြောင့် သင်ဟာ ကမ္မဋ္ဌာန်းတရားကိုသာ

ကျိုးစားပြီး အားထုတ်ပါ၊ ကမ္မဋ္ဌာန်းတရားကို အားထုတ်လို့ရှိရင်၊ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာနိဗ္ဗာန်ကို မျက်မှောက်ပြုရပေလိမ့်မယ် အာနန္ဒာ။

ဒီလို ဗုဒ္ဓက အရှင်အာနန္ဒာကို မိန့်ကြားတော်မူပါတယ်၊ နှစ်သိမ့်တော်မူပါတယ်။ ဒီတော့မှ အာနန္ဒာလဲ သက်သာရာရလို့ ပြုဖွယ်ကိစ္စတွေကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

## သောကတွေ ပြေကြပါ

ယခုလဲပဲ၊ ဘုန်းကြီးတို့ရဲ့ ဆရာတော်ဘုရားကြီးရဲ့ ရုပ်ကလာပ်ကို ကြည့်ပြီးတော့ တို့ဒါယကာဒါယိကာမအပေါင်း သူတော်ကောင်းတွေလဲ သောကမီးတွေ,ပရိဒေဝမီးတွေတော့ တောက်လောင်ကြလိမ့်မယ်ပေါ့၊ အဲဒီမီးတွေကို ဘယ်လို ငြိမ်းအောင် စဉ်းစားရမလဲဆိုတော့–

စောစောက မြတ်ဗုဒ္ဓကနေ အရှင်အာနန္ဒာကို မိန့်ကြားသလိုပေါ့။ ဆရာတော်ဘုရားကြီးရဲ့အပေါ်မှာ တို့တတွေသည် ကာယကံမေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာတွေများစွာဖြင့် ပြုစုခဲ့ပြီ၊ စောင့်ရှောက်ခဲ့ပြီ၊ မမာမကျန်း ဖြစ်နေစဉ်ကလဲ ဆေးဝါးဓာတ်စာတွေ အမျိုးမျိုးနဲ့၊ အကျော်အမော် ဆရာဝန်တွေနဲ့ ကုသခဲ့ပြီ၊ အနှစ် နှစ်ဆယ်လုံးလုံးလဲ ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ခဲ့ရပြီ၊ လှူဒါန်းခဲ့ရပြီ၊ အနှစ် နှစ်ဆယ်လုံးလုံး ဆရာတော်ဘုရားကြီးရဲ့ အဆုံးအမတွေ, ဩဝါဒတွေကို နာကြားခဲ့ရပြီ၊ ကျင့်သုံးခဲ့ရပြီ။ အားရလောက်ပြီ၊ ကျေနပ်လောက်ပြီ ပေါ့။ ဒီနည်းနဲ့ သောကပရိဒေဝမီးတွေကို ကင်းပျောက်အောင် ငြိမ်းအောင် ပြုလုပ်ကြရမယ်။

သောကပရိဒေဝတွေ တောက်လောင်ပြီးတော့ နေကြမယ်ဆိုရင် အကျိုးမရှိဘူး၊ သောကပရိဒေဝတွေကို ငြိမ်းစေပြီးတော့မှ ဆရာတော်ဘုရားကြီးရဲ့ ရုပ်ကလာပ်ကို သဂြိုဟ်မယ်ဆိုရင် အကျိုးကျေးဇူးတွေရှိမယ်၊ ဆရာတော်ဘုရားကြီးကို ကျေးဇူးဆပ်ရာလဲရောက်မယ်၊ ရုပ်ကလာပ် ပို့ဆောင်တဲ့အခါ အသီးသီး မရဏာဃတီလေးတွေကို ပွားပြီးတော့ နေကြမယ်ဆိုရင် တို့ ဒါယကာဒါယိကာမအပေါင်း သူတော်ကောင်းတို့ရဲ့ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းမှာ ကုဋေပေါင်း တစ်သန်း တစ်သန်းမကတဲ့ ကုသိုလ်တွေ၊ တန်ဖိုးတွေ ရရှိနိုင်ပါတယ်။ ဆရာတော်ဘုရားကြီးရဲ့

ဩဝါဒ,အဆုံးအမတွေကိုလဲ လိုက်နာရာရောက်ပါတယ်၊ ဒါကြောင့် မရဏာ သတိလေးတွေကို ပွားပြီးတော့ နေကြရမယ်။ ဗုဒ္ဓမြတ်စွာကလဲ ဘယ်လို မိန့်ကြားဖူးသလဲဆိုတော့–

**မရဏာဿတိ နာနာပွားပါ–တဲ့**

မရဏဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ အမတောဂဓာ အမတပရိယောသာနာ၊ ဘာဝေထ နော တုမှေ ဘိက္ခဝေ မရဏဿတိံ။(ဆက္ကအင်္ဂုတ္တိုရ်)

ဘိက္ခဝေ–အို–နာ–သေရေး, ဒုက္ခဘေးမှ, လွတ်ရေးလိုလား, အို ချစ်သားတို့၊ ဘာဝိတာ–စဉ်းစားမပြတ်, ပွားများအပ်သော၊ ဗဟုလီ ကတာ–ကြိမ်ကြိမ်ထပ်ထပ်, လေ့လာအပ်သော၊ မရဏဿတိ–သေချည့် သေချည့်, မြဲမရှိဟု, စွဲသိမှတ်သား, မရဏဿတိတရားသည်၊ မဟပ္ဖလာ– သမထကိန်း, ရာဂငြိမ်း၍, ခပ်သိမ်းပြီးစီး, အကျိုးကြီးသည်၊ မဟာနိ သံသာ–ပီတိသောမနဿ, ပါမောဇ္ဇနှင့်, ကာယသုခ, အာနိသင်ရှိသည်၊ အမတောဂဓာ–အို နာ သေရေး, ဒုက္ခဘေးမှ, ငြိမ်းအေးလွန်မြောက်, နိဗ္ဗာန်သို့ရောက်စေတတ်သည်၊ အမတပရိယောသာနာ–ဒုက္ခငြိမ်းပျောက်, နိဗ္ဗာန်ရောက်မှ, ပြီးမြောက်ကုန်ဆုံး, အကျိုးတုံးသည်၊ ဟောတိ–မုချမသွေ, ဖြစ်ပါပေ၏။ ဘိက္ခဝေ–အိုနာသေရေး, ဒုက္ခဘေးမှ, လွတ်ရေးလိုလား, အိုချစ်သားတို့၊ တုမှေ–သင်တို့သည်၊ မရဏဿတိံ–ဓမ္မတာသဘာဝ, အချိန်ကျက, ဇီဝမတည့်, သေရမည်ဟု, ကြံစည်စဉ်းစား, အောက်မေ့ခြင်း သတိတရားကို၊ ဘာဝေထ–မနားဖွေရှာ, ပွားများကြပါကုန်လော။

မရဏ–ဆိုတာ သေတာ။ မရဏဿတိ–ဆိုတာက အဲဒီ သေခြင်း တရားကို ဆင်ခြင်အောက်မေ့တာ၊ သေတယ်ဆိုတာ ရုပ်ဇီဝိတ, နာမ်ဇီဝိတ တွေ တစ်ဘဝအတွင်းမှာ ဆက်ကာဆက်ကာ ဖြစ်နေရာက ပြတ်စဲသွား တာကို "သေတယ်"လို့ ခေါ်ပါတယ်။ အဲ့ဒီ သေခြင်းတရားကို အမှတ် ရနေတာကို "မရဏဿတိ"လို့ ခေါ်ပါတယ်။

အဲဒီ မရဏဿတိကို မိမိတို့ရဲ့ သန္တာန်မှာ အကြိမ်ကြိမ်အဖန်ဖန် ဖြစ်ပေါ်နေအောင် ပွားများနေရတာကို "မရဏဿတိဘာဝနာ"လို့ခေါ် ပါတယ်။

**မရဏာလေးမျိုး**

ဒီနေရာမှာ "မရဏ"ဆိုတာနဲ့ ပတ်သက်လို့၊ မရဏလေးမျိုး ရှိပါတယ်။ အဲဒီ လေးမျိုးက–

၁။ ဇီဝိတိန္ဒြိယုပစ္ဆေဒကမရဏ။

၂။ ခဏိကမရဏ။

၃။ သမ္မုတိမရဏ။

၄။ သမုစ္ဆေဒမရဏ။

ဒီ သေခြင်းလေးမျိုးထဲက ဘယ်သေခြင်းမျိုးကိုသာလျှင် မရဏ သတိပွားလို့ ရသလဲဆိုတော့၊ ဇီဝိတိန္ဒြိယုပစ္ဆေဒကမရဏမျိုးကိုသာလျှင် မရဏာသတိဘာဝနာပွားလို့ ရပါတယ်။ ပွားများတဲ့ အခါမှာ ပါဠိလိုတော့ "မရဏံ မေ ဘဝိဿတိ၊ မရဏံ မေ ဘဝိဿတိ"လို့ပွားများရပါတယ်။

မြန်မာလိုဆိုရင်တော့ "ငါသည် ဧကန်မုချ သေရမယ်၊ ငါသည် ဧကန်မုချ သေရမယ်"လို့ အဓိပ္ပာယ်ရပါတယ်။ အဲဒီလို အမြဲမပြတ် ပွားများကြပါလို့ မြတ်ဗုဒ္ဓက တိုက်တွန်းဟောကြားတော်မူပါတယ်။

**ဘာဝနာပွားရကျိုး**

မဟပ္ဖလာ–သမထကိန်း, ရာဂငြိမ်း၍, ခပ်သိမ်းပြီးစီး, အကျိုးကြီးသည်–တဲ့။ ဒီ မရဏာသတိဘာဝနာကို ပွားများရင် ရာဂတွေ ငြိမ်းပါတယ်။ ခန္ဓာကိုယ်အပေါ်မှာလည်းကောင်း၊ ရှိရှိသမျှ ရုပ်နာမ်ဓမ္မသင်္ခါရတွေ အပေါ်မှာလည်းကောင်း တပ်မက်မှုရာဂတွေ ငြိမ်းအေးနိုင်ပါတယ်။

မဟာနိသံသာ–ပီတိသောမနဿ, ပါမောဇ္ဇနှင့်, ကာယသုခိ, အာနိသံရှိသည်–တဲ့။ မရဏာသတိဘာဝနာပွားရင် ရာဂတွေ ငြိမ်းသွားနိုင်တယ်။ ရာဂငြိမ်းရင် စိတ်ထဲမှာ ပီတိတွေဖြစ်, ဝမ်းမြောက်မှု သောမနဿတွေ ဖြစ်ပြီးတော့ ကာယသုခ–ခေါ်တဲ့ ကိုယ်ချမ်းသာမှု အကျိုးကျေးဇူးတွေ ရရှိနိုင်ပါတယ်။

အမတောဂဓာ–အိုနာသေရေး, ဒုက္ခဘေးမှ, ငြိမ်းအေးလွန်မြောက်, နိဗ္ဗာန်သို့ရောက်စေတတ်သည်–တဲ့။

အို နာ သေ–ဆိုတဲ့ တရားဆိုးတွေကင်းဝေးရာ နိဗ္ဗာန်တိုင်အောင် ရောက်စေနိုင်တယ်။

အမတပရိယောသာနာ–ဒုက္ခငြိမ်းပျောက်, နိဗ္ဗာန်ရောက်မှ, ပြီးမြောက်ကုန်ဆုံး, အကျိုးတုံးသည်။

မရဏာဿတိကို ပွားများအားထုတ်ရင် သူ့ရဲ့ ကျေးဇူးတရားတွေဟာ ပွားများသူ နိဗ္ဗာန်ရောက်မှ အကျိုးပေး ကုန်ဆုံးတယ်၊ နိဗ္ဗာန်အထိ ရောက်စေနိုင်တယ်၊ ပို့ဆောင်ပေးနိုင်တယ်–တဲ့။

ဒါကြောင့် ယခုလဲ အဲဒီလိုရရှိနိုင်တဲ့ အကျိုးတွေကို မြော်ကိုးပြီးတော့ မရဏာဿတိဘာဝနာလေး ပွားများကြရအောင် နော်။

ယခု ပွားများမယ့် မရဏာဿတိဘာဝနာမျိုးက သေသွားသူတွေအပေါ်မှာ ကျရောက်ပြီးတော့နေတဲ့ သေခြင်းသဘောတရားကို မိမိခန္ဓာကိုယ်ပေါ်သို့ ရောက်အောင်ယူပြီး ဆင်ခြင်ပွားများတဲ့နည်းပါ။ ဒီနည်းကို "ဥပသံဟရဏာနည်း" လို့ ခေါ်ပါတယ်၊ အဲဒီနည်းနဲ့ ဆင်ခြင်ရအောင်။

ဘုန်းကြီးက ဆင်ခြင်ပြပါ့မယ်၊ ပရိသတ်တို့က နောက်ကလိုက်ပြီး အာရုံပြုကြ။

**ပုဂ္ဂိုလ်အထူး ခုနစ်ဦးဖြင့် ဆင်ခြင်ပုံ**

ရှေဦးစွာ ဘယ်လို နှလုံးသွင်းထားရမလဲဆိုတော့၊ အင်မတန်မှ အခြံအရံ အကျော်စောတွေနဲ့ ပြည့်စုံကြီးမားတဲ့ စကြဝတေးမင်းကြီး၊ လေးကျွန်းလုံးကို အစိုးရတဲ့ မင်းကြီး၊ စည်းစိမ်အခြံအရံတွေကလဲ မပြောနိုင်လောက်အောင် ပြည့်စုံကုံလုံကြွယ်ဝတဲ့ မင်းကြီး၊ အဲဒီ စကြာမင်းကြီးသည် နောက်ဆုံး သေမင်းနောက်ကို လိုက်သွားရတယ်၊ သေမင်းကခေါ်ဆောင်သွားတယ်၊ တို့လို ပုဂ္ဂိုလ်မျိုးတွေကတော့ ဆိုဖွယ်မရှိဘူး–လို့ နှလုံးသွင်းထားရမယ်။ အာရုပြုထားကြ။

(၁)– ဤမရဏာသည်၊ ခြံရံများလှ၊ မဟာသမ္မတမင်း၊ စကြာမင်းကို သော်လည်း၊ မကွင်းမရှောင်၊ အသက်ဆောင်သည်။ ငါသို့သောသူ–ဆိုဖွယ်မရှိပါတကား . . .။ (သာဓု–)

နောက်တစ်မျိုးဆင်ခြင်ရမှာက၊ ရှေးတုံးက ဘုန်းကံထူးခြားခဲ့ကြတဲ့ ဇောတိကသူဌေးတို့ ဇဋိလသူဌေးတို့ဆိုတာ ရှိတယ်၊ အဲဒီ ပုဂ္ဂိုလ်ကြီးတွေဟာ ဘုန်းကံကြီးမားကြတယ်၊ ပစ္စည်းဥစ္စာရတနာတွေနဲ့လဲ အလွန်တရာပြည့်စုံတယ်၊ ချမ်းသာတယ်၊ အဲဒီ ပုဂ္ဂိုလ်ကြီးတွေကော ယနေ့ရှိကြတော့ရဲ့လား၊ မရှိကြတော့ဘူး၊ သေမင်းထံမှောက်ကို ရောက်ကုန်ကြပြီ။ တို့ ဆရာတော်ဘုရားကြီးကော၊ ပြောစရာမရှိဘူး။ တို့တတွေကော၊ ပြောစရာမရှိဘူး။ တစ်နေ့နေ့တော့ သေမင်းထံမှောက်ကို ရောက်ကြရမှာ ဧကန်ပါပဲ၊ အဲဒီလို နှလုံးသွင်းပြီးတော့–

(၂)– ဘုန်းထူးကံရှိ၊ ဇောတိကသော၊ ဇဋိလသောမကျန်၊ ဘုန်းကံတဝင်းဝင်းနှင့်၊ သေမင်းထံမှောက်၊ရောက်ရသေးသည်။ငါသို့သောသူ၊ ဆိုဖွယ်မရှိပါတကား . . .။ (သာဓု–)

သတ္တိကောင်းတဲ့နေရာမှာ သူမတူအောင် ကောင်းခဲ့ကြတဲ့ စစ်သူကြီးတွေ၊ စစ်တိုက်တဲ့နေရာမှာ စစ်ပွဲတိုင်းအောင်နိုင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ၊ ဘိမသေနစစ်သူကြီးတို့၊ ဝါသုဒေဝမင်းကြီးတို့ပေါ့၊ အလွန်ထင်ရှားခဲ့ကြတယ်၊ ရဲစွမ်းသတ္တိတွေနဲ့ ပြည့်စုံပြီး တိုက်ပွဲတွေမှာ အောင်နိုင်သူတွေဖြစ်ခဲ့ကြတယ်၊ ဇမ္ဗူဒိပ်ကျွန်းလုံးမှာ မင်းတကာ့မင်းတို့ကို အောင်ပွဲဆင်နိုင်ခဲ့ကြသူတွေလေ။ အဲဒီလို စစ်သူကြီးတွေတောင်မှ သေမင်းနဲ့တိုက်ပွဲဆင်တဲ့အခါကျတော့ မအောင်နိုင်တော့ဘူး၊ အရှုံးပေးလိုက်ကြရတယ်၊ လက်မြှောက်လိုက်ကြရတယ် နော်၊ ငါတို့လို ပုဂ္ဂိုလ်မျိုးမှာတော့ ပြောစရာမရှိတော့ဘူးပေါ့၊ ဒီလို သတိလေးကပ်ပြီးတော့–

(၃)– သတ္တိခွန်အား၊ ကြီးမားဘက်ကင်း၊ ဝါသုဒေဝမင်းကြီး၊ ဘိမသေနစစ်သူကြီးတို့သော်မှလည်း၊ ဇမ္ဗူအတွင်း၊ အမင်းမင်းကို အောင်ခြင်းကြီးအောင်ပြီးမှ၊ မရဏာထံပါး၊ အရောက်သွားရသေးသည်။ ငါသို့သောသူ၊ ဆိုဖွယ်မရှိပါတကား။ (သာဓု–

နောက်တစ်မျိုး နှလုံးသွင်းရမှာက၊ သိကြားမင်းစံတဲ့ ဝေဇယန္တာပြာသာဒ်ကြီးကို ခြေမနဲ့လှုပ်လိုက်တာ သွက်သွက်ခါသွားတာပဲတဲ့။တန်ခိုးကြီးလိုက်တာ နော်၊ အဲဒါ ဘယ်သူလဲ၊ မြတ်ဗုဒ္ဓပြီးရင် တန်ခိုးအရာမှာ ဧတဒဂ်ဘွဲ့ရထားတဲ့ အရှင်မဟာမောဂ္ဂလာန်မထေရ်ကြီးပေါ့၊ ဘုရားရှင်ရဲ့ လက်ဝဲရံပုဂ္ဂိုလ်ကြီး၊ ဝေဇယန္တာပြာသာဒ်ကိုတောင် လှုပ်ခါနိုင်လောက်တဲ့

တန်ခိုးကြီးမားတဲ့ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီး၊ ယနေ့ မရှိ တော့ဘူး နော်၊ သေမင်းထံမှောက်ကို ရောက်သွားခဲ့ပါပြီ၊ တန်ခိုးရှင်ကြီးလဲ မရဏမင်းနဲ့ကျတော့ တန်ခိုးမပြနိုင်တော့ဘူး၊ သူ့တန်ခိုးက အစွမ်းမထက် တော့ဘူး၊ တို့လိုပုဂ္ဂိုလ်မျိုးတွေကတော့ ဘာပြောစရာရှိတော့မှာလဲ–တဲ့။ ဆင်ခြင်ရမယ် နော်–

(၄)– သိကြားမင်းစံရာ၊ ဝေဇယန္တာကို၊ ခြေမဖြင့်သာ၊ လှုပ်ခါနိုင်လှ၊ အဂ္ဂသာဝက၊ တန်ခိုးရှင်သော်မှလည်း၊ ကြောင်ခံတွင်းကြွက် အသွင်၊ မရဏခံတွင်းသို့၊ တန်ခိုးပါ ဝင်ရသေးသည်။ ငါသို့ သောသူ၊ ဆိုဖွယ်မရှိပါတကား . . .။ (သာဓု–)

နောက်ပြီးတော့ ဧတဒဂ်ရတဲ့ ပုဂ္ဂိုလ်ကြီး၊ မြတ်စွာဘုရားရဲ့လက်ျာ တော်ရံ ပုဂ္ဂိုလ်ကြီး၊ အရှင်သာရိပုတ္တရာပေ့ါ။ မြတ်စွာဘုရားပြီးလျှင် ပညာ အရာမှာ ဘယ်သူမှ မယှဉ်နိုင်ဘူး၊ ပညာအကြီးဆုံးပုဂ္ဂိုလ်ပဲ။ ကောင်းကင်က ကျလာတဲ့ မိုးစက်မိုးပေါက်လေးတွေကိုတောင် လိုက်ပြီးရေတွက်နိုင်တယ်– တဲ့။ ဒီလောက်တောင် ပညာတွေ ထက်မြက်နေသော်လဲ နောက်ဆုံးမှာတော့ မရဏသေမင်းထံမှောက် ရောက်ခဲ့ရပါတယ်။ ဒ့ါကြောင့်–

(၅)– လိုင်းကြီးလှေအောက်၊ တောင်ကြီးဖဝါးအောက်၊ ဘုရားရှင်မှတ ပါး၊ ပညာကြီးလျှင်၊ အရှင်သာရိပုတ္တရာအောက်၊ ဤမျှလောက် ပညာထက်သော်လည်း၊ အသက်ဉာဏ်စောင့်ကာ၊ သေမင်းအလို သို့၊ လိုက်ရသေးသည်။ ငါသို့သောသူ၊ ဆိုဖွယ်မရှိပါတ ကား . . .။ (သာဓု–)

နောက်ပုဂ္ဂိုလ် တစ်မျိုးကို ကြည့်ရအောင်။ လောကမှာ တစ်သီး တစ်ခြား ပွင့်တော်မူလေ့ရှိကြတဲ့ ပစ္စေကဗုဒ္ဓါတွေ၊ အဲဒီ အရှင်မြတ်တွေဟာ ကြံ့ချိုပမာ ကျင့်တော်မူကြတယ်၊ ကြံ့များမှာ ချိုတစ်ချောင်းပဲရှိတယ်၊ ဘယ်ခြိုမှာမှ ငြိတွယ်စရာ မရှိဘူး၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များလဲပဲ ကြံ့ချိုပမာ ငြိစရာ, ကိလေသာခြုံနွယ် မရှိ၊ ကင်းရှင်းပြီးတော့နေကြပါ တယ်၊ သို့သော်လဲ သေမင်းရဲ့ခြုံနဲ့ကျတော့ ရှောင်တိမ်းလို့ မရတော့ဘူး၊ ငြိတွယ်ရတော့တာပဲ။ တို့တွေတော့ ဘာပြောဖွယ်ရှိတော့မှာလဲ။

(၆)– သယမ္ဘူဓာတ်၊ ဉာဏ်တော်မြတ်ဖြင့်၊ ထောင့်ငါးရာသတ်၊–

ကိုယ်လွတ်ဝိမုတ္တိ၊ မကပ်ညိထိုထို၊ ကြံချိုပမာ၊ ပစ္စေကဗုဒ္ဓါ တို့သော်မှလည်း၊ သေမင်းခြိမ်းနှယ်၊ ငြိတွယ်ရသေးသည်။ ငါ သို့သောသူ ဆိုဖွယ်မရှိပါတကား . . .။ (သာဓု–)

နောက်ဆုံး ပုဂ္ဂိုလ်တစ်ဦးကတော့ ဗုဒ္ဓရှင်တော်ဘုရားပဲ။ ဗုဒ္ဓရှင် တော်ဘုရားဟာ လက္ခဏာတော်ကြီးငယ် အသွယ်သွယ်တို့ဖြင့်လည်း ကောင်း၊ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့်လည်းကောင်း၊ ဆန်းကြယ် လှတဲ့ရူပကာယ ရှိတော်မူပါတယ်။ သီလ,သမာဓိ, စတဲ့ အရာတွေမှာလဲ ပြည့်စုံကုံလုံတယ်၊ ဘယ်သူနဲ့မှ နှိုင်းယှဉ်လို့မရ၊ တု,ပ လို့ မရ၊ အတုမရှိ၊ အတူမရှိတဲ့ မြတ်စွာဘုရားပဲ။ ဘုန်းကံကြီးမားတဲ့ မြတ်စွာဘုရား။ လူနတ် ဗြဟ္မာသတ္တဝါတို့ ဦးခိုက်ရာဖြစ်တဲ့ မြတ်စွာဘုရား။ အဲဒီ ဂုဏ်သတ္တိ ပေါင်းစုံနဲ့ ပြည့်စုံနေတဲ့ မြတ်ဗုဒ္ဓသည်ပင် မရဏမိုးကိန်းဖြင့် ခန္ဓာတော် ငြိမ်းတော်မူခဲ့ရပါတယ်။ တို့လိုပုဂ္ဂိုလ်မျိုးတွေကတော့ ဆိုဖွယ်ရာမရှိတော့ ပါဘူး။ အဲဒီလို သတိပညာလေး ကပ်ထားရမယ် နော်။ ဒါကြောင့်–

(၇)–သမ္မာသမ္ဗုဒ္ဓဘုရားရှင်သည်၊ လက္ခဏာကြီးငယ်၊ ရောင်ခြည် တော်ခြောက်သွယ်ဖြင့်၊ ဆန်းကြယ်သော ရူပကာယရှိတော်မူ ၏၊ သီလ သမာဓိ တုမရှိ၊ ဓမ္မကာယ ပြည့်၏၊ ယသ–ပုည ထာမ–ဣဒ္ဓိ၊ ကြီးဘိ ပညာ၊ ငါးဖြာလုံလောက်၊ အထွတ်အထိပ် သို့ရောက်၏၊ အတုမရှိဘုရားရှင်ဖြစ်လျက်၊မိုးခသည့်မီးတမျှ၊ မရဏမိုးကိန်းဖြင့်၊ ခန္ဓာတော်ငြိမ်းရသေးသည်။ ငါသို့သော သူ ဆိုဖွယ်မရှိပါတကား . . .။ (သာဓု–)

အေး–ဒီလောက်ဆိုရင် သံဝေဂဉာဏ်လေးတွေ ဖြစ်လောက်ပါပြီ၊ မရဏသတိတွေ ပွားရပါပြီ၊ သောက,ပရိဒေဝတွေ ငြိမ်းသင့်သလောက် ငြိမ်းကြပါပြီ၊ ယခုလိုပဲ အမြဲမပြတ် ဆင်ခြင်ရှုပွားနေကြရမယ် နော်။ ဒါကြောင့်–

နိုလ္လဒ္ဓံ ဝီတသာရဒ္ဓံ ၊ သဗ္ဗသတ္တာဘိမဒ္ဒနံ။

တယိဒံ မာဒိသံ သတ္တံ ၊ ကထံ နာဘိ ဘဝိဿတိ။

နိလ္လဒ္ဓံ–အရှက်မရှိသော၊ ဝီတသာရဒ္ဓံ–အကြောက်မရှိသော၊ သဗ္ဗသတ္တာဘိမဒ္ဒနံ–အလုံးစုံသော သတ္တဝါတို့ကို နှိပ်စက်ခြင်းငါ –

အားမနာသော၊ တယိဒံ–ထို မရဏာသေမင်းသည်၊ မာဒိသံ သတ္တံ–ငါ ကဲ့သို့သောသူကို၊ ကထံ နာဘိ ဘဝိဿတိ–အဘယ်မှာ မနှိပ်စက်ဘဲရှိ ပါအံ့နည်း၊ ဘဝိဿတိ ဧဝ–ဧကန်မုချ နှိပ်စက်မည်သာလျှင်တည်း။

အဲဒါ ပုဂ္ဂိုလ်အထူး(၇)ဦးကို ဥပသံဟရဏာနည်းဖြင့် မရဏာဿတိ ဘာဝနာပွားများသွားကြတာပါပဲ၊ အဲဒီ မရဏာဿတိဘာဝနာဖြင့် တို့ရဲ့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးအား နောက်ဆုံး ပူဇော်ကြတာပဲ၊ ရှေ့က ဘုန်းကြီးပြောခဲ့တဲ့အတိုင်း ဓမ္မပူဇာနဲ့ ပူဇော်တာပဲ– လို့ နှလုံး သွင်းကြပါ။

ကဲ–သံဝေဂဂါထာလေးရွတ်ပြီး တရားနိဂုံးချုပ်ရအောင်–

အနိစ္စာ ဝတ သင်္ခါရာ ၊ ဥပ္ပာဒဝယဓမ္မိနော။

ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ ၊ တေသံ ဝူပသမော သုခေါ။

သင်္ခါရာ–အကြောင်း အတန်တန်, ပြုစီမံ၍, ရုပ်နာမ်အသစ်, ဖြစ်ဖြစ်သမျှ, သင်္ခါရတို့သည်၊ အနိစ္စာ ဝတ–စင်စစ်ဧကန်, အမှန်မုချ, မမြဲလေကုန်စွတကား၊ ဥပ္ပာဒဝယဓမ္မိနော–အဖြစ်သဘော, ပျက်သဘော တို့, အတောမသတ်, အထပ်ထပ်အထွေထွေ, လည်ပတ်၍ နေကြလေကုန် ၏၊ ဥပ္ပဇ္ဇိတွာ–အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပြီး၍၊ နိရုဇ္ဈန္တိ– ချက်ချင်းဖြတ်, ရတ်တရက်, ချုပ်ပျက်ကြလေကုန်၏။

တေသံ–အဖြစ်ပျက်ဒဏ်, အရင်းခံသည့်, ရုပ်နာမ်နှစ်ဝ, ထိုသင်္ခါ ရတို့၏၊ ဝူပသမော–ကင်းရာ ကုန်ရာ, ငြိမ်းအေးစွာသည့်, နိဗ္ဗာနဓာတ်, အမြိုက်ရပ်သည်၊ သုခေါ–ဖြစ်ပျက်မစပ်, အငြိမ်းဓာတ်ဖြင့်, မပြတ်ပုံသေ, ချမ်းသာလှပေ တကား . . .။ (သဂါထာဝဂ္ဂသံယုတ်)

ဒေသနာပန်းခင်း (ပထမတွဲ)

# မေတ္တာဘာဝနာ ဒေသနာ

ယနေ့ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ ဖြစ်ပါတယ်၊မေတ္တာ အခါတော်နေ့မှာ ဘုန်းကြီးအနေနဲ့ မေတ္တာဘာဝနာအကြောင်းကို ဟော ကြားပါ့မယ်။

ယနေ့ ကမ္ဘာလောကကြီးမှာ ဒေါသမီးတွေ လောင်နေကြတယ်၊ လောဘမီးတွေ လောင်နေကြတယ်၊ မောဟမီးတွေ လောင်နေကြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မေတ္တာတရားတွေ ခေါင်းပါးနေကြလို့၊ မေတ္တာ ဘာဝနာတွေ မပွားများနိုင်ကြလို့ဘဲ ဖြစ်ပါတယ်။ ကမ္ဘာလောကကြီး အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ သတ္တဝါတွေ တစ်ဦးနဲ့ တစ်ဦး၊ တစ်ဖွဲ့ နဲ့ တစ်ဖွဲ့ လောဘတွေ ဖြစ်ကြ, ဒေါသတွေ ဖြစ်ကြနဲ့၊ ဆန့်ကျင်ဘက် တွေဖြစ်ပြီးတော့ နေကြတယ်၊ ဘာဖြစ်လို့လဲဆိုရင် မေတ္တာဘာဝနာတွေ မပွားနိုင်ကြလို့ပါပဲ။ ဒါကြောင့် ယနေ့မှာတော့ မေတ္တာဘာဝနာအကြောင်း ကို ဓမ္မဒါနပြုမယ်လို့ နှလုံးသွင်းခဲ့ပါတယ်။

မေတ္တာလုကော ခမာသီလော ၊ သဗ္ဗဋ္ဌာနေသု နိဗ္ဗယော။

ပရတ္ထသတ္တမိစ္ဆန္တော ၊ ခန္တိံမေတ္တဥ္စ ဘာဝယေ။

မေတ္တာလုကော–မေတ္တာတရားကို ပွားများအားထုတ်လေ့ရှိသော၊ ခမာသီလော–သတ္တဝါတွေအပေါ်မှာ သည်းခံခြင်းဆိုတဲ့ အလေ့ရှိထသော၊ (ကုလပုတ္တော–အမျိုးကောင်းသား အမျိုးကောင်းသမီးသည်)သဗ္ဗဋ္ဌာနေသု– ခပ်သိမ်းသော အရပ်ဌာနတို့၌၊ နိဗ္ဗယော–ဘေးရန်ကင်းကွာ ချမ်းသာတတ် ပါပေ၏၊ ပရတ္ထသတ္တမိစ္ဆန္တော–မိမိအကျိုးစီးပွား သူတစ်ပါးအကျိုးစီးပွားကို

အလိုရှိသော၊ (ကုလပုတ္တော–အမျိုးကောင်းသား အမျိုးကောင်းသမီးသည်)၊ ခန္တိံ စ–သည်းခံခြင်းဆိုတဲ့ ခန္တိတရားကိုလည်းကောင်း၊ မေတ္တဉ္စ–မေတ္တာ ဘာဝနာတရားကိုလည်းကောင်း၊ ဘာဝယေ–ကြိုးစားမပယုတ်, ပွားများအား ထုတ်ရာ သတည်း . . .။

ဒီဂါထာတော်ရဲ့ အဓိပ္ပာယ်က၊ မေတ္တာတရားကို ပွားများတဲ့ပုဂ္ဂိုလ်၊ ခန္တိတရားလက်ကိုင်ထားကြတဲ့ အမျိုးကောင်းသားသမီးတွေဟာ ဘယ်လို အရပ်ဒေသမှာမဆို ဘေးအန္တရာယ်တွေ ကင်းရှင်းနေတတ်တယ်။

နောက်ပြီး၊ မိမိရဲ့ ကိစ္စကြီးငယ်တွေ၊ အများသူငါတို့ရဲ့ ကိစ္စကြီး ငယ်တွေကို ဆောင်ရွက်တဲ့အခါမှာလဲ မိမိတို့ဆောင်ရွက်တဲ့ကိစ္စတွေ ပြီးစီး အောင်မြင်အောင် မေတ္တာတရားနဲ့ ခန္တိတရားနှစ်ပါးကို လက်ကိုင်ထားကြ ပါ–လို့ ဆိုလိုပါတယ်။

## ကောင်းမှုပြည့်နိုင်တာ

ဒီ ခန္တိတရားနဲ့ မေတ္တာတရားနှစ်ပါးကို လက်ကိုင်ထားကြမယ် ဆိုရင် ဒီ တရားနှစ်ပါးကို လက်ကိုင်ထားခြင်းကြောင့် မိမိတို့မှာ ဒါန, သီလ,ဘာဝနာ ကောင်းမှုတွေ အားလုံးပြည့်စုံသွားနိုင်ပါတယ်။

သီလသမာဓိပညာနံ ၊ ခန္တိ ပဓာနကာရဏာ။

သဗ္ဗေပိ ကုသလာဓမ္မာ ၊ ခန္တျာယတ္တာဝ ဝဍ္ဍရေ။

ခန္တီ–သည်းခံခြင်းဆိုတဲ့ ခန္တိတရားသည်၊ သီလသမာဓိပညာနံ– သီလ သမာဓိ ပညာတရားတို့၏၊ ပဓာနကာရဏာ–အရင်းမူလ ပဓာန ဖြစ်သော အကြောင်းပါပေတည်း၊ သဗ္ဗေ–အလုံးစုံကုန်သော၊ ကုသလာ ဓမ္မာပိ–ကုသိုလ်တရားတို့သည်လည်း၊ ခန္တျာယတ္တာဝ–သည်းခံခြင်းဆိုတဲ့ ခန္တိတရားနှင့် စပ်ကုန်သော်သာလျှင်၊ ဝဍ္ဍရေ–တိုးပွားပါပေကုန်၏။

သီလ သမာဓိ ပညာကျင့်စဉ်တွေ ပြည့်စုံဖို့ သည်းခံခြင်းဆိုတဲ့ ခန္တိတရားကို လက်ကိုင်ထားကြရမယ်၊ ဒါမှသာ မိမိတို့ ဆောင်ရွက်တဲ့ သီလ သမာဓိ ပညာကျင့်စဉ်တို့ရဲ့ အကျိုးတွေကို ရရှိခံစားနိုင်မယ်။

သည်းခံမှု ခန္တိတရားဟာ သိပ်အရေးကြီးကြောင်း ဒီဂါထာလာ ဓိပ္ပာယ်ကို ကြည့်ခြင်းဖြင့် သိသာထင်ရှားနေတယ်၊ သည်းခံမှုသာ မရှိရင်

လောကီလုပ်ငန်းပဲဖြစ်ဖြစ်၊ လောကုတ္တရာလုပ်ငန်းပဲဖြစ်ဖြစ်၊ ဘယ်လုပ်ငန်းမဆို အောင်မြင်နိုင်မှာ မဟုတ်ပါဘူး။

ယနေ့ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတွေလဲ စဉ်းစားလို့ ရပါတယ်၊ လောကီလုပ်ငန်းတွေကို ဆောင်ရွက်နေကြတာ၊ ခန္တီတရားဟာ ဘယ်လောက်အရေးကြီးလဲဆိုတာ သိကြမှာပါ၊ ခန္တီတရားနည်းပါးတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်ကိစ္စမှ ဆောင်ရွက်လို့ မဖြစ်ဘူး၊ ဆောင်ရွက်ရင်လဲ အကျိုးပြီးစီးမှာ မဟုတ်ပါဘူး။ ဒါ့ကြောင့် မည်သည့်လုပ်ငန်းကိုမဆို ဆောင်ရွက်ကြတဲ့အခါမှာ ခန္တီတရားကို လက်ကိုင်ထားကြပါ၊ မေတ္တာတရားကိုလဲ လက်ကိုင်ပြုကြပါ။

## ပါရမီဖြည့်ရာရောက်

ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်မြတ်ဟာ ဘုရားဖြစ်ဖို့ရန် ပါရမီတွေ မျိုးစုံအောင် ဖြည့်ကျင့်ခဲ့ရပါတယ်၊ အဲဒီ ပါရမီအမျိုးမျိုးထဲမှာ ခန္တီဆိုတဲ့ပါရမီ, မေတ္တာဆိုတဲ့ပါရမီတွေလဲ ပါဝင်ပါတယ်၊ ဒီ ခန္တီ,မေတ္တာဆိုတဲ့ ပါရမီတော်တွေကို အရင်းခံထားပြီး ကျင့်ကြံကျိုးကုတ် အားထုတ်ခဲ့လို့ သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိတော်မူခြင်းဖြစ်ပါတယ်၊ ဗုဒ္ဓအဖြစ်သို့ ရောက်ရှိတော်မူခဲ့ခြင်းဖြစ်ပါတယ်။

ဒါ့ကြောင့် ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမအပေါင်းသူတော်ကောင်းတွေလဲပဲ မည်သည့်ကိစ္စကိုမဆို ဆောင်ရွက်ကြတဲ့အခါ ခန္တီတရားနဲ့ မေတ္တာတရားနှစ်ပါးကို လက်ကိုင်ထားပြီးတော့ ဆောင်ရွက်ကြပါ။ ဒီလို ဆောင်ရွက်တာဟာ မြတ်ဗုဒ္ဓတို့ရဲ့ လုပ်ထုံးကို အတုလိုက်ပြီး လုပ်ရာလဲ ရောက်ပါတယ်၊ ပါရမီဖြည့်ကျင့်ရာလဲ ရောက်ပါတယ်။

ဒီကနေ့ မေတ္တာတရားအကြောင်း ပြောမယ်ဆိုတော့–

## မေတ္တာမပွားမ ဘာလုပ်ရမလဲ

မေတ္တာတရားကို ပွားများတော့မယ်ဆိုရင် ရှေ့ဦးစွာ ဘာလုပ်ရသလဲဆိုတော့–

၁။ ဒေါသရဲ့ အပြစ်တွေကို ရှုရတယ်။
၂။ ခန္တီရဲ့ အကျိုးတရားတွေကို နားလည်ထားရတယ်။

**ဒေါသ၏ သဘော**

မေတ္တာဘာဝနာပွားတော့မယ်ဆိုရင် အရင်ဆုံး ဒေါသရဲ့ အပြစ်တွေကို မြင်အောင်လုပ်ရမယ်–တဲ့။

ဒေါသရဲ့ အပြစ်တွေ ဘယ်လောက်ဆိုးသလဲဆိုတာ ကြည့်ကြရအောင်–

ဒေါသဆိုတာ မီးနဲ့တူတယ်၊ ဒေါသတရားဟာ အင်မတန်မှ ပူလောင်တယ်၊ ပကတိမီးအပူကို ခံရတဲ့ပုဂ္ဂိုလ်ဟာ တစ်ဘဝမှာပဲ ဆင်းရဲဒုက္ခနဲ့တွေ့နိုင်တယ်။ ဒေါသတည်းဟူသော မီးရဲ့အပူနဲ့တွေ့ပြီး ဒေါသမီးအလောင်ခံရတဲ့ ပုဂ္ဂိုလ်ကျတော့ ယခုဘဝမှာရော့နောင်ဘဝအဆက်ဆက်တွေမှာပါ ဆင်းရဲဒုက္ခတွေနဲ့ တွေ့ကြုံရတတ်ပါတယ်။

**ဒေါသ၏ အပြစ်များ**

ဒါကြောင့် ဆန္ဒပရိဗိုဇ်ကြီးက အရှင်အာနန္ဒာကို လျှောက်တယ်၊ "အရှင်ဘုရား အာနန္ဒာ၊ ဒေါသရဲ့ အပြစ်ကို ဘယ်လိုမြင်ပြီးတော့ ပယ်စွန့်ဖို့ရန် မြတ်ဗုဒ္ဓက ဟောထားပါသလဲ ဘုရား"လို့ မေးလျှောက်တယ်။

ဒီအခါမှာ အရှင်အာနန္ဒာမထေရ်မြတ်က–

> ဒုဋ္ဌော ခေါ အာဝုသော ဒေါသေန အဘိဘူတော ပရိယာဒိန္နစိတ္တော ပါဏမ္ပိ ဟနတိ၊ ပရမ္ပိ သမာဒပေတိ၊ အတ္တဗျာပါဒါယပိ စေတေသိ၊ ပရဗျာပါဒါယပိ စေတေသိ၊ ဥဘယဗျာပါဒါယပိ စေတေသိ၊ ကာယေန ဒုစ္စရိတံ စရတိ၊ ဝါစာယ ဒုစ္စရိတံ စရတိ၊ မနသာ ဒုစ္စရိတံ စရတိ။ (တိကအင်္ဂုတ္တိုရ်)

အာဝုသော–ငါ့အရှင် ဆန္ဒပရိဗိုဇ် ဒုဋ္ဌော–ဒေါသဖြစ်တဲ့ ပုဂ္ဂိုလ်သည်၊ ဒေါသေန–မိမိမှာ ရှိသောဒေါသသည်၊ အဘိဘူတော–လွှမ်းမိုးနှိပ်စက်အပ်သည် ဖြစ်၍၊ ပရိယာဒိန္နစိတ္တော–ပကတိစိတ်ကောင်းတွေကို ဒေါသက ကုန်ခန်းပစ်သည်ဖြစ်၍၊ပါဏမ္ပိ–သတ္တဝါတွေကိုလည်း၊ဟနတိ–သတ်ဖြတ်ညှင်းဆဲ၏၊ ပရမ္ပိ–သူတစ်ပါးကိုလည်း၊ သမာဒပေတိ–သတ်ဖြတ်ညှင်းဆဲဖို့ရန် တိုက်တွန်းနှိုးဆော်၏၊ အတ္တဗျာပါဒါယပိ–မိမိကိုယ်ကိုညှင်းပန်းနှိပ်စက်ဖို့ရန်လည်း၊ စေတေသိ–ကြံစည်ပြုလုပ်၏၊

ပရဗျာပါဒါယပိ–သူတစ်ပါးကို နှိပ်စက်ညှင်းပန်းရန်လည်း၊ စေတေသိ–ကြံစည်ပြုလုပ် အားထုတ်၏၊ ဥဘယဗျာပါဒါယပိ–မိမိ သူတစ်ပါး နှစ်ဦးသားလုံးကို နှိပ်စက်ညှင်းဆဲဖို့ရန်လည်း၊ စေတေသိ–ကြံစည်ပြုလုပ် အားထုတ်၏၊ ကာယေန–ကိုယ်ဖြင့်၊ ဒုစ္စရိတံ–သတ်ဖြတ်ခြင်းစသော မကောင်းမှုတွေကို၊ စရတိ– ပြုကျင့်၏၊ ဝစသာ–နှုတ်ဖြင့်၊ ဒုစ္စရိတံ–ဆဲရေးခြင်းစသော မကောင်းမှုတွေကို၊ စရတိ–ပြုကျင့်၏၊ မနသာ–စိတ်ဖြင့်၊ ဒုစ္စရိတံ–မကောင်းတာတွေကြံစည်ပြစ်မှားခြင်းကို၊ စရတိ–ပြုကျင့်၏။

အရှင်အာနန္ဒာက ဆန္နပရိဗိုဇ်ကြီးကို ဖြေကြားတော်မူတာ။ ဒေါသဖြစ်လာတဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာ ဒေါသဖြစ်လာပြီဆိုရင် ပကတိစိတ်ထားတွေ ပျောက်ကုန်တာပဲ–တဲ့။ ပကတိစိတ်ကောင်းတွေကို ဒေါသက ဖျက်ဆီးပစ်လိုက်တယ်၊ အဲဒီလို ပကတိစိတ်ကောင်းတွေ ပျောက်ကုန်ပြီဆိုရင် ဘာတွေဖြစ်ကုန်, ဘာတွေလုပ်ကုန်မလဲ၊ စဉ်းစားသာကြည့်ကြပေတော့ နော်။

ပါဏမ္ပိ ဟနတိ။ ဒေါသဖြစ်လာရင် ပကတိစိတ်ထားတွေ ပျောက်သွားပြီဖြစ်လို့ တစ်ပါးသော သတ္တဝါတွေကို သတ်ဖြတ်တတ်တယ်၊ သတ် ဖြတ်ဖို့ ဝန်မလေးတော့ဘူး၊ ပင်ကိုယ်စိတ်က ပျောက်နေပြီပဲ။

ယခု လောကမှာ သတ္တဝါတွေကို သတ်ဖြတ်ညှင်းဆဲနေကြတယ်၊ ဒါ ဘာ့ကြောင့်လဲ။ ဒေါသကြောင့်ပေါ့။ ဒေါသကိုအခြေခံပြီး သတ်ဖြတ်နေကြတာဖြစ်တယ်၊ ဒေါသစိတ်သာမဖြစ်ရင် သူတစ်ပါးကို သတ်ဖြတ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

ပရမ္ပိ သမာဒပေတိ–တဲ့။ ဒေါသစိတ်ဖြစ်လာပြီဆိုရင် သတ္တဝါတွေကို ကိုယ်တိုင်သတ်ဖြတ်တတ်သလို ကိုယ်တိုင်မသတ်ဖြတ်ရင်လဲ သူတစ်ပါးတွေကို သတ်ဖြတ်ဖို့ တိုက်တွန်းတတ်တယ်–တဲ့။ ယနေ့ခေတ်ကာလမှာ ကြည့်လို့ရပါတယ်၊ ကိုယ်တိုင်မသတ်ဘဲ သူတစ်ပါးတွေကို ဥစ္စာတန်ဖိုးပေးပြီးတော့ သတ်ခိုင်းတာတွေ ရှိနေတာပဲ။ ဒါ ဒေါသကြောင့်၊ ဒေါသကို အခြေခံပြီးတော့ ဖြစ်လာရတဲ့ မကောင်းမှုတွေပေါ့။

အတ္တဗျာပါဒါယပိ စေတေသိ။ ဒေါသဖြစ်နေတဲ့ပုဂ္ဂိုလ်ဟာ မိမိကိုယ်ကိုလဲ ညှင်းပန်းနှိပ်စက်တယ်၊ မိမိအကျိုးတွေ ပျက်စီးအောင် ညှင်းဆဲတယ်။ သူတစ်ပါးကို အသာထားအုံး၊ ဒေါသဖြစ်လာရင် အများများ

အယွင်းယွင်းတွေ လုပ်မိပြီ၊ ဒီတော့ မိမိရဲ့ အကျိုးစီးပွားတွေလဲ ပျက်ပြီ ပေါ့၊ ဒေါသဖြစ်လာတော့ ပကတိစိတ်ထားတွေက ပျောက်နေတာကိုး၊ ဒါကြောင့် မိမိလုပ်တဲ့ အလုပ်ဟာလဲ ဘယ်မှာမှန်ကန်နိုင်ပါတော့မှာလဲ၊ အမှားမှားအယွင်းယွင်းတွေ လုပ်ကိုင်မိပြီပေါ့။ အဲဒီလို လုပ်ကိုင်မိတာဟာ မိမိကိုယ်ကို ညှင်းဆဲတာပဲပေါ့။ မိမိအကျိုးစီးပွားတွေ ပျက်စီးတယ်။ ဒါတွေဟာ ဒေါသရဲ့ အပြစ်တွေပဲ၊ သိပ်ကြောက်ဖို့ကောင်းတယ် နော်။

**ပရဗျာပါဒါယပိ စေတေသိ**။ ဒေါသဖြစ်တဲ့ပုဂ္ဂိုလ်ဟာ မိမိကိုယ်ကို ညှင်းဆဲနှိပ်စက်မိလို့ ပျက်စီးနိုင်သလို သူတစ်ပါးတွေကိုလဲ နှိပ်စက်ညှင်းပန်းဖို့ အားထုတ်တတ်တယ်။ ဒေါသဖြစ်နေတဲ့ပုဂ္ဂိုလ်တစ်ယောက်နဲ့ တွေ့ကြုံရပြီဆိုရင် အဲဒီ ဒေါသဖြစ်နေတဲ့ပုဂ္ဂိုလ်က မိမိကို နှိပ်စက်ညှင်းဆဲတတ်လို့ သူတစ်ပါးတွေပါ ပျက်စီးမှုနဲ့ ကြုံတွေ့တော့တာပဲ။

**ဥဘယဗျာပါဒါယပိ စေတေသိ**။ မိမိရော သူတစ်ပါးပါ နှစ်ဘက်လုံးကို ပျက်စီးအောင် ပြုတတ်တယ်–တဲ့။

**ကာယေန ဒုစ္စရိတံ စရတိ**။ ကိုယ်တိုင်လဲ သတ်ဖြတ်မှုတွေကို ပြုတယ်၊ ကာယဒုစရိုက်ဆိုတဲ့ မကောင်းမှုတွေကို ကိုယ်ထိလက်ရောက် ပြုတတ်တယ်။ ဒေါသဖြစ်လာရင် ဒီလိုပဲ ဝီတိက္ကမအဆင့်ကို ရောက်တဲ့ အထိ မကောင်းမှုတွေကို ပြုလုပ်မိတော့တာပါပဲ။

**ဝစသာ ဒုစ္စရိတံ စရတိ**။ နှုတ်ကလဲ ဆဲရေးတိုင်းထွာခြင်း စတဲ့ ဒုစရိုက်တွေကို ကျူးလွန်တော့တာပဲ၊ ဒါက ဝစီဒုစရိုက်ပေါ့၊ အရပ်ထဲမှာ တွေ့ဖူးကြမှာပေါ့၊ ဒေါသဖြစ်တဲ့ ပုဂ္ဂိုလ်များဟာ ဘာမှ စောင့်စည်းမှု မပြုနိုင်တော့ဘူး၊ ဆဲဆို တိုင်းထွာ လုပ်တော့တာပဲ၊ ကိုယ်တိုင်လဲ ဒီလိုမျိုးတွေ ဖြစ်ဖူးကြပါလိမ့်မယ်၊ သတိထားပြီး ကြည့်နိုင်ပါတယ်။

နောက်တစ်ခါ။**မနသာ ဒုစ္စရိတံ စရတိ**။ စိတ်ထဲကလဲ မကောင်းမှုတွေပြုလုပ်ဖို့ ကြံစည်လာတတ်တယ်၊ သူတစ်ပါးပျက်စီးရာပျက်စီးကြောင်းတွေကို ကြံစည်နေတတ်တယ်၊ ဒါက မနောဒုစရိုက်ပေါ့။ ဒေါသဖြစ်ရင် ဘာကောင်းတာရှိလဲ၊ ဘာမှ ကောင်းတာမရှိဘူး နော်။

ဒါတွေဟာ ဒေါသရဲ့ အပြစ်တွေပါပဲ။ ပစ္စုပ္ပန်မှာ ချက်ချင်းဖြစ်ပေါ်လာတတ်တဲ့ မကောင်းကျိုးတွေပါ။ ယခုလို ဒေါသရဲ့ ပစ္စုပ္ပန်ဆိုးပြစ်တွေကို

အရှင်အာနန္ဒာမထေရ်မြတ်က ဆန္ဒပရိဗိုဇ်ကြီးကို ဖြေကြားနေတာပါ။

**ဒေါသ၏ တမလွန်ဆိုးကျိုးများ**

စောစောကပြောခဲ့တဲ့ ဆိုးပြစ်တွေကို လွန်ကျူးမိပြီဆိုရင် တမလွန်ဘဝမှာကော ဘာတွေဖြစ်နိုင်သလဲဆိုတော့ –

ဒေါသဖြစ်တဲ့ပုဂ္ဂိုလ်ဟာ ယခုဘဝကနေ သေလို့ရှိရင် ငရဲသို့ကျရောက်နိုင်တယ်၊ အဲဒီ ငရဲက လွတ်မြောက်လာပြန်တော့လဲ လူ့ဘဝကို တကယ်လို့ ပြန်ရခဲ့ရင်၊ အသက်တိုတတ်တယ်၊ အနာရောဂါတွေ များတတ်တယ်၊ ဘာဖြစ်ပြန်ပြီ၊ ညာဖြစ်ပြန်ပြီနဲ့ အချိန်ပြည့် မကျန်းမာဘူး။ ဒါတွေဟာ အတိတ်က ဒေါသတရားတွေလွှမ်းမိုးပြီး လွန်ကျူးခဲ့လို့ ခံစားရတဲ့ မကောင်းကျိုးတွေပဲ။

ရုပ်အဆင်းအင်္ဂါတွေလဲ မလှမပ ဖြစ်နေတတ်တယ်၊ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ ပျက်စီးနေတတ်တယ်။ ဒါတွေဟာလဲ ဒေါသရဲ့ တမလွန်မကောင်းကျိုးတွေပါပဲ။

ဒေါသရဲ့ အပြစ်တွေကို ပြောရင် မကုန်နိုင်ပါဘူး။ ကျန်သေးတယ်၊ ဒီလောက်ပဲ ထားကြအုံးစို့။

မေတ္တာဘာဝနာကို မပွားမီမှာ အရင်ဆုံး ယခုပြောခဲ့တဲ့ ဒေါသရဲ့ အပြစ်တွေကို မြင်အောင်ရှုရပါတယ်။

**ခန္တီရဲ့အကျိုး၊ ခန္တီရဲ့သဘော**

နောက်တစ်ခါ၊ မေတ္တာပွားတော့မယ်ဆိုရင် ခန္တီရဲ့အကျိုးကျေးဇူးတွေကိုလဲ မြင်အောင်ရှုရတယ်–တဲ့။ ခန္တီဆိုတာ သည်းခံခြင်းပဲ၊ သည်းခံတယ်ဆိုတာ သူတစ်ပါးကို အပြစ်ပြန်မပြောဘူး၊ စိတ်မဆိုးဘူးပေ့ါ၊ သူတစ်ပါးကို မပြစ်မှားဘူး၊ တစ်ဘက်သားက ကိုယ့်ကို ဘာလုပ်လုပ်၊ ဘာပဲပြောပြော၊ ဘာမှ တုံ့ပြန်မှု မပြုဘူး၊ သည်းခံနေတယ်။ ဒါ ခန္တီရဲ့ သဘောပဲ။ အဘိဓမ္မာသဘောအရဆိုရင် ခန္တီရဲ့ တရားကိုယ်ဟာ အဒေါသစေတသိက်ပဲ၊ ဒေါသ မဖြစ်တာကို "အဒေါသ"လို့ ခေါ်ပါတယ်၊ ကောင်းတဲ့ လောကဓံနဲ့ပဲ တွေ့တွေ့၊ ဆိုးတဲ့ လောကဓံတွေနဲ့ပဲ တွေ့တွေ့၊ သည်းခံနေတာ ခန္တီရဲ့ သဘောပါပဲ။

ယခုလို ခန္တီရဲ့သဘောကိုသိရင် မေတ္တာပွားမယ့်ပုဂ္ဂိုလ်ဟာ ခန္တီရဲ့ သဘောတရား၊အကျိုးတရားတွေကို သိအောင်လုပ်ရတယ်ဆိုတဲ့ အင်္ဂါရပ်ဟာ ဘယ်လို ဆက်စပ်မှုရှိနေလဲဆိုတာ ရိပ်မိလောက်ပါတယ်။ သည်းခံမှ မေတ္တာပွားလို့ရတယ်ဆိုတာ ထင်ရှားတယ် နော်။

ဒီတော့ သည်းခံခြင်းအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရနိုင်သလဲ–၊ သည်းမခံရင် ဘယ်လိုအပြစ်တွေရောက်နိုင်လဲ–

ရှေဦးစွာ၊ သည်းမခံနိုင်တဲ့အပြစ်တွေကို ဖော်ထုတ်ပြရမယ်ဆိုရင်–

**သည်းမခံခြင်း၏ အပြစ်များ**

ပဌမေ ဘိက္ခဝေ အာဒီနဝါ အက္ခန္တိယာ၊ ကတမေ ပဉ္စ၊(အင်္ဂုတ္တိုရ်)

ဘိက္ခဝေ–ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့၊ အက္ခန္တိယာ–သည်းမခံခြင်း၏၊ အာဒီနဝါ–အပြစ်တို့သည်၊ ဣမေ ပဉ္စ–ဤ ငါးမျိုးတို့တည်း၊ ကတမေ ပဉ္စ–အဘယ်ငါးမျိုးတို့နည်း။

{၁}–ဗဟုနော ဇနဿ အပ္ပိယော ဟောတိ အမနာပေါ။

ဗဟုနော ဇနဿ–များစွာသော လူအပေါင်း၏၊ အပ္ပိယော–မချစ်မနှစ်သက်သည်၊ အမနာပေါ–မမြတ်နိုးသည်၊ ဟောတိ–ဖြစ်၏။

{၂}–ဝေရဗဟုလော စ ဟောတိ။

ဝေရဗဟုလော စ–ရန်များသည်လည်း၊ ဟောတိ–ဖြစ်၏။

{၃}–ဝဇ္ဇဗဟုလော စ။

ဝဇ္ဇဗဟုလော စ–အပြစ်များသည်လည်း၊ ဟောတိ–ဖြစ်၏။

{၄}–သမ္မူဠ္ဟော ကာလံ ကရောတိ။

သမ္မူဠ္ဟော–တွေဝေလျက်၊ ကာလံ ကရောတိ–သေဆုံးရ၏။

{၅}–ကာယဿ ဘေဒါ ပရံမရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။

ကာယဿ–ကိုယ်ခန္ဓာ၏၊ ဘေဒါ–ပျက်စီး၍၊ ပရံမရဏာ–

သေပြီးသည်မှ နောက်၌၊ အပါယံ–ချမ်းသာကင်းသော၊ ဒုဂ္ဂတိံ–မကောင်းသော လားရာဖြစ်သော၊ ဝိနိပါတံ–ပျက်စီး၍ ကျရောက်ရာဖြစ်သော၊ နိရယံ–ငရဲသို့၊ ဥပပဇ္ဇတိ–ကပ်ရောက်ရ၏။

ဒီ ငါးမျိုးသော အပြစ်တွေကို သည်းမခံသူများ ခံစားရမယ်၊ ဒီ ငါးမျိုးဟာ သည်းမခံသူများရဲ့ အပြစ်တွေပဲ။

**သည်းခံခြင်း၏ အကျိုးများ**

သည်းခံလို့ရှိရင်ကော– ဘယ်လိုအကျိုးတွေ ရရှိနိုင်သလဲဆိုတော့–

ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ ခန္တိယာ။ ကတမေ ပဉ္စ။

ဘိက္ခဝေ–ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့၊ ခန္တိယာ–သည်းခံခြင်း၏၊ အာနိသံသာ–အကျိုးတို့သည်၊ ဣမေ ပဉ္စ–ဤငါးမျိုးတို့တည်း၊ ကတမေ ပဉ္စ–အဘယ်ငါးမျိုးတို့နည်း။

{၁}–ဗဟုနော ဇနဿ ပိယော ဟောတိ မနာပေါ။

ဗဟုနော ဇနဿ–လူအပေါင်း၏၊ ပိယော–ချစ်ခင်နှစ်သက်သည်၊ မနာပေါ–မြတ်နိုးသည်၊ ဟောတိ–ဖြစ်၏။

{၂}–န ဝေရဗဟုလော ဟောတိ။

ဝေရဗဟုလော–ရန်များသည်၊ န ဟောတိ–မဖြစ်။

{၃}–န ဝဇ္ဇဗဟုလော။

ဝဇ္ဇဗဟုလော–အပြစ်များသည်၊ န ဟောတိ–မဖြစ်။

{၄}–အသမ္မူဠှော ကာလံ ကရောတိ။

အသမ္မူဠှော–မတွေဝေဘဲ၊ ကာလံ ကရောတိ–သေရ၏။

{၅}–ကာယဿ ဘေဒါ ပရံမရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။

ကာယဿ–ကိုယ်ခန္ဓာ၏၊ ဘေဒါ–ပျက်စီး၍၊ ပရံမရဏာ–သေပြီးသည်မှ နောက်၌၊ **သုဂတိံ**–ကောင်းသော လားရာဖြစ်သော၊

သဂ္ဂံ လောကံ–နတ်ပြည်သို့၊ ဥပပဇ္ဇတိ–ကပ်ရောက်ရ၏။

ဒါတွေက သည်းခံခြင်းကြောင့် ရရှိနိုင်တဲ့ အကျိုးငါးမျိုးပဲ၊ သည်းခံလို့ရှိရင် ရရှိနိုင်တဲ့ ကောင်းကျိုးတွေပဲပေါ့။

**မေတ္တာပွားပုံ**

ဒါ့ကြောင့် မေတ္တာဘာဝနာကို ပွားတော့မယ်ဆိုရင် ယခုပြောခဲ့တဲ့ ခန္တီရဲ့အကျိုးတွေကို သိမြင်အောင်လုပ်ရပါတယ်၊ စောစောကပြောခဲ့တဲ့ ဒေါသရဲ့ အပြစ်တွေကိုလဲ မြင်အောင်ကြည့်ရပါတယ်။

မေတ္တာပွားတော့မယ်ဆိုတော့၊ ဘယ်လိုပွားကြမလဲ–တဲ့။

သုခီ ဟောတု–ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ။ ဒါက တစ်ယောက်ထဲကို မေတ္တာပို့တာ။ အများကို ပို့မယ်ဆိုရင်တော့–

သုခိတာ ဟောန္တု–ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ ဒါ မေတ္တာပို့တာပဲ၊ တိုရှင်းလိုရှင်းပေါ့။

တစ်ယောက်နဲ့တစ်ယောက် တွေ့တဲ့အခါ ယခုလို မေတ္တာလေး ပို့လိုက်ရတယ်၊ ဒီလိုသာ မေတ္တာလေးပို့ပြီးမှ လုပ်ငန်းဆောင်တာတွေကို ဆောင်ရွက်ကြမယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ။ ခပ်သိမ်းသော အရပ်ဌာနတွေမှာ ဘေးရန်တွေကင်းပြီးတော့ ချမ်းသာမှုတွေ ရကြမှာပဲနော်၊

မိမိရဲ့ အကျိုးစီးပွားကို ဆောင်ရွက်ရင်လဲ ဒီ မေတ္တာ,ခန္တီတရားနှစ်ပါးကို ပွားများမယ်, ကျင့်ဆောင်မယ်ဆိုရင် အကျိုးစီးပွားတွေ အောင်မြင်မယ်၊ အားလုံးပြည့်စုံလိမ့်မယ်။

**မေတ္တာပွားချိန်**

“တိဋ္ဌံ စရံ နိသိန္နောဝ၊ သယာနော ယာဝတာဿ ဝီတမိဒ္ဓေါ” ဆိုတဲ့အတိုင်း။ တိဋ္ဌံဝါ–ရပ်သော်လည်းကောင်း။ ရပ်ပြီးတော့လဲ မေတ္တာပွားလို့ရပါတယ်။ စရံ ဝါ–သွားဆဲသော်လည်းကောင်း။ သွားနေရင်းနဲ့လဲ မေတ္တာပွားလို့ရတယ်။ နိသိန္နော ဝါ–ထိုင်သော်လည်းကောင်း။ထိုင်နေရင်းနဲ့လဲပွားလို့ရတယ်။ သယာနော ဝါ–အိပ်သော်လည်းကောင်း၊ အိပ်ပြီးတော့လဲမေတ္တာပွားလို့ရပါတယ်။

ဒါကို လျှောင်း,ထိုင်,ရပ်,သွား–ဆိုတဲ့ ဣရိယာပုထ်လေးပါးလို့ ခေါ်ပါတယ်၊ ဒီ ဣရိယာပုထ်လေးပါးလုံးမှာ မေတ္တာကို ပွားနိုင်ပါတယ်။ ဘုရားစင်ရှေ့မှာ ဘုရားရှိခိုးရင်း လက်အုပ်ချီပြီးပွားမှ ရတာမဟုတ်ပါဘူး၊ အချိန်အခါမရွေး၊ ဣရိယာပုထ်မရွေး မေတ္တာဘာဝနာကို ပွားများနိုင်ပါတယ်။ ဒါ မေတ္တာပွားပုံ အတိုချုပ်လေးပါပဲ။ အကျယ်ပွားပုံတွေကတော့ များစွာကျန်ပါသေးတယ်၊ ဒီလောက်ပဲ ထားကြအုံးဖို့။

မေတ္တာဘာဝနာပွားများတော့မယ်ဆိုရင် ယခုပြောခဲ့တဲ့အတိုင်း ဒေါသရဲ့အပြစ်ကို ရှု၊ ခန္တီရဲ့ အကျိုးတရားတွေကို သိမြင်၊ ဒါတွေ ရှုမြင်ပြီးမှ မေတ္တာပွားရတယ်၊ ဒါမှ မိမိပွားများတဲ့ မေတ္တာစွမ်းရည်လဲ ထက်မြက်နိုင်တယ်၊ လုပ်ရိုးလုပ်စဉ်အနေမျိုးနဲ့ မပွားများရဘူး၊ အဲဒီလို ပွားများရင် ဘာအကျိုးတရားမှ ထူးခြားမှုရှိမှာ မဟုတ်ဘူး၊ စူးစူးစိုက်စိုက်နဲ့ မေတ္တာပို့ရတယ်။

ဒီနေရာမှာ မေတ္တာရဲ့ စွမ်းအင်၊ မေတ္တာရဲ့ အကျိုးကျေးဇူးဟာ ဘယ်လောက်ထက်မြက်လဲဆိုတာကို ထင်ရှားအောင် သာဓကလေးတစ်ခု ပြောပါမယ်–

**ရောဇမလ္လပုတ္တာအကြောင်း**

ဘုန်းကြီးတို့ ဗုဒ္ဓရှင်တော်မြတ်ဘုရားဟာ တစ်နေ့မှာ နောက်ပါသံဃာပေါင်း(၁၂၅၀)နဲ့အတူ အာပဏရွာကနေပြီးတော့ ကုသိနာရုံပြည်ကို ဒေသစာရီ ကြွချီတော်မူပါတယ်။

ကုသိနာရုံပြည်က မလ္လာမင်းတွေက ဗုဒ္ဓဘုရားရှင် သူတို့ပြည်ကို ကြွမယ်လို့ သတင်းကြားတဲ့အခါ အားလုံး စုဝေးပြီးတော့ စည်းဝေးတိုင်ပင်ကြပါတယ်၊ ဘယ်လို စည်းဝေးတိုင်ပင်ကြသလဲဆိုတော့ "မြတ်စွာဘုရား ကုသိနာရုံပြည်ကို ကြွလာရင် တိုင်းပြည်မှာရှိကြတဲ့ လူတွေအားလုံး ဗုဒ္ဓဘုရားနဲ့ နောက်ပါသံဃာတော်တွေကို ကြိုဆိုကြရမယ်၊ ပူဇော်ကြရမယ်၊ မကြိုဆိုတဲ့သူ ဒဏ်ငွေငါးဆယ် ဆောင်ရမယ်" လို့ ကတိကဝတ်ပြု,စည်းဝေးတိုင်ပင်ကြတယ်–တဲ့။

ဗုဒ္ဓမြတ်စွာနဲ့ နောက်ပါသံဃာတော်တွေ ကုသိနာရုံပြည်ကို ကြွလာကြတယ်၊ ကုသိနာရုံက မလ္လာမင်းတွေကလဲ မိမိတို့ စည်းဝေးတိုင်ပင်

ကတိကဝတ်ပြုထားကြတဲ့အတိုင်း မြတ်စွာဘုရားနဲ့ သံဃာတော်တွေကို ကြိုဆိုကြတယ်။

အဲဒီလို ကြိုဆိုကြတဲ့ မလ္လာမင်းတွေအထဲမှာ ဘယ်သူပါလာလဲဆိုတော့ အရှင်အာနန္ဒာရဲ့ သူငယ်ချင်း ရောဇမင်းသားလဲ ပါလာတယ်။ အဲဒီ မင်းသားဟာ ရတနာသုံးပါးကို ကြည်ညိုသူမဟုတ်ဘူး၊ အင်မတန်မှ မာန်မာနခက်ထန်တယ်၊ လောကီအာရုံကာမဂုဏ်တွေမှာပဲ ပျော်မွေ့ပြီး နေတယ်။ ဒီလို ရတနာသုံးပါးကို ကြည်ညိုသူမဟုတ်ဘဲ ဗုဒ္ဓဘုရားရှင်နဲ့ သံဃာတွေကို ဘာဖြစ်လို့ လာရောက်ကြိုဆိုရသလဲဆိုရင် စောစောက အားလုံးကြိုဆိုကြရမယ်ဆိုပြီး စည်းဝေးတိုင်ပင်ထားကြ၊ ကတိကဝတ်ပြုထားကြလို့ပဲ။

ကြိုဆိုပွဲလဲပြီးရော တိုင်းသူပြည်သားတွေလဲ ကိုယ့်အိမ်ကိုယ့်ဌာနတွေကို အသီးသီးပြန်ကြ၊ ဘုရားရှင်နဲ့တကွ သံဃာတော်အရှင်မြတ်တွေလဲ ကုသိနာရုံပြည်က မြို့သူမြို့သားတွေကို နောက်နောက်ရက်တွေမှာ ချီးမြှောက်ဖို့ဆိုပြီး အဲဒီ ကုသိနာရုံပြည်မှာရှိကြတဲ့ ကျောင်းတိုက်တွေမှာ သီတင်းသုံးနေထိုင်ကြဖို့ ကြွတော်မူကြတယ်။

တိုင်းသူပြည်သားတွေ ပြန်သွားတော့ ရောဇမင်းသားက ခဏတာ နောက်ချန်ရစ်ခဲ့တယ်၊ နောက်ချန်နေခဲ့ပြီး ဘယ်သူ့ဆီကို သွားသလဲဆိုတော့ ငယ်သူငယ်ချင်းဖြစ်တဲ့ အရှင်အာနန္ဒာဆီကိုသွားတယ်၊ သီးသန့်သွားနှုတ်ဆက်တယ်လို့ ဆိုရမှာပေါ့။

အရှင်အာနန္ဒာရှေ့ရောက်လို့ နှုတ်ဆက်စကားပြောတော့၊ အရှင်အာနန္ဒာကလဲ သိပ်ဝမ်းသာတာပေါ့လေ၊ ပိုပြီးတော့ ဝမ်းသာစရာက ဒီ ရောဇမင်းသားဟာ ယခင်က ရတနာသုံးပါးကို ကိုင်းရှိုင်းသူမဟုတ်ဘူး။ ရတနာသုံးပါးကို ကြည်ညိုသူမဟုတ်ဘဲ ယခုလို ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်မြတ်တွေကို လာရောက်ကြိုဆိုတယ်ဆိုတော့ အံ့ဩဝမ်းသာဖြစ်ရတာပေါ့။

"အမောင် ရောဇမင်းသား၊ ယခုလို ဘုရားရှင်နဲ့တကွ သံဃာတော်အရှင်မြတ်တွေကို လာရောက်ကြိုဆိုတာ အင်မတန်မှ ကောင်းမြတ်လှပါတယ်"လို့ အရှင်အာနန္ဒာကပြောတော့၊ ရောဇမင်းသားက ဘယ်လိုပြန်

ပြောသလဲဆိုတော့–

"အရှင်ဘုရား၊ တပည့်တော်ဟာ ယခုကြွရောက်လာကြတဲ့ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို လာရောက်ကြိုဆိုတာဟာ ဘုရားရှင်နဲ့ သံဃာတော်တွေကို ကြည်ညိုလို့ မဟုတ်ဘူး၊ တပည့်တော်တို့မှာ ကတိကဝတ် ထားထားပါတယ်၊ ဘုရားနှင့်တကွ သံဃာတော်တွေကို လာရောက်မကြိုဆိုရင် ဒဏ်ငွေငါးဆယ်ဆောင်ရမယ်လို့ ကတိကဝတ်ထားကြပါတယ်၊ ဒီ ကတိကဝတ်ကြောင့် တပည့်တော်လာရောက် ကြိုဆိုတာပါ"လို့ လျှောက်လိုက်တော့ အရှင်အာနန္ဒာ စောစောက ထင်ထားတာနဲ့ လွဲချော်ကုန်ရောပေါ့၊ သူထင်နေတာက ရတနာသုံးပါးကို ကြည်ညိုလို့ လာကြိုဆိုတယ် ထင်နေတာ။

ဒီလို မင်းသားက လျှောက်ထားတော့ အရှင်အာနန္ဒာရဲ့စိတ်ထဲမှာ တော်တော်လေး မကောင်းဖြစ်သွားပါတယ်၊ "အော်–ရောဇမင်းသားဟာ အတော်ရိုင်းစိုင်းတယ်၊ ရတနာသုံးပါးကို ယခုထိ ကြည်ညိုရမှန်း မသိရှာသေးဘူး၊ ဒီအတိုင်းသာဆိုရင် သူ့မှာ ရသင့်တဲ့ အကျိုးစီးပွားတွေ ဆုံးရှုံးသွားတော့မှာပဲ"လို့ ဆင်ခြင်မိတော်မူတယ်။ ဒီတော့ အရှင်အာနန္ဒာဟာ ဘုရားရှင် သီတင်းသုံးတော်မူတဲ့ ကျောင်းတော်သို့ သွားရောက်ပြီး ဘုရားရှင်ကို လျှောက်ထားပါတယ်။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ရောဇဆိုတဲ့ မင်းသားဟာ ဟောဒီကုသိနာရုံပြည်မှာ ထင်ပေါ်ကျော်ကြားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါဘုရား၊ ဒီလို ထင်ပေါ်ကျော်ကြားသူတစ်ယောက်ဟာ မြတ်စွာဘုရားရဲ့ သာသနာတော်မြတ်ကြီးကို ယုံကြည်သက်ဝင်သွားမယ်ဆိုရင် သာသနာတော်အတွက် သိပ်ပြီးကျေးဇူးများမှာပဲ ဘုရား၊ ဒါကြောင့် ရောဇမင်းသား သာသနာတော်ကို ယုံကြည်သက်ဝင်လာအောင် ပြုလုပ်ပေးတော်မူပါ၊ ဆောင်ကြဉ်းပေးတော်မူပါဘုရား" လို့ လျှောက်ထားပါတယ်။

**မိတ်ဆွေကောင်းပီသ**

ဒီနေရာလေးမှာ စဉ်းစားဖို့ ရှိလာတယ်၊ အရှင်အာနန္ဒာကိုယ်တော်မြတ်အနေနဲ့ ရောဇမင်းသားအပေါ်မှာ ဒီလောက် မေတ္တာ,ကရုဏာတွေ ထားတယ်နော်၊ ဒါ ကလျာဏမိတ္တာပဲ၊ ကိုယ့်ရဲ့ မိတ်ဆွေသူငယ်ချင်းဖြစ်တဲ့

ပုဂ္ဂိုလ်တစ်ယောက် ကောင်းကောင်းမွန်မွန် ဖြစ်စေချင်တယ်၊ သာသနာတော်ကို ကြည်ညိုစေချင်တယ်။ ဒါ မိတ်ကောင်းဆွေကောင်းတို့ရဲ့ သဘာဝနော်၊ ကောင်းတဲ့ နေရာကို၊ ကောင်းတဲ့ အလုပ်ကို ညွှန်ပြချင်တယ်၊ ဒါ မိတ်ဆွေကောင်းတို့ရဲ့ သဘောပဲ။ အရှင်အာနန္ဒာဟာ မိတ်ဆွေကောင်းပီသစွာ ဘုရားရှင်ကို သွားပြီးတော့ လျှောက်ထားခြင်းဖြစ်တယ်။

တို့ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတွေလဲ သိပ်ပြီးတော့ အတုယူစရာ ကောင်းလှတယ်၊ မှတ်သားစရာ ကောင်းလှတယ်၊ လိုက်နာဖွယ်ရာ ကောင်းတယ် နော်၊ မိတ်ဆွေကောင်းဆိုတာ ရဖို့ တွေ့ဖို့ ကြုံဖို့ မလွယ်ဘူး။

ဒီအခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က "ချစ်သားအာနန္ဒာ၊ မပူပါနဲ့၊ ရောဇမင်းသား သာသနာတော်ကို ရောက်ဖို့ရန်အတွက် ငါဘုရားမှာ ဘာမှ တာဝန်မကြီးဘူး၊ သာသနာတော်တွင်းကို ရောက်ဖို့ရန် သာသနာတော်ကို ကြည်ညိုဖို့ရန် ငါဘုရားမှာ ဘာမှ တာဝန်မကြီးဘူး" လို့ အရှင်အာနန္ဒာကို မိန့်တော်မူလိုက်ပါတယ်။ အရှင်အာနန္ဒာလဲ သူ့နေရာသူ ပြန်ပြီးတော့ကြွ၊ ရောဇမင်းသားလဲ အိမ်ပြန်ပေါ့၊ အိမ်တော့ မရောက်သေးဘူး၊ လမ်းခုလပ်ပဲ ရှိသေးတယ်၊ ဒီတော့ ဗုဒ္ဓက ဘာလုပ်သလဲဆိုတော့–

## ဩဒိဿမေတ္တာပို့တော်မူ

ရောဇမင်းသားကို စိတ်ညွှတ်လိုက်ပြီးတော့ ဩဒိဿမေတ္တာ ပို့လွှတ်တော်မူပါတယ်။ ဩဒိဿမေတ္တာဆိုတာ မိမိမေတ္တာပို့လိုတဲ့ ပုဂ္ဂိုလ်ကို သီးခြားရည်စူးပြီးတော့ ပို့ရတဲ့ မေတ္တာမျိုးဖြစ်ပါတယ်၊ မိမိပို့ချင်တဲ့ ပုဂ္ဂိုလ်ရဲ့ ရုပ်နာမ်ခန္ဓာဒြပ်ကို အာရုံစိုက်ကြည့်ရှုပြီးတော့ ကျန်းမာပါစေ၊ ချမ်းသာပါစေ–လို့ ပို့လွှတ်ရတဲ့ မေတ္တာမျိုးကို ဩဒိဿမေတ္တာလို့ ခေါ်ပါတယ်။

ရောဇမင်းသားကို မြတ်ဗုဒ္ဓက အဲဒီ ဩဒိဿမေတ္တာနဲ့ ပို့လွှတ်တော်မူလိုက်တာဖြစ်ပါတယ်၊ ဒီလို မေတ္တာပို့လိုက်တော့ ရောဇမင်းသားဆိုတာ မနေနိုင်တော့ဘူး–တဲ့။ သူ့စိတ်ထဲမှာ ဘယ်လိုဖြစ်မှန်းမသိဘူး၊ မြတ်ဗုဒ္ဓကို သိပ်ပြီးတော့ တွေ့ချင်လာတယ်–တဲ့။ ဒီတော့ ဗုဒ္ဓရှိတဲ့ ကျောင်းကို ပြန်လှည့်လာပြီး ကျောင်းဝင်းထဲမှာ မြင်တွေ့ရတဲ့ ရဟန်းတော်တွေကို

လိုက်ပြီးမေးတော့တာပဲ၊ "ကဟံ ဗုဒ္ဓေါ ကဟံ ဘဂဝါ–ဘုရားရှင် ဘယ်မှာလဲ၊ ဘုရားရှင် ဘယ်ကျောင်းမှာ သီတင်းသုံးလဲ" ဆိုပြီး တွေ့မြင်တဲ့ ရဟန်းတွေကို လိုက်လံမေးမြန်းတော့တာပဲ–တဲ့။ စာထဲမှာ ဘယ်လိုပြ သလဲဆိုတော့–

မိခင်နဲ့ကွဲနေတဲ့ နို့စို့နွားငယ်လေးဟာ တစာစာနဲ့ တောင်‚မြောက် ရောက်ပြီးတော့ အော်ဟစ်နေသလိုပဲ–တဲ့။ ရောဇမင်းသားလဲ ဗုဒ္ဓနဲ့ ကွဲကွာ နေရလို့ တွေ့ချင်မြင်ချင်နေတဲ့သဘောသက်ရောက်နေတယ်၊ တွေ့မြင်သမျှ ရဟန်းတော်တွေကို လိုက်ပြီး မေးမြန်းနေတော့တယ်။

ဒီအခါမှာ ရဟန်းတော်တစ်ပါးက ညွှန်ပြလိုက်တယ်၊ "ဂန္ဓကုဋီ ကျောင်းတော်မှာ သီတင်းသုံးတော်မူတယ်၊ ဖြည်းဖြည်းသွားပြီး တံခါးနား ရောက်ရင် တံခါးကို ခေါက်လိုက်၊ မြတ်စွာဘုရား တံခါးဖွင့်ပေးပါလိမ့် မယ်"လို့ ညွှန်ကြားလိုက်တယ်။ ရောဇမင်းသားလဲ ရဟန်းတော် ညွှန်ကြား လိုက်တဲ့အတိုင်း ဗုဒ္ဓရှင်တော်မြတ် သီတင်းသုံးရာ ကျောင်းတော်ကိုသွား၊ ဗုဒ္ဓကလဲ တံခါးဖွင့်ပေးတော်မူ၊ ကျောင်းထဲဝင်ပြီးတော့ ဗုဒ္ဓကို ရှိခိုးလိုက် တော့တာပဲ–တဲ့။

စောစောက ဗုဒ္ဓကို ကြည်ညိုသူ မဟုတ်ဘူးနော်၊ ယခု ရှိခိုးကန် တော့နေပါပြီ။ ဒါဟာ ဘာ့ကြောင့်လဲ၊ ဗုဒ္ဓပို့လွှတ်လိုက်တဲ့ မေတ္တာဓာတ်ရဲ့ စွမ်းအားကြောင့်ပဲ။

## မြတ်ဗုဒ္ဓတရားဟောတော်မူ

ဒီတော့ ဗုဒ္ဓက "ချစ်သား ရောဇ"လို့ ခေါ်တော်မူလိုက်တယ်၊ ဒီအသံလေးကိုလဲကြားလိုက်ရော၊ ရောဇရဲ့ ခန္ဓာကိုယ်မှာ ကြက်သီးမွေးညှင်း တွေ ထသွားတဲ့အထိ–ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတယ်။

ဒီတော့ ဗုဒ္ဓက ဘာလုပ်သလဲဆိုတော့၊ ဒါနနဲ့စပ်တဲ့ တရားတော် တွေ၊ သီလနဲ့စပ်တဲ့ တရားတော်တွေ၊ ကာမဂုဏ်ရဲ့ အပြစ်တွေ– စတဲ့ တရားဒေသနာတော်တွေကို ဟောကြားတော်မူပါတယ်။ အဲဒီ တရားတော် တွေကို နာကြားရင်းနဲ့ ရောဇမင်းသားရဲ့ စိတ်ထဲမှာ ကြည်လင်အေးမြလာ တယ်၊ ကြာလေကြာလေ ငြိမ်သက်လာလေဖြစ်လာတယ်၊ ကိလေ္လတွေလဲ ရင့်ကျက်လာတယ်၊ နောက်ဆုံး ဘုရားရှင်က ဘာဟောသလဲဆိုတော့

မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားတွေကို ဟောကြားတော်မူပါတယ်။ မဂ္ဂင်ရှစ်ပါးတရားတော်တွေကိုလဲ နာကြားပြီးရော ရောဇမင်းသားဟာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကင်းကွာ၊ တဏှာ၊မာန၊ဒိဋ္ဌိတွေ ခေါင်းပါးပြီး သောတာပတ္တိမဂ်ဉာဏ်၊ဖိုလ်ဉာဏ်ကို ရခဲ့ပါတယ်၊ သောတာပန်အရိယာဖြစ်ခဲ့ပါတယ်။

## သောတာပန်တို့ရဲ့သဒ္ဓါ

သောတာပန်အရိယာဖြစ်ပြီးတော့ ဘုရားရှင်ကို ဘယ်လိုလျှောက်သလဲဆိုတော့"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ယနေ့က စပြီးတော့ တပည့်တော်ရဲ့ ပစ္စည်းလေးပါးကိုပဲ အလှူခံတော်မူပါ၊ တစ်ပါးသော ပုဂ္ဂိုလ်တို့ရဲ့ ပစ္စည်းလေးပါးကို အလှူမခံပါနဲ့ဘုရား" လို့ လျှောက်တယ်။ သောတာပန်တို့ရဲ့ သဒ္ဓါတရား နော်၊ ဘယ်လောက်အထိ အားကောင်းသလဲဆိုတာ ကြည့်။ အရိယာမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေကို ရပြီဆိုရင် ဒီလိုပဲ လျှောက်ထားတတ်ကြတယ်–တဲ့။

ဒီလို လျှောက်ထားတော့၊ ဘုရားရှင်တို့မည်သည်မှာလဲ သတ္တဝါတွေအားလုံးအတွက် ချီးမြှောက်ရတာမျိုးဖြစ်လေတော့ သူလျှောက်တဲ့အတိုင်း လက်ခံလို့ မဖြစ်ဘူးပေါ့။ ရောဇရဲ့ ပစ္စည်းလေးပါးကိုလဲ အလှူခံမယ်၊ တစ်ပါးသော ပုဂ္ဂိုလ်တို့ရဲ့ ပစ္စည်းလေးပါးကိုလဲ အလှူခံမယ်ပေါ့။

## အကောင်းဆုံးဆွမ်းကိုစီစဉ်

အဲဒီနောက်၊ ကုသိနာရုံပြည်မှာ တိုင်းသူပြည်သားတွေက မြတ်စွာဘုရားနဲ့ သံဃာတော်တွေ ကြွရောက်သီတင်းသုံးနေတဲ့ အခိုက်မှာ နေ့စဉ်နေ့စဉ် အလှည့်နဲ့ ဆွမ်းဆက်ကပ်ကြတယ်၊ ရောဇမင်းသားလဲ တစ်လှည့်ယူထားတယ်ပေါ့။

သူ့အလှည့် မရောက်ခင် ဘာလုပ်သလဲဆိုတော့၊ အခြားပုဂ္ဂိုလ်တွေအလှည့်တွေမှာ မြတ်ဗုဒ္ဓနှင့်တကွ သံဃာတော်တွေကို ဘာဆွမ်းတွေကပ်သလဲ၊ ဘာဟင်းတွေနဲ့ ကပ်သလဲ–စသည်ဖြင့်ပေါ့လေ၊ သွားသွားပြီး လိုက်ကြည့်ထားတယ်။ သူ့အလှည့်ရောက်တော့ သူများတွေ မဆက်ကပ်သေးတဲ့၊ မလှူဒါန်းရသေးတဲ့ ဆွမ်းစတဲ့ လှူဖွယ်ပစ္စည်းတွေချည်း လှူဒါန်းဆက်ကပ်တယ်–တဲ့။ သောတာပန်အရိယာတို့ရတနာသုံးပါးအပေါ် ကြည်ညိုလာပုံ နော်။

သူတို့ရဲ့ ကြည်ညိုမှု၊ ယုံကြည်မှုတွေကို ဘယ်သူဖျက်ဖျက် မပျက်တော့ဘူး၊ ရတနာသုံးပါးအပေါ် "အဝေစ္စပသာဒ"အကြွင်းမဲ့ ယုံကြည်မှုမျိုးနဲ့ ယုံကြည်သွားပါပြီ။ ဒါဟာ သောတာပန်အရိယာတို့ရဲ့ သဒ္ဓါတရားပဲ။

ဒီတော့ ရောဇမင်းသားဟာ ဘုရားရှင်ရဲ့ သာသနာတော်ကို ယုံကြည်သက်ဝင်သွားတော့ ဘုရားရှင်ရဲ့ သာသနာတော်လဲ သိပ်ပြီး ကျေးဇူးများပေ့ါ။ သူကိုယ်တိုင်ကလဲ သောတာပန်အရိယာကြီးဖြစ်လို့ နော်။

ဒါတွေဟာ ဘာကြောင့်လဲ၊ ဘုရားရှင်ရဲ့ မေတ္တာစွမ်းအားကြောင့်၊ အရှင်အာနန္ဒာရဲ့ မိတ်ဆွေကောင်း ပီသမှုတို့ကြောင့်ပဲ။ ဘုရားရှင်ရဲ့ မေတ္တာစွမ်းအားဟာ သိပ်ကျေးဇူးများခဲ့တယ်၊ စွမ်းအား သိပ်ထက်မြက်ခဲ့တယ်။

ယခု ပြောခဲ့တဲ့ ရောဇမလ္လပုတ္တအကြောင်းဟာ မြတ်ဗုဒ္ဓရဲ့သြဒိသ မေတ္တာစွမ်းရည် ထက်မြက်ပုံလေးပေ့ါ။ မေတ္တာစွမ်းအားဟာ ဗုဒ္ဓဘာသာ မဟုတ်သူကိုတောင် ဗုဒ္ဓဘာသာဖြစ်လာတဲ့အထိ စွမ်းဆောင်နိုင်တယ်ဆိုတာ ယခုဝတ္ထုသာဓကကို ကြည့်ခြင်းဖြင့် သိသာထင်ရှားလှပါတယ်။

## တိုက်တွန်းခြင်း

ဒ့ါကြောင့် မေတ္တာတရားသည် သတ္တဝါတွေအတွက် ကောင်းကျိုးကိုသာ ဆောင်ရွက်ပေးနိုင်ကြောင်း ဒီသာဓကလေးက သက်သေခံနေပါပြီ၊ တို့ရဲ့ဗုဒ္ဓဟာ မေတ္တာပွားပြီးတော့ သတ္တဝါတွေရဲ့ အကျိုးစီးပွားတွေ၊ ချမ်းသာသုခအမျိုးမျိုးတွေကို ဆောင်ရွက်ပေးတော်မူခဲ့ပါပြီ။

ယနေ့ တရားနာနေကြတဲ့ ဘုန်းကြီးတို့ ပရိသတ်ကြီးလဲ မေတ္တာဘာဝနာကို ကြိုးစား၍ ပွားများကြပါ၊ မေတ္တာစိတ်လေးတွေ မိမိတို့ရဲ့ နှလုံးအိမ်မှာ ထာဝစဉ်ကိန်းအောင်းနေအောင် ထားရှိကြပါ–လို့ မေတ္တာအခါတော်နေ့မှာ ဘုန်းကြီးအနေနဲ့ နိဂုံးချုပ်တိုက်တွန်းရင်း– တရားအဆုံးသပ်ပ့ါမယ်။ စောစောက ရွတ်ဆိုခဲ့တဲ့ ဂါထာလေးရွတ်ပြီး တရားနိဂုံးချုပ်ရအောင်– –။

(မေတ္တာလုကော ခမာသီလော–စသောဂါထာကို
ပြန်ရွတ်ဆို၍ တရားအဆုံးသပ်တော်မူသည်)

ပန်းငွေရှုံဆရာတော်

# သုဗြဟ္မသုတ္တန် ဒေသနာ

ယနေ့၊ ညောင်လေးပင်မြို့၊ ဝိဝေကတောရသဒ္ဓမ္မရံသီရိပ်သာမှာ ဝိပဿနာတရား လာရောက်အားထုတ်ကြကုန်သော ယောဂီအပေါင်းတို့ နှင့်တကွ အနယ်နယ်အရပ်ရပ်တို့မှ လာရောက်ပြီးတော့ တရားနာယူကြ တဲ့ ပရိသတ်အပေါင်းတို့အား ဘုန်းကြီးအနေနဲ့ သံယုတ်ပါဠိတော်မှာ လာရှိတဲ့ သုဗြဟ္မသုတ္တန်ဒေသနာတော်ဖြင့် ဓမ္မဒါနပြုပါမယ်—

သုဗြဟ္မသုတ္တန်ဒေသနာတော်ကို မနာကြားမီ ရှေ့ဦးစွာ သစ္စာ မေတ္တာပြုရအောင်၊ ဘုန်းကြီးတို့ပရိသတ်များက အာရုံပြုထားကြပါ—

မဟာကာရုဏိကော နာထော ၊ ဟိတာယ သဗ္ဗပါဏိနံ။

ပူရေတွာ ပါရမီ သဗ္ဗာ ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။

ဧတေန သစ္စဝဇ္ဇေန ၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

မဟာကာရုဏိကော—ကြီးမြတ်သော မဟာကရုဏာရှိတော်မူထ သော၊ နာထော—မြတ်စွာဘုရားသည်၊ သဗ္ဗပါဏိနံ—လုံးစုံများစွာ, သတ္တဝါ တို့၏၊ ဟိတာယ—လောကီ လောကုတ်, မယုတ်တိုးပွား, အကျိုးများစေ ခြင်းငှါ၊ သဗ္ဗာ—ခပ်သိမ်းဥဿုံ, အလုံးစုံကုန်သော၊ ပါရမီ—ဒါနစသည်, ပါရမီတော်တို့ကို၊ ပူရေတွာ—အလုံးစုံ ပြည့်စုံအောင်, ဖြည့်ကျင့်တော်မူ ခဲ့၍၊ ဝါ—ဖြည့်ကျင့်တော်မူခြင်းကြောင့်၊ ဥတ္တမံ—ထူးမြတ်လှစွာသော၊ သမ္ဗောဓိံ—အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်မြတ်ကို၊ ပတ္တော— ရတော်မူခဲ့လေပြီ။

ဧတေန သစ္စဝဇ္ဇေန–ဤသို့နှုတ်သံ, ဖော်ထုတ်ပြန်၍, ဟုတ်မှန်သော သစ္စာစကားကို ဆိုရခြင်းကြောင့်၊ တေ တုမှာကံ–တရားနာ ပရိသတ်အပေါင်း သင်သူတော်ကောင်းတို့အား၊ သဗ္ဗဒါ–နေ့ရောညဉ့်ပါ, ဘယ်ခါမယိမ်း, အခါခပ်သိမ်း၊ သောတ္ထိ–ကိုယ်စိတ်နှစ်ဖြာ, ကျန်းမာချမ်းသာခြင်းသည်၊ ဟောတု–မုချမသွေ, ဖြစ်ပါစေသတည်း . . .။

ဇယန္တော ဗောဓိယာ မူလေ ၊ သကျာနံ နန္ဒိဝဍ္ဎနော။

ဧဝမေဝ ဇယော ဟောတု ၊ ဇယဿု ဇယမင်္ဂလေ။

သကျာနံ–သာကီဝင်အပေါင်းတို့၏၊ နန္ဒိဝဍ္ဎနော–အားရနှစ်သက်ခြင်းကို တိုးပွားစေတတ်သော မြတ်စွာဘုရားသည်၊ ဗောဓိယာ–ဗောဓိပင်၏၊ မူလေ–အနီးတခွင်, အပရာဇိတပလ္လင်၌၊ ဇယန္တော ယထာ–မာန်ငါးပါးကို အောင်မြင်တော်မူသကဲ့သို့၊ ဧဝမေဝ–ဤ အတူသာလျှင်၊ (တေ တုမှာကံ–တရားနာပရိသတ်အပေါင်း, သင်သူတော်ကောင်းတို့အား) ဇယော–ဘေးရန်ခပင်း, အောင်မြင်ခြင်းသည်၊ ဟောတု–စင်စစ်မသွေ ဖြစ်ပါစေသတည်း . . .။

(တုမှေ–တရားနာပရိသတ်အပေါင်း သင်သူတော်ကောင်းတို့သည်) ဇယမင်္ဂလေ–အောင်ရာအောင်ကြောင်း, ကောင်းမြတ်သော မင်္ဂလာတို့ကို၊ ဇယဿု, ဇယန္တု–ပြီးမြောက်ထင်ထင်, အောင်မြင်ပါစေသတည်း . . .။

ရှေဦးစွာ ယနေ့ သတိပဋ္ဌာန်တရား ပွားများအားထုတ်နေကြတဲ့ ယောဂီများအနေနဲ့ သတိပဋ္ဌာန်တရားကို ပွားများအားထုတ်ခြင်းကြောင့် ရရှိနိုင်မယ့် အကျိုးတရား(၇)ပါးကို ဘုန်းကြီးအနေနဲ့ ဟောကြားပါမယ်။

သတိပဋ္ဌာန်တရား ပွားများနေကြတဲ့ ယောဂီတွေ စိတ်ဓာတ်လေးတွေ ထက်သန်လာအောင်၊ သတိပဋ္ဌာန်တရားကို ပိုမိုပြီးတော့ အားထုတ်ချင်လာအောင် သတိပဋ္ဌာန်ပွားရကျိုး(၇)ပါး–တဲ့။

ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။ (သုတ်၊ မဟာဝါ)

ဘိက္ခဝေ–ပရိသတ်လေးပါး, ချစ်သား ချစ်သမီးတို့၊ စတ္တာရော–လေးပါးကုန်သော၊ ယဒိဒံ ယေ ဣမေ သတိပဋ္ဌာနာ–အကြင်သတိပဋ္ဌာန်တရားတို့သည်၊ (သန္တိ–ရှိကုန်၏၊ တယိဒံ တေ ဣမေ သတိပဋ္ဌာနာ–ထိုသတိပဋ္ဌာန်တရားတို့သည်) စတ္တာရော–လေးပါးတို့သည်၊(ဟောန္တိ–ဖြစ်ကုန်၏) အယံ–ဤသတိပဋ္ဌာန်တရားသည်၊ ဧကာယနော–တစ်ကြောင်းတည်းသော ခရီးသည်၊ (ဟောတိ–ဖြစ်၏)။

အယံ မဂ္ဂေါ–ဤသတိပဋ္ဌာန်လေးပါးဟူသော တစ်ကြောင်းတည်းသော ခရီးသည်၊ သတ္တာနံ–သတ္တဝါတို့၏၊ ဝိသုဒ္ဓိယာ–ကိလေသာမှ စင်ကြယ်ခြင်းငှါ၊ သောကပရိဒေဝါနံ–စိုးရိမ်ခြင်း ငိုကြွေးခြင်းတို့ကို၊ သမတိက္ကမာယ–လွန်မြောက်ခြင်းငှါ၊ ဒုက္ခဒေါမနဿာနံ–ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲခြင်းတို့၏၊ အတ္ထင်္ဂမာယ–ချုပ်ပျောက်ခြင်းငှါ၊ ဉာယဿ–အရိယာမဂ်ဉာဏ်ကို၊ အဓိဂမာယ–ရခြင်းငှါ၊ နိဗ္ဗာနဿ–နိဗ္ဗာန်ကို၊ သစ္ဆိကိရိယာယ–မျက်မှောက်ပြုခြင်းငှါ၊ (ဟောတိ–မုချမသွေ ဖြစ်ပါပေတော့၏)။

ဣတိ–ဤသို့၊ ဣမံ ဓမ္မဒေသနံ–ဤ ဓမ္မကထာ ဒေသနာတော်ကို၊ ဘဂဝါ–ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်၊ **အဝေါစ**–ကရုဏာရှေ့သွား ပညာအားဖြင့် မိန့်ကြားတော်မူခဲ့ပါပေသတည်း . . .။

သတိပဋ္ဌာန်တရားတော်များကို လာရောက်အားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ၊ မိမိတို့ အားထုတ်တဲ့ သတိပဋ္ဌာန်တရားက ဘယ်လိုကျေးဇူးတွေနဲ့ ပြည့်စုံနိုင်, ရရှိနိုင်သလဲဆိုတော့–၊ ဒီ ဒေသနာတော်အရ အကျိုးကျေးဇူး(၇)ပါး ရရှိနိုင်တယ်။ အဲဒီ(၇)ပါးက–

## သတိပဋ္ဌာန်ပွားရကျိုး(၇)ပါး

၁။ သတ္တာနံ ဝိသုဒ္ဓိယာ=ဘုရားအလောင်း,ပစ္စေကဗုဒ္ဓါအလောင်း သာဝကအလောင်းများဖြစ်ကြတဲ့ သတ္တဝါအားလုံး စိတ်အညစ်အကြေးတွေ ကင်းဝေးခြင်း, စင်ကြယ်ခြင်းအကျိုးကို ရရှိနိုင်တယ်။

ယနေ့ ယောဂီသူတော်စင်များ သတိပဋ္ဌာန်တရားကို လာရောက်ပွားများအားထုတ်နေကြတယ်၊ ဒီလို အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေသည်

လောဘ, ဒေါသ, မောဟ စတဲ့ ကိလေသာ အညစ်အကြေးတွေက ကင်းဝေးနိုင်တယ်။

ယောဂီပုဂ္ဂိုလ်များ ယခုလို ဖောင်းကယ်, ပိန်တယ်–ဆိုပြီး ရှုမှတ်နေကြပါတယ်။ အဲဒီလို မှတ်နေတဲ့ ခဏတိုင်း ခဏတိုင်းမှာ လောဘကိလေသာတွေ ကင်းနေပါတယ်၊ ဒေါသ, မောဟ စတဲ့ ကိလေသာအညစ်အကြေးတွေ ကင်းစင်နေပါတယ်။ ဒ့ါကြောင့် သတိပဋ္ဌာန်တရားပွားများအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ ကိလေသာအညစ်အကြေးတွေက ကင်းစင်ခြင်း–ဆိုတဲ့ အကျိုးကျေးဇူးတွေကို ရရှိနိုင်ပါတယ်။ ဒါက ပဌမအကျိုးပါ။ နောက်တစ်ခါ–

သောကပရိဒေဝါနံ သမတိက္ကမာယ–တဲ့။ ဒီပါဠိတော်ကို နှစ်မျိုးခွဲကြည့်ရလိမ့်မယ်–

(က) သောကာနံ သမတိက္ကမာယ။

(ခ) ပရိဒေဝါနံ သမတိက္ကမာယ–လို့ နှစ်မျိုး ခွဲကြည့်ရမယ်။

အဲဒီနှစ်မျိုးထဲမှာ ပဌမက "သောကာနံ သမတိက္ကမာယ"တဲ့။ ဒါကို အကျိုးတစ်ခုအနေနဲ့ ယူရမယ်။

၂။ သောကာနံ သမတိက္ကမာယ–စိုးရိမ်ပူဆွေးရတဲ့ သောကတွေမှ လွန်မြောက်စေခြင်းအကျိုးကို ရရှိနိုင်တယ်။ ဒါက နှစ်နံပါတ်အကျိုးပေ့ါ။

သတိပဋ္ဌာန်တရားကို ပွားများအားထုတ်နေကြတဲ့ ယောဂီပုဂ္ဂိုလ်တွေသည် စိုးရိမ်ပူဆွေးရတဲ့ သောကတရားတွေက ကင်းစင်နိုင်ပါတယ်။

သားရေး, သမီးရေး, အိမ်ထောင်ရေး–စတဲ့ အရေးကိစ္စတွေကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ သောကတွေကို ပယ်ဖျောက်နိုင်တယ်၊ ဒီလိုမျိုး သောကတွေဟာ ယနေ့ တရားနာပရိသတ်များအနေနဲ့ အနည်းနဲ့ အများဆိုသလို ကြုံတွေ့ဖူးလိမ့်မယ်၊ ခံစားဖူးလိမ့်မယ်။ ဒီလို သောကတွေ ဖြစ်လာတဲ့အခါ မဖြစ်အောင်,ငြိမ်းပျောက်အောင် ပယ်ဖျောက်နိုင်တာ ဒီ သတိပဋ္ဌာန်တရားပဲ။ သတိပဋ္ဌာန်တရားပွားများထားရင် အချိန်အခါမရွေး ဖြစ်ပေါ်လာနိုင်တဲ့ သောကတွေကို ညင်ညင်သာသာလေးနဲ့ပဲ ပယ်ဖျောက်နိုင်တယ်၊ သောကရဲ့ ဒဏ်ကို ခံနိုင်ရည်ရှိတယ်ပေ့ါ။

လူတိုင်း သောကရဲ့ ဒဏ်ကို မခံနိုင်ကြပါဘူး၊ မျက်မြင်ကိုယ်တွေ့တွေပါ။ ဒါက ဒုတိယမြောက် ရရှိနိုင်တဲ့ အကျိုးကျေးဇူးပါပဲ။

၃။ **ပရိဒေဝါနံ သမတိက္ကမာယ**–ငိုကြွေးမြည်တမ်း ပင်ပန်းခြင်းမှ လွန် မြောက်နိုင်ခြင်းအကျိုးကို ရရှိနိုင်တယ်။ ဒါက တတိယမြောက်အကျိုး။

သားရေး, သမီးရေး, ဉာတိဗျသနဘေး, ဘောဂဗျသနဘေး စတဲ့ ဘေးဆိုးတွေနဲ့ ကြုံတွေ့တဲ့အခါ ငိုကြွေးမည်တမ်းခြင်း, ပင်ပန်းခြင်းတွေ ဖြစ်လာတတ်ပါတယ်။ အဲဒီလို ငိုကြွေးမည်တမ်းခြင်း, ပင်ပန်းခြင်းတွေကလဲ လွန်မြောက်နိုင်ပါတယ်။ မဖြစ်အောင် ဒီသတိပဋ္ဌာန်တရားက တားဆီးကာကွယ်ပေးထားနိုင်ပါတယ်။

နောက်တစ်ခုက။ "**ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ**"တဲ့။ ဒီ ပါဠိကို လဲပဲ–

(က) **ကာယိကဒုက္ခ**။

( ခ ) **စေတသိကဒေါမနဿ**–လို့ နှစ်မျိုးခွဲယူရပါမယ်။ အဋ္ဌကထာမှာ ဖွင့်ဆိုထားတဲ့အတိုင်း ခွဲယူရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်–

၄။ **ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ**–ကိုယ်ထဲမှာ အနေဆိုးပြီး အမျိုးမျိုး ခံနေရတဲ့ ကိုယ်ဆင်းရဲမှုတွေ ချုပ်ပျောက်နိုင်ခြင်း အကျိုးကို ရရှိနိုင်ပါတယ်။ ဒါက စတုတ္ထမြောက်အကျိုးပေါ့။

ကိုယ်ဆင်းရဲခြင်းဆိုတဲ့ ကာယိကဒုက္ခဆိုတာလဲ လူတိုင်းလူတိုင်း ကြုံတွေ့ခံစားဖူးကြပါလိမ့်မယ်။ ဘေးအန္တရာယ်အမျိုးမျိုးတွေကြောင့် ဒါမှမဟုတ် အနာရောဂါတစ်မျိုးမျိုးကြောင့် ဖြစ်ပေါ်လာတဲ့ ကိုယ်ဆင်းရဲမှုတွေ။ ဒီလို ဆင်းရဲမှုတွေကနေ သတိပဋ္ဌာန်တရားက လွန်မြောက်စေနိုင်ပါတယ်။

ပဉ္စမမြောက်အကျိုးက၊ ခုနက "**ဒုက္ခဒေါမနဿာနံ**"ပါပဲ၊ ဒီပဉ္စမမြောက်မှာတော့ "(ခ)**စေတသိကဒေါမနဿ**"ကို ယူရပါမယ်။ ဒါကြောင့်––

၅။ **ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ**–တစ်ခါတစ်လေ စိတ်ထဲမှာ အနေဆိုးပြီး အမျိုးမျိုးခံစားနေရတဲ့ စိတ်မသက်သာမှု, စိတ်ဆင်းရဲမှုတွေ ချုပ်ပျောက်နိုင်ခြင်းအကျိုးကို ရရှိနိုင်ပါတယ်။

စိတ်ဆင်းရဲမှုဆိုတာလဲ ဘုန်းကြီးတို့အနေနဲ့ အထူးပြောပြစရာ လိုမယ် မထင်ပါဘူး၊ တို့ယောဂီများ စိတ်ဆင်းရဲမှုဆိုတာတွေကို ယခင်က အကြောင်းအားလျော်စွာ ခံစားဖူးကြမှာပါ။

မည်သည့်အကြောင်းကြောင့်မဆို ဖြစ်ပေါ်လာတဲ့ စိတ်ဆင်းရဲမှု တွေကို ဒီ သတိပဋ္ဌာန်တရားက ကာကွယ်ပေးနိုင်ပါကယ်။ သတိပဋ္ဌာန် တရားတွေကို ပေါက်ပေါက်ရောက်ရောက် အားထုတ်ထားသူများဆိုရင် အဲဒီ စိတ်ဆင်းရဲမှုတွေက လုံးဝ လွန်မြောက်သွားမယ်။ ကောင်းမြတ်တဲ့ အကျိုးတွေပဲ နော်။ ကဲ–ဒီလောက်ပဲ ထား၊ အကျယ်ချဲ့ပြောမယ်ဆိုရင် အများကြီးပါပဲ။ နောက်တစ်ခါ

၆။ ဉာယဿ အဓိဂမာယ–မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေကို ရရှိနိုင်တဲ့ အကျိုး–တဲ့။

သတိပဋ္ဌာန်တရား ပွားများမှုရဲ့ အမြတ်ဆုံး အထွတ်အထိပ်အကျိုး ပါပဲ။ သတိပဋ္ဌာန်အားထုတ်တာ ဘာဖြစ်အောင် အားထုတ်တာလဲ၊ မဂ် ချမ်းသာ, ဖိုလ်ချမ်းသာတွေ ရရှိအောင် အားထုတ်ကြတာပဲ မဟုတ်လား၊ မဂ်ဖိုလ်တရားဆိုတာ ယောဂီများ လိုလားတောင့်တအပ်တဲ့ အကျိုးတွေပါ။ ဒီ သတိပဋ္ဌာန်တရားတွေကို ပွားများအားထုတ်တဲ့အတွက် မဂ်ချမ်းသာ, ဖိုလ်ချမ်းသာတွေကို ရရှိနိုင်ပါတယ်။ ဒါက ဆဋ္ဌမမြောက်အကျိုးပါပဲ။ သတ္တမမြောက်ရရှိနိုင်တဲ့ အကျိုးက–

၇။ နိဗ္ဗာနဿ သစ္ဆိကိရိယာယ–နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင် ခြင်းအကျိုးကို ရရှိနိုင်တယ်။

ဒါ နောက်ဆုံးအကျိုးတရားပဲ။ နိဗ္ဗာန်ချမ်းသာဆိုတာလဲ ဗုဒ္ဓ ဘာသာဝင်တို့ လိုလားတောင့်တနေတဲ့ အရာပဲ၊ နိဗ္ဗာန်ကို မျက်မှောက် ပြုရင် အားလုံး ဒုက္ခခပ်သိမ်းတွေမှ လွတ်ငြိမ်းသွားပြီပေါ့။ ဒီလို မျက် မှောက်ပြုနိုင်အောင်ဆိုပြီး ယနေ့ယောဂီများ သတိပဋ္ဌာန်တရားတော်တွေကို ပွားများအားထုတ်နေကြခြင်းဖြစ်တယ်၊ ယခုလို အားထုတ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းတွေ ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကြီးကို လက်ဝယ် ပိုင်ပိုင် ရရှိနိုင်ပါတယ်။

ယခုပြောခဲ့တာတွေဟာ သတိပဋ္ဌာန်တရားပွားများအားထုတ်ခြင်း ကြောင့် ရရှိနိုင်တဲ့ အကျိုးတရား(၇)ပါးပဲ၊ ဒီ အကျိုးတရား (၇)ပါးကို

လွယ်လွယ်မှတ်လို့ရအောင် ကဗျာလေးနဲ့တိုင်ပေးမယ်၊ လိုက်ဆိုကြည့်–

ကိလေသာကင်း၊ သန့်ရှင်းအမှန်။(၁)

စိုးရိမ်ပူဆွေး၊ ငိုကြွေးလွတ်ပြန်။(၂)

ကိုယ်စိတ်ဆင်းရဲ၊ ချုပ်ငြိမ်းစေကြန်။(၂)

မဂ်ဖိုလ်ရောက်၊ မျက်မှောက်ပြုနိဗ္ဗာန်။(၂)

အဲဒါ သတိပဋ္ဌာန်တရား ပွားများသူများရရှိနိုင်တဲ့ အကျိုးတရား (၇)ပါးပါပဲ။

အဲဒီ အကျိုးတရား(၇)ပါးထဲက ပဉ္စမမြောက်ဖြစ်တဲ့ အကျိုးတရားနဲ့ ပတ်သက်ပြီးတော့ စိတ်ဆင်းရဲမှု ငြိမ်းအေးသွားခဲ့ပုံလေးကို "သဂါထာဝဂ္ဂသံယုတ်ပါဠိတော်"မှာလာတဲ့ "သုဗြဟ္မသုတ်"ကို ဆက်လက်ပြီးဟောကြားပါ့မယ်၊ သတိပဋ္ဌာန်ပွားများမှုကြောင့် ပဉ္စမမြောက်ဖြစ်တဲ့ စိတ်ဆင်းရဲမှုက လွတ်ငြိမ်းနိုင်ခြင်း–ဆိုတဲ့ အကျိုးကို ပေါ်လွင်သိသာထင်ရှားစေတဲ့ သာဓကလေးပါပဲ။

**သုဗြဟ္မသုတ္တန်** (သဂါထာဝဂ္ဂသံယုတ်)

ဗုဒ္ဓရှင်တော်ဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။ တစ်နေ့မှာတော့ ဘုရားရှင်ကိုယ်တော်မြတ်ထံသို့ နတ်သားတစ်ယောက် ရောက်လာခဲ့ပါတယ်၊ နတ်တွေ လာရောက်လေ့ရှိတဲ့ ညသန်းခေါင်ယံအချိန်မှာ ရောက်လာခဲ့တယ်။

အဲဒီ နတ်သားဟာ မြတ်စွာဘုရားထံ မရောက်လာမီက သူ့စံမြန်းရာဖြစ်တဲ့ တာဝတိံသာနတ်ပြည်မှာ သူ့ရဲ့နတ်သမီးအခြွေအရံ တစ်ထောင်နဲ့ အတူ နန္ဒဝန်ဥယျာဉ်ကို မြူးတူးပျော်ပါးကစားကြဖို့ သွားရောက်ကြတယ်၊ ဥယျာဉ်အတွင်း ပင်လယ်ကသစ်ပင်ရင်းမှာ စီမံထားတဲ့ ပန်းကမ္ဗလာအပေါ်မှာ အဲဒီနတ်သားက ထိုင်နေတယ်။ နတ်သားရဲ့ အမည်က "သုဗြဟ္မနတ်သား"လို့ ခေါ်ပါတယ်။

ပင်လယ်ကသစ်ပင်ရင်း ပန်းကမ္ဗလာပေါ်မှာ သူကထိုင်နေပြီး အခြွေအရံနတ်သမီးတစ်ထောင်ထဲက ငါးရာသောနတ်သမီးလေးတွေက

ပန်းပင်ပေါ်တက်ရောက်ပြီး ပန်းလေးတွေခူးရင်း သီချင်းလေးတွေ တကျော်ကျော်နဲ့ ပျော်မြူးနေကြတယ်။

ကျန်တဲ့ ငါးရာသော နတ်သမီးလေးတွေကတော့ အဲဒီ ပန်းပင်ပေါ်က ခူးချပေးလိုက်တဲ့ ပန်းတွေကို သီသူ သီ၊ ကုံးသူကုံးနဲ့ ပျော်မြူးနေကြပါတယ်၊ သုဗြဟ္မနတ်သားကိုလဲ သီကုံးပြီးတဲ့ ပန်းကုံးလေးတွေကို ပန်ဆင်ပေးကြပေ့ါ၊ သုဗြဟ္မနတ်သားကလဲ ပျော်မြူးနေတာပေ့ါ။ သုဗြဟ္မနတ်သားနှင့်တကွ အားလုံးသောနတ်သမီးတွေဟာ ပျော်မြူးနေကြပါတယ်၊ ကာမဂုဏ်အာရုံတွေမှာ နစ်မွန်းပြီးတော့ နေကြပါတယ်။

## ပန်းပင်ပေါ်က နတ်သမီးငါးရာ စုတေ

အဲဒီလို ပျော်တပြုံးပြုံး မော်မဆုံးဖြစ်နေတုံးမှာပဲ ပန်းပင်ပေါ်က ပန်းခူးနေကြတဲ့ နတ်သမီးငါးရာဟာ ရှေ့ကပြုခဲ့တဲ့ အကုသိုလ်ကံ ဖြတ်တောက်မှုကြောင့် ရုတ်တရက်ပဲ ကွယ်လွန်သွားကြတယ်။ ကွယ်လွန်ပြီး ဘယ်ရောက်သွားလဲဆိုတော့ အဝီစိငရဲကို ကျရောက်သွားကြတယ်၊ ငရဲ ရှစ်ထပ်ရှိတဲ့အနက် အောက်ဆုံးအထပ်ဖြစ်တဲ့ အဝီစိငရဲကို ရောက်သွားကြတယ်။

အဝီစိငရဲဆိုတာ ဒုဂ္ဂတိဘုံပါ၊ ဒုဂ္ဂတိဘုံဆိုတာ မကောင်းသောသူတို့ သွားရာ,လားရောက်ရာဖြစ်တဲ့ ဘုံ၊ အပါယ်ဘုံပေ့ါ။ အပါယ်ဆိုတာ (အပ+အယ)ကောင်းမှုကုသိုလ်တွေ လုံးဝပြုခွင့်မရှိဘူးလို့ အဓိပ္ပာယ်ရပါတယ်၊ ဒါကြောင့် သိပ်ကြောက်စရာကောင်းလှတယ်။

## ယောဂီတွေ ကံကောင်းကြတယ်

ယနေ့ ယောဂီပုဂ္ဂိုလ်တွေ၊ ဒီနေရာဌာနကို လာရောက်ကြပြီး ဝိပဿနာတရားတွေ ပွားများအားထုတ်ကြတာ ဘယ်အတွက်လဲ၊ အပါယ်လေးဘုံက လုံးဝလွတ်မြောက်ဖို့အတွက် ဖြစ်တယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို ရရှိဖို့ဖြစ်တယ်။ ဒီ အပါယ်လေးဘုံ တစ်ဘုံဘုံကို ကျရောက်ပြီဆိုရင် တော်တော်နဲ့ လွတ်မြောက်ဖို့ မလွယ်တော့ဘူး၊ ဘာကောင်းမှုမှလဲ ပြုခွင့်မရှိတော့ဘူး။ ဒီကနေ့ ယောဂီများအနေနဲ့ ဘယ်လောက်ကံကောင်းကြသလဲ၊ ကိုယ့်ဘာသာကိုယ် ပြန်စဉ်းစားကြည့်ရင် ဝမ်းမြောက်ဖို့ အလွန်ကောင်းလှတယ် နော်။

ယူ့ဘု လူ့ဘဝကို ရရှိနေကြတယ်၊ ကုသိုလ်ကောင်းမှုတွေ မျိုးစုံ ပြုလုပ်နိုင်ကြတယ်၊ လူ့ဘဝ လူ့ဘုံဆိုတာ "ပုညတိတ္ထ"တဲ့။ ကောင်းမှု ကုသိုလ်မျိုးစုံအောင် ပြုလုပ်လို့ရတဲ့ဘုံဌာန ဆိပ်ကမ်းကြီးနဲ့ တူတယ်တဲ့။

ဒီ လူ့ဘုံကနေ နတ်ဘုံကိုလဲ သွားနိုင်တယ်၊ နတ်ဘုံသွားနိုင်တဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်နိုင်တယ်။ ဗြဟ္မပြည်ရောက်ကြောင်း ကုသိုလ်တွေပြုပြီး ဗြဟ္မပြည်ကို သွားနိုင်တယ်၊ နိဗ္ဗာန်,မဂ်,ဖိုလ်ရောက် ကြောင်း ကောင်းမှုတွေပြုပြီး နိဗ္ဗာန်,မဂ်,ဖိုလ်ကိုလဲ ရယူနိုင်တယ်၊ ဘယ် လောက်ကောင်းတဲ့ဘုံလဲ နော်။ ဒါကြောင့် တို့ယောဂီတွေ လူ့ဘုံမှာ လူလာဖြစ်နေကြတာ သိပ်ကံကောင်းတယ်လို့ပြောတာပေါ့။

**သံဝေဂယူဖို့ကောင်း**

စောစောက နတ်သမီးငါးရာဟာ ရုတ်တရက်ဆိုသလို အဝီစိငရဲ ကျရောက်သွားကြတယ်၊ စောစောကတော့ နတ်သမီးဘဝနဲ့ ပျော်လို့၊ ခုတော့ အကုသိုလ်ကံတွေက ရုတ်တရက် ဝင်ရောက်အကျိုးပေးလိုက်လို့ မပျော်နိုင်တော့ဘူး၊ အဝီစိငရဲမှာ ဒုက္ခတွေ ခံစားနေကြရပါပြီ။

ဒါလဲပဲ ဘုန်းကြီးတို့ယောဂီတွေ သံဝေဂယူဖို့ ကောင်းတယ်နော်၊ သေခြင်းတရားဆိုတာ အချိန်ကာလမရွေးဘူး နော်၊ အချိန်မရွေး ကျရောက် လာနိုင်ပါတယ်။

သေခြင်းတရား၊ ရက်ချိန်းထား၊ အများသူငါမရှိပါ။

အချိန်မရွေး၊ ခါမရွေး၊ မနေ့သေနိုင်တာ။

သေခြင်းတရားဆိုတာ အချိန်းအချက်လုပ်ထားလို့ရတာ မဟုတ် ဘူး၊ ဘယ်နေ့မှ သေပါ, ဘယ်ရက်မှ သေပါ စသည်ဖြင့် ရက်ချိန်းပေး ထားလို့ မရဘူး၊ အချိန်မရွေး၊ အခါမရွေး သေသွားနိုင်ပါတယ်။

မမျှော်လင့်ဘဲ၊ ပြုန်းကနဲ၊ သေလဲသေနိုင်တာ။

မမျှော်လင့်ဘဲလဲ သေသွားနိုင်တာပဲ၊ ခုနက နတ်သမီးတွေကို ကြည့်ပေါ့၊ သေမယ်လို့ သူတို့မှာ မမျှော်လင့်ထားကြဘူး၊ မမျှော်လင့်ထား လို့ ပျော်ပျော်ပါးပါး ဖြစ်နေကြတာပေါ့၊ ဟော–ယခုတော့ ပြုန်းကနဲသေကုန်ကြပြီ နော်။

သာယမေကော န ဒိဿန္တိ၊ ပါတော ဒိဋ္ဌာ ဗဟူ ဇနာ။

ပါတော ဧကော န ဒိဿန္တိ၊ သာယံ ဒိဋ္ဌာ ဗဟူ ဇနာ။(ဇာတကပါဠိ)

အဓိပ္ပာယ်က ဘာတဲ့လဲဆိုတော့။ ညနေက တွေ့လိုက်တဲ့ ပုဂ္ဂိုလ်၊ နံနက်ခင်းကျတော့ မရှိတော့ဘူး–တဲ့၊ နံနက်ခင်းက တွေ့လိုက်သေးသော်လဲ ညနေခင်းကျတော့ သေပြီ–တဲ့။ ဒီအဓိပ္ပာယ်ကို ပြဆိုပါတယ်။ "နေ့မြင် ညပျောက်" ဆိုတဲ့ စကားအတိုင်းပေ့ါ။

သေခြင်းတရားဆိုတာ အဲဒီလို မြန်ဆန်လှပါတယ်။ အဲဒီတော့ သေခြင်းဆိုတဲ့ သဘောတရားကို တို့တတွေ အမြဲတမ်း နှလုံးသွင်းထားရမယ်။ ဒါကြောင့်–

မမျှော်လင့်ဘဲ၊ ပြုန်းကနဲ၊ သေလဲသေနိုင်တာ။

သူငါအားလုံး၊ ချုပ်ပျောက်ဆုံး၊ နောက်ဆုံးသေရမှာ။

အားလုံးသော သတ္တဝါတွေဟာ သေကြရမှာချည်းပဲ၊ သေခြင်းတရားနဲ့ပဲ နောက်ဆုံး အဆုံးသတ်ကြရမှာပါပဲ။

"ဇာတဿ အမရဏံ နာမ နတ္ထိ– မွေးလာတဲ့ သတ္တဝါမှန်သမျှ အားလုံး သေကြရမှာပဲ" တဲ့။

သူငါတိုင်းပင်၊ သေမင်းတွင်၊ ကပ်ဝင်လဲရမှာ။

ဘဝတစ်ကွေ့၊ ခဏတွေ့၊ မမေ့ရအောင်ကျိုးစားပါ။

သေခြင်းတရားနဲ့ တွေ့ကြရမှာချည်းပဲဆိုတော့ သေခြင်းတရားနဲ့ မတွေ့ခင် ဘာလုပ်ထားကြရမလဲ၊ မမေ့မလျော့တဲ့ သတိတရားတွေ လက်ကိုင်ထားပြီးတော့ ဒါန,သီလ,ဘာဝနာ ဆိုတဲ့ ကောင်းမှုတွေကို ကြိုးစားပြီးတော့ ပြုလုပ်ထားကြဖို့ပဲ ရှိတယ်ပေ့ါ။ သေမင်းနဲ့ အကောင်းဆုံး ရင်ဆိုင်နိုင်အောင် ကုသိုလ်ကောင်းမှုတွေ ကြိုးစားပြီး ပြုလုပ်ထားကြ၊ ဒါမှ တော်ရာကျမယ်၊ နေ့ရွှေ့ ညရွှေ့နဲ့ လုပ်နေကြလို့မဖြစ်ဘူး၊ ပြုစရာရှိတာ စောစောပြုလုပ်ထားကြရမယ် နော်။

အဇ္ဇေဝ ကိစ္စမာတပ္ပံ ၊ ကော ဇညာ မရဏံ သုဝေ။

န ဟိ နော သင်္ဂရံ တေန ၊ မဟာသေနေန မစ္စုနာ။(ဥပရိပဏ္ဏာသ)

သုဝေ–နက်ဖြန်၌၊ (ဇီဝတံ ဝါ–အသက်ရှင်ရဦးမည်ကိုလည်းကောင်း)၊ မရဏံ ဝါ–သေရဦးမည်ကိုလည်းကောင်း၊ ကော ဇညာ–အဘယ်သူ သိနိုင်ပါအံ့နည်း၊(ဣတိ–ဤသို့ နှလုံးသွင်း၍) ကိစ္စ–ကိလေသာ ပူလောင်မှုကို ငြိမ်းစေတတ်သော ဝိပဿနာအားထုတ်မှုစသောကိစ္စကြီးငယ်ကို၊ အာတပ္ပံ–မဆိုင်းမရပ် ပြုလုပ်သင့် ပြုလုပ်ထိုက်ပါပေ၏။

ဟိ–အကြောင်းကား၊ မဟာသေနေန–ရေ–မီး–အဆိပ်–လက်နက်–ရောဂါ စသည်ဖြင့် သေစေနိုင်ကြောင်း စစ်သည်ပေါင်းများစွာရှိသော၊ တေန မစ္စုနာ–သေမင်းဟုဆိုအပ်သော ထိုသေခြင်းတရားနှင့်၊ နော–ငါတို့အား၊ သင်္ဂရံ–ရက်ချိန်းပေးထားခြင်း, တံစိုးလက်ဆောင်ပေးခြင်း, ခုခံနိုင်အောင် စစ်သည်ဗိုလ်ပါစုဆောင်းထားခြင်းသည်၊ န အတ္ထိ–မရှိပါပေ–။

အချိန်းအချက် ဘယ်သူ့မှ လုပ်ထားလို့ မရဘူး၊ သေမင်းကို ပြိုင်ဆိုင်ပြီး တိုက်ခိုက်နိုင်အောင်လဲ စစ်သည်ဗိုလ်ပါတွေ စုဆောင်းထားပြီး ပြန်လှန်တိုက်ခိုက်လို့ မရဘူး။

ဒါကြောင့် ကုသိုလ်ကောင်းမှုတွေကို စောစောစီးစီး ကြိုးစားပြီး ပြုထားကြမှ တော်မယ်နော်။

ဒီနေ့ ယောဂီတွေဟာ ဝိပဿနာအလုပ်တွေ အားထုတ်ကြတာ သေမင်းနဲ့ ရင်မဆိုင်မီ ကြိုတင်ပြီး ပြင်ဆင်ထားကြတာပဲပေါ့။

နတ်သမီးငါးရာ ရုတ်တရက်စုတေတာကို ကြည့်ပြီးတော့ ယခုလိုဓမ္မသံဝေဂတွေ ပွားကြဖို့၊ သေဘေးနဲ့ မတွေ့မီ ကိလေသာတရားတွေကုန်ခန်းစေတတ်တဲ့ ဝိပဿနာဘာဝနာတွေ ကြိုးစားပြီး အားထုတ်ထားကြဖို့လိုတယ်ပေါ့ နော်။

နတ်သမီးတွေ ရုတ်တရက်စုတေကုန်တော့ သူတို့ရဲ့ အသံတွေတိတ်ဆိတ်ကုန်တယ်၊ စောစောကတော့ သီချင်းလေးတွေ တကျော်ကျော်နဲ့ အော်ဟစ်သီဆိုရင်း ပန်းခူးနေကြတာ၊ ရုတ်တရက် အသံတွေတိတ်ကုန်တယ်။

အပေါ်က ခူးချပေးနေတဲ့ပန်းတွေ အောက်ကို ကျမလာတော့တာကို သုပြဟ္မနတ်သား သိလိုက်တယ်၊ သတိပြုမိလိုက်တယ်။

ဘယ်လိုဖြစ်ကုန်ပါလိမ့်၊ ငါ့ရဲ့ အခြံအရံနတ်သမီးငါးရာ ဘယ်ရောက်ကုန်ပါလိမ့်-ဆိုပြီး ဒိဗ္ဗစက္ခုနဲ့ ကြည့်လိုက်တာ၊ အဝီစိငရဲမှာ ဒုက္ခမျိုးစုံတွေ ခံစားနေကြပုံတွေကို မြင်တွေ့သွားတယ်။ ပန်းခူးနေကြတဲ့ နတ်သမီးငါးရာတော့ စုတေပြီး ငရဲရောက်ကုန်ကြပြီ၊ ငါ့ဟဲ့ကော-ဆိုပြီး တစ်ဖန်ကြည့်လိုက်ပြန်တော့ သူတို့တတွေလဲ နောက်(၇)ရက်မြောက်တဲ့အခါ အားလုံးစုတေပြီး အဝီစိငရဲကိုပဲ ရောက်ကြရအုံးမယ်-လို့ မြင်ရပြန်တယ်။

စဉ်းစားသာ ကြည့်ကြပေါ့။ သုဗြဟ္မနတ်သားရဲ့စိတ်ထဲမှာ၊ နှလုံးသားထဲမှာ ဘယ်လိုများ ခံစားသွားရမလဲဆိုတာလေ။

အဲဒီလိုလဲ သိမြင်လိုက်ရော သူ့စိတ်ထဲမှာ မချမ်းမြေ့နိုင်တော့ဘူး၊ ထိတ်လန့်မှုတွေ၊ ကြောက်ရွံ့မှုတွေ၊ စိုးရိမ်မှုတွေပဲ ဖြစ်နေတော့တယ်။ စုတေကုန်တဲ့ နတ်သမီးတွေ အဝီစိငရဲရောက်နေကြတာ မြင်ပြီးတော့လဲ သူတို့လေးတွေအတွက် ရတက်မအေးနိုင်၊ ကျန်ရစ်ခဲ့တဲ့ မိမိတို့တတွေလဲ (၇)ရက်မြောက်ရင် စုတေပြီး အဝီစိငရဲရောက်ကြရအုံးမယ်။ ဟိုဘက်ကြည့်လဲ စိတ်ချမ်းသာမှုမဖြစ်နိုင်၊ ဒီဘက်ကြည့်လဲ စိတ်ချမ်းသာမှုမဖြစ်နိုင်နဲ့ သုဗြဟ္မနတ်သား ဗျာများနေတော့တာပဲ။ စောစောကတော့ ပျော်လို့ပါးလို့၊ သေခြင်းတရားကို မေ့ပျောက်နေကြတယ်။ ဘုန်းကြီးတို့ ပရိသတ်လဲ သတိထားကြရမယ် နော်။

ပျော်စရာလေးတွေနဲ့တွေ့တော့ ပျော်နေလိုက်ကြတာ၊ ယခုတော့ ဒုက္ခတွေနဲ့ ကြုံတွေ့နေရပြီ နော်။

**အားကိုးရာရှာ**

သုဗြဟ္မနတ်သား ခံစားနေရတဲ့ သောက,ပရိဒေဝတွေကို ဘယ်သူကယ်နိုင်ပါ့မလဲ၊ အားကိုးရာကို ရှာရပြီပေါ့။ သတ္တဝါတွေဟာ ဒုက္ခနဲ့တွေ့ရင် အားကိုးရာကို ရှာတတ်ကြတာပဲ။

အဲဒီလို အားကိုးရာကို ရှာတော့ သုဗြဟ္မနတ်သားဟာ ဘုန်းကြီးတို့ ယောဂီတွေလို ဝိပဿနာဘာဝနာတွေ ပွားများထားသူမဟုတ်လေတော့ ကိုယ်ပိုင် အားကိုးစရာက မရှိဘူးပေါ့ နော်၊ ကိုယ်ပိုင် အားကိုးရာကို ရှာကြည့်တော့ ဘာမှမရှိ။ တခြားသော နတ်သားတွေကိုရော အားကိုးလို့ ရပါ့မလား၊ မရပါဘူး၊ ဘယ်သူ့ကိုမှ အားကိုးလို့ မရပါဘူး။

ဒီတော့မှ နောက်ဆုံး ဘယ်သူ့ကို တွေ့သလဲဆိုတော့ ဗုဒ္ဓရှင်တော်မြတ်ဘုရားကို သွားတွေ့တယ်။ ငါ ယခုလို ခံစားနေရတဲ့ သောက,ပရိဒေဝမီးတွေကို ငြိမ်းအောင် ပြုလုပ်ပေးနိုင်သူမှာ ဘုရားမှတစ်ပါး အခြားမရှိတော့ဘူး–လို့ မြင်သိလိုက်တယ်။

သေဘေးဒုက္ခ နော်၊ အရေးကြုံလာရင် ဘယ်သူမှ မကယ်နိုင်ဘူး။

**ဘယ်သူမှ မကယ်နိုင်**

> ရေဘေး မီးဘေး၊ ပြည်ပျက်ဘေး၊ ဆယ်ရေး တစ်ရေး ကယ်နိုင်သည်။

လောကမှာ ဖြစ်ပေါ်တတ်တဲ့ ရေဘေးတို့, မီးဘေးတို့, လေဘေး ပြည်ပျက်ဘေးတို့။ ဒါတွေကို ဆယ်ရေး တစ်ရေးတော့ ကယ်နိုင်သေးတယ်၊ ဆွေမျိုးသားချင်း မိတ်သင်္ဂဟတွေက ဝိုင်းဝန်းပြီးတော့ ကယ်တင်နိုင်သေးတယ်။

> အို,နာ,သေရေး၊ တကယ့်ဘေး၊ ဘယ်သွေး ဘယ်သား မကယ်ပြီ။

အိုဘေး,နာဘေး,သေဘေး။ ဒီဘေးကြီးတွေကျတော့ ဘယ်သူကယ်နိုင်မလဲ၊ မိဘဆွေမျိုး ညီကိုမောင်နှမ သားသမီးတွေ ကယ်နိုင်မှာလား၊ မိမိတို့ရဲ့ မိတ်ဆွေတွေကကော ကယ်နိုင်မှာလား၊ ဘယ်သူမှ မကယ်နိုင်ကြဘူးလေ။

> မျက်စိအောက်တွင်၊ လွင့်ပျောက်စင်၊ ဘယ်လင်ဇနီး၊ သားသမီး၊ တားဆီး မကယ်ပြီ။

ချစ်လှပါတယ်၊ သံယောဇဉ်ကြီးလှပါတယ်၊ ဘယ်တော့မှ မခွဲခွာကြတော့ဘူး၊ သေအတူ ရှင်အတူ နေထိုင်သွားမယ်တဲ့၊ အဲဒီ ပုဂ္ဂိုလ်တွေရော အို,နာ,သေ,ဘေးတွေကျတော့ ကယ်နိုင်လို့လား၊ မကယ်နိုင်ကြပါဘူး– တဲ့။ ဒါကြောင့်– –

> တိဏိမာနိ ဘိက္ခဝေ အမာတာပုတ္တိကာနိ ဘယာနိ။ ကတမာနိ တီဏိ ဇရာဘယံ ဗျာဓိဘယံ မရဏဘယန္တိ။ (တိက အင်္ဂုတ္တိုရ်)

ဘိက္ခဝေ–ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့၊ အမာတာ ပုတ္တိကာနိ–အမိသည် သားကို မကယ်နိုင်, သားသည် အမိကို မကယ်နိုင်, ဆရာသည် တပည့်ကို မကယ်နိုင်, တပည့်သည် ဆရာကို မကယ်နိုင်တဲ့ အမာတာပုတ္တိက ဘေးကြီးတို့သည်၊ ဣမာနိ တီဏိ–ဤ သုံးပါးတို့ပေ တည်း၊ ကတမာနိ တီဏိ–အဘယ်သုံးပါးတို့နည်း–

ဇရာဘယံ–အိုခြင်းဆိုတဲ့ ဘေးကြီးလည်းကောင်း၊ ဗျာဓိဘယံ–နာခြင်းဆိုတဲ့ ဘေးကြီးလည်းကောင်း၊ မရဏဘယံ–သေခြင်းဆိုတဲ့ ဘေးကြီးလည်းကောင်းတည်း။

ဣတိ–ဤ သို့၊ ဘဂဝါ–ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်၊ အဝေါစ–ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ သတည်း . . .။

အို,နာ,သေ သုံးပါးကို မြတ်ဗုဒ္ဓက "အမတာပုတ္တိကဘေး"လို့ ဆိုထားပါတယ်။ ဒီ တရားသုံးပါး ကျရောက်လာရင် သားသမီး,ဆွေမျိုး ဉာတိတွေ ဘယ်သူမှ မကယ်နိုင်ဘူး–တဲ့။

အိုဘေးဒုက္ခ၊ တွေ့ကြုံက၊ မိဘ(ဆွေမျိုး)မကယ်နိုင်။

နာဘေးဒုက္ခ၊ တွေ့ကြုံက၊ မိဘ(ဆွေမျိုး)မကယ်နိုင်။

သေဘေးဒုက္ခ၊ တွေ့ကြုံက၊ မိဘ(ဆွေမျိုး)မကယ်နိုင်။

မဂ္ဂင်ပွားမှ၊ ဘေးသုံးဝ၊ မုချကင်းဝေးနိုင်။

အို, နာ, သေဆိုတဲ့ ဘေးသုံးပါးနဲ့ ကြုံတွေ့လာရင် ဘယ်သူမှ မကယ်နိုင်ဘူး၊ အဲဒီတော့ ဘာလုပ်ထားရမလဲ၊ မဂ္ဂင်တရားတွေကို ပေါက်ရောက်အောင် ပွားများထားကြရမယ်။

ဒီကနေ့လဲ ဘုန်းကြီးတို့ ယောဂီတွေ ဘာတွေလုပ်နေကြသလဲ၊ မဂ္ဂင်တွေကို ပွားများနေကြတယ်၊ ဖောင်းတာ ပိန်တာလေးတွေ ရှုမှတ်နေကြတယ်။ အဲဒီ ရှုမှတ်တိုင်း ရှုမှတ်တိုင်းမှာ မဂ္ဂင်တွေဖြစ်နေတယ်၊ မဂ္ဂင်တွေကို ပွားနေတာဖြစ်တယ်။ ဒီလို ဘာဖြစ်လို့ လုပ်နေကြရသလဲ၊ စောစောက ပြောခဲ့တဲ့ အို,နာ,သေ,ဆိုတဲ့ ဘေးကြီးတွေက လွတ်အောင်ပေါ့၊ အဲဒီ ဘေးတွေကို ဒီ မဂ္ဂင်တရားတွေကသာ ကယ်တင်နိုင်တယ်၊ ဒီပြင် ဘယ်သူမှ မကယ်နိုင်ပါဘူး–တဲ့။

ဒီ တရားတွေနဲ့ ကြုံလာရင် မိမိတို့ ပွားများထားတဲ့ မဂ္ဂင်တရားတွေကိုသာ အားကိုးလို့ရပါတယ်၊ အားကိုးလောက်တဲ့ တရားတွေပဲဖြစ်ပါတယ်၊ ဒီလို သဘောကျထားရမယ် နော်။

ခုနက သုဗြဟ္မနတ်သားကြီးကတော့ သူ့မှာ ကိုယ်ပိုင်အားကိုးစရာ ဘာမှမရှိဘူး၊ ဘုန်းကြီးတို့ ပရိသတ်ကြီးလို သတိပဋ္ဌာန်တရားတွေ မဂ္ဂင်တရားတွေ မပွားများထားဘူး။ အဲဒီလို ကိုယ်ပိုင်အားကိုးရာ မရှိတော့ ပိုပြီးစိတ်ဆင်းရဲ, ကိုယ်ဆင်းရဲတွေ ဖြစ်ရတာပေါ့၊ ယခုတော့ အားကိုးရာကို ရှာနေရပြီနော်။ အဲဒီလိုရှာတော့ ဘယ်သူ့ကို သွားတွေ့လဲ၊ ဘုရားရှင်ကို သွားတွေ့တယ်၊ ကြံမိကြံရာ ကြံလိုက်တော့ ဘုရားရှင်ကို သွားတွေ့တယ်။

ဒါကြောင့် ကျန်ရှိနေသေးတဲ့ နတ်သမီးငါးရာကို ခေါ်၊ မြတ်ဗုဒ္ဓထံမှောက်ကို သွားရောက်ကြပေါ့။ ဘုရားထံမှောက် ရောက်လာပြီးတော့ လျှောက်ထားတော့တယ်–

**နတ်သားလျှောက်ထားပုံ**

နိစ္စံ ဥတြဿမိဒံ စိတ္တံ ၊ နိစ္စံ ဥဗ္ဗိဂ္ဂိဒံ မနော။

အနုပ္ပန္နေသု ကိစ္ဆေသု ၊ အထော ဥပ္ပတိတေသု စ။

သစေ အတ္ထိ အနုတြဿံ ၊ တံ မေ အာကွာဟိ ပုစ္ဆိတော။

ဘန္တေ–ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အနုပ္ပန္နေသု မဖြစ်ပေါ်ကုန်သေးသော၊ ကိစ္ဆေသု စ–နောင် ခုနစ်ရက်ကြာလျှင် တပည့်တော်တို့ သေဆုံးရ, ငရဲသို့ ကျရောက်ရမည့်ဒုက္ခတို့ကြောင့်လည်းကောင်း၊ အထော–ထိုမှတပါး၊ ဥပ္ပတိတေသု–ဖြစ်ကုန်ပြီးသော၊ ကိစ္ဆေသု စ–ပန်းခူးရင်း စုတိစိတ်ကျ၍ ငရဲသို့ရောက်နေကြကုန်သော နတ်သမီးငါးရာတို့ ခံစားနေရသည့် ဆင်းရဲဒုက္ခတို့ကြောင့်လည်းကောင်း၊ နိစ္စံ–အမြဲမပြတ်၊ ဣဒံ စိတ္တံ–ဤ ဘုရားတပည့်တော်၏ စိတ်သည်၊ ဥတြဿံ–စိုးရိမ်ကြောက်လန့်၍ နေပါ၏၊

ဣဒံ မနော–ဤ ဘုရားတပည့်တော်၏ စိတ်သည်၊ နိစ္စံ–အမြဲမပြတ်၊ ဥဗ္ဗိဂ္ဂံ–ထိတ်လန့်၍ နေရပါ၏၊ အနုတြဿံ–မထိတ်လန့်ကြောင်းဖြစ်၍ ကောင်းမြတ်သော တရားသည်၊ သစေ အတ္ထိ–အကယ်၍

ရှိငြားအံ့၊ ပုစ္ဆိတော–မေးလျှောက်အပ်သော ရှင်တော်မြတ်ဘုရားသည်၊ မေ–ဒုက္ခရောက်နေသော ဘုရားတပည့်တော်အား၊ တံ–ထိုထိတ်လန့်မှု ငြိမ်းကြောင်း ကောင်းမြတ်သော တရားကို၊ အက္ခာဟိ–ကရုဏာရှေ့ထား၍ ဟောကြားတော်မူပါ အရှင်ဘုရား။

·ဣတိ–ဤသို့၊ ဒေဝပုတ္တော–သုဗြဟ္မဆိုတဲ့ နတ်သားသည်၊ အဝေါစ–အသနားခံကာ လျှောက်ထားရှာလေတော့ သတည်း . . .။

နတ်သားက လျှောက်ထားတယ်၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်တို့သည် နောင် ၇–ရက်ကြာလို့ရှိရင် သေဆုံးကြရပါတော့မည်ဘုရား၊ သေဆုံးပြီးတဲ့နောက်မှာလဲ ငရဲသို့ ကျရောက်ရပါတော့မည်ဘုရား၊ ဒီအတွက်ကြောင့် ဘုရားတပည့်တော်တို့တတွေသည် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ များစွာဖြစ်ပေါ်နေရပါသည်ဘုရား။

ထို့အပြင် သေလွန်ပြီးကြတဲ့ နတ်သမီးငါးရာတို့သည်လဲပဲ အဝီစိငရဲသို့ ရောက်ကုန်ကြပါပြီဘုရား၊ အဝီစိငရဲ၌ ကြီးစွာသော ဆင်းရဲဒုက္ခတွေ ခံစားနေကြရပါပြီဘုရား၊ ထိုသို့ ခံစားနေရသည်ကို မြင်တွေ့၍လဲ တပည့်တော်တို့ရဲ့ ကိုယ်စိတ်နှစ်ပါးသည် မငြိမ်းချမ်းနိုင်အောင် ဒုက္ခများနှင့် ကြုံတွေ့ခံစားနေကြရပါသည်ဘုရား။

ဒီ ဒုက္ခမျိုးစုံတွေကြောင့် တပည့်တော်တို့သည် အမြဲမပြတ် စိုးရိမ်ကြောင့်ကျ ဗျာပါဒတွေ၊ သောကပရိဒေဝတွေ ဖြစ်နေကြရပါသည် ဘုရား။ ယခုလို စိုးရိမ်ကြောင့်ကျ ဗျာပါဒတွေ, သောကပရိဒေဝတွေ, ထိတ်လန့်ကြောက်ရွံ့မှုတွေမှ ကင်းပျောက်ကြောင်းဖြစ်တဲ့ တရားတော်များ ရှိခဲ့ပါလျှင် တပည့်တော်တို့အား ကရုဏာရှေ့ထား၍ သနားသောအားဖြင့် ဟောကြားပေးတော်မူပါဘုရား–လို့ လျှောက်ထားရှာတယ်။

သုဗြဟ္မနတ်သား သိပ်ကြောက်လန့်နေတာ နော်၊ သေရမယ့်ဘေးဒုက္ခ, ငရဲသို့ ကျရောက်ရမယ့် ဘေးဒုက္ခတွေ၊ ငရဲကျနှင့်နေပြီးဖြစ်တဲ့ နတ်သမီးငါးရာတို့ရဲ့ ဆင်းရဲဒုက္ခတွေ၊ ဒါတွေကို စဉ်းစားမိတိုင်း ကြောက်လန့်ပြီးတော့နေပါတယ်၊ ကြောက်လဲ ကြောက်လန့်စရာပဲပေါ့။

**"သဗ္ဗေ ဘာယန္တိ မစ္စုနော"** တဲ့၊ သေဘေးကို မကြောက်တဲ့သူ ဆိုတာ မရှိပါဘူး။ ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါတွေက လွဲရင်ပေါ့။

သေဘေးကို ကြောက်ကြတာချည်းပါပဲ။ စောစောကပြောတဲ့ သတိပဋ္ဌာန် တရားတွေ, မဂ္ဂင်တရားတွေ မပွားများထားရင်၊ တစ်နည်းအားဖြင့် မိမိမှာ အခံတရား မရှိထားရင် ကြောက်ကြမှာပဲ။ အားကိုးစရာ အခံတရားပြည့်ဝ နေတဲ့ ပုဂ္ဂိုလ်တွေကတော့ ကြောက်စရာမလိုဘူးပေါ့။

ယခု သုဗြဟ္မနတ်သားက အခံတရား မရှိလေတော့ သိပ်ကြောက် နေရပါပြီ။ ဒါ့ကြောင့် မြတ်စွာဘုရားကို အဲဒီ ကြောက်လန့်စရာ ဘေးဒုက္ခ တွေက လွတ်မြောက်ကြောင်းတရားကို ပေးသနားပါလို့ တောင်းခံနေရ ပါပြီ။ ဒီ အခါမှာ ရှင်တော်မြတ်ဘုရားက–

**ဘုရားရှင် ဖြေကြားပုံ**

**နာညတြ ဗောဇ္ဈာ တပသာ ၊ နာညတြိန္ဒြိယသံဝရာ။**

**နာညတြ သဗ္ဗနိဿဂ္ဂါ ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။**

**ဘော ဒေဝပုတ္တ**–သိလိုရေးနဲ့, မေးလျှောက်လေငြား, အမောင် နတ်သား၊ **ဗောဇ္ဈာ**–ဗောဇ္ဈင်ခုနစ်ပါး, မြတ်တရားကိုလည်းကောင်း၊ **တပသာ**–ခြိုးခြံ၍ ကျင့်ခြင်းဆိုတဲ့, အကျင့်မှလည်းကောင်း၊ **အညတြ**– ကြင်ဖယ်ရှောင်ရှား, အလွတ်ထား၍၊ **ပါဏိနံ**–သတ္တဝါအားလုံးတို့၏၊ **သောတ္ထိံ**–ချမ်းသာမှုကို၊ **အဟံ**–ငါဘုရားသည်၊ **န ပဿာမိ**–မြင်တော်မမူ။

**ဣန္ဒြိယသံဝရာ**– ဣန္ဒြေခြောက်ပါးတို့ကို, သိမ်းဆည်းစောင့် ရှောက်ခြင်းကို၊ **အညတြ**–ကြင်ဖယ်ရှောင်ရှား, အလွတ်ထား၍၊ **ပါဏိနံ**– သတ္တဝါအားလုံးတို့၏၊ **သောတ္ထိံ**–ဘေးရန်ကင်းကွာ, ချမ်းသာခြင်းကို၊ **အဟံ**–ငါဘုရားသည်၊ **န ပဿာမိ**–မြင်တော်မမူ။

**သဗ္ဗနိဿဂ္ဂါ**–အလုံးစုံသော ဝဋ်ဒုက္ခတို့မှ, လွတ်မြောက်ရာဖြစ် တဲ့ နိဗ္ဗာန်တရားကို၊ **အညတြ**–ကြင်ဖယ်ရှောင်ရှား, အလွတ်ထား၍၊ **ပါဏိနံ**–သတ္တဝါအားလုံးတို့၏၊ **သောတ္ထိံ**–ဘေးရန်ကင်းကွာ, ချမ်းသာ ခြင်းကို၊ **အဟံ**–ငါဘုရားသည်၊ **န ပဿာမိ**–မြင်တော်မမူ။

**ဣတိ**–ဤသို့၊ **ဘဂဝါ**–ဘုန်းတော်ခြောက်ပါးသခင်, ဘုရားရှင် ကိုယ်တော်မြတ်သည်၊ **ဒေဝပုတ္တံ**–သိလိုရေးနဲ့, မေးလျှောက်လေငြား,

သုပ္ပဗုဒ္ဓနတ်သားကို၊ အဝေါစ–ကရုဏာရှေ့သွား, ပညာအားဖြင့်, ဟော ကြားတော်မူလိုက်ပါပေ သတည်း . . .။

## မြတ်ဗုဒ္ဓတရားဟောတော်မူ

စိုးရိမ်စိတ်တွေ၊ ကြောက်ရွံ့ထိတ်လန့်မှုတွေ ဖြစ်ပြီးတော့ မရပ် မတည်နိုင်လောက်အောင် ထောက်တည်ရာမရ ဖြစ်နေရှာတဲ့ သုပ္ပဗုဒ္ဓနတ် သားကို ဘုရားရှင်က ကရုဏာတရားတွေ, မေတ္တာတရားတွေ အပြည့်ထား ပြီးတော့ ကျင့်စဉ်လေးတွေပါတဲ့ တရားကို ဟောကြားတော်မူလိုက်ခြင်း ဖြစ်ပါတယ်။

ဗုဒ္ဓဟောကြားတဲ့ ကျင့်စဉ်ပါတဲ့ တရားထဲမှာ တိုက်ရိုက်ပေါ်လွင် ထင်ရှားနေတာက ဗောဇ္ဈင်(၇)ပါးကျင့်စဉ်များကို ရှေ့ဦးစွာ ပြုလုပ်ရမယ်လို့ ပေါ်လွင်နေပါတယ်။ အမှန်လိုရင်းက ဣန္ဒြိယသံဝရမှ စတင်ပြီးတော့ ကျင့်စဉ်ကို ယူရမှာဖြစ်ပါတယ်။

## နာညတြ ဗောဇ္ဈာ–ဂါထာ၏အသေးစိပ်အဓိပ္ပါယ်(၅)ချက်

ဒါကြောင့် ဗုဒ္ဓဟောကြားတဲ့ ကျင့်စဉ်ပါတဲ့ ဒေသနာတော်ကို ယခုလို အသေးစိပ် နားလည်ထားရမယ်–

အသင်နတ်သား၊ အသင်နတ်သားနှင့်တကွ နတ်သမီးငါးရာတို့ တွေ့ကြုံရတော့မယ့် သေဘေး, အပါယ်သို့ ကျရောက်ရတော့မယ့် ဘေးဆိုး တွေနဲ့အတူ သံသရာဘေးဒုက္ခဟူသမျှတို့သည် သံသရာခရီးသွား သတ္တဝါ များ မလွဲမသွေ ကြုံတွေ့ကြရမယ့် ဘေးကြီးတွေပဲဖြစ်တယ်၊ အဲဒီ ဘေးကြီး တွေက လွတ်မြောက်ချမ်းသာလိုလျှင်–

၁။ လူဝတ်ကြောင်ဖြစ်ရင် လူဝတ်ကြောင်တို့ စောင့်ထိန်းအပ်တဲ့ သီလ၊ ရှင်ရဟန်းဖြစ်လျှင်လဲ ရှင်ရဟန်းတို့ စောင့်ထိန်းရမယ့် သီလ၊ ဒီ သီလတွေကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ရမယ်။ ဒါက ရှေ့ဦးစွာ ကျင့်ဆောင်ရမယ့် ကျင်စဉ်တစ်ခုပဲဖြစ်ပါတယ်။

ပထမကျင့်စဉ်အနေနဲ့ သီလကို စောင့်ထိန်းကြရမယ်–လို့ ဆို ထားပါတယ်။

"သီလေ ပတိဋ္ဌာယ စတ္တာရော သတိပဋ္ဌာနေ" ဆိုတဲ့အတိုင်း

သတိပဋ္ဌာန်တရားတွေ ပွားများအားထုတ်မယ့်သူဟာ ရှေဦးစွာ သီလကို လုံခြုံအောင် စောင့်ထိန်းရမယ်။ သီလလုံခြုံမှ သမာဓိတရားတွေ တိုးတက်မယ်၊ သမာဓိတရားတွေ တိုးတက်မှ မဂ်ပညာ,ဖိုလ်ပညာဆိုတဲ့ ပညာတရားတွေ တိုးတက်ဖြစ်ပေါ်နိုင်တယ်။

မဂ္ဂင်ကျင့်စဉ်ဘက်ကကြည့်လျှင်၊ မဂ္ဂင်ရှစ်ပါးကို တရားကိုယ်ရေတွက်လိုက်ရင် သုံးပါးပဲရှိပါတယ်၊ အဲဒီ သုံးပါးက သီလမဂ္ဂင်, သမာဓိမဂ္ဂင်,ပညာမဂ္ဂင်တွေပါပဲ။ သီလ,သမာဓိ,ပညာဆိုတာတွေဟာ အစဉ်အတိုင်းဖြစ်ရမယ့်တရားတွေပါ၊ အဲဒီအထဲမှာ သီလဟာ ထိပ်ဆုံးကပါဝင်နေတယ်။

ဒါကြောင့် သီလကို ရှေဦးစွာ လုံခြုံအောင်ထိန်းသိမ်းဖို့ ဗုဒ္ဓက ဟောကြားတော်မူတာဖြစ်ပါတယ်။ ဒါက ပဌမပြုလုပ်ရမယ့် ကျင့်စဉ်ပါ။

နောက်တစ်ခါ၊ ဒုတိယကျင့်စဉ်က ဘာတဲ့လဲဆိုတော့—

၂။ စက္ခု–စတဲ့ ခြောက်ပါးသောဣန္ဒြေတို့ကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ရမယ်–တဲ့။

မျက်စိပေါက်က မြင်သမျှ, ကြည့်ရှုသမျှတွေမှာ လောဘ,ဒေါသ, (ချစ်ခြင်း, မုန်းခြင်း) နှစ်မျိုး မဖြစ်ပွားရအောင် သတိထားပြီး ထိန်းချုပ်ကြရမယ်။ ထို့အတူပဲ နား,လျှာ,ကိုယ်,စိတ်တွေမှာလဲ လောဘ,ဒေါသ (ချစ်ခြင်း,မုန်းခြင်း)တွေ မဖြစ်ရအောင် သတိနဲ့စောင့်ထိန်းရမယ်။ သတိပဋ္ဌာန်ပွားများနေကြတဲ့ ယောဂီတွေ ယခုပြောခဲ့တဲ့ ဣန္ဒြေခြောက်ပါးကို ထိန်းသိမ်းရမယ် နော်။ ဒါက ဒုတိယကျင့်စဉ်ပါ။

၃။ အဝတ်အစား စသည်တွေမှာ ပပလွှားလွှား မရှိစေဘဲ ရသမျှနဲ့ တင်းတိမ်နိုင်ခြင်း တပဂုဏ်, သန္တုဋ္ဌိဂုဏ်နဲ့လဲ ပြည့်စုံရမယ်။ ဒါက တတိယကျင့်စဉ်ပါ။

ယောဂီတွေ သတိပြုရမယ် နော်၊ စားမှု,သောက်မှု,ဝတ်မှု စသည်တွေမှာ ရသမျှနဲ့ တင်းတိမ်နိုင်ရမယ်–တဲ့။ ဇီဇာမကြောင်ရဘူးပေ့ါ။ ဒါက တတိယကျင့်စဉ်ပဲ။ နောက်တစ်ခါ—

၄။ ပြောခဲ့ပြီးတဲ့ ဂုဏ်တွေ, အရည်အချင်းတွေနဲ့ ပြည့်စုံပြီဆိုရင် ဆိတ်ငြိမ်ရာကို ကပ်ပြီးတော့ ဝိပဿနာနဲ့တကွ ဗောဇ္ဈင်(၇)ပါး ဘာဝနာ

တရားတွေကို ကြိုးစားအားထုတ်ကြရမယ်။ ဒါက စတုတ္ထကျင့်စဉ်ပေါ့။

ယနေ့လဲပဲ ယောဂီအပေါင်းတို့ဟာ သတိပဋ္ဌာန်ကျင့်စဉ်တွေကို ကျင့်ကြံကြိုးကုတ်အားထုတ်နေကြပါတယ်၊ ဗောဇ္ဈင်(၇)ပါးကို ပွားများအားထုတ်နေကြပြီပေါ့၊ ဒီ ကြိုးစားအားထုတ်မှုကို့သည် စတုတ္ထမြောက်ကျင့်စဉ် တစ်ခုကို ကျင့်နေတာပဲ–လို့ မှတ်ရပါမယ်။

၅။ ရုပ်နာမ်အဆူဆူ အပူခပ်သိမ်း အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန် ကို ဧကန်မြင်တတ်တဲ့ အရိယမဂ်ဓာတ်ကို ဆတ်ဆတ်ပိုင်ပိုင် ရရှိနိုင်ခြင်း– တဲ့။ ဒါက ပဥ္စမပေါ့။ ဒီ ပဥ္စမက ကျင့်စဉ်တော့ မဟုတ်ဘူး။ စောစောက စတုတ္ထမြောက်အထိကတော့ ကျင့်ရမယ့် ကျင့်စဉ်တွေပဲ။

ဆိုခဲ့ပြီးတဲ့ အကျင့်လေးမျိုးကို အဆင့်ဆင့်ကျင့်ခဲ့ရင် ပဥ္စမဖြစ်တဲ့ အပူခပ်သိမ်း ဧငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို ရောက်မယ်–လို့ ဆိုလိုတာပါ။ ဒါကြောင့် ပဥ္စမသည် ကျင့်စဉ်မဟုတ်၊ အကျိုးကျေးဇူးသာဖြစ်တယ်လို့ မှတ်ကြရမယ် နော်။

ပဥ္စမဖြစ်တဲ့ နိဗ္ဗာန်ကိုမြင်အောင် သတိပဋ္ဌာန်တရားတွေကိုပွား များနိုင်မှသာလျှင် စောစောကပြောခဲ့တဲ့ ထိတ်လန့်မှုတွေ၊ ကြောက်ရွံ့ စိုးရိမ်မှုတွေ၊ သောကပရိဒေဝဖြစ်မှုတွေက ငြိမ်းအေးနိုင်မယ်၊ သက်သာရာရ လိမ့်မယ်–လို့ သုဗြဟ္မနတ်သားကို မြတ်ဗုဒ္ဓက ဟောကြားတော်မူတာ ဖြစ်ပါတယ်။

ဤကဲ့သို့ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဓာတ်သိမ်းရာမှန် မြတ် နိဗ္ဗာန်ကို ရရန်လမ်းကြောင်းဖြစ်တဲ့ သီလစောင့်ထိန်းမှုက အစ, ဗောဇ္ဈင် တရားပွားများမှု အဆုံး၊ ကျင့်စဉ်တွေအားလုံးကို သုံးသပ်ကြိုးစား မပွား များဘဲ ရှောင်ရှားသွေဖည်နေသမျှ သင်နှင့်တကွ နတ်ဗြဟ္မာတွေအားလုံး၊ သတ္တဝါတွေအားလုံးဟာ အစစ်အမှန် ချမ်းသာမည့် အချက်ကို ပြတ်ပြတ် ထင်ထင် ငါဘုရားမြင်တော်မမူဘူး–လို့ ဟောကြားတော်မူပါတယ်။

မြတ်ဗုဒ္ဓဟောကြားတဲ့ "နာညတြ ဗောဇ္ဈာ"စတဲ့ဒေသနာတော်ကို ယခုလို အသေးစိပ် သဘောပေါက်ထားကြရမယ် နော်။

ယနေ့လဲပဲ ယောဂီအပေါင်းတို့ဟာ မြတ်ဗုဒ္ဓဟောကြားတော်မူတဲ့ ကျင့်စဉ်တွေအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်နေကြတာပါပဲ။

ကျေနပ်အားရဖို့ ကောင်းလှပါတယ်၊ ကြိုးစားပြီးတော့ အားထုတ်ကြပါလို့ ဘုန်းကြီးအနေနဲ့ တိုက်တွန်းချင်ပါတယ်။

ဘုရားဟောကြားတဲ့ ကျင့်စဉ်တွေကို အတိုချုပ် ပြန်ကြည့်မယ်ဆိုရင်_

၁။ တစ်နံပါတ်အနေနဲ့ သီလကို လုံခြုံအောင် စောင့်ထိန်းပါ။

၂။ နှစ်နံပါတ်အနေနဲ့ စက္ခုစတဲ့ ဣန္ဒြေခြောက်ပါးကို လုံခြုံအောင် စောင့်ထိန်းပါ။

၃။ သုံးနံပါတ်အနေနဲ့ မျှတတင်းတိမ်နိုင်ခြင်း တပဂုဏ်,သန္တုဋ္ဌိဂုဏ်တွေနဲ့ ပြည့်စုံအောင် အားထုတ်ပါ။

၄။ လေးနံပါတ်အနေနဲ့ ဆိတ်ငြိမ်ရာ ကပ်ပြီးတော့ ဗောဇ္ဈင်(၇)ပါး ဘာဝနာတရား၊ သို့မဟုတ် သတိပဋ္ဌာန်တရားတွေကို ကြိုးစားအားထုတ်ပါ။

ယခုလို အစဉ်အတိုင်းကျင့်ကြံကြိုးကုတ် အားထုတ်မယ်ဆိုရင် နောက်ဆုံး မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို ရပါလိမ့်မယ်–။

၅။ နိဗ္ဗာန်ချမ်းသာကိုရခြင်းက ပဥ္စမမြောက်ပေ့ါ။

ယခုလို အချက်ငါးချက်ပါဝင်တဲ့ ဒေသနာတော်ကို မြတ်ဗုဒ္ဓက သုပြဟ္မနတ်သားနှင့်တကွ နောက်ပါ နတ်သမီးငါးရာတို့ကို ဟောကြားတော်မူပါတယ်။ အဲဒီလို ဟောကြားနေတဲ့ ဒေသနာအစဉ်လေးတွေကို နာကြားရင်း သုပြဟ္မနတ်သားနှင့်တကွ နတ်သမီးငါးရာတို့သည် ခုနက ပြောခဲ့တဲ့ ဒေသနာထဲမှာပါတဲ့ ရုပ်နာမ်ဓမ္မသင်္ခါရတွေရဲ့ သဘောတွေကို ရှုမှတ်ပြီးသားဖြစ်သွားတယ်။ ကျင့်စဉ်အတိုင်း ကျင့်ပြီးသားဖြစ်သွားတယ်၊ ပါရမီရှင်တွေကိုး နော်။

ဒါကြောင့် ဘုရားရှင်ဟောကြားတဲ့ ခုနက ဒေသနာတော်နှင့်တကွ သစ္စာလေးပါးနဲ့ဆိုင်တဲ့ ဒေသနာတော်တွေကို နာကြားပြီးလို့ အဆုံးမှာ၊ သုပြဟ္မနတ်သားနှင့်တကွ နတ်သမီးငါးရာတို့သည် သောတာပတ္တိမဂ်ဖိုလ် တရားထူးတွေကို ရရှိသွားခဲ့ကြပါတယ်၊ ထိတ်လန့်ကြောက်ရွံ့မှု, ပူဆွေးမှုတွေက ကင်းပျောက်ရုံမက သောတာပန်ဖြစ်သွားကြတယ်။

သောတာပန်ဖြစ်ပြီဆိုတော့ အပါယ်တံခါးပိတ်ပြီပေါ့။ ကျေးဇူးများတဲ့ သတိပဋ္ဌာန်တရားတွေ နော်။

အဲဒါ သတိပဋ္ဌာန်ပွားများရကျိုး(၇)ပါးထဲက ပဉ္စမမြောက်ဖြစ်တဲ့ "သောကပရိဒေဝါနံ သမတိက္ကမာယ–သတိပဋ္ဌာန်ပွားများရင် ဖြစ်ပေါ်ဆဲ ဖြစ်ပေါ်လတ္တံ့ဖြစ်တဲ့ သောက,ပရိဒေဝမီးတောက်လောင်မှုတွေ ကင်းစင်နိုင်တယ်"ဆိုတဲ့ အကျိုးကျေးဇူးကို ရရှိသွားတဲ့ သာဓကလေးပါပဲ။ ယခုသာဓကမှာ သုဗြဟ္မနတ်သားနှင့်တကွ နတ်သမီးငါးရာတို့သည် သောက,ပရိဒေဝမီးတွေ တောက်လောင်မှုက ငြိမ်းအေးခဲ့ပါတယ်။

သုဗြဟ္မနတ်သားအကြောင်းအတ္တုပ္ပတ္တိကို နာကြားကြပြီးတော့ ဘုန်းကြီးတို့ ယောဂီသူတော်စင်အပေါင်းတို့လဲပဲ သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ၊ သကဒါဂါမိ,အနာဂါမိမဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ ရရှိတဲ့အထိ၊ နောက်ဆုံး အရဟတ္တမဂ်,အရဟတ္တဖိုလ်ဉာဏ်တွေကို ရရှိတဲ့အထိ သတိပဋ္ဌာန်တရားတွေကို ကြိုးစားပြီးတော့ ပွားများအားထုတ်ကြပါလို့ ဘုန်းကြီးတိုက်တွန်းပါတယ်။ တိုက်တွန်းနှိုးဆော်ခြင်း ဥယျောဇနဂါထာလေးရွတ်ဆိုပြီး တရားနိဂုံးချုပ်ရအောင်–

အာရဗ္ဘထ နိက္ကမထ ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။

ဓုနာထ မစ္စုနော သေနံ ၊ နာဠာဂါရံဝ ကုဉ္ဇရော။(သဂါထာဝဂ္ဂသံယုတ်)

**ဗုဒ္ဓသာသနေ**–မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးအတွင်း၌၊ **အာရဗ္ဘထ**–ကြိုးစားပွားများအားထုတ်ကြပါကုန်လော၊ **နိက္ကမထ**–မပြတ်မလပ်ပွားများအားထုတ်ကြပါကုန်လော၊ **ယုဉ္ဇထ**–ထပ်ကာထပ်ကာဆက်ကာဆက်ကာ ကြိုးစားပွားများအားထုတ်ကြပါကုန်လော။

**ကုဉ္ဇရော**–ဆင်ပြောင်ကြီးသည်၊ **နာဠာဂါရံ**–ကျူမိုးကျူကာအိမ်ကို၊ **ဓုနာထ ဣဝ**–မှုန့်မှုန့်ညက်ညက် တိုက်ဖျက်သကဲ့သို့၊ (**တထာ**–ထို့အတူ၊ **တုမှေ**–သင် အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်)၊ **မစ္စုနော**–သေမင်း၏၊ **သေနံ**–စစ်သည်ကို၊ **ဓုနာထ**–ဝိပဿနာဘာဝနာတည်းဟူသောလက်နက်ဖြင့် မှုန့်မှုန့်ညက်ညက်တိုက်ဖျက်ကြပါကုန်လော–

ပန်းငွေရုံဆရာတော်

# မာတိကာမာတာ ဒေသနာ

ယနေ့၊ ကျောင်းအမ,ရဟန်းအမဖြစ်တဲ့ ဒါယိကာမကြီး ဒေါ်ငြိမ်းရဲ့ (၆၂)နှစ်မြောက် မွေးနေ့အခါသမယ၌ ဗုဒ္ဓပမုခ–ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား မိမိတို့ အိမ်ဂေဟာသို့ ပင့်ဆောင်ပြီးတော့ မွန်မြတ်လှစွာသော ခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာတို့ကို ဆက်ကပ်လှူဒါန်းခြင်း၊ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသော သီလတော်မြတ်တို့ကို ကျင့်သုံးဆောက်တည်ခြင်း၊ မေတ္တာဘာဝနာ,ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းများ စီးဖြန်းပွားများခြင်း။ အထူးအားဖြင့် ပန်းငွေရုံတောရစာသင်တိုက်၌ သဘာဝဘေးဒဏ်ကြောင့် မြေနေရာသစ်ကို ပြောင်းရွှေ့တည်ဆောက်တဲ့ နေရာဌာန၌ သံဃိကကျောင်းဆောင်များအတွက် နဝကမ္မဝတ္ထုငွေများကို လှူဒါန်းခြင်း၊ စောင်းတန်းအတွက် နဝကမ္မများလှူဒါန်းခြင်း၊ ထာဝရငွေပဒေသာပင်များ စိုက်ထူလှူဒါန်းခြင်း–အစရှိတဲ့ ကုသိုလ်ကောင်းမှုတွေကို ညီကို မောင်နှမတစ်စု, မိသားစု စုပေါင်းပြီးတော့ ပြုလုပ်ကြပါတယ်၊ အဲဒီ ကောင်းမှုတွေရဲ့ အဖို့ဘာဂတွေကို ဆုတောင်းအမျှဝေခြင်းစတဲ့ အမှုတွေကို ပြုလုပ်ကြပါတယ်၊ အားထုတ်ကြပါတယ်။

ဒါယိကာမကြီးအနေနဲ့ သာသနာတော်မှာ အဓိကကျတဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်လိုက်တာ စုံနေတာပါပဲ။ ဘာနဲ့ တူသလဲဆိုရင်–

ယထာ ပုရေ ပဂ္ဂဏှိသု ၊ သာသနံ သုခဒါယကံ။

တ္ထဒါနိ ပဂ္ဂဏှေယျာထ ၊ သုခကာမာပိ ဒါယကာ။

ပုရေ–ငါတို့ဘုရား, ထင်ရှားပွင့်စဉ်, ရှေးယခင်ကာလ, လက်ထက်တော် အခါသမယ၌၊ (အနာထပိဏ္ဍိကာဒယော–အနာထပိဏ်, ဂုဏ်သိန်ပြန့်သင်း, သူဌေးမင်းနှင့်, ကောင်းခြင်းစုံစွာ, ဝိသာခါကျောင်းအမ, စစထင်ပေါ်, ပုဂ္ဂိုလ်ကျော်တို့သည်)၊ သုခဒါယကံ–လူနတ်နိဗ္ဗာန်, ချမ်းသာမှန်ကို, ဧကန်ဆတ်ဆတ်, ပေးစွမ်းနိုင်တတ်ထသော၊ သာသနံ–သုံးလူ့ထွတ်တင်, ဘုရားရှင်၏, တည်ထွင်သတ်မှတ်, သာသနာတော်မြတ်ကြီးကို၊ ပဂ္ဂဏှိံသု ယထာ–စနစ်တကျ, မလစ်ရအောင်, ချစ်စွစိတ်ထား, ရှိအင်အားဖြင့်, ထင်ရှားလောက်လုံ, ချီးမြှောက်ကြကုန်သကဲ့သို့၊ (ဧဝမေဝ ဧဝံတထာ–ပမာထားယူ, ထို့အတူသာလျှင်)၊ ဣဒါနိပိ–ယခုကာလ, အခါသမယ၌လည်း၊ သုခကာမာ–မင်္ဂဖိုလ်နိဗ္ဗာန်, ချမ်းသာမှန်ကို, အာသာပြင်းပြ, လိုလားတောင့်တကြကုန်သော၊ ဒါယကာ–သာသနာချစ်, ဒါယကာစစ်ဖြစ်ကြကုန်သော၊ (တုမှေ–များစွာသောင်းသောင်း, သင်သူတော်ကောင်းတို့သည်)၊ သာသနံ–သုံးလူ့ထွတ်တင်, ဘုရားရှင်၏, တီထွင်သတ်မှတ်, သာသနာတော်မြတ်ကြီးကို၊ ပဂ္ဂဏှေယျာထ–ရှိသည့်အင်အား, ကိုယ်စီထား၍, လေးစားကြည်သာ, ချီးမြှောက်ကြကုန်ရာသတည်း . .။

**ဝိသာခါ,အနာထပိဏ်တို့နဲ့ မခြား**

မြတ်ဗုဒ္ဓလက်ထက်တော်အခါက အနာထပိဏ်တို့ ဝိသာခါကျောင်းအမတို့သည် ရှင်တော်ဘုရားရဲ့ သာသနာတော်မြတ်ကြီးကို ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟတို့ဖြင့် ချီးမြှောက်ထောက်ပံ့ခဲ့ကြတယ်။

ယနေ့လဲပဲ ဒါယိကာမကြီး ဒေါ်ငြိမ်းအမ္ဘုးပြုတဲ့ ညီကို မောင်နှမတစ်စု, မိသားစုများအနေနဲ့ မြတ်ဗုဒ္ဓရဲ့ သာသနာတော်မြတ်ကြီးကို ပစ္စယာနုဂ္ဂဟတို့ဖြင့်လဲ ချီးမြှောက်ထောက်ပံ့တယ်၊ဓမ္မာနုဂ္ဂဟတို့ဖြင့်လဲ ချီးမြှောက်ထောက်ပံ့ပါတယ်။

ဝိသာခါ, အနာထပိဏ်တို့ သာသနာ့မိခင် သာသနာ့ဖခင်ကြီးတွေဖြစ်ကြသလို၊ ယနေ့ ဒါယိကာမကြီး ဒေါ်ငြိမ်းအမ္ဘုးပြုတဲ့ မိသားစုတွေလဲပဲ သာသနာ့မိခင်ကြီး သာသနာ့ဖခင်ကြီးတွေပဲ–လို့ ပြောလိုပါတယ်။

**သာသနာ့မိခင်ဖခင်များလိုအပ်**

သာသနာကို ပြုစုမယ့် ပုဂ္ဂိုလ်တွေ၊ စောင့်ရှောက်မယ့် ပုဂ္ဂိုလ်တွေ၊

သိပ်လိုအပ်ပါတယ်။ ရှေးတုံးက သာသနာ့မိခင် ဖခင်ကြီးတွေဟာ သာသနာတော်ကို ပြုစုစောင့်ရှောက်ခဲ့ကြလို့ ယနေ့တိုင် သာသနာတော်ကြီး တည်တံ့ပြီးတော့ နေနိုင်တာပဲ။ ဆက်လက်ပြီးတော့လဲ လိုအပ်နေမှာပဲ၊ လက်ဆင့်ကမ်းပြီးတော့ သာသနာတော်ကြီးကို ထမ်းရွက်ကြပါမှ သာသနာတော်ကြီး အသက်ရှည်နိုင်လိမ့်မယ်။

**ပစ္စည်းလေးပါး ပြည့်စုံမှ**

သာသနာတော်မှာ သာသနာ့အလုပ် ကြိုးပမ်းအားထုတ်နေကြတဲ့ သံဃာတော်အရှင်မြတ်တွေဟာ ပစ္စည်းလေးပါး အထောက်အပံ့ရှိနေမှ သာသနာ့အလုပ်တွေကို လုပ်နိုင်ကြမယ်၊ သာသနာပြုနိုင်နိုင်ကြမယ်၊ သမဏဓမ္မ ခေါ်တဲ့ ရဟန်းတရားတွေ ပွားများအားထုတ်နိုင်ကြမယ်။

> **သံဃော စတူဟိ ပစ္စယေဟိ အကိလမန္တော ဗုဒ္ဓဝစနံ ဥဂ္ဂဟေတွာ သမဏဓမ္မံ ကရိဿတိ။** (မ၊ဋ္ဌ၊၄၊နှာ-၂၂၁)

**သံဃော**-သံဃာတော်အရှင်မြတ်သည်၊ **စတူဟိ ပစ္စယေဟိ**-လေးပါးသော ပစ္စည်းတို့ဖြင့်၊ **အကိလမန္တော**-မပင်ပန်းသည်ရှိသော်၊ **ဗုဒ္ဓဝစနံ**-မြတ်စွာဘုရား၏ တရားတော်ကို၊ **ဥဂ္ဂဟေတွာ**-သင်ယူ၍၊ **သမဏဓမ္မံ**-ရဟန်းတရားကို၊ **ကရိဿတိ**-ပြုနိုင်ပေလတ္တံ့။

သံဃာတော် အရှင်မြတ်တွေ ပစ္စည်းလေးပါးတို့ဖြင့် မကြောင့်မကြ မတောင့်မတဘဲနဲ့ ပြည့်စုံနေခဲ့လို့ရှိရင် ဗုဒ္ဓဝစနလို့ခေါ်တဲ့ သုတ်, ဝိနည်း,အဘိဓမ္မာတွေကို သင်ကြားနိုင်မယ်၊ ပို့ချနိုင်မယ်။ ပရိယတ္တိ, ပဋိပတ္တိလုပ်ငန်းတွေ လုပ်ဆောင်နေကြတဲ့ သံဃာတော်အရှင်မြတ်တွေ ပစ္စည်းလေးပါး သိပ်လိုအပ်ပါတယ်၊ ပစ္စည်းလေးပါးပြည့်စုံမှ သူတို့ရဲ့ လုပ်ငန်းတွေကို လုပ်ဆောင်နိုင်ကြမှာ ဖြစ်ပါတယ်။

ပရိယတ္တိလုပ်ငန်းစဉ်ဆိုတာက၊ သင်အံရမယ်,ပို့ချရမယ်,လေ့လာရမယ်၊ ဒီအလုပ်တွေဟာ ပရိယတ္တိလုပ်ငန်းတွေပဲ၊ ဘုရားရှင်ချမှတ်ပေးထားတဲ့ လမ်းစဉ်တွေပဲ။

ပဋိပတ္တိလုပ်ငန်းဆိုတာက၊ သီလ, သမာဓိ, ပညာဆိုတဲ့

သိက္ခာသုံးပါးတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်မှုကို ပဋိပတ္တိ လုပ်ငန်းလို့ခေါ်ပါတယ်။ ဒါလဲ ဘုရားရှင်ချမှတ်တော်မူခဲ့တဲ့ ကျင့်စဉ် တစ်ခုပါပဲ။ ဘုရားရှင်ဟာ ဒီကျင့်စဉ်နှစ်ခုကိုသာ ချမှတ်ပေးတော်မူ ခဲ့ပါတယ်။ ဒီကျင့်စဉ်တွေကို ကျင့်လို့ သာသနာအရှည်တည်တံ့နိုင်တယ်၊ ခိုင်မြဲနိုင်တယ်။ ဒီလိုကျင့်စဉ်နှစ်ခုကို အကောင်အထည်ဖော်နေကြတာက ဘယ်သူတွေလဲ၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေပဲ၊ ဒီလုပ်ငန်းတွေ လုပ် ကိုင်နိုင်အောင် အားပေးထောက်ပံ့နေကြတာက ဘယ်သူတွေလဲ၊ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတွေပဲပေါ့။

အဲဒီလို ဆရာနှင့်ဒကာ နှစ်ဦးနှစ်ဖက် သူ့ဝန်သူထမ်း၊ ကိုယ့်ဝန် ကိုယ်ထမ်းဆိုပြီး ထမ်းရွက်နေကြတာ၊ ဒီလိုထမ်းရွက်နေကြလို့လဲ သာသ နာတော်ကြီး ယခုတိုင်တည်မြဲနေတာပဲဖြစ်တယ်။ တစ်ဖက်ဖက်က ချို့ ယွင်းနေကြမယ်ဆိုရင်၊ အားနည်းနေကြမယ်ဆိုရင်၊ ဒီသာသနာတော် ကြီးဟာ တည်တံ့နိုင်မှာ မဟုတ်ဘူး၊ ဒီအချက်ကို သိရှိထားကြတဲ့ ဒါယ ကာ ဒါယိကာမအပေါင်းတွေ သာသနာတော်ကြီး တည်တံ့အောင် မိမိတို့ ဖက်က တာဝန်ဖြစ်တဲ့ ပစ္စည်းလေးပါးနဲ့ ထောက်ပံ့နေကြတာဖြစ်ပါ တယ်။ ပစ္စည်းလေးပါး မထောက်ပံ့ကြဘူးဆိုရင် ဘာတွေဖြစ်ကုန်မလဲ–

## ပစ္စည်းလေးပါးမပြည့်စုံလျှင်

**ဘိက္ခူဟိ**–ရဟန်းတော်အရှင်မြတ်တို့သည်၊ **ပစ္စယေန**–ပစ္စည်း လေးပါးဖြင့်၊ **ကိလမန္တာ**–ပင်ပန်းသည်ရှိသော်၊ **ပရိယတ္တိံ**–ပရိယတ္တိဓမ္မကို၊ **သန္ဓာရေတုံ**–ဘည်တံ့စိမ့်သောငှါ၊ **န သက္ကိဿန္တိ**–မတတ်နိုင်ကြကုန်လတ္တံ့။

ပစ္စည်းလေးပါး အထောက်အပံ့ကို မရရှိရင် ဒီသံဃာတော်တွေ ပရိယတ္တိသာသနာတော်ကြီးကို တည်တံ့အောင် မဆောင်ရွက်နိုင်ကြတော့ ဘူး၊ ပစ္စည်းလေးပါးအထောက်အပံ့ကို ရရှိနေမှသာ သာသနာတော်ကြီး ကို တည်တံ့အောင် ဆောင်ရွက်နိုင်ကြမယ်။ဒါကြောင့် ပရိယတ္တိသာသ နာသည် သိပ်အရေးကြီးတဲ့ သာသနာဖြစ်တယ်။ ပရိယတ္တိသာသနာ တည်မှ ပဋိပတ္တိသာသနာတည်နိုင်တယ်။ ဒါကြောင့် ပရိယတ္တိသာသနာ ကို စာတွေမှာ ဘယ်လို ဥပမာပြကြသလဲဆိုတော့–

ရေကန်ဥပမာ

ကန်ပေါင်ရိုးကြီးနဲ့ တူတယ်–လို့ ဥပမာပြကြတယ်၊ ကန်ပေါင်ရိုးကြီးခိုင်ခန့်မှ၊ ကန်ပေါင်ရိုးကြီးမကျိုးပေါက်မှ ကန်ထဲမှာ ရေတွေတည်နိုင်တယ်။ ရေကန်ထဲမှာ ရေတည်မှ ကြာမျိုးငါးပါးတည်ရှိနိုင်တယ်၊ ကြာမျိုးငါးပါးတည်ရှိပါမှ ဒီ ရေကန်ကြီးတင့်တယ်မယ်။

ကန်ပေါင်ကြီးမခိုင်ခန့်ဘဲ ကျိုးပေါက်ခဲ့ရင် ရေတွေမရှိနိုင်၊ ရေတွေမရှိရင် ကြာမျိုးငါးပါးဆိုတာ ဘယ်တည်ရှိနိုင်တော့မှာလဲ၊ ရေမရှိ၊ ကြာမရှိ၊ ကျိုးပေါက်နေတဲ့ရေကန်ကြီးဟာ ဘယ်မှာလာပြီး တင့်တယ်နိုင်တော့မှာလဲ။ ဒါကြောင့် ပရိယတ္တိလုပ်ငန်းကို ရေကန်ရဲ့ ပေါင်ကြီးနဲ့ ဥပမာပြုကြခြင်းဖြစ်ပါတယ်။

ဒါကြောင့် ကန်ပေါင်ရိုးကြီးကို မကျိုးပေါက်အောင်၊ မြင့်သထက်မြင့်အောင် ဖို့ပေးကြရမယ်၊ ဆင့်ပေးကြရမယ်။ ယနေ့ ဒါယိကာမကြီးတို့ ဘာလုပ်ကြတာလဲ၊ ကန်ပေါင်ကြီးကို ဖို့ပေးကြ၊ ဆင့်ပေးကြတာပဲပေါ့။

ကန်ပေါင်ရိုးကြီး မကျိုးပေါက်မှသာလျှင် ရေနဲ့တူတဲ့ ပရိယတ္တိလုပ်ငန်းတွေကို လုပ်ဆောင်နိုင်ကြမယ်၊ တည်တံ့နိုင်မယ်။ ရေတည်ရင် ကြာနဲ့တူတဲ့ ပဋိဝေဓခေါ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာတွေ ရရှိနိုင်မယ်၊ တည်ရှိလာနိုင်မယ်။

ကန်ပေါင်ခိုင်စေ၊ ရေတည်စေ၊ စည်စေကြာမျိုးငါး။

သာသနာသုံးရပ်၊ ပြုစုတတ်၊ လူမြတ်လူတော်များ။

သူ့ကျိုးလဲဆောင်၊ ကိုယ့်ကျိုးအောင်၊ ရောက်နိုင်မဂ်ဖိုလ်များ။

ယနေ့ ပြုလိုက်တဲ့ ကုသိုလ်ကောင်းမှုတွေဟာ သာသနာပြုကုသိုလ်ကောင်းမှုတွေပဲ။ ဒါကြောင့် မိမိတို့သည် လူမြတ်စာရင်း၊ လူတော်စာရင်းထဲ ဝင်သွားတယ်၊ သာသနာ့ မိခင်ဖခင်စာရင်းထဲ ဝင်သွားတယ်။

ယခုလို သာသနာသုံးရပ်ကို ပြုစုရသဖြင့်၊ သာသနာ့အကျိုးကို ဆောင်ရွက်ရသဖြင့်၊ သာသနာပြုကုသိုလ်တွေ၊ မဂ်ဖိုလ်ကုသိုလ်တွေ ရရှိမှာဖြစ်လို့ ကိုယ့်အကျိုးတွေလဲ ပြီးပြည့်စုံသွားတယ်–လို့ ဆိုရမှာဖြစ်ပါတယ်။

## ဥယျာဉ် ဥပမာ

နောက်တစ်ခါ၊ သာသနာတော်ကြီးကို ဘာနဲ့ ဥပမာပေးကြပြန်သလဲဆိုတော့၊ ဥယျာဉ်ကြီးနဲ့ ဥပမာပေးကြပြန်တယ်။ သံဃာတော်အရှင်မြတ်တွေက ဥယျာဉ်ထဲမှာရှိတဲ့၊ ပေါက်ရောက်နေတဲ့ အပင်မျိုးစုံတွေနဲ့ တူတယ်၊ ဘုန်းကြီးတို့ရဲ့ ဒါယကာ ဒါယိကာမကြီးတွေက ဥယျာဉ်စောင့်တွေနဲ့ တူပါတယ်။

သာသနာ့ဥယျာဉ်ကြီးထဲက အပင်လေးတွေ ထာဝရရှင်သန်နေစေဖို့၊ ဥယျာဉ်မှူးဖြစ်ကြတဲ့ တို့ ဒါယကာ ဒါယိကာမအပေါင်းတွေက ပစ္စည်းလေးပါး ထောက်ပံ့ခြင်းဆိုတဲ့ ရေလောင်းပေါင်းသင်ခြင်း စသည့် အမှုတို့ဖြင့် ပြုစုစောင့်ရှောက်ကြတယ်။ ဥယျာဉ်ကြီး ထာဝစဉ် စိမ်းလန်းစိုပြည်နေဖို့ ထာဝစဉ်တည်တံ့နိုင်ဖို့ဆိုတာ ဥယျာဉ်မှူးတွေမှာ တာဝန်ရှိကြတယ်၊ ဒါမှသာ ဥယျာဉ်ကြီးထဲမှာရှိကြတဲ့ သစ်ပင်,ပန်းမာလ်လေးတွေ စိုပြည်စိမ်းလန်း ပွင့်လန်းပြီးတော့ ကြည့်ရှုရသူများအဖို့ ပသာဒဖြစ်မယ်၊ တင့်တယ်မယ်၊ ဥယျာဉ်ကြီးလဲ ထာဝစဉ်တည်တံ့မယ်။

သာသနာ့ဥယျာဉ်ကြီးကိုလဲ ယခုလို ထာဝစဉ်တည်တံ့နေအောင် စိုပြည်နေအောင် ဥယျာဉ်မှူးဖြစ်ကြတဲ့ သာသနာ့မိခင် ဖခင်ကြီးတွေ စောင့်ရှောက်ကြရမယ်၊ ပစ္စည်းလေးပါး အထောက်အပံ့ များများပေးကြရမယ်။ ဒါကြောင့် ဥယျာဉ်မှူးနဲ့တူတဲ့ သာသနာ့မိခင် ဖခင်ကြီးတွေ သာသနာမှာ သိပ်လိုအပ်နေပါတယ်။

ဗုဒ္ဓရှင်တော်ဘုရားလက်ထက်က သာသနာ့မိခင် ဖခင်ကြီးတွေ ရှိခဲ့ကြတယ်၊ အဲဒီ ပုဂ္ဂိုလ်ကြီးတွေကို အတုယူကြဖို့ ကောင်းလှတယ်။ ဒါကြောင့် ဗုဒ္ဓလက်ထက်က ထင်ရှားလှတဲ့သာသနာ့မိခင်ကြီးတစ်ယောက် အကြောင်းကို ပြောပြပါ့မယ်။

**မာတိကာမာတာအကြောင်း** (ဓမ္မပဒအဋ္ဌကထာ–ပ,အုပ်)

ဗုဒ္ဓရှင်တော်ဘုရားလက်ထက်က သမဂ္ဂ,သမောဓာနဖြစ်တော်မူကြတဲ့ ရဟန်းတော်ခြောက်ကျိပ်ရှိတယ်၊ ခြောက်ကျိပ်ဆိုတာ ခြောက်ဆယ်ပေါ့။ အဲဒီ ရဟန်းတော် ခြောက်ကျိပ်ဟာ ဗုဒ္ဓထံတော်မှာ မိမိတို့နဲ့ သင့်လျော်တဲ့ ကမ္မဋ္ဌာန်းတွေကို အသီးသီးယူကြပြီး၊ သင့်လျော်ရာ အရပ်ကို

ရှာဖွေကြတယ်၊ အဲဒီလို တရားအားထုတ်မယ့်နေရာကို ရှာဖွေကြရင်း ဘယ်ရောက်သွားသလဲဆိုတော့ ကောသလတိုင်းက ရွာကြီးတစ်ရွာကို ရောက်သွားကြတယ်၊ အဲဒီရွာကြီးဟာ အင်မတန်ကြီးမားတဲ့ ရွာကြီးတဲ့။ ရဟန်းခြောက်ကျိပ်ကို ဆွမ်းပစ္စည်းတို့ဖြင့် ပြည့်စုံစေနိုင်တဲ့ ရွာကြီး။

အဲဒီ ရွာကြီးရဲ့ ရွာသူကြီးကို "မာတိကာ" လို့ ခေါ်တယ်။ ရွာသူကြီးရဲ့ မယ်တော်က "မာတိကာမာတာ" တဲ့။ ရွာသူကြီးမယ်တော်ပေ့ါ။

အဲဒီ ဒါယိကာမကြီးဟာ သဒ္ဓါတရားနဲ့ ပြည့်စုံပြီး သာသနာတော်ကို အလွန်ကြည်ညိုတဲ့ ဒါယကာမကြီး။

ရဟန်းတော် ခြောက်ကျိပ်ဟာ အဲဒီရွာကို ရောက်သွားကြတယ်၊ ရွာထဲမှာ သပိတ်ကိုယ်စီနဲ့ ဆွမ်းခံကြွကြတယ်၊ မြတ်စွာဘုရားထံက ယူလာတဲ့ ကမ္မဋ္ဌာန်းလေးတွေကို နှလုံးသွင်းပြီးတော့ ကြွကြတယ်၊ သွားတဲ့နေရာမှာ သတိပညာလေးတွေဦးစီးပြီး ကြွကြပါတယ်။ လှုပ်ရှားမှုတိုင်းမှာ သတိပညာလေးတွေနဲ့ပေ့ါ။

အဲဒီလို ကမ္မဋ္ဌာန်းနှလုံးသွင်း, သတိပညာဦးစီးပြီး ကြွတော်မူတဲ့ သံဃာတော်ခြောက်ဆယ်ကို စောစောက မာတိကာမာတာဆိုတဲ့ ဒါယိကာမကြီး တွေ့သွားတယ်။ ရဟန်းတော်တွေကိုတွေ့တော့ ဒါယိကာမကြီးရဲ့ စိတ်ထဲမှာ ကြည်ညိုလိုက်တာ၊ ကြည်ညိုတဲ့ သဒ္ဓါတရားတွေ တဖွားဖွား ဖြစ်ပေါ်လာလိုက်တာ–တဲ့။

ယခုလို ရဟန်းတော်တွေကို မြင်တွေ့ရုံနဲ့ သဒ္ဓါတရားဖြစ်မိဖို့ဆိုတာ လွယ်တာမဟုတ်ဘူး နော်။

## သဒ္ဓါတရားနဲ့ ပြည့်စုံမှု

"ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ" တဲ့။ လောကလူတွေထဲမှာ သဒ္ဓါတရားနဲ့ ပြည့်စုံသူ ရှားတယ်–တဲ့။ မြတ်ဗုဒ္ဓ ဟောထားတာ နော်။

သဒ္ဓါဆိုတာ ရတနာသုံးပါးနဲ့ ကံ,ကံရဲ့အကျိုးတွေကို ယုံကြည်မှုကို ဆိုတာဖြစ်တယ်။ ဒီလို သဒ္ဓါတရားရှိမှသာ ဒါန,သီလ,ဘာဝနာဆိုတဲ့ ကောင်းမှုတွေကို ပြုလုပ်နိုင်တယ်။ ဒါကြောင့်လဲ မြတ်စွာဘုရားက ပဋ္ဌာန်းပါဠိတော်မှာ_

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော၊ သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ–လို့ ဟောကြားတော်မူထားတာဖြစ်ပါတယ်။

ယုံကြည်ချက် သဒ္ဓါတရားရှိမှ ဒါနကုသိုလ်တွေ ပြုလုပ်နိုင်တယ်၊ သီလတွေ ဆောက်တည်နိုင်တယ်၊ ဥပုသ်သီလတွေ ဆောက်တည်နိုင်တယ်၊ ဘာဝနာတရားတွေကိုလဲ ပွားနိုင်တယ်၊ ဈာန်တရားတွေကို ဖြစ်စေနိုင်တယ်၊ မဂ်ဖိုလ်တရားတွေကို ဖြစ်စေနိုင်တယ်–တဲ့။ သဒ္ဓါတရားရှိရင် ဖြစ်ပေါ်လာနိုင်တဲ့ အချက်တွေ နော်။

ဒါကြောင့် သဒ္ဓါတရားဟာ သတ္တဝါတို့ရဲ့သန္တာန်မှာ တည်ရှိဖို့ အရေးကြီးပါတယ်၊ သဒ္ဓါတရားရှိမှသာ ကုသိုလ်မျိုးစုံကို ပြုလုပ်နိုင်တယ်။

ယခု ကြည့်၊ မာတိကာမာတာ ဒါယိကာမကြီးဟာ သံဃာတော်တွေကိုလဲ မြင်တွေ့လိုက်ရော သူ့စိတ်ထဲမှာ ကြည်ညိုလိုက်တာ။ဒါ သဒ္ဓါတရားပဲပေါ့။ အတိက်ဘဝတွေက ပါလာခဲ့တဲ့ ကုသိုလ်တွေရဲ့ အရှိန်အဟုန်တွေပဲ၊ အတိက်ဘဝက ပါရမီပါလာခဲ့လို့ ဒီသဒ္ဓါတရားမျိုးဖြစ်လွယ်တာပဲ။

ဒီတော့ ဒါယိကာမကြီးဟာ သူ့အိမ်ထဲကိုကြွဖို့ ပင့်လျှောက်ပါတယ်၊ ယာဂုဆွမ်းတွေ ဆက်ကပ်ပါတယ်။ သံဃာတော်အရှင်မြတ်တွေ ဘုဉ်းပေးလို့ပြီးတော့ ဒါယိကာမကြီးက–

"ဘန္တေ ကတ္ထ ဂန္တုကာမာ။ အရှင်ဘုရားတို့၊ ဘယ်အရပ်ဒေသကို ကြွကြမှာလဲဘုရား" လို့ လျှောက်ထားပါတယ်။ ဒီအခါမှာ သံဃာတော်အရှင်မြတ်တွေက–

"ယထာ ဖာသုကဋ္ဌာနံ မဟာဥပါသိကေ။ ဒါယိကာမကြီး၊ ဘယ်အရပ်ဒေသရယ်လို့မဟုတ်၊ ချမ်းသာမယ့်အရပ်ဒေသကို ကြွရမှာပဲ" လို့ မိန့်တော်မူကြပါတယ်။ အဲဒီလို မိန့်ကြားတော်မူလိုက်တော့ ဒါယိကာမကြီး နားလည်သဘောပေါက်သွားတယ်။ ဉာဏ်ပညာရှိတဲ့ ဒါယိကာမကြီး နော်။ ဘယ်လို နားလည်သဘောပေါက်သွားသလဲဆိုတော့–

ဒီ သံဃာတော်အရှင်မြတ်တွေဟာ "ဝဿာဝါသဋ္ဌာနံ အယျာ ပရိယေသန္တိ မညေ။ ဝါကပ်မယ့်အရပ်ကို ရှာဖွေနေတာဖြစ်လိမ့်မယ်"လို့ နားလည်သဘောပေါက်သွားတယ်။

အဲဒီလို နားလည်သဘောပေါက်မိလိုက်တယ်ဆိုရင်ပဲ ဆိုင်းမနေ တော့ဘဲ သံဃာတော်တွေကို ချက်ချင်းပဲလျှောက်ထားပါတယ်။

**သူ့အကျိုး ကိုယ့်အကျိုးပြီးအောင်**

သစေ အယျာ ဣမံ တေမာသံ ဣမ ဝသိဿန္တိ၊ အဟံ တီဏိ သရဏာနိ ပဉ္စသီလာနိ ဂဟေတွာ ဥပေါသထကမ္မံ ကရိဿာမိ။

အယျာ–အရှင်မြတ်ဘုရားတို့သည်၊ ဣမံ တေမာသံ–ဤဝါတွင်း သုံးလပတ်လုံး၊ ဣမ–ဤ မာတိကာရွာ၌၊ သစေ ဝသိဿန္တိ–အကယ်၍ သီတင်းသုံးကုန်သည်ဖြစ်အံ့၊ အဟံ–ဘုရားတပည့်တော်သည်၊ တီဏိ သရ ဏာနိ–သရဏဂုံသုံးပါးကို့ကိုလည်းကောင်း၊ ပဉ္စသီလာနိ စ–ငါးပါးသီလ တို့ကိုလည်းကောင်း၊ ဂဟေတွာ–ခံယူဆောက်တည်၍၊ ဥပေါသထကမ္မံ– ဥပုသ်စောင့်သုံးမှုကို၊ ကရိဿာမိ–ပြုရပေလတ္တံ့။

အရှင်ဘုရားတို့၊ ဒီ မာတိကာရွာမှာပဲ သီတင်းသုံးကြမယ်ဆိုရင် တပည့်တော်လဲပဲ သရဏဂုံသီလတွေ ဆောက်တည်ရမယ်၊ ဥပုသ်သီတင်း တွေလဲစောင့်သုံးရမယ်၊ တပည့်တော်အတွက် သိပ်အကျိုးများမှာပဲ ဘုရား– လို့ လျှောက်တယ်။ အသိဉာဏ်ရှိတဲ့ ဒါယိကာမကြီးဆိုတော့ လျှောက်ထား ပုံက ပညာပါတယ် နော်။ ဒီတော့ ရဟန်းတော်အရှင်မြတ်တွေကလဲပဲ–

မယံ ဣမံ နိဿာယ ဘိက္ခာယ အကိလမန္တာ ဘဝနိဿရဏံ ကာတုံ သက္ခိဿာမ။

မယံ–ငါတို့သည်၊ ဣမံ–ဤမာတိကာဒါယိကာမကြီးကို၊ နိဿာယ–အမှီပြု၍၊ ဘိက္ခာယ–ဆွမ်းဘောဇဉ်တို့ဖြင့်၊ အကိလမန္တာ– မပင်ပန်းကြကုန်သည်ဖြစ်၍၊ ဘဝနိဿရဏံ–သံသရာဘဝမှ ထွက် မြောက်ကြောင်းဖြစ်သောတရားတွေကို၊ ကာတုံ–ပြုလုပ်အားထုတ်ခြင်းငှါ၊ သက္ခိဿာမ–စွမ်းနိုင်ကုန်လတ္တံ့။

သံဃာတော်တွေကလဲ ပြန်ကြည့်တယ်၊ ဒီ ဒါယိကာမကြီးကို အမှီပြုပြီးတော့ ဆွမ်းဘောဇဉ်တို့ဖြင့် မပင်ပန်းရဘူးဆိုရင် တို့တတွေသည် ရဟန်းတရားကို အားထုတ်နိုင်ကြလိမ့်မယ်။ သံသရာဝဋ်ဘေးက လွတ် မြောက်ရေးဖြစ်တဲ့ ရဟန်းတရားတွေကို အေးဆေးစွာအားထုတ်နိုင်မှာပဲတဲ့။

ဒါယိကာမကြီးကလဲ သူ့အတွက် အကျိုးရှိအောင် သီတင်းသုံးဖို့ လျှောက်တယ်၊ သံဃာတော်အရှင်မြတ်တွေကလဲ သူတို့အတွက် အကျိုးရှိအောင် ဆင်ခြင်တယ်။ အဲဒီလို ဆင်ခြင်မိကြတဲ့အတွက် ဒါယိကာမကြီးရဲ့ လျှောက်ထားမှုကို လက်ခံလိုက်ကြပါတယ်။

သံဃာတော်တွေက လက်ခံလိုက်တယ်ဆိုရင်ပဲ ဒါယိကာမကြီးက ဘာတွေလုပ်ရတော့မလဲ၊ သံဃာတော်ခြောက်ကျိပ် သီတင်းသုံးနေထိုင်ဖို့ ကျောင်းတွေဆောက်ရတယ်။ ကျောင်းတွေဆောက်လုပ်ပြီးစီးသွားတော့ သံဃာတော်တွေကို သီတင်းသုံးဖို့ပင့်ဖိတ်၊ သံဃာတော်တွေလဲ ကြွရောက်သီတင်းသုံးကြပေ့ါ။

## သံဃထေရ်၏ ဩဝါဒ

အဲဒီလို သီတင်းသုံးနေကြတဲ့အခါမှာ သံဃထေရ်ဖြစ်တဲ့ပုဂ္ဂိုလ်က ဘယ်လိုဩဝါဒပေးသလဲဆိုတော့– တပည့်တော်တို့ဟာ အလေးအမြတ်ပြုအပ်တဲ့ မြတ်ဗုဒ္ဓရဲ့အထံမှာ ကမ္မဋ္ဌာန်းတရားတွေကို အသီးသီးခံယူခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်၊ ဒါ့ကြောင့် တပည့်တော်တို့တတွေ မမေ့မလျော့သော သတိတရားလက်ကိုင်ထားကြပြီးတော့ ရဟန်းတရားကို အားထုတ်ကြရမယ်၊ မေ့လျော့နေတဲ့ ပုဂ္ဂိုလ်တွေအတွက် ငရဲကြီးရှစ်ထပ်ရဲ့ တံခါးတွေပွင့်ပြီးတော့ နေတယ်။ မေ့လျော့နေတဲ့ပုဂ္ဂိုလ်တွေ သွားရမယ့်ဌာနဟာ အပါယ်လေးဘုံပဲ–တဲ့။ အပါယ်လေးဘုံသည် မေ့လျော့သူတို့ရဲ့ လားရာအိမ်ကြီးပဲ၊ ငရဲကြီးရှစ်ထပ်ဟာလဲ မေ့လျော့တဲ့ပုဂ္ဂိုလ်တွေအတွက်ပဲ–တဲ့။ သံဃထေရ်လုပ်သူက ဩဝါဒပေးတာ နော်။

## ကတိကဝတ်လဲ ပြုထားကြ

နောက်တစ်ခါ၊ ကတိကဝတ်လဲ ပြုထားကြပြန်တယ်၊ ဘယ်လိုထားကြသလဲဆိုတော့_

တပည့်တော်တို့တတွေ ဆွမ်းခံသွားတဲ့ အချိန်ရယ်၊ မထေရ်ကြီးထံမှ ဩဝါဒကို ခံယူတဲ့ အချိန်ရယ်၊ ဒီ အချိန်တွေမှာပဲ တပေါင်းတည်းရှိရမယ်၊ တစုတဝေးတည်း ရှိရမယ်။ ကျန်တဲ့အချိန်တွေမှာတော့ တစ်ပေါင်းတည်း, တစုတဝေးတည်း မနေကြရဘူး၊ တစ်ပါးစီ,တစ်ပါးစီ ကိုယ့်နေရာလေးတွေမှာ နေကြပြီး ရဟန်းတရားတွေကို အားထုတ်ရမယ်။

အကယ်၍ မကျန်းမမာတဲ့ ပုဂ္ဂိုလ်ရှိမယ်, အကြောင်းထူး တစ်စုံတစ်ရာရှိခဲ့မယ်ဆိုရင် ကျောက်စည်ခေါင်းလောင်းကို ထိုးလိုက်ပါ၊ အဲဒီအခါ ကျောင်းတိုက်ရှိ သံဃာတွေအားလုံး ကျောင်းတိုက်ရဲ့ အလယ်ကို လာရောက် စုဝေးကြရမယ်–လို့ ကတိကဝတ်ပြုထားကြပါတယ်။

ဒီနောက်မှာ သံဃာတော်ခြောက်ကျိပ်တို့ဟာ မိမိတို့ နေရာဌာနလေးတွေမှာ သွားရောက်သီတင်းသုံးနေထိုင်ပြီး ကမ္မဋ္ဌာန်းတရားတွေကို အားထုတ်နေကြပါတယ်။

## ကျောင်းတိုက်အတွင်း ဆိတ်ငြိမ်

ဒါနဲ့ တစ်နေ့သောအခါမှာ ဒါယိကာမကြီးက မိမိရဲ့ အခြွေအရံပရိသတ်တွေနဲ့ မိမိတို့ ကိုးကွယ်ဆည်းကပ်နေတဲ့ကျောင်းတိုက်မှာ သီတင်းသုံးနေထိုင်တော်မူကြတဲ့ သံဃာတော်တွေအတွက် ထောပတ်, ပျားရည်, တင်လဲဂတဲ့ လှူဖွယ်ပစ္စည်းဝတ္ထုတွေကို ယူဆောင်ပြီး ညနေချမ်းအချိန်မှာ ကျောင်းတိုက်ကို သွားရောက်ခဲ့ကြပါတယ်။

ကျောင်းတိုက်အတွင်းလဲရောက်ရော ကိုယ်တော်တွေ တစ်ပါးမှ မတွေ့မြင်ရဘူး၊ ကျောင်းတိုက်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေတယ်၊ ဒီတော့ ဒါယိကာမကြီးရဲ့စိတ်ထဲမှာ ဘယ်လိုထင်သွားသလဲဆိုတော့–

ငါ့ရဲ့ ကိုယ်တော်တွေ၊ ငါ့ရဲ့ သားရဟန်းတွေ ဘယ်အရပ်ဌာနများကြွကုန်ကြပြီလဲ–လို့ စိတ်ထဲ အောက်မေ့မှတ်ထင်မိလိုက်တယ်။ စိုးရိမ်စိတ်လဲ ဖြစ်သွားတာပေါ့၊ တွေ့မြင်ရတဲ့လူတွေကိုလဲ မေးကြည့်ပေါ့။ အဲဒီအထဲမှာ ရဟန်းတော်တွေ ကတိကဝတ်ပြုထားတာကို သိထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်က၊ ကျောက်စည်ခေါင်းလောင်းလေးထိုးလိုက်ရင် ကြွလာကြလိမ့်မယ်ပြောလို့ ကျောက်စည်ခေါင်းလောင်းလေးကို ထိုးကြည့်လိုက်တယ်၊ ဒီအခါမှာ သံဃာတော်အရှင်မြတ်တွေလဲ မိမိတို့ တရားအားထုတ်နေတဲ့နေရာတွေဆီက အသီးသီးကြွလာကြပါတယ်၊ ကျောင်းတိုက်ရဲ့ အလယ်မှာ လာပြီးတော့ စုဝေးကြတယ်၊ အဲဒီတော့မှ ဒါယိကာမကြီးရဲ့ စိတ်လဲအေးသွားတော့တာပေါ့၊ ဒီတော့ ဒါယိကာမကြီးက လျှောက်ထားတယ်–

အရှင်ဘုရားတို့၊ တပည့်တော်အိမ်ကို ဆွမ်းစားကြွတုံးက တပေါင်းတည်း,တစ်စုတည်း ကြွကြတယ်၊ ယခုအခါမှာတော့ ဟိုနေရာက တစ်ပါး၊

ဒီနေရာကတစ်ပါး ကြွလာကြတယ်။ အရှင်ဘုရားတို့ တစ်ပါးနဲ့တစ်ပါး ဘယ်လိုဖြစ်ထားကြလဲဘုရား၊ မတည့်ကြလို့လားဘုရားလို့ လျှောက်တယ်။

မိခင်ကြီးဆိုတော့ ပူရှာတယ် နော်၊ ငါ့သားတော်တွေ တစ်ပါးနဲ့ တစ်ပါး မတည့်ကြလို့လားပေါ့၊ စိတ်ပူစွာနဲ့ လျှောက်ထားရှာပါတယ်။

## ရဟန်းတော်တွေ ပြန်လည်ဖြေကြားပုံ

ဒီတော့ ရဟန်းတော်တွေက–

မဟာဥပါသိကေ ဧကေကသ္မိံ ဌာနေ နိသီဒိတွာ သမဏဓမ္မံ ကရိမှာ။

မဟာဥပါသိကေ–မယ်တော် ဥပါသိကာမကြီး၊ ဧကေကသ္မိံ ဌာနေ–တစ်ခုစီသော နေရာဌာနၝ၊ နိသီဒိတွာ–နေ၍၊ သမဏဓမ္မံ–ရဟန်းတရားကို၊ ကရိမှာ–ပြုကြပါကုန်၏, အားထုတ်ကြပါကုန်၏။

ဒါယိကာမကြီး၊ မတည့်လို့ မဟုတ်ကြပါဘူး၊ ဦးဇင်းကို့တတွေ ကိုယ့်နေရာလေးတွေမှာ အသီးသီးနေကြပြီးတော့ ရဟန်းတရားတွေကို ပွားများအားထုတ်နေကြတာဖြစ်တယ်လို့ ပြန်လည်ဖြေကြားကြတယ်။

ဒီတော့မှ ဒါယိကာမကြီးလဲ စိတ်သက်သာရာ ရသွားတယ်။

## သမဏဓမ္မဆိုတာ သိချင်လို့

သံဃာတော်တွေ ဖြေကြားလိုက်တဲ့ အထဲမှာ "သမဏဓမ္မ"ဆိုတဲ့ စကား ပါတယ်နော်၊ ဒါယိကာမကြီးက အဲဒီ "သမဏဓမ္မ" ဆိုတာကို သိချင်လာတယ်။ ဒါလဲ ဥပနိဿယတစ်ခုပဲ၊ ရှေးရှေးသော ဘဝတွေက ပြုလုပ်ခဲ့တဲ့ ကောင်းမှုတွေ, အထုံတွေ ပါလာခဲ့လို့ပေါ့။ ဒါကြောင့် သံဃာတော်အရှင်မြတ်တွေကို "သမဏဓမ္မ"ဆိုတာဘာလဲဘုရားလို့ ပြန်လည်မေးမြန်းတယ်။ ဒီမေးမြန်းချက်ကို သံဃာတော်အရှင်မြတ် တွေက–

## သမဏဓမ္မဆိုတာ

ဒွတ္တိံသာကာရေ သဇ္ဈာယံ ကရောမ၊ အတ္တဘာဝေ စ ခယဝယံ ပဋ္ဌပေမ မဟာဥပါသိကေ။

မဟာဥပါသိကေ–မယ်တော် ဒါယိကာမကြီး၊ ဒွတ္တိံသာကာရေ–

သုံးဆယ့်နှစ်ပါးသော အဖို့အစုဒ္ဓ၊ သဇ္ဈာယံ–သရဇ္ဈာယ်ခြင်းကို၊ ကရောမ–ပြုလုပ်ကြပါကုန်၏၊ အတ္တဘာဝေ စ–ခန္ဓာကိုယ်အတ္တဘောဒ္ဓလည်း၊ ခယဝယံ–ကုန်ခြင်း ပျက်ခြင်းကို၊ ပဋ္ဌပေမ–အားထုတ်နေကြပါကုန်၏။

ဒါယိကာမကြီး၊ သမဏဓမ္မဆိုတာ တခြားမဟုတ်ပါဘူး၊ ဒွတ္တိံသကာရ,လို့ခေါ်တဲ့ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသတရားတွေကို ဆင်ခြင်ခြင်း၊ ခန္ဓာကိုယ်မှ ကုန်ခြင်းပျက်ခြင်းသဘောတရားတွေကို ပွားများခြင်း_တို့ကို အားထုတ်နေကြတာဖြစ်ပါတယ်၊ ဒီတရားတွေဟာ သမဏဓမ္မပါပဲ ဒါယိကာမကြီး–လို့ ပြောလိုက်ကြတယ်။ ဒီ ကမ္မဋ္ဌာန်းတွေဟာ ဘုရားရှင်ထံက ယူလာခဲ့ကြတဲ့ ကမ္မဋ္ဌာန်းတွေ နော်။

**ရဟန်းတော်တွေပဲ အားထုတ်လို့ရသလား**

အဲဒီလို ဖြေကြားလိုက်တဲ့အခါမှာ ဒါယိကာမကြီးက အသိဉာဏ်ရှိသူ ပါရမီရှင်ဖြစ်နေတော့ သိရုံနဲ့ မနေပြန်ဘူး၊ ထပ်မံပြီးတော့ လျှောက်ပြန်ပါတယ်။

အရှင်ဘုရားတို့၊ အဲဒီ သမဏဓမ္မဆိုတာတွေကို အရှင်ဘုရားတို့လို ရဟန်းတော်တွေပဲ ကျင့်ကြံကျိုးကုတ်အားထုတ်လို့ ရပါသလားဘုရား၊ တပည့်တော်တို့လို လူဝတ်ကြောင်တွေလဲ အားထုတ်လို့ မရဘူးလားဘုရားလို့ လျှောက်ပြန်တယ်။

ဒီတော့ ရဟန်းတော်တွေက ဒါယိကာမကြီး၊ ယခုပြောခဲ့တဲ့ သမဏဓမ္မတွေကို ရဟန်းတော်တွေမှ မဟုတ်ပါဘူး၊ လူဝတ်ကြောင်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေ၊ ဘယ်ပုဂ္ဂိုလ်မဆို အားထုတ်လို့ရပါတယ် ဒါယိကာမကြီး–လို့ ဖြေကြားလိုက်တယ်ဆိုရင်ပဲ_

**ကမ္မဋ္ဌာန်းတောင်းခြင်း**

> တေန ဟိ ဘန္တေ မယှမ္ပိ ဒွတ္တိံသာကာရံ ဒေထ၊ အတ္တဘာဝေစ ခယဝယပဋ္ဌပနံ အာစိက္ခထ။

အရှင်ဘုရားတို့၊ ဒီလိုဆိုရင် တပည့်တော်ကိုလဲ ကောဋ္ဌာသကမ္မဋ္ဌာန်းကို ပေးတော်မူပါဘုရား၊ ခန္ဓာကိုယ်မှ ကုန်မှု, ပျက်မှုတွေရှုတဲ့ ဘာဝနာတရားကို ဟောကြားတော်မူပါဘုရား–လို့ လျှောက်ထားတယ်။

ဒါယိကာမကြီး တရားတောင်းပြီ နော်။ သူ့သန္တာန်မှာ ရဟန်းတော်တွေ ပြောတဲ့ သမဏဓမ္မတွေကို သိပ်ပြီးသိချင်နေတယ်၊ သိပ်ပြီး လိုချင်နေ တယ်၊ လိုချင်လွန်းလို့ အဲဒီ ကမ္မဋ္ဌာန်းတွေကို ပေးဖို့တောင်းခံနေတယ်၊ ဒီအခါမှာ ရဟန်းတော်တွေကလဲ ကောဋ္ဌာသကမ္မဋ္ဌာန်းကို ဟောကြားပေး တယ်၊ ဝိပဿနာဘာဝနာတွေကို ဟောကြားပေးလိုက်ပါတယ်။

**ကောဋ္ဌာသကမ္မဋ္ဌာန်း**

ကောဋ္ဌာသကမ္မဋ္ဌာန်းဆိုတာ ဘုန်းကြီးတို့ တရားနာပရိသတ်ကြီး သိပြီး ဖြစ်ကြမှာပါ၊ ခန္ဓာကိုယ်ပေါ်မှာ စုဝေးတည်ရှိနေကြတဲ့ အရာတွေ ပေါ့၊ ဘာတွေလဲဆိုတော့–

ဆံပင်,မွေးညှင်း,ခြေသည်းလက်သည်း, သွား,အရေ,–စသည်ဖြင့် သုံးဆယ့်နှစ်မျိုးပေါ့။ အဲဒီ သုံးဆယ့်နှစ်မျိုးကို "သုံးဆယ့်နှစ်ကောဋ္ဌာသ"လို့ ခေါ်ပါတယ်။

အဲဒီ သုံးဆယ့်နှစ်ပါးသော အဖို့အစုတို့သည် အဆင်းအားဖြင့် လည်းကောင်း၊ အနံ့အားဖြင့်လည်းကောင်း၊ တည်ရာအရပ်အားဖြင့်လည်း ကောင်း၊ မှီရာအကြောင်းအားဖြင့်လည်းကောင်း၊ စက်ဆုပ်စရာ,ရွံစရာ ဖြစ်ကုန်၏။ သတ္တဝါလည်း မဟုတ်၊ အသက်လည်း မဟုတ်၊ မာတင်း သော ပထဝီ,တေဇော,ဝါယော,အာပေါဓာတ်တို့၏ အစုအဝေးသာ ဖြစ် ကုန်၏၊ ငါ့ကိုယ်,ငါ့ဟာ,ငါမဟုတ်–အနိစ္စ,ဒုက္ခ,အနတ္တ။

ဒီလို ရှုဆင်ခြင်ရပါတယ်၊ ဒါကို ကောဋ္ဌာသကမ္မဋ္ဌာန်းစီးဖြန်း တယ်လို့ ခေါ်ပါတယ်၊ မေးလျှောက်တဲ့ ဒါယိကာမကြီးကို သံဃာတော် တွေက ရှင်းပြ,ဟောပြနေတာ၊ ကမ္မဋ္ဌာန်းပေးနေတာ နော်။

**ဝိပဿနာကမ္မဋ္ဌာန်း**

နောက်တစ်ခါ၊ ဝိပဿနာကမ္မဋ္ဌာန်းဆိုတာ ဘယ်လိုလဲ–?

*–ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာရှုသလဲ။

မြဲတယ်ချမ်းသာ၊ ငါစွဲရာ၊ ခန္ဓာရှုရမြဲ။

*–ဘယ်အကျိုးငှာ၊ ထိုခန္ဓာ၊ ဘယ်ခါရှုသလဲ။

မစွဲဖို့ရာ၊ ပေါ်ခိုက်မှာ၊ မှန်စွာ ရှုရမြဲ။

*-ပေါ်ခိုက်မရှု၊ ရုပ်နာမ်စု၊ စွဲမှုဝင်ရောက်သည်။

ပေါ်ခိုက်မှတ်ရှု၊ ရုပ်နာမ်စု၊ စွဲမှုကင်းပျောက်သည်။

စွဲမှုကင်းလျှင်၊ နိဗ္ဗာန်ခွင်၊ ပြေးဝင်ဆိုက်ရောက်သည်။

ဝိပဿနာဆိုတာ ဘာတွေကို ရှုရမလဲ၊ နိစ္စ-မြဲတယ်၊ သုခ-ချမ်းသာတယ်၊ အတ္တ-ငါကိုယ်ကြီးပဲ-လို့ စွဲလမ်းမှုတွေ ဖြစ်နေတဲ့ ရုပ်နာမ်တရားတွေကို ရှုရတယ်။

ဒီရုပ်နာမ်တရားတွေကို ဘယ်လိုထင်မှတ်နေကြသလဲ၊ နိစ္စ-မြဲတယ်လို့ ထင်မှတ်နေကြတယ်၊ သုခ-ချမ်းသာတယ်လို့ ထင်မှတ်နေကြတယ်၊ သုဘ-တင့်တယ်တယ်လို့ ထင်မှတ်နေကြတယ်၊ အတ္တ-ငါ့ကိုယ်ကြီးပဲလို့ မှတ်ထင်နေကြတယ်။ တဏှာ,မာန,ဒိဋ္ဌိတရားတွေ လွှမ်းမိုးနေလို့ ဒီလို ထင်မှတ်နေကြ, စွဲလမ်းနေကြခြင်းဖြစ်တယ်၊ တဏှာ,မာန,ဒိဋ္ဌိတို့ စွဲမိရာဖြစ်တဲ့ ဒီရုပ် ဒီနာမ်တွေကို ဝိပဿနာရှုရပါတယ်။

နောက်တစ်ခါ၊ ဘယ်အကျိုးငှာ ရှုရသလဲ၊ တဏှာ,မာန,ဒိဋ္ဌိအစွဲတွေ ကင်းပျောက်ဖို့ရန် ရှုရခြင်းဖြစ်တယ်။

နောက်တစ်ခါ၊"မစွဲဖို့ရာ၊ ပေါ်ခိုက်မှာ၊ မှန်စွာရှုရမြဲ"တဲ့။ တဏှာ မာန,ဒိဋ္ဌိအစွဲတွေ မစွဲဖို့အတွက်၊ အဲဒီအစွဲတွေ ဖြစ်ပေါ်လာခိုက်လေးမှာ ရှုရပါတယ်။ ရှုမှ အစွဲပြုတ်မယ်၊ မရှုရင် အစွဲမပြုတ်ဘူး။

"ပေါ်ခိုက်မရှု၊ ရုပ်နာမ်စု၊ စွဲမှုဝင်ရောက်သည်"တဲ့။ ပေါ်ခိုက်လေးမှာ၊ ကြားခိုက်လေးမှာ၊ နံခိုက်လေးမှာ မရှုမှတ်မိလို့ရှိရင်၊ ငါမြင်တယ်၊ ငါကြားတယ်၊ ငါနံတယ်-စသည်ဖြင့် ငါစွဲ,သူစွဲတွေ ဝင်လာကြပြီ၊ အဲဒီလို စွဲမိပြီဆိုရင် လောဘမီးတွေလောင်ပြီ၊ ဒေါသမီးတွေလောင်ပြီပေါ့။

ကောင်းတဲ့အာရုံတွေနဲ့ တွေ့လိုက်တော့ လောဘတွေဖြစ်၊ လောဘမီးတွေလောင်။ မကောင်းတဲ့ အာရုံနဲ့တွေ့လိုက်တော့ ဒေါသတွေဖြစ်၊ ဒေါသမီးတွေလောင်။ ဘယ်မှာလောင်သလဲ၊ မျက်စိမှာ လောင်တယ်၊ နားမှာ လောင်တယ်၊ လျှာ,ကိုယ်,စိတ်တွေမှာ လောင်တယ်။ ဘာ့ကြောင့် လောင်ရသလဲ၊ ပေါ်ခိုက်မှာ သတိကပ်ပြီး မရှုမှတ်မိလို့ပဲ။

အဲဒီ မီးတွေငြိမ်းအောင်၊ တဏှာ,မာန,ဒိဋ္ဌိတွေကင်းစင်အောင် ရုပ်နာမ် တရားတွေကို ရှုမှတ်ရတာဖြစ်တယ်။

"စွဲမှုကင်းလျှင်၊ နိဗ္ဗာန်ခွင်၊ ပြေးဝင်ဆိုက်ရောက်သည်"တဲ့။ စော စောကပြောခဲ့တဲ့ အစွဲတွေပြုတ်အောင် ရှု၊ အစွဲတွေ ပြုတ်ပြီဆိုရင်တော့ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်တဲ့နိဗ္ဗာန်ကို ဝင်ရောက်ပြီပေါ့။

ဒီလို ခန္ဓာကိုယ်မှာ ဖြစ်နေတဲ့၊ ပျက်နေတဲ့ သဘောတရားတွေကို ဝိပဿနာဉာဏ်ပညာနဲ့ ရှုရမယ်၊ အဲဒီလို ရှုမှတ်နေတာကို ဝိပဿနာ ရှုပွားတယ်လို့ခေါ်တယ် ဒါယိကာမကြီး, လို့ ရဟန်းတော်တွေက ရှင်းလင်း ပြလိုက်ပါတယ်။

## အိမ်ပြန်ပြီးရှုမှတ်လိုက်တာ

ဒါယိကာမကြီးလဲ အိမ်ပြန်ပြီးတော့ နေ့ညဥ့်မပြတ် ကောဋ္ဌာသ ကမ္မဋ္ဌာန်းတွေကို စီးဖြန်းတယ်၊ ရုပ်နာမ်တွေရဲ့ ခယ,ဝယ သဘောတွေကို မြင်အောင်ရှုတယ်။ အဲဒီလို ကြိုးစားပြီး ရှုမှတ်ပွားများလိုက်တာ မကြာမီ မှာဘဲ သောတာပတ္တိမဂ်ဖိုလ်, သကဒါဂါမိမဂ်ဖိုလ်, အနာဂါမိမဂ်ဖိုလ်ဆိုတဲ့ သုံးမဂ်သုံးဖိုလ်ကို ရရှိသွားခဲ့ပါတယ်၊ လောကီအဘိညာဉ်ငါးပါးကိုလဲ ရခဲ့ပါတယ်၊ ပဋိသမ္ဘိဒါလေးပါးကိုလဲ ရသွားတယ်။

## အဘိညာဉ်နဲ့ ကြည့်

လောကီအဘိညာဉ်ကိုရတော့ အားလုံးရဲ့စိတ်အကြံကို သိနိုင်ပြီ ပေါ့။ ဒီတော့ ဒါယိကာမကြီးက မဂ်ဖိုလ်တွေက ထမြောက်ပြီးတော့ ကျောင်းမှာ သီတင်းသုံးနေတော်မူကြတဲ့ သားတော်ရဟန်းတွေကိုကြည့် လိုက်တယ်၊ ငါ့ရဲ့ သားတော်တွေ အာသဝေါကုန်ခန်းတဲ့ရဟန္တာကြီးတွေ များ ဖြစ်နေပြီလားပေ့ါ၊ အဘိညာဉ်နဲ့ လှမ်းကြည့်လိုက်တော့ တစ်ပါးမှ ရဟန္တာမဖြစ်ကြသေးတာကို မြင်လိုက်တယ်။ တစ်ခါ၊ ဘာကြောင့် မဖြစ် သေးတာလဲ၊ ရဟန္တာဖြစ်နိုင်တဲ့ဥပနိဿယ အကြောင်းအထောက်ပံ့တွေ ကော ပါကြရဲ့လားလို့ ကြည့်ပြန်တယ်။ အဲဒီလို ကြည့်လိုက်တော့ ရဟန္တာ ဖြစ်နိုင်တဲ့ ဥပနိဿယအကြောင်းတွေပါနေတာကို မြင်တယ်။ ဒါပေမယ့် ဘာဖြစ်လို့ မဖြစ်ကြသေးတာလဲလို့ ဆင်ခြင်ကြည့်ပြန်တယ်။ ဆွမ်းခဲဖွယ် ဘောဇဉ်တွေ မမျှတလို့လား၊ ပုဂ္ဂိုလ်အချင်းချင်း မသင့်မြတ်လို့လား၊–

ကျောင်းအသုံးအဆောင်တွေ မပြည့်စုံလို့လား– စသည်ဖြင့် လောကီအဘိညာဉ်နဲ့ စစ်ဆေးကြည့်ပါတယ်။

တွေ့ပါပြီ၊ ငါ့ရဲ့ သားရဟန်းတွေ ဆွမ်းခဲဖွယ်ဘောဇဉ်တွေ မမျှတကြဘူး၊ စားရသောက်ရတာ သင့်လျော်လျောက်ပတ်မှု မရှိဘူး၊ သင့်လျော်လျောက်ပတ်လို့ရှိရင် ငါ့ရဲ့ သားရဟန်းတွေ ရဟန္တာဖြစ်မယ်–လို့ မြင်ပါတယ်။

တရားအလုပ် လုပ်နေကြတဲ့ပုဂ္ဂိုလ်များ ဘောဇနေသပ္ပါယ–ဆိုတာ အရေးကြီးတယ် နော်၊ ဘောဇနေသပ္ပါယမမျှရင် တရားထူးတရားမြတ်တွေ မမြင်နိုင်ဘူး၊ ဒီသာဓကကို ကြည့်နော်။ မြတ်ဗုဒ္ဓကလဲ ဣန္ဒြေထက်ကြောင်းတရားတွေထဲမှာ ဘောဇနေသပ္ပါယမျှတမှုရှိရမယ်–ဆိုတဲ့အချက်ကိုပါ ထည့်သွင်းဟောကြားထားပါတယ်။ မှတ်သားဖို့ကောင်းလှတယ်။

**လျောက်ပတ်အောင်စီမံ**

ဒါနဲ့ ဒါယိကာမကြီးဟာ ကျောင်းတိုက်ကို သွား၊ ရဟန်းတော်တွေထံချင်းကပ်ပြီး မိမိတို့နဲ့ သင့်တင့်လျောက်ပတ်မယ့် ခဲဖွယ်ဘောဇဉ်တွေကို မေးမြန်းလျှောက်ထားပြီးတော့ အိမ်ပြန်ပြီး စီမံတော့တာပဲ။ ဘယ်ရဟန်းက ဘာနဲ့သင့်တယ်၊ ဘယ်ရဟန်းက ဘာနဲ့သင့်တော်တယ်–စသည်ဖြင့် သင့်တော်ရာရာလေးတွေကို စီမံပါတယ်၊ အဲဒီလို နေ့စဉ်နေ့တိုင်း သားတော်ရဟန်းတွေနဲ့ သင့်တင့်တဲ့ အာဟာရတွေကို စီမံပြီး ဆက်ကပ်တဲ့အခါ ရဟန်းတော်တွေဟာ ဘောဇနေသပ္ပါယမျှပြီး သူတို့ရဲ့ စိတ်အစဉ်တွေ ကြည်လင်လာတယ်၊ စိတ်ချမ်းသာကိုယ်ကျန်းမာ ဖြစ်လာကြတယ်။

**စိတ်ချမ်းသာမှ**

စိတ်ချမ်းသာမှုလေးတွေကို ရတဲ့အခါကျတော့ ပါမောဇ္ဇခေါ်တဲ့ ဝမ်းမြောက်မှုတွေ ဖြစ်တယ်၊ ပါမောဇ္ဇဖြစ်ရင် နှစ်သက်မှုပီတိတွေ ဖြစ်။ ပီတိဖြစ်လာရင် ကာယပဿဒ္ဓိ၊စိတ္တပဿဒ္ဓိဆိုတဲ့ ကိုယ်စိတ်တွေ ငြိမ်းချမ်း။

နောက်တစ်ခါ၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာ။ ကိုယ်စိတ်နှစ်ပါး ချမ်းသာလို့ရှိရင် တည်ကြည်မှု သမာဓိကို ရပြီ၊ တည်ကြည်မှု သမာဓိတွေ ဖြစ်လာရင် ဘာဖြစ်မလဲ_

သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။

ဘိက္ခဝေ–ရဟန်းတို့၊ သမာဟိတော–တည်ကြည်သောစိတ်ရှိသော၊ ဘိက္ခု–ရဟန်းသည်၊ ယထာဘူတံ–ရုပ်နာမ်တို့ကို ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ–သိမြင်နိုင်၏–တဲ့။ (သဠာယတနဝဂ္ဂသံယုတ်၊သမာဓိသုတ်)

တည်ကြည်မှု သမာဓိရှိမှ ရုပ်နာမ်တို့ရဲ့ ဖြစ်ပျက်မှုကို သိနိုင်တယ်၊ ဒါကို ယထာဘူတဉာဏ်လို့ ခေါ်ပါတယ်။

**စူဠသောတာပန်ဆိုတာ**

ယထာဘူတဉာဏ်ဆိုတာ နာမရူပပရိစ္ဆေဒဉာဏ်ပါပဲ၊ ရုပ်တရား နာမ်တရားတို့ကို ကွဲကွဲပြားပြားသိတဲ့ ဉာဏ်ပေါ့။ နောက်ပြီးတော့ ပစ္စယပရိဂ္ဂဟဉာဏ်–တဲ့၊ ရုပ်နာမ်တို့ရဲ့ အကြောင်းအကျိုးတွေကို သိမ်းဆည်းယူနိုင်တဲ့ ဉာဏ်ပေါ့။ ဒီ ဉာဏ်တွေ အဆင့်ဆင့် ဖြစ်ပေါ်လာကြတယ်။

> ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။ (ဝိသုဒ္ဓိမဂ်)

ဣမိနာ ပန ဉာဏေန–ပရမတ်ရုပ်နာမ်ကို, အဟုတ်အမှန်သိသော, ဤ ယထာဘူတဉာဏ်နှင့်၊ သမန္နာဂတော–ပြည့်စုံသော၊ ဝိပဿကော–ဝိပဿနာယောဂီပုဂ္ဂိုလ်သည်၊ ဗုဒ္ဓသာသနေ–မြတ်စွာဘုရား၏ သာသနာတော်ကြီး၌၊ လဒ္ဓဿာသော–ရအပ်သော သက်သာရာရှိသည် ဖြစ်၍၊ လဒ္ဓပတိဋ္ဌော–ရအပ်သော ထောက်တည်ရာ မှီခိုရာ ရှိသည်ဖြစ်၍၊ နိယတဂတိကော–မြင့်မြတ်သော ဘုံဘဝ၌ မြဲသောလားခြင်းဂတိရှိသည် ဖြစ်၍၊ စူဠသောတာပန္နော နာမ–စူဠသောတာပန်မည်သည်၊ ဟောတိ–မုချမသွေ ဖြစ်ပါပေ သတည်း . . .။

ယထာဘူတဉာဏ်နဲ့ ပြည့်စုံပြီဆိုရင် စူဠသောတာပန်ဖြစ်ပြီးတော့ အပါယ်သံသရာက လွတ်မြောက်သွားတယ်၊ မြတ်ဗုဒ္ဓရဲ့ သာသနာတော်မှာ ထောက်ရာ,တည်ရာရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သွားတယ်။

**ရဟန္တာတွေဖြစ်ကုန်**

အဲဒီလို အဆင့်ဆင့်သော ဝိပဿနာဉာဏ်တွေ တက်တက်သွားပြီး

နောက်ဆုံးမှာတော့ ရဟန်းတော်ခြောက်ကျိပ်ဟာ ဒါယိကာမကြီးရဲ့ အစီအမံ ကောင်းမှုကြောင့် ပဋိသမ္ဘိဒါပတ္တရဟန္တာတွေ ဖြစ်ကုန်ကြပါတယ်။

## ရဟန်းတော်တွေ ဝမ်းမြောက်ကြ

ရဟန်းတော်တွေအားလုံး ရဟန္တာမထေရ်တွေ ဖြစ်ကုန်ကြပြီးတဲ့နောက်၊ ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်ကြတယ်။

ဒီ ဒါယိကာမကြီးသည် အံ့ဖွယ်ကောင်းပေစွ၊ ငါတို့၏ ထောက်တည်ရာ, မှီခိုရာ ဖြစ်ပါပေတယ်၊ ငါတို့သည် ယခုလို လျောက်ပတ်တဲ့ ဘောဇဉ်, အာဟာရတွေကို မမှီဝဲ မသုံးဆောင်ကြရဘူးဆိုရင် ယခုလို မဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေကို ထိုးထွင်း၍ သိနိုင်မှာ မဟုတ်ဘူး၊ ဒီ ဒါယိကာမကြီးရဲ့ အလိုက်သိစွာ လှူဒါန်းအပ်သော အာဟာရတို့ကို ဘုဉ်းပေးသုံးဆောင်ရသောကြောင့် ယခုလို တရားထူး တရားမြတ်တွေကို ရရှိခြင်းဖြစ်တယ်၊ ဒီ ဒါယိကာမကြီးသည် ငါတို့အပေါ်မှာ အတိုင်းမသိ ကျေးဇူးတွေ ကြီးမားလှပါပေတယ်,လို့ မာတိကာမာတာဒါယိကာမကြီးကို ချီးမွမ်းစကားတွေ ဆိုကြတယ်–တဲ့။

## ဗုဒ္ဓထံကြွရောက်ကြ

သီတင်းဝါလကျွတ်တဲ့အခါကျတော့ ရဟန်းတော်တွေအားလုံး ဗုဒ္ဓထံသို့ ကြွရောက်ကြတယ်။ ဗုဒ္ဓထံမှောက် ရောက်ကြတဲ့အခါ မြတ်ဗုဒ္ဓက သပ္ပါယမျှကြရဲ့လား၊ ဆွမ်း ရလွယ်ရဲ့လား–စသည်ဖြင့် မေးမြန်းတော်မူပါတယ်။ ဒီအခါ ရဟန်းတော်တွေက ဖြစ်စဉ်အားလုံးကို မြတ်ဗုဒ္ဓအား လျှောက်ထားကြပါတယ်။ မာတိကာမာတာဒါယိကာမကြီးရဲ့ ဂုဏ်ကျေးဇူးတွေကိုတော့ အထူးပြု လျှောက်ထားကြပါတယ်။

## သိပ်ကျေးဇူးများ

သိပ်ပြီးတော့ ကျေးဇူးတွေ များကုန်ကြတယ် နော်၊ မာတိကာမာတာ ဒါယိကာမကြီးလဲ ဒီ ရဟန်းတော်တွေကို အမှီပြုပြီးတော့ ဒါနကုသိုလ်တွေကို ပြုလုပ်ခွင့် ရခဲ့တယ်၊ သီလတွေ ဆောက်တည်ခွင့် ရခဲ့တယ်၊ ဘာဝနာကုသိုလ်တွေ ပွားများခွင့် ရခဲ့တယ်၊ ဘာဝနာကုသိုလ်တွေ ပွားများခွင့်ရသွားလို့ နောက်ဆုံး အနာဂါမ်တည်သွားခဲ့တယ်။

ရဟန်းတော်တွေလဲ ဒါယိကာမကြီးကို အမှီပြုလို့ ရဟန်းတရားတွေကို ကြိုးစားအားထုတ်နိုင်ခဲ့ကြတယ်၊ ပစ္စည်းလေးပါး အထောက်အပံ့ကောင်းတွေ ရရှိကြလို့ မိမိတို့လဲ နောက်ဆုံးရည်မှန်းခဲ့တဲ့၊ ဘုရားရှင်ထံက သင်ယူခဲ့ကြတဲ့ ကမ္မဋ္ဌာန်းတွေကို ပေါက်မြောက်အောင် အားထုတ်နိုင်ကြပြီး ပဋိသမ္ဘိဒါပတ္တရဟန္တာမထေရ်မြတ်ကြီးတွေ ဖြစ်ခဲ့ကြတယ်။ နှစ်ဦးနှစ်ဘက် ကျေးဇူးများသွားကြတယ် နော်။

## အမှီကောင်းမှ

ဒီလို နှစ်ဦးနှစ်ဘက်၊ ဆရာ,ဒကာတွေ ကျေးဇူးများကုန်ကြတာ အမှီကောင်းလို့ပေါ့ နော်၊ ဆရာသည် ဒါယကာကို မှီရတယ်၊ ဒါယကာတွေကလဲ ဆရာကို မှီရတယ်၊ ဒီလို အချင်းချင်းမှီနေရတာဖြစ်လို့ အမှီကောင်းဖို့ အရေးကြီးလှပါတယ်၊ ဆရာနဲ့ဒကာ လက်တွဲညီကြဖို့ သိပ်ပြီး အရေးကြီးပါတယ်။

## သာဓကတွေကိုကြည့်ပြီး နည်းလမ်းကောင်းတွေယူ

ယနေ့လဲပဲ ဒါယိကာမကြီးဒေါ်ငြိမ်းတို့ မိသားစု၊ သာသနာပြုကုသိုလ်ကောင်းမှုတွေကို ပြုလုပ်လိုက်ကြတာ၊ သံဃာတော်တွေ လိုအပ်ရာရာမှန်သမျှ ပစ္စည်းလေးပါးတွေကို စုံအောင်လှူဒါန်းထောက်ပံ့ကြတယ် နော်။

ဒါဟာ ဘုရားရှင်လက်ထက်တော်အခါက ယခုပြောခဲ့တဲ့ မာတိကာမာတာဒါယိကာမကြီးရဲ့ သာဓကတွေကိုယူပြီး ဗုဒ္ဓသာသနာကို ချီးမြှောက်ထောက်ပံ့ကြတာပဲပေါ့၊ အဲဒီလို ရှေးရှေးသော ထင်ရှားခဲ့ကြတဲ့ သာသနာပြုပုဂ္ဂိုလ်ကြီးတွေရဲ့ သာဓကတွေကို အတုယူကြပြီးတော့ ကောင်းမှုတွေကို ပြုလုပ်ကြဖို့ အင်မတန်မှ လိုအပ်လှပါတယ်။

ယခုပြောခဲ့တဲ့ မာတိကာမာတာနဲ့ ဝိသာခါတို့ အနာထပိဏ်တို့ သာသနာပြုကောင်းမှုတွေကြောင့် လောကီ,လောကုတ္တရာ ချမ်းသာသုခတွေကို ခံစားစံစားသွားကြသလို၊ ယနေ့ ဒါယိကာမကြီးဒေါ်ငြိမ်းနဲ့ မိသားစုများလဲ ကျန်းမာချမ်းသာစွာ သာသနာပြုကုသိုလ်တွေကို ဆထက်တိုးပြီး ပြုလုပ်အားထုတ်ကြနိုင်ကြ၍ လောကီ,လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာတွေကို ရရှိခံစားစံစားနိုင်ကြပါစေ၊ –

သာသနာတော်မြတ်ကြီးလဲ အဓွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲနိုင်ပါစေ–လို့ ဆုတောင်းပတ္ထနာပြုပြီး ယနေ့ပြုပြုသမျှ ကုသိုလ်ကောင်းမှုတွေကို အားလုံးသော လူနတ်ဗြဟ္မာသတ္တဝါတွေကို ရည်မှန်း၊ နိဗ္ဗာန်ကိုလဲအာရုံပြုပြီး ဆုတောင်း အမျှဝေကြရအောင်_ _

# ဝါဆိုလပြည့် ဒေသနာ

## ထူးမြတ်တဲ့နေ့ ထူးမြတ်တဲ့လ

ယနေ့ဟာ ဝါဆိုလပြည့်နေ့ ဖြစ်ပါတယ်၊ လ,အများတို့တွင် ဝါဆိုလသည် ထူးမြတ်တဲ့လတစ်လ ဖြစ်ပါတယ်။ ဝါဆိုလပြည့်နေ့ဟာလဲ ထူးမြတ်တဲ့နေ့တစ်နေ့ ဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့–

**သန္ဓေ,တောထွက်၊ ဓမ္မစက်၊ မိန်မြွက်သံချို၊ လ,ဝါဆို။**

ဘုန်းကြီးတို့ရဲ့ မြတ်ဗုဒ္ဓဟာ ဝါဆိုလပြည့်နေ့မှာ ပဋိသန္ဓေယူတော်မူခဲ့ပါတယ်၊ ဝါဆိုလပြည့်နေ့မှာ တောထွက်တော်မူခဲ့တယ်၊ ဝါဆိုလပြည့်နေ့မှာပဲ ဓမ္မစကြာတရား ဟောကြားတော်မူတယ်၊ ဝါဆိုလပြည့်နေ့မှာပဲ ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူတယ်၊ ဝါဆိုလပြည့်နေ့မှာပဲ အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူတယ်။

ဒါ့ကြောင့်မို့ ဒီနေ့ ဒီလသည် အထူးမြတ်ဆုံးသောနေ့, အထူးမြတ်ဆုံးသောလ တစ်ခုဖြစ်နေပါတယ်။ –

ထူးမြတ်တဲ့နေ့၊ ထူးမြတ်တဲ့လမှာ ဒါယကာ ဒါယိကာမအပေါင်းသူတော်ကောင်းတွေ ကျောင်းတော်သို့ လာရောက်ပြီးတော့ ဝါဆိုကြမယ့် သံဃာတော်အရှင်မြတ်တွေ၊ ဝါကပ်တော်မူကြမယ့် အရှင်မြတ်တွေအတွက် ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းခြင်းတွေ ပြုလုပ်ကြပါတယ်၊ အင်္ဂါရှစ်ပါးနဲ့ပြည့်စုံတဲ့ ဥပုသ်သီလတွေကို ကျင့်သုံးဆောက်တည်ကြပါတယ်။ ဒါ့အပြင် မေတ္တာဘာဝနာပွားခြင်း၊ ဝိပဿနာဘာဝနာပွားခြင်းစတဲ့

လုပ်ငန်းတွေကိုလဲ ပြုလုပ်ကြပါတယ်၊ ထူးမြတ်တဲ့နေ့မှာ ထူးမြတ်တဲ့ ကုသိုလ်တွေ ပြုလုပ်ကြတယ်။

ယခုလို ထူးမြတ်တဲ့နေ့မှာ ဘုန်းကြီးအနေနဲ့ ဥပုသ်သီလစောင့် သုံးရတဲ့ အကျိုးကျေးဇူးတွေ။ ဝါဆိုသင်္ကန်းဆက်ကပ်ရတဲ့ ကောင်းကျိုးတွေ ရရှိခံစားနိုင်ပုံအကြောင်းတွေကို သိရှိအောင်၊ သိရှိပြီးတော့ ဝမ်းမြောက်ဝမ်း သာတွေ ဖြစ်ကြရအောင် အကျဉ်းချုပ်ပြီးတော့ ဟောကြားပါ့မယ်။ ဓမ္မဒါန ပြုသွားပါ့မယ်။

**ကေ့ူပေါသထဘိက္ခုနီမ အကြောင်း** (ဧကူပေါသထဝိမာနဝတ္ထု)

ရှေဦးစွာ၊ အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံတဲ့ ဥပုသ်သီလကို စောင့်ထိန်း တဲ့အတွက် ရရှိနိုင်တဲ့ အကျိုးကျေးဇူးများအကြောင်းကို ပြရမယ်ဆိုရင်–

လွန်ခဲ့တဲ့ ကိုးဆယ့်တစ်ကမ္ဘာထက်က "ဝိပဿီ"ဆိုတဲ့ မြတ်စွာ ဘုရား ပွင့်ပေါ်ခဲ့ပါတယ်။ အဲဒီ ဝိပဿီမြတ်စွာဘုရားလက်ထက် ဗန္ဓုမတီ ပြည်ကြီးမှာ "ဗန္ဓုမ"ဆိုတဲ့ မင်းကြီး အုပ်ချုပ်နေတယ်၊ အဲဒီမင်းကြီးဟာ ဥပုသ်နေ့ တစ်နေ့မှာ မိမိရဲ့ မှူးကြီးမတ်ရာ, သေနာပတိ, သူဌေး,သူကြွယ် ကုန်သည်, လယ်လုပ် အစရှိတဲ့ ပုဂ္ဂိုလ်များနှင့်အတူ ကျောင်းတော်ကို သွားရောက်ကြပြီး ဥပုသ်သီတင်း စောင့်သုံးကြပါတယ်။

ဒီအခါမှာ ကုသိုလ်နည်းပြီး ဆင်းရဲနွမ်းပါးတဲ့ အမျိုးသမီးလေးတစ် ယောက်က မင်းကြီးနဲ့တကွ မှူးကြီးမတ်ရာ သေနာပတိ စတဲ့ ပုဂ္ဂိုလ်တွေ ကျောင်းတော်ကို သွားရောက်ပြီးဥပုသ်စောင့်ကြတာကို မြင်တွေ့သွားတယ်။ မြင်တွေ့သွားတော့ သူ့စိတ်ထဲမှာ စဉ်းစားမိလာတယ်–

ရာဇာ ပိ ရဋ္ဌံ ဆဋ္ဌေတွာ ၊ ဥပဂစ္ဆိ ဥပေါသထံ။

သဖလံ နူန တံ ကမ္မံ ၊ ဇနကာယော ပမောဒိတော။

ရာဇာ ပိ–ဗန္ဓုမတီမင်းကြီးသည်လည်း၊ ရဋ္ဌံ–မင်းစည်းစိမ်ကို၊ ဆဋ္ဌေတွာ–စွန့်လွှတ်၍၊ ဥပေါသထံ–ဥပုသ်သို့၊ ဥပဂစ္ဆိ–ကပ်ရောက် စောင့်သုံး၏၊ ဇနကာယော ပိ–လူအများတို့သည်လည်း၊ ပမောဒိတော– ရွှင်ပျော်ဝမ်းမြောက်, ဥပုသ်စောင့်၏၊ တံ ကမ္မံ–ထို ဥပုသ်စောင့်သုံးသော အမှုသည်၊ သဖလံ နူန–အကျိုးရှိအံ့ စင်စစ်တည်း . . .။

ဒီနေရာမှာဥပုသ်စောင့်တယ်ဆိုတာ ဘာလုပ်တာလဲလို့ မေးစရာရှိလာတယ်။ "ဥပုသ်"ဆိုတာ ဘာလဲဆိုတာ သိဖွယ်ရာဖြစ်လာပါတယ်။

ဥပုသ်ဆိုတာ"ဥပေါသထ"ဆိုတဲ့ ပါဠိကနေ ဆင်းသက်လာတဲ့ အမည်ဖြစ်ပါတယ်။ ပုဒ်ခွဲရင် "(ဥပ+ဝသထ) ဥပ–ညစာမစားခြင်း၊ သူ့အသက်မသတ်ခြင်း အစရှိတဲ့ အကျင့်ကောင်းနှင့် ပြည့်စုံ၍၊ ဝသထ–ကျင့်သုံးနေထိုင်ခြင်း"လို့ အဓိပ္ပာယ်ထွက်ပါတယ်။

ပြည့်စုံတဲ့ အဓိပ္ပာယ်နဲ့ပြောရရင် (ညစာမစားခြင်း၊ သူ့အသက်မသတ်ခြင်း စသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော သီလကို ခံယူဆောက်တည်၍ ဘုရားဂုဏ်တော် ၁သော အာရုံများကို အာရုံပြုကာ ဘာဝနာပွားများလျက် အကုသိုလ်စိတ်များ မဖြစ်စေဘဲ စိတ်စင်ကြယ်အောင် စောင့်စည်းနေထိုင်မှုကို ဥပုသ်စောင့်တယ်)လို့ ခေါ်ပါတယ်။

**သီလယူထားရုံနဲ့ မပြီး**

ဒီပါဠိရဲ့ အဓိပ္ပာယ်ကို ကြည့်မယ်ဆိုရင် သီလကို ခံယူပြီးရုံနဲ့ မပြီးသေးဘူး နော်။ သီလကိုပဲ ခံယူဆောက်တည်ထားမယ်ဆိုရင်–

၁။ ကာယကံ အကုသိုလ်တွေ လုံခြုံမယ်။

၂။ ဝစီကံ အကုသိုလ်တွေ လုံခြုံမယ်။

ဒီနှစ်မျိုးလုံခြုံသွားမယ်။ "၃။ မနောကံ အကုသိုလ်တွေတော့ မလုံခြုံဘူး"တဲ့။ သီလက မနောကံအကုသိုလ်ကို မလုံခြုံစေနိုင်ဘူး၊ ကာယကံနဲ့ ဝစီကံအကုသိုလ်နှစ်မျိုးပဲ လုံခြုံနိုင်တယ်။

ဒါကြောင့် မနောကံအကုသိုလ်တွေပါ လုံခြုံသွားအောင် သီလဆောက်တည်ပြီးတဲ့နောက်မှာ ဘာဝနာတစ်မျိုးမျိုးကို ပွားများနေရလိမ့်မယ်။ ဒါမှ (ဥပ+ဝသထ) ဥပုသ်စောင့်သုံးတယ်–ဆိုတဲ့ အမည်နဲ့လဲ ကိုက်ညီမယ်။ ဒါကြောင့် သီလဆောက်တည်ပြီးရင် မေတ္တာဘာဝနာ၊ ဗုဒ္ဓါနုဿတိဘာဝနာ စသည်ဖြင့် ဘာဝနာတွေကို ပွားများနေကြရမယ်။

**ဥပုသ်သည်အမျိုးမျိုး**

ဘာဝနာ တစ်မျိုးမျိုးပွားပြီး ဥပုသ်စောင့်ခြင်းသည် ဥပုသ်အမျိုးမျိုးရှိ

သည့်အနက် အရိယာပုဂ္ဂိုလ်များနဲ့တူတဲ့ ဥပုသ်မျိုးဖြစ်လို့ "အရိယာဥပုသ်" လို့ခေါ်တယ်၊ "ဗြဟ္မဥပုသ်"လို့လဲ ခေါ်ပါတယ်။

ဘာဝနာပွားကာ၊ စောင့်သုံးပါ၊ အရိယာဥပုသ်သည်။

ဥပုသ်သည်ကလဲ အမျိုးမျိုးရှိသေးတယ်၊ ယခုလို သီလခံယူပြီး ဘာဝနာပွားနေကြတဲ့ ဥပုသ်သည်တွေကိုတော့ အရိယာဥပုသ်သည်–လို့ ခေါ်တယ်။ နောက်ပြီး မလျော်တဲ့ ဥပုသ်သည်တွေလဲ ရှိသေးတယ်။

လူမှုရေးရာ၊ ကြံစည်ပါ၊ ဂေါပါဥပုသ်သည်။

ဒီဥပုသ်သည်က ဂေါပါလဥပုသ်သည်–တဲ့။ သူကတော့ စောစောကလို သီလယူပြီး ဘာဝနာမပွားဘူး။ ဂေါပါလ–ဆိုတာ နွားကျောင်းသားကိုပြောတာ၊ နွားကျောင်းသားတွေဟာ မိမိတို့ရဲ့ နွားတွေကို ယနေ့ ဘယ်နေရာမှာ အစာကျွေးမယ်၊ ဘယ်နေရာမှာ ရေတိုက်မယ်၊ နက်ဖန်ကျတော့ ဘယ်နေရာမှာ အစာကျွေးမယ်၊ ရေတိုက်မယ်–စသည်ဖြင့် ကြံစည်ပြီး နေလေ့ရှိတယ်–တဲ့။

ဂေါပါလဥပုသ်သည်ဆိုတာလဲ ယခုပြောတဲ့ နွားကျောင်းသားလိုပဲ၊ ဥပုသ်သီလတွေယူပြီးနောက် ဘာဝနာမပွားဘူး၊ မိမိတို့ရဲ့ စီးပွားရေး, စားရေး,နေရေး,လုပ်ငန်းကိုင်ငန်း စသည်ဖြင့် လူမှုရေးတွေကိုပဲ ကြံစည်နေတယ်။ ဘယ်နေ့ ဘယ်နေရာမှာ ဘာစီးပွားရှာရမလဲ၊ ဘယ်နေရာမှာတော့ ဈေးရောင်းကောင်းတယ်၊ စသည်ဖြင့်ပေါ့လေ– ကြံစည်ပြီးတော့ပဲ နေနေတယ်။ ဒီလို ဥပုသ်သည်မျိုးကိုတော့ နွားကျောင်းသားနဲ့တူလို့ ဂေါပါလ ဥပုသ်သည်လို့ ခေါ်တယ်–တဲ့။ နောက်တစ်မျိုးက–

တရားမဖက်၊ စကားမြွက်၊ ဇရက်(ဆက်ရက်)ဥပုသ်သည်။

ဆက်ရက်ဥပုသ်သည်–တဲ့။ ဆက်ရက်တွေကို ကြည့်လိုက်ရင် တိတ်ဆိတ်တယ်လို့ မရှိဘူး၊ အမြဲတမ်း ဆူညံနေကြတာပဲ။ ဥပုသ်သည်တွေဟာ သီလခံယူဆောက်တည်ပြီးတော့ တရားမဖက်ဘူး၊ ဘာဝနာပွားပြီး မနေဘူး၊ ဥပုသ်စောင့်တယ်ဆိုပြီး စကားပဲများနေကြတယ်။ အခုမှ မိတ်ဆွေတွေနဲ့ လာဆုံမိကြတာကိုး နော်၊ ရွာထဲရပ်ထဲမှာ နေနေကြတော့ အခုလို တစ်စုတစ်ဝေးတည်း စုမိကြဖို့ မလွယ်ဘူး၊ အခုတော့ ကျောင်းမှာ ဥပုသ်စောင့်ရင်း စုဝေးမိကြတော့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြ

ဆိုကြပေါ့။ ဒီလိုမျိုး မဖြစ်စေရဘူး၊ အဲဒီလို ဘာဝနာမပွားဘဲ စကားပဲ များနေကြမယ်ဆိုရင် ဆက်ရက်ဥပုသ်သည်–တဲ့။

တရားမပူး၊ အစားကြူး၊ ဘီလူးဥပုသ်သည်။

နောက်တစ်မျိုးက၊ ဘီလူးဥပုသ်သည်–တဲ့။ သီလဆောက်တည်ပြီး ဘာဝနာကိုတော့ ကိုယ့်သန္တာန်မှာ မပူးကပ်ထားဘူး–တဲ့။ စားကြ, သောက်ကြ, ပေါ့ပေါ့တန်တန်နေကြ။ အဲဒီလိုနေတဲ့ ဥပုသ်သည်ကိုတော့ ဘီလူးဥပုသ်သည်လို့ ခေါ်တယ်။

တရားမပွား၊ အအိဂ်များ၊ နဂါးဥပုသ်သည်။

နောက်တစ်မျိုးက၊ နဂါးဥပုသ်သည်–တဲ့။ တရားတွေ ဘာဝနာတွေ မပွားကြဘဲ သီလယူပြီး စားသောက်၊ ပြီးတော့ အိပ်တော့တာပဲ၊ တစ်နေကုန်အိပ်၊ အချိန်တန်တော့ အိမ်ပြန်။ အဲဒီ ဥပုသ်သည်မျိုးကိုတော့ နဂါးဥပုသ်သည်–တဲ့။

စကားများတဲ့ ဥပုသ်သည်နဲ့စာရင်တော့ တော်တယ်ပြောရမှာပဲ၊ သူက အိပ်နေတော့ တိတ်ဆိတ်ပြီးတော့ နေတယ်၊ စကားများနေတာနဲ့ စာရင် တော်တာပေါ့။ တော်တယ်ဆိုတော့ ကောင်းတယ်မှတ်နေအုံးမယ်၊ တရားဘာဝနာမှ မပွားဘဲ၊ အိပ်နေတာ ဘယ်ကောင်းပါ့မလဲ။ အေး– သတိပြုကြပေါ့ နော်။

ဥပုသ်သည်ကတော့ အမျိုးမျိုးပဲ နော်၊ ကောင်းတဲ့ ဥပုသ်သည်ဖြစ်အောင် ကျိုးစားကြရမယ်ပေါ့။

သီလဆောက်တည်ပြီး စားသောက်ပြီး အိပ်မနေကြနဲ့၊ စကားလဲ မများကြနဲ့၊ ဘာဝနာပွားပြီး နေကြရမယ်၊ ဒါမှ ကောင်းတဲ့ အရိယာဥပုသ်သည်စာရင်းဝင်ပြီးတော့ ဥပုသ်စောင့်တဲ့ အကျိုးကျေးဇူးတွေကို ခံစားကြရမယ်။

ဥပုသ်စောင့်တယ်ဆိုတာ အခွင့်အခါသင့်ဖို့ လွယ်တာမဟုတ်ပါဘူး၊ စောစောကပြောခဲ့သလို အားလပ်လို့, အလုပ်မရှိလို့ လာပြီးဥပုသ်စောင့်ကြတာ မဟုတ်ပါဘူး၊ မအားလပ်တဲ့ကြားထဲက၊ အာရုံကာမဂုဏ်တွေကို စွန့်ပြီးတော့မှ ဥပုသ်လာစောင့်ရတာ။ ဒါကြောင့် အကျိုးရှိအောင်၊

အရိယာဥပုသ်သည့်မျိုးဖြစ်အောင် ကြိုးစားပြီး စောင့်ထိန်းကြရမယ်၊ သီလ ယူပြီး ဘာဝနာပွားနေရမယ်။

**တရားထိုင်နည်း**

ဘာဝနာပွားတော့ ဘယ်လိုလုပ် ပွားကြမလဲ၊ ထိုင်ပုံ ထိုင်နည်း, အားထုတ်ပုံ အားထုတ်နည်းကို ဗုဒ္ဓမြတ်စွာက မိန့်ထားတယ်။

တင်ပလ္လင်ခွေကာ၊ ထိုင်နေပါ၊ ခါးကိုဖြောင့်ဖြောင့်ထား။

အမျိုးသားတွေဆိုရင်လဲ တင်ပလ္လင်ခွေထိုင်၊ ခါးလေးကို ဖြောင့်ဖြောင့်ထား။ အမျိုးသမီးများဆိုရင်လဲ အမျိုးသမီးထိုင်ပုံအတိုင်း ထိုင်ပေါ့။ ခါးကို ဖြောင့်ဖြောင့်ထား။

မလှုပ်ကလှုပ်၊ ငြိမ်ငြိမ်နေ၊ စိတ်တွေမလွင့်ပါး။

ထိုင်ပြီးတော့ ငြိမ်ငြိမ်လေးနေရမယ်၊ စိတ်တွေ ဟိုရောက် ဒီရောက် မရောက်စေရဘူး။

မျက်စိမှိတ်ကာ၊ ခေါင်းတည့်ကာ၊ ဝမ်းမှာစိတ်ကိုထား။

မျက်စိကို မှိတ်ထားရမယ်၊ ခေါင်းလေးကိုလဲ မတ်မတ်လေး ထားရမယ်။ စိတ်ကိုတော့ ဝမ်းဗိုက်မှာ ထားထားရမယ်၊ စိတ်ကို ဝမ်းဗိုက် မှာထားပြီးတော့ _

ဖောင်းတာ ပိန်တာ၊ စိတ်စိုက်ကာ၊ ရှုပါယောဂီများ။

ဝမ်းဗိုက်ရဲ့ ဖောင်းမှုပိန်မှုသဘောလေးတွေကို မှတ်ရမယ်။ အသက် ရှူပြီး ပြန်ထုတ်လိုက်တဲ့အခါ ဝမ်းဗိုက်က ပိန်သွားမယ်၊ ရှူသွင်းတဲ့အခါ ဖောင်းလာမယ်၊ ဝါယောရုပ်တွေပေါ့။ အဲဒီ ဝါယောရုပ်တွေကို ဝမ်းဗိုက်မှာ စိတ်ကလေးကို စိုက်ပြီးတော့(ဖောင်းတယ်–ပိန်တယ်)လို့သတိလေးကပ်ပြီး မှတ်ရတယ်။

ဒါမှမဟုတ် အာနာပါနသတိကမ္မဋ္ဌာန်းအားထုတ်ရင်လဲ (ဝင် တယ်–ထွက်တယ်)၊ ဝင်ထွက်နေတဲ့လေ ပေါ့။ အဲဒါကို သတိလေးကပ် ပြီး လိုက်မှတ်နေရတယ်၊ ဒါ အခြေခံပါပဲ။ ဘာဝနာပွားပုံ အခြေခံလေး ထိုင်ပုံထိုင်နည်းလေးပါ။ အဲဒီလို ကမ္မဋ္ဌာန်းထိုင်ပြီး ရှုမှတ်နေတာကို

ဘာဝနာပွားတယ်ခေါ်ပါတယ်။ သီလဆောက်တည်ပြီးရင် ယခုပြောခဲ့တဲ့ အတိုင်း ဆိတ်ငြိမ်မယ့် အရပ်လေး, နေရာလေးကို ရွေးပြီး ဘာဝနာပွားနေကြရပါတယ်၊ ဒါမှသာ အရိယာဉပုသ်သည်စာရင်းဝင်မယ်၊ ဉပုသ်စောင့်ရကျိုးနပ်မယ်။ အဲဒီလို ဘာဝနာပွားနေမှ ကံသုံးပါးလုံးကို စောင့်ထိန်းရာရောက်တယ်၊ ကံသုံးပါးလုံး လုံခြုံနိုင်ပါတယ်။

## ဉပုသ်စောင့်ရ ကျိုးဖလ

ခုနက ဧကူပေါသထဘိက္ခုနီမလောင်းဖြစ်တဲ့ အမျိုးသမီးလေးဟာ အရိယာဉပုသ်မျိုးကို တစ်ကြိမ်သာ စောင့်သုံးခဲ့တယ်၊ သူများတွေ စောင့်ကြတာ မြင်တွေ့, အားကျပြီးတော့ လိုက်စောင့်တာဖြစ်ပါတယ်၊ အဲဒီ တစ်ကြိမ်ပဲ စောင့်ခဲ့ရတာပါ။ ဆင်းရဲတဲ့ အမျိုးသမီးလေးဆိုတော့ သူများလို အကြိမ်များစွာ မစောင့်သုံးနိုင်ဘူး၊ အတိတ်ကံက မကောင်းခဲ့လို့ ဆင်းရဲရာတယ်။ ဉပုသ်တစ်ကြိမ်သာစောင့်ခွင့်ရပေမယ့် စောင့်တဲ့အခါမှာ ကျကျနန အကျိုးရှိအောင်, အရိယာဉပုသ်မျိုးဖြစ်အောင် စောင့်သုံးခဲ့ပါတယ်။ အဲဒီလို တစ်ကြိမ်သာ စောင့်သုံးခဲ့ရတဲ့အတွက်ကြောင့် ဘာအကျိုးတွေ ရရှိသွားသလဲဆိုတော့–

သုဝဏ္ဏဝဏ္ဏာ ဟုတွာန ၊ ဘဝေသု သံသရာမဟံ။

သဗ္ဗတ္ထ ပဝရာ ဟောမိ ၊ ဉပေါသထဿိဒံ ဖလံ။

အဟံ–ငါသည်၊ ဘဝေသု–ဘဝကြီးငယ်တို့၌၊ သုဝဏ္ဏဝဏ္ဏာ–ရွှေအဆင်းနှင့်တူသော အဆင်းရှိသည်၊ ဟုတွာန–ဖြစ်ရ၍၊ သံသရာမိ–ကျင်လည်ခဲ့ရပေ၏၊ သဗ္ဗတ္ထ–အလုံးစုံ ဖြစ်လေရာ ဘဝတို့၌၊ ပဝရာ–သူ့ထက်ထူးချွန် ကဲလွန်မွန်မြတ်သည်၊ ဟောမိ–ဖြစ်ရပေ၏၊ ဣဒံ–ဤသို့ ဖြစ်ရခြင်းသည်၊ ဉပေါသထဿ–ဉပုသ်စောင့်သုံးရခြင်း၏၊ ဖလံ–အကျိုးပေတည်း . . .။

ဉပုသ်တစ်ကြိမ်သာ စောင့်သုံးခဲ့ရတဲ့ ကုသိုလ်အဖို့ကြောင့်၊ ဖြစ်လေရာရာ ဘဝကြီးငယ်တွေမှာ ရွှေအဆင်းနဲ့တူတဲ့ အဆင်းပိုင်ရှင်လေး ဖြစ်ခဲ့ရတယ်။ ကိုယ်အဆင်းလေးက ရွှေအဆင်းလို ဝါဝင်းပြီးတော့ နေတယ်။ ဖြစ်လေရာ ဘဝတိုင်းမှာ သူများထက် ထူးချွန်တဲ့သူ၊ သူများထက် မြင့်မြတ်တဲ့သူပဲ ဖြစ်ခဲ့ရတယ်။

ဒါလဲ အရေးကြီးတယ် နော်။ လူ့ဘဝတော့ ရပါတယ်၊ အောက်တန်းကျတဲ့ဘဝမျိုး ဖြစ်နေပြန်ရင်လဲ ယုတ်ညံ့တယ်၊ အောက်ကျ နောက်ကျ နိုင်တယ်၊ လူ့ဘဝအခြေအနေက အထက်တန်းကျကျ နေနိုင်မှ စိတ်ဓာတ်တွေကလဲ အထက်တန်းကျတယ်။ အထက်တန်းကျတဲ့ စိတ်ထားရှိသူဖြစ်မှ အထက်တန်းကျတဲ့ အလုပ်အကိုင်တွေကို လုပ်ကိုင်၊ အထက်တန်းကျတဲ့ အပြောတွေကို ပြော၊ အထက်တန်းကျတဲ့ အကြံတွေကို ကြံပေ့ါ။ ဒီလို အထက်တန်းကျကျ ပြောဆို,လုပ်ကိုင်မှသာလျှင် အကျိုးပေးတဲ့အခါ အထက်တန်းကျတဲ့အကျိုးတွေကို ပေးတတ်ပါတယ်။

ဒါကြောင့် အထက်တန်းကျကျဘဝကို ရရှိဖို့ အင်မတန်လိုအပ်ပါတယ်။ မြင့်မြတ်တဲ့ အကြံစည်တွေကို ကြံစည်ပြီး မြင့်မြတ်တဲ့ ကောင်းမှုတွေကို ပြုလုပ်နိုင်မယ်၊ အဲဒီလို အထက်တန်းကျကျ နေထိုင်ရတာ ဘာကြောင့်လဲ၊ ဥပုသ်သီလစောင့်သုံးခဲ့ရလို့ပဲ။ အမျိုးသမီးလေးဟာ တစ်ကြိမ်သာ ဥပုသ်စောင့်ခဲ့ရုံနဲ့ ယခုပြောခဲ့တဲ့ အကျိုးတွေကို ရရှိသွားခဲ့တယ်။

–ဒါတင်မကသေးပါဘူး–

ကေနဝုတိတော ကပ္ပေ ၊ ယံ ကမ္မမကရိံ တဒါ။

ဒုဂ္ဂတိံ နာဘိဇာနာမိ ၊ ဥပေါသထဿိဒံ ဖလံ။

ဣတော–ဤကမ္ဘာမှ၊ ကေနဝုတိတော ကပ္ပေ–ကိုးဆယ့်တစ်ကမ္ဘာထက်၌၊ တဒါ–ထို ဝိပဿီဘုရားရှင်လက်ထက်တော်အခါ၌၊ ယံ ကမ္မံ–အကြင် ဥပုသ်စောင့်သုံးခြင်း ကောင်းမှုကို၊ အကရိံ–ပြုခဲ့ပြီ၊ တေန–ထိုကောင်းမှုကြောင့်၊ ဒုဂ္ဂတိံ–အပါယ်လေးပါး လားရခြင်းကို၊ နာဘိဇာနာမိ–မသိရပေ။

ဣဒံ–ဤ ကိုးဆယ့်တစ်ကမ္ဘာပတ်လုံး အပါယ်လေးပါး မလားရခြင်းသည်၊ ဥပေါသထဿ–ဥပုသ်စောင့်သုံးခြင်း၏၊ ဖလံ–အကျိုးကျေးဇူးပေတည်း . . .။

တစ်ကြိမ်သာ စောင့်သုံးရတဲ့ ဥပုသ်သီလရဲ့ အကျိုးတွေ။ အပါယ်လေးပါးကို လုံးဝ မကျရောက်တော့ဘူး–တဲ့။ ကိုးဆယ့်တစ်ကမ္ဘာကာလပတ်လုံး အပါယ်လေးပါးက လွတ်မြောက်ခဲ့တယ်။ ကျေးဇူးများလှတယ် နော်။ တစ်ကြိမ်ပဲ စောင့်သုံးရုံနဲ့ ယခုကဲ့သို့ ဖြစ်လေရာ ဘဝတိုင်းမှာ

အတက်တန်းကျကျ ဘဝမျိုးကိုသာ ရရှိတယ်၊ ရွှေအဆင်းကဲ့သို့ လှပတင့် တယ်တယ်၊ အပါယ်လေးပါး လုံးဝမကျရောက်ရတော့ဘူး။ ဒါတွေဟာ ဥပုသ်သီလစောင့်ထိန်းတဲ့ အကျိုးကျေးဇူးဘွေပဲဖြစ်ပါတယ်။

အဲဒီ အမျိုးသမီးလေးဟာ ကိုးဆယ့်တစ်ကမ္ဘာတိုင်တိုင် အပါယ် လေးပါးကလွတ်ပြီး လူ့ဘဝ,နတ်ဘဝ စသည်ဖြင့် သုဂတိဘဝတွေမှာ အထက်တန်းကျကျ ရရှိနေထိုင်ခဲ့ပြီးတဲ့နောက်၊ နောက်ဆုံးဘဝဖြစ်တဲ့ ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရားလက်ထက်မှာ လူ့ဘဝကို ရရှိခဲ့တယ်။

လူ့ဘဝကို ရလို့ ၇–နှစ်သမီးလေးဘဝထဲက ရဟန်းပြုပြီး ရဟန်း တရားတွေကို အားထုတ်လိုက်တာ အာသဝေါကင်းကွာ ရဟန္တာထေရီမ အဖြစ်သို့ရောက်ရှိခဲ့ပါတယ်၊ သူ့ရဲ့အမည်က "ကေူပေါသထဘိက္ခုနီရဟန္တာ ထေရီ"တဲ့။

ရဟန္တာထေရီမကြီးဖြစ်ပြီးတဲ့နောက်၊ သူ့ရဲ့ ဘဝဖြစ်စဉ်ကို ယခုလို ရဟန္တာထေရီမ ဖြစ်ရတဲ့အထိရောက်အောင် ပို့ပေးလိုက်တဲ့ တစ်ကြိမ်သော ဥပုသ်သီလရဲ့ အကျိုးတရားတွေကို နောင်လာနောက်သားများ သိရှိ နာခံ ကျင့်ကြံ နည်းယူနိုင်ကြဖို့ စောစောက ဟောကြားခဲ့တဲ့ ဂါထာပါဠိများဖြင့် ဥဒါန်းကျူးတော်မူခြင်း ဖြစ်ပါတယ်။

ယနေ့ ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမအပေါင်းသူတော် ကောင်းတွေလဲပဲ ယခုပြောခဲ့တဲ့ ကေူပေါသထဘိက္ခုနီမလေးရဲ့ သာဓကကို ကြည့်ပြီးတော့–

သီလတွေ ဆောက်တည်ပြီးတဲ့နောက်မှာ ဘာဝနာတွေ ပွားကြ ရမယ်၊ အရိယာဥပုသ်သီလကို စောင့်သုံးလို့ရှိရင် မိမိတို့လဲပဲ ကေူပေါသထ ဘိက္ခုနီမလေးကဲ့သို့ လောကီ,လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်း သာတွေကို ရရှိလိမ့်မယ်။ ဧကန်မုချ ရရှိမယ်–ဆိုတဲ့ ယုံကြည်ချက်တွေ, သဒ္ဓါတရားတွေ ရှေ့သွားပြုပြီးတော့ ဥပုသ်သီလတွေကို ကြိုးစားပြီး စောင့် သုံးနိုင်ကြပါစေ–လို့ ဆန္ဒပြုပါတယ်။

**ဝါဆိုသင်္ကန်း ကပ်လှူရကျိုးများ**

နောက်တစ်ခါ၊ ယနေ့ယခု ဝါဆိုလပြည့်နေ့မှာ "ဝဿဝါသိက"

ခေါ်တဲ့ ဝါဆိုသင်္ကန်းတွေကို ကပ်လှူကြတယ်၊ အဲဒီ ဝါဆိုသင်္ကန်း ကပ်လှူတဲ့ ကောင်းမှုမျိုးသည် မည်သည့်ကောင်းမှုမျိုး၌ ပါဝင်သလဲဆိုတော့–

တိသရဏာ၊ ငါးသီလ၊ မဲချစာရေးတံ။

ဆယ့်ငါးရက်ဆွမ်း၊ ဝါသင်္ကန်း၊ လှူဒါန်းသောက်ရေကန်။

ကျောင်းလှူတဝ၊ နိဗ္ဗဒ္ဓ၊ ပုညရှိသူမှန်။

သောတာလိုပဲ၊ ဂတိမြဲ၊ သူလဲ ပါယ်မပြန်။(အင်္ဂုတ္တိုရ်အဋ္ဌကထာ)

ကုသိုလ်ကောင်းမှု အစုစုထဲမှာ ဝါဆိုသင်္ကန်းကပ်လှူခြင်းဆိုတဲ့ ကုသိုလ်မျိုးသည် နိဗ္ဗဒ္ဓထာဝရကုသိုလ်ကောင်းမှုတစ်ခုပဲ–တဲ့။ သောတာပန်ပုဂ္ဂိုလ်များသည် အပါယ်လေးပါးကို မကျရောက်တော့သလို ဤဝါဆိုသင်္ကန်းလှူဒါန်းတဲ့ ပုဂ္ဂိုလ်တွေလဲပဲ အပါယ်လေးပါးတည်းဟူသော သံသရာက လွတ်မြောက်နိုင်တယ်။ ဒါ့ကြောင့် ဒီကောင်းမှုမျိုးကို "နိဗ္ဗဒ္ဓထာဝရကောင်းမှုမျိုး"လို့ ခေါ်ပါတယ်။

နိဗ္ဗဒ္ဓကောင်းမှုမျိုးဖြစ်တဲ့ ဝါဆိုသင်္ကန်းကို ကပ်လှူရင် ဘယ်လိုအကျိုးတွေကို ရနိုင်သလဲ။ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရအောင် သာဓကလေးတစ်ခု ထုတ်ပြပါဦးမယ်–

**ဓမ္မာဒေဝီမင်းသမီးအကြောင်း**

သီဟိုဠ်ကျွန်း၊ ရောဟဏတိုင်း၊ သိဝဂါမ–လို့ ခေါ်တဲ့ ရွာတစ်ရွာမှာ"ဓမ္မာ"လို့ခေါ်တဲ့ အမျိုးသမီးလေးတစ်ယောက် ရှိခဲ့ဖူးတယ်။

အဲဒီ အမျိုးသမီးလေးဟာ ဆင်းရဲတဲ့ အမျိုးသမီးလေး ဖြစ်ပါတယ်၊ သူ့အမည်က"ဓမ္မာ"တဲ့၊ ဓမ္မာဆိုတော့ တရားရှိသူပေါ့။ အဲဒီ ဓမ္မာအမည်ရှိတဲ့ ဆင်းရဲတဲ့ အမျိုးသမီးလေးတစ်ယောက်ဟာ ဓမ္မိယလဒ္ဓ–တရားသဖြင့်ရှာဖွေလို့ရတဲ့ပစ္စည်းဖြင့် ပိတ်ဖြင့်ပုဆိုးတစ်ထည်ကို သံဃာတော်အရှင်မြတ်တို့အား ဝါဆိုသင်္ကန်းအမှတ်နဲ့ လှူဒါန်းလိုက်ပါတယ်။

ယခုခေတ် သင်္ကန်းတွေလို ချုပ်ဆိုးပြီး မဟုတ်ဘူး၊ မချုပ်မဆိုးရသေးတဲ့ ပုဆိုးကြမ်းလေးပေါ့၊ အဲဒီ အဝတ်ကလေးကို သံဃာတော်အရှင်မြတ်တို့အား ဝါဆိုသင်္ကန်းအမှတ်နဲ့ လှူဒါန်းပူဇော်လိုက်ပါတယ်။

အဲဒီ ကျောင်းတိုက်ထဲမှာက သံဃာတော်ပေါင်း ငါးရာတောင် ရှိတယ်–တဲ့။ သင်္ကန်းက တစ်ထည်တည်း၊ အဲဒီတော့ ဘယ်လိုလုပ်ပြီး ဝေလို့ရမလဲ။

## သံဃထေရ်ကြီးစီမံပုံ

အဲဒီလို ဖြစ်နေတော့ သံဃာတော်ငါးရာထဲက သံဃထေရ်ကြီး ဖြစ်တဲ့ပုဂ္ဂိုလ်က ဘာလုပ်သလဲဆိုတော့၊ လှူဒါန်းတဲ့ပုဂ္ဂိုလ် ကောင်းကျိုးချမ်းသာတွေ ရရှိပါစေခြင်းအကျိုးငှာ အဝတ်လေးကို ဖွပ်လျှော်ပြီးတော့ ချုပ်တယ်၊ ချုပ်ပြီးတော့ ဆေးဆိုးပေ့ါ၊ ဒါနဲ့ သင်္ကန်းဖြစ်သွားရော။

သင်္ကန်းဖြစ်အောင် စီမံပြီးတော့ အဲဒီသင်္ကန်းကို သိက္ခာဝါအကြီးဆုံးဖြစ်တဲ့ မထေရ်ကြီးက စပြီးတော့ အလှည့်နဲ့ ဝတ်ရုံကြတယ်။ လှူဒါန်းတဲ့သူ အကျိုးများအောင်ဆိုပြီးတော့ တစ်လှည့်စီ ဝတ်ရုံကြပါတယ်၊ ဝါတွင်းသုံးလပေ့ါ။

## ရဟန္တာတွေ ဖြစ်ကုန်

အဲဒီလို အစဉ်အတိုင်း တစ်လှည့်စီဝတ်ရုံပြီး ရဟန်းတရားတွေကို အားထုတ်ကြတာ၊ တချို့မထေရ်တွေကျတော့ ခြေလှမ်း ၇–လှမ်းအတွင်း မှာပဲ ဒီသင်္ကန်းကို ဝတ်ရုံပြီး ဝိပဿနာဘာဝနာရှုလိုက်တာ ရဟန္တာ အဖြစ်သို့ ရောက်သွားကြတယ်။

တချို့မထေရ်တွေကျတော့ တစ်နေ့တာကာလအတွင်း ဒီသင်္ကန်းကို ဝတ်ပြီးတော့ ဝိပဿနာဘာဝနာတရားတွေ ပွားများလိုက်တာ ရဟန္တာ ဖြစ်သွားကြတယ်။ အဲဒီလို တစ်ပါးပြီး တစ်ပါး၊ ဓမ္မာအမည်ရှိတဲ့ အမျိုးသမီးလေးလှူဒါန်းတဲ့ သင်္ကန်းကို ဝတ်ရုံပြီး တရားအားထုတ်လိုက်ကြတာ သီတင်းလဲကျွတ်ရော ကျောင်းတိုက်အတွင်းမှာရှိတဲ့ ဝါဆိုသံဃာငါးရာလုံး အာသဝေါကုန်ခမ်း ရဟန္တာတွေ ဖြစ်ကုန်ကြတယ်။

## မွန်မြတ်တဲ့ အလှူ

ယနေ့လဲ ဝါဆိုသင်္ကန်းတွေကို စေတနာသုံးတန် ပြဋ္ဌာန်းပြီးတော့ ဤကျောင်းတိုက်မှာ ဝါကပ်တော်မူကြတဲ့ သံဃာတော်အရှင်မြတ်တွေ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပရိယတ္တိအကျင့် ပဋိပတ္တိအကျင့်

တွေကို ကျင့်ကြံကျိုးကုတ် အားထုတ်နိုင်ရန် ဝါဆိုသင်္ကန်းအဖြစ်ဖြင့် လှူဒါန်းကြပါတယ်။

ဒီ သင်္ကန်းတွေကို သံဃာတော်အရှင်မြတ်တွေ ဝတ်ရုံပြီးတော့ ပရိယတ်,ပဋိပတ်အကျင့်တွေကို အားထုတ်ကြမယ်။ ဆွမ်းခံသွားမယ်၊ ဘုရားဝတ်တက်မယ်– စသည်ဖြင့် မိမိတို့ စေတနာသုံးတန်ပြဋ္ဌာန်းပြီး လှူဒါန်းထားတဲ့ သင်္ကန်းလေးတွေကို အသုံးပြုကြမယ်။ ဘယ်လောက် မွန်မြတ်လဲ နော်၊ အလှူရှင်များဟာ နေ့တိုင်းနေ့တိုင်း ကုသိုလ်တွေ ရနေတယ်။ ဒီ သင်္ကန်းကို ဝတ်တိုင်းဝတ်တိုင်း၊ ရုံတိုင်းရုံတိုင်းတွေမှာ ကုသိုလ်တွေ ရနေတာပဲ။ ဒါ့ကြောင့် ဒီ ကောင်းမှုမျိုးကို နိဗ္ဗဒ္ဓကောင်းမှုမျိုးလို့ သတ်မှတ်ထားတာဖြစ်တယ်၊ အမြဲကုသိုလ်ရတဲ့ ကောင်းမှုမျိုးဖြစ်တယ်၊ ဝမ်းသာပီတိဖြစ်ဖို့ သိပ်ကောင်းလှတယ် နော်။

## တံခွန်ပြုလုပ်၍

ရဟန်းတော်ငါးရာဟာ ဒီ သင်္ကန်းကိုဝတ်ပြီး တရားအားထုတ်လိုက်ကြတာ အားလုံးရဟန္တာတွေဖြစ်ကုန်ကြတယ်ဆိုတော့ ဒီအဝတ်သင်္ကန်းရဲ့ ကျေးဇူးဟာ အင်မတန်ကြီးမားနေတယ်၊ ဒါကြောင့် ဒီသင်္ကန်းကို မထေရ်ကြီးက ဘာလုပ်လဲဆိုတော့–

"အရဟတ္တဓဇကာသာဝ"ဆိုတဲ့ အမည်နဲ့ တံခွန်လေးလုပ်ပြီး ဘုရားရှေ့မှာ လှူဒါန်းထားလိုက်တယ်–တဲ့။ သံဃာအားလုံး စိတ်တူ သဘောတူ ဆန္ဒတူပေါ့။

## သဒ္ဓါတိဿမင်းကြီးတွေ့မြင်

သီတင်းကျွတ်လပြည့်မဟာပဝါရဏာနေ့ကျတော့ သီဟိုဠ်ကျွန်းက သဒ္ဓါတိဿအမည်ရှိတဲ့ မင်းကြီးဟာ ကျောင်းတိုက်အတွင်းမှာ သီတင်းသုံးနေထိုင်တော်မူကြတဲ့ သံဃာတော်အရှင်မြတ်တွေကို သင်္ကန်း,ဆွမ်း,ဆီမီး စသည်တွေ လာရောက်လှူဒါန်းပါတယ်၊ အဲဒီလို လှူဒါန်းနေတဲ့အချိန်မှာ စောစောက "အရဟတ္တဓဇကာသာဝ"ဆိုတဲ့ အမည်နဲ့ လှူဒါန်းထားတဲ့ တံခွန်လေးကို သွားတွေ့ပါတယ်။

မင်းကြီးက အကြီးဆုံးသံဃထေရ်ကို မေးမြန်းလျှောက်ထားကြည့်တယ်၊ သံဃမထေရ်ကြီးကလဲ အကြောင်းစုံကို ပြောပြတော်မူလိုက်တယ်။

## သမီးတော်အရာထား

ဒါနဲ့ မင်းကြီးက ဝမ်းမြောက်လွန်းလို့ အလှူရှင်ဖြစ်တဲ့ ပုဂ္ဂိုလ်ကို မေးမြန်းတယ်၊ အလှူရှင်အမျိုးသမီးလေးဟာ အစောင့်အရှောက်မရှိမှန်းသိရ တော့ မင်းကြီးက ကြည်ညိုသဒ္ဓါပွားပြီးတော့"ဓမ္မာဒေဝီ"အမည်နဲ့ သမီး တော်အရာမှာထားပြီး ချီးမြှောက်လိုက်ပါတယ်။ မင်းရဲ့ သမီးတော်လေး ဖြစ်သွားခဲ့ပါတယ်။

## မင်းသမီးဖြစ်ပြီးနောက်

ဆင်းရဲတဲ့ အမျိုးသမီး⁻ြပ်ကနေ မျက်မှောက်ဘဝမှာပဲ ရှင်ဘုရင် ရဲ့ သမီးတော်လေးတစ်ပ . ဖြစ်သွားရတယ်။ ဒါ ဝါဆိုသင်္ကန်း တစ်ထည် လှူဒါန်းရတဲ့ ကောင်းမှုကြောင့်ပဲ၊ ပစ္စက္ခဘဝမှာပဲ အကျိုးပေးတာပဲ၊ အကျိုး ပေး သိပ်ကြီးမားလှတယ် နော်။

မင်းကြီးကလဲ ဓမ္မာဒေဝီမင်းသမီးလေးကို ကောင်းမှုတွေပြုခွင့် ပေးထားတယ်–တဲ့။ နဂိုထဲက ကောင်းမှုကုသိုလ်မှာ မွေ့လျော်ပျော်ပိုက်တဲ့ ပုဂ္ဂိုလ်ဆိုတော့ နန်းတွင်းသူ နန်းတွင်းသားတွေနဲ့ ပြည်သူပြည်သားတွေကို သူ့ရဲ့ အဆုံးအမတရားတွေအပေါ်မှာတည်စေပြီးတော့ ဒါန,သီလ,ဘာဝနာ ကောင်းမှုတွေကို ပြုလုပ်စေတယ်–တဲ့။ တိုက်တွန်းနှိုးဆော်တယ်။ သူ့ရဲ့ တိုက်တွန်းနှိုးဆော်မှုကြောင့် တိုင်းသူပြည်သားအားလုံး သူတော်ကောင်း တရားတွေ တည်ကုန်ကြတယ်။ သေလွန်ကြတဲ့အခါ အားလုံး သုဂတိဘဝ တွေကို ရောက်ကုန်ကြတယ်။ ဝါဆိုသင်္ကန်းတစ်ထည်ကို လှူဒါန်းရတဲ့ ကောင်းမှု နော်။ အကျိုးပေးကြီးမားလှတယ်။

အလှူခံတဲ့ သံဃာတော်တွေလဲ အာသဝေါကင်းကွာ ရဟန္တာဖြစ် ကြရတယ်၊ အလှူရှင်တွေလဲ သုဂတိချမ်းသာတွေ ရရှိသွားကြတယ်၊ လော ကီ,လောကုတ္တရာ နှစ်ဖြာသောကောင်းကျိုးတွေကို ရရှိသွားကြတယ်။

## အဝတ်သင်္ကန်းအမြတ်ဆုံး တဲ့

ဒါ့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားက အဝတ်သင်္ကန်းသည် အမြတ်ဆုံး ပဲ–တဲ့။ ဒီ သင်္ကန်းမျိုးသည် ဘယ်အဝတ်နဲ့မှ မတူဘူး။ မြင့်မြတ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ –

အဗ္ဘတီတာ စ ယေ ဗုဒ္ဓါ ၊ ဝတ္တမာနာ အနာဂတာ။

ဓမ္မနော’နေန သုဇ္ဈန္တိ ၊ တသ္မာ ဧတေ နမဿိယာ။(ထေရာပဒါန်)

အဗ္ဘတီတာ–လွန်လေပြီးကုန်သော၊ ယေ ဗုဒ္ဓါ စ–အကြင် အတိက်ဘုရားရှင်တို့သည်လည်းကောင်း၊ ဝတ္တမာနာ စ–ပွင့်ဆဲဖြစ်သော ပစ္စုပ္ပန်ဘုရားရှင်တို့သည်လည်းကောင်း၊ အနာဂတာ စ–ပွင့်လတ္တံ့ဖြစ်သော အနာဂတ်ဘုရားရှင်တို့သည်လည်းကောင်း၊ (သန္တိ–ရှိကုန်၏)။

တေ–ထိုဘုရားရှင်တို့သည်၊ အနေန ဓမ္မေန–ဤ သက်န်းဟူသော တံခွန်အောင်လံဖြင့်၊ သုဇ္ဈန္တိ–ကိလေသာ အညစ်ကြေးမှ သန့်ရှင်းစင် ကြယ်ကြကုန်၏၊ တသ္မာ–ထို့ကြောင့်၊ ဧတေ–ဤ ဖန်ရည်စွန်းသော သက်န်းတို့ကို၊ နမဿိယာ–အမြတ်တနိုး ယုံကြည်အားကိုး၍ ရှိခိုးထိုက် ပါပေကုန်သတည်း . . .။

ဒီ အဝတ်ကလေးကို ဝတ်ပြီးတော့၊ ပွင့်ဆဲ,ပွင့်ပြီး,ပွင့်လတ္တံ့ ဖြစ်ကြတဲ့ ဘုရားရှင်တွေ၊ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ရရှိကြတဲ့ ပစ္စေကဗုဒ္ဓါတွေ၊ အဂ္ဂသာဝက,မဟာသာဝက စတဲ့ ရဟန္တာအရှင်မြတ် ကြီးတွေ၊ ဒီ အဝတ်သက်န်းကို ဝတ်ရုံပြီးတော့ အရဟတ္တမဂ်,အရဟတ္တဖိုလ် တွေကို ရရှိသွားကြတယ်၊ ဒီ အဝတ်သက်န်းကို ဝတ်ပြီးတော့ ကိလေသာ အညစ်အကြေးတွေ စင်ကြယ်ကုန်ကြတယ်။

ဒီ အဝတ်သက်န်းကို ဝတ်ရုံကြလို့၊ ဒီ အဝတ်သက်န်းကို အမှီပြုခဲ့ ကြလို့ ကိလေသာအညစ်အကြေးတွေမှ ကင်းဝေးကုန်ကြတာဖြစ်တယ်၊ ဒါကြောင့် ဒီ အဝတ်သက်န်းကို“အရဟတ္တဓဇ–အရဟတ္တမဂ် အရဟတ္တ ဖိုလ်တို့ရဲ့ အောင်လံတံခွန်”လို့ တင်စားပြီး မိန့်တော်မူတယ်၊ မြင့်မြတ်တဲ့ အဝတ်သက်န်းဖြစ်ကြောင်း ချီးမွမ်းတော်မူတယ်။

ဒါကြောင့်မို့ ဒီ ဖန်ရည်စွန်းတဲ့ သက်န်းတွေကို ယုံကြည်မြတ်နိုး ရှိခိုးပူဇော်ထိုက်တယ်–တဲ့။ ရှိခိုးပူဇော်ထိုက် အလေးအမြတ်ပြုထိုက်တဲ့အရာ တွေထဲမှာ ဒီအဝတ်သက်န်းလဲ ပါဝင်တယ်၊ မွန်မြတ်တဲ့ အဝတ်မျိုးပဲနော်။

**လူဝတ်ကြောင်အဝတ်နှင့် ကွာခြားပုံ**

ရဟန်းတော်တွေ ဝတ်ရုံတဲ့အတွက် ဒီအဝတ်ကို မြတ်တယ်လို့

ပြောတာဖြစ်တယ်။ လူဝတ်ကြောင်ဖြစ်တဲ့ပုဂ္ဂိုလ်တွေကို ကြည့်လိုက်အုံး။

လူဝတ်ကြောင်ဖြစ်တဲ့ပုဂ္ဂိုလ်တွေဟာ သမထ,ဝိပဿနာဘာဝနာတွေကို အားထုတ်လို့ရှိရင် နောက်ဆုံး အနာဂါမိမဂ်ဖိုလ်အထိ ဆိုက်ရောက်နိုင်တယ်၊ အဂါမ်အထိပဲ ဖြစ်နိုင်တယ်။ အနာဂါမ်ကနေ တစ်ဆင့်တက်ပြီး အားထုတ်လို့ ရဟန္တာဖြစ်ပြီဆိုရင် လူ့ဘဝနဲ့ နေလို့မရတော့ဘူး။ လူဝတ်ကြောင်က ရဟန္တာဖြစ်ရင် လူဝတ်ကြောင်ဘဝနဲ့ပဲ ပရိနိဗ္ဗာန်စံရတယ်၊ ပရိနိဗ္ဗာန်မစံဘူးဆိုရင် ရဟန်းဝတ်ရတယ်–တဲ့။ ပရိနိဗ္ဗာန်စံရင် စံ၊ မစံရင် ရဟန်းဝတ်၊ ဒီနှစ်လမ်းပဲ ရှိတယ်–တဲ့။

ဘာဖြစ်လို့လဲ? လူတွေဝတ်ထားတဲ့ အဝတ်တွေဟာ အရဟတ္တမဂ်,အရဟတ္တဖိုလ်–ဆိုတဲ့ သန့်ရှင်းမြင့်မြတ်လှတဲ့ ဝန်ကို မဆောင်နိုင်လို့–တဲ့။ သူရရှိထားတဲ့တရားက မြတ်နေတယ်၊ ဝတ်ထားတဲ့ အဝတ်က ယုတ်ညံ့နေလို့ပဲဖြစ်တယ်။ ဒါကြောင့် ရဟန်းဝတ်ကို ပြောင်းလိုက်ရတယ်၊ မပြောင်းရင်လဲ ပရိနိဗ္ဗာန်စံရတယ်–တဲ့။

အဲဒါကို ကြည့်ပေါ့၊ လူဝတ်ကြောင်တွေဝတ်တဲ့ အဝတ်နဲ့ ရဟန်းတော်တွေဝတ်တဲ့ အဝတ်ဟာ ဘယ်လောက် အဆင့်အတန်းကွာခြားနေသလဲ၊ သိပ်ကွာခြားနေတယ် နော်။

ရဟန်းတော်တွေဝတ်တဲ့ အဝတ်က သာလွန်မွန်မြတ်နေတယ်၊ အမြတ်ဆုံး အဝတ်မျိုးဖြစ်တယ်။ ဒါကြောင့် ဒီသင်္ကန်းကို "အရဟတ္တဓဇ–အရဟတ္တမဂ် အရဟတ္တဖိုလ်တို့ရဲ့အောင်လံတံခွန်ဖြစ်တယ်"လို့ မြတ်ဗုဒ္ဓမိန့်တော်မူတာဖြစ်ပါတယ်။ ဒါကြောင့်–

**ရှိခိုးပူဇော်ထိုက်**

ပန္ထေ ဒိသွာန ကာသာဝံ ၊ ဆဒ္ဒန္တံ မိဂ္ဂမက္ခိတံ။

သိရသ္မိံ အဉ္ဇလိံ ကတွာ ၊ ဝန္ဒိတဗ္ဗံ က္ကသိဒ္ဓဇံ။(ထေရာပါဒါန်)

ပန္ထေ–လမ်းခရီး၌၊ ဆဒ္ဒန္တံ–စွန့်ပစ်အပ်သော၊ မိဂ္ဂမက္ခိတံ–မစင်ညစ်ပတ် ပေလိမ်းကပ်သော၊ ကာသာဝံ(ပိ)–သင်္ကန်းကိုသော်လည်း၊ ဒိသွာန–တွေ့မြင်ရသည်ရှိသော်၊ သိရသ္မိံ–ဦးခေါင်း၌၊ အဉ္ဇလိံ ကတွာ–ဝမ်းသာရွှင်ကြည်, လက်အုပ်ချီ၍၊ က္ကသိဒ္ဓဇံ–ကိလေသာစစ်ပွဲ၌, –

လွှင့်ထုရန် နိဗ္ဗာန်ရှာသူတို့၏ တံခွန်အောင်လံဟု အလေးပြု၍၊ ဝန္ဒိတဗ္ဗ– ရှိခိုးအပ် ရှိခိုးထိုက်ပါပေသတည်း . . .။

ဒါကြောင့် ဒီအဝတ်သင်္ကန်းလေးကို တွေ့ရင် ရှိခိုးထိုက်ပူဇော်ထိုက်တယ်။ ဘာကြောင့်လဲ? အရဟတ္တမဂ် အရဟတ္တဖိုလ်ဆိုတဲ့ မြင့်မြတ်တဲ့ တရားတွေကို ရဖို့ရန် ကိလေသာစစ်ပွဲကို ဆင်နွှဲတိုက်ခိုက်ရတယ်၊ ကိလေသာစစ်ပွဲဆင်နွှဲတဲ့အခါ ဒီအဝတ်သင်္ကန်းကို ဝတ်ရုံပြီးတော့ ကိလေသာတွေကို အောင်ပွဲဆင်နိုင်သောကြောင့် ဒီအဝတ်သင်္ကန်းကို ရှိခိုးထိုက် ပူဇော်ထိုက်တယ်။

နောက်ဆုံး လမ်းကြိုလမ်းကြားထဲ စွန့်ပစ်ထားတာတွေ့ရင်တောင် မစွန့်ပစ်နဲ့၊ မကျော်သွားနဲ့၊ မနင်းသွားနဲ့–တဲ့၊ ကောက်ယူပြီးတော့ ဘယ်လိုအာရုံပြုရမလဲ? ဤအဝတ်ကလေးသည် အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ဆောင်တဲ့ပုဂ္ဂိုလ်တွေရဲ့ အလံတံခွန်ကလေးဖြစ်တယ်လို့ အာရုံပြုပြီး ဦးခေါင်းမှာထားပြီး ရှိခိုးရမယ်–တဲ့။ တစ်ထည်လုံး သန့်သန့်ရှင်းရှင်းနဲ့ ရှိနေတာကို မြင်တွေ့မှ ရှိခိုးထိုက်တာမဟုတ်ဘူး၊ နောက်ဆုံး စုတ်ပြဲပြီးတော့ စွန့်ပစ်ထားတဲ့၊ အညစ်အကြေးတွေ အလိမ်းလိမ်းပေကျံနေတဲ့သင်္ကန်းစုတ်ကလေးကိုတောင် ကောက်ယူပြီး ရှိခိုးထိုက်ပူဇော်ထိုက်တယ်–တဲ့။ ဒီလောက်အထိ ဒီအဝတ်မျိုးကို အမွှမ်းတင်ထားတယ်။

ဒါ ဘာ့ကြောင့်လဲ_? ဒီအဝတ်မျိုးဟာ သာမန်အဝတ်တွေနဲ့ မတူလို့၊ မွန်မြတ်လွန်းလို့ပဲဖြစ်တယ်။

## ဝမ်းမြောက်ဖို့ကောင်း

ဒါကြောင့် ဒီကနေ့လဲပဲ တို့ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတွေ ဝါဆိုသင်္ကန်းဆိုတဲ့ အမြတ်ဆုံးဖြစ်တဲ့ အဝတ်သင်္ကန်းကို လှူဒါန်းကြတယ်၊ အရဟတ္တဓဇ–ခေါ်တဲ့ မဂ်ဖိုလ်ရဲ့ အလံတံခွန်ဖြစ်တဲ့ ဒီအဝတ်ကို လှူဒါန်းပူဇော်ကြတယ်၊ အမြတ်ဆုံးဖြစ်တဲ့ ဒီအဝတ်သင်္ကန်းကို လှူဒါန်းရတဲ့အတွက် မိမိတို့လဲပဲ အမြတ်ဆုံးဖြစ်တဲ့ လောကီကောင်းကျိုးတွေ, လောကုတ္တရာကောင်းကျိုးတွေကို ရရှိနိုင်တယ်, ခံစားနိုင်တယ်လို့ သဘောကျထားရမယ်၊ ဝမ်းမြောက်ဝမ်းသာလဲ ဖြစ်ကြရမယ်။

ဓမ္မာဒေဝီမင်းသမီးလေးသည် တစ်ထည်သော အဝတ်သင်္ကန်းကို

လှူဒါန်းပြီးတော့ ပစ္စုပ္ပန်ဘဝမှာပင် ကောင်းကျိုးတွေကို ချက်ချင်းလက်ငင်း ရရှိခဲ့တယ်၊ တမလွန်ဘဝမှာလဲ သုဂတိဘဝတွေကို ရရှိခဲ့တယ်၊ တို့ ဒါယကာ ဒါယိကာမအပေါင်းတွေလဲပဲ ဓမ္မာဒေဝီအမည်ရှိတဲ့ မင်းသမီးလေးကဲ့သို့ ကောင်းကျိုးချမ်းသာတွေ ရရှိခံစားကြရမယ်–လို့ယုံကြည်ရမယ်။

## နိဗ္ဗာန်ကိုတောင့်တပြီးလှူ

ယခုလို ဝါဆိုသင်္ကန်းကို လှူဒါန်းတဲ့အခါ အမြတ်ဆုံးဖြစ်တဲ့၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းရတယ်၊ သီလတွေ ဆောက်တည်တာလဲပဲ နိဗ္ဗာန်ကို ရည်မှန်း၍ ဆောက်တည်ရတယ်။ –

> သိဝံ ပတ္ထေထ ဘိက္ခဝေ သိဝံ ပတ္ထေတွာန ဒါနံ ဒါတဗ္ဗံ
> သီလံ ရက္ခိတဗ္ဗံ။

ဘိက္ခဝေ–ပရိသတ်လေးပါး, ချစ်သားချစ်သမီးတို့၊ သိဝံ–ဒုက္ခခပ်သိမ်း, ချုပ်ငြိမ်းရာမှန်, မြတ်နိဗ္ဗာန်ကို၊ ပတ္ထေထ–တောင့်တကြကုန်လော၊ သိဝံ–ဒုက္ခခပ်သိမ်း, ချုပ်ငြိမ်းရာမှန်, မြတ်နိဗ္ဗာန်ကို၊ ပတ္ထေတွာန–တောင့်တ၍၊ ဒါနံ–ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်းဆိုတဲ့ ဒါနကို၊ ဒါတဗ္ဗံ–ပေးလှူအပ်၏၊ သီလံ–ငါးပါး ရှစ်ပါး, ဆယ်ပါးစသည်, ထိုဤများလှ, ကျင့်သီလကို၊ ရက္ခိတဗ္ဗံ–စောင့်သုံးအပ်၏။

ဒါကြောင့် ဒါန, သီလ, ဘာဝနာ ကောင်းမှုတွေကို ပြုလုပ်ကြတဲ့အခါ နိဗ္ဗာန်ကို ရည်မှန်းပါ၊ နိဗ္ဗာန်ကို ရည်မှန်းပြီးတော့ ပြုလုပ်တဲ့ကုသိုလ်ကောင်းမှုသည် "ဝိဝဋ္ဋနိဿိတ"ကုသိုလ်ကောင်းမှုမျိုးမည်ပါသည်၊ အဲဒီ ကောင်းမှုကုသိုလ်သည် အဂ္ဂသာဝက,မဟာသာဝက,ပကတိသာဝက ဆိုတဲ့ သာဝကပါရမီဉာဏ်ကိုလည်းကောင်း၊ ပစ္စေကဗောဓိဉာဏ်ကိုလည်းကောင်း၊ သဗ္ဗညုသမ္ဗောဓိဉာဏ်ကိုလည်းကောင်း ရရှိနိုင်ပါသည်။

သို့ဖြစ်၍ ယနေ့ယခု လှူဒါန်းပြုစုကြတဲ့ ဒါန,သီလ,ဘာဝနာကောင်းမှုကုသိုလ်ကံစေတနာတို့ကြောင့် တပည့်တော် တပည့်တော်မတို့သည် ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ရရပါလို၏–လို့ အာရုံပြုဆုတောင်းပြီး အမျှအတန်းပေးဝေကြရအောင် – –

ပန်းငွေရုံဆရာတော်

# ကထိန်အနုမောဒနာ ဒေသနာ

**စေတနာသုံးပါး**

ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတွေ ယနေ့မှာ ကထိနစီဝရဒါနတည်းဟူသော ကောင်းမှုတွေကို ပြုလုပ်ကြတယ်၊ ဒီ ဒါနကို ပြုလုပ်လှူဒါန်းဖို့ရန် ဘုန်းကြီးတို့ ဒါယကာဒါယိကာမတွေ ဘယ်အချိန်က စပြီးတော့ အားထုတ်နေကြသလဲဆိုတော့ သီတင်းဝါလ မကျွတ်ခင်ထဲကဖြစ်ပါတယ်။

ပန်းငွေရုံတောရစာသင်တိုက်အတွင်းမှာ ဒီနှစ် သီတင်းသုံး ဝါကပ်တော်မူကြတဲ့ သံဃာတော်အရှင်မြတ်တွေ ဝါကျွတ်ရင်ဖြင့် တို့တတွေတော့ ကထိနစီဝရဒါနကြီးကို ပြုရအုံးမယ်–လို့ ဝါမကျွတ်ခင်ကပင် ကြိုတင်ပြီးတော့ ပုဗ္ဗစေတနာလေးတွေ ဖြစ်နေကြပါတယ်။

အဲဒီ စေတနာလေးဟာ သံဃိကဒါနစေတနာပဲ၊ အလွန်မှ မွန်မြတ်တဲ့စေတနာ၊ အင်မတန်မှ တန်ဖိုးရှိတဲ့စေတနာ။ သံဃာတော်အရှင်မြတ်တွေအပေါ်မှာ အာရုံကျရောက်ပြီးတော့ ဖြစ်ပေါ်နေတဲ့စေတနာဖြစ်လို့ သံဃိကဒါနစေတနာလို့ ခေါ်ရပါတယ်။ ရှေ့မဆွကပင် ဒီ စေတနာလေးတွေ တဖွားဖွားဖြစ်ပေါ်နေခဲ့ကြပါတယ်။ ဒါကို ပုဗ္ဗစေတနာလို့ခေါ်တယ်။

ယခုလို လှူဒါန်းဆက်ကပ်နေဆဲ အချိန်လေးမှာလဲပဲ လှူဖွယ်ဝတ္ထုတွေကို ကြည့်ပြီးတော့ ကျေနပ်နေကြတယ်၊ ဝမ်းသာနေကြတယ်၊

ကြည်နူးမှုတွေ ဖြစ်ပေါ်နေကြတယ်၊ ဒါက မုဥ္စစေတနာ။

တန်ဖိုးရှိတဲ့စေတနာတွေ နော်၊ နှလုံးသားထဲမှာ လောဘ,ဒေါသ, မောဟ စတဲ့ အကုသိုလ်အညစ်အကြေးတွေ ကင်းစင်နေတယ်၊ သံဃိကဒါန ကုသိုလ်စေတနာတွေသာ ဖြစ်နေကြတယ်။ အဖိုးတန်တဲ့စေတနာတွေပါပဲ။

လှူဒါန်းလို့ ပြီးမြောက်သွားတဲ့အခါကျတော့ကော၊ တို့အတွက် တစ်နှစ်တာတော့ ကထိနစီဝရဒါနကောင်းမှုကြီးကို ပြုလုပ်လိုက်ရပြီ-လို့ မိမိတို့ ပြုပြီးတဲ့ ကုသိုလ်တွေကို ပြန်ပြီးတော့ ဆင်ခြင်တယ်။ ဆင်ခြင်မိ တိုင်း ဝမ်းမြောက်ဝမ်းသာဖြစ်နေကြမယ်၊ ဒါကိုတော့ အပရစေတနာလို့ ခေါ်ပါတယ်။

**အဖိုးတန်ဆုံးစေတနာ**

ယခုလို မလှူခင်မှာလည်းကောင်း၊ လှူဆဲခဏမှာလည်းကောင်း၊ လှူဒါန်းပြီးနောက်လည်းကောင်း၊ စေတနာတွေ ဖြစ်ပြီးတော့နေကြရတာ၊ အင်မတန်မှ တန်ဖိုးရှိတဲ့ စေတနာတွေပဲ-တဲ့။ သံဃိကဒါနစေတနာတွေ လို့ ခေါ်ပါတယ်၊ အဲဒီလို ဖြစ်ပေါ်တဲ့ စေတနာဟာ ဘယ်လောက်အထိ အကျိုးကြီးသလဲဆိုတော့ -

စတုန္နမ္ပိ ဒီပါနံ ၊ ဣဿရံ ယောဓ ကာရယေ။

ဧကိဿာ ပူဇနာ'ယေတံ ၊ ကလံ နာဂ္ဃတိ သောဠသိံ။

ယော-အကြင်အမျိုးကောင်းသားအမျိုးကောင်းသမီးသည်၊ ဣဓ-ဤလောက၌၊ စတုန္နမ္ပိ ဒီပါနံ-ကျွန်းကြီး လေးကျွန်းလုံးကိုလည်း၊ ဣဿရံ-အစိုးရခြင်းကို၊ ကာရယေ-ပြုနိုင်ရာ၏။ ဧတံ-ထို စကြာမင်း ကြီး၏ စည်းစိမ်ရတနာ၏ အဖိုးတန်ခြင်းသည်၊ ဧကိဿာ-တစ်ခုသော၊ ပူဇနာယ-ပူဇော်ခြင်း၏၊ ဝါ-ပူဇော်ခြင်း ကုသိုလ်စေတနာ၏၊ သောဠသိံ ကလံ-တစ်ဆယ့်ခြောက်စိတ်ကို၊ ဝါ-နှစ်ရာ့ငါးဆယ်ခြောက်စိတ် တစ်စိတ် ဖိုးကို၊ နာဂ္ဃတိ, န အဂ္ဃတိ-အဖိုး မထိုက်ပါပေ။

ဒါယကာ ဒါယိကာမအပေါင်းသူတော်ကောင်းတို့မှာ ကထိနဒါန ကောင်းမှုနဲ့ ပတ်သက်ပြီးတော့ ဖြစ်ပေါ်နေတဲ့ သံဃိကစေတနာတွေသည် လေးကျွန်းလုံးကို အစိုးရတဲ့ စကြဝတေးမင်းကြီး၊ စကြာရတနာကို -

ပိုင်ဆိုင်တဲ့ မင်းကြီး၊ စီးပွားချမ်းသာ ရတနာရွှေငွေ အထွေထွေနဲ့ ပြည့်စုံနေတဲ့ မင်းကြီး။ အဲဒီ စကြာမင်းကြီးရဲ့ စည်းစိမ်ချမ်းသာ ရတနာတွေဟာ ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ရဲ့ နှလုံးသားထဲမှာ တည်ရှိနေတဲ့ ကထိနစီဝရဒါန သံဃိကစေတနာလေးရဲ့ ဆယ့်ခြောက်စိတ်စိတ်လို့ တစ်စိတ်ကိုတောင်မမီဘူး–တဲ့။ စကြာမင်းကြီးရဲ့ စည်းစိမ်ရတနာတွေထက် ကထိနစီဝရဒါန ကောင်းမှုစေတနာက သာလွန်နေတယ်။ ဘယ်လောက်တန်ဖိုးကြီးသလဲ၊ သိပ်ပြီးတော့ ဝမ်းမြောက်ဖို့ကောင်းလှတယ်။ ဒါ သံဃိကဒါနစေတနာရဲ့ ထူးမြတ်လွန်ကဲပုံပါပဲ။

အဲဒီလောက် တန်ဖိုးကြီးတဲ့စေတနာတွေ တို့ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတွေမှာ ဖြစ်ပေါ်နေကြရပြီ၊ မလှူခင်ထဲက ဖြစ်ပေါ်နေခဲ့ကြတာ၊ ယခုလို လှူဆဲခဏမှာလဲ ဖြစ်နေကြတယ်၊ လှူဒါန်းပြီးနောက်လဲ ဖြစ်ပေါ်နေကြအုံးမှာပဲ။အချိန်ကြာမြင့်စွာ ဖြစ်ပေါ်နေလေကောင်းလေပဲ။

ဒီလို သံဃိကဒါနစေတနာတွေ ဖြစ်ပေါ်နေတိုင်းမှာ လောဘ, ဒေါသ,မောဟ စတဲ့ ကိလေသာအညစ်အကြေးတွေ ကင်းစင်ပြီးတော့နေမယ်၊ စိတ်တွေ ဖြူစင်ပြီးတော့ နေမယ်။ ဖြူစင်နေသမျှကာလပတ်လုံး ကုသိုလ်တွေဖြစ်နေကြမယ်ပေါ့။ အဲဒီ ကုသိုလ်စေတနာဟာ စကြာမင်းကြီးရဲ့ စည်းစိမ်ထက် မြတ်တယ်–တဲ့။

ကဲ–ကထိနစီဝရဒါနစေတနာရဲ့ အဖိုးတန်ပုံ, တန်ဖိုးကြီးမားပုံတွေကို သိရပါပြီ။

**ကထိန်ဆိုတာ**

ဒီနေ့ ဘာကိစ္စကို ဆောင်ရွက်နေကြတာလဲဆိုတော့၊ ကထိန်ကိစ္စကို ဆောင်ရွက်နေကြတာဖြစ်တယ်။ "ကထိန်"တဲ့၊ ဘာဖြစ်လို့ ကထိန်လို့ ခေါ်သလဲဆိုတော့ –

ဗုဒ္ဓါဒီဟိ ကထိယတေ သိလာဃတေ ပသံသီယတေတိ ကထိနံ။

ဗုဒ္ဓါဒီဟိ–ဘုရားအစရှိသော သူတော်ကောင်းတို့သည်၊ ကထိယတေ သိလာဃတေ ပသံသီယတေ–ကောင်းပေစွ ကောင်းပေစွ, မြတ်ပေစွ မြတ်ပေစွ–ဟု ချီးမွမ်းအပ်၏၊ ဣတိ–ထို့ကြောင့်၊ကထိနံ–ကထိန်မည်၏။

ဘုရားအစရှိသော သူတော်ကောင်းတွေက တို့ပရိသတ်ကြီး ယနေ့ ပြုလုပ်တဲ့ ကထိနစီဝရဒါနကောင်းမှုကို ကောင်းပေစွ ကောင်းပေစွ မြတ်ပေစွ မြတ်ပေစွလို့ ချီးမွမ်းအပ်တဲ့ အတွက်ကြောင့် ကထိန်လို့ခေါ်တယ်။

## ချီးမွမ်းခြင်းအကြောင်းသုံးချက်

ဒီတော့ ဘာဖြစ်လို့ ဒီ ကထိနစီဝရဒါနကို အထူးဝိသေသပြုပြီးတော့ ချီးမွမ်းတော်မူရသလဲဆိုတော့၊ ချီးမွမ်းခြင်း၏ အကြောင်းအချက် သုံးချက်ရှိနေလို့ပဲ။ ယနေ့ လှူဒါန်းတဲ့ ကထိနစီဝရဒါနမျိုးသည် –

၁။ သံဃိကဒါန ဖြစ်သောကြောင့်လည်းကောင်း။

၂။ အထူး သံဃိကဒါန ဖြစ်သောကြောင့်လည်းကောင်း။

၃။ သံဃာတော်အရှင်မြတ်တို့၏ အာပတ်ကို သုတ်သင်နိုင်သော ဒါနဖြစ်သောကြောင့်လည်းကောင်း။

ဘုရားအစရှိသော သူတော်ကောင်းတွေ အထူးဝိသေသပြု ချီးမွမ်းတော်မူခြင်းဖြစ်တယ်–တဲ့။ ဒိပြင် ဒါနမျိုးတွေနဲ့ မတူဘူးပေါ့ နော်။

## ၁။ သံဃိကဒါန ဖြစ်သောကြောင့်

ပထမအချက်က သံဃိကဒါနဖြစ်လို့ ချီးမွမ်းတော်မူတာ ဖြစ်တယ်–တဲ့။

ကထိန်ကမ္မဝါဖတ်ကြတဲ့အခါ (ဣဒံ သံဃဿ ကထိနစီဝရံ ဥပ္ပန္နံ)လို့ ကမ္မဝါစာပါဠိထဲမှာ ပါပါတယ်၊ အဲဒီ အထဲမှာ "သံဃဿ ဥပ္ပန္နံ"တဲ့၊ သံဃာတော်အရှင်မြတ်များရဲ့ အထံမှာ ဖြစ်ပေါ်သွားတယ်–လို့ ဆိုပါတယ်၊ ဒီစကားလေးကို ထောက်သောအားဖြင့် ကထိနဒါနကို သံဃိကဒါနလို့ ဆိုနိုင်တာဖြစ်တယ်၊ သံဃိကသက်န်းနဲ့သာ ကထိန်ခင်းလို့ရတယ်ဆိုတဲ့ အဓိပ္ပာယ်ကိုလဲ ပြပါတယ်။

ဒီလို သံဃိကဒါနဖြစ်တာကြောင့် ကထိနစီဝရဒါနကို ဘုရားအစရှိတဲ့ သူတော်ကောင်းတွေ ချီးမွမ်းခြင်းဖြစ်တယ်။

ပုဂ္ဂလိကဒါနထက် မြတ်နေလို့ ဒီ ကထိနစီဝရသံဃိကဒါနကို အထူးဝိသေသပြု ချီးမွမ်းခြင်းဖြစ်ပါတယ်။

နောက်တစ်နည်းပြောရမယ်ဆိုရင်၊ စတုဒိသာသံဃိကသင်္ကန်းကို ဝေဖန်သလို သံဃာတော်အရှင်မြတ်တွေကိုလဲပဲ အဲဒီ စတုဒိသာသံဃိက ဝေဖန်နည်းအတိုင်း ဝေဖန်ရသောကြောင့် ဒီ ကထိန်သင်္ကန်း ကထိန ဒါနကို ဗုဒ္ဓရှင်တော်ဘုရားစတဲ့ သူတော်ကောင်းတွေ ချီးမွမ်းခြင်းဖြစ်တယ်။

ဗုဒ္ဓမြတ်စွာဘုရားက အရှင်အာနန္ဒာကို မိန့်ကြားခဲ့ဖူးတာတစ်ခု ရှိတယ်–

"ချစ်သားအာနန္ဒာ၊ ငါဘုရားသည် တစ်စုံတစ်ခုသော အကြောင်း ပရိယာယ်ဖြင့် အသီးအခြား ပုဂ္ဂလိကဒါနထက် သံဃိကဒါနကို မြင့်မြတ်တယ်လို့ ငါဘုရား ဟောကြားတော်မူတယ်။ ပုဂ္ဂလိက ဒါနကို အကျိုးကြီးတယ်လို့ ငါဘုရား မဟောဘူး"တဲ့။

ဒက္ခိဏာဝိဘင်္ဂသုတ်တော်မှာ မြတ်ဗုဒ္ဓမိန့်ကြားတော်မူထားတာ ဖြစ်ပါတယ်။ အကျိုးကြီးတဲ့ ဒါနဖြစ်သောကြောင့် အကျိုးကြီးအောင် ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမအပေါင်းသူတော်ကောင်းတွေ စောစော က (မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ဣမံ ကထိန စီဝရံ သံဃဿ ဒေမ)လို့ ရွတ်ဆိုပြီးတော့ သံဃိကအဖြစ်ဖြင့် လှူဒါန်း လိုက်ကြတယ်။ ဒီလို သံဃိကဒါနအဖြစ်ဖြင့် လှူဒါန်းတဲ့ သင်္ကန်းမျိုးနဲ့သာ ကထိန်ခင်းလို့ရပါတယ်၊ ပုဂ္ဂိုလ်ကို လှူဒါန်းတဲ့ သင်္ကန်းဖြင့် ကထိန်ခင်းလို့ မရဘူး။

ဒီလို သံဃိကဒါနဖြစ်လို့ မြတ်ဗုဒ္ဓက အကျိုးကြီးတယ်လို့ ချီး မွမ်းတော်မူခြင်းဖြစ်တယ်။ ဒါကြောင့်–

တေသံ သုဒိန္နံ သုဟုတံ သုယိဋ္ဌံ ၊ ယေ သံဃမုဒ္ဒိဿ ဒဒန္တိ ဒါနံ။

သာ ဒက္ခိဏာ သံဃဂတာ ပတိဋ္ဌာ ၊ မဟပ္ဖလာ လောကဝိဒူနဝဏ္ဏိတာ။

ယေ–အကြင် အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်၊ သံဃံ–အရိယာသံဃာတော်အပေါင်းကို၊ ဥဒ္ဒိဿ–ရည်၍၊ ဒါနံ–အလှူ ဒါနကို၊ ဒဒန္တိ–သမ္မုတိသံဃာ၌ ပေးလှူကြကုန်၏၊ တေသံ–ထို အမျိုး ကောင်းသား အမျိုးကောင်းသမီးတို့သည်၊ သုဒိန္နံ–ကောင်းစွာ လှူဒါန်း အပ်သည်မည်ပါပေ၏၊ သုဟုတံ–ကောင်းစွာ ပူဇော်သည် မည်ပါပေ၏၊ သုယိဋ္ဌံ–ကောင်းစွာ လှူဒါန်းအပ်သောအလှူကြီး မည်ပါပေ၏၊

သံဃဂတာ–သံဃာ၌ရောက်လျှက်၊ ပတိဋ္ဌာ–တည်သော၊ သာ ဒက္ခိဏာ–ထိုအလှူဒါနကို၊ မဟပ္ဖလာ–အကျိုးကြီး၏ဟူ၍၊ လောကဝိဒူနံ–အဆူဆူသောဘုရားရှင်တို့သည်၊ ဝဏ္ဏိတာ–ချီးမွမ်းအပ်ပါပေကုန်သတည်း . .။

သံဃာကို လှူဒါန်းတဲ့ ဒါနသည် အကောင်းဆုံးဒါနဖြစ်တယ်၊ အမှန်ကန်ဆုံး လှူဒါန်းပူဇော်ခြင်းမျိုးဖြစ်တယ်။ အကောင်းဆုံးသော အလှူကြီးလဲ ဖြစ်တယ်–တဲ့။ အဲဒီလို ဘုရားအဆူဆူက ချီးမွမ်းတော်မူကြတယ်။ ဒါကြောင့် ဒါယကာ ဒါယိကာမအပေါင်းတွေ ယနေ့ လှူဒါန်းတဲ့ အလှူသည် သံဃိကအလှူဖြစ်တယ်၊ သံဃိကအလှူဖြစ်ခြင်းကြောင့် အဆူဆူသောဘုရားရှင်တွေက အထူးဆုံး အမြတ်ဆုံးဒါနဖြစ်တယ်လို့ ချီးမွမ်းတော်မူခြင်းဖြစ်တယ်လို့ သဘောကျထားရမယ် နော်။

## ၂။ အထူးသံဃိကဒါန ဖြစ်ခြင်းကြောင့်

နောက်တစ်ခါ၊ အဆူဆူသော ဘုရားရှင်တွေ ချီးမွမ်းကြတာ အထူးသံဃိကဒါနဖြစ်လို့–တဲ့။ သံဃိကဒါနတောင်မှ ရိုးရိုးမဟုတ်ဘူး၊ "အထူး"သံဃိကဒါန–တဲ့။ အထူးသံဃိကဒါနဆိုတဲ့နေရာမှာလဲ "ထူး" ခြင်းအကြောင်းနှစ်ချက်ရှိပြန်တယ်။ ဘယ်လို "ထူး"နေပြန်သလဲ–

(က)အချိန်ကာလအားဖြင့် လှူဒါန်းရသော ဒါနဖြစ်သောကြောင့်လည်းကောင်း။

(ခ)ကထိန်ခံထိုက်သော သံဃာတော်တွေကို လှူဒါန်းရာ ဒါနဖြစ်သောကြောင့်လည်းကောင်း။

ဒီအ၊ကြောင်းနှစ်ချက်ကြောင့် ထူးခြားတဲ့သံဃိကဒါန၊ "ထူး"နေတဲ့ သံဃိကဒါနဖြစ်နေတယ်လို့ မှတ်ကြရမယ်။

### –(က)အကြော.င်း

ယနေ့ ကထိနဒါနမျိုးကို နေ့စဉ်နေ့စဉ် ပြုလုပ်လို့ မရဘူး၊ ပြုချင်တဲ့အချိန် ကောက်ပြုလို့ မရပါဘူး။ မြတ်ဗုဒ္ဓက တစ်နှစ်မှ (သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ)–တစ်လပဲ၊ ဒီတစ်လအတွင်းမှာပဲ လှူဒါန်းလို့ရတယ်၊ ဒါကြောင့် ကထိနဒါနမျိုးကို ကာလဒါနလို့လဲခေါ်ပါတယ်။

တစ်နှစ်မှ တစ်လ၊ တစ်လမှာလဲ တစ်ရက်၊ တစ်ရက်မှာလဲ တစ်ကျောင်းတည်း လှူလို့ရတယ်၊တစ်ကျောင်းမှာ တစ်ရက်ပဲလှူလို့ရတယ်။ တခြားဒါနတွေထက် မထူးခြားနေပေဘူးလား၊ ထူးခြားနေတယ် နော်။ ဒီလို အချိန်ကာလအားဖြင့် လှူဒါန်းရသောဒါနဖြစ်လို့ ထူးခြားတဲ့ ဒါန ဖြစ်နေတဲ့အတွက်ကြောင့် ဘုရားအစရှိတဲ့သူတော်ကောင်းတွေ ချီးမွမ်း ခြင်းဖြစ်ပါတယ်။

–(ခ)အကြောင်း

ဒုတိယအနေနဲ့ အထူးသံဃိကဒါနဖြစ်နေပုံကို ကြည့်အုံး။ ဘယ်လို အထူးသံဃိကဖြစ်နေပြန်သလဲဆိုတော့–ဒီ ကထိနစီဝရဒါနကို ပထမဝါဆို လပြည့်ကျော်တစ်ရက်နေ့မှစ၍ သီတင်းကျွတ်လပြည့်ကျော်တစ်ရက် မဟာ ပဝါရဏာနေ့၌ ပုရိမဝါကျွတ်လို့ ဝါမကျိုးမပြတ်တဲ့ သံဃာတော်တွေသာ ဒီ ကထိန်သင်္ကန်းကို အလှူခံခွင့်ရှိတယ်။ ဝါကျိုး,ဝါပြတ်တဲ့သံဃာတွေ အလှူခံခွင့် မရှိပါဘူး။

အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုဋ္ဌာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ။

ဘိက္ခဝေ–ချစ်သားရဟန်းတို့၊ ဝဿံဝုဋ္ဌာနံ–ဝါမှထကုန်သော၊ ဘိက္ခူနံ–ရဟန်းတို့အား၊ ကထိနံ–ကထိန်ကို၊ အတ္ထရိတုံ–ခင်းခြင်းငှာ၊ အနုဇာနာမိ–ငါဘုရားခွင့်ပြုတော်မူ၏–လို့ မိန့်ထားပါတယ်။(ကထိနက္ခန္ဓ)

ဝါဆိုသံဃာ၊ ဝါမကျိုးပြတ်တဲ့ သံဃာတွေကိုသာ ကထိန်ခင်းခွင့် ပြုထားတယ်၊ ကထိန်သင်္ကန်းလှူသူတွေကလဲ ဒီကထိန်ခင်းခွင့်ရှိတဲ့ ရဟန်း တော်တွေကိုသာ လှူဒါန်းလို့ရတယ်၊ မထူးခြားနေပေဘူးလား။ ဒါ့ကြောင့် ဒီကထိနဒါနကို ထူးခြားတဲ့ဒါနလို့ ပြောတာ။ ဒီလို ထူးခြားတဲ့ သံဃိက ဒါနဖြစ်နေလို့ ဘုရားအစရှိတဲ့ သူတော်ကောင်းတွေ ကောင်းပေစွ မြတ်ပေစွ လို့ ချီးမွမ်းကြတာဖြစ်ပါတယ်။

ဒါက ရိုးရိုးသံဃိကဒါန မဟုတ်,ထူးခြားတဲ့ သံဃိကဒါနဖြစ်နေပုံ နှစ်မျိုးပါပဲ။

## ၃။ အာပတ်ကို သုတ်သင်နိုင်သော ဒါနဖြစ်ခြင်းကြောင့်

နောက်တစ်ခါ၊ သံဃာတော်အရှင်မြတ်တွေ သင့်ရောက်နိုင်တဲ့

အာပတ်ကို သုတ်သင်ပေးနိုင်ခြင်းကြောင့် ကထိနစီဝရဒါနကို ဘုရားစတဲ့ သူတော်ကောင်းတွေ အထူးဝိသေသပြုပြီးတော့ ချီးမွမ်းကြတယ်–တဲ့။

သံဃာတော်အရှင်မြတ်များ သင့်ရောက်တဲ့ အာပတ်ကို သုတ်သင် နိုင်တဲ့ ဒါန–တဲ့။

ရဟန်းတော်တွေမှာ မြတ်ဗုဒ္ဓပညတ်ထားတဲ့ သိက္ခာပုဒ် အကျဉ်း အားဖြင့် နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ် ပေါ့၊ အကျယ်အားဖြင့်တော့ ကုဋေကိုး ထောင်ကျော်ရှိနေပါတယ်။ အဲဒီ ပညတ်တော်တွေကို လွန်ကျူးရင် ရဟန်း တော်တွေ အာပတ်သင့်တယ်။ ပညတ်တော်မူထားတဲ့ အဲဒီ သိက္ခာပုဒ် တော်တွေထဲက သိက္ခာပုဒ် (၅)ခုမှ လွတ်ငြိမ်းခွင့် ရရှိနိုင်တယ်။

ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတွေ ယနေ့လှူဒါန်းလိုက်တဲ့ ကထိန်သင်္ကန်းကို အလှူခံကြတဲ့ သံဃာတော်တွေ သည်၊ ဘုရားပညတ်ထားခဲ့တဲ့ သိက္ခာပုဒ်ငါးခုမှ လွတ်မြောက်ခွင့်ရှိသွား တယ်–တဲ့၊ အကျိုးငါးပါး ရရှိနိုင်တယ် ပေါ့။ ဘယ်နေ့အထိ ရနိုင်သလဲ၊ တပေါင်းလပြည့်နေ့အထိ ငါးလတိုင်တိုင် လွတ်ငြိမ်းခွင့်ရနိုင်ပါတယ်။

ဗုဒ္ဓရှင်တော် ပညတ်တော်မူခဲ့တဲ့ သိက္ခာပုဒ်တော်တွေ၊ ပညတ် တော်တွေကို "အာဏာဒေသနာ"လို့ ခေါ်ပါတယ်။ ဒီ အာဏာဒေသနာ တော်တွေကို လူမင်း၊နတ်မင်း၊ဗြဟ္မာမင်း စတဲ့ ဘယ်ပုဂ္ဂိုလ်တွေမှ ပယ်နုတ် ခွင့်မရှိဘူး၊ ပယ်နုတ်လို့လဲ မရဘူး။ ဘယ်ပုဂ္ဂိုလ်တွေ ပယ်နုတ်ခွင့် ရသလဲ ဆိုရင် ယနေ့ ကထိန်သင်္ကန်းလှူဒါန်းကြတဲ့ ကထိန်ဒါယကာ ဒါယိကာမ တွေ ပယ်နုတ်ခွင့်ရတယ်။

"ဣမံ ကထိနစီဝရံ သံဃဿ ဒေမ"လို့ လှူဒါန်းလိုက်တာနဲ့ အလှူခံသံဃာတော်အရှင်မြတ်တွေမှာ အာနိသင်တရားငါးပါး၊ ဝါ–အပြစ် ငါးပါးမှ ကင်းလွတ်ခွင့် ရသွားကြတယ်။ ဒါ့ကြောင့် ဒီအလှူကို တစ်နည်း ပြောမယ်ဆိုရင် ဓမ္မဒါန–လို့ ပြောနိုင်တယ်။ သိက္ခာပုဒ်ငါးခု၊ ပညတ်တော် ငါးခုကို လှူခွင့်ရတဲ့အတွက်ကြောင့် ဓမ္မဒါနလို့ ဆိုနိုင်ပါတယ်၊ တရားကို လှူဒါန်းသည်မည်ပါတယ်။

အလှူဒါနတွေထဲမှာ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ–အလုံးစုံသော အလှူဒါနတို့တွင် တရားတည်းဟူသော အလှူဒါနသည် အမွန်မြတ်ဆုံး

ဖြစ်တယ်"လို့ ဟောကြားတော်မူထားပါတယ်။

ကထိန်သင်္ကန်းလှူဒါန်းခြင်းကြောင့် ဓမ္မဒါနပြုရာလဲရောက်သွားပါတယ်၊ ဒီလို သိရှိပြီး ဝမ်းမြောက်ကြရမယ် နော်။ ဒီလို အာပတ်တွေကို သုတ်သင်ပေးနိုင်သော ဒါနဖြစ်နေခြင်းကြောင့် ဘုရားအစရှိတဲ့ သူတော်ကောင်းတွေ အထူးဝိသေသပြု ချီးမွမ်းခြင်းဖြစ်ပါတယ်။

**အရတော်ပေစွ**

ဒါ့ကြောင့် လှူဒါန်းတဲ့ ဒါယကာ ဒါယိကာမအပေါင်းသူတော်ကောင်းတွေအနေနဲ့ မိမိတို့သည် ဒီလို ဒါနမျိုးကို ပြုရတဲ့အတွက် သာသနာတော်ကြီး ထွန်းလင်းနေခိုက်မှာ လူ့ဘဝလူလာဖြစ်ရတာ– အရတော်ပေစွ အရတော်ပေစွ–လို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရမယ်။

> အဟော မေ လာဘာ ဝတ ဗုဒ္ဓသာသနံ နိဿာယ မဟန္တံ
> ပုညံ ပသုတံ။

မေ မယာ–ငါသည်၊ အဟော လာဘာ ဝတ–အရတော်ပေစွတကား၊ ဗုဒ္ဓသာသနံ–ဘုရားရှင်၏ သာသနာတော်မြတ်ကြီးကို၊ နိဿာယ–အမှီပြု၍၊ မဟန္တံ–ကြီးကျယ်မြင့်မြတ်သော၊ ပုညံ–ကောင်းမှုတွေကို၊ ပသုတံ ဝတ–ဆည်းပူးပွားများအပ်ပေစွတကား . . .။

မိမိတို့သည် ကထိနဒါနကို ပြုရခြင်းကြောင့် သံဃာတော်အရှင်မြတ်တွေ အကျိုးငါးပါးကို ရရှိတယ်၊ အာနိသင်ငါးပါး ရရှိတယ်၊ ပညတ်တော်ငါးပါးမှ လွတ်မြောက်သွားကြတယ်၊ ဓမ္မဒါနကို ပြုရာရောက်တယ်။ ဒါကြောင့် မိမိတို့သည် ဗုဒ္ဓသာသနာတော်မြတ်ကြီးကို အမှီပြုပြီးတော့ ယခုလို ထူးမြတ်တဲ့ ကောင်းမှုတွေကို ပြုခွင့်ရတာ သိပ်ပြီးတော့ အရတော်ပေတယ်၊အရတော်ပေတယ်–လို့ ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်ကြရမယ် နော်။

**အလှူခံများ အကျိုးငါးပါးရပုံ**

ရဟန်းတော်တွေ ရရှိသွားကြတဲ့ အကျိုးငါးပါး, လွတ်ငြိမ်းခွင့်ရသွားတဲ့ ပညတ်တော်ငါးပါးက ဘာတွေလဲဆိုတော့–

{၁} အပန်မကြား၊ လိုရာသွား၊ ပြစ်ကားမသင့်ပြီ။

မြို့တွင်းရွာတွင်းကို ဆွမ်းစားကြွတဲ့အခါ ဆွမ်းစားပင့်တဲ့အိမ်ကနေ အခြား တအိမ်အိမ်ကို သွားမယ်ဆိုရင် ပန်ကြားပြီးမှ သွားရပါတယ်၊ တစ်ပါးပါးကို ပန်ကြားပြီးတော့မှ သွားရပါတယ်၊ မပန်ကြားဘဲသွားရင် အာပတ်သင့်တယ်၊ အပြစ်ရောက်ပါတယ်။

ယနေ့ကထိန်သင်္ကန်းကို အလှူခံတဲ့နေ့ကစပြီးတော့ တပေါင်းလပြည့်နေ့အထိ ငါးလအတွင်းမှာတော့ မပန်ကြားဘဲ သွားခွင့်ရပါတယ်၊ ဘုရားရှင်ရဲ့ ပညတ်တော်မှ လွတ်ငြိမ်းခွင့်ရသွားတယ်၊ ဒါဟာ ကထိန်သင်္ကန်းကို ခံယူတဲ့အတွက် ရဟန်းတော်တွေ ရရှိသွားတဲ့ အကျိုးတစ်ပါးပါပဲ။

[၂] သုံးထည်ထဲမှာ၊ ထားလိုရာ၊ ထားခါသွားနိုင်သည်။

သင်္ကန်းသုံးထည်ကို **"တိစီဝရိတ်"** လို့ခေါ်ပါတယ်၊ အဲဒီ တိစီဝရိတ်ကို ဆောင်တဲ့ ခုတင်ဆောင်ရဟန်းဟာ အဲဒီ တိစီဝရိတ်သင်္ကန်းနဲ့ ညဉ့်ကင်းပြီးတော့ နေလို့မရဘူး၊ ကင်းကွာပြီးတော့ ဟိုသွား ညအိပ်၊ ဒီသွား ညအိပ် လုပ်ခွင့်မရှိဘူး၊

ယနေ့ ကထိန်သင်္ကန်းကို အလှူခံလိုက်တဲ့အခါ ကထိန်အာနိသင်ရတဲ့ အတွက်ကြောင့် ငါးလအတွင်းမှာ ဒီသင်္ကန်းသုံးထည်ကို ထားလိုရာထားပြီး သွားနိုင်တယ်၊ ပေါ့ပေါ့ပါးပါး သွားနိုင်တယ်၊ ညဉ့်ကင်းပြီးနေခွင့်ရသွားတယ်၊ ဒါက ဒုတိယမြောက် ပညတ်တော်တစ်ခုက ကင်းလွတ်ခွင့်ရသွားတာပဲပေါ့၊ ဒါလဲ အကျိုးတစ်ပါးပါပဲ။ နောက်တခါ-

[၃] သင်္ကန်းများစွာ၊ ငါးလမှာ၊ သိမ်းကာထားနိုင်သည်။

သံဃာတော်အရှင်မြတ်များဟာ သင်္ကန်းသပိတ်စတဲ့ ပရိက္ခရာတွေကို ရခဲ့ရင် ဆယ်ရက်အတွင်းမှာ အဓိဋ္ဌာန်တင် ဝိကပ္ပနာပြုထားရပါတယ်၊ အသစ်ရလာတဲ့ ပရိက္ခရာတွေကို အဲဒီလို ဝိနည်းထုံးစံအတိုင်းမထားလို့ရှိရင် အာပတ်သင့်ပါတယ်။

ကထိန်သင်္ကန်းကို ခံယူပြီးတဲ့နေ့ကစပြီး ငါးလအတွင်း အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ လွတ်လွတ်လပ်လပ် ထားခွင့်ရှိသွားတယ်။ ဒီပညတ်တော် တစ်ခုကလည်း ကင်းလွတ်ခွင့်အကျိုးကို ရရှိသွားပါတယ်။ ဒါက တတိယမြောက် အကျိုးပဲ။ နောက်တစ်မျိုးက-

[၄] လေးပါးတူပင်၊ ဂိုဏ်းဘောဇဉ်၊ စားချင်စားနိုင်သည်။

ဝိနည်းသိက္ခာပုဒ်ကို နားမလည်တဲ့ ဒါယကာ ဒါယိကာမတွေက သံဃာတော် အရှင်မြတ်တွေကို **"အရှင်ဘုရား တပည့်တော်အိမ်ကို မနက်ဖန် ထမင်းစားကြွပါဘုရား၊ မုန့်ဟင်းခါးစား ကြွပါဘုရား"** လို့ လျှောက်ထားပြီး ပင့်ဖိတ်ရင် မအပ်သောပင့်ဖိတ်နည်းလို့ခေါ်တယ်။ အဲဒီလို မအပ်သော ပင့်ဖိတ်နည်းနဲ့ ပင့်ဖိတ်တဲ့ ဆွမ်းဘောဇဉ်ကို သံဃာတော်လေးပါး အတူ မစားကောင်းဘူး၊ အတူစားရင် အာပတ်သင့်တော့တာပဲ၊ ဘုရားရှင်ပညတ်ထားတဲ့ သိက္ခာပုဒ်အရ အပြစ်သင့်တယ်။

အဲဒီလို အပြစ်သင့်မှုဟာ ကထိန်သင်္ကန်းခံယူလို့ ကထိန်အာနိသင်ရတဲ့ နေ့ကစပြီး ငါးလအတွင်းမှာ ကင်းလွတ်ခွင့်ရတယ်။ မအပ်တဲ့ ပင့်ဖိတ်နည်းနဲ့ ပင့်ဖိတ်တဲ့ ဆွမ်းဘောဇဉ်ကို လေးပါးအတူတူ ဘုဉ်းပေးနိုင်သွားတယ်။

ဒါဟာ ပညတ်တော်တစ်ခုက ကင်းလွတ်ခွင့်ရသွားတဲ့ တတိယမြောက် အကျိုးကာစ်ခုပဲ။ နောက်ဆုံးအကျိုးက–

**[၅] သံဃာလှူငွေ၊ ပစ္စည်းများ၊ သူ့အားသာ ဖြစ်သည်။**

ယနေ့ ကထိန်သင်္ကန်းတွေကို အားလုံးစုပေါင်းပြီးတော့ (**ဣမံ ကထိန စီဝရံ သံဃဿ ဒေမ**) လို့ သံဃာကို ရည်မှန်းပြီး လှူဒါန်းလိုက်ကြတယ်၊ အဲဒီ သင်္ကန်းတွေဟာ ဟောဒီ ပန်းငွေရုံစာသင်တိုက်မှာ ရှိကြတဲ့ ပုရိမဝါမ ထတဲ့ သံဃာတော်အရှင်မြတ်တွေသာ ပိုင်ဆိုင်ပါတယ်၊ ဘေးကကြွလာတဲ့ သံဃာတော် အရှင်မြတ်တွေ မပိုင်ဆိုင်ကြဘူး၊ ဒီကျောင်းတိုက်ရှိ သံဃာတွေနဲ့ပဲ ဆိုင်ပါတယ်။

**"သံဃဿ ဒေမ–သံဃာအားလှူပါ၏"** ဆိုတဲ့ စကားမှာပါတဲ့ **"သံဃာ"** အရ ဒီကျောင်းတိုက်က သံဃာတွေကိုသာ ယူရတယ်၊ ဒီကျောင်းတိုက်က သံဃာတွေကိုသာ လှူဒါန်းသည်မည်တယ်၊ **"အာရာမ သံဃိက"** ပေါ့။ အခြားရိုးရိုး လှူဒါန်းတဲ့အချိန်မှာတော့ ဒိပြင်သံဃာတွေလဲပဲ ပိုင်ဆိုင်နိုင်ပါတယ်။ ယနေ့လှူဒါန်းကြတဲ့ ကထိန်သင်္ကန်းတွေကတော့ မိမိတို့ လှူဒါန်းရာကျောင်းတိုက်သံဃာတွေသာ ပိုင်ဆိုင်ခွင့်ရှိပါတယ်။ ဒါ နောက်ဆုံး ပဥ္စမမြောက်အကျိုးပါပဲ။

အားလုံးပေါင်းလိုက်တော့ သံဃာတော်အရှင်မြတ်များဘက်က ရရှိနိုင်တဲ့ အကျိုးငါးပါးပေါ့။

ဒါကြောင့် ကထိနဒါနဟာ သံဃာတော်အရှင်မြတ်တွေ အပြစ်သင့်မှုက ကင်းလွတ်ခွင့်ရအောင် စွမ်းဆောင်နိုင်တဲ့ ဒါနမျိုးပါ။ဒါကြောင့်လဲ ဘုရားစတဲ့ သူတော်ကောင်းတွေက အထူးဝိသေသပြု ချီးမွမ်းကြတာဖြစ်ပါတယ်။

တပည့်တော်တို့ လှူဒါန်းလိုက်တဲ့ ကထိနစီဝရဒါနဟာ သံဃာတော်အရှင်မြတ်တွေပဲ ရရှိနိုင်, ခံစားနိုင်သလားဘုရား၊ တပည့်တော်တို့ကော ဘယ်လိုအကျိုးတွေကို ခံစားနိုင်ပါသလဲဘုရား–လို့ မေးလျှောက်စရာဖြစ်လာပါတယ်။

လှူဒါန်းတဲ့ ဒါယကာ ဒါယိကာမတွေလဲ သံဃာတော်တွေ အကျိုးရသလို အကျိုးကျေးဇူးတွေ ရရှိနိုင်ပါတယ်၊ "ကံတူအကျိုးပေး" ဆိုသလို အလှူပေးပုဂ္ဂိုလ်တွေလဲ အကျိုးငါးပါးကို ပြန်လည်ရရှိမှာဖြစ်ပါတယ်–

**အလှူပေးများ အကျိုးငါးပါးရပုံ**

ကထိန်လှူရ၊ မြတ်ဖလ၊ မှတ်ကြပါလေ၊ ငါးမျိုးထွေ။

{၁}မပန်မကြား၊ မခစား၊ လာသွားနိုင်စေ၊ ရပ်ထွေထွေ။

စကြဝတေးမင်းကြီးဟာ ခရီးသွားမယ်ဆိုလို့ရှိရင် ဘယ်ပုဂ္ဂိုလ်ကိုမှ ပန်ကြားစရာမလိုဘူး၊ တိုင်ကြားစရာမလိုဘူး၊ လွတ်လွတ်လပ်လပ် ကိုယ့်သဘောအတိုင်း သွားလာနိုင်တယ်–တဲ့။ အဲဒီ စကြဝတေးမင်းကြီးလိုပဲ ကထိန်အလှူရှင်အပေါင်းတွေလဲ ဖြစ်လေရာ ဘဝသံသရာတွေမှာ အပိတ်အပင် အတားအဆီးမရှိ၊ အချုပ်အချယ်မရှိဘဲနဲ့ လိုရာဌာနကို သဘောအတိုင်း သွားလာနိုင်တယ်၊ အနှောင်အဖွဲ့ကင်းစွာ သွားလာနိုင်တယ်၊ ဒီလို ကောင်းကျိုးကို ရရှိမှာဖြစ်တယ်။

အနှောင်အဖွဲ့ကင်းစွာ သွားလာနိုင်ဖို့ဆိုတာလဲ မလွယ်ဘူး နော်၊ ယခုလို ကထိနစီဝရသံဃိကဒါနကို ပြုလုပ်သူသည် အနှောင်အဖွဲ့ကင်းရှင်းစွာ သွားလာနိုင်ပါတယ်–တဲ့။ ရဟန်းတော်များ ရရှိတဲ့ အကျိုးကျေးဇူးနဲ့ တူစွာ အလှူရှင်များဘက်က ရရှိတဲ့အကျိုးပါပဲ။

{၂}ကိုယ်ပိုင်ဥစ္စာ၊ ထားလိုရာ၊ ထားပါလျှက်ပေ၊ရန်ကင်းစေ၊

မိမိတို့ ပိုင်ဆိုင်တဲ့ပစ္စည်းဥစ္စာတွေကို ထားချင်သလိုထား၊ ဘယ်လိုရန်သူမျိုးတွေမှ နှောက်ယှက်ဖျက်ဆီးလို့မရဘူး။

ဇောတိကသူဌေးကြီးကို ကြည့်ပေါ့၊ သူ့ရဲ့ ပစ္စည်းတွေကို ဘယ်သူမှ ဖျက်ဆီးလို့ မရခဲ့ဘူး၊ အဇာတသတ်မင်းကြီးဖျက်ဆီးတယ်၊ သွားရောက်သိမ်းဆည်းတယ်၊ သိမ်းဆည်းလို့ မရခဲ့ဘူး၊ ဒီ သာဓကတွေရှိနေပါတယ်။ အဲဒီလို ဖျက်ဆီးလို့မရနိုင်တာ ဘာကြောင့်လဲ၊ ရှေးရှေးက ယခုလို ကထိနစီဝရဒါနကောင်းမှုမျိုးတွေကို ပြုလုပ်ခဲ့လို့ပဲ။ ဒါကြောင့် ဇောတိကသူဌေးကြီးတို့လို မိမိတို့ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာရတနာတွေကို ဖြစ်လေရာသံသရာတွေမှာ ရန်သူမျိုးငါးပါး အနှောက်အယှက်တွေက ကင်းဝေးနိုင်ပါတယ်။ ဒါက ဒုတိယအကျိုးပါပဲ။

{၃}ဝတ်စားဖုံးဖုံ၊ လွန်ပြည့်စုံ၊ ကိုယ်လုံကျက်သရေလက်လက်ဝေ။

အနုရုဒ္ဓါမင်းသားကဲ့သို့ အဝတ်အစားတွေ၊ စားဖွယ်သောက်ဖွယ်တွေ ပြည့်စုံတယ်၊ လိုရာတွေ ပြည့်စုံတယ်၊ ဝတ်ချင်တဲ့အဝတ်တွေကို ဝတ်ရတယ်၊ စားချင်တဲ့ အစားအစာတွေကို စားနိုင်တယ်၊ အဝတ်အစားတွေ ပြည့်စုံပြီး ကျက်သရေတိုးခြင်းဆိုတဲ့ အကျိုးကို ရရှိမယ်။ ဒါက တတိယမြောက်ရရှိမယ့်အကျိုးပဲ။

{၄}မိစ္ဆာအပင်း၊ ပြစ်မျိုးကင်း၊ သန့်ရှင်းစာရေ၊ ရနိုင်စေ။

အစားအစာနဲ့ပတ်သက်ပြီးတော့ ဘေးဥပါဒ်တွေ မကျရောက်ဘူး၊ မကြေညက်တဲ့ အစားအစာကိုစားလဲ ကြေညက်တယ်၊ သူတစ်ပါးတွေက အဆိပ်အတောက်ခပ်လဲ ဘယ်တော့မှ အဆိပ်မသင့်ဘူး၊ အစားအသောက်နဲ့ ပတ်သက်ပြီး ဘေးဥပါဒ်တွေ မကျရောက်နိုင်ဘူး–တဲ့။ ဝိသာခါကျောင်းအမကြီးတို့လို သား,သမီး,မြေး,မြစ်တွေနဲ့၊ ပျော်ပျော်ရွှင်ရွှင်နေသွားရမယ်။

{၅}စည်းစိမ်ဖြိုင်ဖြိုင်၊ လွန်ကြွခိုင်၊ စိုးပိုင်လှစေ၊ တင့်ဖြိုးဝေ။

သီရိဓမ္မာသောကမင်းကြီးဟာ အထက်တစ်ယူဇနာ၊ အောက်တစ်ယူဇနာ အစိုးရတယ်၊ စည်းစိမ်ဥစ္စာအခြံအရံတွေနဲ့ ပြည့်စုံတယ်၊ ကျော်စောသတင်းတွေ ပြန့်နှံ့တယ်။ ယခု ကထိနစီဝရဒါနရှင်တွေလဲပဲ သီရိဓမ္မာသောကမင်းကြီးတို့လို ဘဝသံသရာတွေမှာ တန်ခိုးဣဒ္ဓိပါဒ်တွေနဲ့ ပြည့်စုံခြင်းအကျိုးတရားတွေကို ရရှိခံစားနိုင်ပါတယ်။ ဒါက ကထိနစီဝရဒါနကောင်းမှုပြုသူတွေ ခံစားရမယ့် အကျိုးတွေပါပဲ။

ပေါင်းလိုက်တော့ အကျိုးငါးပါး။ ဒီ အကျိုးတရားတွေကို

အလှူပေးဖြစ်တဲ့ ပုဂ္ဂိုလ်တွေ ရရှိခံစားမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီ ကထိန်သင်္ကန်းလှူဒါန်းရတဲ့ ကောင်းမှုသည် ကောင်းမှုတွေထဲမှာ ဘုရားအစရှိတဲ့ သူတော်ကောင်းတွေ အထူးဝိသေသပြုပြီးတော့ ချီးမွမ်းတဲ့ ကောင်းမှုမျိုးဖြစ်တယ်။ ဝမ်းမြောက်စရာကောင်းလှတယ်၊ ဒီပြင် ကောင်းမှုမျိုးနဲ့ မတူဘူး–တဲ့။ ဒါကြောင့် –

ဘုရားမှာတော့စိန်၊ ကျောင်းမှာတော့သိမ်၊ သင်္ကန်းမှာတော့ကထိန်။

ဒီလို ဆိုရိုးပြုထားကြတယ်။ ဘုရား စေတီပုထိုးကို လှူတဲ့နေရာမှာ စိန်ဖူးတော်ကို လှူဒါန်းရတဲ့ အလှူဟာ အမြတ်ဆုံးအလှူ–တဲ့။ သာသနာတော်မှာ ကျောင်းအဆောက်အဦတွေ လှူဒါန်းတဲ့နေရာမှာ သိမ်ကျောင်းကို လှူဒါန်းရတဲ့အလှူဟာ အမြတ်ဆုံး–တဲ့။ သင်္ကန်းများမှာတော့ ကထိန်သင်္ကန်းကို လှူဒါန်းရတဲ့အလှူဟာ အမြတ်ဆုံးပဲ–တဲ့။ ဒါကြောင့် ကထိန်သင်္ကန်းအလှူသည် မွန်မြတ်တဲ့အလှူတစ်မျိုးဖြစ်တယ်။

**ဒီဃဇယန္တဒမိဠအကြောင်း**

"ဒီဃဇယန္တဒမိဠ"အမည်ရှိတဲ့ အမျိုးကောင်းသားတစ်ယောက်ဟာ သုမနဂိရိကျောင်း တောင်ထိပ်စေတီတစ်ဆူမှာ နီသောအဝတ်ပုဆိုးကစ်ထည်ကို သင်္ကန်းအဖြစ်ဖြင့် သွားရောက်လှူဒါန်းပူဇော်ခဲ့ကယ်၊ အဲဒီ အမျိုးကောင်းသားဟာ အခြားသော အကုသိုလ်ကံတွေကြောင့် သေခါနီးမှာ မကောင်းတဲ့ အာရုံနိမိတ်တွေ ထင်ပြီးတော့ သေလွန်သွားတယ်၊ ဘယ်ရောက်သွားသလဲဆိုတော့ ဥဿဒငရဲအနီးကို ရောက်သွားတယ်။

အဲဒီအခါ သူ ဘာတွေကြားရသလဲဆိုတော့၊ မီးတောက်မီးလျှံတွေ တောက်လောင်နေတဲ့ အသံတွေကို ကြားရတယ်၊ ဒါနဲ့ တစ်ချိန်က တောင်ထိပ်စေတီကို သင်္ကန်းတစ်ထည် လှူဒါန်းခဲ့ဖူးတဲ့ ကောင်းမှုလေးကို သွားပြီး သတိရလိုက်တယ်၊ သတိရတာနဲ့ တပြိုင်နက် အဲဒီ ဥဿဒငရဲက ချက်ချင်း လွတ်မြောက်ပြီးတော့ နတ်ဘုံကို ရောက်သွားတယ်။အဲဒါ ရိုးရိုးသာမန်သင်္ကန်းအလှူလေးပါ။

**အမျိုးကောင်းသားတစ်ယောက်အကြောင်း**

ထို့အတူပဲ၊ နောက် အမျိုးကောင်းသား တစ်ယောက်ဟာလဲ

သူ့ရဲ့ သားတော်ရဟန်းတစ်ပါးကို သင်္ကန်းတစ်ထည်လှူဒါန်းခဲ့ဖူးတယ်၊ သူလဲ သေခါနီးမှာ အကုသိုလ်ကံကြောင့် ဥဿဒငရဲအနီးမှာ သွားဖြစ်တယ်၊ ဥဿဒငရဲက မီးလျှံတွေ တောက်လောင်နေတဲ့ အသံတွေကို ကြားလိုက်ရတယ်ဆိုရင်ပဲ ယခင်က သားတော်ရဟန်းကို သင်္ကန်းလှူဒါန်းခဲ့ဖူးတာကို အမှတ်ရလိုက်တယ်၊ အမှတ်ရလိုက်တာနဲ့တပြိုင်နက် ဥဿဒငရဲက ချက်ချင်းလွတ်မြောက်ခဲ့ပြီး နတ်ပြည်ကိုရောက်၊ နတ်စည်းစိမ်တွေကို ခံစားသွားရတယ်။

ဒီသာဓကတွေကို ကြည့်မယ်ဆိုရင် ရိုးရိုးသင်္ကန်းအလှူသည်ပင် ယခုလို သုဂတိဘဝရောက်အောင် အကျိုးပေးနိုင်တာဖြစ်လို့ ယနေ့ယခုလို ထူးခြားသော ကထိန်သင်္ကန်းကို လှူဒါန်းရခြင်းကြောင့် ဒါထက် မကသော အကျိုးကျေးဇူးတွေကို ရရှိနိုင်မယ်ဆိုတာ အထူးပြောဖွယ်ရာမလိုတော့ပါဘူး။

ဒ့ါကြောင့် မိမိတို့ ယနေ့ လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှုသည် အင်မတန်မှ ကြီးကျယ်မြင့်မြတ်တဲ့ ကောင်းမှုမျိုးဖြစ်လို့ ကြီးကျယ်မြင့်မြတ်တဲ့ ကောင်းကျိုးချမ်းသာတွေကို ရရှိခံစားရမယ်ဆိုတာ သဘောကျထားရမယ် နော်။

**လို့,တ, ရ ကောင်းမှုမျိုးဖြစ်**

သဒေဝမနုဿာနံ ၊ သဗ္ဗကာမဒဒေါ နိဓိ။

ယံ ယဒေဝါဘိပတ္ထေန္တိ ၊ သဗ္ဗမေတေန လဗ္ဘတိ။ (ခုဒ္ဒကပါဌ)

သေ သော နိဓိ–ဤ ကထိနစီဝရဒါနတည်းဟူသော ကုသိုလ်ရတနာရွှေအိုးကြီးသည်၊ ဒေဝမနုဿာနံ–နတ်လူလို့၏၊ သဗ္ဗကာမဒဒေါ–အလုံးစုံသော အလိုဟူသမျှကို ပေးတတ်သော၊ နိဓိ–ရတနာရွှေအိုးတည်း။ ယံ ယံ–အကြင်အကြင်လိုလားတောင့်တအပ်သော စည်းစိမ်ချမ်းသာအကျိုးကို၊ အဘိပတ္ထေန္တိ–လိုလားတောင့်တကြကုန်၏၊ (တံတံ–ထိုထို တောင့်တသမျှသော အကျိုးစီးပွားချမ်းသာကို)သဗ္ဗံ ဝေ–အလုံးစုံကိုသာလျှင်၊ ဧတေန–ယနေ့ယခု ကထိနဒါနကောင်းမှုစသော ကုသိုလ်ဟူသော ဤရတနာရွှေအိုးကြီးဖြင့်၊ လဗ္ဘတိ–မုချမသွေ ရရှိနိုင်ပါပေသတည်း . . .။

မိမိတို့ လိုလားတောင့်တအပ်သော ကောင်းကျိုးတွေကို ပေးနိုင်တဲ့

အလှူမျိုးဖြစ်တယ်၊ လူချမ်းသာကို လိုချင်လဲ ရတယ်၊ နတ်ချမ်းသာကို လိုချင်လဲ ရတယ်၊ နိဗ္ဗာန်ချမ်းသာကို လိုချင်လဲ ရတယ်။

အမျိုးသမီးများဆိုရင် ယနေ့လို ကထိန်သင်္ကန်းကို လှူဒါန်းရတဲ့ အတွက်ကြောင့် ဝိသာခါကျောင်းအမကြီးတို့ကဲ့သို့ မဟာလတာတန်ဆာကို ဆင်မြန်းနိုင်တယ်၊ အဖိုးကိုးကုဋေထိုက်တန်တဲ့ မဟာလတာတန်ဆာကြီးကို ဆင်မြန်းနိုင်တယ်၊ ရတနာမျိုးစုံတွေနဲ့ စုပေါင်းပြီး ပြုလုပ်ထားတဲ့ တန်ဆာ၊ ဘယ်လောက်ကြာအောင် ပြုလုပ်ရသလဲဆိုတော့၊ လေးလတိတိ ပြုလုပ် ရတယ်၊ လက်ခက အဖိုးတစ်သိန်းထိုက်တယ်။ အဲဒီလို မြင့်မြတ်တဲ့ တန်ဆာကို ဆင်မြန်းနိုင်တယ်။

ဥပ္ပလဝဏ်ထေရီမလို ဖြစ်လေရာရာဘဝတွေမှာ ရုပ်အဆင်းတွေ လှပပြီးတော့ နောက်ဆုံး အရဟတ္တမဂ် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု နိုင်တယ်။

အမျိုးကောင်းသားတွေဆိုရင်လဲ "ဧဟိ ဘိက္ခု"အဖြစ်ကို ရရှိနိုင် တယ်။ "ဘိက္ခု–ရဟန်း၊ ဧဟိ–လာလှည့်"လို့ ဗုဒ္ဓက နှုတ်မြွက်ပြီး လက် တော်ကို ဆန့်တန်းလိုက်တာနဲ့တပြိုင်နက် လူအသွင်ပျောက်ပြီး ပရိက္ခရာ အပြည့်အစုံနဲ့ ရဟန်းအသွင်ကို ရတယ်၊ ဒါ ဧဟိဘိက္ခုရဟန်းပဲ။

အမျိုးကောင်းသားတွေဆိုရင် ဒီလို ဧဟိဘိက္ခုရဟန်းအဖြစ်ကို ရနိုင်တယ်၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ဆိုတဲ့ ချမ်းသာတွေကို ရနိုင်တယ်။

ဝမ်းမြောက်ဖို့ကောင်းတဲ့ အလှူ၊ လိုတာကို ရနိုင်တဲ့ ရွှေအိုးကြီး နဲ့တူတဲ့ ကောင်းမှုကြီး။ ရတနာမျိုးစုံ ထည့်ထားတဲ့ ရွှေအိုးကြီးကို ပိုင် ဆိုင်တဲ့သူဟာ ဘာလိုချင်သလဲ၊ လိုချင်တာ ရပြီပေါ့။ ယခုလို ယနေ့ ပြုလုပ်တဲ့ ကထိနစီဝရဒါနဟာလဲ ရတနာရွှေအိုးကြီးနဲ့တူပါတယ်။ ရတနာ ရွှေအိုးကြီးကို ပိုင်ဆိုင်ကြရပြီလို့ပဲ မှတ်ကြရမယ်၊ ဒီ ကထိနဒါနကောင်းမှု ကြောင့် မိမိတို့ အလိုရှိရာကို တောင့်တလို့ ရနိုင်ပါတယ်။

**နိဗ္ဗာန်ကိုသာ ဆုတောင်း**

ဒါပေမယ့် လောကီချမ်းသာဆိုတာတွေကတော့ အို,နာ,သေ ဆိုတဲ့ ဘေးဒုက္ခတွေက မလွတ်ကင်းနိုင်ဘူးပေ့ါ၊ လောကုတ္တရာချမ်းသာမှသာ အို,နာ,သေဒုက္ခတွေက လွတ်မြောက်နိုင်ပါတယ်။

ဒါ့ကြောင့် လောကုတ္တရာချမ်းသာဖြစ်တဲ့ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကိုသာ တောင့်တကြ၊ ဒါမှ အို,နာ,သေဒုက္ခတွေက လွတ်မြောက်မှာဖြစ်တယ်၊ အကောင်းဆုံးသောချမ်းသာ, အမွန်မြတ်ဆုံးသော ချမ်းသာကြီးလဲဖြစ်ပါတယ်။

ဒါ့ကြောင့်မို့ မိမိတို့ ယနေ့ယခုပြုလုပ်တဲ့ ကောင်းမှုအဖြာဖြာကို အားလုံးသော လူနတ်ပြဟ္မာသတ္တဝါတွေကို အမျှအတန်းပေးဝေ၊ နိဗ္ဗာန်ကိုလဲ အာရုံပြု တောင့်တပြီးတော့ ရေစက်ချရအောင် – –

# ရခဲခြင်းလေးပါး ဒေသနာ

ယနေ့ ၁၃၆၀–ပြည့်နှစ်၊ ဝါခေါင်လပြည့်နေ့ဖြစ်ပါတယ်၊ ဝါခေါင်လပြည့်နေ့မှာ ဥပုသ်သီတင်း စောင့်သုံးဖို့ လာရောက်ကြတဲ့ ပရိသတ်အပေါင်းတို့အား "ရခဲခြင်းလေးပါး"ဒေသနာကို ဟောကြားပါ့မယ်။

ဒီ ဒေသနာတော်ကို မြတ်စွာဘုရား ဗာရာဏသီပြည်မှ ဂင်္ဂါမြစ်သို့သွားတဲ့ လမ်းခရီး၊ ကုက္ကိုပင်ကြီး(၇)ပင်ပေါက်ရာအရပ်၊ တစ်ပင်သော ကုက္ကိုပင်ကြီးအနီးအောက်၌ ဧရကပတ္တနဂါးမင်းအား ဟောကြားတော်မူခဲ့တဲ့ ဒေသနာဖြစ်ပါတယ်။ (ဓမ္မပဒ၊ဧရကပတ္တနာဂရာဇဝတ္ထု)

အဲဒီ ရခဲခြင်းလေးပါးဒေသနာကို ဟောကြားစဉ်က၊ နာယူကြတဲ့ တရားနာပရိသတ်ပေါင်း ရှစ်သောင်းလေးထောင်ရှိပါတယ်၊ ဒေသနာတော် အဆုံးမှာ အဲဒီ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတွေ ကျွတ်တမ်းဝင်ခဲ့ကြပြီး အပါယ်လေးပါး သံသရာမှ လွတ်မြောက်သွားကြပါတယ်။

ယခုလို ကျေးဇူးများလှတဲ့ ရခဲခြင်းလေးပါးဒေသနာတော်ကို ဘယ်လိုဟောကြားခဲ့ပါသလဲဆိုတော့ – –

ကိစ္ဆော မနုဿပဋိလာဘော ၊ ကိစ္ဆံ မစ္စာနဇီဝိတံ။

ကိစ္ဆံ သဒ္ဓမ္မဿဝနံ ၊ ကိစ္ဆော ဗုဒ္ဓါနမုပ္ပာဒေါ။

မနုဿပဋိလာဘော–လူ့ဘဝကို ရခြင်းသည်၊ ကိစ္ဆော–ခဲယဉ်းလှပါပေ၏၊ မစ္စာနဇီဝိတံ–သတ္တဝါတို့ အသက်ရှည်ရခြင်းသည်၊ ကိစ္ဆံ–ခဲယဉ်းလှပါပေ၏၊ သဒ္ဓမ္မဿဝနံ–သူတော်ကောင်းတရားကို နာကြားရခြင်းသည်၊ ကိစ္ဆံ–ခဲယဉ်းလှပါပေ၏၊ ဗုဒ္ဓါနံ–ဘုရားရှင်တို့၏၊ ဉပ္ပာဒေါ–ပွင့်တော်မူခြင်းသည်၊ ကိစ္ဆော–ခဲယဉ်းလှပါပေ၏။

ဣတိ–ဤသို့၊ ဣမံ ဓမ္မဒေသနံ–ဤဓမ္မကထာ ဒေသနာကို၊ ဘဂဝါ–ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ အဝေါစ–ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း . . .။

ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားတော်မူခဲ့တဲ့ ရခဲခြင်းလေးပါး ဒေသနာပဲဖြစ်ပါတယ်။ ဒီ ဒေသနာတော်မှာလာတဲ့ ရခဲခြင်းလေးပါက ဘာတွေလဲဆိုတော့_

၁။ ကိစ္ဆော မနုဿပဋိလာဘော= လူ့ဘဝကို ရဖို့ခဲယဉ်းတယ်။

၂။ ကိစ္ဆံ မစ္စာနဇီဝိတံ= သတ္တဝါတွေ အသက်ရှည်ရှည်နေရဖို့ ခဲယဉ်းတယ်။

၃။ ကိစ္ဆံ သဒ္ဓမ္မဿဝနံ= သူတော်ကောင်းတရား နာကြားရဖို့ ခဲယဉ်းတယ်။

၄။ ကိစ္ဆော ဗုဒ္ဓါနမုပ္ပာဒေါ= ဘုရားတစ်ဆူတစ်ဆူ ပွင့်ပေါ်ဖို့ ခဲယဉ်းတယ်။

ပေါင်းလိုက်တော့ ရခဲတဲ့တရား လေးပါးဖြစ်လာတယ်၊ အဲဒီ လေးပါးကို အနည်းငယ်ချဲ့ပြီးတော့ ကြည့်ရအောင်_

**၁။ လူ့ဘဝ ရခဲပုံ**

တစ်နံပါတ်က"ကိစ္ဆော မနုဿပဋိလာဘော"–လူ့ဘဝကို ရခဲတယ်–တဲ့။ ဘုန်းကြီးတို့ ပရိသတ်များ ယနေ့ရရှိနေတာ လူ့ဘဝပါပဲ။

လူ့ဘဝကို ရဖို့ရန် ခဲယဉ်းတယ်, ခဲယဉ်းတယ်ဆိုပြီး လူ့ဘုံ လူ့လောကမှာ လူတွေဆိုတာ အများကြီးပဲလို့ အပေါ်ယံကြည့်ရင်တော့ ထင်ရမယ်၊ လူဆိုတာ သတ္တဝါပဲ။ "သတ္တဝါ အနန္တ"လို့ပြောနေကြတာ ကြားဖူးမှာပါ။

အနန္တ–ဆိုတာ အဆုံးအပိုင်းအခြားမရှိအောင် များပြားတယ်လို့ ဆိုတာပါ၊ လောကမှာ မြင်တွေ့နေရတဲ့ တိရစ္ဆာန်သတ္တဝါတွေရှိတယ်၊ အဲဒီ တိရစ္ဆာန်သတ္တဝါတွေနဲ့ လူဆိုတဲ့ သတ္တဝါတွေကို နှိုင်းယှဉ်ကြည့်လိုက်၊ ဘယ်သူက အရေအတွက်များနေတာကို တွေ့ရမလဲ။ တိရစ္ဆာန်သတ္တဝါတွေက များနေတာတွေ့ရလိမ့်မယ်။

ထို့အပြင် ရေထဲမှာရှိတဲ့ သတ္တဝါတွေ၊ ကုန်းမှာရှိတဲ့ သတ္တဝါတွေဆိုတာလဲ ရေတွက်လို့ မရနိုင်လောက်အောင် များပြားနေတာကို တွေ့မြင်ရလိမ့်မယ်။

လူတွေကတော့ ရေတွက်လို့ ရသေးတယ်၊ သန်းပေါင်း ဘယ်လောက်–စသည်ဖြင့် ရေတွက်နေကြတယ်လေ။ ကြားဖူးမှာပေါ့၊ ကမ္ဘာ့လူဦးရေ စစ်တမ်းဆိုတာ နှစ်တိုင်းထုတ်ပြန်နေတာ တွေ့ရမှာပေါ့၊ တစ်နှစ်တစ်နှစ် ဘယ်လောက်ရှိတယ်၊ ဘယ်နှစ်လောက်ကျရင် ဘယ်လောက်တိုးပွားမယ်–စသည်ဖြင့် ရေတွက်နေကြတယ်၊ ရေတွက်လို့လဲ ရနေတာပဲ။

တိရစ္ဆာန်သတ္တဝါတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင်တော့ တိရစ္ဆာန်သတ္တဝါတွေက ရေတွက်လို့မရနိုင်အောင် များနေလိမ့်မယ်။ ဒါ မျက်စိနဲ့မြင်နိုင်တဲ့ တိရစ္ဆာန်သတ္တဝါတွေနဲ့ ယှဉ်ပြလိုက်တာပါ၊ မျက်စိနဲ့ မမြင်နိုင်တဲ့ အပါယ်ဘုံသားသတ္တဝါတွေ၊ သုဂတိဘုံသားသတ္တဝါတွေ ရှိပါသေးတယ်၊ ဒါတွေက မျက်စိနဲ့ မမြင်နိုင်ဘူး။

ဒီတော့ မျက်စိနဲ့ မြင်နိုင်တဲ့ တိရစ္ဆာန်သတ္တဝါတွေနဲ့ပဲ နှိုင်းယှဉ်ကြည့်ရုံနဲ့ လူ့ဘဝမှာ လူဖြစ်ရတာ ဘယ်လောက် ခဲယဉ်းသလဲဆိုတာ သိသာနေပါတယ်။

## ဘုရားကလဲ ဟောပြထား

မြတ်ဗုဒ္ဓက နိဒါနဝဂ္ဂသံယုတ်မှာ၊ နခသိခသုတ်ဆိုပြီးတော့ ဟောထားတာရှိတယ်၊ အဲဒီ သုတ်တော်မှာ မြတ်ဗုဒ္ဓက သူ့ရဲ့ လက်သည်းပေါ်မှာ မြူမှုန်လေးတွေကို တင်ပြီးတော့ ရဟန်းတော်တွေကို မေးတော်မူတယ်။

"ချစ်သားရဟန်းတို့၊ ငါဘုရားရဲ့ လက်သည်းပေါ်မှာ တင်ထားတဲ့ မြူမှုန်တွေနဲ့ မဟာပထဝီမြေကြီးပေါ်မှာ ရှိတဲ့ မြူမှုန်တွေ ဘယ်က များသလဲ"လို့ မေးတော်မူပါတယ်။

ရဟန်းတော်တွေက–

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား– မြတ်စွာဘုရား၏ လက်သည်းပေါ်မှာ ရှိနေတဲ့မြူမှုန်တွေဟာ မပြောပလောက်ပါ ဘုရား၊ မဟာပထဝီမြေကြီးပေါ်မှာ ရှိနေကြတဲ့ မြူမှုန်တွေက အင်မတန်မှ များလှပါတယ်ဘုရား"လို့ လျှောက်တင်ကြတယ်။

ဒီအခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က–

"ချစ်သာရဟန်းတို့၊ လူ့ဘုံလောကမှ သေပြီးတော့ လူ့ဘုံလောကကို ပြန်ရောက်တဲ့ သတ္တဝါဟာ ငါဘုရားရဲ့ လက်သည်းပေါ်က မြူမှုန်လောက်သာရှိတယ်။ လူ့ဘုံလောကမှ သေပြီးတော့ အပါယ်လေးဘုံ ကျရောက်တဲ့ သတ္တဝါတွေက မဟာပထဝီမြေကြီးပေါ်မှာ ရှိနေတဲ့ မြူမှုန်တွေလောက်များနေတယ်။ နတ်ပြည်၊ ဗြဟ္မာပြည် ရောက်တဲ့ သတ္တဝါတွေလဲ လက်သည်းပေါ်က မြူမှုန်လောက်ပဲ ရှိတယ်" လို့ ဟောကြားတော်မူပါတယ်။

ဒီ ဒေသနာကိုကြည့်ရင် လူ့ဘဝကို ရနေကြတဲ့ သတ္တဝါတွေ ဘယ်လောက်နည်းသလဲဆိုတာ သိနိုင်ပါတယ်၊ ဘယ်လောက် ရခဲလဲဆိုတာကိုလဲ သိနိုင်လောက်ပါတယ်။ လူ့ဘဝရောက်ဖို့ဆိုတာ ဒီလောက်တောင် ခဲယဉ်းတယ် နော်။

လူ့ဘဝကို ရခဲပုံလေးကို ယခုလို သာဓကလေးနဲ့ ပြလိုက်တော့ သဘောကျလောက်ပါတယ်။

## လူ့ဘဝမှာ ဒိဂုဏ်ရည်တွေ ရှိနေတယ်

နောက်တစ်ခါ၊ လူ့ဘဝကို "ရခဲတယ်,ရခဲတယ်"လို့ ပြောနေကြတာဟာ လူ့ဘဝမှာ တခြားဘဝတွေထက် ကောင်းမွန်နေတာတွေ ရှိနေလို့ပါပဲ။ အဖိုးတန်ပစ္စည်းတစ်ခုမှာ ကောင်းတဲ့ဂုဏ်သတ္တိတွေ ရှိနေသလိုပဲပေါ့၊ လူ့ဘဝလဲ ရခဲလို့ အဖိုးတန်တယ်။

အဖိုးတန်တဲ့ လူ့ဘဝမှာ အဖိုးတန်တဲ့ ဂုဏ်ရည်တွေရှိနေတယ်ဆိုတာ ယုံမှားစရာမရှိဘူးပေ့ါ။ ဘယ်လို ဂုဏ်တွေနဲ့ ပြည့်စုံနေသလဲဆိုတာ သိသာအောင် ရှေးဆရာတွေ ဖော်ပြထားတဲ့ ဒေသနာတစ်ပုဒ်နဲ့ ပြောရမယ်။

ပုညက္ခေတ္တော အယံ လောကော ၊ သသီမော သသနုဇ္ဇလော။

နိဗ္ဗာနတရဏော သေဋ္ဌော ၊ သဗ္ဗသမ္ပတ္တိဒါယကော။

အယံ လောကော–ဤ လူ့ဘုံ လူ့လောကကြီးသည်၊ ပုညက္ခေတ္တော–ကောင်းမှုတွေ ဖြစ်ထွန်းရာ တကယ့်အခွင့်ကောင်း အခါကောင်းကြီးလည်းဖြစ်ပါပေ၏၊ သသီမော–ရဟန်းတွေဖြစ်ထွန်းရာ သိမ်နှင့်လည်း ပြည့်စုံနေပါပေ၏၊ သာသနုဇ္ဇလော–သာသနာထွန်းကားရာ အရပ်ဒေသကြီးလည်း ဖြစ်ပါပေ၏၊ နိဗ္ဗာနတရဏော သေဋ္ဌော–ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ သက်ရောက်ရာ ဆိပ်ကမ်းကြီးသဖွယ်လည်း ဖြစ်ပါပေ၏၊ သဗ္ဗသမ္ပတ္တိဒါယကော–လူ့ချမ်းသာလိုချင်လဲ ရ, နတ်ချမ်းသာလိုချင်လဲ ရ, နိဗ္ဗာန်ချမ်းသာလိုချင်လဲ ရ, သမ္ပတ္တိအမျိုးမျိုး, ကောင်းကျိုးအရပ်ရပ်တို့ကို ပေးစွမ်းနိုင်သော ဘုံဘဝကြီးလည်း ဖြစ်ပါပေ၏။

**ပုညက္ခေတ္တော**

တို့တတွေ ရရှိထားတဲ့ လူ့ဘဝကြီးဟာ"ပုညက္ခေတ္တော"ကောင်းမှုမျိုးစုံတွေကို ပြုလုပ်ခွင့်ရှိတဲ့ အခွင့်အခါကောင်းဖြစ်တဲ့ ဘုံကြီးဖြစ်ပါပေ၏–တဲ့။

လူ့ဘဝရောက်ကြောင်းဖြစ်တဲ့ ကောင်းမှုတွေ၊ နတ်ပြည်ရောက်ကြောင်း ကောင်းမှုတွေ၊ မဂ်ဖိုလ်ရကြောင်း ကောင်းမှုတွေ၊ နောက်ဆုံးနိဗ္ဗာန်အထိ ရောက်နိုင်တဲ့ ကောင်းမှုတွေကို ပြုလုပ်ဖို့ အခွင့်အခါသင့်တဲ့ ဘဝကြီးဖြစ်တယ်။ ဘုရားဖြစ်ချင်လဲ ဘုရားဖြစ်ကြောင်း ကောင်းမှုတွေကို များစွာ ပြုခွင့်ရတယ်။ ဒီ လူ့ဘဝကြီးကို ရရှိထားရင် ကောင်းမှုမျိုးစုံကို ပြုလုပ်နိုင်ပါတယ်။

ဒါကြောင့် ကောင်းမှုမျိုးစုံတွေကို ပြုလုပ်ခွင့်ရတဲ့ ဘဝဟာ လူ့ဘဝပါပဲ။ လူ့ဘဝမှာ ဒီ ဂုဏ်ရည်တွေရှိနေတယ်။ အပါယ်လေးပါးကိုသာ ရောက်သွားခဲ့ရင် ဘာကောင်းမှုမှ လုပ်ခွင့်မရှိတော့ပါဘူး။

ဒ့ါကြောင့် ကောင်းမှုမျိုးစုံတွေကို ပြုလုပ်နိုင်တဲ့ ဘဝဟာ

ဒီ လူ့ဘဝပဲဆိုတာ သဘောကျထားရမယ်။

**သသီမော**

နောက်တစ်ခါ၊ "သသီမော" ရဟန်းတွေ ဖြစ်ထွန်းရာ သိမ်တွေနဲ့ပြည့်စုံတဲ့ ဘုံဘဝကြီး ဖြစ်ပါပေ၏-တဲ့။

ရဟန်းတော်တွေရှိမှ သာသနာတည်နိုင်တယ်၊ ဒီ ရဟန်းတော်တွေ ဘယ်ကဖြစ်လာကြသလဲ၊ သိမ်က ဖြစ်လာကြတယ်၊ သိမ်ရှိမှ ရဟန်းပြုလို့ ရတယ်၊ သိမ်မရှိရင် ရဟန်းပြုလို့ မရဘူး၊ ရဟန်းတွေ မရှိရင် သာသနာလဲ မရှိနိုင်တော့ဘူးပေါ့။ ဒါကြောင့် သာသနာတည်ဖို့ အကြောင်းတွေထဲမှာ သိမ်ဟာလဲ အရေးကြီးတဲ့ကဏ္ဍက ပါဝင်နေပါတယ်။ သိမ်ဆိုတာလဲ ဘယ်ဘုံမှာပဲ ရှိနိုင်သလဲ၊ ဒီ လူ့ဘုံမှာသာ ရှိနိုင်တယ်။ လူ့ဘုံမှာလဲ သာသနာထွန်းကားတဲ့ တိုင်းပြည်မျိုးမှာပဲ ရှိနိုင်တယ်၊ နတ်ပြည်မှာ သိမ်မရှိဘူး။ ဒါကြောင့် လူ့ဘဝ၊လူ့ဘုံကြီးဟာ အခြားဘုံတွေနဲ့ မတူဘူး၊ ထူးခြားမှုရှိနေတယ်။

မိမိတို့ ရရှိထားတဲ့ လူ့ဘဝကြီးသည် သာသနာရဲ့ အသက်သဖွယ် ဖြစ်တဲ့ သိမ်တွေရှိတဲ့ နေရာဌာနဖြစ်တယ်၊ သာသနာရှိမှ သူတော်ကောင်းတရားတွေ ရှိနိုင်တယ်။ ဒီလို ဂုဏ်ရည်နဲ့ ပြည့်စုံနေတယ် နော်။

**သာသနုဇ္ဇလော**

နောက်တစ်ခါ၊ "သာသနုဇ္ဇလော" သာသနာထွန်းကားရာ အရပ်ကြီးဖြစ်ပါပေ၏-တဲ့။

ဒီ လူ့ဘဝကြီးဟာ မြတ်စွာဘုရားရဲ့ သာသနာတော်မြတ်ကြီး ထွန်းလင်းရာဖြစ်တဲ့ အရပ်ဒေသကြီးဖြစ်တယ်၊ မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ ပရိယတ်သာသနာ၊ပဋိပတ်သာသနာ၊ပဋိဝေဓဆိုတဲ့ သာသနာသုံးရပ်ဟာ ဒီလူ့ပြည်မှာပဲ စတင်ပြီး ပေါ်ထွက်လာခဲ့တယ်၊ လူ့ပြည်မှာဘုရားပွင့်လို့ သာသနာသည်လဲ လူ့ပြည်က စတင်ခဲ့တယ်။ ယနေ့တိုင်အောင် ဒီ သာသနာသုံးရပ်ဟာ မကွယ်ပျောက်ဘဲ တည်ရှိနေဆဲ ဖြစ်ပါတယ်။ ဒါကြောင့် လူ့ဘဝကြီးသည် သာသနာထွန်းကားရာ အရပ်ကြီးဖြစ်သော ဂုဏ်ရည်နဲ့ ပြည့်စုံနေပါတယ်။

## နိဗ္ဗာနတရဏော သေဋ္ဌော

နောက်တစ်ခါ၊ "နိဗ္ဗာနတရဏော သေဋ္ဌော"ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ သက်ရောက်ရာ ဆိပ်ကမ်းကြီးသဖွယ် ဖြစ်ပါပေ၏–တဲ့။

မိမိတို့ ရရှိထားတဲ့ လူ့ဘဝဟာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ ဘဝဖြစ်တယ်၊ နိဗ္ဗာန်ဆိုတာ ဗုဒ္ဓဘာသာဝင်များ လိုလားအပ်ဆုံး၊ တောင့်တအပ်ဆုံးသော အရာဖြစ်တယ်၊ ဗုဒ္ဓဘာသာဝင်တို့ရဲ့ အထွတ်အမြတ်ထားရာလဲဖြစ်တယ်၊ အဲဒီနိဗ္ဗာန်ကို လူ့ဘဝကို ရခိုက်မှာ နိဗ္ဗာန်ရောက်ကြောင်းကောင်းမှုတွေကို ပြုပြီးတော့ ရယူနိုင်တယ်။ ဒါကြောင့် ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်သို့ သက်ရောက်ရာဆိပ်ကမ်းကြီးသဖွယ်ဖြစ်ခြင်းဆိုတဲ့ ဂုဏ်ရည်နဲ့ ပြည့်စုံတဲ့ လူ့ဘဝကြီးဖြစ်တယ်။

## သဗ္ဗသမ္ပတ္တိဒါယကော

နောက်တစ်ခါ၊ "သဗ္ဗသမ္ပတ္တိဒါယကော" လူ့ချမ်းသာလိုချင်လဲရ၊ နတ်ချမ်းသာလိုချင်လဲရ၊ နိဗ္ဗာန်ချမ်းသာလိုချင်လဲရ၊ သမ္ပတ္တိအမျိုးမျိုးကောင်းကျိုး အရပ်ရပ်တွေကို ပေးစွမ်းနိုင်တဲ့ ဘဝကြီးဖြစ်ပါပေ၏–တဲ့။

ဒီ လူ့ဘဝကြီးကနေပြီးတော့ နတ်ပြည်သွားချင်လား၊ နတ်ပြည်ရောက်ကြောင်း ကောင်းမှုတွေကိုပြု၊ သွားလို့ ရပါတယ်၊ နတ်ပြည်ရောက်မယ်။ ထို့အတူ ဗြဟ္မာပြည်စတဲ့ သုဂတိဘဝတွေကို မိမိတို့အလိုရှိတဲ့အတိုင်းရရှိနိုင်တဲ့ ဘုံဘဝကြီးဖြစ်တယ်၊ ချမ်းသာအမျိုးမျိုးကို ရလိုရင်လဲ ချမ်းသာအမျိုးမျိုး ရရှိကြောင်း ကောင်းမှုတွေကို ပြုခွင့်ရှိတဲ့ ဘုံဌာနဖြစ်တယ်။ မိမိလိုတာကို လုပ်ယူလို့ရနိုင်တဲ့ ဂုဏ်ရည်နဲ့ ပြည့်စုံနေပါတယ်။

အဲဒါ လူ့ဘဝရဲ့ ဂုဏ်ရည်တွေပါပဲ၊ လူ့ဘဝကို ရခြင်းရဲ့ ကောင်းကျိုးတွေပဲ၊ အခွင့်အရေးတွေပဲ၊ လူ့ဘဝကို ရပြီဆိုရင် ဒီ အခွင့်အရေးတွေကို ယူလို့ရတယ်။ သိပ်တန်ဖိုးကြီးတဲ့ လူ့ဘဝ၊ အဆင့်အတန်းမြင့်တဲ့ လူ့ဘဝ၊ အထက်တန်းစားဘဝကြီးလို့ မှတ်ကြရမယ် နော်။

{၁}လူတစ်ယောက်ဟာ၊ ဖြစ်ဖို့ရာ၊ လွန်စွာခဲယဥ်းသည်။

ဖြစ်ခဲလှစွာ၊ လူဆိုတာ၊ ဖြစ်ကာနေရပြီ။

ဂုဏ်ရည်အမျိုးမျိုးနဲ့ ပြည့်စုံနေလို့ ရခဲတယ်၊ ရခဲတဲ့ လူ့ဘဝကြီး ကို ရရှိနေရပြီ။ ဒါ လူ့ဘဝ ရခဲပုံပါပဲ၊ ရခဲခြင်းတရား တစ်ပါးပါပဲ။

## ၂။ အသက်ရှည်ဖို့ ခဲရင်းပုံ

နောက်တစ်ခါ၊ ရခဲခြင်းတစ်ပါးက "ကိစ္ဆံ မစ္စာန ဇီဝိတံ"သတ္တဝါ တွေဟာ အသက်ရှည်ရှည်နေရဖို့ ခဲယဥ်းတယ်-တဲ့။

လူ့ဘဝကိုတော့ ရခဲ့ပါပြီ၊ ရနေပြန်တော့ အသက်ရှည်ဖို့ လိုလာ ပြန်တယ်၊ အသက်ရှည်ရှည်နေရတယ်ဆိုတာ လွယ်တာမဟုတ်ဘူး နော်၊ မလွယ်လို့လဲ ရခဲခြင်းတစ်ပါးအနေနဲ့ ပါဝင်နေခြင်းဖြစ်တယ်။

အသက်ရှည်ဖို့ဆိုတာလဲ မလွယ်ဘူး။ တချို့ကြည့်ပေ့ါ၊ အမိဝမ်း ခေါင်းထဲ ကိန်းအောင်းနေစဉ်မှာပဲ သေဆုံးကြရတယ်၊ တချို့ဆိုလဲ အမိ ဝမ်း အပြင်ရောက်တာနဲ့ သေဆုံးရတယ်၊ အသက် တစ်နှစ်၊ နှစ်နှစ် စသည်ဖြင့် လူ့ဘဝဆိုတာ ဘာရယ်လို့ မသိလိုက်ရပဲနဲ့ သေဆုံးကုန်ကြ တယ်၊ လူ့ဘဝရဲ့ ဂုဏ်ရည်တွေကို မဖြည့်ဆည်းသွားနိုင်ခဲ့ကြဘူး၊ ဒါလဲ ကောင်းတာမဟုတ်ဘူး နော်၊ လူ့ဘဝကို ရတယ်ဆိုရုံပဲ ပြောလို့ရတယ်၊ လူဖြစ်ရကျိုး မနပ်ဘူးပေ့ါ။

အသက်ရှည်ဖို့လွယ်ရဲ့လား၊ မလွယ်ပါဘူး နော်။ ယခုလို အသက် ရှည်ရှည်နဲ့နေရပြီး လူ့ဘဝရောက်နေကြရတာ အတိတ်က ကောင်းမှုတွေ ကြောင့်ပဲ၊ ပစ္စုပ္ပန်ဘဝ ကောင်းမှုတွေကလဲ အထောက်ကူပြုနေလို့ပဲ။

{၂}လူတစ်ယောက်ဟာ၊ ရှင်ဖို့ရာ၊ လွန်စွာခဲယဥ်းသည်။

ရှင်ခဲလှစွာ၊ သက်ဆိုတာ၊ ရှင်ကာ နေရပြီ။

ရှင်ခဲလှတဲ့ အသက်လဲ ရှင်နေကြရတဲ့အတွက် ရခဲခြင်းတစ်ပါး ကို မိမိတို့ ရရှိနေကြတယ်-လို့ သဘောပေါက်ကြရမယ် နော်။ ဒါက ဒုတိယမြောက် ရခဲခြင်းတရားတစ်ပါးပါပဲ။

## ၃။ သူတော်ကောင်းတရား နာရခဲပုံ

သူတော်ကောင်းတရားဆိုတာ ဘုရားအစရှိတဲ့ ပုဂ္ဂိုလ်တွေ၊ စစ်မှန် သော ဘာသာရေး၊ သာသနာရေးတွေကို လိုက်စားနေကြတဲ့ ပုဂ္ဂိုလ်တွေ၊

အရိယာပုဂ္ဂိုလ်တွေ။ ဒီလိုပုဂ္ဂိုလ်တွေဟာ သူတော်ကောင်းတွေပဲပေါ့။သူတို့ရဲ့ အဆုံးအမတွေ၊ နိဗ္ဗာန်ရောက်ကြောင်းတရားတွေ၊ ကောင်းမှုနဲ့ စပ်တဲ့ စကားတွေ၊ သာသနာသုံးရပ်နဲ့ စပ်တဲ့ စကားတွေ၊ တရားတွေ။ ဒါတွေကို သူတော်ကောင်းတရားလို့ ခေါ်ပါတယ်။

ဒီလို သူတော်ကောင်းတရားတွေကို နာယူမှတ်သားဖို့ဆိုတာလဲ မလွယ်ပါဘူး–တဲ့။

သူတော်ကောင်းတရားဆိုတာလဲ ဘုရားသာသနာနဲ့ ကြုံကြိုက်နေတဲ့ အချိန်ကာလမျိုးမှာမှ ပေါ်ပေါက်လာတာဖြစ်တယ်၊ သာသနာပကာလတွေမှာ သူတော်ကောင်းတရားကို နာကြားဖို့မဖြစ်နိုင်ပါဘူး၊ လူဖြစ်တိုင်း အသက်ရှင်နေတိုင်း သူတော်ကောင်းတရားနာကြားဖို့ မလွယ်ပါဘူး။

လူ့ဘဝရဖို့ ခဲယဉ်းတယ်၊ ရပြန်တော့ အသက်ရှင်ဖို့ ခဲယဉ်းပြန်ရော၊ အသက်ရှင်နေပြန်တော့လဲ ယခုလို သာသနာနဲ့ကြုံပြီး သူတော်ကောင်းတရားတွေ၊ နိဗ္ဗာန်ရောက်ကြောင်းတရားတွေ နာယူဖို့ရန် ခဲယဉ်းပြန်ရော။ ဒီလို အဆင့်ဆင့် ခဲယဉ်းနေတယ် နော်။

တို့ပရိသတ်က ယခုလို တရားတွေနာယူနေရလို့ သူတော်ကောင်းတရား နာခဲတယ်ဆိုတာ လက်ခံချင်မှ လက်ခံမယ်။ ဒိပြင် အယူဝါဒရှိနေသူတွေကို ကြည့်လိုက်ပါလား၊ ဒီနေ့ သာသနာကြီးရှိနေတယ်နော်၊ သူတော်ကောင်းတရားလဲ ရှိနေတယ်၊ သူတော်ကောင်းတရားတွေကို ဟောဖော်ညွှန်ပြမယ့်သူတွေလဲ ရှိနေတယ်။ ဒါပေမယ့် သာသနာကို မကိုးကွယ်သူတွေကျတော့ နာခွင့်ရရဲ့လား၊ သူတော်ကောင်းတွေကို တွေ့မြင်နေလျက်နဲ့ သူတော်ကောင်းမှန်းပင် မသိနိုင်ကြ၊ သူတော်ကောင်းတရား ဟောကြားသံတွေကို ကြားနေရပါလျက် သူတော်ကောင်းတရားမှန်း မသိနိုင်ကြ–ဖြစ်နေကြပါတယ်။ ဒီပုဂ္ဂိုလ်မျိုးတွေ ယနေ့ရှိနေတယ် နော်။

ဒါလောက်ဆို သူတော်ကောင်းတရား နာယူဖို့ ခဲယဉ်းကြောင်း သိလောက်ပါပြီ။ အဆင့်ဆင့် ခဲယဉ်းပုံလေးတွေပေါ့။

ဒါ့ကြောင့် နာယူရခဲတဲ့ သူတော်ကောင်းတရားတွေကို ယနေ့ ပရိသတ်ကြီး နာယူနေကြရတဲ့အတွက် ရခဲခြင်းတစ်ပါးကို မိမိတို့ လက်ဝယ်ပိုင်ပိုင် ရရှိနေကြတာပဲလို့ သဘောကျရမယ် နော်။

{၃}တရားတော်ဟာ၊ နာဖို့ရာ၊ လွန်စွာခဲယဉ်းသည်။

နာခဲလှစွာ၊ တရားမှာ၊ နာကာ နေရပြီ။

လူ့ဘဝလဲ ရ၊ အသက်လဲ ရှင်၊ သူတော်ကောင်းတရားလဲ နာကြားနေကြရတဲ့ မိမိတို့တတွေသည် ဝမ်းမြောက်ဖို့ကောင်းသလို ကောင်းမှုတွေလဲ ကြိုးစားပြီး ပြုဖို့ကောင်းလှတယ်ပေါ့။

## ၄။ ဘုရားပွင့်ဖို့ ခဲယဉ်းပုံ

နောက်တစ်ခါ၊ "ကိစ္ဆော ဗုဒ္ဓါနမုပ္ပာဒေါ" ဘုရားတစ်ဆူတစ်ဆူ ပွင့်ဖို့ရန် ခဲယဉ်းတယ်–တဲ့။

ဘုရားပွင့်ဖို့ဆိုဟာလဲ မလွယ်ပါဘူး၊ ခဲယဉ်းတာပဲ။ ဘာ့ကြောင့်လဲ။ ဘုရားဖြစ်ကြောင်း ကောင်းမှုတွေက သိပ်များတယ်။ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့၊ ဘာဝနာလေးပါး(တစ်နည်း)ငါးပါးတို့၊ စရိယသုံးပါးတို့ စသည်ဖြင့်ပေါ့လေ၊ သိပ်များပြားလှတယ်။ ဒီအကျင့်တွေကို ယခုကျင့် ယခုဘုရားဖြစ်သလားဆိုတော့လဲ မဖြစ်နိုင်ပြန်ဘူး။

ပါရမီတော်တွေကို ဖြည့်ကျင့်ဖို့ရာ များပြားလှသလို ဖြည့်ကျင့်ရတဲ့ အချိန်ကာလတွေကလဲ၊ ကြာမြင့်လှပါတယ်။ ဘယ်လောက်တောင်ကြာသလဲ၊ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတဲ့၊ ရှစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းတဲ့၊ တစ်ဆယ့်ခြောက်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းတဲ့။ ကဲ–ဘယ်လောက်ကြာညောင်းလှသလဲ ကြည့်ပေါ့နော်။ ဒီလောက် များပြားလှတဲ့ ဘုရားဖြစ်ကြောင်း ကောင်းမှုတွေကို အဲဒီလောက်ကြာမြင့်လှတဲ့ အချိန်တိုင်အောင် ဖြည့်ကျင့်နေရတာဖြစ်လို့ ဘုရားတစ်ဆူပွင့်ဖို့ဆိုတာ ခဲယဉ်းတယ်–လို့ ဖြစ်လာရတာပဲ။

ဘုရားတစ်ဆူတစ်ဆူ ပွင့်ဖို့ မလွယ်ကူလှတော့ ဘုရားပွင့်မှ ပေါ်ပေါက်လာရတဲ့ သာသနာဆိုတာလဲ ခဲယဉ်းပြီပေါ့ နော်။ ဘုရားပွင့်မှ သာသနာရှိနိုင်ပါတယ်၊ ဘုရားမပွင့်က သာသနာဆိုတာ မရှိနိုင်ဘူး။ ဒါကြောင့် ဘုရားသာသနာနဲ့ ကြုံတွေ့ဖို့ရန် ခဲယဉ်းတယ်။

{၄}ဘုရားသာသနာ၊ တွေ့ဖို့ရာ၊ လွန်စွာခဲယဉ်းသည်။

တွေ့ခဲလှစွာ၊ သာသနာ၊ တွေ့ကာ နေရပြီ။

ယခုတည်ရှိနေတဲ့ သာသနာဟာ ဘုရားရှင်ရဲ့ သာသနာဖြစ်တယ်၊ ဘုရားရှင်တည်ထောင်သွားလို့ ဘုရားသာသနာနဲ့ ကြုံနေရတာလဲ ဘုရားရှင်နဲ့ ကြုံနေကြရတာနဲ့ အတူတူပါပဲ။

သာသနာဆိုတာ ဘုရားရှင်ရဲ့ အဆုံးအမကိုခေါ်တာပါ၊ ဘုရားရှင်အဆုံးအမတွေ ရှိနေသမျှကာလပတ်လုံး ဘုရားရှင်ရှိနေတာနဲ့ အတူတူပါပဲ။ တွေ့ခဲ, ဆုံခဲ, ကြုံခဲလှတဲ့ သာသနာကြီးနဲ့ တွေ့ဆုံကြုံကြိုက်နေရပါပြီ။ ဒါ ရခဲခြင်းတရားတစ်ပါးကို ရရှိနေကြခြင်းပဲလို့ သဘောကျထားရမယ်။

**လေးပါးလုံးနဲ့ ပြည့်စုံဖို့လဲ ခဲယဉ်း**

ပေါင်းတော့ ရခဲခြင်းလေးပါး။ ဒီ လေးပါးလုံးနဲ့ ပြည့်စုံဖို့ရန်လဲ မလွယ်ဘူး။ တစ်ပါးချင်းနဲ့ ပြည့်စုံကြုံကြိုက်ဖို့ရန် ခဲယဉ်းနေရင် လေးပါးလုံးနဲ့ ပြည့်စုံဖို့ဆိုတာ ပိုပြီးတော့ ခဲယဉ်းသွားပြီပေါ့။

ဒီကနေ့ ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမအပေါင်းတွေကတော့ အကြောင်းလေးပါးလုံးနဲ့ ပြည့်စုံနေကြပါတယ်၊ ရခဲခြင်းလေးပါးလုံးနဲ့ ပြည့်စုံနေကြပါတယ် နော်၊ လေးပါးလုံးနဲ့ ဆုံနေကြရပါပြီ။ ဒီတော့–

အကြောင်းလေးဖြာ၊ ဆုံဖို့ရာ၊ လွန်စွာ ခဲယဉ်းသည်။

ဆုံခဲလှစွာ၊ ကြောင်းလေးဖြာ၊ ဆုံကာ နေရပြီ။

အကြောင်းလေးဖြာ၊ ဆုံလို့လာ၊ အရိယာမဂ်တော့ ရသင့်ပြီ။

အကြောင်းလေးပါးလုံးနဲ့ ဆုံနေခိုက်မှာ ဘာတွေလုပ်သင့်သလဲ၊ အရိယာမဂ်ကို ရရာရကြောင်း ကောင်းမှုတွေကို ပြုလုပ်သင့်ကြပြီ–တဲ့။ အပါယ်လေးပါးမှ လွတ်မြောက်ပြီး သုဂတိချမ်းသာတွေကို ရရှိဖို့၊ နောက်ဆုံး မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို ရရှိဖို့ သင့်တော်ပြီ–တဲ့။ တိုက်တွန်းထားတယ် နော်။

အဲဒီလို သတိပေးတိုက်တွန်းထားရက်နဲ့ မေ့လျော့ကာ နေကြမယ်ဆိုရင် ရခဲတဲ့ လူ့ဘဝကို ရရကျိုးနပ်မှာ မဟုတ်ဘူး။ အသက်ရှင်နေရတာ ရှင်ရကျိုးနပ်မှာ မဟုတ်ဘူး။ သူတော်ကောင်းတရားတွေ နာကြားရကျိုးနပ်မှာ မဟုတ်ဘူး။ သာသနာနဲ့ တွေ့ရကျိုးနပ်မှာ မဟုတ်ဘူး။

ရရှိထားတဲ့ ရခဲခြင်းတွေနဲ့ ပြည့်စုံနေချိန်မှာ မဂ်တရား ဖိုလ်တရား

ရရှိနိုင်ကြောင်းဖြစ်တဲ့ ကောင်းမှုတွေကို ကြိုးစားပြီးပြုလုပ်ကြပါလို့ တိုက်တွန်းထားပါတယ်။

တိုက်တွန်းလျက်နဲ့ သတိမေ့လျော့ ပေါ့ပေါ့တန်တန် နေကြမယ်ဆိုရင် သံသရာမှာ ဒုက္ခတွေ ဆက်ပြီးတော့ များကြကုန်လိမ့်မယ်။ မမေ့မလျော့နေသူတွေကတော့ သံသရာခရီးကို ဆက်လက်ပြီး မလျှောက်လှမ်းကြရတော့ဘူးပေါ့။

ဒီနေရာမှာ မေ့လျော့နေတဲ့ပုဂ္ဂိုလ်မျိုး မဖြစ်ရလေအောင် သတိပေးတဲ့အနေနဲ့ သတိပြုစရာ၊ အတုယူစရာ သာဓကတစ်ခု ထုတ်ပြပါမယ်။

**သောဏစစ်သူကြီး အကြောင်း** (သောဏပေါဋိရိယတ္ထေရဂါထာ)

မြတ်စွာဘုရားလက်ထက်တော်က ပေါဋိရိယရွာစားရဲ့သားဖြစ်တဲ့ သောဏဆိုတဲ့ စစ်သူကြီးတစ်ယောက်ရှိခဲ့ပါတယ်၊ အဲဒီ စစ်သူကြီးဟာ အဆူဆူသောဘုရားရှင်တို့ရဲ့ လက်ထက်မှာ ဝိဝဋ္ဋနိဿိတဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုတွေကို ပြုခဲ့တယ်၊ ၃၂–ကမ္ဘာထက်မှာ ပွင့်တော်မူတဲ့ သိခီမြတ်စွာဘုရားလက်ထက်မှာ မုဆိုးလုလင်တစ်ယောက်ဖြစ်တုံးကလဲ သိခီမြတ်စွာဘုရားအား "ကုရဏ္ဍိယ"လို့ခေါ်တဲ့ သစ်သီးခဲဖွယ်ကို စေတနာသုံးပါးပြဋ္ဌာန်းပြီး ဆက်ကပ်လှူဒါန်းခဲ့ဖူးတယ်။

ဒီလို ပြုစုထားတဲ့ ကောင်းမှုကံတို့ကြောင့် ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရားလက်ထက်တော်အခါကျတော့ ကပိလဝတ်နေပြည်တော်မှာ ပေါဋိရိရွာစားရဲ့သား သောဏဆိုတဲ့ လုလင် ဖြစ်လာခဲ့တယ်။ ရှေးက ပြုစုခဲ့တဲ့ ကောင်းမှုတွေကြောင့် လူ့ဘဝကို ရရှိလာခြင်းဖြစ်တယ်။ အရွယ်ရောက်တဲ့အခါ ဘဒ္ဒိယမင်းကြီးထံမှာ စစ်မှုထမ်းတော့ စစ်သူကြီးရာထူးကို ရရှိတယ်။

အဲဒီအချိန်မှာ ဘဒ္ဒိယမင်းကြီးဟာ သံဝေဂတွေဖြစ်ပြီး တောထွက်ရဟန်းပြုသွားတယ်။ ဒီအခါမှာ သောဏစစ်သူကြီးက စဉ်းစားတယ်– ဘဒ္ဒိယမင်းကြီးသော်မှ တိုင်းပြည်တွေ၊ စည်းစိမ်ချမ်းသာတွေ၊ ဇနီးမယားသမီးသားတွေကို စွန့်ခွာပြီးတော့ တောထွက်ပြီး ရဟန်းပြုနိုင်သေးရင် ငါလဲ ဒီလို ဃရာဝါသ အိမ်ရာတည်ထောင် လူ့ဘောင်မှာနေခြင်းဖြင့် ဘာအကျိုးရှိမှာလဲ၊ တောထွက်ပြီး ရဟန်းပြုမယ်လို့ စဉ်းစားမိပြီး

ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ သာသနာတွင်းဝင်ရောက်ပြီး ရဟန်းပြု လိုက်ပါတယ်။ ကာမဂုဏ်စည်းစိမ်တွေကို စွန့်လွှတ်ကြပြီး ရဟန်းပြုသွား ကြတယ် နော်။

ဟိတွာ ကာမေ ပဗ္ဗဇိံသု ၊ သဒ္ဓါ ဂမ္ဘီရစိန္တကာ။

တေ တုမှေပျ'နုသိက္ခဝေါ ၊ ပဗ္ဗဇိတာ သုပေသလာ။

သဒ္ဓါ–ဘုရားအလျှာ, ပစ္စေကာနှင့်, အရိယာနွယ်လောင်း, ရှေး သူတော်ကောင်းတို့သည်။

ဂမ္ဘီရစိန္တကာ–တွေ့ကြုံသမျှ, မှုကိစ္စဝယ်, အဓ္ဈတ္တဥ္ဈ, ဉာဏ်မြင် ဆိုက်အောင်, လိုက်လိုက်လှဲလှဲ, စိတ်တော်စွဲ၍, နက်နဲသည့် ဓာတ်သဘော တွေကို, နက်နဲစွာဆင်ခြင်, အကြံကောင်း ဉာဏ်ကောင်း ဝင်ကြကုန်သည် ဖြစ်၍။

ကာမေ–ရှေ့ကပြုဖန်, ကုသိုလ်ကံတို့, စီမံထောက်မ, အလျောက် ရသား, များလှနည်းသွယ်, ကြီးကြီးငယ်ပေ, ကြီးငယ်ရောစု, ကိုယ်တော် ဘို့ပိုင်သသည့်, ကာမဝတ္ထုအစုစုတို့ကို။

ဟိတွာ–ငါတို့ ပိုင်ထား, ဤကာမတရားတို့သည်ကား, အများ တကာတို့နှင့်ဆက်ဆံ, ဘေးရန်တွေက ဝန်းရံ, ရန်သူတွေက အလွန်များ, ကြောက်လန့်ဖွယ်တွေတကားဟူ၍, ကြောက်အားတော်ဉာဏ်ကျယ်, လွတ် လွတ်ကြီး စွန့်ပယ်ကြကုန်လျက်။

ပဗ္ဗဇိံသု–ဃရာဝါသ, ကျပ်တည်းလှသည့်, ကိစ္စများမြောင်, လူတို့ဘောင်မှ, လွတ်အောင်ကျုံးလျက်, ရန်းကန်ထွက်၍, နှစ်သက်ရွှင် လန်း, မြတ်သင်္ကန်းဖြင့်, ရှင်ရဟန်းပြုတော်မူကြလေကုန်၏။

သုပေသလာ–သီလသိက္ခာ, လွန်စွာချစ်တတ်, သူတော်မြတ် ဖြစ်ကြကုန်သော။

တုမှေ ပိ–သင်သူတော်ကောင်း အပေါင်းတို့သည်လည်း။

တေ ကာမေ–ထို ဝတ္ထု ကိလေ, နှစ်ထွေသော ကာမတို့ကို။

ဟိတွာ–တစ်စတစ်စ, ပယ်စွန့်နိုင်ကြကုန်သည်ဖြစ်၍။

ပဗ္ဗဇိတာ–ရှင်ရဟန်းပြုကြကုန်လျက်။

အနုသိက္ခဝေါ–အမှုအလိုက်, အတုလိုက်ကာ, ပြုထိုက်လုပါမေ ကုန်တော့ သတည်း . . .။

ဘဒ္ဒိယမင်းကြီးတို့ သောဏစစ်သူကြီးတို့ဆိုတာ သာမန်ပုဂ္ဂိုလ် တွေ မဟုတ်ကြဘူး၊ တိုင်းပြည်ရဲ့အာဏာတွေ၊ မင်းရဲ့စည်းစိမ်တွေကို ပိုင်ဆိုင် ထားကြတဲ့ ပုဂ္ဂိုလ်ကြီးတွေဖြစ်တယ်၊ သို့သော်လဲ ရှေ့ဘဝတွေက ပြုခဲ့တဲ့ ကောင်းမှုပါရမီတို့ကြောင့် သူတို့ ရရှိထားတဲ့ စည်းစိမ်တွေရဲ့ အပြစ်တွေကို မြင်ပြီးတော့ စွန့်လွှတ်နိုင်ခဲ့ကြတယ်။ များစွာသော ပုထုဇဉ် တွေ အာသာငန်းငန်း စွဲလမ်းနှစ်သက်နေတဲ့ စည်းစိမ်တွေရဲ့ အပြစ်တွေကို မြင်နိုင်ကြတယ်။ ဒီလို ဂမ္ဘီရဉာဏ်ရှိတဲ့ သူတော်ကောင်းပညာရှိတွေမှသာ ကာမဂုဏ်တို့ရဲ့ အပြစ်တွေကို မြင်နိုင်ပါတယ်။

ကာမဂုဏ်စည်းစိမ်တို့ရဲ့ အပြစ်တွေကို ဆင်ခြင်သိမြင်ပြီးတော့ သံဝေဂဉာဏ်အရင်းခံလျက် ဘဒ္ဒိယမင်းကြီးတို့ သောဏစစ်သူကြီးတို့ ဟာ ရဟန်းပြုခဲ့ကြတယ်။

သောဏရဟန်းကြီးဟာ ကာမဂုဏ်တွေစွန့်ပြီး ရဟန်းပြုခဲ့ပေမယ့် ရဟန်းအဖြစ်ကိုရပြီးတဲ့နောက်မှာတော့ ကိလေသာမာရ်ရဲ့လှည့်စားမှု ကြောင့် ရဟန်းဘဝရောက်တဲ့အချိန်က စပြီး သူ့ရဲ့မူလရည်ရွယ်ချက်တွေ လမ်းစပျောက်ပြီး အိပ်ကာစားကာနဲ့ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နဲ့ နေတယ်၊ ရဟန်းတရား အားမထုတ်ဘဲ နေတယ်။

## ပမာဒပုဂ္ဂိုလ်တွေ

ရဟန်းလဲ ရဟန်းအလျောက်၊ လူလဲ လူအလျောက်၊ မိမိတို့ ဆိုင်ရာ တရားဓမ္မအလုပ်တွေကို အားထုတ်ကြရမှာဖြစ်ပါတယ်။ အားမ ထုတ်ဘဲနေတဲ့ပုဂ္ဂိုလ်ဟာ"ပမာဒပုဂ္ဂိုလ်"လို့ မြတ်ဗုဒ္ဓ ဟောတော်မူတယ်၊ ပမာဒဆိုတာ မေ့လျော့နေတယ်လို့ ဆိုလိုတယ်။ ဘယ်အရာတွေမှာ မေ့ လျော့နေရင် ပမာဒပုဂ္ဂိုလ်လို့ ခေါ်ဆိုရသလဲ၊ ဒုစရိုက်တရားတွေမှာ စိတ် ညွတ်ပြီးနေတဲ့ ပုဂ္ဂိုလ်တွေ၊ အာရုံကာမဂုဏ်တွေမှာပဲ စိတ်ညွတ်နေကြတဲ့ ပုဂ္ဂိုလ်တွေ၊ ဝိပဿနာဘာဝနာတရားတွေကို လက်လွှတ်,စိတ်လွှတ် ထား ကြတဲ့ ပုဂ္ဂိုလ်တွေ။ ဒီပုဂ္ဂိုလ်တွေကို ပမာဒပုဂ္ဂိုလ်လို့ ခေါ်ဆိုရပါတယ်။

ဒုစရိုက်မှာ၊ စိတ်ညွတ်ကာ၊ နေကာ မေ့ထ၊ ပမာဒ။

ကာမဂုဏ်မှာ၊ စိတ်ညွတ်ကာ၊ နေကာ မေ့ထ၊ ပမာဒ။

ဘာဝနာမှာ၊ စိတ်လွတ်ကာ၊ နေကာ မေ့ထ၊ ပမာဒ။

သောဏရဟန်းကြီးလဲ ရဟန်းဝတ်တဲ့နေ့ကစပြီးတော့ ပမာဒတရားတွေလွှမ်းပြီး မေ့လျော့စွာ နေထိုင်တယ်၊ အိပ်ကာစားကာ နေတယ်၊ အဲဒီလို နေထိုင်နေတာကို မြတ်ဗုဒ္ဓက အနုပိယမြို့ သရက်ဥယျာဉ်အတွင်းမှ လှမ်းမြင်တော်မူတယ်။

အော်–ငါဘုရားရဲ့ သာသနာတော်မှာ သောဏဆိုတဲ့ စစ်သူကြီးဟာ ရဟန်းဝတ်ပြီးတော့ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် ပမာဒတရားတွေလွှမ်းမိုးပြီး နေပါပေါ့လား၊ ရဟန်းတရားတွေ လက်လွှတ်ပြီး နေပါပေါ့လား၊ ဒီ သောဏရဟန်းကြီးကို သတိသံဝေဂရစေလျက် မဂ်,ဖိုလ်ရကြောင်းတရားကောင်းတွေကို အားထုတ်နိုင်အောင် တရားဟော ဆုံးမဦးမှပဲ–ဆိုပြီး အနုပိယသရက်ဥယျာဉ်အတွင်းက ကြဘာသရောင်ခြည်တော်တွေ လွှတ်ပြီး တရားလှမ်းဟောတော်မူတယ်။

န တာဝ သုပိတုံ ဟောတိ ၊ ရတ္တိ နက္ခတ္တမာလိနီ။

ပဋိဇဂ္ဂိတုမေဝေ'သာ ၊ ရတ္တိ ဟောတိ ဝိဇာနတာ။

(သောဏ–ချစ်သား သောဏ) နက္ခတ္တမာလိနီ–နက္ခတ်ပန်းတို့ဖြင့် ဆန်းကြယ်သော၊ ဝါ–နက္ခတ်ပန်းအစဉ်တို့ဖြင့် ကြည်လင်တောက်ပသော၊ ဧသာ ရတ္တိ–သားငှက် တိရစ္ဆာန်, လူသံဆိတ်ငြိမ်, အချိန်အေးမြ, ဤညဉ့်ကာလသည်၊ ဝိဇာနတာ–သဒ္ဓါပညာ, မြစွာလုံ့လ, ဥဿာဟနှင့်, ပြည့်စုံကြကုန်သော ပညာရှိတို့အား၊ ပဋိဇဂ္ဂိတုမေဝ–နိုးနိုးကြားကြား, ရဟန်းတရားကို, အားထုတ်ရန်အလို့ငှာသာလျှင်၊ ဟောတိ–စင်စစ်မသွေ, ဖြစ်ပါပေ၏၊ ဧသာ ရတ္တိ–ဤညဉ့်သည်၊ သုပိတုံ–အိပ်စက်ခြင်းငှာ၊ န တာဝ ဟောတိ–ဖြစ်လာသည်မဟုတ်ပေ။

ဣတိ–ဤသို့၊ ဣမံ ဓမ္မဒေသနံ–ဤဓမ္မကထာ,ဒေသနာကို၊ ဘဂဝါ–ဘုန်းတော်ခြောက်စုံ, တန်ခိုးဂုဏ်နှင့်, ပြည့်စုံပေကြား, မြတ်ဘုရားသည်၊ အဝေါစ–ကရုဏာရှေ့သွား, ပညာအားဖြင့်, ဟောကြားတော်မူလိုက်ပါပေ သတည်း . . .။

မြတ်စွာဘုရားက သရက်ဥယျာဉ်အတွင်းကနေ ဩဘာသရောင် ခြည်တော်တွေလွှတ်ပြီးတော့ သောဏရဟန်းကြီးကို တရားလှမ်းဟောတာ၊ သတိလှမ်းပေးတာ နော်။

ချစ်သားသောဏ၊ ယခုလို နက္ခတ်ပန်းတို့ဖြင့် ဆန်းကြယ်သော၊ နက္ခတ်ပန်းတို့ဖြင့် ကြည်လင်တောက်ပသော၊ သားငှက်တိရစ္ဆာန် လူသံတွေ ဆိတ်ငြိမ်နေတဲ့ ညဥ့်အခါမှာ အိပ်စက်နေလို့ မသင့်ဘူး၊ အိပ်စက်ဖို့ အချိန်ပေးထားတာ မဟုတ်ဘူး၊ သဒ္ဓါပညာ လုံ့လဥဿာဟရှိတဲ့ သူတော်ကောင်းတွေအတွက် ရဟန်းတရားအားထုတ်ရန်သာ ဖြစ်တယ်။

ဒါကြောင့် သင်ချစ်သားသောဏသည် မမေ့မလျော့သော သတိတရားဖြင့် ရဟန်းတရားကို အားထုတ်ပါ့လို့ သတိပေးတိုက်တွန်းတော်မူပါတယ်။

ဒီအခါမှာ သောဏရဟန်းကြီးဟာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားတယ်၊ သံဝေဂတွေ, အရှက်အကြောက်တွေ ဖြစ်သွားတယ်။ ယခုလို သံဝေဂတွေဖြစ်၊ အရှက်အကြောက်တွေဖြစ်ပြီးတော့ အဗ္ဘောကာသိကဓုတင်ကို ဆောင်တယ်၊ ဆောက်တည်တယ်။ အဗ္ဘောကာသိကဓုတင်ဆိုတာက ကျောင်း-စတဲ့ အရိပ်အမိုးရှိတဲ့ အရပ်တွေမှာ မနေဘဲ အမိုးအကာကင်းတဲ့ လွင်ပြင်မှာနေတာကို အဗ္ဘောကာသိကဓုတင်ဆောင်တယ်လို့ခေါ်ပါတယ်။ သောဏရဟန်းကြီးဟာ ဘုရားရှင်သတိပေးပြီးတဲ့နောက်၊ အဲဒီ အဗ္ဘောကာသိကဓုတင်ကို ဆောက်တည်ပြီး တရားအားထုတ်တဲ့အခါ တစ်ခု စဉ်းစားမိလာတယ်။ ဘယ်လိုစဉ်းစားမိလဲဆိုတော့-

ဟတ္ထိက္ခန္ဓာ'ဝပတိတံ ၊ ကုဉ္စရော စေ အနုက္ကမေ။

သင်္ဂါမေ မေ မတံ သေယျော ၊ ယဉ္စေ ဇီဝေ ပရာဇိတော။

ဟတ္ထိက္ခန္ဓာ-လူဖြစ်စဉ်က, တိုက်ဆင်ကိုစီး, စစ်ပွဲကြီးမှာ, စစ်ထိုးရာ ဆင်ကျောက်ကုန်းထက်မှ၊ အဝပတိတံ-ဦးစောက်ပြောင်းပြန်, လန်၍ကျသော ငါ့ကို၊ ကုဉ္စရော-ငါစီးသော တိုက်ဆင်ကြီးသည်၊ စေ အနုက္ကမေ-မှုန့်မှုန့်ညက်ကြေ, နင်းခြေသည်ဖြစ်အံ့။

သင်္ဂါမေ-ပကတိစစ်ပွဲ၌၊ မေ-ငါ၏၊ မတံ-သေရခြင်းသည်၊ သေယျော-မြတ်လှပေသေး၏၊ ပရာဇိတော-ရဟန်းဖြစ်ပါလျက်,

ကိလေသာစစ်ပွဲမှ, ရှုံးသည်ဖြစ်၍၊ ဇီဝေ ဇီဝေယျံ–အသက်ရှည်၍နေရပါ မူကား၊ ယဒ္ဓေ သေယျော–မကောင်းမြတ်နိုင်ချေ၊ (ဣတိ–ဤသို့၊ သောဏတ္ထေရော–သောဏရဟန်းကြီးသည်၊ စိန္တေသိ–ကောင်းစွာမသွေ ကြံစည်မိလေတော့သတည်း . .)။

သောဏရဟန်းကြီး ကြံစည်မိတာနော်။ ငါဟာ လူဖြစ်စဉ်အခါက စစ်သူကြီးဘဝနဲ့ တိုက်ဆင်ကြီးရဲ့ ကျောက်ကုန်းထက်မှာ တိုက်ပွဲဝင်ရင်း အဲဒီ တိုက်ဆင်ကြီးရဲ့ကျောက်ကုန်းပေါ်ကကျပြီး ဆင်နင်းသတ်လို့သေသွား တာကမှ မြတ်သေးတယ်။ ယခု ရဟန်းပြုထားတဲ့ ငါသည် ရဟန်းဖြစ်ပါ လျှက် ကိလေသာစစ်ပွဲမှာ ရှုံးပြီးတော့ အရှုံးနဲ့သေရခြင်းက မမြတ်ပေ ဘူး–တဲ့။ အဲဒီလို ဆင်ခြင်အားတင်းပြီး ရဟန်းတရားဖြစ်တဲ့ ဝိပဿနာ ဘာဝနာတွေကို အပြင်းအထန် ကြိုးစားအားထုတ်လိုက်တာ မကြာခင်မှာဘဲ အရဟတ္တမဂ် အရဟတ္တဖိုလ်ဆိုက်ပြီး ရဟန္တာဖြစ်သွားတယ်။

သောဏရဟန်းကြီး စဉ်းစားတာကို သတိပြုဖို့ကောင်းလှတယ်။ လူ့ဘဝတုံးက သူက စစ်သူကြီး။ စစ်သူကြီးဆိုတော့ ဆင်စီးပြီး စစ်တိုက် ခဲ့ရတာ။ အဲဒီအချိန်က ဆင်ပေါ်ကကျ၊ ဆင်နင်းပြီး သေသွားတာကမှ ကောင်းအုံးမယ်၊ ယခု ရဟန်းဖြစ်ပြီး ကိလေသာစစ်ပွဲကျမှ ကိလေသာကို မအောင်ဘဲ သေသွားရင် မကောင်းဘူး, မမြတ်ဘူး–တဲ့။

ရဟန်းဘဝနဲ့ ကိလေသာတွေကုန်အောင် အားထုတ်ရတယ်ဆိုတာ စစ်ပွဲတစ်ခု ဆင်နွှဲတာနဲ့ အတူတူပဲ၊ ကိလေသာစစ်ပွဲပေါ့ နော်။ ဒီစစ်ပွဲ မျိုးဟာလဲ လွယ်လွယ်နဲ့ အောင်မြင်နိုင်တာမျိုးမဟုတ်ဘူး၊ အပြင်းအထန် ကြိုးစားအားထုတ်မှ၊ နေ့ညမပြတ် တလစပ်အားထုတ်မှ။ စားကာ,အိပ်ကာ နဲ့ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နဲ့၊ ထမင်းစား ရေသောက်သဘော မျိုးနဲ့ အားထုတ်လို့ ရတာမျိုးမဟုတ်ဘူး။

ဒါကြောင့် တရားအားထုတ်မှုကို စစ်ပွဲတစ်ပွဲ ဆင်နွှဲရတဲ့ ဥပမာနဲ့ နှိုင်းပြီး ပြောဆိုလေ့ရှိကြတယ်။

သောဏရဟန်းကြီးလဲ အဲဒီလိုမြင်တယ် နော်။ ကိလေသာတွေကို လွယ်လွယ်နဲ့ အောင်ဖို့ဆိုတာ မလွယ်ပါဘူး၊ စစ်ပွဲတစ်ပွဲ ဆင်နွှဲရသလို ခက်ခဲပါတယ်၊ ဒီလို ခက်ခဲကြောင်းကို ယခု သောဏရဟန်းကြီး စဉ်းစား ခန်းကိုကြည့်လျှင် သိနိုင်ပါတယ်။

ယနေ့ ဒါယကာ ဒါယိကာမအပေါင်းတွေလဲပဲ ကိလေသာစစ်ပွဲကို အောင်မြင်လိုရင် မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေလို့ မရဘူးနော်၊ လုံ့လဝီရိယနဲ့ အားစိုက်ပြီး ပြင်းပြင်းထန်ထန် ကျိုးစားရမယ်။ သောဏရဟန်းကြီးကတော့ ကြိုးစားလိုက်တာ ရဟန္တာမထေရ်မြတ်ကြီး ဖြစ်သွားခဲ့ပါတယ်။

ဒါကြောင့် ရခဲလှတဲ့ လူ့ဘဝကြီးကို ရရှိနေခိုက်မှာ၊ ရှင်ခဲတဲ့ အသက် ရှင်နေချိန်မှာ၊ နာကြားရခဲတဲ့ သူတော်ကောင်းတရားတွေကို နာကြားနေရတဲ့ အချိန်မှာ၊ ဘုရားသာသနာနဲ့ ကြုံနေကြရတဲ့ အချိန်မှာ၊ သောဏရဟန်းကြီးကို အတုယူကြရမယ်။ အားကျပြီးတော့ ကျင့်သုံးရမယ်။

ရခဲခြင်းတရားလေးပါး–တဲ့။ ဒီ တရားလေးပါးလုံးကို တို့ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ ယနေ့ မရရှိထားကြဘူးလား၊ ရရှိထားကြတယ် နော်။ အကြောင်းလေးပါးလုံးစုံအောင် ရရှိနေကြတယ်၊ နောက်နောင်ဘဝတွေမှာလဲ ယခုလို အခါကောင်း အခွင့်ကောင်းနဲ့ ကြုံကြိုက်ရလေအောင်၊ မဂ်ဖိုလ်တရားတွေကို ရရှိအောင်၊ ပေါ့ပေါ့တန်တန်မနေဘဲ လုံ့လဝီရိယ စိုက်ထုတ်ပြီးတော့ ကောင်းမှုတွေကို ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းရင်း– –

ဥဒယဗ္ဗယသင်္ခါရေ ၊ နိဗ္ဗိန္ဒိတွာန ပဏ္ဍိတော။

သကိစ္စမနုယုဉ္ဇေယျ ၊ မောဃကာလံ န ခေပယေ။

ပဏ္ဍိတော–ပညာရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်၊ ဥဒယဗ္ဗယသင်္ခါရေ–ဖြစ်လျှင်ပျက်စဲ, မမြဲလေ့တုံ့, တေဘုမ္မက, သင်္ခါရတရား, ရုပ်နာမ်နှစ်ပါး၌၊ နိဗ္ဗိန္ဒိတွာန–နဖူးလက်တင်, ဆင်ခြင်မှိုင်မေ့, ငြီးငွေ့သည်ဖြစ်၍၊ သကိစ္စံ–သီလသမာဓိ, ဝိပဿနာ ဟူသော မိမိကိစ္စကိုသာလျှင်၊ အနုယုဉ္ဇေယျ–နေ့ရောညဉ့်ပါ, ဘယ်ခါမစဲ, အမြဲမကွာ, အားထုတ်ကျင့်သုံးရာ၏၊ မောဃကာလံ–တစ်သက်တာမျှ, တစ်ဝမ်းဝကာ, လိုရာမပြီး, အချည်းနှီးသော ကာလကို၊ န ခေပယေ–မကုန်မခန်း, မကျွမ်းစေရာ သတည်း . . .။

# ဥစ္စာလေးမျိုး ဒေသနာ

ယနေ့ဟာ ဝါခေါင်လကွယ်နေ့ ဖြစ်ပါတယ်၊ ဝါခေါင်လကွယ်နေ့မှာ ဘုန်းကြီးအနေနဲ့ "ဥစ္စာလေးမျိုး"ဆိုတဲ့ တရားတော်ကို ဟောကြားမယ်လို့ နှလုံးသွင်းခဲ့ပါတယ်။

သဒ္ဓါ ဗန္ဓတု ပါထေယျံ ၊ တဒေသနံ ဣမေဝ ဟိ။

ဘဝန္တရေ န လဗ္ဘေယျ ၊ အပါထေယျေ'တိဒုက္ခိတော။

(သာဓဝေါ–နှလုံးပျော့ပျောင်း အို သူတော်ကောင်းတို့) သဒ္ဓါ, သဒ္ဓါယ–ရတနာသုံးပါး, ကံ ကံရဲ့အကျိုးတရားကို, အားထားယုံကြည်သော သဒ္ဓါတရားဖြင့်၊ ပါထေယျံ–သံသရာရိက္ခာလို့ ဆိုရတဲ့ ဒါန,သီလ, ဘာဝနာ အစရှိတဲ့ ကုသိုလ်ရိက္ခာတွေကို၊ ဗန္ဓတု–ချည်နှောင်ဖွဲ့တုပ်,အထုပ်ထုပ်ပါလော။ တဒေသနံ–ထိုသံသရာရိက္ခာကို ရှာမှီးခြင်းမည်သည်၊ ဣမေဝ–ဤပစ္စက္ခဘဝ၌သာလျှင်၊ ဟောတိ ဟိ,ဟောတိ ဧဝ–ဖြစ်နိုင်သည်သာလျှင်တည်း၊ ဘဝန္တရေ–ဘဝတစ်ပါး၌၊ န လဗ္ဘေယျ–ရိက္ခာထုပ်ဖို့ရာ အခွင့်သာမည်မဟုတ်တော့ပေ။ အပါထေယျေ–ကုသိုလ်ရိက္ခာထုပ်မပါခဲ့သည်ရှိသော်၊ အတိဒုက္ခိတော–အလွန်တရာမှ ဆင်းရဲဒုက္ခရောက်ရမည်သာ၊ ဟောတိ–မုချမသွေ ဖြစ်ပါပေတော့ သတည်း . . .။

## သဒ္ဓါ ဗန္ဓတု ပါထေယျံ

ဒီဂါထာရဲ့ အဓိပ္ပာယ်က ဘာပြောသလဲဆိုတော့။ ရတနာသုံးပါး ကံ,ကံရဲ့အကျိုးတရားတွေကို အားထားယုံကြည်တဲ့ သဒ္ဓါတရားဖြင့် သံသရာကို ကူးမြောက်နိုင်တဲ့ရိက္ခာထုပ်တွေကို ထုပ်ထားကြရမယ်။ ယခုလက်ရှိရယူထားတဲ့ဘဝဟာ ကုသိုလ်ရိက္ခာကို ရှာမှီးဖို့အကောင်းဆုံးဘဝပဲ–တဲ့။

ရိက္ခာထုပ်ကို ရှာမီးပြီး မထုပ်ထားဘူးဆိုရင် နောင်သံသရာဘဝတွေမှာ အတိဒုက္ခရောက်ကြလိမ့်မယ်၊ ဒါကြောင့် သံသရာရိက္ခာထုပ်တွေကို ကြိုးစားရှာမီး ထုပ်ထားကြပါလို့ တိုက်တွန်းတဲ့ ဂါထာပဲဖြစ်တယ်။

သတ္တဝါတွေ ကျင်လည်နေရတဲ့ သံသရာကြီးဟာ အင်မတန်မှ ကျယ်ပြောလှပါတယ်၊ ဒီ သံသရာရေပြင်ကျယ်ကြီးကို ကူးတဲ့အခါ လမ်းခရီးမှာ ချမ်းသာဖို့ ဘာတွေ လုပ်ရမလဲဆိုတော့၊ ဒါန,သီလ,ဘာဝနာဆိုတဲ့ ကောင်းမှုကုသိုလ်တည်းဟူသော ရိက္ခာထုပ်တွေကို ထုပ်ကြရမယ်၊ အဲဒီ ရိက္ခာတွေကို ဘာနဲ့ထုပ်မှ ရသလဲ၊ ကံ, ကံရဲ့အကျိုး, ရတနာသုံးပါးကို ယုံကြည်တဲ့ သဒ္ဓါတရားနဲ့ထုပ်မှ ရတယ်–တဲ့။

သံသရာရိက္ခာဆိုတာက ဘာတွေလဲ၊ ဒါနကောင်းမှုတွေ၊ သီလကောင်းမှုတွေ၊ ဘာဝနာကောင်းမှုတွေပဲ ဖြစ်တယ်၊ ဒါန,သီလ,ဘာဝနာကောင်းမှုတွေကို ပြု၊ ဒါတွေဟာ ရိက္ခာတွေပဲ၊ ရိက္ခာထုပ် ထုပ်တာပါပဲ။

ဒီနေ့လဲ ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမတွေ ဘာလုပ်ကြသလဲ၊ ဒါနဆိုတဲ့ ရိက္ခာထုပ်တွေ, သီလဆိုတဲ့ ရိက္ခာထုပ်တွေ, ဘာဝနာဆိုတဲ့ ရိက္ခာထုပ်တွေကို ထုပ်ကြတာပဲ။

**တဒေသနံ ဣခေဝ ဟိ**

ဒီ သံသရာရိက္ခာထုပ်တွေကို ထုပ်ဖို့ဆိုတာလဲ ယခုလို ဘဝကောင်း၊ အခွင့်ကောင်း၊ အခါကောင်းတွေနဲ့ တွေ့နေ ကြုံနေ ဆုံနေရလို့ ထုပ်နိုင်တာပဲဖြစ်တယ်၊ ယခုလို ဘဝမျိုးမှာသာ သံသရာရိက္ခာထုပ်တွေကို ထုပ်နိုင်ပါတယ်။

ဒါကြောင့် ယခုရရှိထားတဲ့ လက်ရှိဘဝဟာ အင်မတန်မှ ကောင်းတဲ့ ဘဝပဲ၊ သာသနာတွင်း လူဖြစ်နေရတဲ့ဘဝမှာ သံသရာရိက္ခာတွေကို ထုပ်ဖို့ရန် အင်မတန်မှ အခွင့်သာတယ်၊ သာသနာနဲ့ကြုံလို့ သံသရာရိက္ခာတွေကို ထုပ်နိုင်တာဖြစ်တယ်။

**ဘဝန္တရေ န လဗ္ဘေယျ**

အကယ်၍ ဘဝတစ်ပါး ပြောင်းရွှေ့သွားပြီဆိုရင်တော့ ယခုလို အခွင့်ကောင်း, အခါကောင်း, ဘဝကောင်းနဲ့ တွေ့ချင်မှ တွေ့တော့မယ်။

ဘဝတစ်ပါးပြောင်းရွှေ့သွားရင် နောက်ထပ် ရလာမယ့်ဘဝတွေက ဘယ်လို ဘုံဌာနတွေ ရောက်ပြီး၊ ဘယ်လို ဘဝမျိုးတွေကို ရမယ်ဆိုတာ မသိနိုင်ဘူး၊ မသေချာတော့ဘူးပေါ့။ မကောင်းတဲ့ဘဝ, မကောင်းတဲ့ဘုံဌာနတွေကို ရောက်ရှိသွားခဲ့လို့ရှိရင် ယနေ့ယခုလို သံသရာရိက္ခာတွေကို မထုတ်ယူနိုင်တော့ဘူး။ ဘဝကောင်းကို ပြန်ရတယ်ဆိုရင်လဲ ယခုလို ဒါန,သီလ, ဘာဝနာကောင်းမှုတွေကို ပြုလုပ်ခွင့်ရှိတဲ့ သာသနာကြီးနဲ့ ကြုံချင်မှ ကြုံတော့မယ်။ နောက်လာမယ့် ဘဝဆိုတာ မသေချာဘူး။ ယခုလက်ရှိ ရယူထားတဲ့ ဘဝကတော့ အခွင့်ကောင်း အခါကောင်းပါပဲ။

## အပါထေယျ'တိဒုက္ခိတော

ယခုလို ဘဝကောင်းကို ရရှိစဉ်မှာ သံသရာရိက္ခာတွေကို ကြိုးစားပြီး ထုပ်ထားကြရမယ်၊ သံသရာရိက္ခာတွေကို မထုပ်သွားကြဘူးဆိုရင် ဘဝသံသရာတွေမှာ ဆင်းရဲဒုက္ခမျိုးစုံနဲ့ တွေ့ကြရမယ်၊ သံသရာကလဲ ထွက်မြောက်နိုင်တော့မှာ မဟုတ်ဘူး။

ဒါကြောင့် သံသရာရိက္ခာထုပ်တွေကို ယခုလို အခွင့်ကောင်း၊ အခါကောင်းကို ရရှိနေခိုက်မှာ ကြိုးစားပြီး ထုပ်ထားကြရမယ်။

## ဥစ္စာလေးမျိုး

ရိက္ခာတွေ ထုပ်ပါဆိုတော့ ဘယ်လိုထုပ်ကြမလဲ။ ယခုဘဝမှာ မိမိတို့ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းဥစ္စာတွေ ရှိနေကြပါတယ်။ အဲဒီ ပစ္စည်းဥစ္စာတွေကို သံသရာရိက္ခာအဖြစ် ထုပ်ရပါတယ်။ ဘယ်လိုထုပ်ကြမလဲ–၊ ရှေဦးစွာ မိမိတို့ပိုင်ထားတဲ့ ပစ္စည်းဥစ္စာတွေကို ရေတွက်ကြည့်ရမယ်၊ ရေတွက်ကြည့်ရင် လေးမျိုးထွက်လာပါတယ်၊ အဲဒီလေးမျိုးက_

၁။ ထာဝရဥစ္စာ
၂။ ဇင်္ဂမဥစ္စာ
၃။ အင်္ဂသမဥစ္စာ
၄။ အနုဂါမိကဥစ္စာ

## ထာဝရဥစ္စာဆိုတာ

လယ်,ယာ,ကိုင်းကျွန်း အစရှိတဲ့ ရွှေ့ပြောင်းလို့မရ, အမြဲထာဝရ

တည်ရှိနေကြတဲ့ ဥစ္စာတွေကို "ထာဝရဥစ္စာ"လို့ ခေါ်ပါတယ်။ ဥယျာဉ်တွေ ခြံမြေတွေလဲ ပါတယ်ပေါ့။ ပြောင်းရွှေ့လို့မရတဲ့ ပစ္စည်းဥစ္စာတွေ နော်။

## ဇင်္ဂမဥစ္စာဆိုတာ

ဇင်္ဂမဥစ္စာဆိုတာက ရွှေငွေတွေ, ကျောက်သံပတ္တမြားတွေပေါ့၊ ဒါတွေကို "ဇင်္ဂမဥစ္စာ"လို့ ခေါ်ပါတယ်၊ ရွှေ့ပြောင်းလို့ရတယ်။

## အင်္ဂသမဥစ္စာဆိုတာ

နှုတ်မှုပညာတွေ၊ လက်မှုပညာတွေ၊ မိမိ သင်ယူထားတဲ့ အတတ်ပညာတွေအာလုံးကိုတော့ "အင်္ဂသမဥစ္စာ"လို့ ခေါ်ပါတယ်။ လက်ခြေ အင်္ဂါတွေနဲ့ တူတယ်၊ လက်ခြေအင်္ဂါအစိတ်အပိုင်းတွေဟာ မိမိသွားရာ အစဉ်လိုက်ပါနေသလိုပဲ၊ လက်မှုပညာ, နှုတ်မှုပညာ စတဲ့ မိမိသင်ယူထားတဲ့ အတတ်ပညာတွေဟာလဲ မိမိနဲ့ တပါတည်း လိုက်နေတယ်၊ ဒီသဘောကို ကြည့်ပြီးတော့ အင်္ဂသမဥစ္စာလို့ ခေါ်ခြင်းဖြစ်ပါတယ်။

## အနုဂါမိကဥစ္စာဆိုတာ

နောက်တစ်ခါ၊ "အနုဂါမိကဥစ္စာ"တဲ့။ ယနေ့ယခုလို ပြုလုပ်နေကြတဲ့ ဒါန,သီလ,ဘာဝနာ ကောင်းမှုတွေကို ခေါ်တာပါပဲ။

ပေါင်းလိုက်တော့ ဥစ္စာလေးမျိုးဖြစ်တယ်။ ဒီ ဥစ္စာလေးမျိုးတို့ရဲ့ သဘောတွေကို တစ်ခုချင်း ကြည့်ရအောင်–

## ထာဝရဥစ္စာရဲ့သဘော

လယ်ယာ ကိုင်းကျွန်း ဥယျာဉ်ခြံမြေစတဲ့ ထာဝရဥစ္စာတွေဆိုတာ တို့ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ရဲ့ အထံမှာ ရှိနေကြတာပဲ၊ ကိုယ့်ထံမှာ ရှိနေတယ်ဆိုတော့ ကိုယ်ပိုင်တယ်လို့ ထင်နေကြမှာပဲ၊ လောကအမြင်အားဖြင့်တော့ ကိုယ်ပိုင်တယ်ဆိုတာ မှန်တယ်၊ ဓမ္မသဘောနဲ့ ကြည့်လိုက်စမ်း၊ ကိုယ် တကယ်ပိုင်ဆိုင်ရဲ့လား၊ မပိုင်ပါဘူး။ ရန်သူမျိုးငါးပါးနဲ့ ဆက်စပ်နေကြတာပဲ။ မင်းလုပ်သူကလဲ အချိန်မရွေး သိမ်းယူသွားနိုင်တယ်၊ ရေကြောင့်လဲ ပျက်စီးသွားနိုင်တယ်၊ မီးကြောင့်လဲ ပျက်စီးသွားနိုင်တယ်၊ ခိုးသူကြောင့်လဲ ပျက်စီးသွားနိုင်တယ်၊ မချစ်မနှစ်သက်သော အမွေခံသားဆိုးသမီးဆိုးတွေ နှိပ်စက်လို့လဲ ပျက်စီးဆုံးရှုံးနိုင်တာပဲ။

ဒီ ရန်သူမျိုးငါးပါးဟာ မိမိပိုင်ထားတဲ့ ထာဝရဉစ္စာတွေကို အချိန် မရွေး ဖျက်ဆီးပစ်နိုင်တယ်၊ သူတို့ ဖျက်ဆီးလို့ ပျက်စီးသွားရင် ကိုယ်ပိုင် ပါတော့မလား၊ မပိုင်တော့ဘူးပေါ့ နော်။

နောက်တစ်ခါကြည့်လိုက်ပါအုံး။ မိမိတို့ဟာ ဒီဘဝမှာပဲ အမြဲ အသက်ရှင်နေကြမှာမဟုတ်ဘူး၊ တစ်နေ့ သေကြရအုံးမယ်။ သေသွားကြတဲ့ အခါမှာကော ဒီ ထာဝရဉစ္စာတွေကို နောက်ဘဝကို သယ်ဆောင်သွားနိုင် လို့လား၊ မသယ်ဆောင်သွားနိုင်ပါဘူး၊ ထားရစ်ခဲ့ကြရတာပါပဲ။ ဒါက တမလွန်အတွက်။

ဒီတော့ လယ်ယာကိုင်းကျွန်း ခြံမြေဆိုတဲ့ ထာဝရဉစ္စာတွေဟာ ယခုပစ္စုပ္ပန်ဘဝအတွက်ပဲ ကြည့်ကြည့်၊ တမလွန်ဘဝအတွက်ပဲ ကြည့်ကြည့်၊ ဘယ်လိုကြည့်ကြည့် မိမိပိုင်မဟုတ်ဘူးဆိုတာ ထင်ရှားနေပါတယ်။ အဲဒါ ထာဝရဉစ္စာတို့ရဲ့ သဘောပဲ့လို့ မှတ်ကြရမယ်။

လယ်မြေတွေဟာ၊ ဘုံဆိုင်ပါ၊ သင့်ရာသွားတတ်သည်။

ဘုံဆိုင်ပစ္စည်းတွေ–တဲ့။ ကိုယ်မပိုင် ဘုံဆိုင်ပစ္စည်းတွေသာ ဖြစ် ကြတဲ့အတွက် သင့်ရာကို သွားကြမှာပဲ။ စောစောက ပြောခဲ့တဲ့အတိုင်း ရန်သူမျိုးငါးပါးနောက် ပါချင်လဲ ပါသွားနိုင်တာပဲ၊ မပါရင် သေသွားတဲ့ အခါ ထားခဲ့ကြရမှာပဲ။ "သင့်ရာသွားတယ်"ဆိုတာ ဒါတွေကို ပြောတာပဲ။

**ဇင်္ဂမဉစ္စာတို့ရဲ့သဘော**

ဇင်္ဂမဉစ္စာ–တဲ့။ ရွှေငွေကျောက်သံပတ္တမြားတွေပေါ့၊ ဒီ ပစ္စည်းတွေ ဟာလဲ စောစောက ထာဝရဉစ္စာနည်းတူပါပဲ၊ လောကအနေနဲ့ ကြည့်ရင် တော့ မိမိလက်ထဲမှာရှိနေလို့ မိမိပိုင်တယ် ထင်မှတ်နေကြတာပဲ၊ ဒီ ရတနာတွေဟာလဲ ရန်သူမျိုးငါးပါးနဲ့ ကင်းနိုင်ကြလို့လား၊ မကင်းနိုင် ကြပါဘူး၊ ဒီဘဝမှာ ရန်သူမျိုးငါးပါးဘေးက လွတ်လို့ မိမိပိုင်နေတယ် ထားအုံး၊ တမလွန်ကျတော့ ထားရစ်ခဲ့ကြရတာပါပဲ။

ဒါကြောင့် ဇင်္ဂမဉစ္စာဖြစ်တဲ့ ရွှေငွေရတနာတွေဟာလဲ တကယ် တမ်း ပညာမျက်စိနဲ့ ကြည့်လိုက်ရင် မိမိပိုင်ပစ္စည်းတွေ မဟုတ်ကြပါဘူး။

ရွှေငွေတွေဟာ၊ ဘုံဆိုင်ပါ၊ သင့်ရာသွားတတ်သည်။

ဘုံဆိုင်ပစ္စည်းတွေပဲ၊ ကိုယ်ပိုင်ပစ္စည်းတွေ မဟုတ်ကြဘူး၊ ကိုယ်မပိုင်တာကြောင့် တစ်ချိန်ကျ သင့်သူလက်ထဲ ရောက်ကုန်ကြမှာပါပဲ။

## အင်္ဂသမဥစ္စာရဲ့သဘော

နှုတ်မှုပညာ,လက်မှုပညာ စတဲ့ မိမိသင်ယူထားတဲ့ အတတ်ပညာဆိုတဲ့ အင်္ဂသမဥစ္စာတွေကို ကြည့်အုံး။ ဒီ အတတ်ပညာတွေဆိုတာလဲ ယခုဘဝမှာ ကျန်းမာရေးကောင်းတုံးအချိန်မှာပဲ အသုံးချလို့ရမယ်၊ ကျန်းမာရေးချို့ပြီး အနာရောဂါတွေ နှိပ်စက်လာပြီဆိုရင်၊ တစ်နည်းပြောရရင် အိုဘေး နာဘေးတွေနဲ့ ကြုံတွေ့ရပြီဆိုရင် ဒီအတတ်ပညာတွေဟာ ဘာမှသုံးလို့မရတော့ပါဘူး။ သေဘေးနဲ့ ကြုံပြီဆိုရင်တော့ ပြီးပြီပေါ့၊ နောက်ဘဝကို ယူဆောင်သွားလို့မရ၊ နောက်ဘဝအထိ လိုက်ပါမယ့် အတတ်ပညာဆိုတာ မရှိနိုင်ပါဘူး။ ဒါကြောင့် ဒီ အင်္ဂသမဥစ္စာတွေဆိုတာလဲ တကယ်တမ်းမှာ မိမိပိုင်ပစ္စည်းတွေ မဟုတ်ကြပါဘူး။

အတတ်ပညာ၊ မပိုင်ပါ၊ ပျောက်ကွယ်သွားတတ်သည်။

အို,နာ,သေဘေးတွေနဲ့ ရင်ဆိုင်ရတဲ့အခါ ဒီ အတတ်ပညာတွေလဲ ပျောက်ကွယ်သွားတော့တာပါပဲ။

## အနုဂါမိကဥစ္စာတို့ရဲ့သဘော

အနုဂါမိကဥစ္စာဆိုတာ ယနေ့ ပြုလုပ်အားထုတ်နေကြတဲ့ ဒါန, သီလ,ဘာဝနာကောင်းမှုတွေပဲ။ ဒီ ကောင်းမှုတွေကတော့ ရန်သူမျိုးငါးပါးလဲ ဖျက်ဆီးလို့ မရနိုင်ဘူး။ စဉ်းစားကြည့်ပေါ့ နော်၊ မိမိပြုထားတဲ့ ဒါနကိုပဲ ကြည့်လိုက်၊ ရန်သူမျိုးငါးပါးက ဘယ်လိုလာပြီး ဖျက်ဆီးမလဲ၊ ဘယ်လိုမှ ဖျက်ဆီးလို့မရတော့ပါဘူး။

ထို့အတူ သီလ,ဘာဝနာတွေကိုလဲ ဘယ်သူက လာဖျက်လို့ပျက်နိုင်တော့မှာလဲ၊ မိမိ သေလွန်သွားတောရော ပျောက်ကွယ်သွားသလား၊ မပျောက်ကွယ်နိုင်တော့ဘူး၊ အရိပ်ပမာ မိမိနောက်ကို ထပ်ကြပ်မကွာ လိုက်ပါနေမယ်၊ သံသရာမှာ ကျင်လည်နေသမျှကာလပတ်လုံး လိုက်ပြီးတော့ အကျိုးပေးနေမှာပဲ၊ နိဗ္ဗာန်တိုင်အောင် အကျိုးပေးနေမှာပဲ၊ အဲဒါမှ ကိုယ်ပိုင်ဥစ္စာအစစ်ဖြစ်တယ်။ ဒါကြောင့် ကိုယ်ပိုင်စစ်စစ်ဖြစ်တဲ့ဥစ္စာဆိုတာ ဒါန,သီလ,ဘာဝနာတွေသာဖြစ်တယ်–လို့သဘောကျထားရမယ်။

ဒါနပြုနိုင်၊ ကိုယ်သာပိုင်၊ ကိုယ်ပိုင်ပစ္စည်းပါ။

သီလစောင့်နိုင်၊ ကိုယ်သာပိုင်၊ ကိုယ်ပိုင်ပစ္စည်းပါ။

ဘာဝနာပွားနိုင်၊ ကိုယ်သာပိုင်၊ ကိုယ်ပိုင်ပစ္စည်းပါ။

ဒါန,သီလ,ဘာဝနာတွေသာ ကိုယ်ပိုင်ပစ္စည်းတွေဖြစ်တယ်–တဲ့။

**ဘုံဆိုင်ကို ကိုယ်ပိုင်ဖြစ်အောင်ထုတ်ယူပါ**

ဥစ္စာလေးမျိုးထဲမှာ ကိုယ်ပိုင်ဥစ္စာက အနုဂါမိကဥစ္စာ တစ်ခုသာ ပါတယ်၊ ကျန်တာတွေက ကိုယ်မပိုင်၊ ဘုံဆိုင်ပစ္စည်းဥစ္စာတွေသာ ဖြစ်နေကြတယ်။ ဘုံဆိုင်ဥစ္စာက သုံးမျိုးပေါ့။ အဲဒီ ဘုံဆိုင်ဖြစ်တဲ့ ဥစ္စာသုံးမျိုးကို ကိုယ်ပိုင်ဖြစ်အောင် ထုတ်ယူကြရမယ်၊ နောင်သံသရာအတွက် ရိက္ခာထုပ်ဖြစ်အောင် ထုတ်ယူကြရမယ်။ ဘုံဆိုင်ကို ကိုယ်ပိုင်ဖြစ်အောင် ထုတ်ယူပုံလေးကို ရှင်းလင်းပြောကြားပါအုံးမယ်။

လယ်ယာ ကိုင်းကျွန်းဆိုတဲ့ ထာဝရဥစ္စာတွေကို အမှီပြုပြီးတော့ ပေးကမ်းစွန့်ကြဲခြင်းစတဲ့ ကောင်းမှုကို ပြုခြင်းဆိုတဲ့ အနုဂါမိကဥစ္စာဖြစ်အောင် ထုတ်ယူရပါတယ်၊ ရွှေငွေရတနာဆိုတဲ့ ဇင်္ဂမဥစ္စာတွေကိုအမှီပြုပြီးတော့ ဒါနစတဲ့ အနုဂါမိကဥစ္စာဖြစ်အောင် ပြုလုပ်ကြရမယ်၊ အတတ်ပညာဆိုတဲ့ အင်္ဂသမဥစ္စာတွေကို အခြေပြုပြီးတော့ ပေးကမ်းစွန့်ကြဲခြင်းစတဲ့ အနုဂါမိကဥစ္စာဖြစ်အောင် ထုတ်ယူကြရတယ်။

ဒါနဆိုတာ ပေးလှူကာပဲ၊ ဒီ ပေးလှူမှုဟာလဲ ဘာရှိမှ ပေးလှူလို့ရသလဲ၊ ပစ္စည်းဥစ္စာတွေရှိမှ ပေးလှူနိုင်တာပါ၊ အဲဒီလို ပေးလှူလိုက်ခြင်းဟာ ထာဝရ,ဇင်္ဂမ,အင်္ဂသမဆိုတဲ့ ပစ္စည်းတွေကို ဒါနဆိုတဲ့ အနုဂါမိကနဲ့ လဲယူလိုက်တာပဲပေါ့။

ဒါကြောင့် ကိုယ်ပိုင်မဟုတ်ကြတဲ့ ထာဝရ,ဇင်္ဂမ,အင်္ဂသမဥစ္စာတွေကို အကြောင်းပြုပြီးတော့ ဒါန သီလ ဘာဝနာဆိုတဲ့ အနုဂါမိကဥစ္စာတွေဖြစ်အောင် လဲလှယ်ယူထားကြရမယ်၊ ဒီဘဝလေးမှာ လဲယူထားကြမှ နော်၊ "တဒေသနံ ဣမေဝ ဟိ" တဲ့။

နောက်ဘဝကျရင်တော့ ဒီပစ္စည်း ဥစ္စာတွေဟာ ကိုယ်ပိုင်မဖြစ်နိုင်တော့ဘူး၊ ကိုယ့်လက်ထဲ ရှိနေခိုက်မှာ နောင်သံသရာအထိပါအောင်

ထုတ်ယူသွားကြမှ၊ ဒါမှ မိမိတို့ ရှာရ, ဖွေရ, ပိုင်ဆိုင်ရကျိုးနပ်မယ်ပေါ့။ ဒါကြောင့် ဘုံဆိုင်ပစ္စည်းတွေကို ကိုယ်ပိုင်ဖြစ်အောင် ထုတ်ယူထားကြပါလို့ တိုက်တွန်းပါတယ်။

## သဒ္ဓါတရားရှိသူမှ ထုတ်ယူနိုင်

ဒီလို ထုတ်ယူတဲ့အခါမှာလဲ "သဒ္ဓါ ဗန္ဓတု ပါထေယျံ"လို့ ဆိုတဲ့အတိုင်း သဒ္ဓါတရားရှိသူတွေမှ ထုတ်ယူနိုင်ကြတယ်။ ကံကို ယုံကြည်သူ၊ ကံရဲ့အကျိုးတွေကို ယုံကြည်သူ၊ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးတွေကို နားလည်သဘောပေါက်သူ၊ ဒီလို လူတွေမှသာ ထုတ်ယူနိုင်ကြမယ်။

သဒ္ဓါတရားမရှိတဲ့ပုဂ္ဂိုလ်တွေကတော့ မိမိတို့ပိုင်ဆိုင်ထားတဲ့ ဥစ္စာတွေကို ကိုယ်ပိုင်တွေလို့ မှတ်ထင်ပြီး မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် စားကာ, သောက်ကာနဲ့ သုံးဖြုန်းပစ်ကြလိမ့်မယ်။ ဒါဟာ သဒ္ဓါတရားမရှိလို့ မထုတ်ယူမိတာပဲ၊ အနုဂါမိကဖြစ်အောင် မလဲယူမိတာပဲပေါ့။

သဒ္ဓါတရားရှိသူတွေကတော့ ဘာလုပ်ကြမလဲ၊ မိမိတို့ ရှာဖွေစုဆောင်းထားတဲ့ ထာဝရ,ဇင်္ဂမ,အင်္ဂသမဥစ္စာတွေသည် အို,နာ,သေဘေးကြီးတွေနဲ့ ကြုံတွေ့တဲ့အခါ ဘာမှ အသုံးပြုလို့မရနိုင်ဘူး၊ သေသွားတဲ့အခါ ထားရစ်ခဲ့ကြမှာ၊ ဒါကြောင့် မသေခင်ထဲက တို့ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာတွေကို အနုဂါမိကဥစ္စာထုပ်အဖြစ် အထုပ်ထုပ်ပြီး နောင်ဘဝအထိ သယ်ယူသွားကြမယ်–ဆိုပြီး ဘာတွေလုပ်ကြမလဲ–

ဒါနကောင်းမှုတွေ ပြုလုပ်ကြ၊ သီလတွေ ဆောက်တည်ကြ၊ ဘာဝနာတွေ ပွားများကြပေါ့။ သဒ္ဓါတရား, ကံ, ကံရဲ့အကျိုးကို ယုံကြည်သူများမှ လုပ်နိုင်ကြတာ နော်။

ယခု ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတွေကော၊ ဒီနေ့ ဘာတွေလုပ်နေကြသလဲ၊ ကျောင်းကို လာရောက်ပြီးတော့ ဒါနတွေပြုကြ၊ သီလတွေ ဆောက်တည်ကြ၊ ဘာဝနာတွေ ပွားကြနဲ့ လုပ်နေကြတယ်၊ ဒါဟာ သဒ္ဓါတရားရှိသူတွေဖြစ်လို့ပေါ့၊ အနုဂါမိကဥစ္စာဖြစ်အောင် အထုပ်ထုပ်နေကြတာပဲ၊ ဒါမှ နောင်သံသရာအတွက် ပါသွားမှာ။ ဒီလိုမှ မထုတ်ယူဘူးဆိုရင် မိမိတို့ပိုင်ဆိုင်ထားတဲ့ ထာဝရ,ဇင်္ဂမ,အင်္ဂသမပစ္စည်းဥစ္စာတွေဟာ အလကားဖြစ်ကုန်မယ်။

## အိုနာသေဘေးတွေကိုလဲ ကြည့်ကြ

သဒ္ဓါတရားရှိသူမှ သံသရာရိက္ခာဖြစ်အောင် လဲလှယ်ယူနိုင်ကြတယ်။ သဒ္ဓါတရားဖြစ်အောင် ဘယ်လိုနှလုံးသွင်းသင့်သလဲ၊ မိမိတို့သည် တစ်နေ့ကျရင် အိုရမယ်၊ နာရမယ်၊ သေရမယ်,လို့ နှလုံးသွင်းသင့်ပါတယ်။ ဒီလိုနှလုံးသွင်းမိမှသာ ဒါန,သီလ,ဘာဝနာဆိုတဲ့ အနုဂါမိကဉစ္စာတွေကို ထုတ်ယူဖြစ်ကြမှာ။ ဒီလို နှလုံးမသွင်းသူတွေဆိုရင်တော့ ထုတ်ယူနိုင်ကြလိမ့်မယ်မဟုတ်ဘူး၊ မျက်မြင်ကိုယ်တွေ့တွေအများကြီးနေမှာပါ။

ဒါ့ကြောင့် အိုသူတွေကို မြင်တွေ့ရင် ငါလဲအိုရမယ်၊ သေသူတွေကို တွေ့ရင် ငါလဲတစ်နေ့ကျ သေရမယ်၊ နာသူတွေကို တွေ့ရင် ငါလဲတစ်နေ့ကျ နာရမယ်–လို့ နှလုံးသွင်းမိအောင်၊ သံဝေဂဉာဏ်တွေဖြစ်အောင် သတိထားပြီး လုပ်ဆောင်ကြရမယ်၊ သတိထားမိအောင် အားထုတ်ကြရမယ်။

လောကမှာ အို–နာ–သေ–ကလေး–အကျဉ်းသား ဆိုပြီး ငါးမျိုးရှိနေကြတယ်၊ တို့ တရားနာပရိသတ် မြင်တွေ့နေကြမှာပါ၊ မမြင်တွေ့ဖူးတဲ့သူ မရှိပါဘူး၊ အဲဒီ ငါးမျိုးဟာ နတ်ရဲ့တမန်တွေ–တဲ့။ သေမင်းရဲ့တမန်တော်တွေ–တဲ့။ ဗုဒ္ဓက "ဒေဝဒူတသုတ်"မှာ ဟောကြားတော်မူထားတယ်။ သေမင်းရဲ့ တမန်တွေကို လူ့ပြည်လွှတ်ထားတာ–တဲ့။ ဘာဖြစ်လို့လဲ–၊ မြင်တွေ့သူတွေ သတိသံဝေဂတွေ ရအောင်လို့ပဲ။ ဒီ ငါးမျိုးဟာ လောကမှာ တကယ်ရှိနေကြတာပဲ၊ အဲဒါတွေကို သေမင်းတမန်တွေလို့ မြတ်စွာဘုရားက တင်စားပြီး ဟောတော်မူထားပါတယ်၊ အဲဒီငါးမျိုးနဲ့ တွေ့ရင် သံဝေဂဉာဏ်လေးတွေ ဖြစ်ကြရမယ်။

စောဒိတာ ဒေဝဒူတေဟိ၊ ယေ ပမဇ္ဇန္တိ မာဏဝါ။

တေ ဒီဃရတ္တံ သောစန္တိ၊ ဟီနကာယူပဂါ နရာ။

ဒေဝဒူတေဟိ–သူအို,သူနာ,သူသေ,သူငယ်,အကျဉ်းသာ ဟူသော သေမင်းတမန်ငါးပါးတို့သည်၊ ဝါ–နတ်တမန်ငါးပါးတို့သည်၊ စောဒိတာ–ပြောဆိုပြည့်သွန်း,, တိုက်တွန်းနှိုးဆော်အပ်ကုန်သည်ဖြစ်လျက်၊ 'မာဏဝါ–ယစ်မူးထောင်လွှား,, မော်ကြွားသော မာနရှိကုန်သော၊ ယေ နရာ–အကြင်သူတို့သည်၊ ပမဇ္ဇန္တိ–မေ့လျော့ဖျင်းသွပ်, တရားလက်လွှတ်နေမိကြကုန်၏။

တေ နရာ–ထိုသူတို့သည်၊ ဟီနကာယူပဂါ–ယုတ်ညံ့ဖျင်းသောင်း, သတ္တဝါ အပေါင်းသို့, ခိုအောင်းကပ်ရောက်ရကုန်သည်ဖြစ်၍၊ ဒီဃရတ္တံ–လေးမြင့် ရှည်ကြာ, သံသရာအခွန့်, ကာလပတ်လုံး၊ သောစန္တိ–စိုးရိမ်ပူဆွေးကြရ လေကုန်၏။

သူအိုရယ်, သူနာရယ်, သူသေရယ်, သူငယ်ရယ်, အကျဉ်းသား ရယ် ဒီငါးမျိုးကို နတ်ရဲ့ တမန်၊ သေမင်းရဲ့ တမန်တွေလို့ ခေါ်ပါတယ်၊ သူအို, သူနာ, သူသေ သုံးမျိုးကတော့ အထူးပြောပြစရာ မလိုပါဘူး။

သူငယ်–တဲ့။ သူငယ်ဆိုတာက အမိဝမ်းခေါင်းက ကျွတ်လာစ ခလေးငယ်တွေကို ပြောတာဖြစ်တယ်။ အဲဒီ ကလေးငယ်တွေကို ကြည့် လိုက်စမ်း၊ အသိဉာဏ် ဘာမှမရှိသေးဘူး၊ မိမိရဲ့ကျင်ကြီးကျင်ငယ်တွေကို မသိမ်းနိုင်သေးလို့ ကျင်ကြီးကျင်ငယ်တွေ အလိမ်းလိမ်းကပ်ပြီးတော့နေ တယ်။ ဒီလိုဖြစ်ရတာ ဇာတိပဋိသန္ဓေနေရခြင်းကြောင့်ပဲ၊ သံသရာမှာကျင် လည်နေသ၍ ဇာတိသဘောကို မလွန်ဆန်နိုင်ကြဘူး နော်။ အဲဒီ ကလေး ငယ်လေးတွေကို ကြည့်ပြီးတော့ ဇာတိဒုက္ခရဲ့သဘောကို မြင်အောင်ရှုရ ပါတယ်။ သံဝေဂဉာဏ်တွေ ဖြစ်အောင်လုပ်ရတယ်။ ဒါက နတ်တမန် တစ်ပါးပဲ။ ဒီလို သံဝေဂဉာဏ်တွေဖြစ်အောင် နတ်တွေက လွှတ်ထား တဲ့တမန်ပဲ–တဲ့။

နောက်တစ်ခါ၊ အကျဉ်းသား–တဲ့။ အကျဉ်းသားဆိုတာ အကျဉ်း ထောင်, အချုပ်ခန်းတွေမှာ နေနေကြရတာ၊ ရာဇဝတ်သားတွေပေါ့၊ ရာဇ ဝတ်သားဆိုတဲ့အတိုင်း မင်းမှုထမ်းတွေက ဘာလုပ်ကြမလဲ၊ နှိပ်စက်ကြ မယ်၊ ညှင်းပန်းကြမယ်၊ နောက်ပြီး ကျဉ်းကျဉ်းကြပ်ကြပ်နေရာမှာ ချုပ် နှောင်ထားကြမယ်။ ဘယ်လောက်ဆင်းရဲလိုက်မလဲ နော်။ မကောင်းမှု အကုသိုလ်ကံဆိုတာ တမလွန်ရောက်အောင်တောင်မှ မဆိုင်းငံ့တော့ဘူး၊ ယခုဘဝမှာပင် ညှင်းပန်းနှိပ်စက် ချုပ်နှောင်မှုကို ခံကြရတော့တယ်၊ ဒီ သဘောတွေကို မြင်အောင်ကြည့်ပြီး သံဝေဂတွေယူရပါတယ်။

ဒီလို သံဝေဂဉာဏ်တွေ ဖြစ်တဲ့အခါ ဘာတွေလုပ်ကြမလဲ၊ ငါလဲ ပဲ အိုရမယ်၊ သေရမယ်၊ နာရမယ်။ မအိုခင်, မနာခင်, မသေခင်မှာ ကောင်းမှုတွေ ပြုထားမှ တော်မယ်။ သူငယ်လေးလိုပဲ သံသရာမှာ ကျင် လည်နေသ၍ ဇာတိဒုက္ခကို ခံစားရမယ်၊ ဇာတိဒုက္ခမှ လွတ်မြောက်အောင်

အားထုတ်မှ တော်မယ်။ အကျဉ်းသားတွေဟာ ယခုဘဝမှာပင် မကောင်းကျိုးတွေကို ခံစားရတယ်၊ ငါလဲ ဒီလိုမခံစားရအောင် ကာယကံ, ဝစီကံ, မနောကံတွေမှာ ကောင်းတဲ့ ကာယကံ,ဝစီကံ,မနောကံတွေ ဖြစ်အောင် သတိဆောင်ပြီး အားထုတ်မှတော်မယ်။

ဒီလို သံဝေဂဉာဏ်တွေ ဖြစ်မိမှသာ ဒါန,သီလ,ဘာဝနာ ကောင်းမှုတွေကို ပြုလုပ်ဖြစ်ကြမယ်။ ဒါဟာ ကံ,ကံရဲ့အကျိုးကို ယုံကြည်တယ် မည်ပါတယ်၊ တစ်နည်းအားဖြင့် သဒ္ဓါတရားဖြစ်တယ်လို့ ဆိုရပါတယ်။ ဒီလို သဒ္ဓါတရားဖြစ်အောင် နတ်တမန်,သေမင်းတမန်တွေနဲ့ တွေ့တဲ့အခါ သံဝေဂဉာဏ်လေးတွေဖြစ်အောင် အားထုတ်ကြရမယ်၊ ဒါမှသာ ဒါန, သီလ,ဘာဝနာဆိုတဲ့ အနုဂါမိကဥစ္စာထုပ်တွေ ထုပ်ဖြစ်မယ်။

နတ်တမန်တွေ သေမင်းတမန်တွေကို မြင်တွေ့နေသော်လည်း တချို့ပုဂ္ဂိုလ်တွေမှာ သံဝေဂဉာဏ်တွေ ဖြစ်မလာနိုင်ကြဘူး၊ တရားလက်လွှတ်ပြီးတော့ နေကြတယ်၊ ထောင်လွှားမှုမာန်မာနတွေ ဖြစ်နေကြတယ်၊ အာရောဂျမာန်တွေ တက်တယ်၊ ဇီဝိတမာန်တွေ တက်တယ်၊ ယောဗ္ဗဏမာန်တွေ, ဓနမာန်တွေ, ဇာတိမာန်တွေတက်ပြီးတော့ နေကြတယ်။

အဲဒီလို နေတဲ့ပုဂ္ဂိုလ်တွေဟာ "ဒီဃရတ္တံ သောစန္တိ၊ ဟီနကာယူပဂါ နရာ"ဆိုတဲ့အတိုင်း ယုတ်ညံ့တဲ့ဘဝ, မကောင်းဝဲ့ ဘုံဘဝတွေကို ကျရောက်ပြီးတော့ အမြဲမပြတ် ဆင်းရဲဒုက္ခတွေ ရောက်ကြရတယ်လို့ မြတ်စွာဘုရားက "ဥပရိပဏ္ဏာသ,ဒေဝဒူတသုတ်" မှာ ဟောကြားတော်မူထားပါတယ်။

ဒါကြောင့် အို–နာ–သေ–တွေနဲ့ တွေ့တဲ့အခါ မမေ့မလျော့ သတိ သံဝေဂဉာဏ်လေးတွေယူမိကြဖို့ အားထုတ်ကြ၊ သတိထားကြ။ သံဝေဂဉာဏ်ယူပုံကို ကဗျာလေးနဲ့ မှတ်ကြရအောင်–

**ကြို့တင်သံဝေယူ**

အိုနေသောသူ၊ တွေ့မြင်မူ၊ ကြိုတင်သံဝေယူ။

နာနေသောသူ၊ တွေ့မြင်မူ၊ ကြိုတင်သံဝေယူ။

သေနေသောသူ၊ တွေ့မြင်မူ၊ ကြိုတင်သံဝေယူ။

ကြိုတင်ပြီး သံဝေဂဉာဏ်တွေဖြစ်အောင်ယူ–တဲ့။ ဘယ်လိုယူကြမလဲ–

အိုခြင်းဆိုတာ၊ ကြောက်စရာ၊ ကိုယ့်မှာရှိနေသည်။

အိုခြင်းတရား၊ လွန်ဆိုးဝါး၊ ရှောင်ရှားမရပြီ။

သူ့အိုတစ်ယောက်ကို မြင်တွေ့တဲ့အခါ၊ ဒီလိုပဲ ငါလဲ အိုရအုံးမယ်၊ ငါ့မှာလဲ အိုခြင်းသဘောတရားတွေ ရှိနေတယ်။ အိုခြင်းသဘောဆိုတာ ဇာတိ–ပဋိသန္ဓေနေထဲက ကပ်ပြီးပါလာတာ နော်၊ အသက် ခြောက်ဆယ်၊ ခုနစ်ဆယ်၊ ရှစ်ဆယ်၊ တရာ စသည်ပေါ့၊ အဲဒီ အရွယ်ကြီးတွေ ရောက်မှ အိုတယ်လို့ မမှတ်နဲ့၊ အဲဒီအရွယ်ကြီးတွေ ရောက်တဲ့အခါမှာ အိုခြင်းသဘော က ပိုပြီးထင်ရှားလာတာပဲ ဖြစ်တယ်။ မျက်စိနဲ့ မြင်တွေ့မှ အိုတယ်လို့ မမှတ်နဲ့။

အဘိဓမ္မာသဘောအရဆိုရင် အိုခြင်းသဘောဟာ ဇာတိဆိုတဲ့ ပဋိ သန္ဓေကို ရယူမိထဲက အိုလာပြီလို့ မှတ်ရမယ်၊ ငယ်ရွယ်စဉ်အခါမှာတော့ အိုခြင်းသဘောတွေ ရှိနေပေမယ့်လဲ မျက်စိနဲ့ မမြင်နိုင်သေးဘူး၊ ဉာဏ်မျက်စိ နဲ့ကြည့်မှ မြင်နိုင်ပါတယ်။

ဆံဖြူသွားကြွေ အရေတွန့်လိတ်တဲ့ သဘောတွေကိုတော့ မျက်စိ နဲ့ မြင်နိုင်တယ်၊ ထင်ရှားတယ်၊ အဲဒါတွေကိုတော့ "ပါကဋဇရာ"လို့ ခေါ်ပါတယ်။ ငယ်ရွယ်စဉ်ထဲက၊ ရုပ်နာမ်တရားတွေ ဖြစ်ပေါ်ထဲက ရုပ် နာမ်တွေရဲ့ ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်နေတာတွေကိုလဲ အိုတယ်လို့ပဲ မှတ်ရပါတယ်၊ အဲဒါတွေကိုတော့ ပကတိမျက်စိနဲ့ မမြင်နိုင်တာကြောင့် "အပါကဋဇရာ"လို့ ခေါ်ပါတယ်။

အိုမှုပိုင်ရှင်၊ မအိုခင်၊ ကြိုတင်တရားရှာရမည်။

အိုခြင်းသဘောတွေဟာ မိမိသန္တာန်မှာ ကိန်းအောင်းနေတာကြောင့် အိုခြင်းသဘောတရားတွေမှ လွန်မြောက်နိုင်တဲ့၊ ရှောင်လွှဲနိုင်တဲ့ နည်းလမ်း ဟာ ဘာပဲရှိသလဲ၊ ကြိုတင်ပြီးတော့ ဒါန သီလ ဘာဝနာတွေကို ပြုလုပ် ထားဖို့ပဲ ရှိတယ်။

နာမှုဆိုတာ၊ ကြောက်စရာ၊ ကိုယ့်မှာရှိနေသည်။

နာခြင်းတရား၊ လွန်ဆိုးဝါး၊ ရှောင်ရှားမရပြီ။

နာခြင်းသဘောတရားတွေဟာလဲ ထို့အတူပါပဲ၊ အမြဲမပြတ် ရှိနေတယ်၊ ရှောင်ရှားဖို့ဆိုတာ မဖြစ်နိုင်ဘူး။

နာမှုပိုင်ရှင်၊ မနာခင်၊ ကြိုတင်တရားရှာရမည်။

နာမှုသဘောတရားတွေ နောက်ထပ် မဖြစ်လာအောင် ကြိုတင်ပြီး တရားရှာထားကြရမယ်၊ ဒါမှ နာခြင်းသဘောက လွတ်မြောက်နိုင်မယ်။

သေခြင်းဆိုတာ၊ ကြောက်စရာ၊ ကိုယ့်မှာရှိနေသည်။

သေခြင်းတရား၊ လွန်ဆိုးဝါး၊ ရှောင်ရှားမရပြီ။

သေမှုပိုင်ရှင်၊ မသေခင်၊ ကြိုတင်တရားရှာရမည်။

သေခြင်းဆိုတဲ့ သဘောကိုလဲ ဘယ်သူမှ မလွန်ဆန်နိုင်ပါဘူး၊ သေခြင်းသဘောတွေဟာ အမြဲကိန်းအောင်းနေတယ်၊ သေခြင်းက လွတ်မြောက်အောင်၊ နောက်ထပ်တစ်ဖန် မသေရအောင် ဒါန, သီလ, ဘာဝနာ ကောင်းမှုတွေကို ကြိုတင်ပြီးတော့ ပြုလုပ်ထားကြရမယ်။

ဒါကြောင့် အိုသူ–နာသူ–သေသူတွေကို မြင်တွေ့တဲ့အခါ အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ သဘောဉာဏ်လေးတွေ မိမိတို့သန္တာန်မှာ အမြဲ ကိန်းအောင်းနေအောင် ကြိုးစားထားကြ၊ ဒါမှ ကံ,ကံရဲ့အကျိုးကို ယုံကြည်မှုတွေဖြစ်မယ်၊ သဒ္ဓါတရားတွေ ဖြစ်မယ်၊ သဒ္ဓါတရားတွေ ဖြစ်နေမှသာ အို,နာ,သေ ဘေးတွေက လွတ်ရာလွတ်ကြောင်း ကောင်းမှုတွေကို ပြုလုပ်ဖြစ်လိမ့်မယ်။ သံသရာရိက္ခာထုပ်တွေကို ထုတ်ယူဖြစ်လိမ့်မယ်။

အဲဒီလိုမှ မဟုတ်ဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နဲ့သာ နေရင် ကံ,ကံရဲ့ အကျိုးကို ယုံကြည်တဲ့ သဒ္ဓါတရားတွေလဲ ဖြစ်လာနိုင်မှာ မဟုတ်ဘူး။ သဒ္ဓါတရားတွေ မဖြစ်လာရင် ကုသိုလ်ကောင်းမှုတွေကို မပြုလုပ်မိကြဘဲ အကုသိုလ်တွေကိုသာ ပြုလုပ်မိကြလိမ့်မယ်။ သေတဲ့အခါ ကျတော့ ဘယ်သွားမလဲ၊ အပါယ်ငရဲသွားကြမယ်ပေါ့။

ဒီနေရာမှာ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေမိလို့၊ ကိုယ် ပိုင်ဥစ္စာတွေကို သံသရာရိက္ခာထုပ်အဖြစ် မထုတ်ယူမိလို့ ယုတ်ညံ့တဲ့ပြိတ္တာ ဘုံသို့ ရောက်သွားရရှာတဲ့ အမျိုးသမီး(၄)ယောက်အကြောင်းကို သာဓက အနေနဲ့ ထုတ်ပြအုံးပါမယ်။

**ဈေးသည်မ(၄)ယောက်အကြောင်း။** (ဘောဂသံဟာရပေတဝတ္ထု)

ဗုဒ္ဓမြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးနေတော်မူတဲ့ အခါက အဲဒီမြို့မှာ အမျိုးသမီးလေးယောက်ရှိတယ်၊ သူတို့ဟာ ဘာတွေ လုပ်ပြီး အသက်မွေးကြသလဲဆိုတော့– ထောပတ်,ဆီ,ပျား,တင်လဲ စတဲ့ ပစ္စည်းတွေကို ရောင်းဝယ်ဖောက်ကားပြီးတော့ အသက်မွေးနေကြတယ်။

**ဈေးသည်တို့ စိတ်အာရုံ**

ဈေးရောင်းတယ်ဆိုတော့ သိကြတဲ့အတိုင်းပေါ့၊ သူတို့ရဲ့ သန္တာန် မှာ ဘာတွေ အဖြစ်များနေကြမလဲ၊ ရောင်းမှုဝယ်မှုတွေမှာ အဆင်ပြေဖို့ပဲ စိတ်က ရောက်နေကြတာပေါ့။ လောဘတွေနဲ့၊ ဒေါသတွေနဲ့၊ မာန်မာန တွေနဲ့ပေါ့၊ အရွယ်တွေကလဲ နုသေး၊ ဝီရိယစွမ်းအားတွေနဲ့လဲ ပြည့်စုံနေ သေးတော့ အားတုအားပြိုင်တွေနဲ့ သူနိုင် ငါနိုင် တုပြိုင်ပြီးတော့ ပစ္စည်းဥစ္စာ တွေကို ရောင်းဝယ်ဖောက်ကားနေကြတယ်၊ ရှာဖွေစုဆောင်းနေကြတယ်၊ ကုသိုလ်စိတ်ဆိုတာ သူတို့သန္တာန်မှာ ဖြစ်ခွင့်ကို မရှိဘူး နော်။ ဒါကြောင့် ဘာအလုပ်ပဲ လုပ်လုပ်၊ သတိတရားလေးတွေ ထားကြမှ၊ ကုသိုလ်စိတ်လေး တွေဖြစ်အောင် သတိတွေထားကြမှ၊ ဒါမှ တော်ရာကျတယ်။

**ရှာဖွေသည့်အတိုင်းပြည့်စုံ**

အဲဒီ ဈေးသည်လေးယောက်ကတော့ လောဘ ဒေါသ မာန်မာန တွေနဲ့ ရှာဖွေလိုက်ကြတာ၊ ဘာသတိမှ မရနိုင်ကြဘူး။ ရှာဖွေတဲ့အတိုင်းပဲ ပစ္စည်းဥစ္စာတွေနဲ့ ပြည့်စုံလာကြပါတယ်၊ ပြည့်စုံလာပြန်တော့လဲ ဒီဘဝမှာ သူတို့ ပျော်နေကြပြန်ပါတယ်။ ပျော်စရာပဲပေါ့၊ လောကအမြင်နဲ့ ကြည့် မယ်ဆိုရင် သားတွေ သမီးတွေ ပစ္စည်းဥစ္စာရတနာတွေနဲ့ ပြည့်စုံနေရင် ပျော်စရာကြီးပါပဲ။

အဲဒီလို ပျော်နေကြတော့ ဘဝသံသရာအတွက် ဘာမှ မလုပ်ဖြစ် ကြဘူး၊ စားကာ အိပ်ကာ ပျော်ပါးကာနဲ့ပဲ နေနေမိကြတယ်၊ စည်းစိမ် တွေနဲ့ အပျော်ကြီးပျော်နေတော့တယ်။

**ကွယ်လွန်သွားကြတဲ့အခါ**

ပျော်ပျော်ပါးပါးနဲ့ နေထိုင်လို့ကောင်းနေတုံးမှာပဲ မရဏဆိုတဲ့

သေမင်းက ဖြုန်းဆို နှိပ်စက်လိုက်တော့ ပြိတ္တာဘုံကို ရောက်သွားကြပါလေရော။ သေလွန်ပြီးတဲ့နောက် ရာဇဂြိုဟ်မြို့ရဲ့အနီး မြို့ရဲ့ကျုံးဆိုတာရှိတယ်၊ အဲဒီ ကျုံးကြီးရဲ့ အပြင်ဘက်နားမှာ ပြိတ္တာတွေ သွားဖြစ်နေကြတယ်။

ပြိတ္တာဘုံရောက်သွားကြတော့ သူတို့လေးယောက်ဟာ အင်မတန်မှ ဆင်းရဲဒုက္ခတွေနဲ့ ကြုံတွေ့နေကြရတယ်ပေါ့၊ ဆင်းရဲဒုက္ခတွေကို ပြင်းထန်စွာ ခံစားနေကြရတယ်။ ဒီအချိန်မှာ သူတို့ဖြစ်လာခဲ့တဲ့ လူ့ဘဝကို ပြန်ပြီးကြည့်လိုက်တော့ ဘာတွေသွားမြင်သလဲဆိုတော့—

သူတို့ ရှာဖွေစုဆောင်းထားခဲ့တဲ့ ပစ္စည်းဥစ္စာရတနာတွေကို နောက်ပိုင်းက ကျန်ရစ်ခဲ့ကြတဲ့ သားတွေ သမီးတွေ ခင်ပွန်းလုပ်သူတွေက သုံးဖြုန်းနေကြတယ်၊ ခင်ပွန်းလုပ်သူတွေကလဲ နောက်အိမ်ထောင်တွေပြုလို့၊ သူတို့စုဆောင်းထားခဲ့တဲ့ ပစ္စည်းဥစ္စာတွေကို သုံးဖြုန်းနေကြတယ်၊ စားကာ သောက်ကာနဲ့ ပျော်ပါးပြီးတော့ နေနေကြတယ်၊ ဒါတွေကို သူတို့ မြင်တွေ့လိုက်ရတော့ သူတို့ရဲ့ စိတ်ထဲမှာ မခံမရပ်နိုင်လောက်အောင် ဖြစ်လာတဲ့အတွက် ညည်းညူငိုကြွေးမြည်တမ်းကြတယ်—တဲ့။

## ပြိတ္တာမ(၄)ယောက် မြည်တမ်းကြပုံ

မယံ ဘောဂေ သံဟရိမှာ ၊ သမေန ဝိသမေန စ။

တေ အညေ ပရိဘုဥ္ဇန္တိ ၊ မယံ ဒုက္ခဿ ဘာဂိနီ။

မယံ—ငါတို့သည်၊ သမေန စ—တရားနှင့်ညီညွတ်သဖြင့်လည်းကောင်း၊ ဝိသမေန စ—တရားနှင့် မညီညွတ်, သီလချွတ်သဖြင့်လည်းကောင်း၊ ဘောဂေ—ဝတ်စားတန်ဆာ, စည်းစိမ်ဥစ္စာတို့ကို၊ သံဟရိမှာ—မပေးကမ်းရက်, မစွန့်ကွက်ရ၍, သိုဝှက်ဆောင်းစုထားခဲ့ကြလေကုန်ပြီ။

တေ—ထိုငါတို့မပေးမကမ်းသိုဝှက်သိမ်းဆည်းထားခဲ့သော ပစ္စည်းဥစ္စာရတနာတို့ကို၊ အညေ—တစ်ပါးကုန်သော သူတို့သည်၊ ပရိဘုဥ္ဇန္တိ—သုံးဆောင် ခံစားရစ်ကြလေကုန်၏၊ မယံ—သုစရိုက်ကိုမေ့, ဒုစရိုက်ကိုသာမွေ့ခဲ့ကြသော ငါတို့သည်၊ ဒုက္ခဿ—ကြီးစွာသော ဆင်းရဲသို့၊ ဘာဂိနီ—ရောက်ရလေကုန်ပြီ တကား။

ယခုလို ကျယ်လောင်စွာ ပြောဆိုငိုကြွေးမြည်တမ်းနေကြတယ်။

သူတို့ ငိုယိုပြောဆိုတဲ့အသံတွေကို ရာဇဂြိုဟ်မြို့မှာရှိတဲ့ လူတွေ အားလုံးကြားကြတယ်–တဲ့။ ညအခါမှာ အော်ဟစ်ပြောဆို ငိုကြွေးနေ ကြတာ။

ဒီ အသံတွေကို မြို့သူမြို့သားတွေကြားတော့ ကြောက်လန့်ကြ တယ်၊ နံနက်မိုးသောက်အလင်းရောက်တဲ့အခါ မြို့သူမြို့သားတွေအားလုံး စုပေါင်းပြီးတော့ ဗုဒ္ဓပမုခ သံဃိကဒါနအလှူကို ပြုလုပ်ကြတယ်၊ စားဖွယ် သောက်ဖွယ်တွေ လှူဒါန်းပူဇော်ကြတယ်။ လှူဒါန်းပူဇော်ပြီးတဲ့နောက်မှာ မြို့သူမြို့သားတွေက သူတို့ ညကကြားရတဲ့ အသံတွေအကြောင်းကို ဗုဒ္ဓဘုရားရှင်ကို လျှောက်ထားမေးမြန်းကြတယ်။

ဒီတော့ ဘုရားရှင်က ဒီအသံတွေဟာ သင်တို့အတွက် အန္တရာယ် မရှိပါဘူး၊ အမျိုးသမီးပြိတ္တာလေးယောက်တို့ ငိုကြွေးမြည်တမ်းနေကြတဲ့ အသံတွေသာဖြစ်ပါတယ်လို့ ပြောဆိုပြီးတဲ့နောက် မြတ်စွာဘုရားက ပြိတ္တာ လေးယောက်တို့ရဲ့ အကြောင်းစုံကို ရှင်းလင်းဟောကြားတော်မူပါတယ်။

ဒေသနာတော်ရဲ့အဆုံးမှာ အားလုံးသော ပုဂ္ဂိုလ်တွေ သောတာပန် အရိယာတွေ ဖြစ်ကုန်ကြပါတယ်။

ဒီဝတ္ထုသာဓကကို ကြည့်ပါ၊ လူ့ဘဝ လူဖြစ်စဉ်က လောဘ, ဒေါသ,မောဟတွေနဲ့ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နဲ့နေကြ, ထိုင် ကြတယ်၊ သေလွန်ပြီးတဲ့နောက်မှာတော့ သူတို့ရှာဖွေထားတဲ့ ပစ္စည်း ဥစ္စာတွေ တစ်ခုမှ မယူသွားနိုင်ကြဘဲ လက်ချည်းသာ ပါသွားကြတယ်၊ အကုသိုလ်တွေကိုသာ ပြုမိတဲ့အတွက် အကုသိုလ်ကံတွေသာ ပါသွားခဲ့ ကြတယ်၊ အကုသိုလ်ကံတွေသာ ပါသွားကြတော့ အကုသိုလ်ကံရဲ့ အကျိုး တွေကိုသာ ခံစားကြရတော့တယ်။

သူတို့ ရှာဖွေထားတဲ့ပစ္စည်းဥစ္စာတွေကိုတော့ ကျန်ရစ်သူတွေက သုံးလို့, ဖြုန်းလို့, ပျော်လို့, ပါးလို့၊ သူတို့မှာတော့ ဒုက္ခတွေရောက်လို့နော်။

အဲဒါ မိမိတို့ ရှာဖွေထားတဲ့ ထာဝရ,ဇင်္ဂမ,အင်္ဂသမဆိုတဲ့ ဥစ္စာ တွေကို အနုဂါမိကဥစ္စာနဲ့ မလဲလှယ်မိကြလို့ပဲ။ မိမိတို့ ရှာဖွေလို့ရရှိထား တဲ့ ပစ္စည်းဥစ္စာတွေကို သံသရာရိက္ခာထုပ်ဖြစ်အောင် မထုတ်ယူသွားကြလို့ ပဲပေါ့ နော်။ ဒီလို သဘောပေါက်ကြရမယ်။

ကျန်ရစ်ခဲ့တဲ့ ပစ္စည်းတွေကို ကြည့်စမ်း၊ ကျန်ရစ်သူတွေက သုံးဖြုန်းလိုက်ကြတာ နော်။

ဘယ်လောက် သံဝေဂတွေဖြစ်ဖို့ကောင်းသလဲ၊ တို့ပရိသတ်ကြီး စဉ်းစားကြည့်ကြ။ ဒါကြောင့် အနုဂါမိကဥစ္စာတွေ များများပါသွားအောင် အခုနေထဲက အခွင့်သာတုန်း ထုတ်ယူသွားကြ နော်။

မထုတ်ယူသွားကြရင်တော့ နောင်သံသရာတွေမှာ ရိက္ခာမဲ့ပြီး "အပါထေယျေတိဒုက္ခိတော"ဆိုတဲ့အတိုင်း ယခုပြိတ္တာမလေးယောက်လို အတိဒုက္ခရောက်ကြလိမ့်မယ်။ ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာတွေဟာ ကိုယ့်နောက်ကို မပါနိုင်ဘူးဆိုတာ ယခု ဗျေးသည်မလေးယောက်အကြောင်းက သက်သေပြနေပါတယ်၊ ကိုယ့်နောက် ဘာမှ မပါနိုင်ဘူးတဲ့။ ဒါကြောင့်–

အတ္ထာ ဂေဟေ နိဝတ္တန္တိ ၊ သုသာနေ မိတ္တဗန္ဓဝါ။

သုကတံ ဒုက္ကတံ ကမ္မံ ၊ ဆာယာဝ အနုယာယိနီ။

အတ္ထာ–လယ်ယာမိုးမြေ, ဆန်ရေစပါး, အစားစားနှင့်, များပြားလှစွာ, ပစ္စည်းဥစ္စာတို့သည်၊ ဂေဟေ–နေရာထိုင်ခင်း, မိမိတို့၏ အိမ်အတွင်း၌၊ နိဝတ္တန္တိ–မလိုက်ပါဘဲ, တည်မြဲတည်ကာ, သူ့နေရာ၌, ကျန်ရစ်ခဲ့ကြလေကုန်၏။

မိတ္တဗန္ဓဝါ–ဇနီးမယား, သမီးသားနှင့်, ချစ်အားသန်သန်, တစ်သက်ပန်တွင်, ဆက်ဆံပေါင်းသင်း, မိတ်ဆွေရင်းတို့သည်၊ သုသာနေ–လူသေမြှုပ်နှံ, သုသာန်သင်္ချိုင်း, မြေလုဗ်တိုင်း၌၊ နိဝတ္တန္တိ–တမ်းတငေးမျှော်, အဆွေးပေါ်လျှက်, ခေါ်လို့မကြား, ချန်ရစ်၍ ပြန်သွားကြလေကုန်၏၊ သုကတံ ဒုက္ကတံ ကမ္မံ–ကောင်းမှုကံ မကောင်းမှုကံ နှစ်မျိုးသည်သာလျှင်၊ ဆာယာ–လူ၏ အရိပ်သည်၊ အနုယာယိနီ ဣဝ–သွားသူနောက်သို့, ထပ်ကြပ်မကွာ, လိုက်ပါလေသကဲ့သို့၊ အနုယာယတိ–သံသရာ အစဉ်ပါအောင်, မကွာထပ်ကြပ်, လိုက်ပါသွားလေတော့၏။

မိမိတို့ ရှာဖွေထားကြတဲ့ လယ်ယာ ဥယျာဉ် ခြံမြေ စသည်တွေ၊ ရွှေငွေရတနာတွေ၊ ဒီ ဥစ္စာတွေဟာ ကိုယ့်နောက်ကို မလိုက်ပါကြဘူး၊ သားသမီးတွေ၊ ဇနီးမယားတွေ၊ မိတ်ဆွေသင်္ဂဟတွေ၊ ဆွေမျိုးဉာတိတွေ၊ ဒါတွေအားလုံး ကိုယ့်နောက်မလိုက်ကြဘူး၊ သူ့နေရာနဲ့သူ ကျန်ရစ်ခဲ့တယ်။

သူတို့က ကိုယ့်နောက်မလိုက်သလို ကိုယ်ကလဲ ယူဆောင်သွားလို့မရဘူး။ ချန်ထားခဲ့ရတယ် နော်။

မိမိနောက်ကိုတော့ မိမိအသက်ရှိစဉ်ကာလက ပြုလုပ်ထားတဲ့ မကောင်းတဲ့ ကံတွေ၊ ကောင်းတဲ့ ကံတွေ၊ ဒါတွေပဲ ပါသွားတယ်။ ဒီကံနှစ်ပါးသာ အရိပ်ပမာ အမြဲလိုက်ပါကြတယ်၊ လိုက်ပါပြီး အကျိုးပေးတော့တယ်။ "ဘယ်သူမပြု မိမိမှု"တဲ့။ မိမိပြုခဲ့တဲ့အတွက် မိမိပဲခံစားရတယ်။

အမျိုးသမီးလေးယောက်ကို ကြည့်ပေါ့၊ ဘာတွေ ပါသွားကြလဲ၊ ဘာမှ မပါသွားကြဘူး၊ ရှာထားဖွေထားတဲ့ ထာဝရဥစ္စာတွေ၊ ဇင်္ဂမဥစ္စာတွေ၊ အင်္ဂသမဥစ္စာတွေ ဘာတစ်ခုမှ မပါသွားကြဘူး၊ အကုသိုလ်ကံကိုသာ သယ်ဆောင်သွားကြတော့ အကုသိုလ်ကံရဲ့ အကျိုးကိုပဲ ခံစားကြရတော့တယ်။

ဒါကြောင့် အဲဒီ အမျိုးသမီးတွေလို မဖြစ်ရလေအောင် ထာဝရ, ဇင်္ဂမ,အင်္ဂသမ ဆိုတဲ့ ဥစ္စာသုံးမျိုးကို အနုဂါမိကဥစ္စာနဲ့လဲလှယ်ပြီးတော့ နောင်သံသရာတွေမှာ ကောင်းကျိုးချမ်းသာတွေနဲ့သာ ကြုံတွေ့ခံစားကြရလေအောင် ကြိုးစားပြီး အားထုတ်ထားကြရမယ်။

ဥစ္စာလေးမျိုးအနက် အနုဂါမိကဥစ္စာသာလျှင် မိမိနောက်သို့ပါအောင် ယူဆောင်သွားလို့ရတယ်။ သဒ္ဓါတရားဖြစ်အောင်လဲ သံဝေဂဉာဏ်တွေ ယူ၊ အဲဒါမှ အနုဂါမိကဥစ္စာဖြစ်အောင် ထုတ်ယူမိကြမှာ ဖြစ်တယ်။

ယနေ့လဲ ဒါန,သီလ,ဘာဝနာတွေကို အားထုတ်ကြတာဟာ အနုဂါမိကဥစ္စာထုပ်တွေ ထုပ်နေကြတာပဲလို့ သဘောကျ။ သဘောကျပြီးတော့ အနုဂါမိကဥစ္စာတွေ နောင်သံသရာအတွက် များများပါသွားအောင် ကြိုးစားမယုတ် ပွားများအားထုတ်နိုင်ကြပါစေလို့ ပဌ္ဌာနာပြုရင်း တရားနိဂုံးချုပ်ရအောင်--။

(သဒ္ဓါ ဗန္ဓုတ-စသောဂါထာကို ပြန်လည်ရွတ်ဆို၍ တရားနိဂုံးချုပ်တော်မူပါသည်)

# နတ်ရွာသုဂတိရောက်ကြောင်းတရားသုံးပါး ဒေသနာ

အခါတစ်ပါး၊ ဘုရားရှင်ကိုယ်တော်မြတ်သည်၊ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံပျော်နေတော်မူစဉ်၊ ဘုရားရှင်၏ အဂ္ဂသာဝကကြီးဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလာန်သည်၊ နတ်ပြည်သို့ သွားရောက်ပြီးတော့၊ နတ်တွေနေထိုင်တဲ့ ဘုံဗိမာန်တွေမှာ နတ်သား နတ်သမီးတို့ ခံစားစံစားနေတဲ့ စည်းစိမ်ချမ်းသာတွေကို လိုက်လံကြည့်ရှုပြီးတဲ့နောက် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို လျှောက်ထားပါတယ်။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား– မှန်သောစကားကို ဆိုခြင်းအားဖြင့်လည်းကောင်း။ အမျက်ဒေါသ မထွက်ခြင်းအားဖြင့်လည်းကောင်း။ အနည်းငယ်သော အလှူဒါနကို ပေးလှူကာမျှဖြင့်လည်းကောင်း။ နတ်ရွာသုဂတိကို ရောက်နိုင်ပါသလား ဘုရား–လို့ လျှောက်ထားပါတယ်။

ဒီအခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က_

ချစ်သားမောဂ္ဂလာန်၊ သင်ကိုယ်တိုင် တွေ့မြင်ခဲ့ပြီ မဟုတ်လော–လို့ မိန့်တော်မူပြီးနောက်_

သစ္စံ ဘဏေ န ကုဇ္ဈေယျ ၊ ဒဇ္ဇာ အပ္ပမ္ပိ ယာစိတော။

ဧတေဟိ တီဟိ ဌာနေဟိ ၊ ဂစ္ဆေ ဒေဝါနသန္တိကေ။(ဓမ္မပဒ)

သစ္စံ–မှန်သောစကားကို၊ ဘဏေ–ပြောဆိုရာ၏၊ န ကုဇ္ဈေယျ–

အမျက်မထွက်ရာ၊ ယာစိတော–သူတစ်ပါး တောင်းခံအပ်သည်ရှိသော်၊ အပ္ပမ္ပိ–အနည်းငယ်ကိုလည်း၊ ဒဇ္ဇာ–ပေးလှူရာ၏။ တီဟိ–သုံးပါးကုန်သော၊ ဌာနေဟိ ဌာနေဟိ–ဤအကြောင်းတို့ကြောင့်၊ ဒေဝါ–နတ်တို့၏၊ သန္တိကေ–အထံသို့၊ ဂစ္ဆေ ဂစ္ဆေယျ–ရောက်ရာ၏။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အရှင်မဟာမောဂ္ဂလာန် မေးမြန်းတဲ့ အမေးပုစ္ဆာကို ပြန်လည်ဖြေကြားတော်မူတယ်။

**သုဂတိရောက်ကြောင်းသုံးပါး**

ဘုရားရှင်ကိုယ်တော်မြတ်က နတ်ရွာသုဂတိရောက်ကြောင်းသုံးပါးရှိတယ်လို့ ဟောတော်မူတယ်၊ အဲဒီသုံးပါးက–

{၁} သစ္စံ ဘဏေ–မှန်သော စကားကို ပြောဆိုရမယ်။

{၂} န ကုဇ္ဈေယျ–အမျက်ဒေါသ မထွက်ရဘူး။

{၃} ဒဇ္ဇာ အပ္ပမ္ပိ ယာစိတော–အလှူခံပုဂ္ဂိုလ်တွေ တောင်းခံလာတဲ့အခါ အနည်းငယ်သော ပစ္စည်းဝတ္ထုကိုသော်လည်း ပေးလှူရမယ်။

ပေါင်းလိုက်တော့ သုံးပါး။ အဲဒီ သုံးပါးကို လိုက်နာဖြည့်ဆည်းကြမယ်ဆိုရင်ဖြင့် နတ်ရွာသုဂတိသို့ ရောက်ကြလိမ့်မယ် မောဂ္ဂလာန်–လို့ မြတ်စွာဘုရားက ဖြေကြားတော်မူပါတယ်။

**(၁) မှန်သောစကားကိုဆိုရခြင်း**

အဲဒီ သုံးပါးကို အနည်းငယ်စီချဲ့ပြီးတော့ ဟောကြရ, နာကြရအောင်–

ပထမအချက်က၊ မှန်သောစကားကိုသာ ပြောဆိုရမယ်–တဲ့။ မှန်သောစကားကို ဆိုရမယ်ဆိုတော့ မလိမ်ညာရဘူးပေါ့၊ မုသားစကားကို မပြောဆိုရဘူးပေါ့။

စကားပြောတဲ့အခါမှာ ဟုတ်မှန်တာကို ပြောဆိုပါ၊ ချေချေငံငံ ပြောဆို ဆက်ဆံပါ၊ လိမ်လည်လှည့်ဖြားပြီး မပြောရဘူး–တဲ့။ အဲဒါကို လင်္ကာလေးနဲ့ မှတ်မယ်ဆိုရင်–

{၁} သစ္စာဝစနံ၊ ဟုတ်တိုင်းမှန်၊ ချေင်ပြောဆိုပါ။

"ဟုတ်မှန်သော စကား"ဆိုတာ ဝစီသစ္စာပေါ့၊ သူတစ်ပါးအကျိုးမဲ့အောင် လိမ်ညာမပြောရဘူး၊ လိမ်ပြောတဲ့ စကားတွေမှန်သမျှကို မုသာဝါဒလို့ ခေါ်တယ်၊ မုသာဝါဒကို ပြောဆိုရင် ဘယ်လိုအပြစ်တွေရောက်နိုင်သလဲဆိုတော့–

**မုသားအပြစ်များ**

> မုသားစကား၊ ဆိုမိငြားမူ၊ စကားမပီ၊ သွားမညီနှင့်၊ ပုတ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနောက်၊ ပုံယွင်းဖောက်၏၊ မရောက်အာဏာ၊ နှုတ်လျာကြမ်းထော်၊ လျပ်ပေါ်လော်လည်၊ စိတ်မကြည်တည်း။

–ဆိုတဲ့အတိုင်း မုသားကို ပြောဆိုတဲ့ပုဂ္ဂိုလ်တွေဟာ ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝတွေမှာ–

စကားပြောတဲ့အခါ မပီမသဖြစ်နေတတ်တယ်၊ သွားတွေကလဲ မညီမညာ ဖြစ်နေတတ်တယ်၊ ခံတွင်းကလဲ မကောင်းတဲ့အနံ့တွေ ထွက်တယ်၊ အသားအရေတွေက စိုစိုပြည်ပြည်မရှိ ခြောက်ကပ်ပြီးတော့ နေတတ်တယ်၊ မျက်စိ နား နှာ စတဲ့ ကိုယ်ဣန္ဒြေတွေလဲ ချို့ယွင်းနေတတ်တယ်၊ သူတစ်ပါးအပေါ်မှာ မိမိရဲ့သြဇာမသက်ရောက်နိုင် ဖြစ်နေတတ်တယ်။ ဒါတွေဟာ မုသားစကားပြောဆိုတဲ့အတွက် ဘဝတိုင်းဘဝတိုင်းမှာ ဖြစ်တတ်တဲ့ မကောင်းကျိုးတွေပဲ။

မုသားစကားကို ရှောင်ကြဉ်ရင်ဖြင့် ဆိုခဲ့ပြီးတဲ့အပြစ်တွေ မရောက်နိုင်ဘူး။ စကားကို ပီပီသသ ပြောဆိုနိုင်မယ်ပေ့ါ၊ သွားတွေလဲ ညီညာနေမယ်၊ ခံတွင်းအနံ့အသက်လဲ ကောင်းမယ်၊ အသားအရေကလဲ စိုစိုပြည်ပြည်နဲ့ ဖြစ်နေမယ်၊ မျက်စိ နား နှာ စတဲ့ ဣန္ဒြေတွေ ချွတ်ယွင်းမှု မဖြစ်ဘူး၊ ကြည့်ကောင်းရှုကောင်း ဖြစ်နေမယ်၊ သူတစ်ပါးအပေါ်မှာ မိမိပြောစကားတွေ၊ သြဇာအာဏာတွေ သက်ရောက်မယ်၊ လိုက်နာကြမယ်ပေ့ါ။ ဒါက မုသားစကားကို ရှောင်ကြဉ်ပြီး ဝစီသစ္စာဆိုတဲ့ မှန်ကန်သောစကားကို ဆိုခြင်းကြောင့် ရရှိနိုင်တဲ့ အကျိုးတွေပါပဲ။

ယခုဖော်ပြခဲ့တဲ့ မုသားစကားရဲ့ အပြစ်တွေဟာ သေးငယ်တဲ့အပြစ်တွေပဲရှိသေးတယ်၊ သေးငယ်တဲ့ အကျိုးတွေပဲ ရှိပါသေးတယ်။

**မုသား၏ကြီးလေးသောအပြစ်**

မုသားစကားကို ပြောဆိုရင် ကြီးလေးတဲ့ အပြစ်တွေလဲ ရောက်နိုင်ပါသေးတယ်။ အရှင်ဒေဝဒတ်ကို ကြည့်ပေါ့၊ သံဃာကို မဟုတ်မမှန် မုသားနဲ့ အသင်းခွဲတာ နောက်ဆုံး အဝီစိငရဲကို ကျရောက်ရတယ်၊ ဒါ မုသားရဲ့ ကြီးလေးတဲ့အပြစ်ပဲ။

**စေတိယမင်းအကြောင်း** (စေတိယဇာတ်)

နောက်တစ်ဦးရှိပါသေးတယ်၊ စေတိယမင်းဆိုတာ။

အဲဒီ စေတိယမင်းဟာ တန်ခိုးလေးမျိုးနဲ့ ပြည့်စုံတယ်၊ ဘယ်လို တန်ခိုးတွေနဲ့ ပြည့်စုံလဲဆိုရင်–

၁။ ကောင်းကင်ကို ပျံနိုင်တယ်။

၂။ နတ်သားလေးယောက်က သွားလေရာရာ လိုက်လံစောင့်ရှောက်ရတယ်။

၃။ သူ့ရဲ့ ခန္ဓာကိုယ်ဟာ စန္ဒကူးနံ့ မွှေးနေတယ်။

၄။ သူ့ရဲ့ ခံတွင်းဟာလဲ ကြာညိုပန်းနံ့ မွှေးနေတယ်။

ဒီလို တန်ခိုးလေးမျိုး၊ ထူးခြားချက်လေးမျိုးနဲ့ ပြည့်စုံတဲ့မင်းတစ်ပါး ဖြစ်ပါတယ်။

**မုသားကို အစဆုံးကျူးလွန်သူ**

အဲဒီ စေတိယမင်းဟာ ကမ္ဘာဦးကာလထဲက ဘယ်သူမှ မကျူးလွန်ဖူးသေးတဲ့ မုသာဝါဒကံကို ကျူးလွန်မိတယ်။

ပထမဦးဆုံး မုသားကို ဆိုမိတဲ့အတွက် သူရရှိထားတဲ့ စောစောက တန်ခိုးလေးမျိုး ချက်ချင်းပျောက်ကွယ်သွားတယ်။

ကောင်းကင်မပျံနိုင်တော့ဘူး။ နတ်သားလေးယောက်လဲ မစောင့်ရှောက်တော့ဘူး။ ခန္ဓာကိုယ်က စန္ဒကူးနံ့လဲ ပျောက်သွားတယ်။ ခံတွင်းက ကြာညိုနံ့တွေ ပျောက်ပြီးတော့ ပုတ်သိုးတဲ့အနံ့တွေ ထွက်လာကုန်တော့တယ်။

နောက်တစ်ခါ၊ ဒုတိယအကြိမ် ကျူးလွန်မိပြန်တယ်၊ ဒုတိယအကြိမ် မုသားကို ပြောဆိုမိတဲ့အခါ ခြေမျက်စိအထိ မြေကြီးထဲ မြုတ်ဝင်သွားတယ်။ တတိယအကြိမ် ကျူးလွန်တဲ့အခါကျတော့ ဒူးဆစ်အထိ မြေကြီးထဲ မြုတ်ဝင်သွားပြန်တယ်။ စတုတ္ထအကြိမ် ကျူးလွန်ပြန်တော့ ခါးအထိအောင် မြေကြီးထဲ မြုတ်ဝင်သွားတယ်။ ပဥ္စမအကြိမ်ကျတော့ ချက်အထိ။ ဆဋ္ဌမအကြိမ်ကျတော့ သားမြက်အထိ။ သတ္တမအကြိမ်ကျတော့ အဝီစိငရဲအထိရောက်သွားရော–တဲ့။ အဝီစိငရဲက မီးတောက်မီးလျှံတွေက သူ့ကို ယူဆောင်သွားတယ်။

ဒါဟာ မုသာဝါဒကံရဲ့ ကြီးလေးတဲ့ အပြစ်ပဲ။ ဘာဖြစ်လို့ ဒီလောက်တောင် ကြီးလေးတဲ့အကျိုး သက်ရောက်သွားရတာလဲဆိုတော့၊ ပထမဆုံးကျူးလွန်မိလို့ပဲ၊ မုသာဝါဒကို အစဆုံးကျူးလွန်တာ ဒီ စေတိယမင်းပဲ၊ ဒါကြောင့် ဒီလောက်ထိအောင် ကြီးလေးတဲ့ အကျိုးကို ခံစားသွားရတာဖြစ်တယ်၊ ဥပမာ ဘာနဲ့ပြသလဲဆိုတော့–

အင်မတန် ညစ်ပေနေတဲ့ လက်နှီးစုတ်တစ်ထည်ကို ဘယ်လောက်ပင် အမဲစက်တွေပေကျံသော်လဲ မထင်ရှားနိုင်ဘူး၊ နဂိုထဲက ညစ်ပေနေတာပဲ။ ဖြူစင်နေတဲ့ အဝတ်ပေါ်မှာ အမဲစက်လေးတစ်ခုကျရင် အင်မတန်ပေါ်လွင်ထင်ရှားတယ်။ ဒီလို ဥပမာပြကြတယ်။

ယခုလဲ စေတိယမင်းဟာ ဘယ်သူမှ မကျူးလွန်ဖူးသေးတဲ့၊ မုသာဝါဒအညစ်အကြေးတွေ လုံးဝမစွန်းထေးသေးတဲ့အချိန်မှာ ပထမဆုံးကျူးလွန်မိတာ၊ ဒါကြောင့် သိပ်ပြီးတော့ ထင်ရှားသွားတာပေ့ါ၊ အကျိုးပေး သိပ်ကြီးမားသွားတာပေ့ါ။

မုသားစကားကို ပြောဆိုခြင်းသည် မကောင်းသော အကျိုးတွေကိုသာ ခံစားရမှာဖြစ်တဲ့အတွက်ကြောင့် မုသားစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပြီး မှန်ကန်သော သစ္စာစကားတွေကိုသာ ပြောဆိုကြပါ။ ဒီလို မှန်ကန်သော သစ္စာစကားတွေကို ပြောဆိုခြင်းဖြင့် နတ်ရွာသုဂတိသို့ ရောက်နိုင်ပါကြောင်း ဘုရားရှင်က ဟောကြားတော်မူခဲ့တယ်။

## (၂) အမျက်မထွက်ရခြင်း

နောက်တစ်ခါ၊ ဒုတိယအနေနဲ့ အမျက်ဒေါသ မထွက်ရဘူးတဲ့။

အမျက်ဒေါသကို ရှောင်ကြဉ်လျှင်လည်း နတ်ရွာသုဂတိသို့ ရောက်နိုင်ကြောင်း ဘုရားရှင်ကိုယ်တော်မြတ်က ဟောတော်မူတယ်။

{၂} ဒေါသပြင်းထန်၊ အမျက်မှန်၊ ပယ်ရန်စိတ်ထားပါ။

အမျက်ဒေါသဖြစ်စရာ အာရုံနဲ့ တွေ့တဲ့အခါမှာ ဒေါသမဖြစ်ပါနဲ့ ဒေါသကို ပယ်ရမယ်။ ဒေါသဆိုတာ ကြမ်းတမ်းတဲ့လက္ခဏာရှိတယ်၊ "ဒေါသော စဏ္ဍိက္ကလက္ခဏော"တဲ့။ စကားပြောတဲ့နေရာမှာလဲ ကြမ်းတမ်းတယ်။ လုပ်ကိုင်တဲ့ နေရာမှာလဲ ကြမ်းတမ်းတယ်။ ကိုယ်အမူယာတွေ ကြမ်းတမ်းတယ်။ နှုတ်အမူယာတွေ, စိတ်အမူယာတွေ ကြမ်းတမ်းတယ်။ စိတ်ကောက်တယ်။ ငိုတယ်။ သူတစ်ပါးကို ရိုက်နှက်ပုတ်ခတ်တယ်။ ဆူပူကြိမ်းမောင်းတယ်။ အဲဒါ ဒေါသတွေချည်းပဲ။

ဒေါသဖြစ်လာရင် အကြောင်းအကျိုး,အကောင်းအဆိုးတွေကို ဘာတစ်ခုမှ မမြင်နိုင်တော့ဘူး၊ မှောင်အတိ ဖြစ်သွားတော့တာပဲ။ဒါ့ကြောင့် "ဒေါသော အတ္ထံ န ဇာနာတိ"လို့ ဘုရားဟောထားတာဖြစ်တယ်။

## ဒေါသတရားကိုယ်

ဒေါသကို တရားကိုယ်ကောက်ရင် ဒေါသစိတ်,ဒေါသစေတသိက်တွေပေါ့။ အဲဒီ ဒေါသစိတ်ကို ခန္ဓာဖွဲ့ရင် ဝိညာဏက္ခန္ဓာ, သင်္ခါရက္ခန္ဓာပေါ့။ သစ္စာဖွဲ့ရင်တော့ ဒုက္ခသစ္စာပဲ၊ ဒုက္ခသစ္စာဆိုထဲက ဒေါသဖြစ်ရင် ဆင်းရဲပြီပေါ့။

## ဒေါသဖြစ်ကြောင်းများ

ဒေါသ ဘာကြောင့်ဖြစ်ရသလဲ၊ ဒေါသဖြစ်စရာ အာရုံတွေနဲ့တွေ့လို့ ဖြစ်လာရတယ်။

> စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ။ (နိဒါနဝဂ္ဂသံယုတ်)

စက္ခုံ စ–စက္ခုပသာဒကိုလည်းကောင်း၊ ရူပေ စ–ရူပါရုံကိုလည်းကောင်း၊ ပဋိစ္စ–စွဲ၍၊ စက္ခုဝိညာဏံ–စက္ခုဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ တိဏ္ဏံ သင်္ဂတိ–သုံးပါးသောအကြောင်းတို့ ပေါင်းဆုံမိခြင်းကြောင့်၊

ဖဿော–ဖဿသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဖဿပစ္စယာ–ဖဿဟူသော အကြောင်းကြောင့်၊ ဝေဒနာ–ဝေဒနာသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဝေဒနာ ပစ္စယာ–ဝေဒနာဟူသောအကြောင်းကြောင့်၊ တဏှာ–တဏှာသည်၊ ဥပ္ပဇ္ဇတိ ဖြစ်၏။

တဏှာကြောင့် ဥပါဒါန်တွေဖြစ်ပေ့ါ။ ဥပါဒါန်ကြောင့် ကံသင်္ခါရ ဖြစ်တယ်။ ဒေါသစိတ်အရင်ဖြစ်ပြီးရင် အဲဒီနောက်က ဖဿတွေဖြစ်မယ်၊ ဖဿဖြစ်လာရင် ခံစားမှု ဝေဒနာဖြစ်လာပြီ၊ မကောင်းသော ဝေဒနာတွေ ခံစားရပြီပေ့ါ၊ ဒီ ခံစားမှုဟာ ဆင်းရဲတယ်၊ ကိုယ်တွေလဲ ပူလောင်လာ တယ်၊ စိတ်တွေလဲ ပူလောင်လာတယ်။ ဒီလို အကျိုးဆက်တွေ ဖြစ်ပေါ် ခံစားရလိမ့်မယ်။

**ဒေါသငြိမ်းကြောင်း**

ဒေါသဆိုတာ သင်္ခါရတရားပဲ၊ အဲဒီ သင်္ခါရတရားတွေဟာ ဖြစ်ပြီး ရင် ပျက်စီးတတ်တဲ့ သဘောရှိတယ်လို့ ရှုမြင်မယ်ဆိုရင် ဒေါသတွေ ငြိမ်းနိုင်ပါတယ်။ ဒေါသတွေ ဖြစ်ပြီးချုပ်ပျောက်သွားပြန်တယ်။ နောက်ထပ် ဒေါသတွေ ဖြစ်လာပြန်တယ်။ ဒီလိုပဲ ချုပ်လိုက် ဖြစ်လိုက်နဲ့ မမြဲတဲ့ သဘောတွေပေ့ါ။ ဒါကြောင့် ဒေါသရဲ့သဘောတွေငြိမ်းအောင် ဒေါသရဲ့ မမြဲတဲ့ သဘောတရားတွေကို မြင်အောင်ရှုရမယ်။

မြင်မြင်သမျှ၊ သင်္ခါရ၊ မုချမမြဲပါ။

ကြားကြားသမျှ၊ သင်္ခါရ၊ မုချမမြဲပါ။

နံနံသမျှ၊ သင်္ခါရ၊ မုချမမြဲပါ။

စားစားသမျှ၊ သင်္ခါရ၊ မုချမမြဲပါ။

တွေ့တွေ့သမျှ၊ သင်္ခါရ၊ မုချမမြဲပါ။

အဲဒီလို သင်္ခါရသဘောတရားတွေပဲလို့ သတိပညာတွေနဲ့ ရှုမှတ် မယ်ဆိုရင် ဒေါသတွေငြိမ်းနိုင်ပါတယ်။

နောက်တစ်နည်း၊ ဒေါသငြိမ်းအောင် ဘယ်လိုလုပ်လို့ရသေးလဲ ဆိုတော့–

**ဒေါသံ ဘိက္ခဝေ ပဟာနာယ မေတ္တာစိတ္တံ ဘာဝေယျာထ။**

ဘိက္ခဝေ–ပရိသတ်လေးပါးချစ်သားချစ်သမီးတို့၊ ဒေါသံ–ဒေါသကို၊ ပဟာနာယ–ပယ်ဖို့ရန်၊မေတ္တာစိတ္တံ–မေတ္တာစိတ်ကို၊ ဘာဝေယျာထ–ပွားများကြကုန်လော။

ဒေါသမဖြစ်အောင် မေတ္တာပွားပါ–တဲ့။ ဘုရားရှင်ကိုယ်တော်မြတ်ဟောကြားခဲ့တာ၊ ဒေါသနဲ့ မေတ္တာဆိုတာ ဆန့်ကျင်ဘက်ပဲ။

ဒေါသက မီးနဲ့တူတယ်၊ ပူလောင်တဲ့ သဘောရှိတယ်။ မေတ္တာဆိုတာက ရေစင်ရေအေးနဲ့တူတယ်၊ အေးမြတဲ့ သဘောရှိတယ်။ ပူလောင်နေတဲ့ မီးကို ဘာနဲ့ငြိမ်းမှ ရသလဲ၊ ရေနဲ့လောင်းပြီးငြိမ်းမှ ရတယ်။ ဒီသဘောပါပဲ။ ဒေါသဆိုတာ ပူလောင်တယ်၊ ပူလောင်နေတဲ့ဒေါသကို ငြိမ်းအေးအောင် မေတ္တာရေစင်နဲ့ဖြန်းမှ ငြိမ်းမယ်။ ဒါကြောင့် ဒေါသမဖြစ်အောင်လည်းကောင်း၊ ဖြစ်နေရင်လည်းကောင်း၊ မေတ္တာဘာဝနာပွားလိုက်ပါ၊ ဖြစ်နေတဲ့ ဒေါသတွေ ငြိမ်းပျောက်သွားလိမ့်မယ်လို့ မြတ်ဗုဒ္ဓက ဟောတော်မူခြင်းဖြစ်တယ်။

ဒါကြောင့် သတ္တဝါတွေအပေါ် မေတ္တာ နာနာပို့ပေးရမယ်၊ ဒါမှ ဒေါသမဖြစ်မှာ၊ မေတ္တာထားလိုက်ရင် ဒေါသဘယ်ဖြစ်နိုင်တော့မှာလဲ၊ ဒါကြောင့် ဒေါသကင်းအောင်၊ ဒေါသမဖြစ်အောင်၊ မေတ္တာဘာဝနာ ပွားရမယ်။ ဒါမှမဟုတ် စောစောကပြောခဲ့တဲ့အတိုင်း သင်္ခါရသဘောတရားတွေရဲ့ မမြဲခြင်း,ဆင်းရဲခြင်း,အစိုးမရခြင်းသဘောတွေကို သတိပညာနဲ့ ရှုမှတ်ပြီး ပယ်ဖျောက်ကြရမယ်။ အဲဒီလို ပယ်ဖျောက်နိုင်လို့ရှိရင် ဒေါသတွေ ငြိမ်းနိုင်ပါတယ်၊ ဒေါသငြိမ်းရင် ပစ္စုပ္ပန်ဘဝမှာလဲ ချမ်းသာမယ်၊ တမလွန်ဘဝမှာလဲ နတ်ရွာသုဂတိသို့ရောက်ပြီး ချမ်းချမ်းသာသာနဲ့ နေရမယ်။ ဒါဟာ နတ်ရွာသုဂတိရောက်ကြောင်း တစ်ပါးပါပဲ။

ဒီနေရာမှာ ဒေါသငြိမ်းခြင်းကြောင့် ချမ်းသာသုခ ရရှိသွားတဲ့ သာဓကလေးတစ်ခုကို ကြည့်ကြရအောင်–

**စန္ဒာဘိဝတ္ထု** (သဂါထာဝဂ္ဂသံယုတ်)

သုံးလောကထွတ်ထား မြတ်စွာဘုရားသခင်၊ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူတဲ့ အခါက၊ ရာဇဂြိုဟ်မြို့ထဲမှာ

"ဓနဉ္စာနိ"ဆိုတဲ့ ပုဏ္ဏေးမကြီးတစ်ယောက်ရှိတယ်၊ အဲဒီ ဓနဉ္စာနိပုဏ္ဏေးမကြီးဟာ ရတနာသုံးပါးအပေါ် သက်ဝင်ယုံကြည်တဲ့ သောတာပန်အရိယာဒါယိကာမကြီး ဖြစ်ပါတယ်။

သူ့ရဲ့ လင်ယောကျ်ားက "ဘာရဒွါဇ"လို့ ခေါ်တယ်။ ဘာရဒွါဇပုဏ္ဏားကြီးကတော့ ရတနာသုံးပါးကို ကြည်ညိုသူမဟုတ်ဘူး၊ တိတ္ထိတက္ကတွန်းတွေကို ကိုးကွယ်တဲ့ မိစ္ဆာဒိဋ္ဌိပုဏ္ဏားကြီးပေါ့။ လင်ယောကျ်ားနဲ့ မယားလုပ်သူ ဆန့်ကျင်ဘက် နေဘ်။ တစ်ဦးက ဗုဒ္ဓအယူဝါဒရှိတဲ့ အရိယာအမျိုးသမီး၊ တစ်ဦးက မိစ္ဆာဒိဋ္ဌိအယူရှိတဲ့သူ၊ ဆန့်ကျင်ဘက်ဖြစ်နေကြတယ်။

ပုဏ္ဏားကြီးက မိစ္ဆာဒိဋ္ဌိဆိုတော့ ရတနာသုံးပါးကို မယုံကြည်နိုင်ဘူးပေါ့၊ မယုံကြည်ရုံသာမက ရတနာသုံးပါးရဲ့အသံကို ကြားကို မကြားချင်ဘူးတဲ့။ ဒီလောက်တောင်ဖြစ်နေတာ။

ဓနဉ္စာနိပုဏ္ဏေးမကြီးကတော့ ဒီလိုမဟုတ်ဘူး၊ မိမိဟာ မိစ္ဆာဒိဋ္ဌိမဟုတ်ပေမယ့် လင်ယောကျ်ားကိုးကွယ်တဲ့ တိတ္ထိတက္ကတွန်းတွေကို ပြုစုလုပ်ကျွေးတဲ့အခါ လင်အပေါ်ပြုပေးရမယ့် ကျင့်ဝတ်အတိုင်း ပြုကျင့်ပေးတယ်၊ အမျိုးသမီးကျင့်ဝတ်ဖြစ်နေတာက တစ်ကြောင်း၊ အရိယာသောတာပန် ဖြစ်နေတာက တစ်ကြောင်းပေါ့လေ။ အရိယာဆိုတာ သူတစ်ပါးနဲ့ ဆန့်ကျင်ဘက်ဖြစ်အောင် မပြုလုပ်ဘူး၊ အမြဲတမ်း သည်းခံမှုရှိတယ်။

တစ်နေ့တော့၊ ပုဏ္ဏားကြီးဟာ သူ့ရဲ့ ဇနီးလုပ်သူကို တိုင်ပင်တယ်၊ ငါ့ရဲ့ တိတ္ထိတက္ကတွန်းတွေကို အိမ်ပင့်ပြီးတော့ ဆွမ်းကပ်မယ်–လို့ တိုင်ပင်တယ်။ ပုဏ္ဏေးမကြီးက ဒါဆိုရင် ကျွန်တော်မျိုးမဘက်က ဘာအကူအညီတွေ ပေးရမလဲလို့ ဆိုတယ်၊ ပုဏ္ဏားကြီးက ရှင်မအတွက် အကူအညီပေးစရာမရှိပါဘူး၊ ဒါပေမယ့် ငါ့အရှင်တွေကို ဆွမ်းလုပ်ကျွေးတဲ့အခါမှာ ရှင်မအနေနဲ့ ရပ်တဲ့အခါမှာသော်လည်းကောင်း၊ ထိုင်တဲ့အခါမှာသော်လည်းကောင်း၊ မတော်တဆ ချော်လဲတဲ့အခါမှာသော်လည်းကောင်း၊ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"လို့ ရှင်မရဲ့ ဘုရားဂုဏ်တွေကို ကျူးရင့်တတ်ပါတယ်၊ ငါ့အရှင်တွေကို ဆွမ်းပင့်ကျွေးနေတဲ့အချိန်မှာတော့ အဲဒီလို မရွတ်ဆိုမိအောင် နေပေးပါ–လို့ ကတိတောင်းခံရာပါတယ်။

အဲဒီလို ရှင်မရဲ့ ဘုရားဂုဏ်တွေကိုသာ ရွတ်ဆိုခဲ့ရင် ငါ့ရဲ့ အရှင်သခင်ဖြစ်တဲ့ တက္ကတွန်းတွေဟာ ငါ့အပေါ်မှာ စိတ်မချမ်းမသာဖြစ်ပြီး ငါ့ကို ခွဲခွာသွားကြလိမ့်မယ်၊ ဒါကြောင့် ဒီအချိန်လေးမှာတော့ သတိထားပြီးနေထိုင်ပေးပါလို့ ကတိတောင်းပါတယ်။

ဒီတော့ ခနဥ္စာနီပုဏ္ဏေးမကြီးက၊ ဒီကတိကိုတော့ မပေးပါရစေနဲ့၊ ပေးလဲပဲ မနေနိုင်တဲ့အခါ ဂုဏ်တော်တွေကို ရွတ်ဆိုမိမှာပဲလို့ ပြန်ပြောပါတယ်။

ပုဏ္ဏားကြီးက စိတ်မရှည်တဲ့သဘောနဲ့ ဘာပြန်ပြောလဲဆိုတော့၊ ရှင်မ– အိမ်ခြေတစ်ရာရှိတဲ့ရွာမှာ တံခါးကို လုံအောင်ပိတ်နိုင်ပါလျှက် သင်က သင့်ရဲ့ ပါးစပ်ပေါက်ကို ဒီ အချိန်လေးမှာ ပိတ်လို့မရနိုင်ဘူးလားလို့ ဆိုလိုက်ပါတယ်။

ပိတ်ထားလို့ မရနိုင်ဘူး၊ သတိရရင်တော့ ရွတ်ဆိုမိမှာပဲလို့ ပြန်ပြောတယ်၊ ဒီအခါမှာ ပုဏ္ဏားကြီးက အမျက်ထွက်လာပြီး၊ ကဲ– ဒီလောက်တောင်ဖြစ်လှတာ ငါ့အိမ်မှာ ရတနာသုံးပါးနဲ့ ပတ်သက်တဲ့ စကားတွေကို ပြောမယ်ဆိုရင် ဟောဒီ သံလျက်နဲ့ ခုတ်သတ်မယ်ဆိုပြီး သံလျက်ကို ယူပြီး ထောင်ထားလိုက်တယ်တဲ့။ ဒေါသစိတ်တွေဖြစ်ပြီး ကြိမ်းမောင်းတာ နော်။

အဲဒီလို ကြိမ်းမောင်းပေမယ့်လဲ ပုဏ္ဏေးမကြီးက စိတ်မဆိုးဘူး၊ ဘယ်လိုပြန်ပြောသလဲဆိုတော့–အရှင့်အနေနဲ့ ကျွန်ုပ်ကို သတ်ရင် သတ်ပါ၊ ဗုဒ္ဓဂုဏ်တော်တွေကိုတော့ မရွတ်ဆိုဘဲ မနေနိုင်ပါဘူးလို့ ရဲရဲဝံ့ဝံ့ ပြန်ပြောလိုက်တယ်။

ဘယ်လောက်အံ့သြစရာကောင်းသလဲ နော်၊ ဘုရား၊တရား၊သံဃာ ရတနာသုံးပါးအပေါ်မှာ အသက်နဲ့လဲပြီးတော့ ကြည်ညိုနေတာနော်၊ ဒါသောတာပန်တို့ရဲ့ ရတနာသုံးပါးအပေါ် ယုံကြည်တဲ့ သဒ္ဓါတရားပဲ၊ ဘယ်လောက် ခိုင်မြဲနေသလဲဆိုတာ မှန်းဆကြည့်နိုင်ပါတယ်။

**ဗုဒ္ဓဘာသာဝင်အမျိုးသမီးတွေ**

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင်အမျိုးသမီးတွေဟာ ဘာသာခြားတွေနဲ့ အိမ်ထောင်ကျသွားပြီဆိုရင် များသောအားဖြင့် ဘာသာခြားတွေနောက်

လိုက်သွားကြတာ များပါတယ်၊ ဘာသာခြားတို့ရဲ့ အယူဝါဒကို လိုက်ပြီး ယူကြတာ များပါတယ်၊ ယခု ခေနဥာနီကို ကြည့်စမ်း၊ မလွှဲသာလို့ ဘာသာခြားနဲ့ အိမ်ထောင်ဖက်နေရပေမယ့် မိမိရဲ့ မူရင်းဗုဒ္ဓဘာသာကို တော့ မစွန့်ဘူး၊ မစွန့်တဲ့အပြင် ဘာသာကို ထိခိုက်လာလို့ အသက်ကိုမငဲ့ ကွက်ဘဲ ခုခံပြောဆိုတယ် နော်။ ယခုခေတ် ဗုဒ္ဓဘာသာဝင်အမျိုးသမီးတွေ ဘယ်လောက်အတုယူဖို့ကောင်းသလဲ။

အမှန်တော့၊ ဘာသာခြားအယူနောက် လိုက်သွားကြတယ်ဆိုတာ မိမိ လက်ရှိကိုးကွယ်နေတဲ့ ဘာသာရဲ့ အနှစ်သာရကို သေချာကျနု မသိရှိ ထားကြလို့။ မိရိုးဖလာ ဗုဒ္ဓဘာသာအဖြစ်နဲ့သာ နေနေကြလို့ပဲ။

**ဗုဒ္ဓဘာသာမှာ အနှစ်ကိုးပါးရှိတယ်**

မိမိတို့ကိုးကွယ်နေတဲ့ ဗုဒ္ဓဘာသာမှာ အနှစ်ကိုးပါးရှိတယ်– အဲဒါတွေက–

၁။ ဘုရားရတနာ
၂။ တရားရတနာ
၃။ သံဃာရတနာ။
၄။ သီလသိက္ခာ
၅။ သမာဓိသိက္ခာ
၆။ ပညာသိက္ခာ
၇။ အနိစ္စလက္ခဏာ
၈။ ဒုက္ခလက္ခဏာ
၉။ အနတ္တလက္ခဏာ

ပေါင်း(၉)ပါး။ အဲဒီကိုးပါးကို အနှစ်ကိုးပါး–လို့ ခေါ်ပါတယ်၊ ဘုန်းကြီး တို့ ဗုဒ္ဓဘာသာ၊မှာပဲ ရှိပါတယ်၊ အခြားဘာသာတွေမှာ မရှိပါဘူး။ ရတနာ သုံးပါး၊သိက္ခာသုံးပါး၊လက္ခဏာရေးသုံးပါး၊ ဒီကိုးပါးအကြောင်းကို ကျကျ နန သိရှိနေကြမယ်၊ စွဲစွဲမြဲမြဲလဲ ယုံကြည်ဆည်းကပ်နေမယ်ဆိုရင် ဒိပြင် ဘာသာခြားကို ယုံကြည်စရာမရှိတော့ပါဘူး။

ဒါကြောင့် မိမိကိုးကွယ်နေတဲ့ ဘာသာရဲ့ အနှစ်သာရတွေကို သိရှိနေမှ ဘာသာအယူမပြောင်းမှာ၊ ဒီလို သေချာကျနု မသိသူတွေကတော့

တစ်ခြားဘာသာအယူတွေကို လွယ်လွယ်ပဲ ပြောင်းသွားကြတယ်၊ သိပ်ပြီး ဝမ်းနည်းဖို့ကောင်းလှပါတယ်။ ဗုဒ္ဓဘာသာလဲဖြစ်၊ ဗုဒ္ဓသာသနာနဲ့လဲတွေ့ရ ပြီးဖြစ်ပါလျက် မိမိဘာသာကို စွန့်ခွာသွားတာ ဘယ်လောက် ဝမ်းနည်းဖို့ ကောင်းသလဲ။ စဉ်းစားကြည့်ကြ နော်။

ယခု ဓနဥာနီဒါယိကာမကြီးကို ကြည့်ပေါ့၊ မိမိရဲ့ ဘာသာကို အသက်ပေးပြီးတော့ ကြည်ညိုနိုင်တယ်၊ အခြေအနေအရ ဘာသာခြားနဲ့ အိမ်ထောင်ကျခဲ့ပေမယ့် မိမိရဲ့ဘာသာကို မစွန့်ပယ်ဘူး၊ ရဲရဲကြီး ယုံကြည် ကိုးကွယ်နေတယ်၊ ဒါတွေဟာ အတုယူစရာကောင်းတဲ့ အချက်တွေပဲ။

နောက်ဆုံး၊ ပုဏ္ဏားကြီးက ဘယ်လိုမှ ပြောဆိုသတိပေးလို့ မရ တော့၊ ကဲ–အရှင်မ သဘောအတိုင်းသာ ပြုလုပ်ပေတော့လို့ဆိုပြီး လက် လျှော့လိုက်ရတော့တယ်။

အဲဒီနောက် ပုဏ္ဏားကြီးသည် သူရဲ့ တိတ္ထိတက္ကတွန်းတွေ ဆွမ်း ကျွေးပွဲအတွက် ပြင်ဆင်ပါတယ်။ အိမ်ကိုလဲ ပြင်ဆင်တယ်၊ နေအိမ်ကို နွားချေးတွေနဲ့ သုတ်လိမ်းတယ်။ ပုဏ္ဏားတွေဟာ အဲဒီလိုလုပ်တာ သူတို့ အတွက် မင်္ဂလာပဲ–တဲ့။ ရေအိုးတွေကို ရေပြည့်အောင် ထည့်၊ ပန်းတွေ ကို ပြင်၊ ပေါက်ပေါက်တွေ ကြဲ။ ဒီလို ပြင်ဆင်ပြီးတော့ ထားပါတယ်။ ပြင်ဆင်ပြီးတဲ့ နောက်၊ သူကိုးကွယ်တဲ့ တိတ္ထိတက္ကတွန်းတွေကို ပင့်ဆောင်၊ အိမ်မှာ ဆွမ်းကျွေးပေါ့။

ဓနဥာနီပုဏ္ဏေးမကြီးကလဲ တိတ္ထိတက္ကတွန်းတွေကို ကူညီပြီးတော့ ဆွမ်းလုပ်ကျွေးပေးပါတယ်၊ ကိုယ့်ရဲ့ဘာသာမဟုတ်ပေမယ့် ဣဿာမစ္ဆရိယ မထားဘူး၊ လင်လုပ်တဲ့ အလုပ်ကို မယားလုပ်သူက ကူညီပေးရမှာ မယား ဝတ္တရားတစ်ခုပဲမဟုတ်လား၊ ဒါကြောင့် ဝတ္တရားအတိုင်း ကူညီလုပ်ကိုင် ပေးပါတယ်။

လုပ်ကိုင်ပေးနေရင်း ထမင်းခွက်တစ်ခုကို ယူဆောင်နေတုံး **ချော်** သွားပါလေရော။ ဒီအခါ ရုတ်တရက် "နမော တဿ ဘဂဝတော အရ ဟတော သမ္မာသမ္ဗုဒ္ဓဿ"လို့ နှုတ်က ရွတ်မိလိုက်တော့တယ်။ အဲဒီ အသံကို ဆွမ်းစားနေတဲ့ တိတ္ထိတက္ကတွန်းတွေကြားသွားတော့ တခါတည်း ထပြေးကုန်တော့တယ်။

**ပုဏ္ဏားကြီးအမျက်ထွက်ခြင်း**

အဲဒီလိုဖြစ်ကုန်တော့ ပုဏ္ဏားကြီးဆိုတာ စိတ်တွေဆိုးလိုက်တာ၊ ဒေါသတွေဖြစ်လိုက်တာ။ မယားလုပ်သူကိုလဲ ကြိမ်းမောင်း၊ မယားလုပ်သူကိုးကွယ်နေတဲ့ ဘုရားနဲ့ ရဟန်းတော်တွေကိုလဲ ရဟန်းယုတ်တွေ, ဦးပြည်းရဟန်းတွေ,ဆိုပြီး ရဟန်းတော်တွေရဲ့ ဂုဏ်ကျေးဇူးတွေကို ချေဖျက်ပြောဆိုကြိမ်းမောင်းတော့တာပဲ။

**ပုဏ္ဏေးမကြီး ဒေါသမဖြစ်**

အဲဒီလို လင်လုပ်သူက မိမိနဲ့ မိမိကိုးကွယ်နေတဲ့ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးမဲ့တွေကို ဆဲရေးတိုင်းထွာလုပ်နေတာ ဓနဉ္စာနီပုဏ္ဏေးမကြီး ဘာမှမဖြစ်ဘူး၊၊ အမျက်ဒေါသလဲ ပြန်မဖြစ်ဘူး၊ သည်းခံပြီးတော့ နေပါတယ်။

"အက္ကောဓေန ဇိနေ ကောဓံ" တဲ့။ ကောဓံ–အမျက်ဒေါသချောင်းချောင်းထွက်နေသူကို၊ အက္ကောဓေန–အမျက်မပါ, မေတ္တာနှလုံး, ကိုယ်ကသုံးသဖြင့်၊ ဇိနေ ဇိနေယျ–ချမ်းမြေ့ကြည်ဖြူ, အနိုင်ယူရာ၏။

မြတ်ဗုဒ္ဓဟောကြားထားတာ။ အမျက်ထွက်နေသူကို ကိုယ်က အမျက်ပြန်မထွက်ဘဲ မေတ္တာနှလုံးနဲ့ အနိုင်ယူရမယ်–တဲ့။ မေတ္တာနဲ့ အနိုင်ယူရမယ်။ ဒေါသကို ဒေါသနဲ့ ပြန်လည်တုံ့ပြန်ရင် ဘာတွေဖြစ်ကုန်မလဲ၊ မကောင်းကျိုးတွေသာ ဖြစ်ပေါ်လာစရာရှိမယ်၊ ဒေါသတွေကတော့ ငြိမ်းမှာမဟုတ်ဘူး။ ဒါကြောင့် ဒေါသထွက်နေသူကို ဒေါသနဲ့ ပြန်လည် မတုံ့ပြန်ရဘူး၊ မေတ္တာထားရမယ်၊ ဒါဟာ ဒေါသဖြစ်နေသူအပေါ် ကိုယ်က အနိုင်ယူလိုက်တာပဲဖြစ်တယ်။ ဓနဉ္စာနီပုဏ္ဏေးမကြီးလဲ အမျက်နဲ့ မတုံ့ပြန်ခဲ့ဘူး၊ မေတ္တာနဲ့ပဲ တုံ့ပြန်အနိုင်ယူခဲ့ပါတယ်။

ပုဏ္ဏားကြီးက ပုဏ္ဏေးမကြီးကိုရော ရတနာသုံးပါးကိုရော ဆဲဆိုကြိမ်းမောင်းပြီးတော့ ဘာပြောသလဲဆိုတော့–

နင်တို့ ဆရာဖြစ်တဲ့ ဂေါတမဆီကိုသွားပြီး ဝါဒတင်မယ်၊ စွပ်စွဲမယ်–လို့ ပြောတယ်၊ ဒီအခါမှာ ပုဏ္ဏေးမကြီးက–ကဲ အသင်သွားပြီး ဝါဒတင်ပါ, စွပ်စွဲပါ၊ သုံးလောကထွတ်ထား မြတ်စွာဘုရားကို ဝါဒတင်လို့ရတဲ့လူဆိုတာ လောကမှာ မရှိပါဘူး၊ သို့ပေမယ့် အသင် သွားပြီးတော့

ဝါဒတင်ပါ၊ စွပ်စွဲပါ၊ အဲဒီလို ဝါဒတွေ သွားတင်တဲ့အခါ မြတ်ဗုဒ္ဓရဲ့ဂုဏ်သတ္တိတွေကို အသင် သိရှိလာပါလိမ့်မယ်–လို့ ပြန်ပြောလိုက်ပါတယ်။

“ဝါဒတင်တယ်”ဆိုတာကတော့ မြတ်စွာဘုရားကို အမေးပုစ္ဆာတွေ မေးမြန်းခြင်းဖြစ်ပါတယ်၊ မြတ်စွာဘုရားက မဖြေဆိုနိုင်ရင် လူပုံအလယ်မှာ ကဲ့ရဲ့မှာပေါ့လေ၊ ဒီရည်ရွယ်ချက်နဲ့ အမေးထုတ်တာပါပဲ။

**ပုဏ္ဏားကြီးအမေး**

ဒါနဲ့ ပုဏ္ဏားကြီးလဲ မြတ်စွာဘုရားထံရောက်ပေါ့။ ရောက်တယ်ဆိုရင်ပဲ မြတ်စွာဘုရားကို ပြဿနာတွေ မေးတော့တာပဲ။

ကိံသု ဆေတွာ သုခံ သေတိ ၊ ကိံသု ဆေတွာ န သောစတိ။
ကိဿဿ ဧကဓမ္မဿ ၊ ဝဓံ ရောစေသိ ဂေါတမ။

ဂေါတမ–ရှင်ကြီးဂေါတမ၊ ကိံသု–အဘယ်အရာကို၊ ဆေတွာ–ဖြတ်တောက်သော်၊ သုခံ–ချမ်းချမ်းသာသာ၊ သေတိ–အိပ်ရပါသနည်း၊ ကိံသု–အဘယ်အရာကို၊ ဆေတွာ–ဖြတ်တောက်သော်၊ န သောစတိ–မစိုးရိမ်ရပါသနည်း၊ ကိဿဿ–အဘယ်မည်သော၊ ဧကဓမ္မဿ–တစ်ခုသော တရားအား၊ ဝဓံ–ဖြတ်တောက်ခြင်းကို၊ ရောစေသိ–နှစ်သက်ပါသနည်း။

အဲဒီလို အမေးထုတ်လိုက်ပါတယ်။ ဂါထာထဲမှာ ပါရှိတဲ့အတိုင်း မေးခွန်းက သုံးချက်ဖြစ်ပါတယ်_

၁။ အဘယ်တရားကို ဖြတ်လျှင် ချမ်းသာစွာ အိပ်ရပါသလဲ။
၂။ အဘယ်တရားကို ဖြတ်လျှင် မစိုးရိမ်ရပါသလဲ။
၃။ အဘယ်မည်သော တစ်ခုသောတရားကို ဖြတ်ခြင်းကို အရှင်ဂေါတမ နှစ်သက်ပါသလဲ။

ဒီလို မေးလျှောက်တဲ့အခါ၊ ဘုရားရှင်ကိုယ်တော်မြတ်က မေးခွန်းသုံးရပ်ကို ဖြေကြားတော်မူပါတယ်–

ကောဓံ ဆေတွာ သုခံ သေတိ၊ ကောဓံ ဆေတွာ န သောစတိ။
ကောဓဿ ဝိသမူလဿ ၊ မဓုရဂ္ဂဿ ဗြာဟ္မဏ။
ဝဓံ အရိယာ ပသံသန္တိ ၊ တံ ဟိ ဆေတွာ န သောစတိ။

ဗြာဟ္မဏာ–ဘာရဒွါဇပုဏ္ဏားကြီး၊ ကောဓံ–အမျက်ဒေါသကို၊ ဆေတွာ–ဖြတ်တောက်သော်၊ သုခံ–ချမ်းချမ်းသာသာ၊ သေတိ–အိပ်ရ၏၊ ကောဓံ–အမျက်ဒေါသကို၊ ဆေတွာ–ဖြတ်တောက်သော်၊ န သောစတိ–မစိုးရိမ်ရ၊ ဝိသမူလဿ–အဆိပ်လျှင် အရင်းရှိသော၊ မဓုရဂ္ဂဿ–ချိုမြိန်ခြင်းလျှင်အဖျားရှိသော၊ ကောဓဿ–အမျက်ဒေါသအား၊ ဝဓံ–ဖြတ်တောက်ခြင်းကို၊ အရိယာ–အရိယာပုဂ္ဂိုလ်တို့သည်၊ ပသံသန္တိ–ချီးမွမ်းကုန်၏၊ တံ ဟိ–ထို အမျက်ဒေါသကိုပင်လျှင်၊ ဆေတွာ–ဖြတ်တောက်သည်ရှိသော်၊ န သောစတိ–မစိုးရိမ်ရ။

ဘာရဒွါဇပုဏ္ဏားကြီး–အမျက်ဒေါသကို ဖြတ်တောက်လျှင် ချမ်းချမ်းသာသာ အိပ်ရပါတယ်၊ အမျက်ဒေါသကို ပယ်ဖျောက်လျှင် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော လောကတို့၌ မပူပန်ရတော့ဘူး။ ဘာရဒွါဇပုဏ္ဏားကြီး–ဒေါကို ဖြတ်တောက်ခြင်းကို ဘုရားအစရှိသော အရိယာသူတော်ကောင်းတွေ ချီးမွမ်းတော်မူပါတယ်–လို့ ဖြေကြားလိုက်ပါတယ်။

သွားမေးထဲက ဒေါသဖြစ်ပြီး သွားမေးတာ နော်၊ ဘုရားရှင်က ဒေါသကို ပယ်ဖျောက်ဖို့ ဟောကြားလိုက်တော့ ပုဏ္ဏားကြီးဟာ သတိလေးတွေဝင်လာတယ်၊ ဖြစ်နေတဲ့ ဒေါသတွေလဲ ချက်ချင်းဆိုသလို ပြေပျောက်သွားတယ်။

မြတ်ဗုဒ္ဓရဲ့ မေတ္တာ, ကရုဏာတွေ ပြည့်ဝနေတဲ့ဒေသနာ နော်။ သတ္တဝါတွေအပေါ်မှာ မေတ္တာထားပြီး ဟောကြားလိုက်တဲ့ ဒေသနာဖြစ်လို့ အဲဒီဒေသနာတော်ကို နာကြားရသူတွေဟာလဲ တစ်ခဏချင်းဆိုသလို ငြိမ်းချမ်းမှုတွေကို ရရှိခံစားရပါတယ်။ ယခု ဘာရဒွါဇပုဏ္ဏားကြီးကို ကြည့်၊ သူ့မှာ ဖြစ်နေတဲ့ ဒေါသတွေဟာ မြတ်ဗုဒ္ဓရဲ့ ဒေသနာတစ်ပုဒ်ကို နာကြားမိရုံနဲ့ ချက်ချင်းပြေပျောက်ပြီး ချက်ချင်းပဲ ငြိမ်းချမ်းမှုကို ရရှိခဲ့တယ်။

ဒါနဲ့ ဘုရားရှင်ကိုလျှောက်ပါတယ်။ "အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမ။ ဘော ဂေါတမ–အရှင်ဂေါတမ၊ အဘိက္ကန္တံ–အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ ဘော ဂေါတမ–အရှင်ဂေါတမ၊အဘိက္ကန္တံ–အလွန်နှစ်သက်ဖွယ်ရှိပါပေစွ–

အရှင်ဂေါတမဟောကြားတဲ့ တရားတော်ဟာ အလွန်ပင်နှစ်သက်ဖွယ်ရှိပါတယ်ဘုရားလို့ ဒေါသတွေပြေပျောက်ပြီး လျှောက်ထားပါတယ်။

နိကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ–မှောက်ထားတဲ့အိုးကို ဖွင့်လှစ်ပေးလိုက်သကဲ့သို့လည်းကောင်း၊ ဖုံးအုပ်ထားတဲ့ ဝတ္ထုကို ဖွင့်လှစ်ပြသကဲ့သို့လည်းကောင်း၊ မျက်စိလည် လမ်းမှားနေသူကို လမ်းမှန်ကို လက်ဆွဲပြီး ပြလိုက်သကဲ့သို့လည်းကောင်း၊ အမိုက်မှောင်ထဲမှာ မမြင်ရတဲ့ ဝတ္ထုကို မီးထွန်းပြလိုက်သကဲ့သို့လည်းကောင်း၊ တပည့်တော်၏ သန္တာန်မှာ တရားတော်တွေကို ယုံကြည်သက်ဝင်သွားပါတယ်ဘုရား–

ယနေ့မှစ၍ ဘုရားတပည့်တော်အား ဘုရား,တရား,သံဃာဆိုတဲ့ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်တတ်တဲ့ ဥပါသကာဟူ၍ အသိအမှတ်ပြုတော်မူပါဘုရား,လို့ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ပြန်လည်လျှောက်ထားပါတယ်။

သူလျှောက်ထားတဲ့ စကားအရ၊ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူ ဖြစ်သွားကြောင်း သိသာတယ် နော်။ ဘာရဒွါဇပုဏ္ဏားကြီး ဘာဖြစ်သွားပြီလဲ၊ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်တဲ့ ဗုဒ္ဓဘာသာဝင်ဖြစ်သွားခဲ့ပါပြီ၊ ဗုဒ္ဓဘာသာဝင်အဖြစ်ကို ခံယူလိုက်ပါပြီ။

အဲဒီနောက်မှာ တဖန်ထပ်ပြီးတော့ ရဟန်းပြုခွင့်တောင်းပြန်ပါတယ်၊– ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်ကို ရှင်ရဟန်းပြုပေးတော်မူပါဘုရားဆိုပြီး ရဟန်းပြုခွင့်တောင်း၊ ဘုရားရှင်ကလဲ ရဟန်းပြုခွင့်ပေးပေ့ါ။

ရဟန်းဖြစ်ပြီးတဲ့နောက်မှာ ရဟန်းတရားတွေ၊ ဝိပဿနာတရားတွေကို ကြိုးစားပွားများအားထုတ်လိုက်တာ နောက်ဆုံး အာသဝေါကင်းကွာ ရဟန္တာမထေရ်ကြီး ဖြစ်သွားခဲ့ပါတယ်။

အဲဒါ အမျက်ဒေါသကို ပယ်ဖျောက်နိုင်လို့ ကိလေသာကုန်ခမ်းရဟန္တာအဖြစ်သို့ ရောက်ရှိသွားတဲ့ သာဓကလေးပါပဲ။

**အတုယူကြ**

ဒီသာဓကကို အတုယူပြီး ယနေ့ ဒါယကာ ဒါယိကာမအပေါင်းသူတော်ကောင်းတွေလဲပဲ ဒေါသဖြစ်စရာတွေနဲ့ ကြုံခဲ့လျှင် ဒေါသတွေမဖြစ်မိအောင် သတိတရား လက်ကိုင်ထားပြီးတော့ မေတ္တာဘာဝနာကိုသော်လည်း ပွားပါ။ ဒါမှမဟုတ် သင်္ခါရသဘောတရားတွေအပေါ်မှာ

သတိပညာတွေ ကပ်ပြီးတော့ထားပါ၊ ဒီလို နည်းလမ်းများဖြင့် ဖြစ်ပေါ်လာတဲ့ ဒေါသတွေကို ပယ်ဖျောက်နိုင်အောင် ကြိုးစားကြပါ။ ဒေါသတွေကို ပယ်ဖျောက်နိုင်ရင်ဖြင့် နတ်ရွာသုဂတိသို့ ရောက်နိုင်ပါကြောင်း မြတ်ဗုဒ္ဓ ဟောကြားတော်မူပါတယ်။

## (၃) အနည်းငယ်ကိုသော်လည်း ပေးလှူရခြင်း

နောက်တစ်ချက် နတ်ရွာသုဂတိရောက်ကြောင်းက၊ အလှူခံပုဂ္ဂိုလ်များ မိမိထံမှောက် ရောက်ရှိလာတဲ့အခါ၊ အနည်းငယ်ကိုသော်လည်း ပေးလှူရမယ်–တဲ့။

များများတတ်နိုင်ရင်တော့ များများလှူပေ့ါ၊ နည်းနည်းတတ်နိုင်ရင် နည်းနည်းလှူဒါန်းပေ့ါ၊ ဘယ်လိုပဲဖြစ်ဖြစ် လှူဒါန်းသမှုတော့ ပြုရမယ်။ "ကန်တော့ဆွမ်း မလောင်းနဲ့"လို့ ဆိုလိုတာပေ့ါ။ တချို့က ဒီလိုမျိုးလုပ်တတ်ကြတယ်၊ "ကန်တော့ပါသေးတယ်ဘုရား"တဲ့။ အဲဒီလို မလုပ်ရဘူးနော်၊ တချို့ဆိုရင် ကန်တော့ဆွမ်းမပြောနဲ့ လာရောက်အလှူခံသူကိုပင် မောင်းထုတ်လိုက်သေးတယ်၊ ဒါမျိုးတွေတောင်ရှိတယ် နော်။

ဒီလို မလုပ်ရဘူး၊ အလှူခံရောက်လာပြီဆိုရင် နည်းနည်းလေးဖြစ်ဖြစ် ပေးလှူလိုက်ရမယ်။

{၃} လှူခံရောက်လာ၊ နည်းများစွာ၊ လှူပါကြည်သဒ္ဓါ။

အဲဒီလို နည်းများမဟူ သဒ္ဓါဖွေးဖြူ ပေးလှူခြင်းသည် နတ်ရွာသုဂတိသို့ ရောက်နိုင်ပါတယ်၊ နတ်ရွာသုဂတိရောက်ကြောင်းတစ်ပါး ဖြစ်ပါတယ်။ ဒီလို ပေးလှူခြင်းကြောင့် တခြား ဘယ်လိုကောင်းကျိုးတွေကို ရနိုင်သေးလဲဆိုရင်–

> အများချစ်အပ်၊ သူမြတ်တို့ချဉ်း၊ ကောင်းသတင်းကြွယ်၊ ပွဲလယ်ဝင်ရဲ၊ ခန္ဓာစဲသော်၊ ရောက်မြဲနတ်ထံ၊ ဤငါးတန်၊ ရရန်လှူကျိုးတွေ။ (ပဥ္စင်္ဂုတ္တိုရ်)

အနည်းငယ်မျှသော ပစ္စည်းဝတ္ထုတို့ကို သဒ္ဓါစေတနာထက်သန်စွာဖြင့် လှူဒါန်းသမှု ပြုလိုက်မယ်ဆိုရင် အကျိုးငါးမျိုး ရရှိနိုင်ပါတယ်၊

အဲဒီ ငါးမျိုးက–

### ၁။ အများချစ်အပ်

အများတကာတွေ ချစ်ခင်နှစ်သက်ခြင်းဆိုတဲ့ အကျိုးကို ရရှိနိုင်တယ်။ လူပုဂ္ဂိုလ်မဆိုထားနဲ့ တိရစ္ဆာန်သတ္တဝါလေးတစ်ကောင်ကိုပင် နေ့တိုင်း နေ့တိုင်း ကျွေးမွေးနေကြည့်ပါလား၊ အဲဒီ တိရစ္ဆာန်လေးဟာ မိမိအပေါ်ကို ချစ်ခင်လာပြီး သူတို့စွမ်းနိုင်တဲ့ဘက်က မိမိကို ပြန်လည်စောင့်ရှောက်ပေးလိမ့်မယ်။

လူပုဂ္ဂိုလ်ဆိုရင်တော့ ပြောစရာမရှိဘူးပေါ့၊ မိမိကို ချစ်ခင်ကြမယ်၊ မေတ္တာစေတနာတွေ ထားကြမယ်၊ အားလုံးက မေတ္တာ, စေတနာထားကြတော့ မိမိမှာလဲ ရန်ကင်းတယ်၊ ဘေးအန္တရာယ်တွေ ကင်းရှင်းတယ်ပေါ့၊ ဒီ အကျိုးကို ရရှိနိုင်ပါတယ်။

### ၂။ သူမြတ်တို့ချဉ်း

သူတော်ကောင်းတွေဟာ အလှူရှင်ဖြစ်တဲ့ ပုဂ္ဂိုလ်များထံ အမြဲမပြတ် ဝင်ထွက်သွားလာကြတယ်၊ ချဉ်းကပ်ကြတယ်။

ဘုရားရှင်ကိုယ်တော်မြတ်တို့၊ အရှင်မဟာကဿပတို့ဟာ နိရောဓသမာပတ်ဝင်စားပြီးတဲ့နောက် ဘယ်ပုဂ္ဂိုလ်ဟာ သဒ္ဓါတရားနဲ့ ပြည့်စုံသလဲဆိုပြီး ကြည့်ရှုချီးမြှောက်လေ့ရှိတယ်၊ သဒ္ဓါတရားနဲ့ ပြည့်စုံသူထံ ချဉ်းကပ်ပြီးတော့ ချီးမြှောက်လေ့ရှိတယ်၊ အဲဒါ သူတော်ကောင်းတွေ ချဉ်းကပ်တာပါပဲ။

သူတော်ကောင်းတွေ ချဉ်းကပ်ပြီဆိုရင် မိမိတို့အနေနဲ့ သူတော်ကောင်းတရားတွေကို နာကြားရပြီး ပစ္စုပ္ပန်ဘဝမှာရော သံသရာဘဝတွေမှာပါ ကောင်းကျိုးအမျိုးမျိုးတွေ ခံစားရပြီပေါ့။ ဒါ သူတော်ကောင်းတွေ ချဉ်းကပ်လို့ ရရှိနိုင်တဲ့ ကျေးဇူးတွေပဲပေါ့။

### ၃။ ကောင်းသတင်းကြွယ်

ကောင်းတဲ့သတင်းတွေလဲ အနယ်နယ်အရပ်ရပ်မှာ ကျော်စောတယ်။ ဒီပုဂ္ဂိုလ်ဟာဖြင့် သူတော်ကောင်းတစ်ယောက်ဖြစ်တယ်၊ ပေးကမ်းစွန့်ကြဲ လှူဒါန်းမှုတွေမှာ ဝါသနာပါတယ်၊ မေတ္တာစေတနာ ထားတတ်တယ်– စသည်ဖြင့် ကျော်စောသတင်းတွေ ပျံ့နှံ့နိုင်ပါတယ်၊ လူ့ပြည်မက

နတ်ပြည်အထိ ကျော်စောသတင်းပျံ့သင်းတယ်–တဲ့။

၄။ ပွဲလယ်ဝင်ရဲ

နောက်တစ်ခါ၊ ရဟန်းပရိသတ်, လူပရိသတ် စတဲ့ ပရိသတ် အလယ်ကိုလဲ ရဲရဲဝံ့ဝံ့ ဝင်ရောက်နိုင်တယ်၊ "ပွဲလယ်တင့်တယ်"ဆိုတာ ဒါမျိုးကို ပြောတာပါ။ ပေးကမ်းစွန့်ကြဲလေ့မရှိသူများကျတော့ လူပရိသတ် ထဲ မတိုးဝံ့ကြဘူး၊ ပရိသတ်ထဲ ဝင်ရပြီဆိုရင်လဲ ကြောက်ကြောက်ရွံ့ရွံ့ ဝင်ရောက်ရတယ်၊ လှူဒါန်းပေးကမ်းလေ့ရှိသူများမှာတော့ ရဲရဲဝံ့ဝံ့ ပရိသတ် အလယ် ဝင်ရောက်နိုင်ပါတယ်။

၅။ ခန္ဓာစဲသော်၊ ရောက်မြဲနတ်ထံ

စုတိပျက်ကြွေ သေလွန်တဲ့အခါကျတော့လဲ နတ်ရွာသုဂတိသို့ ရောက်ကြရတယ်–တဲ့။

ဒီအကျိုးတရားတွေဟာ သဒ္ဓါစေတနာထက်သန်စွာနဲ့ ပေးကမ်း စွန့်ကြဲလှူဒါန်းလေ့ရှိသူများ ရရှိခံစားရမယ့် အကျိုးတွေပဲဖြစ်ပါတယ်။

ဒါကြောင့် အလှူခံပုဂ္ဂိုလ်များ မိမိထံသို့ ချဉ်းကပ်အလှူခံလာတဲ့ အခါ နည်းများမဟူ ပေးကမ်းစွန့်ကြဲလှူဒါန်းကြဖို့ လိုပါတယ်။ ပေးကမ်း စွန့်ကြဲလှူဒါန်းရင်ဖြင့် နတ်ရွာသုဂတိသို့ ရောက်နိုင်ပါကြောင်း ဘုရားရှင် ကိုယ်တော်မြတ်က ဟောကြားတော်မူပါတယ်။

အားလုံးပေါင်းလိုက်တော့ နတ်ရွာသုဂတိသို့ ရောက်နိုင်ကြောင်း တရား သုံးပါးဖြစ်ပါတယ်။

(၁)မှန်သောစကားကိုဆိုပါ။

(၂)အမျက်မထွက်ပါနဲ့။

(၃)နည်းများမဟူ ပေးကမ်းလှူဒါန်းပါ။–ပေါင်းတော့ သုံးပါးပေ့ါ။

ဒီသုံးပါးကို အမြဲမပြတ် ဖြည့်ကျင့်ကြရင်ဖြင့် နတ်ရွာသုဂတိသို့ ရောက်နိုင်ပါတယ်။

နတ်ပြည်သို့ သွားရောက်ပြီး နတ်သားနတ်သမီးတွေရဲ့ ဘုံဗိမာန် တွေကို လိုက်လံကြည့်ရှုပြီး ဘုရားရှင်ကို မေးလျှောက်တော်မူတဲ့ အရှင် မဟာမောဂ္ဂလာန်မထေရ်မြတ်ရဲ့ မေးခွန်းတွေကို ဘုရားရှင်ကိုယ်တိုင်

ဖြေကြားထားတာ ဖြစ်ပါတယ်။

ယနေ့ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတွေသည်၊ ယခု ဟောကြားအပ်သော သုဂတိရောက်ကြောင်းတရားသုံးပါးတို့ကို ရခဲလှတဲ့လူ့ဘဝကို ရရှိနေချိန်မှာ၊ ဘုရားသာသနာတော်ကြီးနဲ့ ကြုံတွေ့နေချိန်မှာ၊ ကြိုးစားပြီးတော့ ဖြည့်ကျင့်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း နိဂုံးချုပ်ပါတယ်-။

# သိမ်ရေစက်ချအနုမောဒနာဒေသနာ

ယနေ့ သိမ်ရေစက်ချ အလှူမင်္ဂလာပွဲမှာ ဘုန်းကြီးအနေနဲ့ သိမ်နှင့် ပတ်သက်တဲ့ ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာတရား ဟောကြားပါ့မယ်။

မြတ်ဗုဒ္ဓရဲ့ သာသနာတော်မှာ အရေးကြီးတဲ့အခန်းမှာ ပါဝင်နေတဲ့သိမ်ဟာ အင်မတန်ထူးခြားပြီး အံ့သြဖွယ်ရာတွေ၊ အစွမ်းသတ္တိတွေ၊ ဂုဏ်အင်္ဂါတွေနဲ့ ပြည့်စုံပါတယ်။ ဒါကြောင့် ပညာရှင်တွေက သိမ်ရဲ့ ဂုဏ်စွမ်းရည်တွေကို ယခုလိုဖော်ပြကြပါတယ်–

လောကသ္မိံ သီမာ နာမ ၊ သာသနဋ္ဌိတိယာ ဘဝေ။

အဓိသီလံ ဂဏှုဋ္ဌာနံ ၊ ဒုဿီလာနိ စ သုဇ္ဈတိ။

(သာဓဝေါ–သိမ်လှူဒါန, မြတ်ပုညကို, ဆည်းပူးကြညောင်း, အို–သူတော်ကောင်းတို့)၊ လောကသ္မိံ–ဘုရားသာသနာ, ရောင်ဝါထိန်လင်း, လောကအတွင်း၌၊ သီမာ နာမ–ဘုရားရှင်မြတ်, မိန့်တော်မြတ်ဖြင့်, သတ်မှတ်ပိုင်းခြား, ထူးခြားမြင့်မြတ်, သိမ်တော်မြတ်မည်သည်ကား–

သာသနဋ္ဌိတိယာ–ဗုဒ္ဓမြတ်စွာ, သာသနာ၏, ကောင်းစွာတည်တံ့, အရှည်ခန့်၍, ပြန့်ပွားပါစေခြင်းအကျိုးငှါ၊ ဘဝေ–စင်စစ်ဧကန်, မှန်စွာမသွေ, ဖြစ်ပါပေ၏။

သီမာ နာမ–သိမ်မည်သည်ကား၊ (ဘိက္ခူ–ဘုရားသားကျော်, ရဟန်းတော်တို့သည်)အဓိသီလံ–နှစ်ရာ့နှစ်ဆယ်, ခုနစ်သွယ်ဟု, အကျယ်များမြောင်, ကိုးထောင်ကုဋေ, တွက်ရေများလှ, အဓိသီလတော်မြတ်ကို၊ ဂဏှဉ္တာနံ–ဝိနည်းကမ္မဝါ, အမိန့်စာဖြင့်, ကောင်းစွာမသွေ, ခံယူရာဌာန ဖြစ်ပါပေ၏။

(ပုန–နောက်တစ်မျိုးကား) သီမာ နာမ–သိမ်မည်သည်ကား၊ ဒုဿီလာနိ စ–သတိယွင်းဖောက်, သိဉာဏ်မှောက်၍, ပေါက်ပျက်လေ ငြား, သီလများကိုလည်း၊ သုဇ္ဈတိ–သိမ်မှာတည်ကာ, ကမ္မဝါဖြင့်,ကောင်း စွာမသွေ, ဆေးကြောသုတ်သင်သော ဌာနလည်းဖြစ်ပါပေ၏။

ဒီ ရစနာဂါထာက သိမ်ရဲ့စွမ်းရည်သတ္တိတွေကို ဖော်ပြတဲ့ ဂါထာ ဖြစ်ပါတယ်။ ဒီဂါထာမှာ သိမ်ရဲ့ စွမ်းရည်သတ္တိသုံးမျိုးကို ဖော်ပြထား ပါတယ်။

(၁)နံပါတ်က၊ "သီမာ နာမ သာသနဋ္ဌိတိယာ ဘဝေ" သိမ်ဆို တာ ဗုဒ္ဓမြတ်စွာတည်ထောင်တော်မူခဲ့တဲ့ ပရိယတ်, ပဋိပတ်, ပဋိဝေဓ ဟူသော သာသနာသုံးရပ် တည်တံ့ကြောင်းဖြစ်တယ်။

ဘုရားသာသနာမှာ သိမ်ရှိမှ ရဟန်းတော်များရှိလာနိုင်တယ်၊ ရဟန်းတော်များရှိမှ ဒီ ရဟန်းတော်တွေက သာသနာအလုပ်ကို အားထုတ် ခြင်းကြောင့် ဘုရားသာသနာတော်ကြီး အရှည်ခန့်၍ တည်တံ့ ပြန့်ပွား ပြီး ထွန်းကားနိုင်ပါတယ်၊ မြတ်ဗုဒ္ဓလက်ထက်တော်က စပြီး၊ ယနေ့ တိုင်အောင် သာသနာတော်ကို ထမ်းဆောင်တော်မူနေကြတဲ့ ရဟန်းတော် များဟာ ဒီသိမ်ပေါ်မှာ ဖြစ်လာကြတာပါ။ ဒါ့ကြောင့် သိမ်ဆိုတာ ဘုရား သာသနာတော်မြတ်ကြီး တည်တံ့ ပြန့်ပွားရာ ဌာနကြီးဖြစ်တယ်–လို့ သိမ်ရဲ့စွမ်းရည်တစ်မျိုးကို နားလည်မှတ်သားကြရမယ် နော်။

(၂)နံပါတ်က၊ "အဓိသီလံ ဂဏှဉ္တာနံ" တဲ့။ သိမ်ဆိုတာ နှစ်ရာ့ နှစ်ဆယ်ခုနစ်သွယ် အရေအတွက်ရှိတဲ့ ပါတိမောက္ခသံဝရသီလဟူသော သီလတော်မြတ်တို့ကို ရဟန်းတော်အရှင်မြတ်များ ခံယူရာဌာနကြီးလဲ ဖြစ်ပါတယ်–တဲ့။

အဓိသီလဆိုတာ ဘုရားသာသနာတွင်းမှာသာ ရှိနိုင်တယ်၊ –

သာသနာတွင်းမှာလဲ"အရဟတ္တဓဇ"ခေါ်တဲ့ သင်္ကန်းဝတ်ထားပြီး အသက် (၂၀) ရှိကြတဲ့ ပုဂ္ဂိုလ်များသာ ဒီ အဓိသီလသိက္ခာပုဒ်တွေကို ခံယူနိုင်ခွင့်ရှိတယ်၊ အဲဒီလို ခံယူတဲ့နေရာမှာလဲ ဟောဒီ သိမ်ပေါ်မှာ တည်ပြီးမှ ခံယူခွင့်ရှိတယ်၊ အခြား အိမ်တို့, ကျောင်းတို့မှာတည်ပြီးတော့ ခံယူခွင့်မရှိဘူး–တဲ့။ ဒါကြောင့် သိမ်ဆိုတာဟာ အဓိသီလသိက္ခာပုဒ်တော်ကို ခံယူရာဌာနမွန်ဌာနမြတ်ကြီးဖြစ်တယ်–လို့ မှတ်ကြရမယ်။

နောက်ပြီး (၃)နံပါတ်က"ဒုဿီလာနံ စ သုဇ္ဈတိ" တဲ့။ အာသဝေါမကင်းသေးတဲ့ ပုထုဇဉ်ရဟန်းများဟာ တစ်ခါတစ်ရံ သတိယွင်းဖောက်ပြီး မိမိကျင့်သုံးနေတဲ့ သီလသိက္ခာပုဒ်တွေ ပျက်စီးတတ်ပါတယ်။ အဲဒီလို ပျက်စီးတဲ့ သီလတွေထဲမှာ ဒုတိယအပြစ်အကြီးဆုံးဖြစ်တဲ့ သံဃာဒိသေသ်သီလပျက်စီးခဲ့ရင် စင်ကြယ်အောင် ဒီ သိမ်ထဲမှာပဲ, သံဃာ့အလယ်မှာပဲ ဆေးကြောသုတ်သင်ကြရပါတယ်၊ ဒီတော့မှ စင်ကြယ်နိုင်ပါတယ်။ဒါကြောင့် သိမ်ဆိုတာ သတိယွင်းဖောက် သိဉာဏ်မှောက်၍ ပေါက်ပျက်လေငြားသီလအများတို့ကို ဆေးကြောသုတ်သင်ရာ ဌာနမွန် ဌာနမြတ်ကြီး ဖြစ်တယ်–လို့ မှတ်ကြရမယ် နော်။ ဒီဂါထာမှာက သိမ်ဂုဏ်ရည်သုံးမျိုးလာပါတယ်။

နောက်ပြီးတော့ သိမ်ရဲ့ ဂုဏ်ရည်တွေ ရှိသေးတယ်–

အန္တရာယေ ဝိဒ္ဓံသေတိ ၊ ဘိတွာ ဘူမိံ သုတိဋ္ဌတိ။

ဧဝမေဝ ပုညကာရီ ၊ ဖလလာဘီ ဘဝိဿရေ။

(အယံ သီမာ နာမ–ဤ သိမ်မည်သည်ကား) အန္တရာယေ–သီလပျက်ပြား, ရဟန်းတော်အများတို့၏, သဂ္ဂမဂ္ဂ,နှစ်တန်သောအန္တရာယ်တို့ကို၊ ဝိဒ္ဓံသေတိ–ဖျက်ဆီးတတ်ပါပေ၏။

ဘူမိံ –နှစ်သိန်းလေးသောင်း, ထုပေါင်းကြီးစွာ, မြေပထဗျာကို၊ ဘိတွာ–ဖောက်ခွဲ၍၊ သုတိဋ္ဌတိ–လူမင်းနတ်မင်း, ဗြဟ္မာမင်းဟု, အမင်းမင်းရန်သူ, ဘယ်သူဖျက်ဖျက်, မပျက်ရှည်ကြာ, တည်တံ့နိုင်ပါပေ၏။

ဧဝမေဝ–ဤအတူသာလျှင်၊ ပုညကာရီ–သိမာဒါန, မြတ်ပုညကို, သုံးဝစေတနာ, ထက်သန်စွာဖြင့်, သာသနာတည်ရေး, မျှော်ကာတွေးလျှက်, ငြိမ်းအေးရာမှန်, ပြည်နိဗ္ဗာန်ကို, ရည်သန်ကြညောင်း, –

သိမ်ဒကာဒကာမအပေါင်းတို့သည်။ ဖလလာဘီ–ဖြစ်လေသမျှ, ဘုံဘဝဌ် –(၁)အခိသီလာ၊ မြတ်သိက္ခာ၊ မှန်စွာရလိမ့်မည်၊ (၂)သီလပျက်ခြင်း၊ လွတ်ကင်းရှင်း၊ သန့်ရှင်းဖြူစင်သည်၊ (၃)အပါယ်ဝဋ်ဘေး၊ ကင်းလွတ်ဝေး၊ ရန်ဘေးကင်းပသည်၊ (၄)ဥစ္စာပစ္စည်း၊ မပျက်စီး၊ ခိုင်ဖြိုးမြဲလိမ့်မည်– ဟူသော အကျိုးတရားတို့ကို ရလေ့ရှိသည်၊ ဘဝိဿရေ–သိမ်လှူဒါန, မြတ်ပုညကြောင့်, မုချမသွေ, ဖြစ်ရပေလိမ့် သတည်း . . .။

ဒီဂါထာမှာက၊ သိမ်ဂုဏ်ရည်နှစ်မျိုးနဲ့ သိမ်လှူရကျိုးတို့ကို ပြထားပါတယ်၊ သိမ်ဂုဏ်ရည်နှစ်မျိုးထဲက ပထမတစ်မျိုးက–

"အန္တရာယေ ဝိဒ္ဓံသေတိ"တဲ့။ သိမ်ဆိုတာ သီလပျက်စီးနေတဲ့ ရဟန်းများတွေ့ကြုံရမယ့် နတ်ရွာသုဂတိ မရောက်နိုင်ခြင်းဆိုတဲ့သဂ္ဂန္တရာယ်၊ မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ခြင်းဆိုတဲ့ မဂ္ဂန္တရာယ်တို့ကို ပယ်ဖျောက်ပေးတတ်တယ်။

ပထမဂါထာမှာ ပြောခဲ့တဲ့ သိမ်ဂုဏ်ရည် သုံးမျိုးထဲက တတိယဂုဏ်ရည်မှာ သီလပျက်နေတဲ့ရဟန်းဟာ ကွယ်လွန်တဲ့အခါ နတ်ရွာသုဂတိလဲ မရောက်နိုင်ဘူး၊ ဒါကို "သဂ္ဂန္တရာယ်ထိုက်တယ်"လို့ ဆိုပါတယ်။ နောက်ပြီး သီလပျက်နေတဲ့ရဟန်းဟာ ဒီဘဝမှာ ဝိပဿနာကို မည်မျှပင် အားထုတ်စေကာမူ မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်ဘူး–တဲ့၊ ဒါကိုတော့ "မဂ္ဂန္တရာယ်ထိုက်တယ်"လို့ ဆိုပါတယ်။ အဲဒီလို သဂ္ဂန္တရာယ်,မဂ္ဂန္တရာယ်တို့မှကင်းလွတ်ပြီး နတ်ရွာသုဂတိကိုလဲ ရောက်နိုင်တယ်၊ ပါရမီအလျောက် မဂ်ဉာဏ်ဖိုလ်ဉာဏ်များကိုလဲ ရနိုင်တယ်။

ဒါကြောင့် သိမ်ဆိုတာ သီလပျက်နေတဲ့ ရဟန်းတော်များ တွေ့ကြုံရမယ့် သဂ္ဂန္တရာယ်,မဂ္ဂန္တရာယ်တို့ကို ဖျက်ဆီးတတ်သော ဂုဏ်ရည်တွေနဲ့ ပြည့်စုံတဲ့ ဌာနမွန်ဌာနမြတ်ကြီး ဖြစ်တယ်–လို့ မှတ်ကြရမယ်။

ဒုတိယ ဂုဏ်ရည်တစ်မျိုးက၊ "ဘိတွာ ဘူမိံ သုတိဋ္ဌတိ" တဲ့။ ရဟန်းတော်များ ကံဆောင်ရာဌာနဖြစ်တဲ့ ဒီသိမ်ကို ဘုရားရှင်ရဲ့ အမိန့်တော်အရ ရဟန်းတော်များကပဲ ဝိနည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနဲ့ အညီ သီမာသမ္မုတိကမ္မဝါစာဖြင့် သမုတ်တော်မူကြရပါတယ်။ အဲဒီလို သမုတ်လိုက်တဲ့ သီမာသမ္မုတိကမ္မဝါစာရဲ့အမိန့်တော်ဟာ ယူဇနာပေါင်း နှစ်သိန်းလေးသောင်း အထုရှိတဲ့ ပထဝီမြေကို ဖောက်ခွဲပြီး မြေအောက်က

ရေတိုင်အောင် တည်ရှိပါတယ်၊ အဲဒီလို တည်ရှိနေတဲ့သိမ်ကို ဘယ်လောက် တန်ခိုးကြီးတဲ့ လူမင်း,နတ်မင်း,ဗြဟ္မာမင်းများနဲ့ ဆန့်ကျင်ဘက် ရန်သူတွေ ဘယ်လိုဖျက်ဖျက် မပျက်စီးနိုင်ဘူး။ သံဃာကပဲ သိမ်နုတ်ကမ္မဝါစာနဲ့ ပြန်လည်ရုပ်သိမ်း (နုတ်သိမ်း)မှသာ ဒီသိမ်ဟာ ပျက်စီးနိုင်ပါတယ်၊ အခြား ဘယ်ပုဂ္ဂိုလ်မှ ဖျက်လို့မပျက်စီးနိုင်ပါဘူး။

ဒါကြောင့် သိမ်ဆိုတာ သံဃာမှလွဲ၍ ဘယ်ပုဂ္ဂိုလ်တွေမှ မဖျက် ဆီးနိုင် အမြဲတည်တံ့နေခြင်းဆိုတဲ့ ဂုဏ်နဲ့လဲ ပြည့်စုံတဲ့ ဌာနမွန်ဌာနမြတ် ကြီး ဖြစ်တယ်–လို့ မှတ်ကြရမယ်။

**သိမ်ဂုဏ်ရည်(၅)ပါး စုပေါင်းပြ**

ဘုန်းကြီး ယခုပြောခဲ့တဲ့ ဂါထာနှစ်ပုဒ်အရ သိမ်ဂုဏ်ရည်တွေဟာ ငါးမျိုးဖြစ်သွားပါတယ်။

၁။ သိမ်ဆိုတာ ဗုဒ္ဓမြတ်စွာသာသနာတော်သုံးရပ် တည်တံ့ ပြန့်ပွားရာဌာန ဖြစ်တယ်။

၂။ ရဟန်းတော်များအတွက် အဓိသီလသိက္ခာပုဒ်တွေကိုခံယူ ရာဌာန ဖြစ်တယ်။

၃။ သိမ်ဆိုတာ သီလပျက်နေသော ရဟန်းများ၏ သီလများ ကို ဆေးကြောသုတ်သင်ရာဌာန ဖြစ်တယ်။

၄။ သိမ်ဆိုတာ သီလပျက်နေတဲ့ ရဟန်းတော်များတွေ့ကြုံရ မယ့် သဂ္ဂန္တရာယ်,မဂ္ဂန္တရာယ်တို့ကို တားဆီးကာကွယ် တတ်သော ဌာနလဲ ဖြစ်တယ်။

၅။ သိမ်ဆိုတာ မဟာပထဝီမြေကို ဖောက်ခွဲတည်ရှိပြီး ဘယ် သူဖျက်လို့မှ မပျက်စီးနိုင်သောဌာနလဲ ဖြစ်တယ်–လို့

သိမ်ရဲ့ ဂုဏ်ရည်,စွမ်းရည် ငါးမျိုးကို စုပေါင်းမှတ်သားကြရမယ်။

၁။ သာသနာသုံးရပ်၊တည်ကြောင်းမှတ်၊ မှတ်ကြသိမ်စွမ်းရည်။

၂။ အဓိသီလာ၊ ခံယူရာ၊ မှတ်ပါသိမ်စွမ်းရည်။

၃။ ညစ်နွမ်းသီလ၊ ဆေးကြောရ၊ မှတ်ကြသိမ်စွမ်းရည်။

၄။ သဂ္ဂမဂ္ဂ၊ နှစ်တန်အန္တရာယ်၊ လွတ်အောင်ဖယ်၊ မှတ်ဖွယ် သိမ်စွမ်းရည်။

၅။ မြေထုကိုဖောက်၊ ရေထုရောက်လျှက်၊ မပျက်ရှည်ကြာ၊ တည်နိုင်တာ၊ မှတ်ပါသိမ်စွမ်းရည်။

**သိမ်အလှူရှင်များ ရနိုင်သောအကျိုး**

အထက်က ဘုန်းကြီးတင်ပြခဲ့တဲ့ စွမ်းရည်ငါးမျိုးနဲ့ ပြည့်စုံတဲ့ သိမ်ကို လှူဒါန်းကြတဲ့ အလှူရှင်များလဲ "တဿ တဿ ကမ္မဿ တံ တံ သဒိသဝိပါကဒါနမေဝ ကမ္မနိယမော"ဆိုတဲ့ အဌကထာစကား အတိုင်း ကံတူအကျိုးပေးသောအားဖြင့် မိမိတို့ ယနေ့လှူလိုက်တဲ့ သိမ်ရဲ့ စွမ်းရည်အားလျော်စွာ အကျိုးတရားတွေကို ပြန်လည်ရရှိနိုင်ပါတယ်၊ အဲဒီလို အကျိုးတွေကို ရတဲ့နေရာမှာလဲ–

(၁)–သိမ်လှူခြင်းကြောင့် ရတဲ့အကျိုး။

(၂)–ထို သိမ်မြေပေါ်မှာ ဆောက်လုပ်လှူဒါန်းတဲ့ကျောင်း (သိမ် ကျောင်း)လှူရကျိုး–ဆိုပြီး အကျိုးနှစ်မျိုးကို အလှူရှင်တွေ ရရှိနိုင် ကြပါတယ်။

**သိမ်လှူခြင်းကြောင့် ရနိုင်သောအကျိုး(၄)ပါး**

(၁)– မိမိတို့ လှူဒါန်းလိုက်တဲ့ သိမ်ပေါ်မှာ ရဟန်းတော်တွေ အဓိသီလ သိက္ခာတွေကို ခံယူသွားကြသလို၊ မိမိတို့လဲပဲ ဖြစ်လေရာဘဝ တွေမှာ ဘုရားသာသနာတော်နဲ့ ဆုံတွေ့ပြီး သာသနာတွင်းမှာသာ တည်ရှိနိုင်တဲ့ အမြင့်ဆုံး အဓိသီလသိက္ခာတွေကို စင်ကြယ်စွာ ကျင့်သုံးနိုင်ခြင်းဆိုတဲ့ အကျိုးတရားကို ရရှိကြလိမ့်မယ်။

(၂)– ရဟန်းတော်များဟာ ညစ်နွမ်းကျိုးပေါက်နေတဲ့ သီလတွေကို မိမိ တို့ လှူဒါန်းထားတဲ့ သိမ်ပေါ်မှာ တည်ပြီးတော့ စင်ကြယ်အောင် ဆေးကြောလို့ သီလတွေ သန့်ရှင်းစင်ကြယ်သွားသလို၊ မိမိတို့ လဲပဲ ဖြစ်လေရာရာ ဘဝတွေမှာ သီလပျက်စီးခြင်း သီလဝိပ္ပတ္တိ ဘေးမှ ကင်းဝေးရခြင်းဆိုတဲ့ အကျိုးကို ဧကန်ရရှိကြလိမ့်မယ်။

(၃)– ဒီ သိမ်ပေါ်မှာ တည်ပြီးတော့ ညစ်နွမ်းနေတဲ့ သီလတွေကို

ဆေးကြောသုတ်သင် စင်ကြယ်သွားကြတဲ့ ရဟန်းတော်များဟာ သဂ္ဂန္တရာယ်,မဂ္ဂန္တရာယ်တို့မှ ကင်းဝေးကြရသလို၊ အလှူရှင်များလဲ ဖြစ်လေရာရာ ဘဝတွေမှာ သဂ္ဂန္တရာယ်,မဂ္ဂန္တရာယ်တို့နှင့် မတွေ့ကြုံရပဲ အပါယ်ဝင့်ဘေးမှ ကင်းဝေးရခြင်းဆိုတဲ့ အကျိုးကို ဧကန်မုချ ရရှိကြလိမ့်မယ်။

(၄)- မိမိတို့ လှူဒါန်းထားတဲ့ သိမ်ဟာ မဟာပထဝီမြေကို ဖောက်လျက်တည်ရှိပြီး ဘယ်သူမှ မဖျက်ဆီးနိုင်သလို၊ မိမိတို့လဲပဲ ဖြစ်လေရာရာ ဘုံဘဝတွေမှာ မိမိတို့ ပိုင်ဆိုင်ထားတဲ့ ပစ္စည်းဥစ္စာတွေကို ဘယ်သူမှ မဖျက်ဆီးနိုင်ခြင်းဆိုတဲ့ အကျိုးတရားကို ဧကန်မုချ ရရှိလိမ့်မယ်လို့ မှတ်သားပြီး ဝမ်းမြောက်ကြရမယ် နော်။

ကဲ-လိုက်ဆိုကြည့်ကြ-

{၁} အဓိသီလာ၊ မြတ်သိက္ခာ၊ မှန်စွာကျင့်ရသည်။

{၂}သီလပျက်ခြင်း၊ လွတ်ကင်းရှင်း၊သန့်ရှင်းစင်ကြယ်သည်။

{၃} အပါယ်ဘုံမှ၊ လွတ်မြောက်ကြ၊ ရောက်ရထက်နတ်ပြည်။

{၄} ဥစ္စာပစ္စည်း၊ မပျက်စီး၊ ခိုင်ဖြိုးမြဲလိမ့်မည်။

– သိမ်လှူသူများ၊ ကျိုးလေးပါး၊ မမှားရနိုင်သည်။

ဒါက သိမ်လှူခြင်းကြောင့် ရနိုင်တဲ့ အကျိုးတွေပါပဲ။ သိမ်ပေါ်မှာ ဆောက်လုပ်လှူဒါန်းတဲ့ ကျောင်းလှူရကျိုးတွေကတော့ မြောက်များစွာပဲ ဘုရားရှင်ဟောကြားတော်မူခဲ့ပါတယ်။ အဲဒီ အကျိုးတွေကို မြန်မာကဗျာလေးတွေနဲ့ အတိုချုပ်မှတ်ကြရအောင်–

**ကျောင်းလှူခြင်းကြောင့်ရသောအကျိုးများ**

{၁} နတ်နှင့်လူဝယ်၊ သန္ဓေတွယ်၊ အပါယ်မလားရ။

ကျောင်းလှူသူများသည် ဖြစ်လေရာရာဘဝတွေမှာ နတ်နှင့်လူ့ဘဝတို့၌သာ ပဋိသန္ဓေနေကြရပြီး အပါယ်လေးပါးသို့ မလားရောက်ရဘူးတဲ့။

{၂} ကြံစည်စိတ်ကူး၊ ဆောက်အဦး၊ အထူးပြည့်စုံရ။

မိမိတို့ လိုလားတောင့်တသည့်အတိုင်း အဆောက်အဦများကို ရနိုင်ပါတယ်။ ကောင်းမွန်တဲ့ အဆောက်အဦတွေကို ရနိုင်တယ်။

{၃} ကြောက်ရွံ့ခြင်းကင်း၊ ရဲတင်းခြင်း၊ မယွင်းပြည့်စုံရ။

ကျောင်းလှူရတဲ့ကောင်းမှုကြောင့် ဖြစ်လေရာဘဝတိုင်းမှာ ကြောက်လန့်တုံလှုပ်တဲ့ စိတ်ထားမျိုးမရှိဘဲ၊ ခြင်္သေ့မင်းစိတ်ကဲ့သို့ ရဲတင်းသော စိတ်ထားနှင့် ပြည့်စုံရတယ်။

{၄} ခြင်္သေ့,သစ်ကျား၊ သားရဲများနှင့်၊ ဖမ်းစားကလူ၊
နှိပ်စက်မှုသား၊ တောသူဘုတ်ပြိတ်၊ အဆိပ်ထန်ပြင်း၊
မြွေနှင့်ကင်းက၊ အဆင်းဖောက်ပြန်၊ ကုမ္ဘန်ရက္ခိုဿ်၊
နတ်မိုက်ရန်ပေါင်း၊ ဘေးလွတ်ရှောင်း၏။

သစ်ကျား စသော အန္တရာယ်တွေမှ ကင်းဝေးရခြင်းအကျိုးကိုလဲ ရရှိနိုင်ပါတယ်။

{၅} မကောင်းအိပ်မက်၊ မမြင်မက်၊ အိပ်စက်ချမ်းသာရ။

ကျောင်းအလှူရှင်တွေဟာ မိမိတို့ပြုခဲ့တဲ့ ကောင်းမှုတွေကို အမြဲ အာရုံပြု သတိရနေမှုကြောင့် စိတ်ထဲမှာ ကြည်နူးပြီး အိပ်မက်တွေ ကောင်းစွာမြင်မက်ပြီး ချမ်းသာစွာ အိပ်စက်ရခြင်းအကျိုးကိုလဲ ရရှိနိုင်ပါတယ်။

{၆} သတိမြဲမြံ၊ မဖောက်ပြန်၊ ကေန်တည်ကြည်ရ။

လူတစ်ယောက်မှာ စိတ်ဟာ အရေးအကြီးဆုံးပဲ၊ စိတ်ဓာတ်ခိုင်မြဲပြီး တည်ကြည်ဖြောင့်မတ်နေတဲ့သူဟာ အရာရာမှာ အထက်တန်းရောက်ပြီး ကြီးပွားတိုးတက်ရတယ်။ ကျောင်းအလှူရှင်များလဲ အဲဒီလို စိတ်ဓာတ်ခိုင်မြဲခြင်း၊ သတိခိုင်မြဲခြင်း၊ စိတ်ဖောက်ပြန်၍ ရူးသွပ်မှုမရှိခြင်းဆိုတဲ့ အကျိုးတရားတွေကို ရနိုင်ပါတယ်။

{၇} နောက်ဆုံးဘဝ၊ နှောင်းကာလ၌၊ ဂုဏကဲလျှံ၊ မြတ်
နိဗ္ဗာန်၊ ကေန်ရမည်ပ။

နောက်ဆုံးရနိုင်တဲ့ အကျိုးကတော့ ဒုက္ခခပ်သိမ်း အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို ကေန်မုချ ရနိုင်တယ်–တဲ့။

ဒါက တိဏကုဋိဒါယကထေရာပါဒါန်မှာလာတဲ့ ကျောင်းလှူရကျိုးတွေပါပဲ။ နောက်ပြီး၊ ရနိုင်တဲ့ အကျိုးတစ်မျိုး ရှိပါသေးတယ်။

{၈} ဇာတိဒုက္ခ၊ တွေ့ကြုံရလည်း၊ ဆင်းရဲမရှိ၊ ချမ်းသာပြည့်လျှက်၊ ဆယ့်နှစ်တောင်ခန်း၊ စံမြန်းရသို့၊ ဘဝများစွာ၊ လွန်ချမ်းသာ၊ မှတ်ပါကျောင်းလှူအကျိုးတည်း။

မြတ်ဗုဒ္ဓက ဓမ္မစကြာဒေသနာတော်မှာ"ဇာတိပိ ဒုက္ခာ"လို့ ဟောတော်မူထားပါတယ်။ ဖြစ်လေရာဘဝတွေမှာ ဇာတိဒုက္ခဆိုတာ အင်မတန်ကြီးလှပါတယ်၊ အဲဒီလို ကြီးလှတဲ့ ဇာတိဒုက္ခကို ကျောင်းလှူကြတဲ့ အလှူရှင်များ မခံစားရဘူး–တဲ့။ အမိဝမ်းတွင်းမှာ ပဋိသန္ဓေနေတဲ့အခါ၊ ဆယ့်နှစ်တောင်ခန်းထဲမှာ နေရသလို ချမ်းသာစွာ နေရခြင်းဆိုတဲ့ အကျိုးကိုလဲ ရနိုင်သေးတယ်–လို့ (သံယုတ်ပါဠိတော်၊အဝဿုတပရိယာယသုတ်၊ အဋ္ဌကထာ)မှာ လာရှိပါတယ်။

ဒ့ါကြောင့် သိမ်အလှူကို လှူဒါန်းကြတဲ့ သူတော်ကောင်းတွေဟာ အထက်က တင်ပြခဲ့တဲ့ အကျိုးတရားတွေကို ငါတို့သည် ပိုင်ပိုင်မိမိရရှိကြလေပြီလို့ ဝမ်းမြောက်ဝမ်းသာ ပီတိသဒ္ဓါတွေ ဖြစ်ကြပြီးတော့ တန်ဖိုးရှိတဲ့ ဘဝပဒေသာပင်ကြီးကို ရနေတုန်းမှာ တန်ဖိုးရှိတဲ့ ကောင်းမှုကံတွေကို အားထုတ်ကြတော့မယ်လို့ ကိုယ်စီကိုယ်င အဓိဋ္ဌာန်ပြုကြပြီး ကုသိုလ်ကောင်းမှုတွေကို ကြိုးစားမယုတ် ပွားများအားထုတ်နိုင်ကြပါစေကုန်သတည်း။

ပန်းခွေရုံဆရာတော်

# အာမခံချက်မရှိသောတရားလေးပါး ဒေသနာ

စတုန္နံ ဘိက္ခဝေ ဓမ္မာနံ နတ္ထိ ကောစိ ပါဋိဘောဂေါ သမဏော ဝါ ဗြာဟ္မဏော ဝါ ဒေဝေါ ဝါ မာရော ဝါ ဗြဟ္မာ ဝါ ကောစိ ဝါ လောကသ္မိံ။

ဘိက္ခဝေ–ပရိသတ်လေးပါး, ချစ်သားချစ်သမီးတို့၊ သမဏော ဝါ–သမဏဖြစ်စေ၊ ဗြာဟ္မဏော ဝါ–ဗြဟ္မဏဖြစ်စေ၊ ဒေဝေါ ဝါ–နတ်ဖြစ်စေ၊ မာရော ဝါ–မာရ်ဖြစ်စေ၊ ဗြဟ္မာ ဝါ–ဗြဟ္မာဖြစ်စေ၊ လောကသ္မိံ–လောက၌၊ ကောစိ ဝါ–မည်သည့်ပုဂ္ဂိုလ်ပင်ဖြစ်စေ။ စတုန္နံ–လေးပါးကုန်သော၊ ဓမ္မာနံ–သဘောတရားတို့ကို၊ ကောစိ ပါဋိဘောဂေါ–တာဝန်ခံနိုင်သူ တစ်စုံတစ်ယောက်သည်၊ နတ္ထိ–မရှိပါပေ။

လောကကြီးထဲမှာ တန်ခိုးအာဏာတွေ ကြီးမားလှတဲ့ သမဏ ဖြစ်စေ၊ ဗြဟ္မဏဖြစ်စေ၊ နတ်ဖြစ်စေ၊ မာရ်ဖြစ်စေ၊ ဗြဟ္မာကြီးဖြစ်စေ၊ မည်သည့်ပုဂ္ဂိုလ်ပင်ဖြစ်စေ လေးမျိုးသောတရားတို့ကိုတော့ဖြင့် အာမခံချက် မပေးနိုင်ကြပါဘူး–တဲ့။

ကတမေသံ စတုန္နံ–အဘယ်လေးမျိုးတို့နည်း ဟူမူကား–။

{၁}ဇရာဓမ္မံ "မာ ဇီရီ"တိ နတ္ထိ ကောစိ ပါဋိဘောဂေါ သမဏော ဝါ ဗြာဟ္မဏော ဝါ ဒေဝေါ ဝါ မာရော ဝါ ဗြဟ္မာ ဝါ ကောစိ ဝါ လောကသ္မိံ။

သမဏော ဝါ–သမဏဖြစ်စေ၊ ဗြာဟ္မဏော ဝါ–ဗြဟ္မဏဖြစ်စေ၊ ဒေဝေါ ဝါ–နတ်ဖြစ်စေ၊ မာရော ဝါ–မာရ်ဖြစ်စေ၊ ဗြဟ္မာ ဝါ–

ဗြဟ္မာဖြစ်စေ၊ လောကသ္မိံ–လောက၌၊ ကောစိ ဝါ–မည်သည့်ပုဂ္ဂိုလ်ပင် ဖြစ်စေ၊ ဇရာဓမ္မံ–အိုခြင်းဆိုတဲ့ သဘောတရားကို၊ မာ ဇီရိတိ–မအိုပါစေနဲ့လို့၊ ကောစိ ပါဋိဘောဂေါ–တာဝန်ခံနိုင်သူ တစ်စုံတစ်ယောက်မျှ၊ နတ္ထိ–မရှိပါပေ။

တန်ခိုးကြီးပါဒ်တွေနဲ့ ပြည့်စုံတဲ့ သမဏ၊ ဗြဟ္မဏ စတဲ့ ဘယ်လိုပုဂ္ဂိုလ်ပင်ဖြစ်စေ၊ အိုခြင်းဆိုတဲ့ သဘောတရားကို မအိုပါစေနဲ့လို့ အာမခံနိုင်သူ မရှိဘူး–တဲ့။

{၂} ဗျာဓိဓမ္မံ "မာ ဗျာဓိယီ"တိ နတ္ထိ ကောစိ ပါဋိဘောဂေါ
သမဏော ဝါ ဗြာဟ္မဏော ဝါ ဒေဝေါ ဝါ မာရော ဝါ
ဗြဟ္မာ ဝါ ကောစိ ဝါ လောကသ္မိံ။

သမဏော ဝါ–သမဏဖြစ်စေ၊ ဗြာဟ္မဏော ဝါ–ဗြဟ္မဏဖြစ်စေ၊ ဒေဝေါ ဝါ–နတ်ဖြစ်စေ၊ မာရော ဝါ–မာရ်ဖြစ်စေ၊ ဗြဟ္မာ ဝါ–ဗြဟ္မာဖြစ်စေ၊ လောကသ္မိံ–လောက၌၊ ကောစိ ဝါ–မည်သည့်ပုဂ္ဂိုလ်ပင် ဖြစ်စေ၊ ဗျာဓိဓမ္မံ–နာခြင်းဆိုတဲ့ သဘောတရားကို၊ "မာ ဗျာဓိယီ"တိ–မနာပါစေနဲ့လို့၊ ကောစိ ပါဋိဘောဂေါ–တာဝန်ခံနိုင်သူ တစ်စုံတစ်ယောက်သည်၊ နတ္ထိ–မရှိပါပေ။

လောကမှာ တန်ခိုးကြီးပါဒ်တွေနဲ့ ပြည့်စုံတဲ့ သမဏ,ဗြာဟ္မဏ စတဲ့ မည်သည့်ပုဂ္ဂိုလ်ပင်ဖြစ်စေ၊ နာခြင်းဆိုတဲ့ သဘောတရားကို မနာပါစေနဲ့လို့ အာမခံနိုင်သူ မရှိဘူး–တဲ့။

{၃} မရဏဓမ္မံ "မာ မီယီ"တိ နတ္ထိ ကောစိ ပါဋိဘောဂေါ
သမဏော ဝါ ဗြာဟ္မဏော ဝါ ဒေဝေါ ဝါ မာရော ဝါ
ဗြဟ္မာ ဝါ ကောစိ ဝါ လောကသ္မိံ။

သမဏော ဝါ–သမဏဖြစ်စေ၊ ဗြာဟ္မဏော ဝါ–ဗြဟ္မဏဖြစ်စေ၊ ဒေဝေါ ဝါ–နတ်ဖြစ်စေ၊ မာရော ဝါ–မာရ်ဖြစ်စေ၊ ဗြဟ္မာ ဝါ–ဗြဟ္မာဖြစ်စေ၊ လောကသ္မိံ–လောက၌၊ ကောစိ ဝါ–မည်သည့်ပုဂ္ဂိုလ်ပင် ဖြစ်စေ၊ မရဏဓမ္မံ–သေခြင်းဆိုတဲ့ သဘောတရားကို၊ "မာ မီယီ"တိ–မသေပါစေနဲ့လို့၊ ကောစိ ပါဋိဘောဂေါ–တာဝန်ခံနိုင်သူ တစ်စုံတစ်ယောက်သည်၊ နတ္ထိ–မရှိနိုင်ပါပေ။

လောကမှာ မည်သည့် တန်ခိုးကြဒ္ဓိပါဒ်တွေနဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ဖြစ်စေ၊ သေခြင်းဆိုတဲ့ သဘောတရားကိုတော့ မသေအောင် အာမခံချက်ပေးနိုင်သူ တစ်ယောက်မှ မရှိနိုင်ဘူး–တဲ့။ ၃–မျိုးရှိသွားပါပြီ။ နောက်ဆုံးတစ်မျိုးက–

{၄}ယာနိ ခေါ ပန တာနိ ပုဗ္ဗေ အတ္တနာ ကတာနိ ပါပကာနိ ကမ္မာနိ သံကိလေသိကာနိ ပေါနောဘဝိကာနိ သဒရာနိ ဒုက္ခဝိပါကာနိ အာယတိံ ဇာတိဇရာမရဏိကာနိ၊ တေသံ ဝိပါကော "မာ နိဗ္ဗတ္တီ"တိ နတ္ထိ ကောစိ ပါဋိဘောဂေါ သမဏော ဝါ ဗြာဟ္မဏော ဝါ ဒေဝေါ ဝါ မာရော ဝါ ဗြဟ္မာ ဝါ ကောစိ ဝါ လောကသ္မိံ။

သမဏော ဝါ–သမဏဖြစ်စေ၊ ဗြာဟ္မဏော ဝါ–ဗြဟ္မဏဖြစ်စေ၊ ဒေဝေါ ဝါ–နတ်ဖြစ်စေ၊ မာရော ဝါ–မာရ်ဖြစ်စေ၊ ဗြဟ္မာ ဝါ–ဗြဟ္မာဖြစ်စေ၊ လောကသ္မိံ–လောက၌၊ ကောစိ ဝါ–မည်သည့်ပုဂ္ဂိုလ်ပင်ဖြစ်စေ။ သံကိလေသိကာနိ–ကိလေသာ၏ အာရုံဖြစ်ကုန်သော၊ ပေါနောဘဝိကာနိ–တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်ကုန်သော၊ သဒရာနိ–ပူပန်ခြင်းနှင့်တကွ ဖြစ်ကုန်သော၊ ဒုက္ခဝိပါကာနိ–ဆင်းရဲသော အကျိုးရှိကုန်သော၊ အာယတိံ–နောင်အခါ၌၊ ဇာတိဇရာမရဏိကာနိ–ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်းကို ဖြစ်စေတတ်ကုန်သော၊ ပုဗ္ဗေ–ရှေးက၊ အတ္တနာ–မိမိသည်၊ ကတာနိ–ပြုအပ်ကုန်ပြီးသော၊ ပါပကာနိ–ယုတ်ညံ့ကုန်သော၊ ယာနိ ခေါ ပန တာနိ–အကြင်ဆို့ သဘောရှိကုန်သော၊ ကမ္မာနိ–ကံတို့သည်၊ သန္တိ–ရှိကုန်၏။ တေသံ–ထိုကံတို့၏၊ ဝိပါကော–အကျိုးကို၊ "မာ နိဗ္ဗတ္တီ"တိ–မဖြစ်ပါစေနဲ့လို့၊ ကောစိ ပါဋိဘောဂေါ–တာဝန်ခံနိုင်သူ တစ်စုံတစ်ယောက်သည်၊ နတ္ထိ–မရှိပါပေ။

လောကမှာတန်ခိုး ကြဒ္ဓိပါဒ်တွေနဲ့ ပြည့်စုံတဲ့ မည်သည့်ပုဂ္ဂိုလ်ပင်ဖြစ်စေ ကိလေသာရဲ့ အာရုံလဲဖြစ်၊ ဘဝသစ်ကိုလဲ ဖြစ်စေတတ်၊ ပူပန်ခြင်းကို ဖြစ်စေတတ်၊ ဆင်းရဲဒုက္ခအကျိုးကို ပေးတတ်၊ ဇာတိဇရာမရဏတို့ကိုလဲ ဖြစ်စေတတ်တဲ့ မိမိပြုခဲ့တဲ့ အကုသိုလ်ကံရဲ့ အကျိုးပေးမှုကို တာဝန်ခံနိုင်သူ,အာမခံနိုင်သူ တစ်ယောက်မှ မရှိဘူး–တဲ့။

ပေါင်းလိုက်တော့ အာမခံချက်မရှိတဲ့တရား လေးပါးပေါ့၊ –

ဒီ လေးပါးကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည် အင်္ဂုတ္တရ နိကာယ်၊ စတုက္ကနိပါတ်၊ ဗြဟ္မဏဝဂ်မှာ ဟောတော်မူထားခဲ့ပါတယ်။

ဘုန်းကြီး စောစောက ရွတ်ဆိုပြီး အနက်ပြန်သွားတဲ့အတိုင်း မှတ်နေရင် ခက်ခဲနေမယ်၊ ဒါကြောင့် မှတ်သားရလွယ်အောင် လင်္ကာလေးနဲ့ ဆိုကြည့်ကြရအောင်၊ လိုက်ဆိုကြည့်ကြ –

၁။ မအိုပါရန်၊ အာမခံ၊ ဧကန်မရှိပြီ။

၂။ မနာပါရန်၊ အာမခံ၊ ဧကန်မရှိပြီ။

၃။ မသေပါရန်၊ အာမခံ၊ ဧကန်မရှိပြီ။

၄။ မိမိပြုစု၊ အကုသိုလ်ကံ၊ ကျိုးမသန်အောင်၊ ကြံဆောင်ပြုမူ၊ စွမ်းနိုင်သူ၊ ဘယ်သူမရှိပြီ။

ယခုလို လင်္ကာလေးနဲ့ မှတ်သားလိုက်တော့ လွယ်ကူသွားတယ်၊ ပေါ်လွင်သွားတယ်။ အဲဒီ လေးပါးက–

၁။ အိုခြင်းဆိုတဲ့ သဘောတရားကို "မအိုပါနဲ့"ဆိုတဲ့ အာမခံချက် မရှိနိုင်ဘူး။

၂။ နာခြင်းဆိုတဲ့ သဘောတရားကို"မနာပါနဲ့"ဆိုတဲ့ အာမခံချက် မရှိနိုင်ဘူး။

၃။ သေခြင်းဆိုတဲ့ သဘောတရားကို"မသေပါနဲ့"ဆိုတဲ့ အာမခံ ချက် မရှိနိုင်ဘူး။

၄။ မိမိပြုခဲ့တဲ့ အကုသိုလ်ကံတွေရဲ့ အကျိုးတရားတွေကို "အကျိုး မပေးပါစေနဲ့"ဆိုတဲ့ အာမခံချက် မရှိနိုင်ဘူး။

ပေါင်းလိုက်တော့ လေးပါးဖြစ်ပါတယ်၊ ဒီ တရားလေးပါးကို တန်ခိုးဣဒ္ဓိပါဒ်တွေနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်များပင် ဖြစ်နေစေကာမူ မတားဆီး နိုင်ဘူး၊တာဝန်မခံပေးနိုင်ကြဘူး၊ဒါကြောင့် အာမခံချက်မရှိဘူးလို့ဆိုတာပါ။

**သဘာဝစမ္မတွေ**

ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတွေ

ဇာတိလို့ခေါ်တဲ့ ရုပ်နာမ်ခန္ဓာကို ရရှိလာခဲ့ပြီဆိုရင် ဇရာဆိုတဲ့ အိုခြင်း သဘောတရား၊ ဗျာဓိလို့ခေါ်တဲ့ နာခြင်းသဘောတရား၊ မရဏလို့ခေါ်တဲ့ သေခြင်းတရား။ ဒီတရားတွေနဲ့ မလွဲမသွေ ရင်ဆိုင်ကြရတော့မှာဖြစ်တယ်၊ ဘယ်သူမှ ရှောင်လွှဲလို့ မရနိုင်ကြပါဘူး၊ မအိုပါနဲ့၊မနာပါနဲ့၊မသေပါနဲ့လို့ ဘယ်သူမှ တားဆီးလို့ မရနိုင်ကြဘူး။

ဘယ်လောက်ပင် တန်ခိုးဣဒ္ဓိပါဒ်တွေနဲ့ ပြည့်စုံပြည့်စုံ အဲဒီ တန်ခိုးရှင်တွေလဲ မတားဆီးနိုင်ကြပါဘူး၊ အာမဝန်တာ မခံနိုင်ကြဘူး၊ သူတို့ကိုယ်တိုင်လဲ မတားဆီးနိုင်ကြပါဘူး၊ နောက်ဆုံး အိုခြင်း၊နာခြင်း၊ သေခြင်း သဘောတရားတွေနဲ့ ရင်ဆိုင်ပြီး တစ်ဘဝအတွက် နိဂုံးချုပ်ကြရ တာပါပဲ၊ ရှောင်လွှဲလို့ မရနိုင်တဲ့ တရားတွေပဲ ဖြစ်ပါတယ်။ ဒါတွေဟာ ဇာတိလို့ခေါ်တဲ့ ပဋိသန္ဓေနေခြင်းကို ရယူခဲ့သူမှန်သမျှ ရင်ဆိုင်ကြရမယ့် သဘောတရားတွေ၊ သဘာဝဓမ္မတွေပါပဲ။

အိုဖို့ရလာ၊ တို့ခန္ဓာ၊ အိုမှာမလွဲ၊ ကေန်ပဲ၊ ရှောင်လွှဲမရပါတကား။

နာဖို့ရလာ၊ တို့ခန္ဓာ၊ နာမှာမလွဲ၊ ကေန်ပဲ၊ ရှောင်လွှဲမရပါတကား။

သေဖို့ရလာ၊ တို့ခန္ဓာ၊သေမှာမလွဲ၊ ကေန်ပဲ၊ ရှောင်လွှဲမရပါတကား။

ရှောင်လွှဲလို့ မရနိုင်ကြပါဘူး–တဲ့။ ရုပ်နာမ်ခန္ဓာကို ရယူလာသူ တိုင်း ကြုံတွေ့ကြရမယ့် တရားတွေပဲဖြစ်ပါတယ်။ ဒီ ခန္ဓာကြီးကို ရယူမိ ပြီဆိုထဲက အိုခြင်းသဘောတရားတွေ ကပ်ပါလာတယ်၊ နာခြင်းသဘော တရားတွေ ကပ်ပါလာခဲ့တယ်။ အိုပြီး နာပြီးရင် သေခြင်းတရားနဲ့ နိဂုံး ချုပ်ကြရမယ်။

**အိုခြင်းသဘော**

ဘုန်းကြီးတို့ ယခု တရားနာယူနေကြတဲ့ ပုဂ္ဂိုလ်တွေအားလုံး၊ ယခုတရားဟောနေတဲ့ ပုဂ္ဂိုလ်ရောပေါ့လေ။ အားလုံးသော သတ္တဝါတွေဟာ ယခုလောလောဆယ်ဆယ်မှာ အိုခြင်းသဘောတွေနဲ့ ကြုံတွေ့နေကြရတယ်။ မနေ့က ရုပ်နာမ်ခန္ဓာနဲ့ ဒီကနေ့ ရုပ်နာမ်ခန္ဓာဟာ မတူတော့ဘူး၊ မျက် စိနဲ့ မမြင်နိုင်ပေမယ့် ဒီ ခန္ဓာကြီးဟာ သူ့သဘောသူဆောင်နေတာပါပဲ။ ဆံဖြူမှ၊ သွားကျိုးမှ၊ ပါးရေ နားရေတွေ တွန့်မှ၊ အသက် ၇၀–၈၀– ၉၀ မှ အိုတယ်လို့ ပြောလို့ မရပါဘူး၊ မွေးကထဲက အိုလာတာပါ။

ယခုကြည့်ပေ့ါ၊ ဘုန်းကြီးနဲ့တကွ တရားနာပရိသတ်အားလုံးဟာ မွေးလာတဲ့နေ့က စပြီး၊ ယခုရောက်ရှိနေတဲ့ အသက်အပိုင်းအခြားအထိ၊ တစ်နေ့တစ်နေ့, တစ်လတစ်လ, တစ်နှစ်တစ်နှစ်နဲ့ တဖြည်းဖြည်း ကြီးပြင်းလာလိုက်ကြတာ နော်။ ဒါသည်ပင် အိုခြင်းရဲ့သဘောတွေပဲလို့မှတ်၊ ဉာဏ်မျက်စိနဲ့ မြင်အောင်ကြည့်ကြ၊ ယခု အသက်အပိုင်းအခြားကနေပြီး နောက်ပြန်ဆုတ်လို့ မရတော့ဘူး နော်။

အသက် ၆၀–က ၅၀–ဆယ် ပြန်ဖြစ်ချင်လို့ မရတော့ဘူး၊ ပြန်ဖြစ်အောင်လုပ်လို့လဲ မရနိုင်တော့ဘူး၊ တန်ခိုးရှင်တွေကို တားဆီးရပ်တံ့ခိုင်းထားလို့လဲ မရနိုင်ဘူး နော်။ မအိုပါနဲ့လို့ တန်ခိုးရှင်တွေကို တားခိုင်းထားလို့ မရပါဘူး။

ယခုရောက်နေတဲ့ အသက်အရွယ်ကနေပြီးတော့လဲ ကြည့်လိုက်ပါအုံး၊ ဒီအတိုင်းမနေပြန်ပါဘူး၊ တစ်နေ့တစ်နေ့,တစ်လတစ်လ,တစ်နှစ်တစ်နှစ်နဲ့ ဆက်ကာဆက်ကာ ကြီးပြင်းကြရအုံးမယ်၊ ရှေ့ဆက်ပြီး အိုကြရအုံးမယ်၊ ရပ်တံ့မနေဘူး၊ နေ့စဉ်နဲ့အမျှ, နာရီစက္ကန့်နဲ့အမျှ အိုခြင်းသဘောတရားတွေ ဖြစ်ပေါ်နေတယ် နော်။

ဉာဏ်မျက်စိနဲ့ မြင်အောင်ကြည့်တတ်ဖို့တော့လိုတယ်ပေ့ါ။ ဒါက အိုခြင်းသဘောတရားပဲ၊ ပရိသတ်များ မြင်သာထင်သာတဲ့နည်းနဲ့ ပြောရတာပါ၊ အဘိဓမ္မာသဘောတွေနဲ့ ပြောလို့လဲ ရပါသေးတယ်၊ ထားပါတော့လေ။

## နာခြင်းသဘော

နောက်ပြီး၊ နာခြင်းဆိုတဲ့ သဘောတရား။ နာခြင်းသဘောတရားဟာလဲ အပေါ်ယံကြည့်ပြီးပြောလို့ မဖြစ်ဘူး၊ အသက်တွေ ကြီးရင့်ပြီး မထူနိုင် မထနိုင်မှ နာတယ်လို့ မဆိုလိုဘူး နော်၊ ဒီ ရုပ်နာမ်ခန္ဓာကြီးကို ရယူလာတဲ့အချိန်က စပြီးတော့ နာခြင်းသဘောတရားတွေနဲ့ ကြုံတွေ့နေရတယ်လို့ မှတ်ကြရမယ်။

ထင်ရှားအောင် ပြောရရင်၊ ယခု တရားနာနေဆဲအခိုက်လေးကိုပဲ ကြည့်လိုက်။ တရားနာနေတုံး ထိုင်နေကြရတယ်။ ထိုင်နေတာ ကြာလာတော့ ဘာဖြစ်လာလဲ၊ ဟိုနေရာက ကိုက်ခဲလာ၊ ဒီ နေရာက ကိုက်ခဲလာ

ဖြစ်လာပါတယ်။ ညောင်းညာလာတယ် နော်။ ဒီဘက်က အထိုင်များလို့ ညောင်းလာတော့ ဟိုဘက်ကို ရွှေ့ပေးရပြန်တယ်၊ ဟိုဘက်နဲ့ အထိုင်များ လာပြန်တော့ ဒီဘက်ကို ရွှေ့ပြောင်းပေးရပြန်တယ်။ ဒါတွေဟာ နာခြင်းဆို တဲ့ သဘောတွေပေ့ါ၊ စောစောက ပြောသလို အသက်တွေကြီးလာမှ၊ မထူနိုင် မထနိုင်ဖြစ်နေမှ နာတယ်လို့ ခေါ်တာမဟုတ်ဘူး၊ အချိန်ရှိသရွေ့ နာနေတာပဲ နော်။ ဒါလဲ ဉာဏ်မျက်စိနဲ့ သတိကပ်ပြီးတော့ ကြည့်မှ မြင်နိုင်ပါတယ်။

ဒီသဘောတရားတွေဟာ ရုပ်နာမ်ခန္ဓာကို ရယူလာသူတိုင်း ခံစား ကြရမယ့် သဘောတရားတွေပဲ။ ဒီလို နာခြင်းဆိုတဲ့သဘောတွေကို မဖြစ်ရ လေအောင်၊ မနာရအောင် ဘယ်သူမှ အာမမခံနိုင်ဘူး၊ တာဝန်ခံနိုင်သူ မရှိဘူး၊ ကိုယ်တိုင်လဲ တာဝန်မခံနိုင်ဘူး၊ တန်ခိုးရှင်ဖြစ်တဲ့ သမဏ,ဗြဟ္မ ဏ စတဲ့ ပုဂ္ဂိုလ်တွေလဲ တာဝန်မခံနိုင်ကြဘူး၊ ဒါ ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားတော်မူခဲ့တဲ့ တရားတွေပဲ နော်။

**သေခြင်းသဘော**

နောက်တစ်ခါ၊ သေခြင်းဆိုတဲ့ သဘောတရားကိုလဲ ကြည့်လိုက် ကြအုံး။ ဇာတိဆိုတဲ့ ပဋိသန္ဓေနေခြင်းအဖြစ်ကို ရရှိခဲ့သူမှန်သမျှ တစ်နေ့ ကျရင် သေခြင်းဆိုတဲ့ မရဏနဲ့ အဆုံးသတ်ကြရမှာပဲ။ ဒီ သေခြင်းဆိုတဲ့ သဘောတရားကိုကော မသေပါစေနဲ့လို့ ဘယ်သူက တာဝန်ခံနိုင်သလဲ၊ ကိုယ်တိုင်လဲ တာဝန်မခံနိုင်ဘူး၊ တန်ခိုးရှင်တွေလဲ တာဝန်မခံနိုင်ကြဘူး၊ တစ်နေ့ကျ ကေန်မုချသေကြရမယ်၊ အနေးနဲ့ အမြန်ပါပဲ နော်၊ သေမယ့် နေ့ကို စောင့်ဆိုင်းနေကြတာနဲ့ တူပါတယ်၊ ဘယ်နေ့ သေမယ်ဆိုတာ မသိရသော်လဲ သေကြရမှာတော့ အမှန်ပါပဲ၊ တစ်နေ့နေ့တော့ သေကြရ လိမ့်မယ်၊ ဒါကြောင့်–

> အဇ္ဇေဝ သုဝေဝ၊ ခုတွေးဆ ပြန်လှန်၊ ယနေ့လား နက်ဖြန်။ ရက်မှန်မှန်မသိ။ အနိစ္စလက္ခဏာငယ်၊ သန်ဘက်ခါ ဆုံးဖြတ် ချက်မရှိ။

ဘယ်နေ့ သေကြမလဲ၊ ဒီနေ့လား၊ နက်ဖန်လား၊ ဘယ်သူမှ သေမယ့်ရက်ကို မသိနိုင်ကြဘူး၊ ဒီနေ့လဲပဲ သေနိုင်တာပဲ၊ ပြောလို့မရပါဘူး။

"နေ့မြင် ညပျောက်"–တဲ့၊ ဆိုရိုးစကား ရှိပါတယ်။

အရပ်ထဲမှာ ပြောနေကြတာ ကြားဖူးကြမှာပါ၊ ဘယ်သူတော့ဖြင့် သေသွားပြီဆိုရင်၊ ဟုတ်လား– စောစောကပဲ ဘယ်မှာတွေ့ခဲ့ပါသေးတယ်၊ ငါတွေ့တုန်းက အကောင်းပကတိပါ၊ ငါနဲ့တောင် စကားတပြောပြောနဲ့ ရှိနေခဲ့တာ၊ အခုသေပြီဆိုတော့ ဟုတ်မှ ဟုတ်လေရဲ့လား–စသည်ဖြင့် မကြာခဏ ဒီလိုအဖြစ်မျိုးတွေနဲ့ တွေ့ကြုံဖူးကြမှာပါ။

ဒါတွေဟာ အနိစ္စသဘောတွေ၊ မမြဲတဲ့ သဘောတွေ၊ ဘယ်သူကမှ ဆုံးဖြတ်လို့မရတဲ့ သဘောတွေ၊ ဘယ်နေ့သေမယ်ဆိုတာ ဆုံးဖြတ်ထားလို့ မရနိုင်တဲ့ လက်တွေ့တွေပဲလို့ မှတ်ကြရမယ် နော်။

ယခုပြောခဲ့တာတွေဟာ အာမခံချက်မရှိတဲ့တရား လေးပါးအနက် အို၊နာ၊သေ သုံးပါးတို့ရဲ့ သဘောတရားတွေပါပဲ။

**အကုသိုလ်ကံရဲ့သဘော**

နောက်တစ်ခါ၊ အမှတ်(၄)ဖြစ်တဲ့ အာမခံချက်မရှိတဲ့တရားက–

မိမိပြုစု၊ အကုသိုလ်ကံ၊ ကျိုးမသန်အောင်၊ ကြံဆောင်ပြုမူ၊ စွမ်းနိုင်သူ၊ ဘယ်သူမရှိပြီ။

မိမိပြုလုပ်ခဲ့တဲ့ အကုသိုလ်ကံကိုလဲ အကျိုးမပေးရလေအောင် ဘယ်သူမှ အာမမခံနိုင်ကြဘူး–တဲ့။

လူရယ်လို့ ဖြစ်လာကြကထဲက နေ့စဉ်နေ့စဉ် ကောင်းမှု၊ မကောင်းမှုဆိုတာတွေကို ပြုလုပ်နေကြတာပါပဲ၊ မိမိတို့ နေ့စဉ်ပြုလုပ်နေတဲ့ အလုပ်တွေဟာ ကောင်းတာနဲ့ မကောင်းတာ ဒီနှစ်မျိုးပဲ ရှိပါတယ်။ ယနေ့ တရားနာယူနေကြတဲ့ ပရိသတ်ကြီး၊ မိမိတို့ကိုယ်ကို ပြန်စစ်ဆေးကြည့်၊ ပြန်စဉ်းစားကြည့်။ ဒီနေ့ပဲ ဆိုကြပါစို့–မနက်မိုးလင်း အိပ်ယာက ထပြီဆိုကထဲက ဘာတွေလုပ်ကြသလဲ၊ ဘာတွေကြံကြသလဲ၊ ဘာတွေ ပြောဆိုကြသလဲ၊ ပြန်စဉ်းစားကြည့် နော်၊ ဗုဒ္ဓဘာသာဝင်တွေဖြစ်ရင် များသောအားဖြင့် ကောင်းမှုနဲ့ မကောင်းမှုကို ခွဲခြားတတ်ကြပါတယ်။

ယနေ့ အိပ်ယာက နိုးလာချိန်ကစပြီး ကောင်းတဲ့ အမှုတွေ၊ မကောင်းတဲ့ အမှုတွေကို လုပ်ကိုင်မိကြမယ်။ ကောင်းတဲ့ အကြံအစည်တွေ၊

မကောင်းတဲ့ အကြံအစည်တွေကို ကြံစည်မိကြမယ်။ ကောင်းတဲ့ အပြော တွေ မကောင်းတဲ့ အပြောတွေကို ပြောမိကြမယ်။ ဒီနှစ်မျိုးကို ပြုလုပ်မိကြ သူတွေသာ ဖြစ်ရမယ် နော်။ ဒါဟာ ကိုယ့်ဘာသာကို ပြန်ပြီး စစ်ဆေးလို့ ရတဲ့ ကိစ္စမျိုးပါပဲ။

ကောင်းတဲ့အလုပ်၊ ကောင်းတဲ့ အကြံ၊ ကောင်းတဲ့ အပြောတွေကို ပြုမိကြရင်တော့ ကောင်းတဲ့ အကျိုးတွေကို ခံစားကြရမှာပဲပေါ့။ မကောင်းတဲ့ အလုပ်၊ မကောင်းတဲ့ အကြံ၊ မကောင်းတဲ့ အပြောတွေကို ပြုမိကြရင် တော့ မကောင်းတဲ့ အကျိုးတွေကို ခံစားရလိမ့်မယ်။

အဲဒီ ကောင်းမှု မကောင်းမှုနှစ်မျိုးထဲမှာ ကောင်းမှုအတွက်က ကောင်းကျိုးခံစားရမယ်ဆိုတာ ပြောစရာမရှိပါဘူး။ ဒါကြောင့် ကောင်းမှု အတွက်ကို အသာထားပေ့ါ။

မကောင်းတဲ့အမှုကို ပြုမိမယ်ဆိုရင်တော့ မကောင်းကျိုးတွေကို တစ်နေ့နေ့တော့ ခံစားကြရမှာ အမှန်ပါပဲ၊ အားကြီးတဲ့ အကုသိုလ်, အားနည်းတဲ့ အကုသိုလ်အလိုက်ပေါ့လေ။ ဘယ်လိုပဲဖြစ်ဖြစ် အကျိုး ပေးမှုကတော့ ခံစားကြရမယ်၊ အဲကျိုးမပေးအောင် ဘယ်လိုနည်းနဲ့မှ တားဆီးထားလို့ မရနိုင်ပါဘူး။

အကျိုးပေးမယ့် အကုသိုလ်ကံမှန်သမျှကို အကျိုးမပေးအောင် ကိုယ်တိုင်ဟန့်တားထားလို့ မရသလို တန်ခိုးရှင်တွေလဲ မတားဆီးပေးနိုင် ပါဘူး။ တားဆီးပေးနိုင်တဲ့ အာမခံချက်မျိုးပေးထားလို့ မရနိုင်ပါဘူး၊ "ဘယ်သူမပြု မိမိမှု"ဆိုတဲ့အတိုင်း မိမိပြုတဲ့အကုသိုလ်ကံအလျောက် မိမိပဲ ခံစားရမှာပဲ။ ဒါဟာ အကုသိုလ်ကံရဲ့အကျိုးပေးကို တားဆီးလို့မရပုံပါပဲ။

ယခုပြောခဲ့တာတွေဟာ အာမခံချက်မရှိတဲ့ တရားလေးပါးတို့ရဲ့ သဘော,သဘာဝတွေနဲ့ အာမခံချက်မရှိနိုင်ပုံတွေပဲ ဖြစ်ပါတယ်။

**အာမခံချက်ရှိအောင်**

ဒီ အာမခံချက်မရှိတဲ့ တရားလေးပါးက လွန်မြောက်နိုင်တဲ့ နည်း လမ်းတွေ မရှိနိုင်တော့ဘူးလား ဆိုတော့။ အာမခံချက်ရှိအောင် လုပ်လို့ ရတဲ့နည်းတွေ ရှိပါတယ်။ တန်ခိုးရှင်တွေနဲ့ ကာကွယ်တဲ့ နည်း၊

လောကီနည်းလမ်းတွေနဲ့ ကာကွယ်တဲ့နည်းတော့ မဟုတ်ဘူး၊ အဲဒါတွေနဲ့ ကတော့ စောစောက ပြောခဲ့တဲ့အတိုင်း တားဆီးလို့ မရနိုင်ဘူးဆိုတာ ထင်ရှားနေပါပြီ။ ဘယ်လို နည်းတွေနဲ့ တားဆီးကြမလဲ_

ဒါန,သီလာ၊ ဘာဝနာဟု၊ အစုစု၊ ပြုလုပ်ကျင့်ရမည်။

ဤသို့ကျင့်မှ၊ ဝဋ်ဒုက္ခ၊ မုချကင်းလွတ်မည်။

ဘာတွေလုပ်သင့်သလဲ–။ ဘာတွေ လုပ်ကြမလဲ–။ ဒါန, သီလ, ဘာဝနာတွေကို ကြိုးစားပွားများအားထုတ်ကြရမယ်တဲ့။ ဒါကြောင့် မအိုခင် က ဒါန,သီလ,ဘာဝနာတွေကို ကြိုးစားပြီး အားထုတ်ကြရမယ်၊ မနာ ခင်က, မသေခင်က ကြိုတင်ပြီးတော့ ကောင်းမှုတွေကို ပြုလုပ်ထား ကြရမယ်။

ဒီလို ပြုလုပ်ထားကြမယ်ဆိုရင် အိုခြင်းကင်းရာ, နာခြင်းကင်း ရာ, သေခြင်းကင်းရာဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြမယ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီဆိုရင်ဖြင့် အိုမှု,နာမှု,သေမှု ဆိုတာတွေလဲ မလာနိုင် တော့ဘူးပေါ့၊ ကင်းလွတ်သွားပြီ။ အို,နာ,သေတွေက ကင်းလွတ်သွား တာဟာ အာမခံချက်ရရှိသွားတာပါပဲ။ ဒီနည်းနဲ့ တားဆီးကြရမယ်နော်။

အကုသိုလ်ကံတွေ အကျိုးမပေးအောင်၊ အကျိုးပေးမှုက လွတ် မြောက်အောင်လဲ စောစောကပြောခဲ့တဲ့ ဒါန, သီလ, ဘာဝနာတွေကို ကြိုးစားပြီး ပြုလုပ်ထားကြရမှာပဲ ဖြစ်ပါတယ်။ အဲဒီ ကုသိုလ်ကောင်းမှု တွေ ပြုလုပ်လို့ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းခဲ့မယ်၊ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ခဲ့မယ်ဆိုရင် အကုသိုလ်ကံဆိုတာလဲ အကျိုးမပေးတော့ဘူးပေါ့။ အကျိုးပေးစရာအကြောင်းလဲ မရှိတော့ဘူးပေါ့။ အဲဒီလို အကျိုးမပေး တော့ရင် အာမခံချက်ရှိသွားပါပြီ။ ဒီနည်းနဲ့သာ တားဆီးလို့ရပါတယ်။

ဒီလိုမှ ဒါန,သီလ,ဘာဝနာတွေကို ကြိုးစားပြီး မပြုလုပ်ထားကြ ဘူးဆိုရင်၊ တစ်နည်းအားဖြင့်–မဂ်,ဖိုလ်,နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင် သေးဘူးဆိုရင်တော့ အို,နာ,သေ ဆိုတာတွေ၊ အကုသိုလ်ကံရဲ့ အကျိုး ပေးတွေကတော့ လာနေအုံးမှာပဲ၊ ဆက်ကာဆက်ကာ ဖြစ်နေကြအုံးမှာပဲ။

ဒါကြောင့် အာမခံချက်မရှိတဲ့ တရားလေးပါးက လွတ်မြောက် အောင် နိဗ္ဗာန်တိုင်အောင် မျက်မှောက်ပြုနိုင်စွမ်းရှိတဲ့ ဒါန,သီလ,ဘာဝနာ

ကောင်းမှုတွေကို ကြိုးစားပြီး ပြုလုပ်ထားကြဖို့ပဲရှိတယ်။

## မိမိကိုယ်တိုင်သာ အာမခံချက်ရှိအောင်လုပ်ယူနိုင်

မိမိအပေါ် ကျရောက်ဆဲ၊ ကျရောက်လတ္တံ့ဖြစ်တဲ့ အာမခံချက် မရှိတဲ့ သဘောတရားတွေကို မိမိကိုယ်တိုင် အာမခံချက်ရှိအောင် အားထုတ်ကြရမှာပါ၊ တန်ခိုးဣဒ္ဓိပါဒ်နဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေကို တောင့်တနေလို့ မဖြစ်နိုင်ပါဘူး၊ ဘယ်သူက မ,စပါ စသည်ဖြင့် တောင့်တနေလို့ မဖြစ်နိုင်ပါဘူး၊ တောင့်တလို့လဲ မရနိုင်ပါဘူး၊ တောင့်တနေလဲ သူတို့က အာမခံပေးနိုင်ကြတာ မဟုတ်ဘူးဆိုတာကို အထူးသတိပြုထားကြရမယ်။

ဒါကြောင့် အာမခံချက်ရရှိအောင် မိမိကိုယ်တိုင်သာ ဒါန,သီလ, ဘာဝနာတွေကို အားထုတ်ကြရမှာ ဖြစ်ပါတယ်၊ မိမိကိုယ်တိုင် အာမခံနိုင်အောင်၊ အာမခံသူဖြစ်အောင် အားထုတ်ကြရမှာပဲ ဖြစ်ပါတယ်၊ အိုခြင်းသဘော, နာခြင်းသဘော, သေခြင်းသဘောတွေကတော့ နှိပ်စက်နေကြမှာပဲ၊ အကုသိုလ်ကံတွေကတော့ အကျိုးပေးနေမှာပဲ၊ အကျိုးပေးနေ၊ နှိပ်စက်နေသည့်ကြားက အဲဒီ တရားတွေမှ လွတ်မြောက်အောင် ကြိုးစားအားထုတ်ကြရမှာပါ။

ဒီနေရာမှာ အာမခံချက်ရှိအောင် အားထုတ်သွားတဲ့ ပုဂ္ဂိုလ်ပေါင်းမြောက်များစွာထဲက "ထေရာအပဒါန်"မှာ လာရှိတဲ့ ဥတ္တိယမထေရ်ရဲ့ အကြောင်းကို သာဓကအနေနဲ့ ထုတ်ပြပါအုံးမယ်။ အားကျဖို့ကောင်း၊ အတုယူဖို့ကောင်းတဲ့ သာဓကပါ။

## ဥတ္တိယမထေရ်၏ အတိတ်အကြောင်းကောင်းမှု

လွန်လေပြီးသော ၉၄–ကမ္ဘာထက်က၊ သိဒ္ဓတ္ထအမည်ရှိတဲ့ မြတ်စွာဘုရား ထင်ရှားပွင့်တော်မူခဲ့ပါတယ်၊ အဲဒီ သိဒ္ဓတ္ထဘုရားရှင်လက်ထက်မှာ ဥတ္တိယမထေရ်လောင်းဟာ "ဆန္ဒဘာဂ" အမည်ရှိတဲ့ မြစ်ကြီးတစ်ခုအတွင်းမှာ ခန္ဓာကိုယ်ကြီးမားလှတဲ့ မိချောင်းသတ္တဝါကြီး ဖြစ်နေခဲ့တယ်။

ဥတ္တိယမထေရ်လောင်းလျာ မိချောင်းကြီးဟာ ဆန္ဒဘာဂ အမည်ရှိတဲ့ မြစ်ကြီးထဲမှာ သွားလာကျက်စားနေပါတယ်။ တစ်နေ့မှာ သိဒ္ဓတ္ထမြတ်စွာဘုရားရှင်ဟာ အဲဒီမြစ်ကြီးရဲ့ တစ်ဖက်ကမ်းကိုကူးဖို့အတွက်

မြစ်ကမ်းဘေးမှာ ရပ်တော်မူနေပါတယ်၊ ဒါကို မြစ်ထဲက မိချောင်းကြီးက မြင်တွေ့ပါတယ်။ တိရစ္ဆာန်သတ္တဝါပင်ဖြစ်သော်လည်း ဗုဒ္ဓမြတ်စွာရဲ့ မေတ္တာတော် တန်ခိုးတော်ကြောင့် ဗုဒ္ဓမြတ်စွာရဲ့အပေါ်မှာ ချစ်ခင်ခြင်းတွေ ဖြစ်ခဲ့ပါတယ်၊ ကြည်ညိုစိတ်တွေ ဖြစ်ခဲ့တယ်။ ဗုဒ္ဓမြတ်စွာရဲ့မေတ္တာစွမ်းအား နော်၊ ဘယ်လောက်ကြီးမားသလဲဆိုတာ၊ အဟိတ်တိရစ္ဆာန်သတ္တဝါကိုပင် မိမိအပေါ် ချစ်မေတ္တာအစေးနဲ့ တုံ့ပြန်နိုင်အောင် ပွမ်းဆောင်နိုင်တယ်၊ မေတ္တာစိတ်တွေ၊ ကြည်ညိုစိတ်တွေဖြစ်ပေါ်အောင် စွမ်းနိုင်တယ်။

မိချောင်းကြီးဟာ ဗုဒ္ဓမြတ်စွာဘုရားအပေါ် မေတ္တာစိတ်တွေ၊ကြည်ညိုစိတ်တွေ ဖြစ်ပေါ်လာတော့၊ ဘယ်လို အကြံအစည်ဖြစ်သလဲဆိုတော့၊ ငါသည် ဗုဒ္ဓရှင်တော်မြတ်ဘုရားကို တစ်ဖက်ကမ်းသို့ ပို့ဆောင်ပေးရရင် ကောင်းမှာပဲ–လို့ စိတ်အကြံအစည် ဖြစ်ခဲ့တယ်။

ဒါနဲ့ မိချောင်းကြီးဟာ မြတ်စွာဘုရား ရပ်နေတော်မူတဲ့ ကမ်းစပ်သို့ ချဉ်းကပ်သွားတယ်၊ ကမ်းစပ်အနီး ဗုဒ္ဓမြတ်စွာရှေ့မှောက် ရောက်တဲ့ အခါ ရေထဲကနေ ဦးခေါင်းလေးကို ဖော်ပြီးတော့–

အဘိရူဟ မဟာဝီရ ၊ တာရေဿာမိ အဟံ တုဝံ။

ပေတ္တိကံ ဝိသယံ မယှံ ၊ အနုကမ္ပ မဟာမုနိ။

ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား– တပည့်တော်ကို သနားသောအားဖြင့် တပည့်တော်ရဲ့ ကျောက်ကုန်းပေါ်သို့ ကြွတော်မူပါ၊ တပည့်တော်သည် ရှင်တော်ဘုရားအား တစ်ဖက်ကမ်းသို့ ပို့ဆောင်ပေးပါရစေဘုရား–လို့ လျှောက်ထားပါတယ်။

အဲဒီလို လျှောက်ထားတော့ ဗုဒ္ဓမြတ်စွာဘုရားကလဲ သူ့ရဲ့ မေတ္တာစေတနာကို တုံ့ပြန်တဲ့အနေနဲ့ မိချောင်းကြီးရဲ့ ကျောက်ကုန်းပေါ်သို့ ခြေတော်နှစ်ဆူကို တင်တော်မူလိုက်ပါတယ်။

ခြေတော်နှစ်ဆူ ကျောက်ကုန်းပေါ်ရောက်တယ်ဆိုရင်ပဲ၊ သူ့စိတ်ထဲမှာ ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်လိုက်တာ၊ ကြည်နူးမှုတွေ ဖြစ်လိုက်တာ၊ သဒ္ဓါ,ပီတိ,သောမနဿတွေ ဖြစ်လိုက်တာ–တဲ့။ ဒီလို ဖြူစင်,ကြည်လင်တဲ့ စိတ်တွေဖြစ်ပြီး ဘုရားရှင်ကို တစ်ဖက်ကမ်းသို့ ရောက်အောင် ပို့ဆောင်ပေးလိုက်ပါတယ်။

## ဘုရားရှင်၏ ဗျာဒိတ်

တစ်ဖက်ကမ်းသို့ ရောက်တဲ့အခါ၊ ဗုဒ္ဓမြတ်စွာဘုရားက မိချောင်းကြီးရဲ့စိတ်ကို ကြည့်ရှုတော်မူတယ်၊ ဆင်ခြင်ကြည့်တော်မူတယ်၊ ဒီအခါမှာ မိချောင်းကြီးရဲ့ စိတ်အစဉ်တွေ အင်မတန်မှ ကြည်လင်ရွှင်ပျနေတယ်၊ စိတ်အစဉ်တွေ သန့်ရှင်းကြည်လင်ပြီး ပီတိသောမနဿတွေ တဖွားဖွား ဖြစ်နေတာကို မြင်တော်မူပါတယ်။

ဒီလို မြင်တွေ့ရတဲ့အခါ၊ ဒီ မိချောင်းကြီးသည် ဒီဘဝက စုတေခဲ့လျှင် နတ်ဖြစ်လိမ့်မယ်၊ နတ်ဖြစ်တဲ့ အချိန်ကစပြီး အပါယ်လေးပါး မကျရောက်တော့ဘဲ သုဂတိဘုံဘဝတွေမှာသာ ကျင်လည်နေရလိမ့်မယ်၊ ၉၄–ကမ္ဘာလွန်မြောက်တဲ့အခါမှာတော့ ဂေါတမဗုဒ္ဓပွင့်တော်မူမယ်၊ အဲဒီဘုရားရှင်လက်ထက်မှာ အမြိုက်နိဗ္ဗာန်သို့ ဆိုက်ရောက်လိမ့်မယ်လို့ မြင်တော်မူပါတယ်၊ မြင်တဲ့အတိုင်း ဗျာဒိတ်စကား မိန့်ကြားတော်မူပါတယ်။

ဒါဟာ ကြီးကျယ်တဲ့ ကောင်းမှုကုသိုလ် မဟုတ်သေးဘူး နော်၊ ဗုဒ္ဓရှင်တော်ဘုရားကို တစ်ဖက်ကမ်းမှ တစ်ဖက်ကမ်းသို့ ပို့ဆောင်ပေးတဲ့ ကောင်းမှုလေး၊ ကူးတို့ပို့တဲ့ ကောင်းမှုလေးပေါ့၊ ပြောပလောက်တဲ့ ကောင်းမှု မဟုတ်သေးဘူး နော်။ ဒါပေမယ့် ကူးတို့ပို့စဉ်မှာ သူ့ရဲ့စိတ်အစဉ်တွေက သိပ်ပြီး ကြည်လင်နေတယ်၊ သဒ္ဓါ,စေတနာတွေ သိပ်ထက်သန်နေတယ်၊ အဲဒီ စိတ်,စေတနာ စွမ်းအားကြောင့် ကြီးကျယ်တဲ့ အကျိုးတရားတွေကို ရရှိတာဖြစ်ပါတယ်။"ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ရ" ဆိုတဲ့ ကုသိုလ်မျိုးပေါ့၊ ဒီလိုကုသိုလ်မျိုးဖြစ်ဖို့ သိပ်လိုအပ်ပါတယ်။

လှူဒါန်းတာတွေကတော့ သိပ်ပြီးကြီးကျယ်တယ်၊ ဒါပေမယ့် စေတနာ,သဒ္ဓါတရားတွေက အားနည်းနေခဲ့မယ်ဆိုရင် လှူသလောက် အကျိုးကြီးမှာ မဟုတ်ဘူး။

တို့ ပရိသတ်ကြီး အတုယူကြရမယ်၊ ကြီးကြီးကျယ်ကျယ် လှူဒါန်းနိုင်မှ မဟုတ်ဘူး၊ လှူဒါန်းတဲ့ နေရာမှာ အလှူဝတ္ထု ကြီးတာ, သေးတာ ပမာဏ မဟုတ်ဘူး၊ သဒ္ဓါ,စေတနာသာ ပမာဏဖြစ်ပါတယ်။ သဒ္ဓါ,စေတနာတွေ အားကြီးမယ်၊ သန့်ရှင်းစင်ကြယ်ထက်သန်နေခဲ့မယ်ဆိုရင် ဒီ ကုသိုလ်ဟာ ကြီးကျယ်တဲ့အကျိုးကို ပေးပါပြီ။

**ကောင်းကျိုးအမျိုးမျိုးခံစားရ**

ဗုဒ္ဓမြတ်စွာဘုရား ဗျာဒိတ်ပေးတော်မူကဲ့အတိုင်းပါပဲ၊ မိချောင်းကြီးဟာ အဲဒီဘဝက စုတေတော့ နတ်ဘုံကို ရောက်ခဲ့ပါတယ်၊ ဒီနောက် ၉၄–ကမ္ဘာအတွင်းမှာ သိကြားမင်းကြီးရဲ့စည်းစိမ်က ၇–ကြိမ်၊ စကြဝတေးမင်းစည်းစိမ်က ၃–ကြိမ်ခံစားရတယ်၊ အထက်တန်းစားဘဝတွေနော်။

နတ်ဘုံ, နတ်ဘဝမှာ သိကြားမင်းဆိုတာ အမြင့်ဆုံး၊ အထက်တန်းအကျဆုံးပဲ၊ လူ့ပြည်မှာတော့ စကြဝတေးမင်းဟာ အထက်တန်းအကျဆုံးပါပဲ။ အဲဒီလို အမြင့်မြတ်ဆုံးသော ဘဝတွေကို ယူပြီး၊ အမြင့်ဆုံးအမြတ်ဆုံးသော စည်းစိမ်တွေကို ခံစားစံစားခဲ့ရတယ်။

**ဂေါတမဘုရားရှင်လက်ထက်**

အဲဒီလို အမြင့်အမြတ်ဆုံးဘဝတွေ၊ စည်းစိမ်တွေကို ခံစားရင်း အမြင့်ဆုံး၊အမြတ်ဆုံးဘဝတွေမှာ ကျင်လည်ရင်း၊ ဘုန်းကြီးတို့ ဂေါတမ ဗုဒ္ဓပွင့်တဲ့အခါ ဂေါတမဗုဒ္ဓလက်ထက်မှာ သာဝတ္ထိပြည်မှာ အမျိုးအမည်အားဖြင့် မထင်ရှားတဲ့ ပုဏ္ဏားကြီးတစ်ဦးရဲ့သား ဖြစ်လာခဲ့တယ်။ ဒါဟာ သူ့အတွက် နောက်ဆုံးဘဝပါပဲ၊ နာမည်က "ဥတ္တိယ"လို့ ခေါ်ပါတယ်။

အဲဒီ ဥတ္တိယအမျိုးသားလေးဟာ အခြားအခြားသော အမျိုးသားတွေလို ကာမဂုဏ်အာရုံတွေကို ခံစားလိုစိတ်မရှိဘူး–တဲ့။ အမြိုက်ချမ်းသာကို ရအောင် ရှာဖွေမယ်ဆိုတဲ့စိတ်ပဲ သူ့မှာ ဖြစ်ပေါ်နေခဲ့တယ်၊ ဒါကြောင့် ပရိဗိုဇ်ရဟန်းပြုလိုက်တယ်။

ပရိဗိုဇ်ရဟန်းဆိုတာ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာရဟန်းတော်တွေလို သင်္ကန်းဝတ်ပြီးတော့ ဗုဒ္ဓအယူဝါဒလမ်းစဉ်ကို ကျင့်သုံးနေတာမျိုးတော့ မဟုတ်ဘူး၊ ပရိဗိုဇ်ရဟန်းဘဝနဲ့ သူလိုချင်တဲ့ အမြိုက်ချမ်းသာကို ရှာမှီးနေတာပါ။ ဆိုလိုတာကတော့ ဗုဒ္ဓဘာသာဝင်မဟုတ်သေးဘူး၊ သာသနာပြင်ပပုဂ္ဂိုလ်ပေါ့။

**ဘုရားရှင်နဲ့တွေ့**

တစ်နေ့မှာတော့ ဗုဒ္ဓဘုရားရှင်နဲ့ ကြုံတွေ့ခဲ့တယ်၊ ဘုရားရှင်နဲ့ တွေ့တဲ့အခါ တွေ့တွေ့ချင်းပဲ မြတ်ဗုဒ္ဓကို ကြည်ညိုတဲ့စိတ်တွေ ဖြစ်ခဲ့တယ်။

ဒါဟာ အတိတ်ဘဝက ပါရမီအဟုန်တွေကြောင့်ပဲဖြစ်တယ်၊ အတိတ်ဘဝ ပါရမီတွေ ပါလာလို့ ယခုလိုတွေ့တွေ့ချင်း ကြည်ညိုစိတ်တွေဖြစ်ရတာပဲ။

## ကျေနပ်ဖို့ကောင်း

ယနေ့ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတွေလဲပဲ ဗုဒ္ဓသာသနာတော်ကြီးနဲ့ ကြုံတွေ့လို့၊ ဗုဒ္ဓသာသနာတော်ကြီးကို ကြည်ညိုလို့ နော်၊ ဒါတွေဟာ အတိတ်ဘဝများက ပြုခဲ့တဲ့ ပါရမီဓာတ်ခံတွေ ပါလာခဲ့လို့ပဲ၊ ပါရမီဓာတ်ခံ မပါခဲ့ရင် ဗုဒ္ဓသာသနာတော်ကြီးနဲ့ ကြုံတွေ့နေသော်လဲ ကြည်ညိုနိုင်ကြမှာ မဟုတ်ဘူး။

ယခုမျက်မှောက်လောကမှာပဲ ကြည့်လိုက်ရင်မြင်တွေ့နိုင်ပါတယ်၊ သာသနာတော်ကြီး နေလို လလို ထွန်းတောက်နေတုန်းအချိန်၊ ဗုဒ္ဓတရားတော်တွေ, စစ်မှန်တဲ့ ဒေသနာတော်တွေ အထင်အရှား ရှိနေတုန်းအချိန်ပါပဲ၊ ဒါပေမယ့် ပါရမီဓာတ်ခံ မပါရှိခဲ့သူများကျတော့ ဒီသာသနာတော်ကြီးကို မယုံကြည်နိုင်ကြဘူး၊ မကြည်ညိုနိုင်ကြဘူး။

တို့ ဒါယကာ ဒါယိကာမအပေါင်းကတော့ သာသနာတော်မြတ်ကြီးနဲ့လဲ ကြုံတွေ့နေတယ်၊ ကြုံတွေ့နေသည့်အားလျော်စွာ သာသနာတော်မြတ်ကြီးကို ကြည်ညိုနေကြတယ်၊ ယုံကြည်နေကြတယ်၊ သာသနာပြုကုသိုလ်ကောင်းမှုတွေကို ပြုလုပ်နေကြတယ်။ ဒါတွေဟာ အတိတ်ဘဝတွေက ပြုခဲ့ကြတဲ့ ပါရမီအဟုန်တွေကြောင့်ပဲလို့ မှတ်ကြရမယ် နော်။ ကျေနပ်အားရဖို့ကောင်းလှပါတယ်။

ဥတ္တိယပရိဗိုဇ်လဲ ဒီအတိုင်းပဲ၊ အတိတ်ဘဝက သိဒ္ဓတ္ထဘုရားရှင်နဲ့ ကြုံတွေ့ခဲ့ပြီး ပြုခဲ့တဲ့ကောင်းမှုတွေရှိခဲ့တယ်၊ ဒါဟာ ပါရမီအထုံပဲပေါ့၊ ဒီ ပါရမီအထုံကြောင့် ယခု ဂေါတမဗုဒ္ဓဘုရားရှင်နဲ့ တွေ့ရတယ်၊ တွေ့တယ်ဆိုရင်ပဲ သူ့စိတ်ထဲမှာ ကြည်ညိုစိတ်တွေ ဖြစ်ခဲ့တယ်။

ဒီနောက် ဗုဒ္ဓဘုရားရှင်ထံ ချဉ်းကပ်ပြီးတော့ တရားဓမ္မတွေကို နာကြားလိုက်ရတော့ ကြည်ညိုစိတ်တွေ, သဒ္ဓါတရားတွေ ပိုထက်သန်လာပြီး ရဟန်းပြုခွင့်တောင်းခဲ့တယ်။

ဘုရားရှင်ကလဲ ရဟန်းပြုခွင့်ပေးတော်မူပါတယ်၊ ရဟန်းဖြစ်သွားတော့ "ဥတ္တိယမထေရ်" ပေါ့။

## တရားထူးမရနိုင်ဖြစ်နေခဲ့

ရဟန်းဖြစ်ပြီးတဲ့နောက်၊ တရားဓမ္မတွေကို အားထုတ်တယ်၊ တရားအားထုတ်တော့ သူ့ရဲ့ကိုယ်ကျင့်သီလက မစင်ကြယ်လေတော့ တရားထူးတရားမြတ်ကို မရနိုင်ဘူး ဖြစ်နေတယ်။ သီလမစင်ကြယ်တော့ သမာဓိမတက်ဘူးပေ့ါ။ ဒါကြောင့် မဂ်ဖိုလ်ဆိုတဲ့ တရားထူးတရားမြတ်ကိုလဲ မရနိုင်ဖြစ်နေပါတယ်၊ ဒါနဲ့ မြတ်ဗုဒ္ဓထံ ချဉ်းကပ်ပြီးတော့ လျှောက်ထားတယ်၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား– တပည့်တော်ကို အကျဉ်းအားဖြင့် တရားဟောပေးတော်မူပါဘုရား–လို့ တောင်းပန်လျှောက်ထားတယ်၊ ဒီအခါမှာ ဘုရားရှင်က–

တသ္မာတိဟ တွံ ဥတ္တိယ ၊ အာဒိမေဝ ဝိသောဓေဟိ။

ချစ်သားဥတ္တိယ၊ ငါဘုရားရဲ့ အဆုံးအမသာသနာတော်မှာ အကျင့်သီလဟာ အာဒိမူလ အစ ပထမဖြစ်တယ်၊ ဒါကြောင့် သင်သည် အကျင့်သီလကို စင်ကြယ်အောင် သုတ်သင်လိုက်ပါလို့ မိန့်ကြားတော်မူပါတယ်။

## ကိုယ်ကျင့်သီလအရေးကြီး

သာသနာတော်မှာ အကျင့်သီလဟာ သိပ်ပြီးအရေးကြီးလှတယ်၊ ရဟန်းတော်အရှင်မြတ်တွေဆိုရင် ရဟန်းတော်များရဲ့ ကျင့်ဝတ်သီလတွေ၊ လူပုဂ္ဂိုလ်များဆိုရင်လဲ လူတို့ကျင့်သုံးအပ်တဲ့ အကျင့်သီလတွေ၊ ဒါတွေ စင်ကြယ်နေဖို့ သိပ်အရေးကြီးပါတယ်။

ဒီ အကျင့်သီလတွေမှ မစင်ကြယ်ရင် အကျင့်သီလကို အခြေခံပြီးမှ ကျင့်ကြံကြိုးကုတ်အားထုတ်ရတဲ့ သမာဓိလုပ်ငန်းတွေကို လုပ်လို့ မဖြစ်နိုင်ဘူး၊ လုပ်ရင်လဲ အချည်းနှီးပဲ ဖြစ်နေမှာပဲ၊ ယခု ဥတ္တိယမထေရ်ကိုပဲ ကြည့်ပေ့ါ၊ အကျင့်သီလမစင်ကြယ်တော့ သူလိုလားတောင့်တနေတဲ့ မဂ်ဖိုလ်ချမ်းသာကို မရရှိနိုင်ဘူး ဖြစ်နေပါတယ်။ ကျင့်ကြံကြိုးကုတ်အားထုတ်နေတာပဲ နော်၊ ဒါပေမယ့် မရရှိဘူးဖြစ်နေတယ်။ ဒါကို သိမြင်တော်မူတဲ့ ဘုရားရှင်က၊ ချစ်သားဥတ္တိယ၊ သာသနာတော်မှာ အကျင့်သီလဟာ အစဆုံးပဲဖြစ်ပေတယ်လို့ မိန့်ကြားတော်မူခြင်းဖြစ်ပါတယ်။

ဒီလောက်ပဲ မြတ်စွာဘုရားက ဟောကြားလိုက်တာ နော်၊ သတိပေးလိုက်တာ။ ဥတ္တိယမထေရ်လဲ ချက်ချင်းသဘောပေါက်သွားတယ်၊

ဒေါ်ကြောင့် ဥတ္တိယမထေရ်သည် သီလကို စင်ကြယ်အောင် သုတ်သင်တော်မူတယ်၊ သီလစင်ကြယ်ပြီးနောက် ဆိတ်ငြိမ်ရာအရပ်ကို ချဉ်းကပ်ပြီးတော့ ကျင့်ကြံကြိုးကုတ်ပွားများအားထုတ်ပါတယ်။

## တရားအားထုတ်ရင်း ဝေဒနာနှိပ်စက်

တရားအားထုတ်ရင်း ဘာတွေဖြစ်လာသလဲဆိုတော့၊ တရားထူးကို မရသေးခင် အဖျားရောဂါတွေ စွဲကပ်လာတော့တယ်၊ အပြင်းအထန် မကျန်းမမာဖြစ်လာတယ်၊ အားထုတ်မှုက ပြင်းထန်လေတော့ ဝေဒနာတွေကလဲ နှိပ်စက်လာတာပေါ့။ အဖျားရောဂါတွေ ပြင်းထန်စွာ နှိပ်စက်လာတော့ အားထုတ်လက်စဖြစ်တဲ့ ဝိပဿနာကမ္မဋ္ဌာန်းတရားကို စိတ်ရှိတိုင်း အားထုတ်လို့မရဘူးဖြစ်နေပါတယ်၊ ရောဂါတွေက ပိုမိုပြင်းထန်လာလေ အားထုတ်မှုအပိုင်းမှာ ပိုမိုအနှောက်အယှက် အခက်အခဲဖြစ်လေနဲ့ပေါ့၊ နောက်ဆုံး တရားအားထုတ်မှုကို လက်လွှတ်ရမယ့်အခြေထိ ဆိုက်လာခဲ့တယ်–တဲ့။

## ဥတ္တိယမထေရ်စဉ်းစားပုံ

ဒီခါမှာ၊ ဥတ္တိယမထေရ်သည် သံဝေဂတွေ သိပ်ဖြစ်လာတယ်၊ သံဝေဂတွေဖြစ်ပြီး ဘယ်လိုစဉ်းစားမိသလဲဆိုတော့–

အင်း–တစ်မဂ် တစ်ဖိုလ်ရဖို့ဆိုတာ အကြောင်းညီညွတ်ဖို့ ခဲယဉ်းပါကလား–။ ခန္ဓာကိုယ်ကလဲ ကျန်းမာပါမှ, သီလကလဲ စင်ကြယ်ပါမှ, ပါရမီဓာတ်ခံကလဲ ရင့်သန်ပါမှ, အသိဉာဏ်ပညာကလဲ စူးရှထက်မြက်ပါမှ– တစ်မဂ်တစ်ဖိုလ်ဆိုတာ ရနိုင်တာပဲလို့ စဉ်းစားမိတယ်–တဲ့။

ဥတ္တိယမထေရ် စဉ်းစားမိတာ၊ သံဝေဂဖြစ်မိတာတွေဟာလဲ မှန်ကန်နေတာပါပဲ။ မကျန်းမမာဖြစ်နေရင် ဝိပဿနာဘာဝနာတရားကို စိတ်ရှိတိုင်း အားထုတ်လို့ မဖြစ်နိုင်ဘူး။ ဘယ်ဖြစ်နိုင်ပါ့မလဲ၊ ရောဂါဝေဒနာတွေက နှိပ်စက်နေတာကိုး။

နောက်ပြီး အကျင့်သီလကလဲ စင်ကြယ်မှ၊ သီလမစင်ကြယ်ရင် စောစောကပြောခဲ့သလို သမာဓိကို မရယူနိုင်ပါဘူး၊ သမာဓိကို မရယူနိုင်ဘူးဆိုရင် မဂ်ဖိုလ်တရာထူးတွေလဲ မဖြစ်ပေါ်နိုင်ဘူး။ နောက်ပြီး အတိတ်က ပါရမီဓာတ်ခံကလဲ အရေးကြီးပြန်တယ်၊ ပါရမီဓာတ်ခံ မပါခဲ့ရင်လဲ

ဘယ်လောက်ပင် ကြီးစားကြီးစား ရရှိနိုင်မှာ မဟုတ်ဘူး။

လောကုတ္တရာလုပ်ငန်းကို အသာထား၊ လောကီစီးပွားရေးလုပ်ငန်းတွေကိုပဲ ကြည့်ပေါ့၊ အတိတ်က ဒါနပါရမီ မပါခဲ့ရင် ဘယ်လောက်ပင်ကြိုးစားရှာဖွေနေသော်လဲ "ရှာလေမွဲလေ, လုပ်လေမြုတ်လေ"ဆိုတာလို ဖြစ်နေမှာပဲ၊ လောကမှာ မျက်မြင်ကိုယ်တွေ့တွေ အများကြီးနေမှာပါ၊ ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမတွေ သိကြပါတယ်။

အေး–ဒါကြောင့် ပါရမီဓာတ်ခံဆိုတာ လောကီအလုပ်လုပ်တဲ့ အခါမှာလဲ လိုအပ်သလို၊ လောကုတ္တရာလုပ်ငန်းလုပ်တဲ့အခါမှာလဲ လိုအပ်တာပဲ၊ ယခု ဥတ္တိယမထေရ်စဉ်းစားခန်းကိုပဲ ကြည့်ပေါ့။

နောက်ပြီး၊ အသိဉာဏ်ပညာကလဲ စူးရှထက်မြက်ဖို့ အရေးကြီးပြန်တယ်။ အသိဉာဏ်ပညာက တုံးတုံးအအကြီး ဖြစ်နေရင်လဲ ဘာလုပ်လို့ရမှာလဲ၊ ဘယ်အလုပ်မှ မတိုးတက်နိုင်ပါဘူး။ ဒီ အကြောင်းအချက်တွေနဲ့ ပြည့်စုံဖို့ အလွန်အရေးကြီးပါတယ်၊ ဥတ္တိယမထေရ်စဉ်းစားတာကို ကြည့်ပြီး သတိပြုဖို့ကောင်းလှတယ် နော်။

## ဥတ္တိယမထေရ်၏ဆုံးဖြတ်ချက်

ဥတ္တိယမထေရ်သည် သံဝေဂတွေဖြစ်ပြီးတော့ စဉ်းစားမိပြီးတဲ့ နောက်၊ သူ့စိတ်ကို တင်းလိုက်ပြီး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပါတယ်။

ဘယ်လို ဆုံးဖြတ်ချက်ချလိုက်သလဲဆိုတော့–၊ ကဲ–ဒီရောဂါတွေ ဘယ်လောက်တောင် နှိပ်စက်မလဲ၊ ဒီ ရောဂါတွေကို ငါမမှုဘူး၊ ဘယ်လောက်ပင်နှိပ်စက်နှိပ်စက် ဝိပဿနာကမ္မဋ္ဌာန်းအားထုတ်မှုကိုတော့ ငါ လက်လွှတ်မခံဘူး၊ ဒီ ရောဂါဝေဒနာတွေ နှိပ်စက်လို့ သေရင်လဲ သေပါစေ တော့၊ တရားအားထုတ်မှုကိုတော့ နောက်မဆုတ်ဘူး၊ ဆက်ပြီးအားထုတ်ရမယ်–လို့ စိတ်ကို အားတင်း၊ မိမိစိတ်ကို အဓိပတိတပ်ပြီးတော့ ဖြစ်ပေါ်နေတဲ့ ရောဂါတွေအပေါ်မှာ သတိကပ်၊ ဝေဒနာနုပဿနာကမ္မဋ္ဌာန်းဖြင့် အပြင်းအထန် ကြိုးစားစီးဖြန်းတော်မူတယ်။

အဲဒီလို အပြင်းအထန် ကြိုးစားအားထုတ်လိုက်တာ နောက်ဆုံးမှာ တော့ အာသဝေါကင်းကွာ ရဟန္တာမထေရ်ကြီးအဖြစ်သို့ရောက်ရှိခဲ့ပါတယ်။

ရဟန္တာမထေရ်အဖြစ်သို့ ရောက်ရှိသွားပြီးတဲ့နောက်၊ ခန္ဓာမှာစွဲကပ်နေတဲ့ ရောဂါတွေလဲ ကင်းပျောက်ကုန်တယ်။ ပကတိသော ရောဂါတွေသာ မက၊ အနမတဂ္ဂသံသရာက စွဲကပ်လာခဲ့တဲ့ ကိလေသာတည်းဟူသောရောဂါတွေပါ ကင်းပျောက်ကုန်တော့တယ်။ ကိလေသာရောဂါကင်းပျောက်ရင် ခန္ဓာကိုယ်ပေါ်မှာ ဖြစ်ပေါ်နှိပ်စက်တဲ့ရောဂါဝေဒနာတွေလဲ ပျောက်ရတော့တာပါပဲ။

## ဥဒါန်းကျူးရင့်တော်မူ

ရဟန္တာအဖြစ်သို့ ရောက်ရှိသွားတဲ့အခါ ဝမ်းမြောက်ဝမ်းသာဖြစ်လွန်းလို့ နှုတ်က ဥဒါန်းတွေကျူးရင့်တော်မူပါတယ်–

အာဗာဓေ မေ သမုပ္ပန္နေ ၊ သတိ မေ ဥပပဇ္ဇထ။

အာဗာဓော မေ သမုပ္ပန္နော ၊ ကာလော မေ နပ္ပမဇ္ဇိတုံ။

မေ–ငါ၏၊ (ကာယေ–ကိုယ်ခန္ဓာ၌)၊ အာဗာဓေ–အနာရောဂါသည်၊ သမုပန္နေ–ဖြစ်ပေါ်လာသည်ရှိသော်၊ မေ–ငါ့အား၊ သတိ–တရားအလုပ်, တအားထုတ်မည်ဟု, မယုတ်သောသတိတရားသည်၊ ဥပပဇ္ဇထ–ဖြစ်ပေါ်လာပါပေ၏။

မေ–ငါ၏၊ (ကာယေ–ကိုယ်ခန္ဓာ၌)၊ အာဗာဓော–အနာရောဂါသည်၊ သမုပန္နော–ဖြစ်ပေါ်ခဲ့ချေပြီ၊ မေ–ငါ့အား၊ ပမဇ္ဇိတုံ–တရားလက်လွတ်, ငှက်တောင်ကျွတ်သို့, သတိချွတ်၍, မေ့လျော့ခြင်းငှါ၊ န ကာလော–အခါမဟုတ်တော့ပါတကား။ ဣတိ–ဤသို့၊ သတိ–ဆင်ခြင်တွေးသိ, မြတ်သောသတိတရားသည်၊ ဥပပဇ္ဇထ–ဖြစ်ပေါ်၍ လာခဲ့ပါပေသတည်း . . .။

ငါ့ရဲ့ ခန္ဓာကိုယ်ကို ရောဂါတွေ နှိပ်စက်လာတယ်၊ရောဂါဝေဒနာတွေ စွဲကပ်ပေမယ့် တရားအားထုတ်မှုကိုတော့ လက်လျှော့လို့ မဖြစ်ဘူးလို့ ဆုံးဖြတ်ထားတယ်၊ သတိတရား ဖြစ်ပေါ်လာခဲ့တယ်။

ဒါကြောင့် ခန္ဓာကိုယ်ပေါ်မှာ ယခု ကပ်ရောက်နေတဲ့ ရောဂါတွေကို ဂရုမစိုက်တော့ဘူး၊ အားထုတ်နေတဲ့တရားကိုတော့ လက်လွတ်မခံနိုင်ဘူး၊ ဆက်လက်အားထုတ်မယ်လို့ သတိတရားလက်ကိုင်ထားကာ

ပွားများအားထုတ်မြဲဖြစ်တဲ့ တရားကိုသာ ဆက်လက်ပွားများ အားထုတ်ခဲ့ပါတယ်၊ ဒါကြောင့် အာသဝေါကင်းကွာ ရဟန္တာဖြစ်လာရတာပဲ–လို့ စိတ်ထဲမှာ ဝမ်းမြောက်ဝမ်းသာတွေဖြစ်လွန်းလို့ ဥဒါန်းကျူးရင့်တော်မူပါတယ်။

**အတုယူဖို့ကောင်း**

မရဏဘေးကို ရောက်ခါနီးလောက်အောင် ရောဂါဝေဒနာတွေ အပြင်းအထန် နှိပ်စက်ခံနေရတဲ့အချိန်မှာ နောက်မဆုတ်တမ်း ခွဲနဲ့ အားထုတ်လက်စဖြစ်တဲ့ ဝိပဿနာကမ္မဋ္ဌာန်းကို ဆက်လက်အားထုတ်နိုင်ခဲ့တယ်၊ အတုယူဖို့ ကောင်းလှတယ် နော်။

နောက်ပြီး ဒီဥတ္တိယမထေရ်ဟာ ယခင် တိရစ္ဆာန်ဘဝက စပြီးတော့ ဒါနစတဲ့ ကောင်းမှုတွေကို ပြုလုပ်ခဲ့တယ်၊ တိရစ္ဆာန်ဘဝကနေပြီး လူ့ဘဝ,နတ်ဘဝ စသည်ဖြင့် မြင့်မြတ်တဲ့ ဘုံဌာနတွေ မြင့်မြတ်တဲ့ဘဝမျိုးတွေကိုသာ ရရှိခဲ့တယ် နော်။ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကိုလဲ လုပ်ခဲ့တယ်၊ ဒါကြောင့် ယခုနောက်ဆုံးဘဝမှာ ရဟန္တာမထေရ်ကြီးအဖြစ်သို့ ရောက်ရှိခဲ့တယ်၊ ဒီအချက်တွေဟာလဲ အားကျဖို့ကောင်းတဲ့အချက်တွေပဲပေါ့။

**အာမခံချက်ရရှိသွားပါပြီ**

ဥတ္တိယမထေရ် ရဟန္တာဖြစ်သွားပြီနော်၊ ကိလေသာတွေအားလုံး ကင်းစင်ခဲ့ပါပြီ၊ ကိလေသာတွေ ကင်းစင်ပြီဆိုထဲက နောက်ထပ် အိုခြင်း, နာခြင်း,သေခြင်း သဘောတွေ လာပါအုံးမလား၊ မလာတော့ဘူးပေါ့ နော်။ မိမိပြုခဲ့တဲ့ အကုသိုလ်ကံတွေရဲ့ အကျိုးပေးတွေကော လာပြီးအကျိုးပေးနိုင်ပါအုံးမလား၊ အကျိုးပေးစရာအကြောင်း မရှိတော့ဘူးပေါ့။

အဲဒီလို အိုခြင်း, နာခြင်း, သေခြင်း, အကုသိုလ်ကံတို့ရဲ့ အကျိုးပေးခြင်းတွေ နောက်ထပ်တစ်ဖန် မဖြစ်နိုင်တဲ့အတွက် အာမခံချက်ရှိသွားပြီ၊ အာမခံချက်မရှိတဲ့ တရားလေးပါးကို အာမခံချက်ရှိအောင် အားထုတ်သွားပါပြီ၊ ဘယ်သူ့ကိုမှ အာမခံချက်တောင်းစရာမလိုဘဲ မိမိကိုယ်တိုင် အာမခံနိုင်အောင် လုပ်ဆောင်သွားပါပြီ၊ ဇာတိလို့ခေါ်တဲ့ ပဋိသန္ဓေနေမှုကို အပြီးအပြတ် ဖြတ်တောက်နိုင်ခဲ့လို့ အာမခံချက်ရရှိသွားတာဖြစ်တယ်လို့

သဘောကျရမယ်။ အာမခံချက်မရှိတဲ့တရားလေးပါးကို အရဟတ္တမဂ်,အရဟတ္တဖိုလ်ရရှိအောင် အားထုတ်တဲ့ နည်းလမ်းနဲ့ တားဆီးခဲ့တာပဲဆိုတာ သဘောကျထားရမယ် နော်။

ယနေ့ တရားနာပရိသတ်တွေလဲ မိမိကိုယ်တိုင် အာမခံချက်ရရှိအောင် ကြိုးစားကြရမယ်။

ဥတ္တိယမထေရ်ကို အားကျရမယ်၊ အတုယူကြရမယ်၊ အဲဒီလို အတုယူပြီးတော့ ဥတ္တိယမထေရ်မြတ် လုပ်သွားခဲ့တဲ့ လမ်းစဉ်အတိုင်း ဒါန,သီလ,ဘာဝနာကောင်းမှုတွေကို အပြင်းအထန် ကြိုးစားအားထုတ်ကြရမယ်၊ ဒါမှ မအိုရာ,မနာရာ,မသေရာဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မယ်၊ မျက်မှောက်ပြုနိုင်မှသာ အာမခံချက်ရရှိတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

အာမခံချက်မရှိတဲ့တရားလေးပါးက လွတ်မြောက်နိုင်အောင်, အာမခံချက်တွေ ရရှိအောင် ကြိုးစားအားထုတ်ကြပါလို့ ယနေ့ တရားနာပရိတ်သတ်ကို တိုက်တွန်းရင်း စောစောက တိုင်ပေးခဲ့တဲ့ လင်္ကာလေးကို ရွတ်ဆိုကြပြီး"အာမခံချက်မရှိတဲ့တရားလေးပါးဒေသနာ"ကို နိဂုံးချုပ်ရအောင်– –

၁။ မအိုပါရန်၊ အာမခံ၊ ကေန်မရှိပြီ။

၂။ မနာပါရန်၊ အာမခံ၊ ကေန်မရှိပြီ။

၃။ မသေပါရန်၊ အာမခံ၊ ကေန်မရှိပြီ။

၄။ မိမိပြုစု၊ အကုသိုလ်ကံ၊ ကျိုးမသန်အောင်၊ ကြံဆောင်ပြုမှု၊ စွမ်းနိုင်သူ၊ ဘယ်သူမရှိပြီ။

– ဒါန,သီလာ၊ ဘာဝနာဟု၊ အစုစု၊ ပြုလုပ်ကျင့်ရမည်။

ဤသို့ကျင့်မှ၊ ဝဋ်ဒုက္ခ၊ မုချကင်းလွတ်မည်။

အမှတ် ၂၈၄၃၁
ရက်စွဲ ၂၃-၉-၂၀၁၃

ဗုဒ္ဓဒေသနာတော်များကို ရှုထောင့်မျိုးစုံမှ လေ့လာလိုက်စားလိုသူများ အတွက်

ဗုဒ္ဓဒေသနာ၏ အနှစ်သာရတို့ကို ထုတ်ယူခံစားလိုသူများ အတွက်

ဟောရေး ပြောရေး အဆင်ပြေလိုသူများ အတွက်

နားလည် သဘောပေါက်လွယ်ကူသော

ဟောကွက်

ပြောကွက်

သရုပ်ပြ ရှင်းလင်းချက်တို့ဖြင့်

ရှုမငြီးငွယ်

တန်ဆာဆင်လျှက်

ဗုဒ္ဓ၏ ဒေသနာတော်များကို

ပဿာဒမျိုးစုံ

ရန့်ထုံသင်း

ပန်းခင်းအဖြစ်

ဖန်တီးပေးထားပါသည်။